www.burmeseclassic.com

# စန္ဒရားဦးပြာ

## တင်သန်းဦး




www.burmeseclassic.com

www.burmeseclassic.com



# စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ တင်သန်းဦး၏ အမှာစာ

စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ အနည်းငယ် တင်ပြလိုပါသည်။

စန္ဒီမိုးဦးဖြူသည် ကျွန်တော် တတ်စွမ်းသရွေ့ ဖွဲ့ဆိုထားသော ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ သာမန် လူလတ်တန်းစား (သို့မဟုတ်) သက်ဆိုင်ရာ ဒေသတွင် တောသူဌေး ပေါက်စများမှ ပေါက်ဖွားလာသော လူငယ်တစ်ဦးနှင့် အစဉ်အဆက် ကြွယ်ဝကုံလုံသော လူချမ်းသာ လူတန်းစားမှ မွေးဖွားလာသော မိန်းမတစ်ဦးတို့၏ ဖြစ်စဉ်ဟု ဆိုလျှင်လည်း ရပါသည်။ တပ်မတော် အရာရှိတစ်ဦး၏ အတွေ့အကြုံနှင့် ပတ်သက်၍ ကျွန်တော်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်များ၊ ကျွန်တော် ကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်မှ ဖြစ်စဉ်များကို အခြေခံပါသည်။ စန္ဒီမိုးဦးဖြူ၏ စရိုက်နှင့် ပတ်သက်၍မူ ကျွန်တော် ဖန်တီးသော အနုပညာသာ ဖြစ်ကြောင်း ဝန်ခံပါရစေ။

BURMESE CLASSIC .com

ဝတ္ထုတစ်ပုဒ်တွင် မပါမဖြစ် ပါဝင်ရမည့် အင်္ဂါရပ်များမှာ ထိုဝတ္ထု၏ ဦးတည်ချက် (သို့မဟုတ်) စာရေးဆရာက ပရိသတ် အတွက် ဘာပြောချင်သလဲ၊ ဘာကို ဆိုလိုချင်သလဲ။ ဇာတ်လမ်း ကျောရိုး၊ ဇာတ်ကောင်များ၊ ဇာတ်ကောင်တို့၏ စရိုက်များ၊ ဇာတ်လမ်း ဖြစ်တည်ရာ ကာလ၊ ဒေသ၊ နောက်ခံအခြေအနေ စသည်တို့ ဖြစ်ပါသည်။ ဤဝတ္ထု၏ ဦးတည်ချက်ကို ကြိုတင်ဖော်ပြထား ခြင်းသည် လည်းကောင်း၊ ဝတ္ထုထဲတွင် တိုက်ရိုက် ဖော်ပြထားခြင်း သည်လည်းကောင်း အနုပညာ ခံစားမှု အရည်အသွေးကို ကျဆင်းစေ

www.burmeseclassic.com

 www.burmeseclassic.com

ပါသည်။ ကျွန်တော်က ဒါကိုရည်ရွယ်ပြီး ရေးတာပါ ခင်ဗျာ- ဟု ပြောရပြီဆိုလျှင် အနုပညာအရ ရသမမြောက်တော့ပါ။ စာချစ်ဆွေများက မိမိနှစ်သက်သလို ခံစား နားလည်ယူကြခြင်းသည်သာ အကောင်းဆုံး ဖြစ်ပါသည်။

ဇာတ်လမ်း ကျောရိုး (သို့မဟုတ်) ဇာတ်ကောင်များ လှုပ်ရှားကျင်လည်ရသည့် ဖြစ်စဉ်များမှာ ထူးဆန်းချင်မှ ထူးဆန်းပါမည်။ ဤဝတ္ထုတွင် တိုက်ပွဲခန်းများ ပါဝင်သော်လည်း တပ်မတော်သားတို့၏ ဘဝကိုသရုပ်ဖော်သော စစ်ဝတ္ထု မဟုတ်ပါ။ ချစ်ခန်းကြိုက်ခန်း ပါဝင်သော်လည်း အချစ်ဝတ္ထုဟုလည်း ကျွန်တော်မဆိုချင်ပါ။ လျှို့ဝှက်သည်းဖို၊ စွန့်စားခန်း ဝတ္ထုမျိုးလည်း မဟုတ်ပါ။ ဇာတ်လမ်းမှာ လူတွေထဲက အဖြစ်အပျက်သာလျှင် ဖြစ်လေရာ တွေ့ ချစ် ကွဲ ညား မဲပြာပုဆိုး ဇာတ်လမ်းမျိုး ဖြစ်ချင်လည်း ဖြစ်နေမည်။ သို့သော် ကျွန်တော်သည် ဇာတ်ကောင်တို့ အပေါ်တွင် စိတ်ဝင်စားစေရန် ကြိုးစားခြင်းဖြင့် စာချစ်ဆွေတို့ကို ကျေနပ်နှစ်သိမ့်မှု ပေးနိုင်လိမ့်မည်ဟု ထင်ပါသည်။ ဇာတ်ကောင်နှင့် ဇာတ်ကောင် စရိုက်အပေါ်တွင် ကျွန်တော် မည်သို့မျှ ကြိုတင်၍ မပြောလိုပါ။ စာချစ်ဆွေတို့၏ အဆုံးအဖြတ်သာ ဖြစ်ပါသည်။

ဤဝတ္ထု၏ ကာလ၊ ဒေသ နောက်ခံ အခြေအနေမှာ လွန်ခဲ့သော အနှစ် ၃၀-၄၀ ဝန်းကျင်မှ စတင်ပြီး လွန်ခဲ့သည့် ၁၀ နှစ်အတွင်းတွင် ကန့်သတ် ထားပါသည်။ စာချစ်ဆွေတို့၏ ခံစားမှုအရ ကာလ၊ ဒေသကို ရှေ့သို့သော် လည်းကောင်း၊ နောက်သို့သော် လည်းကောင်း ဆွဲဆန့်၍ ယူကြသော် ကျွန်တော်နှင့် မသက်ဆိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။ ဤဝတ္ထုထဲမှ ဖြစ်ရပ်အချို့သည် အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များ ဖြစ်ပါသည်။ ကျွန်တော်၏ ဇာတ်ကောင်များသည်လည်း လူသားများပင် ဖြစ်လေရာ အများနှင့် သက်ဆိုင်သော ဖြစ်ရပ်အချို့ကို မလွှဲမသွေ ကြုံတွေ့ ဖြတ်သန်းရမည်သာ ဖြစ်ပါသည်။

ထိုမှတစ်ပါး ဤဝတ္ထုနှင့် ပတ်သက်၍ စာချစ်သွေတို့ အပေါ်တွင် ကျွန်တော် ထားရှိအပ်သော စေတနာကို သံသယ မဖြစ်စေလိုပါ။ စန္ဒိမိုးဦးဖြူ ဟူသော နာမည်နှင့် ပတ်သက်၍ ကျွန်တော်သည် ထိုနာမည်ကို တစ်နေရာတွင် ကြားမိခြင်း ဖြစ်ပါသည်။ သဘောကျလွန်းသောကြောင့် သုံးစွဲမိပါသည်။ ပြင်ပတွင် နာမည်တူ စန္ဒိမိုးဦးဖြူ ဆိုတာ ရှိနိုင်ပါသည်။ သို့သော် ကျွန်တော့် ဇာတ်ကောင် စန္ဒိမိုးဦးဖြူနှင့် မသက်ဆိုင်ပါ။ တိုက်ဆိုင်မှု ရှိလျှင် နစ်နာစေလိုသော ဆန္ဒ မပါရှိသဖြင့် ခွင့်လွှတ်ပါ ဟူ၍သာ ပြောလိုက်ပါရစေ။

စာချစ်သွေများအား အစဉ်လေးစားလျက်
တင်သန်းဦး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

# စန္ဒီမိုးဦးဖြူသို့ တမ်းတခြင်း

BURMESE CLASSIC .com

(က)

အချိန်တို့သည် ရပ်တည်၍ မနေပေ။

နွေမှသည် မိုး၊ မိုးမှသည် ဆောင်း၊ ပြောင်း၍သာ နေလေသည်။ ရေတို့သည်လည်း ရပ်တည်၍ မနေပေ။ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်း၍သာ နေလေသည်။

ချစ်ခြင်းမေတ္တာတရားသည် အချိန်ကာလနှင့် တိုက်ရိုက် အချိုးကျသလား။ ပြောင်းပြန် အချိုးကျသလား ကျွန်တော် မဝေခွဲတတ်။ တစ်ခုသေချာသည်ကား အရာရာ ပြောင်းလဲနေသော ဤလောကတွင် အချစ်သည်ကား မပြောင်းလဲနိုင်ပေ။

အချစ်နှင့် အမုန်းသည် ကျောချင်းကပ်လျက် နေသည်ဟု ပညာရှိတို့ ဆို၏။ သို့ဆိုလျှင် အချစ်၏ နောက်ကွယ်တွင် အမုန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိရပေမည်။ အမုန်း၏ နောက်ကွယ်တွင်လည်း အချစ် ရှိရပေမည်။

သို့တစေ ......

အချစ်နှင့် အမုန်း၏ ဦးတည်ရာသည် တူညီပါသလော။

အချစ်၏ ခြေဦးတည့်ရာနှင့် အမုန်း၏ တူရူတို့သည် မျက်နှာချင်းဆိုင် ရှိကြအံ့၊ ပြင်းထန်စွာပင် တိုက်ခိုက်မိပေလိမ့်မည်။ အချစ်နှင့် အမုန်းသည် ပဋိပက္ခ ဖြစ်တတ်ပါသလော။

ချစ်ခြင်းတရားဟူသည် ရယူလိုခြင်းမဟုတ်၊ အနစ်နာခံခြင်းဟု ဆိုကြကုန်၏။

BURMESE CLASSIC .com

မုန်းခြင်းသည် ချစ်ခြင်းနှင့် ဆန့်ကျင်ဘက်တရား ဆိုကြအံ့။

မုန်းခြင်းတရားဟူသည် ရယူလိုခြင်းသာ ဖြစ်မည်။ အနစ်နာခံခြင်းလည်း ရှိမည်မဟုတ်။ သို့နှယ်ပင် ယုတ္တိဗေဒဆန်စွာ တွေးကြည့်မိသည်။

တိမ်ညို တိမ်တိုက်တို့ ကင်းစင်သော နေ့သစ်တစ်ခုသည် ချစ်စရာ ကောင်း၏။ နေမင်းသည် အခြံအရံ မပါဘဲလျက်ပင် ထွန်းလင်း တောက်ပနေလေသည်။ နေမင်းကို အထီးကျန်ဆန်သည်ဟု ဆိုသူမရှိ။ လမင်းကို အဖော်မပါဘဲ မနေတတ်ရန်ကောဟု အပြစ်တင်သူမရှိ။

အချိန်ကာလတစ်ခုတွင် ရောက်ရှိလာသော သူမသည် အချိန်ကာလ တစ်ခုမှာပင် ပြန်လည် ထွက်ခွာ သွားလေပြီ။ ကျွန်တော်သည် သူမကို ဆက်ဆက်ခါ နာကြည်းနေမိသည်။ ရိဝေစွာ ခံစားရင်းပင် သူမကို ကျွန်တော် မုန်းတီးနေမိသည်။ အခဲမကျေစိတ်များနှင့်အတူ သူမကို ကျွန်တော် မေ့၍ မရပြန်။

www.burmeseclassic.com

www.burmeseclassic.com



(ခ)

စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ ကျွန်တော် ဒိုင်ယာရီ ရေးဖူးသည်များ ရှိခဲ့သည်။ သို့သော် အရုပ်တကာသို့ လှည့်လည် သွားလာနေရသော ကျွန်တော့်တွင် ဒိုင်ယာရီ မှတ်တမ်းများ မရှိတော့ပေ။ ပျောက်ဆုံးကုန်ကြလေပြီ။

စန္ဒီမိုးဦးဖြူ ကျွန်တော့်ထံ စာတွေ ရေးခဲ့ဖူးသည်။ သို့သော် ထိုစာတို့ ကျွန်တော့်ထံတွင် မရှိတော့ ပေ။ လွင့်ပါးပျောက်ကွယ်ကုန်ကြလေပြီ။

စန္ဒီမိုးဦးဖြူ၏ အချစ်နှင့် ပတ်သက်၍ သက်သေ မရှိ။
စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ အထောက်အထား မရှိ။
သူမ၏ အမုန်းနှင့် ပတ်သက်၍ သာဓက မရှိ။
သို့ဆိုလျှင် ရင်တွင်းတွင် ဘာမှ ကျန်ရစ်ဖို့ မကောင်း။
သို့သော် ……

ဖွဖွလေး နင်းသွားသော သူမ၏ ခြေရာများသည်လည်းကောင်း၊ ရွရွလေး ခင်းသွားသော သူမ၏ အနမ်းများသည်လည်းကောင်း ကျွန်တော်၏ နှလုံးသား လွင်ပြင်ပေါ်တွင် ထင်ကျန်ရစ်နေလေသည်။ သူမသည် နှလုံးသား၏ အနက်ရှိုင်း ဆုံးသောနေရာ တစ်နေရာတွင် နာကျင်စေသော ဒဏ်ရာကို ပေးခြင်းဖြင့် ကျွန်တော့်ကို အနိုင်ကျင့် သွားခဲ့ပေသည်။

ကျွန်တော် သူမကို ခွင့်မလွှတ်နိုင်။
ခွင့်လွှတ်နိုင်စရာလည်း မရှိ။

လက်စားချေခြင်း ဝါဒကို မနှစ်မြို့သော ကျွန်တော်သည် သူမ အပေါ်တွင် အခဲမကျေ ဖြစ်နေမိသည်။ သို့သော် ကျွန်တော် ဘာမှမတတ်နိုင်ခဲ့။ စစ်ပွဲအချို့တွင် အောင်မြင်ခဲ့ဖူးသော ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သည် အချစ်ပွဲ အချို့တွင် ရှုံးနိမ့်ခဲ့ဖူးသည်။

စစ်ပွဲတစ်ရာ နွှဲချင်ပါလည်း အချစ်တစ်ပွဲ မနွှဲရဲသူတော့ မဟုတ်။ သို့သော် အမုန်းစစ်ပွဲနှင့် ရင်ဆိုင်ရသော ကျွန်တော်သည် အဆင်သင့် မဖြစ်ခဲ့ပေ။

သူမ ကျွန်တော့်ကို ဘယ်အချိန်က စတင်၍ မုန်းခဲ့ပါသနည်း။

သူမသည် ရုဋ္ဌသုဘဒ္ဒါနှယ်ပင် အငြိုးကြီးလေသလော။

သူမသည် ကျွန်တော်နှင့် လက်နက်စွဲကိုင် ယှဉ်ပြိုင်တိုက်ခိုက်ရသော ရန်သူ မဟုတ်ခဲ့။

ရန်သူတို့သည် ကျွန်တော့်အား ပစ်ခတ် ထိုးခုတ်၍ အသက်ကို လုပ်ကြံကြကုန်၏။ စန္ဒီမိုးဦးဖြူကား ကျွန်တော့်အသက်ကို ရန်မရှာဘူးခဲ့။ သို့သော် ကျွန်တော်ခံရသည်ကား အသက်အန္တရာယ်ထက်ဆိုးလှဘိတကား။

စန္ဒီမိုးဦးဖြူ …… ။

မဟာမိန်းမသား ဝါဒကို စွဲကိုင်ထားသူ …… ။

အစက မတွေ့မိခဲ့ကြရရင် အကောင်းသားပါလား …… ။

(၈)

လူသားတို့ ဟူသည်ကား မွေးကင်းစတွင် အပြစ်တင်စရာ မရှိတတ်ကြ။ အရွယ်ရောက်လာသည်မှစ၍ မိမိကိုယ်တိုင်၏ အပြစ်တို့သည် တဖြည်းဖြည်း များပြားလာမြဲဟည်း။

အရွယ် ရောက်ခါစမှာပင် ကျွန်တော်သည် စန္ဒီမိုးဦးဖြူနှင့် ဆုံတွေ့ခဲ့ရဖူးသည်။ ထိုအချိန်မှစ၍ ကျွန်တော်နှင့်သူမသည် အပြစ်တင်စရာတွေ ကြုံတွေ့လာကြရတော့သည်။ ကျွန်တော် မှားသလား သူမမှားသလား၊ ကံတရားကသာ ဆုံးဖြတ်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာ ဂျွန်ကီက အလှသည် သစ္စာတရားဟု ဆို၏။

အလှသည် သစ္စာ၊ သစ္စာသည် အလှ ...... ။

ကျွန်တော်တို့ နားလည်သည်ကား သစ္စာဟူသည် အမှန်တရားပင် ဖြစ်၏။ အမှန်တရားဟူသည် လှပမြဲပင်တည်း။ အမှန်တရားသည် ထာဝရ တည်မြဲ နေမည်ပါတည်း။

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်နှလုံးအိမ်တွင် ထာဝရ ခိုနားနေပါမည်လား။

သူမကို ကျွန်တော့်နှလုံးအိမ်တွင် နေရာ မပေးလိုပါ ......။

သို့သော် သူမသည် နေရာယူပြီး ဖြစ်နေသည်သာမက အိမ်ရှင်ကို စော်ကားသော ဧည့်သည်ပင် ဖြစ်၍ နေလေပြီလော။

ကျွန်တော် မေ့လို့မရတော့။

ခက်သည်။

မေ့ချင်ပါပြီဆိုမှ မေ့လို့မရ။

တတ်လည်း တတ်နိုင်သည့် စန္ဒီမိုးဦးဖြူ ...... ။

အခုတော့ ကျွန်တော့် နှလုံးသားသည် မွေးဖွားဖြစ်တည်ခါမှ နုနုနယ်နယ် မဟုတ်တော့။ ဖူးစသစ် နှလုံးသားလေး မဟုတ်တော့။ ဘဝမှန်တိုင်း၏ ရိုက်ခတ်ခြင်းကြောင့် ကျင့်သားရနေသော နှလုံးသား ဖြစ်နေလေပြီ။ ငိုရမည့် အရွယ်လည်း မဟုတ်တော့။

တကယ်တော့လည်း ယောကျ်ား မျက်ရည်ဆိုတာက ရင်တွင်း၌သာ ကျတတ်စမြဲပါ။

ဒါလည်း ကျွန်တော် ဝန်ခံမှ လူတွေ သိရမဲ့ အဖြစ်ပါ။

ကျွန်တော် ခံစားနေရပြီဆိုလျှင် စန္ဒီမိုးဦးဖြူ တစ်ယောက် နှင်းဆီပွင့်ဖတ်နယ် ညှံ့သက်နုရွသော လက်ဖဝါးချင်း ရိုက်ခတ်၍ ရယ်မောနေလေမည်လား။ သို့မဟုတ် ကျွန်တော်ထံမှ ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



များက သူမကို ကူးစက်၍ အနိုင်ကျင့်ကြလေမည်လား။ ကျွန်တော် မတွေးတတ်တော့ပြီ။

ကျွန်တော် သူမကို မုန်းသည်။

မချစ်။ စိုးစဉ်းမျှ မချစ်။

မုန်းသည်ဟူ၍ပင် သွေးရှူးသွေးတန်း ကြွေးကြော်နေရပြီ။

အစတုန်းကတော့ ...... ။

ကျွန်တော် သူမကို ချစ်ခဲ့သည်မှာ အမှန်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



---

## အခန်း (၂)

---

## စန္ဒီမိုးဦးဖြူနှင့် သက်ဆိုင်သော သမိုင်းအစ

### (က)

ကျွန်တော်တို့ မြို့ကလေးသည် ရန်ကုန်မြို့နှင့် မဝေးလှပေ။ သို့သော် လယ်ကွင်းများ အလယ်၌ အိမ်ခြေကမများလှ။ ဘူတာရုံနှင့် အထက်တန်းကျောင်းရှိနေ၍သာ မြို့ဟု ခေါ်ရသော်လည်း ကျေးလက်ဟန်ပန်များလည်း မပျောက်သေးပေ။

ကျွန်တော့် မိဘများသည် ကုန်စုံဆိုင်လေး တစ်ဆိုင်ကို တည်ခင်းထားသည့်အပြင်၊ လယ်ယာ ချောင်းမြောင်းလည်း လုပ်ကိုင်နိုင်ကြသောကြောင့် အတန်အသင့် ချောင်လည်သည်ဟု ဆိုရပေမည်။ မိဘများသည် ကျွန်တော့်ကို ဝတ်ကောင်းစားလှများ ဆင်မြန်း၍ ကျောင်းတက်စေကာ ကျွန်တော်၏ ပညာရည် ထူးချွန်မှုကို ကြွားဝါလေ့ရှိကြသည်။ ကျွန်တော်သည် အတန်းတိုင်းတွင် အငယ်ဆုံး ကျောင်းသား ဖြစ်သည်သာမက အတော်ဆုံးကျောင်းသားဟုလည်း ဆရာ၊ ဆရာမများက သတ်မှတ်ခြင်း ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com 

ကျွန်တော်သည် မြို့စွန်ရှိ မီးရထားကူး တံတားအောက်မှ ချောင်းထဲတွင် သူငယ်ချင်း အပေါင်းအဖော်များနှင့် ကိုယ်တုံးလုံးတီး ချွတ်၍ ရေဆင်းကူးရသည်ကို ဝါသနာ ပါခဲ့လေသည်။ သို့သော် ကျွန်တော့်ထက် အသက်ကြီးရင့်သော သူငယ်ချင်းများသည် ဘောင်းဘီ တိုများ ဝတ်ပြီးမှ ချောင်းထဲသို့ ဆင်းခြင်း၊ လုံချည်ခါးတောင်း ကျိုက်ပြီးမှ ရေချိုးခြင်းစသည့် အပြုအမူများဖြင့် ပြောင်းလဲလာ ကြသည်။

သူငယ်ချင်းများက ကျွန်တော့်ကို ကလေးဟု သဘောထား လာကြသည်ကို ကျွန်တော် မခံနိုင်ပေ။ စင်စစ် ကျွန်တော်သည် သူတို့နှင့် ဘောလုံးအတူ ကန်နိုင်သကဲ့သို့ အတန်းလည်း အတူတူပင် ဖြစ်သည်။ အချို့ သူငယ်ချင်းများမှာ ကျွန်တော့်ထက်ပင် အတန်ငယ် ကြသေးသည်။

"ဟေ့ကောင် ထက်လင်းဖြိုး။ မင်းချီးတန်းလန်းနဲ့ ရေချိုး နေတာ မရှက်ဘူးလား။ ကောင်မလေးတွေ မြင်ရင် ရှက်စရာကြီး ကွာ ..."

ညွန့်တင်က ကျွန်တော့်ကို အပြစ်တင်လာသည်။

စိန်လှိုင်ကလည်း ...

"တို့အရွယ်ဟာ ပုဆိုးကွင်းသိုင်းပြီး ဂေါ်လီ ရိုက်ရမဲ့အရွယ် မဟုတ်တော့ဘူးကွ ..."

"ငါက ဘယ်သူ့ကို ရှက်ရမှာလဲ။"

"မကျင်မြတို့၊ ဝေဝေလွင်တို့ မင်းကို ပြုံးစိပြုံးစိနဲ့ ကြည့်ကြည့် သွားတာ မင်းသတိ မထားမိဘူးလား။ သူတို့တောင် ချောင်းထဲ ရေချိုးဆင်းရင် ထဘီရင်ရှားပြီး ချိုးလာပြီကွ ..."


www.burmeseclassic.com

www.burmeseclassic.com


ညွှန့်တင်ပြောမှ ကျွန်တော် သတိထားမိတော့သည်။

မကြာခင်မှာပင် ကျွန်တော် ရှက်ရကောင်းမှန်း သိလာလေတော့သည်။

ကျွန်တော်တို့ ခြံထဲတွင် ရေချိုးတွင်း တစ်တွင်း ရှိလေရာ ထိုတွင်းသည် အိမ်နီးနားချင်းများအတွက်လည်း ဖြစ်သည်။ ကျွန်တော့် မိခင်၏ အလုပ်တစ်ခုမှာ ညနေတိုင်း ကျွန်တော့်ကို ရေချိုးပေးခြင်း ဖြစ်သည်။ ထို့နောက် စက်သွေးသနပ်ခါးကို ကိုယ်တိုင် လိမ်းကျံပေးလေ့ရှိသည်။ ကျွန်တော် ရေချိုးချိန်တွင် အိမ်နားပတ်ဝန်းကျင်မှ အပျိုတစ်ဒါဇင်ခန့် ရေခပ်လေ့ရှိသည်။

ကျွန်တော်သည် အပျိုတွေရှေ့မှာ ကိုယ်တုံးလုံးချွတ်၍ ရေချိုးရမှာကို ရှက်၍ လာသည်။ မိခင်က ရေချိုးဖို့ ခေါ်လျှင် နည်းမျိုးစုံဖြင့် ရှောင်နေမိသည်။ သူငယ်ချင်းတွေက ဘောလုံး ဆက်မကန်ချင်ကြတော့သော်လည်း ကျွန်တော်က ဘောလုံးပွဲကို ရပ်နားခွင့် မပေး။ ကျွန်တော့် မိဘများ ဝယ်ပေးသော ဘောလုံးဖြင့် ကန်နေကြရသော သူငယ်ချင်းများမှာ နေဝင်သည့်အထိ ဆက်ကစား နေကြရသည်။

အမေသည် ကျွန်တော့်ကို စောင့်ရန် စိတ်မရှည်တော့။

ကျွန်တော်လည်း မှောင်မှသာ ရေတွင်းဆီသို့ သွားသည်။ လူပြတ်မှ ရေချိုးသည်။ ရံဖန်ရံခါ ခေါင်းရင်းအိမ်မှ ဘုတ်ဆုံမ ရေလာချိုးသည်နှင့် ဆုံသည်။ ကျွန်တော်သည် ဘုတ်ဆုံမအား ရေကူခပ်ပေးသလိုလိုနှင့် စောင့်ရသည်။ ဘုတ်ဆုံမပြန်မှ ကျွန်တော် ရေချိုးသည်။

အမေသည် သူမကိုယ်တိုင် ရေချိုးပေးခြင်းအား လက်မခံတော့သည့် ကျွန်တော့်ကို ပြတ်ပြတ်သားသား ကိုင်တွယ်တော့သည်။ ကျောင်းဆင်းကတည်းက ကစားနေသော ကျွန်တော့်ကို ယခင်က



www.burmeseclassic.com

www.burmeseclassic.com


ဘာမျှ ပြောလေ့မရှိ။ နောက်ပိုင်း စောစော ပြန်ခိုင်းသည်။ နောက်ကျလျှင် ရိုက်သည်။ ကျွန်တော်ကား အမေ ရိုက်ချင် ရိုက်ပေစေ။ ကြက်မွေး တံမြက်စည်းဖြင့် ခြေသလုံးကို တီးတာလောက်တော့ အပျော့။

အရေးကြီးသည်မှာ အမေက ကျွန်တော့်ကို ကောင်မလေးတွေ ရှေ့တွင် ကိုယ်တုံးလုံး ချွတ်၍ ရေချိုးပေးခြင်းမှ လွတ်ကင်းရန်ပင် တည်း။

"ထက်လင်း ဖြိုးနော်။ ထက်လင်းဖြိုး။ နင်တော်တော် စည်းကမ်း ပျက်တယ်။ ရေချိုးချိန် ထမင်းစားချိန် မမှန်တာ ကြာလာပြီနော်။"

အမေက မြည်တွန် တောက်တီးသည်။

ကျွန်တော်ကား လူပျို ဖြစ်နေလေပြီ။

အမေ့ကိုလည်း မပြောရဲ။

အဖေ့ကိုလည်း မပြောရဲ။

စင်စစ် အမေသည် ကျွန်တော် လူပျိုရွယ် ရောက်နေသည်ကို သိနှင့်နေသည်ပင်။ သို့သော် အမေသည် ကျွန်တော် လူပျိုဖြစ်သွားမှာ စိုးရိမ်နေပုံ ရသည်။ ကျွန်တော့်ကို သူငယ်နပ်စား ကလေးလေး ဘဝမှာပဲ ထာဝရ ရှိနေစေချင်ဟန် တူသည်။ ကျွန်တော်ကား လူပျို ကြီး ဖြစ်ချင်နေလေပြီ။

"အင်း ... ကိုဖြိုးရေ။ ရှင့်သားလည်း လူဖြစ်လာပြီ။"

အမေ လက်လျှော့ ရတော့သည်။

မိဘများ ကျွန်တော့်အတွက် အတွင်းခံ ဘောင်းဘီများ ဝယ် ပေးသည်။ အဖေ့ခေါင်းလိမ်းဆီတွေ ယူယူလိမ်းပြီး အမေ့ ကျွဲကော် ဘီးကို ယူဖြီးနေသော ကျွန်တော့်အတွက် ကလီယိုပက်တရာ ခေါင်းလိမ်းဆီဘူး ဝယ်ပေးသည်။ နမ်းကြည့်လျှင် မွှေးနေတတ်သော

www.burmeseclassic.com



ပလပ်စတစ်ဘီး တစ်ချောင်း ဝယ်ပေးသည်။ ဝက်ခြံတွေထွက်လာသော ကျွန်တော့်အတွက် ဟေဇလင်စနိုးလည်း ဝယ်ပေးလာသည်။ ထို့အပြင် အိမ်ဆိုင်အတွက် ကုန်အချို့ ဝယ်ယူရန်၊ ရန်ကုန်မြို့ သိမ်ကြီးဈေးသို့လည်း တစ်ယောက်ည်တည်း သွားတတ်အောင် လွှတ်လေ တော့၏။

ထိုအခါကျမှပင် ကျွန်တော်လည်း ညွှန့်တင်တို့ စိန်လှိုင်တို့နှင့် ပေါင်း၍ ရလာတော့သည်။ ကာလသားခေါင်းများသဖွယ် ဖြစ်သော ကိုသိန်းထွန်းတို့ ကိုသန်းအောင်တို့ စကားဝိုင်းတွင် ထိုင်လာနိုင်လာလေသည်။

❖

(၁)

"ရွာနားကမြက် ရွာနွားမစားဘူးဆိုတာ အမှန်ပဲကွ။ ငါ့ရဲ့ ပထမ ရည်းစားက ကြည့်မြင်တိုင်က ..."

ကိုသန်းအောင်က ထန်းရည်ကို အုန်းမှုတ်ခွက်နှင့် ခပ်သောက်ရင်း ပြောသည်။

"ဒါဆိုရင် မင်းက နွားပေါ့ ..."

ကိုသိန်းထွန်းက ကိုသန်းအောင်ကို စသည်။ ကျွန်တော်၊ ညွှန့်တင်နှင့် စိန်လှိုင်တို့ သုံးယောက်သား သူတို့နှစ်ယောက် ထန်းရည်ဝိုင်းတွင် ဝင်ပြီး တစ်ခွက်တစ်ဖလား မြည်းနေကြခြင်း ဖြစ်သည်။

"နွားလို့ ပြောချင်လည်း ပြောကွာ။ ငါကတော့ ဒီမြို့က ဟာမတွေ စိတ်ကူးထဲ မထည့်ဘူး ။ တောဆန်တယ် ..."

"အဲဒီလို ဝါးလုံးရှည်နဲ့ သိမ်းကျုံးပြီး မရမ်းစမ်းပါနဲ့ သန်းအောင်ရာ။ ငါ့ကောင်မလေး ဘယ်လောက် လှသလဲ ..."

www.burmeseclassic.com



ကိုသန်းအောင်၏ မျက်နှာ ရှုံ့မဲ့သွားသည်။

"ဂွက်ထော်ကို ပြောတာလား ..."

"သူ့နာမည် ဂွက်ထော် မဟုတ်တော့ပါဘူးကွာ။ ယဉ်ယဉ်လှပါ။ အခု တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ဘယ်လောက် မှည့်လာတယ် မှတ်သလဲ ..."

"မှည့်တယ်ဆိုတာ ဘာလဲဗျ ..."

ကျွန်တော်က အလိုက်ကမ်းဆိုး မသိစွာ ဝင်မေးလိုက်မိသည်။ ကိုသိန်းထွန်း ...

"မင်းကလည်း အ ရန်ကော။ ဒီလိုကွ ..."

ကိုသိန်းထွန်းက မယဉ်ယဉ်လှ၏ ကိုယ်ခန္ဓာကို ရှင်းပြသည်။ ကျွန်တော်က ဝလာသည်ဟု ထင်နေခြင်းအား ကိုသိန်းထွန်းက လှလာသည်ဟု ထင်နေခြင်းပင်တည်း။ ကိုသိန်းအောင်က ထရယ်သည်။

"ဟားဟားဟား ... ဟိုသီချင်းထဲကလို ဖြစ်နေပြီ။ ဘာတဲ့ ... တောရွာက ပေါတာဟာ ရန်ကုန်မှာလေ ဈေးနှီပေါတာ။ ချက်ပေါ်တဲ့ ဂွက်ထော်ဟာ ရန်ကုန်မှာလေ မာဂရက်ဂွက်ထော် ..။ ... ဆန်းလည်းဆန်းတဲ့ ... နာမည်တွေရယ် ... အမေအမေ ကျုပ်ပြန်တော့ ဖေဖေသာဂေါင်၊ မေမေမဘုတ်ဆုံ ...။ ဟားဟားဟား..."

"ဟော့ကောင် သန်းအောင်...။ မင့်သီချင်းထဲမှာ ဘုတ်ဆုံဆိုတာ ပါနေတယ်။ အေး ...အခုတလော... ဘုတ်ဆုံလေးလည်း လှလာတယ်ဟေ့။ အဲဒါဘယ်သူ့ပစ္စည်းလဲ... "

ကိုသိန်းထွန်းက ကျွန်တော့်တို့ လူပျိုသုံးယောက်ကို ကြည့်သည်။ သူ့အကြည့်တွင် ဘယ်သူ လူစွမ်းကောင်းလဲဟူ မေးမြန်းချက်များ ပါဝင်နေသည်။

www.burmeseclassic.com



"ဒီကောင် ..."

ညွန့်တင်နှင့် စိန်လှိုင်က ကျွန်တော့အား ပြိုင်တူ လက်ညှိုး ထိုးသည်။

"ဟာကွာ ... မင်းတို့ကလည်း ..."

ကျွန်တော် ရှက်သွားရသည်။

"မင်းက ဘာပြောင်းမလို့လဲ။ မင်း ဘုတ်ဆုံမကို ကြိုက်နေတယ် မဟုတ်လား။ အဲဒါကြောင့် ညမိုးချုပ်မှ ရေအတူတူ ချိုးနေတာပေါ့။"

ညွန့်တင်က စကားအဆုံးတွင် စိန်လှိုင်ကလည်း–

"ဟုတ်တယ်၊ ဟုတ်တယ်။ ငါတို့ငယ်ငယ်က လင်မယား လုပ်တမ်းကစားရင် ဒီကောင်နဲ့ ဘုတ်ဆုံမနဲ့ တွဲတာပဲ ..."

"သွားစမ်းပါကွာ ..."

ကျွန်တော့မျက်နှာတွေ ရဲနေမှာ သေချာသည်။

ကိုသန်းအောင်က ...

"အေး ... ဘုတ်ဆုံမလေးက မဆိုးပါဘူး ... ငဖြိုးရ။ မင်း အဲဒီကောင်မလေးကို ကြိုက်လိုက်ကွာ ..."

"အား ... ကျွန်တော် ကြောက်တယ်ဗျ။"

သူတို့အားလုံး ဝိုင်းရယ်ကြသည်။

"ဒီကောင့်ကို လက်ချာပေးမှ ဖြစ်မယ် သိန်းထွန်း။ ငဖြိုးလေး ရဲ့ပုံကို ကြည့်ရတာ စားချင်လိုက်တာလည်းပြောလို့၊ လက်နှေးလိုက် တာလည်း ချာလို့ ဖြစ်နေတယ်နဲ့ တူတယ်။"

ကိုသန်းအောင်က မြူအိုးထဲတွင် ပေါလောမျောနေသော အုန်းမှုတ်ခွက်ကို နှိုက်ပြန်သည်။ ကိုသိန်းထွန်းက ပဲကြီးလှော်ကို တဖျောက်ဖျောက် ဝါးနေသည်။ ကျွန်တော်ကား ထန်းရည်ခါး နှစ်ခွက်သောက်ပြီး ရီဝေဝေ ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နံပါတ်တစ်အချက်က မျက်လုံးချင်း စကားပြောရမယ်ကွ။ ဘာမှ မခက်ပါဘူးကွာ။ တည့်တည့်သာ စိုက်ကြည့်လိုက်။ သူ့ရှက်သွားလား၊ မျက်လွှာချသွားလား ကြည့်။ မကြာခဏ ကြည့်ပေး။ သူပြုံးတုံ့တုံ့ ဖြစ်နေရင် တစ်ဝက်သေချာပြီ။ အေး ... နင် ငါ့ကို ဘာလို့ ခဏခဏ ကြည့်တာလဲလို့ မေးပြီဆိုရင်တော့ အဲဒါ ရေလာမြောင်းပေး စကားပဲ။ လှလို့ ကြည့်တာပေါ့ဟာလို့သာ ပြောလိုက်။ မိန်းကလေးတိုင်း လှတယ်ပြောရင် သဘောကျကြတာချည်းပဲ။"

ကိုသန်းအောင်က လူပျိုသင်ခန်းစာကို ပို့ချသည်။

ကိုသိန်းထွန်းက ကိုသန်းအောင်ထံမှ အုန်းမှုတ်ခွက်ကို လှမ်းယူရင်း ခေါင်းတညိတ်ညိတ်ဖြင့် ...

"ဟုတ်တယ်။ အဲဒါကြောင့် တွံတေးသိန်းတန်က ဆိုတာ...။ မလှဘူးဆိုရင် ငိုချင်တယ်လို့ ... မပြောပါနဲ့လား ချစ်သူရယ်...။ မငိုပါနဲ့ လှပါတယ်လို့ကွယ် ... မင်းအနားမှ တီတိုးဆိုနေမယ် ... မိန်းကလေးတိုင်း ဒီသဘော၊ ကိုယ်စစ်ကြော မိပါတယ်ကွယ် ... လှတယ်ပြောမှ မြတ်နိုးတယ် ... လှတယ်ပြောမှ သဘောကျတယ်..."

ကိုသိန်းထွန်းက အသံနေအသံထားဖြင့် ဟာစ်၍ဆိုနေသောကြောင့် ကိုသန်းအောင်က နားညည်းတယ်ကွာဟု အော်သည်။

"မင်းအသံပြဲကြီးနဲ့ ဂွက်ယော်ရှေ့မှာပဲ သွားဆို ..."

"ယဉ်ယဉ်လှပါကွာ။ မောင့်အချစ်လေး ယဉ်ယဉ်လှ။"

"သွားစမ်းပါ။ လျှောက်ပြန်သံပေး၊ ခြေအေးဝမ်းရောင်၊ ခွေးဟောင်ပြန်ပြေး၊ ထရန်ခွာသံစူး၊ ချောင်းကြည့် ပြုံးပြန်ဆိုဘာ မင်းမှ အစစ် ..."

"အံမာ ...ငါစာပေးတာ ငါးစောင်ရှိပြီနော်။ ပထမဆုံးအစောင် မယူဘူး။ နောက်နှစ်စောင် ယူတယ်။ စဉ်းစားပါရစေဦးတဲ့။ စွဲခါ

www.burmeseclassic.com



နိုးနေပါပြီ ဖိုးသန်းအောင်ရာ။ ...”

“ကြည့်သေးတာပေါ့။ မင်း ဂွက်ထော်ကို ဘုတာဝိုင်း ကာကာ ဆိုင်က မှုတူးကပဲ ဖြတ်သုတ် သွားမလားဆိုတာ ...”

“လုပ်ရဲလုပ်ကြည့်ပေါ့ကွာ။ ကမ္ဘာအေးဘုရားပွဲကြီးကတည်း က လူမရိုက်ရသေးဘူးကွ။ မှုတူးငါ့ကို မစမ်းရဲပါဘူး။ ခွေးကုလား သချိုင်းဒယား ကသွားမယ်”

ကိုသိန်းထွန်းသည် ထန်းရည်အရှိန်နှင့် မျက်ထောက်နီလာ လေသည်။ ကိုသန့်.အောင်က ဆက်လက်၍ ...

“တွေ့လား။ ဒီသိန်းထွန်းဆိုတဲ့ကောင် စည်းစိမ်ငါးပါး ခံစား ဖို့စနေပြီ။ ပထမတော့ လူမင်း စည်းစိမ်ပါပဲ။ နောက်တော့ သောက် ကြေားများပြီး ဆက်ရက်(ဇရက်)မင်း စည်းစိမ် ဖြစ်လာတယ်။ အခု မျက်ထောင့်နီပြီး ဘီလူးမင်းစည်းစိမ် ဖြစ်လာပြီ။ နောက်နဂါး မင်းစည်းစိမ်နဲ့ တခေါခေါ အိပ်အုံးမယ်။ အိပ်ရာက ထတော့ အနာ ကျပြီး ငှင်းတမင်း စည်းစိမ်နဲ့ မှိုင်နေဦးမယ်...”

“မှုတူးကိုတော့ အကြောင်း ပြရဦးမှာပေါ့ကွာ...”

ကိုသိန်းထွန်းကား ဒေါသ မပြေသေးဟန်ဖြင့် ကြိမ်းဝါးနေ သည်။

“ ဒီတစ်ခါ ဘောလုံးကန်ရင် ဒီကောင် တောင်ဝိုင်းက ဝင်ကန်မှာပဲ။ ညီ့သကျည်းကို ကျိုးအောင် ကန်ချိုးပစ်မယ်။”

“အေးပါ... မင်းက မချိုးလိုက်ရဘဲ၊ ဟိုကောင်က တရွတ် ရွတ်နဲ့ ဂိုးသွင်းသွားအုံးမယ်...”

ကိုသိန်းထွန်းကား ကျွန်တော်တို့မြို့တွင် အတော်ဆုံး ဂိုးဖမ်း သမား ဖြစ်သည်။ ဟံသာဝတီခရိုင် လက်ရွေးစင် ဖြစ်သည်အထိ



www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားမည်ဟု မကြာခဏပြောသော်လည်း အနုတောမှာသာ လူချော ဖြစ်၍ နေလေသည်။

“ကဲကဲ ... ကောင်လေးတွေ။ သွားကြတော့။ တော်ကြာ မင်းတို့မိဘတွေက ကလေးတွေကို မြှောက်ပေးရကောင်းလား ဆိုပြီး ငါတို့ကို အပြစ်ပြောနေဦးမယ်။ အမှန်ကတော့ မြှောက်ပေးတာ မဟုတ်ဘူး ...”

“ဖျက်ဆီးတာ။ ဖျက်ဆီးတာ ...”

ကိုသိန်းထွန်းက ကိုသန်းအောင် စကားမဆုံးခင် ကြားဖြတ် ပြောလေသည်။ သူတို့နှစ်ယောက်က နှင်လွှတ်သောကြောင့် ကျွန်တော် တို့ ချာတိတ်သုံးယောက်လည်း ပြန်လာရလေသည်။

ကျွန်တော်တို့ သုံးယောက်သည် ထန်းရည်ခိုးသောက်လာမှန်း မသိအောင် အကာအကွယ်၊ အစီအမံများ လုပ်ကြရသည်။ အာခေါင်ထဲ လက်ညှိုး နှိုက်ပြီး အန်ပစ်ကြသည်။ မျက်နှာတွေ နီနေတာကို လူကြီးများ မရိပ်မိနိုင်စေရန်အတွက် ညစ်ထပ်ထပ် ချောင်းရေမြှင့် မျက်နှာသစ်ပြီး မာလကာရွက်တွေ ခူးပြီး ဝါးကြရသေးသည်။ ထို့နောက်မှ ဘာမှမဖြစ်သလိုဟန်မျိုးဖြင့် အိမ်သို့ အသီးသီး ပြန်ကြ လေသည်။

ကျွန်တော် အိမ်ရောက်တော့ လူကြီးတွေ အနားကိုမကပ်။ ရေအမြန်ချိုးဖို့ လုပ်ရသည်။ အင်္ကျီချွတ်၊ ရေဝတ်ချိုးဖို့ ဘောင်းဘီတို လဲပြီး ရေစစ်လုံချည်ကို ပခုံးပေါ်တင်ကာ ရေတွင်းရှိရာသို့ ဆင်းလာ ခဲ့ရသည်။

မှောင်ရီပျိုးပေပြီ။

နွေမို့ ရေတွင်းထဲတွင် ရေက နည်းနေသည်။ တစ်ပုံးချင်း စစ်ပြီး ခပ်ရသည်။ ဘုတ်ဆုံမသည့် ရာဝင်အိုးကြီးထဲ ရေတစ်ပုံးချင်း


www.burmeseclassic.com

www.burmeseclassic.com

ခပ်ထည့်နေသည်။ ကျွန်တော် ရေတွင်းထဲ ငုံ့ကြည့်သောအခါ လရိပ်အဖြူကွက်ကို မြင်ရသည်။

ဘုတ်ဆုံမ၏ ပန်းများမှာ ငွေလရောင် ဟပ်နေသဖြင့် ပြောင်လက် တောက်ပ၍ နေသည်။ ဘုတ်ဆုံမသည် ငယ်ငယ်တုန်းကတော့ တကယ့်ဘုတ်ဆုံမလေးပင် ဖြစ်သည်။ ကြီးလာတော့ ငယ်ငယ်တုန်းကလို တုတ်တုတ်မဲမဲ၊ ဝဝဖြိုးဖြိုးလေး မဟုတ်တော့။ ညိုညိုကျစ်ကျစ်လေး ဖြစ်လာသည်။ အပျိုဖော်ဝင်စ ရွှေရင်သိမ်းသစ် အရွယ်တွင် ဘုတ်ဆုံမကို လှလာသည်ဟု အများက ပြောကြသည်။

ကျွန်တော်သည် ဘုတ်ဆုံမကို မကြည့်ရဲပေ။

ကိုသန်းအောင်တို့၊ ကိုသိန်းထွန်းတို့၏ စကား များ က ကျွန်တော့ကို ရှက်ရွံ့နေစေသည်။ မှောင်ရိပ်လွှမ်းဆဲ ကာလမှာပင် ကျွန်တော့် မျက်လုံးများကို ဘုတ်ဆုံမ မြင်သွားမှာကို ကြောက်နေမိလေသည်။ ကျွန်တော်သည် ဘုတ်ဆုံမကို မကြည့်ဘဲ ရေတွင်းဘောင်တွင် တံတောင်ဆစ်များ ထောက်ကာ ရေတွင်းထဲမှ လင်းလက်နေသော လရိပ်ကို ငေးနေမိလေသည်။

"ထက်လင်းဖြိုး"

ကျွန်တော် မထူးမိ။

"ဟဲ့ ... ထက်လင်းဖြိုး ... ငါ ခေါ်နေတယ်လေဟာ..."

ဘုတ်ဆုံမက ကျွန်တော့် မျက်နှာကို ရေစက်ရေပေါက် အချို့ဖြင့် လှမ်း၍ ပက်သည်။

"ဘာလဲ ... ဘုတ်ဆုံမ..."

"နင် အခုတလော ကိုသန်းအောင်တို့၊ ကိုသိန်းထွန်းတို့နဲ့ တွဲနေတာ မဟုတ်လား..."

"အဲဒါဘာဖြစ်သလဲ..."


www.burmeseclassic.com

www.burmeseclassic.com


"မပွဲနဲ့။ အဲဒီလူကြီးတွေက ကောင်းတာမဟုတ်ဘူး။ ကလေးတွေကို မဟုတ်က ဟုတ်က သင်ပေးတယ်ဟ..."

"ငါက ... ကလေးမှ မဟုတ်ဘဲ..."

ဘုတ်ဆုံမထံမှ မသဲမကွဲ အာမေဋိတ်သံကို ကြားလိုက်ရသည်။ ကျွန်တော်သည် ရှက်ရမ်း–ရမ်းနေမိခြင်း ဖြစ်သည်။ ကျွန်တော့်ဟာ ကျွန်တော် တစ်ယောက်တည်း ရှက်နေမိသော်လည်း ဘုတ်ဆုံမကား ကျွန်တော့်အဖြစ်ကို သိပုံ မရပေ။ ခါတိုင်းလိုပဲ အောက်မေ့နေလေသည်။

"မယဉ်ယဉ်လှက ပြောတယ်။ ကိုသိန်းထွန်းဆိုတဲ့ လူကြီးက မျက်နှာရှုတဲ့။ ကိုသန်းအောင်ကလည်း ထန်းရည်မူးနေတာပဲ။ ငါ့စေတနာနဲ့ ပြောတာ။ နင် ဒီလူကြီးတွေနဲ့ တွဲပြီး မဟုတ်က–ဟုတ်က လျှောက်လုပ်နေရင် စာမေးပွဲကျဦးမယ်။"

"ငါဘယ်တော့မှ စာမေးပွဲ မကျဘူး... "

"မှန်ပါတယ်။ နင်က စာတော်တာပဲ။ ဒါပေမဲ့ စာဆိုတာ ကြိုးစားမှ တော်တာ။ နင်အဆင့်(၁)ကနေ(၂)ကို ဆင်းလိုက်၊ (၃)ကို ဆင်းလိုက် ဖြစ်နေတာများပြီနော်။ ဆရာမ ဒေါ်စိန်ချစ်ကတောင် ပြောတယ်။ ထက်လင်းဖြိုး ဘာဖောက်နေလည်းမသိဘူးတဲ့"

ကျွန်တော် သက်ပြင်း ရှိုက်လိုက်မိသည်၊

ဘာမှတော့ ပြန်မပြောမိပေ။

"ဩော် ...ဒါနဲ့ နင့်အဖေ ပြန်မရောက်သေးဘူးလား။"

"ရန်ကုန်သွားတယ်။ မလာသေးဘူး...။"

"ရန်ကုန်က ဦးဘဖြူဆိုတဲ့ လူကြီး ခေါ်သွားတာ မဟုတ်လား။..."

"ဟုတ်တယ်။"


www.burmeseclassic.com

 www.burmeseclassic.com

"အေး ... နင့်အဖေနဲ့ ငါတို့အဒေါ်တွေ ပြောနေတာ ကြားတယ်။ ဦးဘဖြူက သူ့သမီး စန္ဒီမိုးဦးဖြူကို နင်တို့အိမ်မှာ လာထားမယ်တဲ့။"

"ဘာ ... ဘာ ..."

ဘုတ်ဆုံမ ပြောလိုက်သည့် နာမည်ကို ကျွန်တော် ချက်ချင်း အကျွမ်းမဝင်ပေ။

"စန္ဒီမိုးဦးဖြူကို ဒီမှာ လာထားမယ်တဲ့။"

"စန္ဒီမိုးဦးဖြူ ..."

"ဟုတ်တယ် ..."

"နာမည်ကလည်း ရှည်လိုက်တာ ..."

"အေးဟဲ့ ...။ လူကတော့ ဘယ်လိုနေမယ် မသိဘူး။ အဲဒီ စန္ဒီမိုးဦးဖြူက ကွန်ဗင့်ကျောင်းမှာနေတာတဲ့။"

ကျွန်တော် ပခုံးတွန့်လိုက်သည်။ မိုးဝေ၏ ဝတ္ထုထဲမှ အလွတ်စုံထောက် တင်မောင်ဆွေ လုပ်နေကျ အမူအရာကို အတုခိုးခြင်းဖြစ်သည်။ သို့သော်ဘုတ်ဆုံမကား ကျွန်တော့် အိုက်တင်ကို အမှတ်ထားမိပုံ မရပေ။ လရောင် ဝိုးတဝါးကြောင့် မြင်ပုံလည်း မရပေ။

"ဒီမှာဘုတ်ဆုံမ။ ဒီခေတ်မှာ ကွန်ဗင့်ကျောင်းသူတွေ ဘာတွေ မရှိဘူး။ အစိုးရက ပြည်သူပိုင် သိမ်းထားလို့ အားလုံး အစိုးရကျောင်းချည်းပဲ။ ဘာထူးမှာလဲ ..."

"အေး ...နင်က ဟောဒီဝါးလုံးခေါင်းထဲမှာပဲ လသာနေတော့ ဘယ်သိမှာလဲ။ ငါတို့မြို့မှာက မြူနီစပယ်ကျောင်းပဲ ရှိတာကိုး။ မထူးဘူးပေါ့။ ရန်ကုန်မှာတော့ မြူနီစပယ်ကျောင်းဆိုတာ လူတိုင်းတက်နိုင်တဲ့ အစိုးရကျောင်း၊ သာသနာပြုကျောင်းတို့၊ ကွန်ဗင့်ကျောင်းတို့ဆိုတာ ပိုက်ဆံရှိမှ တက်နိုင်တာ။ ပြည်သူပိုင် သိမ်းလိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတူသွားပေမဲ့ သာသနာပြု ကျောင်းဟောင်းတွေ၊ ကွန်ဗင့် ကျောင်းဟောင်းတွေက အရှိန်ကျန်သေးတယ်။ မိုလ်လည်းဆန်တယ်။ ဆရာ၊ ဆရာမတွေ လည်း ကောင်းတယ်။"

စကားရှည်နေသော ဘုတ်ဆုံမကို ကျွန်တော်ပြိုင်ငြင်းနေ၍ မဖြစ်တော့ပေ။

"အဲဒီစန္ဒီမိုးဦးဖြူက ငါတို့အိမ်မှာ ဘာလာလုပ်မှာလဲ။"

"အဲဒါတော့ ငါဘယ်သိမလဲဟ။ ငါလည်းငါသိတာ ငါပြော ရတာလေ။ ဦးဘဖြူကြီးက နင်တို့ ကျေးဇူးရှင်ဆို။"

"ပြောတာပဲ။ ငါတို့အိမ်တွေ၊ လယ်တွေရော၊ ကုန်ဆုံဆိုင် ရော သူတို့ဟာတွေတဲ့။ ငါတို့အဖေက သူတို့အိမ်မှာ အလုပ်လုပ်ဖူး တယ်တဲ့။"

"သူတို့က သူဌေးတွေ။ ငါတို့မြို့မှာလည်း သူတို့နဲ့ ကင်းတဲ့ သူက ခပ်ရှားရှားပါ။ ငါတို့အဖေတောင် ငါးခြောက်ကုန်ကူးတာ ဦးဘဖြူ မိန်းမ ဒေါ်သိန်းသိန်းဆီက ငွေသွားယူရတာပဲ။"

"စန္ဒီမိုးဦးဖြူက ငါတို့အိမ်ကို အလည်လာတာလား။"

"မဟုတ်ဘူး လာနေမှာ ..."

ဘုတ်ဆုံမ၏ ကျေးဇူးကြောင့် ကျွန်တော်သည် စန္ဒီမိုးဦးဖြူ ဆိုသော နာမည်ကို ပထမဆုံးအကြိမ် ကြားဖူးလိုက်ရခြင်းပင်တည်း။ ကျွန်တော်တို့ မြို့တွင် ဤမျှရှည်လျားသော နာမည်မရှိ။ ကျွန်တော့် နာမည် ထက်လင်းဖြိုးသည်ပင်လျှင် ခေတ်လိုက်ဆန်ပြီး ထူးခြားပြီ ဖြစ်သည်။ ထို့ကြောင့် စန္ဒီမိုးဦးဖြူ ဟူသော အမည်နာမသည် ကျွန်တော့်အတွက် အမှတ်တရပင်တည်း။

❖



www.burmeseclassic.com

www.burmeseclassic.com



(၈)

ကျွန်တော်သည် သူငယ်ချင်းများနှင့် သဲကြီးမဲကြီး ဘောလုံးကန်ပြီးနောက် ဘောလုံးကို မမြင်ရလောက်သည့်အထိ မှောင်မည်းနေမှ အိမ်သို့ ပြန်လာခဲ့လေသည်။ သို့တိုင်အောင် ဘောလုံးကွင်းမှ အပြန် စောရုံနှင့် အိမ်ပြန်မရောက်။ စိန်လှိုင်၊ ညွန့်တင်၊ အေးကြူ၊ ဖိုးရီတို့နှင့် ငြင်းခုန်နေကြဆဲပင် ဖြစ်သည်။

အိမ်ရောက်တော့ ကျွန်တော့်တို့ အိမ်ရှေ့တွင် ဦးဘဖြူလာလျှင် စီးလာလေ့ရှိသော မာစီဒီးကား အဖြူကြီးကို မြင်လိုက်ရသည်။ အိမ်ပေါ်တွင် စကားပြောသံတွေလည်း ကြားရသည်။ ကျွန်တော် အိမ်ပေါ်မတက်တော့ပေ။ အိမ်ခြေရင်းဘက်မှ ကွေ့ပတ်၍ လျှောက်ကာ အိမ်နောက်ဖေးမှ တစ်ဆင့် အိမ်ပေါ်သို့ တက်သည်။ ဆပ်ပြာခွက်၊ ရေစစ်လုံချည် စသည်တို့ကို ယူသည်။

အမေသည် ကျွန်တော့်ကို တွေ့သွားသည်။

"သား ...ခဏနေဦး ..."

ကျွန်တော် ရပ်နေလိုက်သည်၊

အမေသည် ကျွန်တော် အိမ်ပြန်နောက်ကျသဖြင့် စိတ်ဆိုးပုံမရ။ လေသံက ကြည်ကြည်သာသာပင် ဖြစ်သည်၊

"ဒီမှာ ခဲ့သည် ရေချိုးမယ်။ သမီးရေ။ ဒါ ဒေါ်လေးရဲ့သားကြီးပဲ။ ထက်လင်းဖြိုးတဲ့။ ဟဲ့သား ...သူက စန္ဒမိုဦးဖြူတဲ့။ မင်းတို့ ဘကြီးဖြူရဲ့သမီး။ မောင်နှမတွေပဲ။ သူ့အခု ရေချိုးမလို့။ သမီးက ရေဆွဲနိုင်မှာ မဟုတ်ဘူး။ အမေတို့လည်း အလုပ်များနေလို့ ရေတွင်းက ရာဝင်စဉ့်အိုးကြီးထဲ ရေဖြည့်ဖို့ မေ့နေတယ်။ အဲဒါ သား ကူညီလိုက်ပါဦး"

www.burmeseclassic.com



အမေ့လေသံမှာ အလွန်ညင်သာသည်။ ကျွန်တော် ငြင်းဆန်မှာကို စိုးသဖြင့် ချော့မော့နေသော လေသံလည်း ပါသည်။

ကျွန်တော်လှမ်းကြည့်လိုက်တော့ စန္ဒီမိုးဦးဖြူဆိုသော ကောင်မလေးသည် မီးဖိုနှင့် ထမင်းစားခန်း အကူးတွင် မီးရောင်ကို ကျောပေး၍ ရပ်နေသည်။ သူမ၏ မျက်နှာကို ကျွန်တော် မမြင်ရ။ ကိုယ်ခန္ဓာမှာမူ ဘုတ်ဆုံမထက် သွယ်လျနေသည်။ သူမ၏ နောက်မှ ကိုးနှစ်၊ ဆယ်နှစ်အရွယ် ကောင်မလေးတစ်ယောက် ထဘီ၊ ဆပ်ပြာခွက် စသည်တို့ကို ကိုင်ပြီး ရပ်နေသည်။ သူမမှာမူ ထဘီ ရင်ရှားပြီး မျက်နှာသုတ်ပဝါ ခြုံထားသည်။

"ရေတွင်းကို သွားမယ် ..."

ကျွန်တော်ရေတွင်းဘက်သို့ သွားသောအခါ သူမလိုက်ပါလာသည်။ ကျွန်တော်တို့အဖို့ သွားနေကျမို့ အခက်အခဲ မရှိသော်လည်း သူမမှာ မမြင်မစမ်း ဖြစ်နေဟန်တူသည်။

"နေပါဦး ..."

ကျွန်တော် ရပ်နေလိုက်သည်။

"ဘာမှ မမြင်ရဘူး"

သူမသည် ယိုင်လဲမလို ဖြစ်သွားပြီး ကျွန်တော့ ပခုံးကို ကိုင်သည်။ ကျွန်တော့်ပခုံးမှာ ချွေးတွေရော၊ ဖွဲ့တွေရော လူးနေဆဲ ဖြစ်သည်။ ကျွန်တော်သည် သူမကို ရေတွင်းသို့ ခေါ်သွားသည်။ ရေတွင်းတွင် မည်သူမျှ မရှိ။ ဘုတ်ဆုံမသည် ရေချိုးပြီး သွားလောက်ပေပြီ။

ကျွန်တော် ရေတစ်ပုံး ခပ်သည်။ ခမ်းလုဆဲ ရေတွင်းမို့ ရေတစ်ပုံးကို ခပ်ကာကြာကြာလေး စစ်၍ ခပ်ရသည်။

"ရေတစ်ပုံးတစ်ပုံးကို ဒီလိုပဲ အကြာကြီး ခပ်ရလား။"

www.burmeseclassic.com

www.burmeseclassic.com



"နွေမိုလို့ ခပ်ရတာပါ။ ဒါလည်း ညပိုင်းကျရင် သိပ်မကြာတော့ဘူး။ လူမရှိတော့လို့ ရေက ခပ်များများ ထွက်လာတယ်လေ။ ခဏလေးပါ မကြာပါဘူး။"

ကျွန်တော် ရေပုံးကို ခပ်သွက်သွက် ဆွဲလိုက်ရာ စက်သီးက အသံမြည်သွားသည်။ ရာဝင်စဉ့်အိုးကြီးကို ဖြည့်လိုက်သည်။ စဉ့်အိုးထဲတွင် ရေတစ်ဝက်ခန့် ရှိနေသည်။ ဘုတ်ဆုံမ ကျွန်တော် ရေချိုးရန် ဖြည့်သွားပုံရသည်။

"ရေတွေ အများကြီးပဲ။ ဝအောင်သာချိုး။"

ကျွန်တော် လောကွတ်လုပ်လိုက်သည်။

"ပြည့်မှပ ချိုးတော့မယ်ဟာ။ ရေချိုးရင်းတန်းလန်း ရေကုန်သွားရင် ငါမနေတတ်ဘူး။"

သူမက ပြန်ပြောသည်။

"ဒါဆိုလည်းခဏစောင့်။ ငါ အမြန် ခပ်ပါ့မယ်။"

"ဒီမှာ ရေသိပ်ခက်မှန်း ငါမသိဘူး။ အဝီစိတွင်း တစ်တွင်းတူးဖို့ ဖေဖေကို ပြောရမယ်။"

သူမကို ထိုစကားကို ဂုဏ်ယူစွာပြောသော လေသံမျိုးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ လေသံမြင့်ဟု ဆိုရမည်။ ကျွန်တော်ကား အပြစ်မမြင်။ ဦးဘဖြူ၏ အိမ်ကို ကျွန်တော်သည် မရောက်ဘူးသော်လည်း အလွန်ချမ်းသာသည်ဟု သိရသည်။ စန္ဒီမိုးဦးဖြူသည် ကျွန်တော်တို့၏ အနေအထိုင်နှင့်ဆိုသော် အလွန်ဆင်းရဲပေလိမ့်မည်။

"နင့်နာမည် ထက်လင်းဖြိုးနော် ..."

"ဟုတ်တယ်။"

"ငါ့နာမည်က စန္ဒီမိုးဦးဖြူ။ ဒီနာမည်ကို အပြည့်အစုံခေါ်ရင် ခက်လိမ့်မယ်။ စန္ဒီလို့ခေါ်ရင် ရတယ်။ အမှန်ကလည်း စန္ဒီဆိုတာ

www.burmeseclassic.com


နာမည်ရင်းပဲ။ ငါ့ကို မွေးတုန်းက မိုးဦးကျ အခုလိုပဲ လသာနေတယ်။ ဖြူဆိုတာကတော့ ငါ့အဖေ နာမည်ပေါ့ဟာ...။"

သူက သွက်သွက်လက်လက် ပြောသည်။

"နင် ငါတို့အိမ်မှာ ဘယ်လောက်ကြာကြာ နေမှာလဲ ...။"

"ဘာလဲ။ နင်က ငါ့အတွက် နေ့တိုင်း ရေခပ်ပေးနေရမှာ စိုးလို့လား။ ရောက်ရောက်ချင်း နေ့မို့ပါဟာ။ နောက်နေ့ဆိုရင် ဒီကောင်မလေးကို ခိုင်းလို့ရပါပြီ။"

"မဟုတ်ပါဘူး။ ဒါဟာ ငါ့အတွက် အပန်းမကြီးပါဘူး။ ငါက သိချင်လို့ မေးတာပါ။

"ဘယ်လောက်ကြာမလဲဆိုတာတော့ ငါမသိဘူး။ ငါကတော့ မနေချင်ဘူး။ ရန်ကုန်မှာပဲ ပျော်တယ်။ ငါ့ကို ဒီမှာ လာနေဖို့ သူတို့တော်တော် ရိုက်ရသေးတယ်။"

"ဘာဖြစ်လို့လဲ ...။"

ကျွန်တော် အံ့ဩစွာပင် မေးလိုက်မိသည်။

သူမ၏ ရယ်သံကို ကြားရသည်။

"နင်မသိပါဘူးဟာ။ ပြောပြလည်းနင်နားလည်မှာ မဟုတ်ပါဘူး။"

သူမ၏ လေသံမှာ အရွယ်နှင့် မလိုက်အောင် လူကြီးဆန်နေသည်ဟု ထင်ရသည်။

"နင်မပြောချင်လည်းနေလေ။ နင့်သဘောပေါ့။

သူမသည် ရေကို အကြာကြီး ချိုးသည်။ ကျွန်တော်လည်း ရောက်တတ်ရာရာ စကားတွေပြောပြီး စောင့်ရသည်။ ရေချိုးပြီးချိန်တွင် သူမသည် ထဘီလဲကာ အဖော်ပါလာသော မကျည်းတန်ဟုသော ကောင်မလေးနှင့်အတူ ကျွန်တော်တို့ အိမ်ဘက် ထွက်သွား


www.burmeseclassic.com

 www.burmeseclassic.com

သည်။ ကျွန်တော်သည် ရေချိုးပြီးသောအခါ သူမကို အိမ်ပေါ်တွင် တွေ့ရလိမ့်မည်ဟု ထင်သည်။ သို့သော် သူမသည် သီးသန့်စီစဉ်ထားသော သူမ၏ အခန်းထဲမှ အပြင်ကို မထွက်တော့ပေ။

❖

(ယ)

ကျွန်တော်သည် မနက်အစောကြီးပင် နိုးလာလေသည်။ မီးဖွင့်ပြီး ကျွန်တော် ခုတင်ခေါင်းရင်းနား ကပ်လျက်ရှိ စာကြည့်စားပွဲပေါ်မှ နာရီကို ကြည့်သောအခါ နံနက်လေးနာရီသာ ထိုးသေးသည်ကို တွေ့ရသည်။ သို့နှင့် မီးပိတ်ပြီး အိပ်ရာ ပြန်ဝင်ရသည်။ ပူအိုက်သော နွေမို့ စောင်မခြုံနိုင်။ ကျွန်တော်လည်း ပြန်အိပ်လို့ မရတော့။

စန္ဒီမိုးဦးဖြူ အိပ်ရာက နိုးပြီလားဟု ကျွန်တော်တွေးမိသည်။ သူမသည် အပေါ်ထပ် အိမ်ရှေ့ဘက် အစွန်ဆုံးအခန်းမှာ အိပ်သည်။ ကျွန်တော့်အခန်းမှာ အိမ်နောက်ဖေး အစွန်ဆုံး ဖြစ်သည်။ မနေ့ညက သူမအစောကြီး အိပ်သည်။ ထို့ကြောင့် အစောကြီး နိုးနေဖို့ ကောင်းသည်။

ကြက်တွန်သံတွေ ကြားလာရသည်။

ဥသြငှက်တို့၏ တေးသံတွေကိုလည်း ကြားလာရသည်။

နွေ၏ နေ့သစ်တစ်ခုသည် အစပြုလေပြီ။ ကျွန်တော် ပြူတင်းပေါက် ဖွင့်လိုက်သည်။ ရောင်နီတွေ ပျိုးလာလေပြီ။ ကျွန်တော် စိတ်ကူးတစ်ခု ရလိုက်သည်။ နေ့တာရှည်သောကြောင့် နေက စောစော ထွက်သည်။ တစ်ညလုံး ရေတွေ စိမ့်ထွက်နေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com 

ရေတွင်းထဲမှာ ရေတွေများနေမည်။ မကြာခင်ပင် ဘုတ်ဆုံမတို့ လူစုရေလာချိုးချင် ချိုးနိုင်သည်။ ကျွန်တော့်အတွက် ရေလုရတာ မထောင်းတာသော်လည်း စန္ဒီမိုးဦးဖြူမှာမူ ညည်းသည် ဖြစ်နေသည်။

ကျွန်တော် အိပ်ရာမှ ထပြီး ခြံထဲဆင်းသည်။ ကျွန်တော်တို့ အိမ်မှာ တောအိမ် ဖြစ်သည့်အလျောက် အိမ်သာသည် အိမ်ပေါ်မှာ မရှိပေ။ ခြံထောင့်ကို ရောက်နေသည်။ ကျွန်တော် ကိုယ်လက် သုတ်သင်ပြီး ပြန်ထွက်လာသောအခါ မသဲမကွဲ အလင်းရောင်ဖြင့် မျက်နှာသစ်နေသော စန္ဒီမိုးဦးဖြူကို တွေ့ရသည်။

"အိမ်သာ ဘယ်နားမှာလဲဟင် ..."

သူမ၏ လေသံတွင် ရှက်ဟန်ပါသည်။

"ခြံထောင့်မှာ ငါလိုက်ပြမယ်။"

ကျွန်တော် သူမကို လိုက်ပြသည်။ မကျည်းတန်က အပြင်မှာ စောင့်သည်။ ထိုအချိန်တွင် ကျွန်တော်သည် ရေတွင်းကို ဆင်းပြီး ရာဝင်အိုးကြီးထဲ ရေဖြည့်နေလိုက်သည်။ အလင်းရောင်က မသဲကွဲ သေး။ နေလုံးကို မမြင်ရသေး။ နွေဦး၏ လေရူးက ဝေ့ဝိုက်တိုက်ခတ် နေသည်။ လေ၏ အထိအတွေ့က အေးမြသည်။

မနေ့ညက သူမ၏မျက်နှာကို ကျွန်တော် သေချာစွာ မမြင် လိုက်ရ။ ဝိုးတဝါး လရောင်ဖြင့်သာ ခန့်မှန်းခဲ့ရသည်။ ယခုတော့ နေရောင်ဖြင့် ကြည့်ရမည်။ သူမ ချောသလား။ လှသလားဟု သူငယ်ချင်းတွေ မေးလျှင် ကျွန်တော် ပြန်ဖြေနိုင်ဖို့ အရေးကြီးလှ သည်။ ကျွန်တော်သည် ရေဖြည့်ရင်း အရှေ့ဆီသို့ စိတ်မရှည်စွာ လှမ်းကြည့်မိသည်။

နွေပိပိ နေ့တာရှည်ပါလျက် နေက ယနေ့မှအထွက် နောက်ကျ နေရသတဲ့လား။

www.burmeseclassic.com

"ဟင်... နင်ရေဖြည့်တာ မြန်လိုက်တာ ..."

စန္ဒီမိုးဦးဖြူသည် မကျည်းတန်နှင့်အတူ ရောက်လာသည်။

"မနေ့ညကတော့ လူတွေ တစ်နေကုန် ခပ်ထားကြတော့ တွင်းထဲမှာ ရေနည်းနေတာပေါ့။ အခုတော့ တစ်ညလုံး ရေတွေ ထွက်နေလို့ စောင့်စရာ မလိုတော့ဘူး"

"ငါ ရေချိုးလို့ ရပြီလား။"

"နင်ချိုးဖို့ ငါ ခပ်ထည့်ထားတာပဲ..."

သူမသည် ထဘီ အလဲအလှယ် လုပ်သည်။ ကျွန်တော်က သူမ ရက်မည်စိုး၍ ကျောခိုင်း နေလိုက်သည်။ စဥ့်အိုးထဲ ဖလားနှစ်သံကြားမှ ကျွန်တော် လှည့်ကြည့်သည်။ သူမသည် ရေကို တစ်ဖလားချင်း ဖြည်းဖြည်းခပ်၍ ချိုးသည်။ အလင်းရောင်တွေက တဖြည်းဖြည်း အင်အားများသည်ထက် များလာသည်။ သူမသည်လည်း ထင်ရှားသည်ထက် ထင်ရှားလာသည်။

သူမသည် ခေါင်းကို ရေလောင်းချိုးလျက်ရှိရာ သူမ၏ ဆံပင်သည် ပခုံးကျော်ရုံမျှသာ ရှိသည်ကို တွေ့ရသည်။ ခေါင်းလျှော်ရည် အမြှုပ်များကို ရေဖြင့်လောင်း၍ ဆေးလိုက်ရာ နက်မှောင်ပြီး ဖြောင့်စင်းနေသော ဆံပင်များက ထင်ရှားလာသည်။

သူမသည် ကျွန်တော် အားမနာတမ်း ကြည့်နေသည်ကို သတိထားမိဟန်မတူ။ ထွက်ပြူလာသော နေမင်း၏ အလင်းရောင်တန်းများသည် သူမ၏ မျက်နှာလေးပေါ် ထိုးကျ၍ လာသည်။ ရေစက်ရေပေါက်များ ရှိနေသည့် သူမ၏ မျက်နှာလေးမှာ ဝင်းမ၍ နေသည်။ နဖူးပြင်မှာ ပြေပြစ်သည်။ သေးသွယ်သော စင်ရော်တောင် မျက်ခုံးတွေက ထင်းနေသည်။


www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးလျှင် ကြည့်ကောင်းသည်ဟု အချို့ကထင်ကြသည်။ စင်စစ် မျက်စိတစ်ခုလုံး အပြင်သို့ ပြူးထွက်နေသဖြင့် ကြည့်၍ မကောင်း။ စန္ဒီမိုးဦးဖြူကို မျက်လုံးပြူးသည်ဟု ဆိုလျှင် မှားမည်။ သူမ၏ မျက်လုံးမှာ ပြူးခြင်းမဟုတ်။ မျက်ဝန်းတွေ ကျယ်ခြင်းသာ ဖြစ်သည်။ ကော့ရှန်းသော မျက်တောင်များအောက်မှ သူမ၏ မျက်ဝန်းများသည် ကြည်လင်တောက်ပနေလေသည်။

နှာတံက ဖြောင့်စင်းသည်။ နှုတ်ခမ်းပါးလေးတွေက ပြေပြစ်သည်။ သူမ အသားဖြူသည်။ သူမတွင် ထူးထူးခြားခြား လက်ယာဘက် တစ်ဖက်တည်း၌သာ ပါးချိုင့် ရှိသည်ကို ကျွန်တော် သတိပြုမိသည်။ လည်တိုင်တွေက ကျော့ရှင်းသည်။ ပခုံးနှင့် လက်မောင်းများမှာ နေရောင်တွင် ရွှေရောင်တောက်နေသည်။

ကျွန်တော်တို့ မြို့တွင်တော့ သူမ၏ အလှကို မီသူမရှိ။ သူမသည် ပြိုင်ဘက်ကင်းသော အလှရှင်။

သူမရေချိုးပြီး ရေစိုထဘီကို လဲမည်လုပ်မှ ကျွန်တော်လည်း အငေးလွန်နေမိသည်ကို သတိရလာသည်။ ကျောခိုင်းပေးလိုက်ရသည်။

"နင်ရေချိုးဦးမှာလား..."

"အေး ..."

"ပြီးတော့ ဘာလုပ်စရာရှိလဲ..."

"မရှိပါဘူး။ အိမ်အလုပ် နည်းနည်းပါးပါး ကူရုံပေါ့။"

"ဒီမြို့မှာ ကြည့်စရာ ဘာရှိလဲ..."

"အောင်တော်သိမ် ဘုရားရှိတယ်။ နင်သွားချင်ရင် ငါလိုက်ပြမယ်။ ဈေးရှိတယ်။ ဘာမှတော့ မထူးဘူး။"

"အပျင်းပြေပေါ့ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမသည် မကျည်းတန်ကိုခေါ်၍ ထွက်သွားသည်။

ကျွန်တော်သည် လေတစ္ဆီးစ္ဆီးချွန်၍ ရာဝင်အိုးထဲသို့ ရေဖြည့်နေမိသည်။

"အံမာ ...ကိုယ်တော်ချောက လေတွေဘာတွေ ချွန်လို့ပါလား။ တော်တော်ပျော်နေတယ် ထင်တယ်။"

ဘုတ်ဆုံမ ရောက်လာသည်။ ဘုတ်ဆုံမကို ကြည့်မိတော့ ဘုတ်ဆုံမသည် စန္ဒီမိုးဦးဖြူထက် အနည်းငယ် အရပ်မြင့်ပြီး ကိုယ်ခန္ဓာကလည်း ပိုမိုထွားကြိုင်းနေတာ တွေ့ရသည်။ ကျေးလက်သူပီပီ ခြေသလုံးတွေက တုတ်ခိုင်သည်။

"ဘယ်နဲ့လဲ။ စန္ဒီမိုးဦးဖြူနဲ့ နင် တစ်ညလုံး စကားပြောပြီးပြီပေါ့။"

"အင်း ..."

ကျွန်တော် မပွင့်တပွင့် ဖြေသည်။

"ချောရဲ့လားဟဲ့ ..."

"ချောတယ် ...။"

"အလဲ့ ...နင်ပြောတဲ့အတိုင်း တကယ်ချော၊ မချော ကြည့်ရဦးမှာပေါ့။"

"သူ့မှာ ပါးချိုင့်လေးပါတယ်ဟ ...။"

လက်ယာဘက် ပါးပြင် တစ်ဖက်တည်းပါတာကိုတော့ ကျွန်တော် မပြောမိ။

"သူ့မှာ ငါ့လို သွားတက်ပါလား ..."

ဘုတ်ဆုံမက သူမ၏ လက်ယာဘက်မှ သွားတက်ကို လက်ညှိုးလေးနှင့် ထောက်ပြီး မေးသည်။ ဘုတ်ဆုံမတွင် ပါးချိုင့် မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"သူရယ်တာ ငါမတွေ့ဖူးသေးဘူး။ ဒီတော့ ပါ၊ မပါ မပြောနိုင်ဘူး။"

ဘုတ်ဆုံမက ကျွန်တော်ခပ်ထားသည့် ရေတွေကို ယူချိုးသည်။ ကျွန်တော်ကလည်း လုချိုးသည်။

"မနေ့ညက ငါရေတွေ ဖြည့်ထားခဲ့တယ်။"

"ငါက နင်အစောကြီး ချိုးပြီးသွားပြီမှတ်လို့။"

"ဘယ်ဟုတ်မလဲ။ ဝက်စာကျိုတာ နောက်ကျသွားတယ်။ ငါရေချိုးဖို့ ဆင်းလာတော့ ငါတို့ရဲ့ ဓာတ်လိုက်မင်းသားက ဓာတ်လိုက်မင်းသမီးလေးကို ချိုးရေခပ်ပေး နေရပါရောလား ..."

"ဟာ ...နင်ကလည်း..."

ကျွန်တော် မျက်နှာမထားတတ်အောင် ရှက်သွားရတော့သည်။ ဘုတ်ဆုံမက ကျွန်တော် မခံချင်အောင် တခစ်ခစ် ရယ်သည်။

"ငါလည်း ပိန္နဲပင်ရင်းမှာပဲ ထိုင်ပြီး ·စောင့်နေလိုက်တယ်။ မနက်ကျရင် ငါ့ကောင်တော့ ပင်ပန်းဦးမှာပဲဆိုပီး ညက ရေတွေ ဖြည့်ပစ်ခဲ့တာ။ နောက်တော့ နင်ချိုးရမှာ မဟုတ်ဘူးလေဆိုပြီး ငါပဲ ကုန်အောင် ပြန်ချိုးပစ်ခဲ့တယ်။"

ကျွန်တော် ဘာမှမပြောဘဲငြိမ်နေလိုက်သည်၊ စင်စစ် ဤမြို့တွင် ကျွန်တော့် မိဘများသည် တောသူဌေးများနှယ်ပင် စားနိုင်သောက်နိုင်ထဲကဖြစ်သည်။ ကျွန်တော်လည်း အသင့်အတင့် သုံးနိုင်စွဲနိုင်ထဲက ဖြစ်သည်။ ဘကယ်တော့ အနုတောမှ လူချောများနှယ်သာ ဖြစ်သည်။ စန္ဒီမိုးဦးဖြူ ရေချိုးဖို့ ကျွန်တော် ရေခပ်ပေးရကြောင်းသာ သူငယ်ချင်းများ သိသွားပါက ဟားရ၍ ဆုံးကြမည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ ငါပြန်မပြောပါဘူး။ ဖြေးရယ်။ ရုက်မနေပါနဲ့။ ဒီလိုပေါ့။ ငါတို့က အိမ်ရှင်ပဲ။ ဧည့်သည်ကို ပြုစုရမဲ့ ဝတ္တရားရှိတာပေါ့။"

ဘုတ်ဆုံမက ကျွန်တော် အနေခက်နေမှန်းသိ၍ နှစ်သိမ့်သည်။

"ဒီမှာနေရတာ သူတော်တော် ဆင်းရဲမှာပဲနော်။"

"ဟုတ်တယ်။ ငါတို့လိုသာ ရေခပ်ရရင် သူ့လက်ဖဝါးလေးတွေ ချက်ချင်း ပေါက်ပြဲကုန်မှာပဲ။"

"သူ့အဖေတွေ အမေတွေ ပြန်ပြီလား။"

"ညကတည်းက ပြန်ပြီ။"

"အေးဟယ်။ ဒီလောက်ချမ်းသာတာများ ကိုယ့်သမီးကို ဒီမှာလာပြီး သက်သက်အဆင်းရဲ ခံခိုင်းရတယ်လို့။ ငါတော့ တွေးလို့ကို မရဘူး။ အကြောင်းတော့ ရှိမှာပဲ။ သူဘာဖြစ်လို့ ဒီမှာလာနေလဲဆိုတာ နင်မေးကြည့်သေးလား။"

"ကိုယ်နဲ့မှ မဆိုင်ဘဲဘုတ်ဆုံမရယ်။ ဘာဖြစ်လို့ မေးရမှာလဲ။"

ထိုနေ့က ကျွန်တော်သည် စန္ဒီမိုးဦးဖြူအား မြို့မြောက်ဖျားရှိ အောင်တော်သိမ်ဘုရားကို လိုက်ပို့သည်။ ထို့နောက် မြင်းလှည်းတစ်စီးငှားကာ မြို့ထဲပတ်၍ မောင်းခိုင်းသည် သို့နှင့် သူမကိုရော ကျွန်တော်ကိုပါ မြို့သူမြို့သားများ မြင်ကြရလေ၏။

❖

(င)

စန္ဒီမိုးဦးဖြူ ဝယ်ချင်သည်ဆိုသဖြင့် ကျွန်တော်သည် ဝတ္ထုစာအုပ်များ ရှာပေးရသည်။ စန္ဒီမိုးဦးဖြူသည် ထိုစဉ်က ခေတ်စားနေဆဲ စာရေးဆရာများ ဖြစ်ကြသည့် မြင့်ကျော်၊ မြင့်နီ၊ ကေသရမက်တို့၏

www.burmeseclassic.com 

အချစ်ဝတ္ထုများကို ကြိုက်သည်။ ကျွန်တော်က မိုးဝေ၏ စုံထောက်ဝတ္ထုများ၊ ဗိုလ်မြင့်၏ စစ်ဝတ္ထုများ၊ ရောင်နီ၏ အချစ်နှင့် စစ်ဝတ္ထုများကို သဘောကျသည်။ ရဲစိုး၏ ဝတ္ထုများကို သူမ မကြိုက်။ တက္ကသိုလ်ဘုန်းနိုင်နှင့် အောင်လင်း၏ ဝတ္ထုများကိုမူ ကျွန်တော်ရော သူမပါ ကြိုက်ကြသည်။

စန္ဒီမိုးဦးဖြူ ရောက်ကတည်းက ကျွန်တော်သည် သူငယ်ချင်းများထံ မရောက်တော့ပေ။ ညွန့်တင်နှင့် စိန်လှိုင်သည် ကျွန်တော့်ကို ချောင်းထဲတွင်ငါးရှာရန်၊ ရေကူးရန် တစ်ခါနှစ်ခါ လာခေါ်ကြသည်။ ကျွန်တော်မလိုက်။ ထွန်းရီနှင့် အေးကြူက ဘောလုံးကန်ရန် ခေါ်သည်။ ကျွန်တော်သည် ဘောလုံးကိုသာ အိမ်အပေါ်ထပ် ဝရန်တာမှ ပစ်ချပေးလိုက်သည်။ လူကတော့ လိုက်မသွား။

ကိုသန်းအောင်တို့ ကိုသိန်းထွန်းတို့ လူစုသည် ညကျလျှင် ကျွန်တော်တို့ အိမ်နှင့် မလှမ်းမကမ်းကို ရောက်လာကြသည်။ ကိုမြဟန်ကို သူတို့ ချက်အရက် တစ်ခွက်နှစ်ခွက်တိုက်ပြီး ခေါ်လာကြဟန် တူသည်။ ကိုမြဟန်သည် စကားပြောလျှင် ထစ်နေတတ်သည်။ သူတစ်ခွန်းဆဲလျှင် လေးငါးခွန်း အဆဲခံရတာနှင့် အတူတူပင် ဖြစ်သည်။ သို့သော် အရက်တစ်ခွက်နှစ်ခွက် သောက်ပြီး သီချင်းဆိုလျှင် ကား လုံးဝ မထစ်တော့ပေ။ မယ်ဒလင်လက်သံလည်း ကောင်းလှသည်။

ရေနံ့သာစိုးလှိုင်၏ ချစ်ပြိုးနှင်းဆီ သီချင်းသံ ကြားရပြီဆိုလျှင် သူတို့ ရောက်လာမှန်း ကျွန်တော်သိလေသည်။ ကျွန်တော်သည် အခါများစွာပင် သူတို့နှင့်လိုက်၍ သီချင်းနားထောင်သည်။ လေသာပြတင်းဝမှ တိတ်တခိုးထွက်၍ နားထောင်မည့် အပျိုများကို ဘာရယ်မှ မဟုတ် ချောင်းကြည့်ဖူးသည်။ ယခုတော့ သူတို့ လာသည်ကို

 www.burmeseclassic.com

ကျွန်တော် မလိုလား။ ကျွန်တော်သည် ရေဒီယိုကို ခပ်ကျယ်ကျယ် ဖွင့်လိုက်သည်။ ထို့နောက် စန္ဒီမိုးဦးဖြူနှင့် အကြောင်းမရှိ အကြောင်းရှာကာ စကားတွေ ဖောင်ဖွဲ့၍ ပြောမိလေတော့သည်။

"ယူ မက်ထရစ်အောင်ရင် ဗာစီတီ တက်မှာလား ..."

သူမက ကျွန်တော် ဆယ်တန်းအောင်လျှင် တက္ကသိုလ်ဆက်တက်ရန် အစီအစဉ် ရှိ မရှိကို ဗိုလ်ဆန်ဆန်စွာပင် မေးသည်။

"တက်မှာပေါ့ ...။"

"ဘာမေဂျာ ယူမလဲ ...။"

"အဲဒါတော့ ငါလဲမသိဘူး။ "

"နင့်ပုံကို ကြည့်ရတာ ယူနီဖောင်းနဲ့ လိုက်တယ်။ ကုန်သွယ်ရေကြောင်း လျှောက်ပါလား။ ဒါမှမဟုတ်ရင် စစ်တက္ကသိုလ်လျှောက်ဟာ။"

သူမ၏ စကားကို ကျွန်တော် စိတ်ဝင်စားသွားသည်။

"ဒီအက်စ်အေက အရင်တုန်းကတော့ ကိုးတန်းအောင်ရင် ခေါ်တာပဲ။ ဟိုက်စကူးဖိုင်နယ်(လ်)ပေါ့။ အခုတော့ ဆယ်တန်းအောင်မှ ခေါ်တယ်။ ဒါတောင် အေလစ်(စ်)မှ ရမှာ။ ယူဖြေကြည့်ပါလား..."

"ငါတို့မြို့မှာ အရင်တုန်းက ဖြေဖူးတဲ့သူတွေတော့ ရှိတယ်။ တစ်ယောက်မှ အရွေးမခံရဖူးဘူး။ ဘွဲ့ရပြီးမှ ဗိုလ်သင်တန်း လျှောက်တဲ့သူတွေလည်း ရှိတယ်။ ဗိုလ်သင်တန်းတက်ပြီး ဗိုလ်ဖြစ်သွားတဲ့သူတွေလည်းရှိတယ်။"

"ဒါကို နင်သာ အရွေးခံရရင် ဟီးရိုးပဲ။ နင်တို့မြို့မှာ နင် နာမည် ကြီးပြီ။"

ကျွန်တော်ကား ကျွန်တော့်မြို့တွင် နာမည်ကြီး လူစွမ်းကောင်း မဖြစ်ချင်ပါ။ စန္ဒီမိုးဦးဖြူ၏ လူစွမ်းကောင်းသာ ဖြစ်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် လွန်စွာမှပင် နုနယ်ငယ်ရွယ်၍ အတွေ့အကြုံဟူ၍ မြူမှုန်ပင် မတင်ဘူးသေးသော ကျွန်တော်၏ နှလုံးသားကို လှုပ်ကိုင်ဆွဲရမ်းနေပြီ ဖြစ်သည်။ သူမ၏ လှုပ်ရှားမှုများကို နေ့စဉ် မြင်တွေ့နေရသည်မှာ ကျွန်တော့်အတွက် ကုသိုလ်ကံ အလွန်ထူးနေခြင်းဖြစ်သည်။ သူမသည် ကျွန်တော့်ကို ယဉ်ကျေးသိမ်မွေ့ဟန်ဖြင့် ပြောဆိုဆက်ဆံသည်။ ရံဖန်ရံခါတွင်မူ ရိုင်းရိုင်းစိုင်းစိုင်းနှင့် ဆက်ဆံချင်သည်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကျေနပ်နေမိသည်ချည်း။

ရံဖန်ရံခါတွင် စန္ဒီမိုးဦးဖြူသည် ဘာမှ အရေးမကြီးသော ကိစ္စကို လွန်စွာမှပင် အရေးကြီးလေဟန်ဖြင့် ပြောတတ်သည်။ ကျွန်တော်သည်လည်း ထိုကိစ္စကို အရေးကြီးပစ်လိုက်ရသည်။ တစ်ခါတစ်ရံတွင်ကား စန္ဒီမိုးဦးဖြူသည် အရေးကြီးသော ကိစ္စကို ဘာမှအရေးမကြီးလေဟန်ဖြင့် ပြက်ရယ်ပြုပစတတ်သည်။ ထိုရောအခါ ကျွန်တော်သည်လည်း ရောယောင်၍ ရယ်မောလိုက်ရသည်။ သူမသည် ကျွန်တော့်အပေါ် အရာရာ လွှမ်းမိုးနေတာတော့ သေချာသည်။

သူမသည် ကျွန်တော့်ကို မကြာခဏ စိတ်ကောက်သည့်အခါများစွာပင် ကျွန်တော်သူ့ကို ခဲခဲယဉ်းယဉ်း ချော့မှ သူ့စိတ်ကောက်ပြေသည်။ တစ်ခါတလေတွင်မူ မချော့ရသေးခင်မှာပင် အလိုအလျောက် စိတ်ပြန်ပြေသွားတတ်သည်။ ကျွန်တော်မှုကား သူမအပေါ် စိတ်မကောက်ဖြစ်ခဲ့။

သူငယ်ချင်းများက ကျွန်တော့်ကို အရူးအမဲသား ကျွေးမိသလိုဖြစ်နေပြီဟု ဆိုခြင်းဖြင့် ကျွန်တော်သည် အရူးဘဝကို ရောက်ရသည်။ မျောက်အုန်းသီးရသလိုပဲ ဆိုသောကြောင့်လည်း မျောက်ဘဝကို ရောက်ရသည်။ မင်းလောက်ပိုင်တဲ့ကောင် မင်းပဲရှိတယ်။ အိမ်ပေါ်တင်ပြီး အပြတ်ငမ်းနေရတာဟု ချီးမွမ်းလျှင်ကား ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com


ဟဟဲဟဲနှင့် သဘောကျ နေမိသည်။ မင်းနဲ့ ချစ်နေကြပြီလားကွဟု မေးလျှင်ကား ကျွန်တော်သည် ဝေ့လည်ကြောင်ပတ် ဖြေရသည်။ ကောက်ရိုးပုံစောင့်ကဲ့ ခွေးလိုပဲ။ ကိုယ်လည်းမစားရ သူများစားမှာ စိုးလို့လည်း ဟောင်နေရတယ်ဟု အပြောခံရသောအခါများတွင်ကား ကျွန်တော်သည် စိတ်ဆိုးမိလေသည်။

မခံချင်စိတ်ကြောင့် သတ္တိများ ပေါ်လာသော်လည်း ထိုသတ္တိများမှာ ကောက်ရိုးမီးသာ ဖြစ်သည်။ ဟုန်းကနဲ တောက်လောင်ပြီး ခဏချင်းမှာပင် ပြန်လည်၍ ငြိမ်းသွားရသည်ချည်းပင်။

"နင့်ကို ငါအကူအညီတစ်ခု တောင်းချင်တယ် ..."

စန္ဒီမိုးဦးဖြူသည် ကျွန်တော်စာဖတ်နေစဉ် ကျွန်တော့်အခန်းထဲ ဝင်လာပြီး ကျွန်တော့် နားရွက်နားကို ကပ်၍ ပြောသည်။ သူမ၏ ထွက်သက်လေ နွေးနွေးများသည် ကျွန်တော့်နားရွက်နှင့် ပါးပြင်ကို ရိုက်ခတ်မိသည်။

"ငါ ဘာလုပ်ပေးရမလဲ စန္ဒီ ..."

ကျွန်တော် လေသံနှိမ့်၍ ပြောလိုက်သည်။

"ငါ ရန်ကုန်သွားချင်တယ်။ လိုက်ပို့ပေးမလား။"

"ရပါတယ်။ အဖေ့ကိုပြောပြီး သွားတာပေါ့။"

ကျွန်တော် ခပ်ပေါ့ပေါ့ဖြေသည်။

သူမမျက်လုံးလေးတွေ ပြူးသွားသည်။

"မဖြစ်ဘူးဟ။ မဖြစ်ဘူး။ ဖေဖေတို့က မှာသွားတယ်။ ငါ့ကို ဒီမြို့ကလွဲပြီး ဘယ်မှ မသွားစေနဲ့တဲ့။ သက်သက်ချုပ်ချယ်ထားတာလေ ..."

"နင်ဘယ်လို သွားမှာလဲ..."

"ငါ့သူငယ်ချင်းဆီ သွားချင်လို့ ..."


www.burmeseclassic.com

www.burmeseclassic.com



"ငါက လူကြီးတွေ မသိအောင် လိုက်ပို့ပေးရမှာပေါ့။"

"ဟုတ်တယ်။ ဟိုကျရင် ဖာလူဒါလည်းစားမယ်။ နင်တို့မြို့က ဖာလူဒါက ဆေးသကြားတွေများပြီး ချိုရဲနေတာပဲ။ ပြီးတော့ ငါတို့ ရုပ်ရှင်ကြည့်ကြမယ်။ ဒီမြို့မှာက မနှစ်က ကားအဟောင်းတွေပဲ ရုံတင်တယ်။ အကုန်လုံး ငါကြည့်ပြီးသားတွေဟ။"

ကျွန်တော်စဉ်းစားနေမိသည်။ ကျွန်တော်သည် လူကြီးတွေ မကြိုက်သည့် အလုပ်မျိုးကို လူကြီးတွေ မသိအောင် မကြာခဏ ကျူးလွန်ဖူးသူ ဖြစ်သည်။ ညွန့်တင်တို့နှင့် ပေါင်းပြီး ရန်ကုန်အထိ နိုးလစ်ကာ ရုပ်ရှင်လည်း သွားကြည့်ဖူးသည်။ ကျွန်တော်တို့မြို့နှင့် ရန်ကုန်ဆိုတာကလည်း အိမ်ဦးနှင့်ကြမ်းပြင်။

"သွားတာပေါ့။ ဘယ်တော့သွားမလဲ..."

"ဟေး...ဒါမှ ငါတို့ရဲ့ ဖြိုးကွ ..."

"မနက်ဖြန် သွားမလား ..."

ကျွန်တော် တက်ကြွလာသည်။

"အဲဒါတွေ ဖြိုးကို ကျေးဇူးတင်နေရတာ။ ဖြိုးက စန္ဒီကို အလိုလိုက်တယ်။ ဂရုစိုက်တယ်။ အဲဒါတွေကြောင့် ဖြိုးကို ချစ်ရတာသိလား။"

သူမသည် ကျွန်တော့်ပါးတစ်ဖက်ကို ဆွဲလိမ်လိုက်သည်။ ကျွန်တော့်ရင်ထဲမှာကား နွေးထွေးလျက် ...။

❖

(၈)

ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူသည် မနက်အစောကြီး ထပြီးနောက် ရေမိုးချိုး အဝတ်အစားလဲကာ မြို့လယ်မင်းလမ်းမဘက်သို့ လျှောက် လာကြသည်။ ထို့နောက် အစောဆုံး ရောက်လာသော ရန်ကုန်ကား

www.burmeseclassic.com



ပေါ်သို့ အမှတ်တမဲ့ တက်စီးသွားကြသည်။ ကျွန်တော့်မိဘများသည် ကျွန်တော်တို့ နှစ်ယောက်ကို အောင်တော်သိမ်ဘုရားထဲတွင် ရှိလိမ့်မည်ဟု ထင်ကြလိမ့်မည်။ ထမင်းစားချိန် ပြန်မလာသောအခါ ဆွေမျိုးတစ်ဦးဦး အိမ်မှာ ဝင်စားနေကြပြီဟု ယူဆလိမ့်မည်။ မိုးကြီးချုပ်ပြီး မှောင်သည့်တိုင် ပြန်မရောက်မှသာ စိတ်ပူကြပေလိမ့်မည် တည်း။

ချက်ဗလက်ခေါင်းတို ဘတ်(စ)ကားကြီးပေါ်တွင် မြို့က အသိတစ်ယောက်စ နှစ်ယောက်စနှင့် တွေ့လေသည်။

"ဟဲ့... ထက်လင်းဖြိုး...။ ဒါက ဘယ်လဲ..."

စပ်စုချင်သော မိန်းမကြီး တစ်ဦးက မေးသည်။

"ကုန်သွားဝယ်မလို့..."

ချက်ချင်းဖြေပြီးနောက် ကျွန်တော်ရယ်ချင်နေသည်။ စန္ဒီမိုးဦးဖြူကား ဟန်ဆောင်၍ မနေ။ သွားတွေ ပေါ်အောင်ရယ်သည်။ သူမ၏ ရှေ့သွားများ၏ ဝဲယာအစွန်တွင် သွားတက်ကလေးတွေ တစ်ချောင်းစီ ရှိသည်။ ကျွန်တော်က သူ့ကို ရယ်ရန်ကောဟူသော အမူအရာဖြင့် ကြည့်သောအခါ သူမသည် တသိမ့်သိမ့်နှင့် ပိုမို၍ ရယ်မောလေသည်။

"ရယ်စရာလည်း မဟုတ်ဘဲနဲ့..."

"နင့်ဟာက တကယ်ရယ်စရာ ကောင်းတဲ့ တောသား ..."

သူမက ကျွန်တော့်ကို ရင့်ရင့်သီးသီး ဆိုသည်။ ကျွန်တော်ကား ဇိတ်မဆိုးနိုင်။ သူမသည် ကျွန်တော်ကို မိဘများပါ ချစ်စနိုး သုံးနှုန်းလေ့ မရှိသော နာမ်စားဖြင့် ဖြိုးဟု ခေါ်သည်။ တစ်ခါတစ်ခါ နင်နှင့် ငါနှင့် ပြောသည်။ တစ်ခါတစ်ခါ ယူတွေ အိုင်တွေနှင့် ဗိုလ်ဆန်သည်။ သူမ မည်သို့ပြောပြော လက်ခံရတာက ကျွန်တော်။

www.burmeseclassic.com



တစ်နာရီခွဲခန့် အကြာမှာပင် ကျွန်တော်တို့ နှစ်ယောက်သည် သိမ်ကြီးဈေးနားက ကားဂိတ်ကို ရောက်သွားသည်။ အချိန်မှာ များစွာ စောနေသေးသည်။ သူမနှင့် ကျွန်တော် နံပါတ်ကိုးကား တက်စီးကြသည်။ ထိုစဉ်က နံပါတ်ကိုးကားများမှ ကိုလံဘိုစီမံကိန်းမှ လေးလင့်ကားကြီးများနှင့် ချက်ဗလက်ခေါင်းတို့ အချို့ ရောနှော ပြေးဆွဲနေချိန် ဖြစ်သည်။ ကျွန်တော်တို့ နှစ်ယောက်သည် တံတားဖြူ မှတ်တိုင်တွင်ဆင်းပြီး ကန်လမ်းအတိုင်း ဝင်ကြလေသည်။

"ဒါ ငါ့သူငယ်ချင်းအိမ်။ စုထွေး…တဲ့"

သူက ပျဉ်ထောင်အိမ်လေး တစ်လုံးကို အဝေးမှ လှမ်း၍ပြသည်။ ထို့နောက် ရှေ့မှသူမက ဦးဆောင်၍ သွားသည်။ ကျွန်တော်က နောက်လိုက်။ အိမ်ရှေ့မြေကွက်လပ်ကျယ်တွင် မန်ကျည်းပင် အချို့ရှိရာ မန်ကျည်းပင်တစ်ပင်၏ အောက်တွင်ရှိနေသော သစ်သားခုံတန်း၌ ကျွန်တော်တို့နှင့် ရွယ်တူကောင်မလေး တစ်ယောက် ထိုင်နေသည်။ ထိုကောင်မလေးသည် ကျွန်တော်တို့ကို မြင်သောအခါ ဝမ်းသာအားရနှင့် ထ၍ နှုတ်ဆက်လေသည်။

"ဟယ် …စန္ဒီ နင်လာသေးတယ်နော် …"

"ဟော့ …စုထွေး။ မှတ်ထားဦး။ ဒါ ထက်လင်းဖြိုးတဲ့။ ငါ သူတို့အိမ်မှာနေတာ။ ဖြိုး …ဒါစုထွေး။ နင်သေသေချာချာ မှတ်ထား နော် …"

သူမသည် စုထွေးရှေ့မှာပင် ကျွန်တော့်ကို အမိန့်ပေးနေသည်။

"စန္ဒီ …နင်ဘာစားမလဲ…"

"ငါ ဘာမှ မစားချင်ဘူး။ နင်တို့ အမေအမေတွေရော"

"အပြင် သွားကြတယ်။ ငါက အိမ်စောင့်။ ငါ့မောင်လေးကို ငါ လက်ဖက်ရည် ဝယ်ခိုင်းလိုက်မယ်ဟာ။ ဟဲ့ …ဝင်းသင်…။ "



www.burmeseclassic.com

www.burmeseclassic.com



စုထွေးသည် သူတို့ အိမ် ပတ်ဝန်းကျင်သို့ လှည့်ပတ်၍ အော်ခေါ်ရာ ဆော့ကစားနေသော ကောင်လေးတစ်ယောက် ပြေးလာသည်။ စုထွေးက လက်ဖက်ရည် ဝယ်ခိုင်းရာ ကောင်လေးသည် ချိုင့်ဆွဲပြီး ပြေးတော့သည်။

"အိမ်ပေါ်သွားမလား ..."

"ပူတယ်ဟာ။ ဒီမန်ကျည်းပင်ရိပ်ကလေးမှာပဲကောင်းတယ်။"

စန္ဒီမိုးဦးဖြူသည် လက်ကိုင်ပဝါဖြင့် ရင်ရှေ့တွင် ယပ်ခပ်ရင်း ပြောသည်။ စုထွေးသည် ကျွန်တော်ကို စူးစမ်းသလို ကြည့်သည်။ ကျွန်တော်က မသိချင်ယောင်ဆောင်နေသည်။

"နင်လာတာ နင်တို့အိမ်က သိသလား ..."

"ဘယ်သိပါ့မလဲ။ သိလို့လည်းဘယ်ဖြစ်မလဲ။ ခိုးလာရတာပေါ့။ ဖြိုးကို အဖော်ခေါ်လာရတာလေ။"

"နင်ကတော့ လုပ်ချင်ရာ လုပ်တာပဲနော်။ ဟိုမှာ နင်ပျော်ရဲ့လား ..."

စန္ဒီမိုးဦးဖြူသည် ငိုင်ငေးငေး ဖြစ်နေသည်။

"ပျော်တယ်လည်း မဟုတ်ပါဘူးဟာ ...။"

ကျွန်တော်သည် သူတို့သူငယ်ချင်း နှစ်ယောက်စကား ပြောနိုင်စေရန် တစ်နေရာသို့ ငေးနေလိုက်သည်။ သို့သော် သူတို့ ပြောသမျှ စကားများမှာမူ ကျွန်တော့်အာရုံထဲ ရောက်၍နေသည်။

"စုထွေး ...။ နင်ဆရာနဲ့ တွေ့သေးလား ..."

"နင်ဘာလုပ်ဖို့ မေးတာလဲ။ မမေးပါနဲ့ဟာ။"

"ငါဆရာကို အရမ်း သတိရတာပဲဟယ် "

www.burmeseclassic.com

www.burmeseclassic.com 

စန္ဒီမိုးဦးဖြူ၏ လေသံတွင် ဝိုင်းသံလိုလို ပါနေသောကြောင့် ကျွန်တော် အံ့သြသွားရသည်။ သို့သော် သူမကိုမူ ကျွန်တော် မကြည့်မိပေ။

"နင်သတိမရသင့်ဘူး။ သူကလည်းဆရာ မပီသဘူး။ သူ့ကို လမ်းတွေ့တာတောင် ငါတို့မခေါ်ဘူး ..."

"နင်အဲဒီလို မရက်စက်ပါနဲ့ စုထွေးရယ်။ ဆရာဟာ ငါ့အပေါ်မှာ ကောင်းပါတယ် ..."

"ဘာကောင်းတာလဲ...။ ငါ "

စုထွေးသည် ကျွန်တော်ရှိနေသောကြောင့် စကားကို ရပ်ပစ်လိုက်ဟန် တူသည်။

"သူ့ရှေ့မှာ ပြောလို့ဖြစ်မလား "

စုထွေး ကျွန်တော့်ကို ညွှန်ပြပြီး မေးပုံရသည်။

ကျွန်တော်က လှည့်မကြည့်။

"ရပါတယ်။ သူက သဘောကောင်းပါတယ်။ သူ ငါ့ကို အလိုလိုက်တယ်ဟဲ့။ သူက သိပ်ချစ်ဖို့ ကောင်းတာ "

"လုပ်ပြန်ပြီ စန္ဒီနော်။ ညည်းဟာလေ ဒီစကားကို သိပ်ဖောဖောသီသီ သုံးတာပဲ။"

"ဘယ်စကားလဲ..."

"ချစ်စကား ..."

"အဲဒါ ဘာဖြစ်လဲ ..."

"အဲဒါကြောင့် ဟိုတစ်ယောက်လည်း ရူးရပြီ။ ဒါပေမဲ့ သူက ငါတို့ထက် အစဉ်းစားအဆင်ခြင်ဉာဏ် ပိုတာပဲ။ ရူးပေ့စေ။..."

"ငါသူ့ကို လွမ်းနေမိတယ်။"


www.burmeseclassic.com

 www.burmeseclassic.com

"အဲဒါ အရှုးစကား။ နင် အဲဒီလို ကဲလို့လည်း နင့်အိမ်က တောကို ပို့ပစ်တာ ..."

စန္ဒီမိုးဦးဖြူသည် အသံထွက်အောင် တခစ်ခစ်နှင့် ရယ်ပြန်လေသည်။ ယခု တစ်ခါမှ သူမကို ကျွန်တော် ကြည့်မိလေသည်။ သူမ၏ ဝင်းပပမျက်နှာလေးပေါ်တွင် လွမ်းရိပ်၊ ဆွေးရိပ်ကို မတွေ့ရပြန်ပေ။

"ခိုးလာရလို့လား မသိဘူး။ ပျော်လိုက်တာဟာ..."

"နင် ခင်စန်းဝင်းတို့၊ ဝင်းဆန်းတို့ဆီ သွားဦးမလား။"

"စေးတယ်ဟ။ ငါလာတယ်လို့သာ ပြောလိုက်။ ငါ့ဆရာ့ကို တွေ့ရရင် ကောင်းမလားလို့..."

"မသွားနဲ့။ သူတို့အိမ်မှာ ယောက်ျားလေးတွေ တပြုံကြီးနဲ့ ဆူညံနေတာ။ သောက်လိုက်စားလိုက်နဲ့ အရပ်ကတောင် မကြည့်ဖြူဘူး။ သူ့ကျူရှင်မှာလည်း ကျောင်းသူဆိုလို့ တစ်ယောက်မှ မရှိတော့ဘူး။ နင်မသွားနဲ့။ ဒီမှာ... ဒီမှာ..."

စုထွေးက ကျွန်တော့်ကို ခေါ်သည်။

"ဆရာ့ဆီသွားမယ်ဆိုရင် နင်လိုက်မပို့နဲ့။ သူ့ကိုအဲဒီတစ်ခု အလိုမလိုက်နဲ့။ သိလား..."

ဘာမှ နားမလည်သော ကျွန်တော်သည် ရယ်၍ နေလိုက်ရသည်။ စုထွေးနှင့် အတန်ကြာ စကားပြောပြီးနောက် ကျွန်တော်တို့ နှစ်ယောက်သည် စုထွေးတို့ အိမ်မှ ထွက်လာကြသည်။ စုထွေးက လိုက်ပို့သည်။ စန္ဒီမိုးဦးဖြူက အင်းစိန်လမ်းမဘက် ဦးတည်သည်။

"စန္ဒီ ...ပြည်လမ်းမဘက် ထွက်ပြီး နံပါတ် (၉) စီးရင် နီးရက်သားနဲ့ ဘာဖြစ်လို့ အင်းစိန်လမ်းမဘက် ထွက်ရပြန်တာလဲ..."



www.burmeseclassic.com

"သူက တောသားဟဲ့။ ရန်ကုန်မြို့အကြောင်း ဘာမှ သိတာ မဟုတ်ဘူး။ သူ့ကို ငါနံပါတ်(၈) ဟီးနိုးကြီးတွေ စီးစေချင်တာ..."

စုထွေးက နင့်အကြောင်း ငါသိပါတယ် ဟူသော အမူအရာဖြင့် သက်ပြင်းချသည်။

"နင်မဟုတ်သေးဘူးစန္ဒီ။ ငါတော့ နင့်အိမ်ကို တိုင်ရမယ်။"

"နင်အဲ့ဒီလို မလုပ်နဲ့ စုထွေး။ အဲ့ဒါဆို နင်နဲ့ငါ သေခန်းပြတ်မယ်နော်"

"နင့်ကိုငါ စိတ်မချဘူး။ ငါအင်းစိန်လမ်းမအထိ လိုက်ပို့မယ်"

သူတို့နှစ်ယောက်က ရှေ့မှ လျှောက်သည်။ ကျွန်တော်က နောက်မှ လိုက်သည်။ အိမ်ရှေ့တွင် လေးထောင့်ကွက် သံဇကာတွေ တပ်ထားသော ပျဉ်ထောင်အိမ်လေး တစ်လုံးရှေ့သို့ ရောက်သောအခါ စန္ဒီမိုးဦးဖြူ လှည့်ကြည့် လှည့်ကြည့်နှင့် လုပ်သည်။ စုထွေးက အတင်းဆွဲခေါ်သည်။ ကျွန်တော်တို့ အိမ်လေးကို လှမ်းကြည့်သောအခါ လူအချို့ ဆုံစည်းစွာ စကားပြောပြီး ပွဲကျနေကြသည်။

"နင်ကသာ အဖြစ်သည်းနေ။ ဟိုမှာ တဲဝါးဝါး တဟားဟားနဲ့ လွမ်းနေတာ တွေ့တယ်မဟုတ်လား။ မရှုးစမ်းပါနဲ့ စန္ဒီရယ်။"

"အေးပါ...ငါလည်းသိချင်လို့ပါ..."

စုထွေးသည် ကျွန်တော်တို့ နှစ်ယောက်ကို အင်းစိန်လမ်းမကြီးပေါ်အထိ လိုက်ပို့သည်။ ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူ လူချောင်သော ဟီးနိုးကားကြီးတစ်စီးပေါ် ပါသွားသောအခါ စုထွေးသည်ကားမှတ်တိုင်တွင် ကျန်ရစ်ခဲ့လေသည်။

ကျွန်တော်နှင့်သူသည် ထိုင်ခုံတစ်ခုံတွင် နှစ်ယောက်အတူ ထိုင်၍ လိုက်ပါလာကြသည်။

"ဆရာဆိုတာ ဘယ်သူလဲစန္ဒီ ..."



www.burmeseclassic.com

 www.burmeseclassic.com

မနေနိုင် မထိုင်နိုင် ဖြစ်လာသော ကျွန်တော်သည် သူမကို မဝံ့မရဲနှင့် မေးမိသည်။ သူမ ငြိုငြင်သွားမှာလည်း စိုးသည်။

"ငါတို့ကို သင်္ချာသင်တဲ့ ကျူရှင်ဆရာ။ သူကငါ့ကို အိမ်အထိ လာ သင်တာ။ သဘောကောင်းတယ်။ ဒါပေမဲ့ သူ့ကို ငါမေ့ပစ်လိုက်ပြီ။"

သူမက စကားကို ပိတ်ပြောသောကြောင့် ကျွန်တော်လည်း ဆက်မမေးဖြစ်တော့ပေ။ သူမနှင့် ကျွန်တော်သည် လေဟာပြင်ဈေးတွင် နေ့လယ်စာ စားကြသည်။ သူမက ဗိုလ်ချုပ်ဈေးကို ခဏဝင်သည်။ ထိုစဉ်က ရုပ်ရှင်များမှာ တနင်္ဂနွေနေ့ မဟုတ်လျှင် နေ့လယ် ၁၂ နာရီခွဲပွဲသည် ပထမဆုံး ပွဲဖြစ်သည်။ ကျွန်တော်တို့ နှစ်ယောက်သည် ကာ(လ်)တန်ရုံတွင် ဂျပန်ကား တစ်ကားကို ဝင်ကြည့်ကြသည်။ အင်္ဂလိပ်စာတန်းထိုးတာကို သူရောကျွန်တော်ပါ တတ်စွမ်းသရွေ့ ဘာသာပြန်ကြည့်ကြသည်။

ရုပ်ရှင်အပြီး ဘတ်(စ)ကားစီးလာရာ ညနေ ၄ နာရီခန့်တွင် မြို့သို့ ပြန်ရောက်ကြလေသည်။

❖

(ဆ)

စန္ဒီမိုးဦးဖြူသည် လူကြီးတွေလစ်တိုင်း ရန်ကုန်သို့ သွားလည်ရန် ကျွန်တော့်ကို ခေါ်သည်။ ကျွန်တော်တို့ နှစ်ယောက်သည် စုထွေးတို့ အိမ်ရောက်သည့်အခါ ရောက်သည်။ သူမ၏ သူငယ်ချင်းများ ဖြစ်ကြသော ခင်စန်းဝင်းတို့၊ ဝင်းဆန်းတို့ အိမ်လည်း ရောက်သည်။ သူမသည် ဆရာ့အကြောင်း သိပ်မပြောတော့။ ဆရာတို့ အိမ်ရှေ့ကိုလည်း မဖြတ်တော့။ ဆရာ အိမ်ပြောင်းသွားပြီဟု စုထွေးက ပြောသောအခါ သူမသည် စိတ်ဝင်စားမှု မရှိတော့။

www.burmeseclassic.com



သူမနှင့် ကျွန်တော် ရုပ်ရှင်အတူကြည့်ကြသည်။ ရန်ကုန်သို့ သွားမလည်ဖြစ်သည့် နေ့များတွင် ကျွန်တော်သည် သူမကို လယ်တော ထဲ ခေါ်သွားသည်။ ချောင်းထဲမှာ လှေလှော်စီးသည်။ ကိုမြဟန်၏ ဘဲတဲသို့သွားကာ ဘဲဥ သွားတောင်းကြသည်။ ရံဖန်ရံခါတွင်ကား သူမသည် ဘုတ်ဆုံမတို့၊ ယဉ်ယဉ်လှတို့ မိန်းကလေးတစ်သိုက်နှင့် သွားလာလည်ပတ်တတ်သည်။ များသောအားဖြင့်မူ ကျွန်တော်နှင့် အတူသာများသည်။

ရန်ကုန်တွင် ကျွန်တော်တို့နှစ်ယောက် လျှောက်သွားနေတာကို တွေ့ပြီး တိုင်သည့်သူက တိုင်ကြသောအခါ အဖေနှင့် အမေသည် ကျွန်တော့်ကို စန္ဒီမိုးဦးဖြူ မရှိတုန်း ဘုတ်ဆုံမတို့ အိမ်ကို ခေါ်သွား လေသည်။ အဖေသည် ဒေါသထွက်စွာဖြင့် ကျွန်တော်အား နွားရိုက် သည့် ကြိမ်လုံးဖြင့် လိမ့်၍ ရိုက်တော့သည်။ အရိုက်မခံရသည်မှာ ကြာပြီဖြစ်သော ကျွန်တော်သည် ကြိတ်မှိတ်၍ ခံရသည်။ အမေသည် အဖေ့ကို မဆွဲသည့်အပြင် အဖေရိုက်၍ မောသောအခါ တစ်လှည့် ဝင်၍ ရိုက်ပြန်လေသည်။

ကြာသောအခါ ဘုတ်ဆုံမသည် မနေသာတော့ပေ။ မျက်ရည် လေးစမ်းစမ်း စမ်းစမ်းဖြင့် ကျွန်တော့်အဖေလက်မှ ကြိမ်လုံးကို ဝင်၍ လုလေသည်။

"တော်ပါတော့ ဦးလေးရယ်။ ရိုက်ရမယ့် အရွယ်လည်း မဟုတ်တော့ပါဘူး ။ ဟိုကနိုင်းတော့လည်း သူကလုပ်ရတာပေါ့။"

"အလကား အသိဉာဏ်မရှိတဲ့ကောင်။ သူ့မိဘတွေက ရန်ကုန် မှာ ပြဿနာပေါ်လို့ ဒီကို ပို့ထားတာ။ သူသွားချင်တယ် ဆိုဘိုင်း မင်းက လိုက်ပို့ရလား။ သူ့မိဘတွေသိရင် ငါတို့ကို မထိန်းရကောင်း လားဆိုပြီး အပြစ်တင်နေဦးမယ်။ အသုံးမကျတဲ့ကောင် ..."

www.burmeseclassic.com



ကျွန်တော်ကား တစ်ခွန်းမျှ ပြန်မပြောနိုင်ပေ။

"မင်းကို ဒီမှာထားလို့ မဖြစ်ဘူး။ ကျောင်းမဖွင့်မချင်း စောသိန်းတို့ ဘဲတဲစုမှာ ပို့ထားရမယ်။"

အဖေ၏ အမိန့်ပင် ဖြစ်သည်။ အဖေနှင့် အမေသည် ရိုက်၍ အားရသောအခါ ကျွန်တော့်ကို ဘုတ်ဆုံမတို့ အိမ်မှာ ထားပစ်ခဲ့ပြီး ထွက်သွားကြသည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ အရိုးတွေ ထပ်နေသည်။ အဖေနှင့်အမေသည် ကျွန်တော့်ကို လက်ပိုက်၍ မတ်တပ်ရပ်စေပြီးမှ ခြေသလုံးမှ ကျောပြင်အထိ နွားရိုက်နှင်တံဖြင့် ရိုက်နှက်သွားကြခြင်းဖြစ်သည်။ ကျွန်တော်သည် ထိုင်ပင်မထိုင်နိုင်ပေ။ အင်္ကျီချွတ်ဖြင့် သင်ဖြူးဖျာ တစ်ချပ်ပေါ်တွင် မှောက်နေရသည်။

ဘုတ်ဆုံမက ကျွန်တော့် ကျောပြင်ကို ပရပ်ဆီလူး၍ ပေးသည်။ အရိုးများမှာ ထပ်နေမှာ သေချာသည်။

"နင်ကလည်းဟယ်။ သူပြောတိုင်း လိုက်ပို့ရလား..."

ဘုတ်ဆုံမကို ကျွန်တော် ဘာမှ ပြန်မပြော...။

"သူရန်ကုန်မှာ ပြဿနာတက်လို့ သူ့မိဘတွေက ဒီကို ခဏပို့ထားတာ။ ရန်ကုန်ကို ခိုးသွားတယ်ဆိုတာများ သူ့မိဘတွေသိရင် မီးမီးလောင်မှာတဲ့။ ဦးလေးနဲ့ ဒေါ်လေးလည်း မျက်နှာပူရတော့မှာပေါ့။"

"အဲဒါတွေ ငါမှ မသိတာ..."

ကျွန်တော် ခပ်ဆတ်ဆတ် ပြောမိသည်။

"ရန်ကုန်မှာ သူ့ကို စာပြပေးတဲ့ ကျူရှင်ဆရာနဲ့ ဖြစ်လို့ ဒီကို ခဏပို့ထားရတာ နင်တကယ် မသိဘူးလား။"

"မသိဘူး..."



www.burmeseclassic.com

www.burmeseclassic.com


"နင်တို့နှစ်ယောက်သွားတာ အဲဒီကျူရှင်ဆရာဆီ သွားကြတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး။ ငါတို့ တစ်ခါမှ မသွားဖူးဘူး။ သူ့သူငယ်ချင်းတွေ အိမ်သွားတယ်။ ရုပ်ရှင်ကြည့်တယ်။ လျှောက်လည်တယ်။ ဒါပါပဲ။"

"သူ့သူငယ်ချင်းတွေက တစ်ဆင့် အဲဒီဆရာဆီ စာပေးစာယူ လုပ်တာရော နင်မတွေ့ဘူးလား ..."

"မတွေ့ဘူး...။"

"နင်က လူအပဲ။ သူအဲဒီလိုလုပ်ရင် နင်သိမှာလား..."

"မလုပ်တာတော့ တကယ်ပဲ။ ငါကျိန်ပြောရဲတယ်။ သူအဲဒီဆရာနဲ့ ဘာအဆက်အသွယ်မှ မလုပ်တာ လက်တွေ့ပဲ..."

ကျွန်တော်သည် စန္ဒီမိုးဦးဖြူဘက်မှ အကြောက်အကန် ကာကွယ် ပြောဆိုမိသည်။ ဘုတ်ဆုံမက အရိုက်ခံရတာ နည်းသေးတယ်ဟု ဆိုကာ လှောင်ရယ် ရယ်လေသည်။

"နင် သူ့ကို ကြိုက်လား..."

"နင်ဘာတွေ လျှောက်ပြောနေတာလဲ..."

ကျွန်တော် စိတ်ဆိုးစွာ မေးမိသည်။

"နင် ကြိုက်မှာပါ။ သူက ချောတာကို။ သူ့မှာ ပါးချိုင့် တစ်ဖက်လည်းပါတယ်။"

"သွားတက်ကလေးတွေလည်း ပါတယ်တဲ့..."

ကျွန်တော် စိတ်ပေါက်ပေါက်နှင့် ပြောလိုက်သည်။

ဘုတ်ဆုံမက လှောင်ရယ် ရယ်ပြန်သည်။

"ဟာဟာဟာ။ နင်မှားသွားပြီ။ မှားသွားတယ်ဆိုတာက ငါ့သို့ တစ်ဖက်တည်း ရှိရတယ်ဟ။ နှစ်ဘက်ရှိရင် သွားတက်လို့ မခေါ်


www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ အရွယ်လို့ ခေါ်တယ်။ ဘိလူးမပေါ့ဟာ...”

“နင် သူများသားသမီးကို အဲဒီလို မပြောနဲ့...”

“ကြည့်...ကြည့်။ မကြိုက်ဘူးလည်းပြောသေးတယ်။ သူ့ဟာမ ထိတော့ နာတတ်လိုက်တာ။ ဩော်...ထက်လင်းဖြိုး၊ ထက်လင်းဖြိုး။ နင်လည်းအရူးပဲ။ ဒါနဲ့ နေစမ်းပါဦး။ ငါမသိလို့ မေးစမ်းပါရစေ။ သူကရော... နင့်ကို ပြန်ကြိုက်လား...”

ကျွန်တော် သက်ပြင်းချလိုက်သည်။

“ငါတို့နှစ်ယောက် ဘာမှ မဖြစ်ပါဘူးဟာ။ ရိုးရိုးတန်းတန်း ခင်တာပါပဲ”

“ငါလည်း အဲဒီလိုပဲ ထင်တာပါပဲ။ နင်ဟာ သူ့အနားမှာ အနားပြာ လုပ်ပြီး ကျေနပ်နေရတဲ့ ပုံပါ။”

ဘုတ်ဆုံမက ကျွန်တော့်ခြေသလုံးမှ သွေးခြေဉနေသော အရှိုးများကို ပရုတ်ဆီဖြင့် လိမ်းပေးပြန်သည်။

“နင့်တင်ပါးတွေမှာ အရှိုးတွေ ပိုများမှာပဲ။ နင့် အဖေနဲ့ အမေကလည်း ရိုက်လို့ အကောင်းဆုံး နေရာကို ဖိရိုက်သွားကြတယ်။ ပရုတ်ဆီလူးမှ ဖြစ်မယ် ...”

ဘုတ်ဆုံမက ကျွန်တော့်ပုဆိုးကို ဆွဲလှန်ရန် ပြင်သောအခါ ကျွန်တော်သည် ရှက်ပြီး ပျာပျာသလဲ ငြင်းရသည်။

“ဟာ မလုပ်နဲ့။ မလုပ်နဲ့။ ငါ့ဟာငါ လူးမယ် ...”

“စန္ဒီမိုးဦးဖြူကြောင့် ငါ့ရှေ့မှာ အရိုက်ခံရတာကို နင်မရှက်ဘူး မဟုတ်လား၊ အခုမှ ဘာရှက်နေတာလဲ။ ဆရာဝန်ဆီမှာ ဆေးထိုး တယ်လို့ သဘောထား။”

ဘုတ်ဆုံမသည် ကျွန်တော့်ပုဆိုးကို အောက်သို့ ဆွဲချပြီး ပရုတ်ဆီတွေ လိမ်းတော့သည်။ ကျွန်တော် ထပြေးရန် ကြိုးစားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com


နောက်ကျသွားသည်။ ဘုတ်ဆုံမသည် တဟားဟားရယ်နေလေသည်။

မကြာခင်ပင် ကျွန်တော်သည် အဝတ်အစားအချို့ပါသော လွယ်အိတ်ကြီး တစ်လုံးကို လွယ်ကာ အဖေ့သားချင်း ဖြစ်သော ကိုစောသိန်းနှင့် လိုက်သွားရသည်။ ကိုစောသိန်းသည် ကျွန်တော့်ကို လှေပေါ်တွင် တင်၍ ချောင်းရိုးအတိုင်း လှော်ခတ်သွားလေသည်။ ချောင်းသည် ပဲခူးမြစ်နှင့် ဆုံကာနီးသောအခါ ကျယ်ပြန့်၍ သွားသည်။ ကိုစောသိန်းနှင့် ဘဲတဲစုသည် ကျွန်တော်တို့မြို့နှင့် အတန်ငယ် ကွာလှမ်းသည်။ အင်းတွေအိုင်တွေ ပေါသောကြောင့် ခြေလျင်ခရီး နင်ရန် ခက်ခဲသည်။ ကျွန်တော်သည် ဘဲတွေ ထောင်နှင့်သောင်းနှင့် ချီ၍ မွေးထားသော ဘဲတဲစုတွင် နေရလေသည်။

ကိုစောသိန်းနှင့်အတူဘဲကျောင်းခြင်း၊ ဘဲဥကောက်ခြင်း၊ ငါး မျှားခြင်း၊ လယ်ပုစွန်လုံးနှိုက်ခြင်းစသော အလုပ်များကို ကျွန်တော် သည် ညည်းငွေ့စွာ ဆောင်ရွက်ရသည်။ အဖေ၊ အမေက သေချာစွာ အပ်နှံလိုက်သောကြောင့် ကိုစောသိန်းသည် ကျွန်တော့်ကို မျက်နှာသာ မပေးပေ။ အလုပ်တွေ တစ်မျိုးပြီး တစ်မျိုး ခိုင်းလေသည်။ ကျွန်တော့် အသားအရေမှာ နေလောင်ထားသောကြောင့် မဲပြောင်၍ လာသည်။ ဘဲတဲစုတွင် အိမ်လေးငါးခြောက်လုံး ရှိသည်။ ထိုအိမ်ထောင်စုများ မှ ကလေးအချို့နှင့် ကျွန်တော်သည် အပျင်းပြေကစားရလေသည်။

ရက်အနည်းငယ် ကြာသောအခါ အမေသည် လှေတစ်စင်း ဖြင့် ကျွန်တော်ကို လာခေါ်လေသည်။ ကျွန်တော်မြို့ ပြန်ရောက်သော အခါ စန္ဒီမိုးဦးဖြူ မရှိတော့ပေ။ သူမ၏ မိဘများက လာပြန်ခေါ် သွားပြီ ဖြစ်သည်။ ကျွန်တော့်ရင်ထဲမှာ ဟာသွားလေသည်။ ဘုတ်ဆုံမ ကို မေးကြည့်တော့ နင့်ကို နှုတ်ဆက်သွားတယ်ဟူသော အဖြေကိုသာ ရသည်။ သူတခြား ဘာမှာသွား သေးလဲဟု မေးကြည့်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



နင်ကသာ လွမ်းနေ၊ ဟိုက ရန်ကုန်ပြန်ရမယ်ဆိုလို့ ပျော်နေတာ။ နင့်ကို မကောင်းတတ်လို့ နှုတ်ဆက်သွားတာဟု ဘုတ်ဆုံမက ပြောလေသည်။ ကျွန်တော်သည် ငယ်စဉ်ကပင် အဆဲပုတ်၍ ကြမ်းကြမ်းတမ်းတမ်း နိုင်လှသော ဘုတ်ဆုံမကို ရန်မတွေ့ရဲတော့ပေ။

ကျွန်တော်သည် ဗိုလ်ရွေးအဖွဲ့တွင် ဖြေဆိုနိုင်ရန်အတွက် လိုအပ်သည်များ လေကျင့်ခြင်း၊ စာဖတ်ခြင်းဖြင့် အချိန်တို့ကို ပျင်းရိစွာ ကုန်ဆုံးရလေသည်။

❖

(၈)

"မင်းအဖြစ်က အိပ်မက်လိုပါပဲလားကွာ..."

ညွန့်တင်က ကျွန်တော့်ထံမှ ဆေးပေါ့လိပ်တိုကို ယူ၍ ဖွာရှိုက်ရင်း ပြောလေသည်။

"ဟုတ်တယ်သူငယ်ချင်း၊ ငါ့အဖြစ်က အိပ်မက်လိုပဲ။ ဒါပေမဲ့ အိပ်မက်ဆိုးလို့ ပြောရမလား။ အိပ်မက်ကောင်းလို့ ပြောရမလား မသိဘူးကွာ။"

"လန့်နိုးသွားရတာတော့ မကောင်းဘူး။ ခဏခဏ ပြန်မက်ရင်တော့ ကောင်းတဲ့ အိပ်မက်ပဲပေါ့။ ဒါနဲ့ မင်းသူ့ကို ချစ်တယ်လို့ တစ်ခါမှ မပြောဖူးဘူးလား"

"ဘယ်ပြောရဲပါ့မလည်းကွာ။ သူနဲ့ ငါက မိုးနဲ့ မြေကြီးပဲ ..."

စိန်လှိုင်က ညွန့်တင်ထံမှ ဆေးလိပ်ကို ယူဖွာပြန်သည်။

"အေး ...မင်းမပြောရဲလို့ မပြောဘူးထား။ သူကရော မပြောဘူးလား သူ့ကို ကြည့်ရတာ သတ္တိရှိတဲ့ပုံပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူငါ့ကို ချစ်တယ်လို့ ပြောဖူးတယ်။ ခဏခဏ ပြောဖူးတယ်။ ချဉ်စရာကောင်းတယ်လို့လည်း ပြောတယ်။ ချစ်ဖို့ကောင်းလိုက်တာလို့လည်း ပြောတယ်။"

စိန်လှိုင်ရော ညွှန့်တင်ပါ ခေါင်းခါလိုက်ကြသည်။

စိန်လှိုင်က...

"ချစ်စကားဆိုတာ အဲဒီလောက် ဖောဖောသီသီ ပြောလွန်းတော့လည်း ပေါသွားရောကွ။ စန္ဒီမိုးဦးဖြူဟာ ရုပ်ကလေးချောသလောက် မျက်နှာများမယ် ထင်တယ်ကွ..."

စိန်လှိုင်စကားကို ကျွန်တော် ပျာပျာသလဲငြင်းရသည်။

"အဲဒါတော့ မဟုတ်ဘူး စိန်လှိုင်။ သူ့မှာ ဘယ်ရည်းစားမှ မရှိတာတော့ ငါကိုယ်တွေ့ပဲ။"

"အရင်က ရှိချင် ရှိမှာပေါ့။"

ညွှန့်တင်က ပြောသည်။

"အဲဒါတော့ ငါမသိဘူး။"

ကျွန်တော် မသဲမကွဲ ဖြေသည်။ စန္ဒီမိုးဦးဖြူနှင့် သူမ၏ ကျူရှင်ဆရာ ဇာတ်လမ်းကို ကျွန်တော် အသိအမှတ် မပြုချင်ပေ။ ကျွန်တော်သည် မည်သူ့ကိုမျှ ထိုဇာတ်လမ်းကို ပြောမပြခဲ့။ ဘုတ်ဆုံမသည်လည်း ကျွန်တော်ကိုသာ အငေါ်တူး၍ ပြောတတ်သော်လည်း အခြားသူကို မပြော။

"ရှုပ်တယ်ကွာ။ မင်း သူတို့အိမ် သိလား။ ဒါမှမဟုတ်ရင် သူ့သူငယ်ချင်းတွေ အိမ်သိတာပဲ။ လိုက်တာသွား..."

ညွှန့်တင်က စိတ်မရှည်သလို ပြောသောအခါ စိန်လှိုင်က ဟုတ်တယ်ဟု ထောက်ခံသည်။ ကျွန်တော်ကား ငိုင်သွားရလေသည်။ စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို သူမထံ အလည်လာရန် ဖိတ်ကြား

www.burmeseclassic.com



ခြင်း မပြုခဲ့။ စာရေးရန်လည်း လိပ်စာမပေးခဲ့။ မဖိတ်ကြားပါဘဲ နှင့်ဧည့်သည် သွားလုပ်ရမည့် ကျွန်တော့်လောက် ရှက်စရာကောင်း တာ မရှိ။

သို့နှင့် စန္ဒီမိုးဦးဖြူနှင့် ကျွန်တော်သည် ဝေးသွားရလေသည်။ ကျွန်တော်လည်း လွမ်းဆွတ်ကြေကွဲခြင်းဖြင့်သာ အချိန်ကုန်ရလေ၏။ နုနယ်လွန်းလှသော ကျွန်တော့်နှလုံးသားသည် ဓားဖြင့် ဟက်လိုက် သလို ဒဏ်ရာရသွားရလေ၏။ ဤကား စန္ဒီမိုးဦးဖြူနှင့် ပတ်သက် သော သမိုင်းအစပင်တည်း။

❖



www.burmeseclassic.com

www.burmeseclassic.com



အမေ့အိမ်-စာပေ
အမှတ်(၁)လက်ပံ

## အခန်း (၃)

# အချစ်ကို အတိအလင်း ကြေညာခြင်း

## (က)

ဆယ်တန်းအောင်သောအခါ ကျွန်တော်သည် အမှတ် မကောင်းသောကြောင့် ဆေးတက္ကသိုလ်လည်းမမီ။ စက်မှုတက္ကသိုလ်လည်း မမီပေ။ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တွင် သင်္ချာအဓိကဖြင့် တက်ခွင့်သာ ရလေသည်။ ကျွန်တော်ကို ညာညာတာတာ ဝေဖန်လိုသူများက မြင်းကောင်း ခွာလိပ်ဟု ပြောကြသည်။ ညွန့်တင်တို့ စိန်လှိုင်တို့က အလကား လွှမ်းဖျားလွှမ်းနှာ ကျနေလို့ အမှတ်နည်းတာ၊ ငါတို့လို သက်သက် ကမြင်းနေလို့ စာမေးပွဲကျတယ်ဆိုလည်း မပြောပါဘူးဟု ကောင်းချီး ထောပနာပြုကြလေသည်။ ညွန့်တင်ရော စိန်လှိုင်ပါ စာမေးပွဲ ကျကြသည်။ အေးကြူက ဂျီတီအိုင် တက်သည်။ ဇွန်းရီလည်း ဘီနင့်သာ အောင်လေသည်။

www.burmeseclassic.com



ဘုတ်ဆုံမသည် ကျွန်တော့်ကို အပြစ်မတင်တော့ပေ။ သူမ ကိုယ်တိုင် စာမေးပွဲ ဖြေကာနီးမှ အပြင်းဖျားသောကြောင့် စာမေးပွဲ ကျရလေသည်။ ဘုတ်ဆုံမမှာ များစွာ ပိန်ချုံးသွားပြီး ပိန်သေးမ ဖြစ်သွားရလေသည်။ ရန်ကုန်မြို့ လှည်းတန်း ခုနစ်လမ်းရှိ ကျွန်တော့် ဦးလေးအိမ်မှတစ်ဆင့် ကျွန်တော်တက္ကသိုလ်တက်ရန် မြို့မှ ထွက်ခွာ သောအခါ ဘုတ်ဆုံမသည် နောက်နှစ်ကျရင် ငါအမိ လိုက်လာမည်ဟု ပြောရင်း ကျန်ရစ်ခဲ့လေသည်။ လိုအပ်ရင် တက္ကသိုလ် တက်ရန် လျှောက်ထားပါဆိုလို့သာ ကျောင်းတက်ရတာ။ ပထမနှစ် မကုန်ခင် မှာတင် ငါက ဒီအက်(စ်)အေ ရောက်သွားမှာဟု ကျွန်တော် ကြွား ပစ်ခဲ့လေသည်။

ပထမနှစ် တက္ကသိုလ် ကျောင်းသားဘဝမှာ ပျော်စရာလည်း ကောင်းသည်။ ရယ်စရာလည်း ကောင်းလေသည်။ ကျွန်တော်တို့ သည် မောင်မယ်သစ်လွင် ကြိုဆိုပွဲအပြီး၊ နောက်ကိုယ်တက်ရမည့် အတန်းကိုပင် မရှာတတ်ခဲ့ပေ။ ကျောင်းသားအချင်းချင်း ဆရာ အယောင်ဆောင်၍ သင်ကြားသည်ကို အဟုတ်မှတ်၍ လိုက်နာမိခြင်း။ ကျောင်းသူများ နားနေခန်း(ခေါ်) အယ်(လ်)စီအာ(ရ်)ထဲသို့ ညာလွှတ် တာကို ခံရခြင်း စသည်တို့ကိုလည်း ကြုံရသည်။

ကျွန်တော်တို့ ပထမနှစ်များမှာ မန္တလေးဆောင်တွင် တက်ကြ ရခြင်း ဖြစ်ရာ ကျွန်တော်သည် လှည်းတန်း ခုနစ်လမ်းမှ လမ်းလျှောက် လာ၊ လမ်းလျှောက်ပြန်ရုံသာ ခဲ့သည်။ ကျွန်တော်တို့ မြို့မှ တင့်ဆွေသည် ခုနစ်မိုင်မှ ကျောင်းတက်လေသည်။ ဗေယျာသီရိ လမ်းမှ မြင့်စိုးသည်လည်း ကျွာခင် ကျွန်တော်နှင့် ရင်းနှီးသွား လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူမှာ အတန်းတူချင်းဖြစ်ရာ သူမသာ ဆယ်တန်းအောင်ပါက တက္ကသိုလ်ကို ရောက်လာရမှာ သေချာလှသည်။ ကျွန်တော်တို့ သင်္ချာအဓိကတွင် စန္ဒီမိုးဦးဖြူဆိုတာ တစ်ယောက်မျှ မရှိ။ တင့်ဆွေက စန္ဒီမိုးဦးဖြူကိုတွေ့လျှင် ပြောကြပါ။ အသည်းအသန်ဖြစ်နေသူတစ်ဦး ရှိသည်ဟု စာကပ်ပေးသည်။ ကျွန်တော်သည် သူငယ်ချင်းများ မသိအောင် တံတားဖြူကန်လမ်းမှ စုဝေးတို့ အိမ်သွားသည်။ ထိုအခါမှပင် စန္ဒီမိုးဦးဖြူသည် စီးပွားရေးတက္ကသိုလ် ပထမနှစ်တွင် တက်ရောက်နေကြောင်း သိရတော့၏။

စုဝေးထံမှတစ်ဆင့် ကျွန်တော် မန္တလေးဆောင်မှ အတန်းများကို တက်နေရမှန်း သိပါလျက် စန္ဒီမိုးဦးဖြူက အဆက်အသွယ်မလုပ်။ ကျွန်တော့်ကို ဖိတ်ခေါ်ခြင်းလည်း မရှိသောအခါ သူမကို သွားရောက် တွေ့ဆုံဖို့မှာ ခက်ရလေတော့၏။ သူစိမ်းဆန်လွန်းသော စန္ဒီမိုးဦးဖြူ၏ အပြုအမူအတွက်လည်း မချင့်မရဲ ဖြစ်ရလေသည်။ သူက မိန်းကလေးပဲ၊ မင်းဆီကို လာတွေ့ရမှာလား။ မင်းသွားတွေ့ပေါ့ဟု မြင့်စိုးက ပြောသည်။ သူလက်မခံရင် … ဟု ကျွန်တော်က ပြောသောအခါ အရှက်ကွဲပေါ့ကွာဟု တင့်ဆွေကပင် ပြောသည်။

ခရီးသွားဟန်လွှဲ သဘောမျိုးသွားရင်း မတော်တဆတွေ့ပုံမျိုးဆို မဆိုးဘူး၊ သူလှိုက်လှိုက်လှဲလှဲ မရှိတော့လည်း ပြန်ခေါက်တာပေါ့ဟု မြင့်စိုးက ဆိုသည်။ သူ့စကားကို ကျွန်တော် သဘောတူလေသည်။ ကျွန်တော်တို့သည် စီးပွားရေးတက္ကသိုလ်သို့ ခပ်တည်တည် သွားလည်ကြသည်။ မင်းဟာမက အတွဲနှင့် ဘာနှင့် ဖြစ်နေရင် မောရမှာနော်ဟု တင့်ဆွေက ပြောသဖြင့် ကျွန်တော်တို့ သုံးယောက်သည် ဘွဲ့နှင်းသဘင်ခန်းမကြီး နောက်ကို သွားသည်။ အင်းလျား လမ်းကို ဖြတ်ကာ အင်းလျားကန်စပ်တစ်လျှောက်ရှိ သစ်ပင်ကြီးများ၊

www.burmeseclassic.com



ချုပ်ပုတ်များတွင် အကွဲချောင်းကြလေသည်။ စန္ဒီမိုးဦးဖြူကို မတွေ့ပေ။

ပင်မတက္ကသိုလ် ဝိဇ္ဇာခန်းမနောက်ဘက်ရှိ စားသောက်ဆိုင်များကို ကျွန်တော်တို့ သွားကြသည်။ အမေကြည်၏ သံဘူးရေကို သောက်သည်။ မြင့်စိုးသည် တက္ကသိုလ်ရောက်တာ ကြာပြီကွယ့်၊ အတွဲလေးတစ်ယောက်တော့ လိုချင်တယ်။ မာမိရယ် ရှာပေးကွယ်၊ ရည်းစား လိုချင်တယ်ဟူသော တက္ကသိုလ်ထွန်းနောင်၏ သီချင်းကို ခပ်တိုးတိုး ရွတ်ဆိုသည်။

တစ်ယောက်တည်းလည်း အူလည်လည်၊ အဓိပတိလမ်းမ အလယ်၊ အများအတွဲတွေမြင်ရင်ကွယ်၊ သားသားလေး စိတ်ဝယ်၊ ညစဉ်ညကိုင်းပဲ၊ အတွဲအကြောင်းတွေးရင်း သားသား အိပ်မပျော်တယ်... ဟူသော အပိုဒ်ကို တင့်ဆွေကပါ လိုက်ဆိုလေသည်။

အမေကြည်၏ ဆိုင်ကို နှစ်ခေါက် သုံးခေါက်မျှ ရောက်ပြီး မကြာမီတွင်ပင် စန္ဒီမိုးဦးဖြူကို ကျွန်တော် ရှာဖွေတွေ့ရှိလေတော့သတည်း...။

သူမသည် အင်္ကျီလက်စက ပန်းနုရောင်နှင့် ထဘီခရမ်းရောင်ကို လိုက်ဖက်စွာ ဝတ်စားထားသည်။ ဖြောင့်စင်း၍ နက်မှောင်နေသော ပခုံးကျော်ရုံ ဆံပင်များကို ဖြန့်ချထားသည်။ မိတ်ကပ်လိမ်းပြီး နှုတ်ခမ်းနီဆိုးထားရာ သူမ၏ မျက်နှာလေးသည် ပိုမိုထင်ရှား၍ လာသည်။ စီးပွားရေး တက္ကသိုလ်ကျောင်းသားများသည် စန္ဒီမိုးဦးဖြူကို ပထမနှစ် အလှဘုရင်မအဖြစ် တိုးတိုးတိတ်တိတ် သတ်မှတ်ထားပြီးကြလေပြီ။

ထိုနေ့က ကျွန်တော်၊ မြင့်စိုးနှင့် တင့်ဆွေသည် တက္ကသိုလ်လေ့ကျင့်ရေးတပ်(ခေါ်) ယူတီစီတွင် သင်တန်းတက်ရမည့်နေ့ ဖြစ်သဖြင့် စစ်ဝတ်စုံများကို ဝတ်ပြီး လွယ်အိတ်တွေ လွယ်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com 

ကျွန်တော်သည် စန္ဒီမိုးဦးဖြူကို မမြင်မိပေ။ ငါတို့အသိအမှတ် ပြုရလောက်အောင်ချောတဲ့ ကျောင်းသူတစ်ယောက်... မင်းကို လှမ်းလှမ်းပြီး ကြည့်နေတာ အံ့သြစရာပဲဟု မြင့်စိုးက ပြောသောကြောင့် ကျွန်တော် လှမ်းကြည့်လိုက်မိမှ သူမကို အုန်းနို့ခေါက်ဆွဲဆိုင်တွင် လှမ်းမြင်ရခြင်း ဖြစ်သည်။

သူမနှင့် ကျွန်တော်၏ အကြားတွင် ဈေးဆိုင်များ၊ ကျောင်းသားကျောင်းသူများ ရှုပ်ယှက်ခတ်မျှ ခြားနားနေလေသည်။ ကျွန်တော်သည် သူငယ်ချင်းများကို ထားခဲ့ပြီး ထိုင်ရာမှထ၍ ထွက်လိုက်သကဲ့သို့ သူမသည်လည်း သူငယ်ချင်းများကို ထားပြီး ထွက်ခဲ့လေသည်။ ဟေ့ကောင် သံဘူးဖိုး ဘယ်သူရှင်းမှာလဲကွ ဟူသော တင့်ဆွေ၏ စကားကို ကျွန်တော်မသိချင်ယောင်ဆောင်လေသည်။

စန္ဒီမိုးဦးဖြူသည် အဝေးကြီးကတည်းက သွားတက်နှစ်ဖက်စလုံးပေါ်အောင် ပြုံး၍ လာသည်။ သူမ၏ ပါးချိုင့်တစ်ဖက်တည်းကို ကျွန်တော်မြင်နေရသည်။ စားသောက်ဆိုင်များ အကြားတွင် အသံဗလံတွေ ဆူညံနေသော်လည်း ကျွန်တော့်နားထဲတွင်ကား လုံးဝတိတ်ဆိတ်နေလေသည်။ သူမသည် လူတွေကို ရှောင်ကွင်းကာ ညင်သာစွာ ရွေ့လျားလာလေသည်။ ကျွန်တော်သည်လည်း ဣန္ဒြေမရ ဖြစ်နေမိသည်။

သူမနှင့် ကျွန်တော် နီးကပ်စွာပင် ဆုံတွေ့မိကြသည်။

"စန္ဒီ"

ကျွန်တော့်ရင်ထဲ၌ အဆက်မပြတ် ပွဲဘင်ထပ်နေသော စကားလုံးများမှာ စန္ဒီဟူ၍ ဖြစ်သည်။

"ဖြူ ..."

"တို့ရှာနေတာကြာပြီ စန္ဒီ။ စုထွေး မပြောဘူးလား။"


www.burmeseclassic.com

www.burmeseclassic.com

"ပြောတယ်။ တို့ သိပ်နေမကောင်းလို့ ကျောင်းမတက်ဖြစ်ဘူး။ ဖြိုးက ယူနီဖောင်းနဲ့ ကြည့်လို့ကောင်းတယ်။ တူပါတယ်လို့ ကြည့်နေတာ ကြာပြီ။ ဖိုင်ဘာ ဦးထုပ်ချွတ်လိုက်မှ သူမှန်း သေချာသွားတယ်..."

"စန္ဒီက တို့ကိုကောင်း အသံမပေးဘဲ ပြန်သွားတယ်။"

"ဖခမည်းတော်နဲ့ မယ်တော်ဘုရားက ဗြုန်းစားကြီး လာခေါ်တာကိုး ။စန္ဒီလည်း ဖြိုးကို နှုတ်ဆက်ပြီးမှ ပြန်ချင်တာပေါ့။"

"လိပ်စာလည်းပေးမသွားတော့ တို့စာမထည့်ရဘူး။"

"တို့စာထည့်သေးတယ်။ ဖြိုးဆီက စာပြန်မလာတော့ တို့လည်း မရေးဖြစ်တော့ဘူး"

စန္ဒီမိုးဦးဖြိုးထံမှ စာတွေ ရောက်လာလျှင်လည်း ကျွန်တော့်မိဘများက ကျွန်တော့်ကို ပေးမည် မဟုတ်ပေ။

"တို့က...ဖြိုး တို့ကို မေ့သွားပြီထင်တာ..."

ကျွန်တော်ပြောမည့်စကားကို သူမက ဦးအောင်ပြောလိုက်ခြင်းပင်။

"စန္ဒီကမှ သူစိမ်းဆန်တာပါနော်..."

"ပြောရက်လိုက်တာ သူများကို..."

စန္ဒီမိုးဦးဖြိုးက မျက်စလေးချီ၍ ပြောလိုက်သည်။ သူမ၏ မျက်တောင်လေး တစ်ချက်ပင့်လိုက်သောအခါ ကျွန်တော်သည် မနေတတ်အောင်ပင် ဖြစ်သွားရသည်။

"ဖြိုးကလပ်(စ) တက်စရာရှိလား။"

"မရှိဘူး။ အားနေတယ်။"

အမှန်စင်စစ် ဦးစန်းလွင်၏ ယုတ္တိဗေဒအချိန် ရှိနေသေးသည်။

www.burmeseclassic.com 

"ဒါဆို အေးအေးဆေးဆေး စကားပြောကြရအောင်။ အချိန်ရတယ် မဟုတ်လား..."

"ရပါတယ်။"

အဘယ်ကြောင့် အချိန်မရဘဲရှိပါမည်နည်း။

"တို့ သူငယ်ချင်းတွေကို ပြောလိုက်ဦးမယ်။ ဖြိုးလည်း ဖြိုး သူငယ်ချင်းတွေ ပြောလိုက်..."

ကျွန်တော် ပြန်လှည့်လာလေသည်။

"ဟိုက်စွမ်မှာ ခေါက်ဆွဲသွားကျွေးဖို့တောင် ဟန်နေပြီ။"

တင့်ဆွေက ပြောသည်။

"ကျွေးမယ်။ အခု လောလောဆယ်တော့ ငါစန္ဒီနဲ့ လိုက်သွားဦးမယ်။"

"ဘာ..."

သူငယ်ချင်းနှစ်ယောက်ပြိုင်တူပြောသည်။

"စန္ဒီနဲ့ လိုက်သွားမလို့..."

သူတို့ အနှောက်အယှက် မပေးရေးအတွက် ကျွန်တော် သူတို့ကို မျက်နှာချိုသွေးရသည်။

"ရမလားကွ။ ငါတို့ပါ လိုက်မှာပေါ့။"

"ဟာ ...ဘယ်ဖြစ်မလဲ တင့်ဆွေရာ။ မင်းက လိမ္မာပါတယ်။"

"မလိမ္မာဘူး ငါ့လူ။ ငါသာသနာဖျက် ဖြစ်ချင်နေတာကြာပြီ။ မဟုတ်ဘူးလား မြင့်စိုး။ ဘယ်နယ့်ကွာ။ လာတုန်းက မီးရထား တွဲကြီးလို သုံးယောက်အတူလာပြီး အခုမှ ငါတို့ကို ဖြုတ်ခဲ့မယ်လို့..."

"ငါတို့ ကျေနပ်လောက်တဲ့အထိ ပြုစုမယ်ဆိုရင်တော့ မင်းကို လွတ်လပ်ရေး ပေးတန်ပေးရတာပေါ့ကွာ။ ယူတီစီ သင်တန်း အပြီးဖြေ လှည်းတန်းမှာ လက်ဖက်ရည် သောက်ရရင် ကျေနပ်မလား တင့်ဆွေ။"

"ခိုင်မာတဲ့ ကတိရဖို့တော့ လိုတယ် မြင့်၊ နို့မဟုတ်ရင်တော့ သူတို့နောက်ကလိုက်ပြီး အပြတ်ပေါင်းရမယ်။"

" စိတ်ချပါ သူငယ်ချင်းတို့ရာ။ ငါ လက်ဖက်ရည်လည်း တိုက်ပါမယ်။ မုန့်လည်းကျွေးပါမယ်။ ဒီတစ်ခါတော့..."

"နောက်အခါတွေ အတွက်ရော ..."

တင့်ဆွေက မေးသည်။

"လာမယ်လေ..."

"သွားစေသတည်း..."

ကျွန်တော်သည် သူငယ်ချင်းနှစ်ယောက်ကို အမေကြည်၏ သံဘူးဆိုင်တွင် ထားခဲ့ပြီး ထွက်လာခဲ့လေသည်။ စန္ဒီမိုးဦးဖြူသည် သူမ၏ သူငယ်ချင်းများနှင့် ခွဲထွက်ပြီး ကျွန်တော့်ကို စောင့်နေလေသည်။

"ကြာလိုက်တာ..."

"သူငယ်ချင်းတွေ ဝိုင်းဆွဲထားလို့..."

သူနှင့်ကျွန်တော် တက္ကသိုလ် အပန်းဖြေ ရိပ်သာဘက်ကို မရည်ရွယ်ဘဲလျှောက်လာမိကြသည်။ ကျောင်းသားကျောင်းသူအချို့ ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူကို ဂရုတစိုက် ကြည့်ရှုကြသောအခါ ကျွန်တော်သည် အခြောက်တိုက်ပင် ဘဝင်မြင့် သွားလေသည်။

"ဖြိုးက တို့ကို ရုတ်တရက်ထားခဲ့ပြီး ပျောက်သွားတာကိုး။ ပျင်းလိုက်တာဟယ်။ ရန်ကုန်လည်း သွားမလည်ရနဲ့၊ တို့တော့ အောင်တော်သိမ်ဘုရားထဲ သွားသွားထိုင်ပြီး အချိန်ကုန်ရတယ်။"

"အဖေနဲ့အမေက တို့ကို ဖြုန်းစားကြီး ဘဲတဲ့စုကို ပို့တာ။"

စန္ဒီမိုးဦးဖြူသည် သူမကြောင့် ကျွန်တော် အရိုက်ခံရကြောင်း သိရှိပုံမရပေ။ ကျွန်တော့်မိဘများကသော်လည်းကောင်း၊ ဘုတ်ဆိုမ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း သူမကို ပြောပြပုံ မရ။ ကျွန်တော်ကလည်း ပြောပြဖို့ စိတ်မကူးတော့။

"ဘုတ်ဆုံမ ဘယ်မေရှာရလဲ ..."

"သူစာမေးပွဲ နီးမှ ဖျားလို့ ကျသွားရှာတယ်။"

"ဖြစ်မှ ဖြစ်ရလေ။"

ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူသည် တက္ကသိုလ်အပန်းဖြေရိပ်သာ၏ နောက်မှ ကျားကွက်များ ရေးဆွဲထားသည့် ကျောက်စားပွဲလေးများတွင် မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြလေသည်။

"ဘုတ်ဆုံမက သူ့ကို တော်တော်ဂရုစိုက်ကယ်နော်။ သံယောဇဉ်ကြီးပုံလည်း ရတယ်။"

"အနမှ ကြီးလာလို့ နည်းနည်းသိမ်မွေ့သွားတာ။ ငယ်ငယ်ကဆို အားကြီးဆိုးတယ်ဟ။ စိတ်မထင်ရင် ဇပန်းဖက်သတ်ပြီး ကိုက်ပစ်တာ။ သူ့ဆို တို့တစ်မြို့လုံး လန့်တယ်။

"ဖြူးလဲလန့်တာပေါ့။"

"သူ့ကို ကြည့်ဆက်ဆံရတယ် စန္ဒီ၊ ယောကျ်ားလိုလို၊ မိန်းမလိုလိုနဲ့။ စိတ်မထင်ရင် ထဆဲတာ။"

"သူယောကျ်ားလျာတော့ မဟုတ်ပါဘူး။"

"အဲဒါတော့ မဟုတ်ဘူး..."

ကျွန်တော်တို့ နှစ်ယောက် ရက်ပေါင်းများစွာ ခွဲခွာခဲ့ကြပြီးမှ ပြန်လည်ဆုံတွေ့ကြရသည့်အခါတွင် ဘုတ်ဆုံမအကြောင်းကို စပြောဖြစ်ခဲ့ကြခြင်းပင်။ ထို့နောက်မှ သူမသည် ကျွန်တော် ကျောင်းတက်ရသည်မှာ အဆင်ပြေခြင်း ရှိမရှိ မေးမြန်းလေသည်။ ကျွန်တော်သည် ဦးလေးအိမ်မှ တက်ရကြောင်း၊ ကျောင်းနှင့် နီးကြောင်းများကို ပြောပြလေသည်။ စန္ဒီမိုးဦးဖြူက သူမ၏ အိမ်မှာ တက္ကသိုလ်

www.burmeseclassic.com



ရိပ်သာလမ်းမပေါ်တွင် ရှိပြီး ကုက္ကိုင်းဘက်သို့ နီးကြောင်း ပြောပြရာ ကျွန်တော်သည် မရောက်ဘူးသော်လည်း သူမတို့အိမ် ထိုနေရာတွင် ရှိကြောင်း မိဘများထံမှ ကြားဖူးထားလေသည်။ သို့သော် ဘယ်နေရာတွင် ရှိမှန်းကား အတိအကျ မသိရပေ။

"တို့ရဲ့ မိဘတွေဟာ အရမ်းချုပ်ချယ်တယ်။ တို့ကို သူတို့က သံလှောင်ချိုင့်ထဲမှာ ထည့်ထားချင်တာ။ ကျောင်းကို ဖေဖေကိုယ်တိုင် ကားနဲ့လိုက်ပို့တယ်။ သူကိုယ်တိုင် ကားနဲ့လာကြိုတယ်။ ကျောင်းက ဆရာ၊ ဆရာမတွေကိုလည်း အပ်ထားတယ်။ အစ်ကို ဝမ်းကွဲတွေကလည်း ခဏခဏ လာကြည့်ကြတယ်။ အလစ်မပေးဘူး။ ကျောင်းမှန်မှန်တက်၊ မတက် လာစစ်ဆေးနေကြတာပေါ့လေ။ တို့လည်း အရွဲ့တိုက်ပစ်လိုက်တယ်။ တမင်သက်သက်ကို ကျောင်းပြေးတယ်။ အတန်းလစ်တယ်။ စာမေးပွဲ မကျရင် ပြီးရောပေါ့ဟာ..."

သူမက သူမ၏ အဖြစ်ကို ရှင်းပြသည်။ သူမ၏ အစ်ကိုဝမ်းကွဲ တစ်ယောက်မှာ သမိုင်းအဓိက ကျောင်းသားဟု ဆိုသည်။ ဆရာထဲတွင်လည်း ဦးလေးရှိသည်။ ဘူမိဗေဒကျောင်းသား အစ်ကိုဝမ်းကွဲမှာ ဆိုးသည်ဟုလည်း သိရသည်။ သူမ၏ အခြေအနေမှာ ယက္ခဂုမ္ဘာန်တွေ ပိုင်းရံခံသည့် အာသာဝတီ နွယ်နီနတ်ပန်းနှယ် ပြောရမလားမသိ။

"အခု တို့နဲ့ ထွက်လာတာကို တွေ့သွားလို့ တစ်ယောက်ယောက်က ပြန်တိုင်ရင် ..."

"တွေ့တွေ့၊ တိုင်တိုင်၊ တိုင်တစ်လုံး တစ်မတ်ပဲ။ တို့ကတော့ ဂရုမစိုက်ပေါင်၊ တို့လုပ်ချင်ရာလုပ်မှာပဲ ..."

သူမက သူမကိုယ်သူမ စိုးပိုင်ကြောင်း သက်သေထူနေသည်။

"ဖြိုး စစ်တက္ကသိုလ် လျှောက်ထားလား"



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်လွှာ မခေါ်သေးဘူး"

"ဖြိုး ဗိုလ်လောင်းဖြစ်သွားရင် သိပ်ကောင်းမှာပဲ။ ကျောင်းဆင်းပွဲ သတင်းကားမှာ ဗိုလ်လောင်းတွေ ဝတ်စုံဖြူနဲ့ သိပ်ကြည့်လို့ လှတာ။"

"တို့ကတော့ ဒီအက်(စ်)အေ ပါသွားမှာတောင် စိုးနေပြီ။"

ကျွန်တော် မဝံ့မရဲ ပြောမိသည်။ သူက ဘာဖြစ်လို့လဲဟု မေးလျှင် စန္ဒီနဲ့ ဝေးမှာစိုးလို့ဟု ပြောရန်လည်း စိတ်ကူးထားသည်။ ရင်တွေလည်း ခုန်နေသည်။ သို့သော် စန္ဒီမိုးဦးဖြူက ...

"ဘာလဲ ... တို့နဲ့ဝေးသွားမှာ ကြောက်လို့လား။ ဒီအက်(စ်)အေကို တို့လာလည်မှာပေါ့။ ဗိုလ်လောင်းဆိုရင် သိပ်ချစ်စရာကောင်းတာ။"

သူမသည် အချစ်စကားကို ဖောဖောသီသီ သုံးပြန်လေသည်။ ကျွန်တော်သည် မနှစ်မြို့သော်လည်း မတားမြစ်ရဲပေ။

"ဟောတော့ ... သူမြင်သွားပြီ။"

သူမက ဇက်လေးပုပြီး ပြောသည်။

"ဘယ်သူလဲ..."

"ကိုမြင့်ထူးလေ။ ဂျီအော်လော်ဂျီက..."

"ပြဿနာဖြစ်မှာလား..."

"ဖြစ်ဖြစ်ပေါ့။ ဂရုမစိုက်ပေါင်။ သူက အစ်ကိုဆိုပြီး အနိုင်လာကျင့်ချင်တယ်။ တို့ကတော့ မခံဘူး။ ပြန်တီးတာပဲ..."

ကျွန်တော်သည် သူမနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး သူ့အား အကြာကြီး ကြည့်နေရသော်လည်း ကြည့်၍ မဝပေ။ သူနှင့် တစ်



www.burmeseclassic.com

www.burmeseclassic.com



နဂရိမက စကားတွေ ပြောခဲ့ရသော်လည်း ပြောစရာစကားတွေက မကုန်ပေ။ ကျွန်တော်သည် စန္ဒီမိုးဦးဖြူနှင့် နောက်တစ်နေ့တွေ့ရန် ချိန်းဆိုပြီး ခွဲခဲ့ရလေသည်။

❖

(ခ)

ကျွန်တော်၊ မြင့်စိုးနှင့် တင့်ဆွေတို့သည် လှည်းတန်းရှိ ရသာရုံ လက်ဖက်ရည်ဆိုင်တွင် ထိုင်ဖြစ်ကြလေသည်။

"မင်းရဲ့ စကားအရဆိုရင်တော့ စန္ဒီမိုးဦးဖြူဟာ မင်းကို တော်တော်လေး အရေးပေးပုံပဲ။ ငါနဲ့ မြင့်စိုး လိုက်ချောင်းတော့လဲ ဒီအတိုင်းပဲ အတည်ပြုတယ်"

တင့်ဆွေက စကားစသည်။

မြင့်စိုးက...

"ဒါပေမယ့် မင်းနဲ့ သူနဲ့ ထိုင်ကြတဲ့ အနေအထား။ အဲဒီ အနေအထားကို ငါသဘောမကျဘူး။ မင်းဆိုတဲ့ မင်းကတော့ တုံးလို့ ပြောရမှာပဲ။ စစ်တုရင်ထိုးတဲ့ ခုံမှာဝင်ထိုင်ကတည်းက မျက်နှာချင်းဆိုင်ပဲ ဖြစ်တော့မှာပေါ့။ ဂျပ်စင်မှော်စင်ကြီးအောက်မှာ ဝင်ထိုင်ရင် ဘေးချင်းကပ်ပြီး ထိုင်ရမယ်။ အသားချင်းထိနေမယ်။"

"အသားချင်းထိတော့ ဘာဖြစ်မှာလဲ မြင့်စိုးရာ..."

"ဟာ...ငပြုံးရ။ မင်းရဲ့ သွေးကြောထဲမှာ လှည့်ပတ်ပြီး စီးဆင်းနေတဲ့ အချစ်လှိုင်းတွေက သူ့ကိုယ်ခန္ဓာထဲကို ကူးသွားမှာ ပေါ့ကွ။"

"ငါက တဝကြီး ငေးနေချင်တယ်။ သူ့ကို အလှဆိုင်ကြည့် နေရတာကိုက ငါ့ရင်ထဲမှာ ကြည်နူးနေမိတယ်။ သူပြောတဲ့စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ငါနဲ့ဆိုင်ချင်မှဆိုင်မယ်။ ဒါပေမဲ့ နားထောင်ရတာ မရိုးနိုင်ဘူး။ သူဘာယ်လောက် စကားပြော ကောင်းတယ်ဆိုတာ မင်းတို့ သူနဲ့ စကားပြောဖူးရင် သိလိမ့်မယ်။ တကယ်တော့ သူဟာ ငါ့ဘဝပဲ…"

ကျွန်တော် ကြေညာချက် ထုတ်လိုက်ခြင်း ဖြစ်သည်။

"ချစ်မိပြီ။ ချစ်မိပြီ။ သူ့ကိုချစ်မိပြီ။ မျက်နှာသွယ်သွယ်၊ ညိုမလေးရယ်၊ စကားလေးတစ်ခွန်းဆိုမယ်။ ညိုမလေးမှာ ရည်းစား ရှိသလား။ ကိုကို့ကို ပြောကွယ်"

တင့်ဆွေက တက္ကသိုလ်ကွန်းနောင်၏ သီချင်းတစ်ပုဒ်ကို ညည်းပြန်သည်။ မြင့်စိုးက ရေနွေးကြမ်းတစ်အိုး ထပ်မှာသောအခါ တင့်ဆွေက မင်းပဲသောက်ဟု ပြောသည်။ ကျွန်တော်တို့သုံးယောက် သည် လက်ဖက်ရည် သုံးခွက်မှာ၍ သောက်သော်လည်း ရေနွေးကြမ်း မှာမှု တစ်အိုးမကလေပြီ။ ဒုတိယအိုးပင် ကုန်သွားသောကြောင့် တတိယအိုးကို လှမ်းမှာထားရသည့်အဖြစ်။

"သူ့မှာ ရည်းစားရှိသလား…"

တင့်ဆွေက ကောက်ကာငင်ကာ မေးသည်။

"မရှိဘူး သူငယ်ချင်း…"

ဤအချက်ကိုမူ ကျွန်တော်သည် ခိုင်ခိုင်မာမာ ပြောနိုင်လေ သည်။ စန္ဒီမိုးဦးဖြူသည် ယောက်ျားလေးများနှင့် ဖော်ရွေစွာ ဆက်ဆံ တတ်သော်လည်း သူမတွင် ချစ်သူမရှိပေ။ ဟိုတုန်းက ကျူရှင်ဆရာ တစ်ဦးနှင့် ဘာလိုလို ဖြစ်ခဲ့ဖူးသည်ဆိုသော်လည်း ထိုဆရာက အခွင့်ကောင်းယူခြင်းနှင့် မိဘများ၏ အစိုးရိမ်လွန်ခြင်းသာ ဖြစ်မည်ဟု ကျွန်တော် တစ်ဖက်သတ် ယူဆထားလိုက်သည်။ အာစရိယာ နွယ်ဝင် ဆရာသမားတစ်ဦးအား ရိုးရိုးသားသား လေးစားခြင်းနှင့် အားကိုးမှု နွယ်သည့် သံယောဇဉ် ရှိခြင်းကို အချစ်ဟု ကျွန်တော် မပြောချင်။



www.burmeseclassic.com

 www.burmeseclassic.com

စန္ဒိမိုးဦးဖြူသည် ထိုဆရာအကြောင်းလည်း စကားစပ်၍ပင် မပြောတော့ပေ။

"မင်းသူ့ကို ချစ်လား..."

တင့်ဆွေက ပြတ်ပြတ်သားသား မေးသည်။

"ချစ်တယ်..."

ကျွန်တော် ပြတ်ပြတ်သားသား ဖြေသည်။

"နည်းနည်းလေးမှ မလျှော့တော့ဘူးလား ငါ့ကောင်ရယ်..."

မြင့်စိုးက ညောင်နာနာလေသံကို တမင်သက်သက်လုပ်ပြီး ပြောသည်။

"မရတော့ဘူး။ ငါ့နှလုံးသားက လက်လွန်သွားပြီ။ သူ့ကို ငါစမြင်ရတဲ့ ညတုန်းက လရောင်က မှိန်မှိန်လေးရယ်။ သူ့မျက်နှာကို ဝိုးတဝါးပဲမြင်လိုက်ရတယ်။ အဲဒီညမှာ သူ့ကို ငါစပြီး ချစ်တယ်။ နောက်နေ့မှာ သူ့ကို ငါသဲသဲကွဲကွဲ မြင်လိုက်ရတော့ ငါသူ့ကို ချစ်ပြီးနေပြီ"

"အဲဒီလောက် အထိပဲလား..."

မြင့်စိုးက မေးပြန်သည်။

"အဲဒီလောက်ထက်တောင် ပိုပါတယ် မြင့်စိုး..."

"ဒါဆို ဖွင့်ပြောတော့လေ။ သူမင်းကို အခွင့်အရေး ပေးနေတာပဲ။"

တင့်ဆွေက ဒူးယားတစ်လိပ် မီးညှိရင်းပြောသည်။

"သူစိတ်ဆိုးသွားမှာလည်း ငါကြောက်တယ်။"

"ဒါဆို မင်းတစ်သက်လုံး ဒီလိုပဲနေမှာလား။"

မြင့်စိုးက ဝင်မေးပြန်သည်။

ကျွန်တော် ခေါင်းခါလိုက်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သလား၊ မုန်းသလား ပြောပါလား၊ မှုသားမသုံးနဲ့လေ။ လူ့သားလကမ္ဘာရောက်တာလည်း တစ်ခေါက်မကတော့ဘူး။"

တင့်ဆွေက ဒုံးပျံခေတ်ဖြစ်ကြောင်းကို ခေတ်ပေါ်သီချင်းဖြင့် သတိပေးလေသည်။ ကျွန်တော်ကား စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ ပြောရသည်ကို အားမရနိုင်ပေ။ သူငယ်ချင်းများက ကျွန်တော့်စကားတွေကို မည်းမည်းမည်းမည်ညှနှင့် နားထောင်ကြဖို့အရေးအတွက် ကျွန်တော်သည် သူတို့အား လက်ဖက်ရည်တိုက်ပြီး ဖားရလေသည်။

ကျွန်တော်တို့ သုံးယောက်၏ ဆွေးနွေးပွဲမှာ ကျွန်တော် စန္ဒီမိုးဦးဖြူကို အမြန်ဆုံး ချစ်ရေးဆိုရန် ဆုံးဖြတ်ချက်ဖြင့် အဆုံးသတ်သွားရသည်။

တင့်ဆွေသည် ကမာရွတ် ရဲစခန်းရှေ့သို့သွား၍ နံပါတ်(၉) ကားကို စောင့်စီးကာ အိမ်ကို ပြန်မည်ဖြစ်သည်။ မြင့်စိုးသည် အင်းစိန်လမ်းမကြီးအတိုင်း လျှောက်သွားပြီးနောက် သူတို့လမ်းထဲ ချိုးမည်ဖြစ်သည်။ ကျွန်တော် လှည်းတန်းလမ်းမကြီးအတိုင်း လျှောက်လာသောအခါ မာကြူရီလမ်းမီးများပင် လင်းလက်၍ နေပြီ ဖြစ်သည်။

ကားဟွန်းသံကြောင့် ကျွန်တော်သည် လမ်းဖယ်ပေးလိုက်သည်။ မာစီဒီးကားဖြူကြီးသည် ကျွန်တော့်နံဘေးတွင် ထိုး၍ ရပ်လာသည်။

"ကိုယ်တော်ချော။ ညမိုးချုပ်နေပြီ။ အခုထက်ထိ အိမ်ပြန်မရောက်သေးဘူး"

ကားပေါ်ပါလာသော စန္ဒီမိုးဦးဖြူက ဆီး၍ ရန်တွေ့လိုက်သည်။

"ယူတီစီ သင်တန်းတွေက နောက်ကျမှ တန်းဖြုတ်တာ..."

ကျွန်တော် ဆင်ခြေတက်လိုက်သည်။

"သင်တန်းပြီးတော့လည်း အိမ်မပြန်ဘဲ သူငယ်ချင်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး အာနေတယ် မဟုတ်လား ..."

"ခဏပါ စန္ဒီရယ်..."

ကျွန်တော် ရယ်ကြဲကြဲဖြေသည်။

"တို့အခု ဖြိုးတို့အိမ်ကို လာတာ သိလား..."

ကျွန်တော်သည် ကားရှေ့ခန်းတွင် ထိုင်နေသော ဒရိုင်ဘာ အဖိုးကြီးကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။ စန္ဒီမိုးဦးဖြူသည် လူကြီးများ အလစ်တွင် ဒရိုင်ဘာ အဖိုးကြီးအား မုန့်ဖိုးပေးကာ လာဘ်ထိုးပြီး ထွက်လာဟန်တူသည်။

"တက်...ကားပေါ်ကို..."

စန္ဒီမိုးဦးဖြူက ကားနောက်ခန်း တံခါးကို ဖွင့်ကာ တစ်ချက် လွှတ်အမိန့်ကို ထုတ်လိုက်သည်။ ကျွန်တော်လည်း ကျိုးနွံစွာ နာခံ ရသည်။ သူမ၏ နံဘေးတွင် ဝင်ထိုင်၍ တံခါးပိတ်လိုက်သည်နှင့် ကားသည် ဘီးလိမ့်၍ ထွက်သည်။

"ဖြိုးတို့အိမ်က ခနစ်လမ်းမှာဟုတ်လား တို့လမ်းမသိဘူး။ ပြောပေးဦး"

ကျွန်တော်က လမ်းကို ပြောပေးရသည်။ မာစီဒီးကားကြီးသည် လှည်းတန်း လမ်းမပေါ်မှ ဖဲ့၍ ဆင်းရသည်။ ကျွန်တော်တို့ လမ်းမှာ ကတ္တရာလမ်း မဟုတ်ရကား ငြိမ့်ညောင်းလှသည့် ဇိမ်ခံကားကြီးနှင့် လားလားမျှ မလိုက်ဖက်ပေ။ ထိုစဉ်က ခေတ်စားလှပါပြီဆိုသော မာဇဒါဖယ်မလီယာများနှင့်ပင် မသင့်တော်လှပေ။

"တို့ ဘာလုပ်ပေးရမလဲစန္ဒီ..."

"ဘာမှလုပ်ပေးစရာမလိုဘူး။ သူ့ကို သတိရတာနဲ့ သက်သက် အိမ်က ထွက်လာတာ။ သူတို့အိမ်လည်း မရောက်ဖူးဘူးလေ။"

ကျွန်တော်နှုတ်ဆိတ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒိမိုးဦးဖြူသည် ရေမိုးချိုး အဝတ်အစားလဲပြီး အလှပြင်လာလေရာ ကားထဲတွင် သူမထံမှ ရနံ့တွေက သင်းပျံ့၍နေသည်။

ကျွန်တော်တို့ အိမ်ရှေ့ရောက်သောအခါ ကျွန်တော်သည် စန္ဒိမိုးဦးဖြူအား ဖိတ်မန္တကပြုရသည်။ ဦးလေး၏အိမ်မှာ ပျဉ်ထောင်အိမ် ခပ်ကျဉ်းကျဉ်းလေးပင် ဖြစ်သည်။ လခစားဖြစ်သော ဦးလေးတို့ လင်မယားမှာ ကလေးနှစ်ယောက်နှင့် ချောင်လည်ခြင်း မရှိပေ။ ကျွန်တော့်ညီ ညီမဝမ်းကွဲလေးများ ဖြစ်ကြသော ဘုစုနှင့် ခရုသည် စန္ဒိမိုးဦးဖြူကို အထူးအဆန်းလုပ်ပြီး ကြည့်ကြသည်။ ဦးလေး၏ မိန်းမဖြစ်သူ ဒေါ်လေးမိုးက ဘုစုနှင့်ခရု သွားကစားကြချည်ဟု ပြောယူရသည်။ စန္ဒိမိုးဦးဖြူက ဘုစုနှင့်ခရု မောင်နှမကို ဆယ်တန် တစ်ရွက်စီ မုန့်ဖိုးပေးလိုက်လေသည်။

ကျွန်တော်သည် စန္ဒိမိုးဦးဖြူအား ဦးလေးတို့ လင်မယားနှင့် မိတ်ဆက်ပေးကာ အိမ်ခန်းထဲဝင်ပြီး တက္ကသိုလ်လေ့ကျင့်ရေးတပ် ယူနီဖောင်းတွေ ချွတ်ရသည်။ ရေကို ကမန်းကတန်း ချိုးရသည်။ ထို့နောက် ရှပ်အင်္ကျီ ခပ်သစ်သစ်တစ်ထည်နှင့် မာစရိုက် ချည်ချောလုံချည်တစ်ထည်ကို ဝတ်ပြီး ထွက်လာရလေသည်။ စန္ဒိမိုးဦးဖြူ စကားပြောလျက်ရှိရာ ဦးလေးနှင့် ဒေါ်လေးမိုးမှာ ငေးပြီး နားထောင်နေကြရလေသည်။

စန္ဒိမိုးဦးဖြူသည် ကျွန်တော်တို့နှင့်အချိန်အတော်ကြာ စကားပြောပြီးမှ အိမ်က ဆူနေဦးမည်ဟုဆိုကာ ပြန်သွားလေသည်။

"ဦးဘဖြူသမီးလေးက တော်တော်မွန်ရည်တာပဲ။"

ဦးလေးသည် မာစီဒီးကားကြီးထွက်သွားလို့ ကျွန်တော်အိမ်ပေါ်ပြန်ရောက်တာနှင့် မှတ်ချက်ချလိုက်သည်။

"ဟေ့ကောင် ထက်လင်းဖြူ။ မင်းနဲ့ကြိုက်နေလား ..."

www.burmeseclassic.com

www.burmeseclassic.com



"အို ကိုမောင်ကလည်း ကလေးကို ပေါက်ပေါက်ရှာရှာ..."

"အံမာ... ညည်းက ဘာသိလို့လဲ။ ဒီကောင် ဝက်မြီး ဖြစ်နေတာကြာပြီ။ လူပျိုလက် ဝက်မြီးတဲ့ကွ..."

"ကလေးကို စာကြိုးစားဖို့တော့ မဆုံးမဘူး။ မဟုတ်က ဟုတ်ကတွေပဲ မြှောက်ပေးတယ်။ ရှင့်အစ်ကိုကြီးလာမှ တိုင်ပြောမယ်။"

"တိုင်တိုင်ပေါ့။ ငါ့အစ်ကိုကလည်း ဒီကောင်သူ့ဆရာသမားရဲ့ သမီးကို စွံအောင်ပိုးနိုင်တယ်ဆိုရင် သဘောကျမှာပါ။ အဲ...ဒါပေမဲ့ မင့်အဖေကတော့ ဦးဘဖြူကြီးဆီမှာ သူ့သမီးကို တောင်းပေးရဲမှာ မဟုတ်ဘူး။ ငါ့အစ်ကိုဟာ သူ့ဆရာကို အင်မတန်ကြောက်တာ။ အေးလေ။ သူတို့ ကျေးဇူးကလည်း ကင်းမှ မကင်းတာ။ မင်းအမေနဲ့ ရတာတောင် ဦးဘဖြူ ပေးစားတာတဲ့ကွ။ ဒီမှာငါ့တူ။ မင်းကတော့ ယောက္ခမလောင်းကို မကြောက်နဲ့။ ငါ့လိုနေ..."

"လုပ်ပြီ။ ရှင်ပေါက်ကရတွေ ပြောပြီ။"

ဒေါ်လေးမိုးက ပြောသည်။ ထို့နောက် သူတို့လင်မယားသည် စကားများ ငြင်းခုံကြတော့သည်။ ကျွန်တော် ထမင်းစားပြီးသည် အထိ မပြီးကြသေးပေ။ ကျွန်တော်သည် ဘုစုနှင့်ခရကို ကြဲရည် တိုက်ရန် ခေါ်ထုတ်လာသည်အထိ သူတို့ လင်မယားစကားနိုင်လုရှဲ ကောင်းတုန်းပင်။

"အစ်ကိုဖြိုး။ စောစောက မမက သိပ်လှတယ်နော်..."

ဘုစုက မုန့်ဖိုးတစ်ဆယ်၏ ကျေးဇူးကို ချက်ချင်း အသုံးချသည်။

"ဟုတ်တယ် ညီလေးရဲ့။ သူဟာ ကမ္ဘာပေါ်မှာ အလှဆုံးပဲ..."

"အဲဒီ မမက ကမ္ဘာပေါ်မှာ ဘယ်တုန်းက သွားပြိုင်လို့

www.burmeseclassic.com



အလှဆုံး ဖြစ်သွားတာလဲဟင် ...''

ညီမလေးခရုက ငင်ပြောသောအခါ ကျွန်တော်သည် ဘာပြန်ပြောရမှန်း မသိအောင်ပင် အူကြောင်ကြောင် ဖြစ်သွားရသည်။

''ခရုနော်၊ ခရု ၊ နင်ဘာမှ နားမလည်ဘဲ အေးအေးဆေးဆေး နေစမ်း ...''

ဘုစုက သူ့ညီမကို ငေါက်လိုက်သည်။

''ငါသိချင်လို့ မေးတာပေါ့။ နင်ငါကို ငေါက်ဖို့ပဲသိတယ်။''

''ဒီလိုခရုရဲ့။ ကမ္ဘာပေါ်မှာ အလှဆုံးဆိုတဲ့ မယ်ကမ္ဘာတွေ၊ မယ်စကြဝဠာတွေက စန္ဒီမိုးဦးဖြူရဲ့ အလှသတင်းကို ကြားသွားကြတယ်။ သူတို့လာပြိုင်ရင် သူတို့ပဲရှုံးပြီး အရှက်ကွဲမှာလေ။ အဲဒါကြောင့် မပြိုင်ရဲတော့ပဲ အရှုံးပေးလိုက်ကြတယ်။ ဒါနဲ့ သူဟာကမ္ဘာပေါ်မှာ အလှဆုံး ဖြစ်သွားရတာပေါ့ကွာ...''

''အစ်ကိုဖြိုး။ ညီမလေး ကြံရည်နှစ်ခွက်သောက်မယ်နော်။''

''ကျွန်တော်လည်းနှစ်ခွက်...''

ဥမ္မာဒန္တီကို မြင်လိုက်ရသော သူအပေါင်းမှာ ရူးသွပ်သွားကြသည်ဟု ဆိုသည်။ စန္ဒီမိုးဦးဖြူကို ချစ်မိသော ကျွန်တော်သည် သွက်သွက်ခါအောင် ရူးမသွားသည့်တိုင်အောင် အနည်းငယ်တော့ ပေါကြောင်ကြောင် နိုင်သွားလား မသိပါလေ။

❖

(၈)

ထိုနေ့က ကျွန်တော်သည် အစောကြီး ထပြီး ဘုရားရှိခိုးသည့် အပြင် ပြက္ခဒိန်ကြည့်၍ ပြဿဒါး လွတ်မလွတ်ကိုလည်း စစ်ဆေးလေသည်။ ရက်ရာဇာကျနေသောအခါ အားတက်၍ မဆုံး။

www.burmeseclassic.com


ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူသည် အင်းလျားကန်စပ်တွင် အဟူတဲ့ထိုင်ဖြစ်ကြသည်။ စန္ဒီမိုးဦးဖြူသည် သူမ၏ လွယ်အိတ်ထဲမှ စာရွက်နှစ်ရွက်ကို ထုတ်၍ မြက်ပေါ်တွင် ခင်းလေရာ ထိုစာရွက်နှစ်ရွက်မှာ အလွန်နီးကပ် နေလေသည်။ သူက စာရွက်တစ်ရွက်ပေါ်၊ ကျွန်တော်က စာရွက်တစ်ရွက်ပေါ် ထိုင်လိုက်သောအခါ သူနှင့် ကျွန်တော်သည် အသားချင်းထိကာ ပူးကပ်သွားရတော့၏။

"ဖြိုးက တို့ကို အေးအေးဆေးဆေး ပြောပရာရှိတယ်ဆိုတာ ပြောလေ။"

"တို့ပြောရင် စန္ဒီစိတ်ဆိုးမှာလား…"

ကျွန်တော်သတိကြီးစွာထားပြီး ပြောသည်။

"ဟာ… ဒါဆိုရင် ရည်းစားစကားပဲ ဖြစ်မယ်။"

သူမက မြူးထူးဟန်ဖြင့် ပြောသည်။ ပေါ့ပျက်ပျက် လေသံကို ကျွန်တော် မကြိုက်ပေ။

"တို့ အလေးအနက်ထား ပြောမလို့ပါ စန္ဒီရယ်။ မလှောင်ပါနဲ့…"

"ဟောတော့။ သူ့ကို ဘယ်သူက လှောင်နေလို့လဲ။ ကြိုတင်ခန့်မှန်းချက် ထုတ်ကြည့်တာ မထုတ်ရဘူးလား။"

"တို့ စန္ဒီ့ကို တကယ်ချစ်တယ်။"

"ပြောတော့လည်း ရည်းစားစကား…"

"အရမ်းချစ်တယ်။"

"ဟုတ်ပြီ…"

"တို့ စန္ဒီ့ကို မြင်မြင်ချင်းကတည်းက ချစ်တာ။ တို့အချစ်ကို ဘယ်သူမှယှဉ်လို့ မရဘူး…"

"ဆက်ပါဦး…"



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒီတို့ကို ပြန်ချစ်ပါ။"

"ဒါပဲလား..."

"အကောင်းပြောနေတာကို ပေါ့ပျက်ပျက် မလုပ်ပါနဲ့စန္ဒီရယ်။ တို့က လေးလေးနက်နက် ပြောတာပါ။ တို့စကားကို လေးလေးနက်နက် နားထောင်စမ်းပါ။"

"အိုး ...တို့ လေးလေးနက်နက် နားထောင်နေတာပါ ဖြိုးရယ်။ စိတ်ဆိုးတော် မမူပါနဲ့။ ကဲ... တို့မေးမယ်။"

ကျွန်တော် အသင့်ပြင်လိုက်သည်။

"ဖြိုး တို့ကိုဘာဖြစ်လို့ ချစ်တာလဲ..."

"စန္ဒီသိပ်လှတယ်။"

"ကောင်းပြီ။ လှလို့ ချစ်တာပေါ့။ ဒါဆို မယ်စကြဝဠာ တစ်ယောက်ကို မြင်ရင် ချစ်မလား။ ရုပ်ရှင်မင်းသမီး တစ်ယောက်ကို မြင်ရင် ချစ်မလား..."

"ဘာဆိုင်လို့လဲ..."

"သူတို့လည်း လှတယ်လေ။ စန္ဒီက သူတို့ထက်တော့ သာမှာ မဟုတ်ဘူး..."

"ဟင့်အင်း။ စန္ဒီက သူတို့ထက် ပိုလှတယ်။"

"ဒါက အထင်ပါ ..."

"ဒီလိုထင်တာကလဲ ချစ်လို့..."

"ဟုတ်ပြီလေ လှလို့ချစ်တယ်။ ချစ်လို့လှတယ်ဆိုတော့ သံသရာလည်နေပြီ။"

"ဘာကြောင့်ချစ်မှန်းတော့ မသိဘူး စန္ဒီ။ တို့စန္ဒီ့ကို ချစ်တဲ့ အချစ်က နှလုံးသားထဲမှာ သူ့အလိုလို ပေါ်လာတာပဲ။ စန္ဒီကို ချစ်ဖို့ တို့ကို ဘယ်သူမှ တိုက်တွန်းစရာ မလိုဘူး။ အဲဒီလိုပဲ စန္ဒီ့ကို



www.burmeseclassic.com

www.burmeseclassic.com



မချစ်နဲ့လို့ ဘယ်သူမှ ဘာမရဘူး။ မိုးပေါ်က သိကြားမင်းဆင်းပြီး ကားလည်း မရဘူး။"

"နာတောင်လို့ ကောင်းလိုက်တာဖြိုးရယ်..."

သူမက မျက်လုံးတွေ မှိတ်ပြီး ပြောသည်။ ကျွန်တော်သည် သူမ၏ အမူအရာကို ခန့်မှန်းရန် ခက်သွားရသည်။ သူမ အတည် ပြောနေတာဟု ယူဆရန် ခက်လှစွာ၏။ ကျွန်တော့်ကို ကလေး တစ်ယောက်လို သဘောထားပြီး နောက်ပြောင်နေသည်ဟုလည်း မယူဆချင်။

သူမသည် ကျွန်တော့်ကို သွားတက်နှစ်ဖက်စလုံး ပေါ်အောင် ပြုံးပြီး ကြည့်သည်။ သူမ၏ မျက်ဝန်းတို့သည် ကြည်လင်တောက်ပ၍ နေကြသည်။ သူမနှင့် ကျွန်တော်သည် ကမ္ဘာပေါ်တွင် နီးကပ်စွာ တည်ရှိနေသည်။ ကျွန်တော်၏ ချစ်စကားများသည် သူမကို တုန်လှုပ် ချောက်ချားအောင် နှမ်းဘင်နိုင်စွမ်း မရှိသည့်တိုင် ကြည်နူး ဆွတ်ပျံ့မှုကို ပေးနိုင်သည် ဆိုလျှင် ကျွန်တော် ကျေနပ်ရမည် ဖြစ်သည်။

"ချစ်တယ်ဆိုတာ ဘာလဲဟင်..."

သူမက ကျွန်တော့်ကို တိုးညင်းစွာ မေးသည်။

"အဲဒီမေးခွန်းကို ဖြေနိုင်တဲ့သူ ကမ္ဘာပေါ်မှာ ရှားလိမ့်မယ် စန္ဒီ။ တို့လည်းတိတိကျကျ မသိဘူး။ ဒါပေမဲ့ ချစ်တာက ချစ်တာပါပဲ။ အဲဒီအဖြေကိုသိမှ ချစ်ရမယ်လို့လည်း ဘယ်သူမှ အမိန့်မထုတ် ထားဘူး ထင်ပါရဲ့..."

"ဖြိုးကို တို့ချစ်ပါတယ်..."

သူမ၏ လေသံသည် ပေါ့ပျက်ပျက်များ ဖြစ်နေသလားဟု ကျွန်တော် သံသယ ရှိနေမိသည်။ သူမက ချစ်ပါသည်ဆိုသော စကားကြားရလျှင် ကျွန်တော်သည် ထခုန်ပြီး ကျွန်ဆယ်ပတ်ခန့်

www.burmeseclassic.com



ထိုးပစ်လိုက်ဖို့ ကောင်းသည့်အထိ ပျော်လိုက်သင့်သည်။ သို့သော် ကျွန်တော့်ရင်ထဲက မပျော်။ အဘယ်ကြောင့်မှန်းလည်း မသိ။

"စန္ဒီ့ကို တို့ချစ်တယ်။ အရမ်းချစ်တယ်။ တို့ချစ်သလို တို့ကို ပြန်ချစ်ပါလားစန္ဒီရယ်..."

"သူချစ်တာက ဘယ်လိုချစ်တာလဲဟင်..."

"တို့ဘယ်လို ပြောရမလဲဟင်..."

"သူချစ်တာ ဘယ်လိုချစ်မှန်းမှ မသိဘဲနဲ့ တို့က ဘယ်လို လုပ်ပြီး သူချစ်သလို ချစ်ရမှာလဲ မောင်တော်ဘုရားရဲ့ ...ကဲ ..."

ကျွန်တော်သူမ၏ စကားကို မည်သို့ တုံ့ပြန်ရမည်ပင် မသိ။

"ပြောရင်တော့ အများကြီးနေမှာပဲ...။"

"မပူပါနဲ့ ဖြိုးရယ်။ ဖြိုးကို တို့ချစ်ပါတယ်။ ဖြိုးဟာ တို့ရဲ့ ရင်ထဲမှာ ရှိပါတယ်။ တို့ကို ဖြိုးအလိုလိုက်တာတွေ၊ ကြင်နာတာ တွေ၊ ယုယတာတွေ၊ ဂရုစိုက်တာတွေကို တို့ဘယ်လိုလုပ် မေ့ပစ် ရမှာလဲ။ ပြီးတော့ ဖြိုးက အရမ်းချစ်စရာကောင်းတယ်ကွယ်..."

"တို့က ဘာဖြစ်လို့ ချစ်စရာကောင်းရတာလဲစန္ဒီ..."

"အဲဒါတော့ ကျွန်တော်မျိုးမလည်း မလျှောက်တတ်ပါဘူး ရှင်။ ချစ်တာကတော့ ချစ်တာပဲဘုရား..."

စန္ဒီမိုးဦးဖြူက လက်အုပ်ကလေး ချီ၍ အရွှန်းဖေါက်သော အခါ ကျွန်တော်သည် ရယ်မော၍ သူမ၏ လက်အုပ်ကလေးကို ဆွဲယူဆုပ်ကိုင်ကာရင်ခွင်တွင် ဖေ့ထားလိုက်မိသည်။ သူမ၏ လက်ဖျား လေးများမှာ အေးစက်၍ နေသည်။ ကျွန်တော် ဆုပ်ကိုင်ထားလိုက် မှသာ နွေးထွေးလာခြင်း ဖြစ်သည်။ ကျွန်တော်တို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် မျက်တောင်မခတ်ဘဲ စိုက်ကြည့်

www.burmeseclassic.com



နေမိကြသည်။ အကြည်ချင်းပြိုင်ရာဝယ် ကျွန်တော်တို့ နှစ်ယောက်သည် ပြိုင်တူမျက်တောင် ခတ်မိခြင်းဖြင့် သရေပွဲ ဖြစ်သွားကြသည်။

ထို့နောက် စန္ဒီမိုးဦးဖြူသည် ကျွန်တော့် ရင်ခွင်ထဲရောက်လာသည်။ ကျွန်တော် လုံ့လကြောင့်လား။ သူမ၏ လှုပ်ရှားမှုကြောင့်လား မသိ။ ကျွန်တော်တို့ နှစ်ယောက်စလုံး ရင်တွေခုန်နေသည်။ တစ်ဦး၏ ရင်ခုန်သံကို တစ်ဦးက ကြားနေရသည်။ အချစ်၏ သင်္ကေတများဖြစ်သော အနမ်းပန်းပွင့်လေးတွေ တစ်ပွင့်ပြီး တစ်ပွင့် ဖူးပွင့်ကုန်သည်။ ကျွန်တော်တို့ နှစ်ယောက်စလုံးသည် အတွဲချောင်းသူများကို သတိရပြီး ရှက်သွားကြပြန်သည်။ ထို့နောက် မကြာခင်ပင် အတွဲချောင်းသူများကို သတိမရတော့ပြန်ပေ။

ကျွန်တော်နှင့် သူမအတိအကျ ချစ်သူတွေ ဖြစ်ကြပါပြီဟု ကြေညာလိုက်သောအခါ အချိန်တွေကုန်တာက မြန်လာရသည်။ ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူ အတူတူရှိနေကုန်းဆိုလျှင် အချိန်တွေက အကုန်မြန်လိုက်ရတာ။ ကျွန်တော်ကတခြား၊ စန္ဒီမိုးဦးဖြူက တခြား ရှိနေကြသော အချိန်၌ကား အချိန်တွေက ကုန်ခဲလိုက်ပါဘိ။

ကျွန်တော်တို့ အတွဲကို ချောင်းခဲ့ကြသော တင့်ဆွေနှင့် မြင့်စိုးသည် ကျွန်တော်ကို လက်ဆွဲနှုတ်ဆက်ပြီး ချီးကျူး ထောမနာ ပြုကြလေသည်။

"ဒီကောင်ကြီး ဆေးကျွေးစရာ မလိုတော့ဘူး။ ပုံမှန်ဖြစ်သွားပြီ။"

တင့်ဆွေက ကြေညာသည်။

မြင့်စိုးကလည်း...

"အဲဒါ ငါတို့ကျေးဇူး။ ငါတို့ မြှောက်ပေးလို့ မင်းဒီလိုကြီးပွားတာ။ ငါတို့လို ဆရာသခင်တွေကို မမေ့နဲ့။ လေးလေးစားစား

www.burmeseclassic.com



ဆက်ဆံ၊ ရိုရိုသေသေဆည်းကပ်၊ မင်းဘယ်တော့မှ ပစ်စလက်ခတ် မဖြစ်ဘူး။ နားလည်လားဟေ့ကောင်…”

“ဟုတ်ကဲ့ပါ ကျေးဇူးရှင်ကြီးများခင်ဗျား။ ကျေးဇူးရှင်ကြီးများကို ကျွန်တော် မမေ့ပါဘူးခင်ဗျား။ စားမကုန်သောက်မကုန်တဲ့ ကျေးဇူးတွေကို ဆပ်ပါမယ်။”

ကျွန်တော်က ရွတ်နောက်နောက် ပြန်ဖြေသည်။

ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူသည် ကံကော်တော၏ ညီညာလိုက်ဖက်သော အတွဲတစ်တွဲ ဖြစ်၍သွားသည်။ ကျွန်တော်သည် တစ်ပတ်တစ်ခါ မြို့သို့ မပြန်ဖြစ်တော့။ စစ်တက္ကသိုလ် လျှောက်သော်လည်း ကျွန်တော် အရွေးမခံရ။ စန္ဒီမိုးဦးဖြူနှင့် မခွဲမခွာ ရှိရမှာမို့ ကျွန်တော် ဝမ်းမနည်း။

❖

(ဃ)

ကျွန်တော်သည် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် မြို့ကိုပြန်လေ့ရှိသည်။ နံနက်ပိုင်း လက်တွေ့ လေ့ကျင့်ခန်းရှိလျှင်ပင် ပြီးသည်နှင့် မိုရာကားစီးပြီး ပြန်ဖြစ်သည်။ တစ်ခါတစ်ရံတွင်ကား ဘုစုနှင့် ခရမောင်နှမကိုပင် ခေါ်သွားလေ့ရှိသည်။ သို့သော် ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူတို့ နှစ်ယောက်သား နှစ်ဦးသဘောတူချစ်သူများ ဖြစ်ကြောင်း ဝန်ခံကြပြီးသည့်နောက်တွင်ကား မြို့ မပြန်ဖြစ်တော့ပေ။ စင်စစ် ကျောင်းပိတ်ရက်တိုင်း စန္ဒီမိုးဦးဖြူနှင့် တွေ့ခွင့်ရသည် တော့ မဟုတ်ပေ။ သို့သော် ကျွန်တော်သည် သူမနှင့် ဝေးဝေးမနေချင်ပေ။ ရန်ကုန် တစ်မြို့တည်းတွင် နေနေရသည်မှာ မတွေ့ရသည့်တိုင် အနည်းငယ် ပိုနီးသည်ဟု ထင်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘများကသော်လည်းကောင်း၊ သူငယ်ချင်းများကသော် လည်းကောင်း၊ ဘုတ်ဆုံမကသော်လည်းကောင်း မေးမြန်းလျှင်ကား ကျောင်းစာများက အရေးကြီးသဖြင့် အချိန်နှင့်အမျှ ကြိုးစားနေရသည် ဟု အကြောင်းပြလိုက်ရသည်။

ငါးကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်ပွဲကို မြန်မာ နိုင်ငံတွင် လက်ခံကျင်းပရာ လှိုင်တွင်ရှိသော လက်ဝှေ့ရုံ၌ လက်မှတ် မရသည်ကစ၍ ရတ်ရတ်သဲသဲ ဖြစ်ကြလေသည်။ မြင့်စိုးကို ခေါ်၍ ကျွန်တော်တို့နှစ်ယောက်သား ညကြီးမင်းကြီး အင်းစိန်လမ်းမကြီး အတိုင်း လမ်းလျှောက်သွားကြရာ ကျွန်တော်တို့ ရောက်သောအခါတွင် ကားအချို့ကို မီးရှို့ပြီးလေပြီ။ ပုပ္ပားဆောင်က တင်လှတို့ လှစုအား စုံစမ်းကြည့်ရာ ဆန်နီတင်ဖေတို့ လှစုက ဆုပ္ပရန် လာခေါ်သေး ကြောင်း၊ သို့သော် ဖဲဝိုင်းကောင်းနေလို့ မလိုက်ဖြစ်ကြောင်း သိရ လေသည်။

ဒေးဒရဲသားကာင်လှ၊ တင်ထွေး၊ ခေါင်းဖြူကျော်မြင့်စသော ကျောင်းသားများမှာ ဆုပ္ပရန် စိတ်မဝင်စားဘဲ ဖဲသာချနေကြလေ၏။ မြင့်စိုးက နှင်းဆီနှင့် သဇင်ဆောင်များမှ ကျောင်းသူများအတွက် မဆီမဆိုင် ပူသည်ဟု ဆိုသည်။

ကျွန်းဆွယ်လက်ဝှေ့ပွဲတွင် ကိုယ်အလေးချိန်အလိုက် အတန်း ခြောက်တန်း ခွဲထားလေရာ ခြောက်တန်းစလုံး မြန်မာလက်ဝှေ့သမား များ ဖိုင်နယ်(လ်)တက်သဖြင့် ပရိသတ်မှာ စိတ်ဝင်စားနေသည်။ လက်ဝှေ့ရုံမှာ ပြည့်လျှံသွားလေရာ ဝင်ခွင့်မရသူများက ဆူပူကြခြင်း ပင်ဖြစ်သည်။ ကျွန်းဆွယ်လက်ဝှေ့ ဗိုလ်လုပွဲများတွင် မြန်မာက ရွှေ တံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သည်။ ဆူပူမှုမှာမူ လှိုင်နယ်မြေ ဘက်မှ ပင်မတက္ကသိုလ်ဘက်ကို ကူးသွားတော့သည်။ ဘွဲ့နှင်း

www.burmeseclassic.com



သဘင်ခန်းမတွင် ဂျူဒိုပြိုင်ပွဲများ ကျင်းပနေလေရာ အသားလွတ် မီးရှို့ခံရတော့၏။

အကျိုးဆက်ကား ကျောင်းရက် အကန့်အသတ်မရှိ ပိတ်လိုက်ခြင်းပင်တည်း။

ကျွန်တော်သည် မြို့မပြန်တော့ပေ။ တက္ကသိုလ်ရိပ်သာလမ်းမကြီးကို ပိတ်ထားသောကြောင့် ကျွန်တော်သည် စန္ဒီမိုးဦးဖြူ၏ အိမ်ဘက်သို့လည်း အခြေအနေ သွားမကြည့်နိုင်ပေ။ ကျွန်တော်သည် ဦးလေးတို့အိမ်တွင် နေမထိ ထိုင်မသာဖြစ်၍ နေလေသည်။

သို့သော် စန္ဒီမိုးဦးဖြူသည် သူတို့အိမ်မှ ကားဒရိုင်ဘာ အဖိုးကြီးကို မုန့်ဖိုးပေးကာ ကျွန်တော်ရှိရာ အိမ်သို့ ရောက်လာလေသည်။ ကျွန်တော်ကား ဝမ်းသာ၍ မဆုံးတော့ပေ။ သူမသည် မချစ်ဘဲနှင့်တော့ ကျွန်တော့်ဆီ အရောက်လာမည် မဟုတ်ပေ။ ထို့နောက် စန္ဒီမိုးဦးဖြူနှင့် ကျွန်တော်သည် ရန်ကုန်မြို့လယ်ကို ချိန်း၍ ရုပ်ရှင်ကြည့်ခြင်း၊ လျှောက်လည်ခြင်းများကို လုပ်နိုင်ကြတော့သည်။

ပထမနှစ်ဝက်၊ နှစ်လည်နှင့် နောက်ဆုံး စာမေးပွဲများကို ဖြေဆိုပြီးနောက် နွေတွင် ကျောင်းပိတ်ပြန်လေသည်။ ထိုအခါတွင်လည်း ကျွန်တော်သည် မြို့ကို မပြန်ဘဲ ဟိုလိုလို ဒီလိုလို လုပ်နေလေရာ ကိုစောသိန်း လိုက်ခေါ်မှ ပြန်ဖြစ်တော့သတည်း။ သို့သော် ကျွန်တော်သည် ရန်ကုန်မြို့သို့ အကြောင်းအမျိုးမျိုးပြပြီး ရောက်နေမိသည်။

ပထမနှစ် စာမေးပွဲကို ကျွန်တော် အားလုံးချောမောစွာ အောင်မြင်ခဲ့လေသည်။ ဒုတိယနှစ်တွင်ကား ဘုတ်ဆုံမသည်လည်း တက္ကသိုလ် ရောက်လာပြီတည်း။ ညွန့်တင်ကြီးလည်း တက္ကသိုလ် ရောက်လာသည်။ ဘုတ်ဆုံမသည် သူတို့အမျိုးရှိရာ စွပ်ချယ်စက်





www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲမှ ကျောင်းတက်လေရာ ကျွန်တော်နှင့် ဝေးသည်ဟု မဆိုသာပေ။

ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူကား တွဲလို့ ကောင်းနေဆဲပင်တည်း။ ထိုစဉ်က အမှတ်တမဲ့ ကိစ္စလေးများသည် နှောင်သောအခါ အမှတ်တရ ဖြစ်၍ ကျန်ခဲ့ရသည်။ ထိုစဉ်က ပျော်ရွှင်ကြည်နူးဖွယ်သော ဖြစ်ရပ်များသည် နှောင်သောအခါ လွမ်းစရာများ ဖြစ်လာရလေသည်။

◆

(၄)

ဘုတ်ဆုံမနှင့် သူမ၏ သူငယ်ချင်းများ အဓိပတိလမ်းမကြီး အတိုင်း ဘွဲ့နှင်းသဘင်ဘက်မှ လျှောက်လာကြစဉ် ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်က သိပ္ပံအဆောက်အအုံရှေ့ရှိ သစ်ပုပ်ပင်ကြီးအောက်မှ ဆင်းအလာနှင့် ဆုံမိလေသည်။ ဘုတ်ဆုံမသည် စကားတွေကို ဖောင်ဖွဲ့လောက်အောင် ပြောလာသောကြောင့် ကျွန်တော့်ကို မမြင်ပေ။ မြင့်စိုးနှင့် တင့်ဆွေကလည်း မယ်သစ်လွင်ကျောင်းသူ ကာလေးတွေဆိုပြီး လှမ်း၍ ငမ်းနေကြသည်။

"ဘုတ်ဆုံမ ..."

ကျွန်တော် ခပ်ကျယ်ကျယ် အော်လိုက်သည်။

"ဟော့ကောင်၊ ဘာလို့ အဲဒီလို သွားအော်ရတာလဲ"

တင့်ဆွေက ကျွန်တော့်ကိုအပြစ်တင်လိုက်စဉ်မှာပင် ဘုတ်ဆုံမသည် ကျွန်တော့်ကို မြင်တွေ့သွားပေပြီ။ ဘုတ်ဆုံမသည် ထဘီစွန်တောင်ဆွဲပြီး ကျွန်တော့်ဆီ လျှောက်လာသည်။ ဗေယ်ထဲတွင် ကောက်ရိုက်ဆင်းမည့် ပုံစံမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com 

"ငါ ဘယ်သူလဲလို့။ ကိုယ့်တစ်မြို့တည်းသား ကျောင်းသူကျောင်းသားအချင်းချင်းကို အရှက်ခွဲတယ်ပေါ့လေ။"

"ငါ... ငါမပါဘူးနော်။ ဒီကောင်၊ ဒီကောင်..."

တင့်ဆွေ ကိုယ်လွတ်ရုန်းသည်။

"ငဖြိုး။ နင်လုပ်ရက်တယ်။"

ဘုတ်ဆုံမသည် မျက်နှာမှာ နီရဲ၍ နေသည်။ သူမ တကယ်စိတ်ဆိုးနေပြီဖြစ်သောကြောင့် ကျွန်တော်လည်း စပ်ဖြီးဖြီးနှင့် ချော့ရသည်။

" ငါက နင့်ကို မြင်လိုက်ရတော့ ဝမ်းသာသွားတယ်ဟာ။ အဲဒါကြောင့် အမှတ်တမဲ့ ခေါ်လိုက်မိတာပါဟာ..."

"နင်လား ငါ့ကိုမြင်လို့ ဝမ်းသာမှာ..."

"တကယ်ဝမ်းသာတာပါ ဘုတ်ဆုံမ..."

"ခေါ်ပြန်ပြီ ဘုတ်ဆုံမ။ ကဲ..ခေါ်ဦး၊ ခေါ်ဦး။"

ဘုတ်ဆုံမသည် သူ့လက်ထဲမှ သတ္တုဘူးမင်းဘူးလေးနှင့် ကျွန်တော်ခေါင်းကို နှစ်ချက်ဆင့်၍ ခေါက်ပေတော့၏။

"အား...နာတယ်ဟ။ နင်တကယ်လုပ်တယ်။"

"လုပ်တယ်။ လုပ်တယ်။ ဘာဖြစ်လဲ။ ငါ့မှာ ဒီနာမည်ကို ပျောက်အောင်မြို့မှာ မနည်းကြိုးစားရတာ။ နင်က ငါ့ကို လူပုံအလယ်မှာ အရှက်ခွဲတယ်။"

ကျွန်တော်တို့ နှစ်ယောက်ကို ကျောင်းသားကျောင်းသူအားလုံးက ရှုးစမ်းဟန်ဖြင့် ဝိုင်းကြည့်လာကြသည်။

"ငါ့မှာ နံမည်ရှိတယ်။ ရီရီဝင်းတဲ့ မသေမချင်း မှတ်ထား။"

ဘုတ်ဆုံသည် လှည့်ထွက်သွားတော့သည်။ ကျွန်တော်ကား ကြောင်တက်တက်နှင့် ကျန်ခဲ့ရလေသည်။

နှမိုးဦး(မြ)

www.burmeseclassic.com

 www.burmeseclassic.com

"ဘုတ်ဆုံမအကြောင်း သိရက်သားနဲ့ မဆင်မခြင် သွားခေါ်တာ မင်းမှားတယ် သူငယ်ချင်း။ မင်းသွားတောင်းပန်ဖို့ ကောင်းတယ်။"

တင့်ဆွေက ပြောသည်။ တင့်ဆွေမှာ ကျွန်တော်တို့ မြို့သား ဖြစ်သည့်အတွက် စွာသည့်နေရာတွင် နာမည်ကြီးသော ဘုတ်ဆုံမ အကြောင်းကို ကောင်းကောင်း သိလေသည်။

"အင်း ... မင်းတို့ ဘုတ်ဆုံမကလဲ လန့်စရာကြီးပါလား။ ဟောဟော ဒိုင်းဒိုင်းနဲ့ တကယ်အုပ်တာဟ။ ဒီလိုပုံနဲ့သာ လုပ်နေ ရင်တော့ ဒီကောင်မလေး အပျိုကြီး ဖြစ်မှာပဲ။"

မြင့်စိုးက မှတ်ချက်ချသည်။

တင့်ဆွေက ခေါင်းညိတ်သည်။

"ဟုတ်တယ်။ ဒီကောင်မလေးကို ဖြိုးသာ မယူရင် လင်ရမှာ မဟုတ်ဘူး သူငယ်ချင်း။ ဘာဖြစ်လို့လဲဆိုတော့ သူက ကိုဖြိုးကိုပဲ သံယောဇဉ်ရှိတယ်။ ဘုတ်ဆုံမဆိုတဲ့ နာမည်ကိုလည်း သူတစ်ယောက် ပဲခေါ်လို့ရတယ်။ အခုဟာက လူကြားထဲမှာ အာပြဲကြီးနဲ့ သွားခေါ် မိလို့ ရှက်သွားတာကွ။"

"ငါတော့ ဘာမှ နားမလည်တော့ဘူး။"

မြင်းစိုးက ခေါင်းခါနေသည်။

"ငါကတော့ ပွဲကြည့်ပရိသတ်အနေနဲ့ အစအဆုံး နားလည် နေတယ် မြင့်စိုး။ ဘုတ်ဆုံမဆိုတာ ဒီကောင်နဲ့ ငယ်သူငယ်ချင်းတွေ၊ သူ့အပေါ် အတော်သံယောဇဉ် ကြီးရှာတယ်။ စန္ဒီမိုးဦးဖြူ သူတို့အိမ် ရောက်လာတော့ ဒီကောင် ရောဂါထသွားတာ။ ဟိုက ဒီကောင့် အိမ်ကို ဘာဖြစ်လို့ ရောက်လာရလဲဆိုတာလည်း ငါတို့သိတယ်။ ဒါပေမဲ့ သူအရှုးထနေတာကို ဘယ်သူမှ တားလို့ မရခဲ့ဘူးလေ။ ဒီမှာဖြိုး။ မင်းစန္ဒီမိုးဦးဖြူကို ဘယ်လောက်ချစ်သလဲဆိုတာ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ် ပြုပါတယ်။ ဒါပေမယ့် ဘုတ်ဆုံမကို မင်းပစ်ပစ်ခါခါ မလုပ်သင့်ဘူးကွာ။"

ကျွန်တော့်စိတ်ထဲမှာ ရှက်စိတ်နှင့်အတူ ဟိုက်လှဲဝမ်းနည်းမှုတွေ ပေါ်လာသည်။

"မင်းကို လှေနံနှစ်ဖက်နင်းဖို့ ပြောတာ မဟုတ်ဘူးနော်။"

"ငါနားလည်ပါတယ်ကွာ။"

"သူမက္ကလေးဆောင်မှာ ရှိတယ်။ မင်းလိုက်သွားပြီး သွားတောင်းပန်လိုက်ပါကွာ။"

"စန္ဒီက အမေကြည့်ဆိုင်မှာ စောင့်နေလိမ့်မယ်။"

"ငါတို့ သွားပြောလိုက်ပါမယ်ကွာ။"

ကျွန်တော်သည် အဓိပတိလမ်းမကြီးအတိုင်း ဘွဲ့နှင်းသဘင်ခန်းမကို ကျော်ပေးကာ လျှောက်လာခဲ့ရသည်။ မက္ကလေးဆောင်ရောက်သောအခါ ဘုတ်ဆုံမကို လွယ်ကူစွာပင် ရှာတွေ့သည်။ သူမသည် ကျွန်တော့်ကို တွေ့သောအခါ မျက်နှာညိုညိုနှင့် ထွက်လာသည်။

"ငါလည်းမှားသွားတယ်ဟာ။ အရမ်းရှက်သွားလို့ ကိုယ်ထိလက်ရောက် လုပ်လိုက်မိတယ်။ နင်အားလား..."

"ငါအချိန်ရပါတယ်။"

သူမနှင့် ကျွန်တော်သည် အဓိပတိလမ်းမကြီးအတိုင်း ထွက်လာပြီး တက္ကသိုလ်ရိပ်သာလမ်းကို ဖြတ်ကူးကြသည်။ စာတိုက်နံဘေးဘူးသီးကြော်ဆိုင်မှာ ထိုင်ဖြစ်လေသည်။ ကျွန်တော်နှင့် သူနေရာယူထားသော စားပွဲမှာ တက္ကသိုလ်ရိပ်သာလမ်းနှင့် သံတိုင်စိမ်းများခြားနေလေသည်။

"တကယ်ပါဟာ။ ငါမဆင်မခြင် ခေါ်လိုက်မိတယ်။"



www.burmeseclassic.com

 www.burmeseclassic.com

"ခေါ်ပါ။ ဒီနာမည်ကို နင်တစ်ယောက်တည်း ခေါ်လို့ရတာပဲ။ လူကြားထဲမှာ အကျယ်ကြီးခေါ်လိုက်လို့ ငါရှက်သွားတာပါ။ ငါလည်း စိတ်မကောင်းပါဘူး တောင်းပန်ပါတယ်။"

"မလိုပါဘူးဟာ။ သူငယ်ချင်းတွေပဲ။"

သူမသည် တစ်စုံတစ်ရာ ပြောရန် ချိန်ဆနေပုံရသည်။

"ငါနင့်ကို ပြောစရာရှိတယ်။ အခုလို ဖြစ်ပြီးမှ ပြောရင် တစ်မျိုးဖြစ်တော့မယ်"

"ပြောပါ။ ဘာပြောမလို့လဲ။"

"နင် ငါ့ကို အထင်မသေးနဲ့..."

"ငါ နင့်ကို ဘယ်တုန်းကမှ အထင်မသေးပါဘူး။"

"ငါပြောချင်တာက စန္ဒီမိုးဦးဖြူ အကြောင်းပဲ...။"

ကျွန်တော် တိတ်ဆိတ်သွားလေသည်။ သူမ ပြောမှပင် ကျွန်တော်သည် စန္ဒီမိုးဦးဖြူကို သတိရသွားရသည်။ သူမသည် ကျွန်တော့်ကို စောင့်နေလိမ့်မည်။ တင့်ဆွေနှင့် မြင့်စိုးက ကျွန်တော် မလာနိုင်ကြောင်း တစ်ခုခု အကြောင်းပြပြီး လိမ်ညာပေးကြသည်။

"နင်နဲ့ စန္ဒီ ကြိုက်နေကြတယ်နော်..."

ကျွန်တော် ငြိမ်နေလိုက်ရသည်။

တိတ်တိတ်နေ ဝန်ခံခြင်းပင်။

ကျွန်တော်နှင့်စန္ဒီအကြောင်းကို ဖုံးကွယ်လို့လည်း မရတော့။

"စန္ဒီအကြောင်း နင်ဘယ်လောက်သိလဲ..."

"ငါသိသင့်သလောက် သိပါတယ်။"

ကျွန်တော်က တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်သွားသည့် အမှတ်(၁၆)ဘတ်(စ်)ကားတစ်စီးကို လှမ်းငေးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုယ်ရေးကိုယ်တာကို ဝင်မစွက်ချင်ပါဘူး။ ဒါပေမယ့် ငါမပြောဘဲလည်းမနေနိုင်ဘူး။ သူနင်တို့အိမ်မှာ လာနေတာ ဘာကြောင့်လည်းဆိုတာ နင်သိမှာပေါ့။"

"သိတယ် ..."

ကျွန်တော့်လေသံ ပြတ်သည်။

"သူကျူရှင်ဆရာ ကစ်ယောက်နဲ့ဖြစ်လို့ သူ့အိမ်က ခဏလာပို့ထားတာဆိုတာ သူကိုယ်တိုင် ငါကို ဖွင့်ပြောခဲ့ပါတယ် ထက်လင်းဖြိုး။ အဲဒီတုန်းက သူနဲ့ ငါနဲ့ မိန်းမသားချင်းဆိုတော့ စကားပြောဖြစ်တာတွေ ရှိတယ်။ အဲဒီဆရာကို သူဘယ်လောက်လွမ်းကြောင်း မကြာခဏ ပြောတတ်တယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သူနင့်ကို ဘယ်လိုပြောလဲ...။"

ကျွန်တော် ခေါင်းခါလိုက်သည်။

"ငါမေးမကြည့်မိဘူး..."

"အဲဒီဆရာ သူ့ရင်ထဲမှာ မရှိတော့ဘူးဆိုတာ သေချာလား ထက်လင်းဖြိုး"

"အဲဒါတော့ သေချာတယ်။"

"ကောင်းပြီ။ ဘူမိဗေဒ နောက်ဆုံးနှစ်က ကိုမြင့်ထူးဆိုတာ နင်သိလား။"

"သိတယ်။ သူ့အစ်ကို ဝမ်းကွဲလေ။"

"ဘာမှ မတော်ဘူး..."

ကျွန်တော်သည် ဘုတ်ဆုံမကို ကြည့်လိုက်မိသည်။ ဘုတ်ဆုံမသည် သူမ၏ စကားကို တာဝန်ယူဟန်ဖြင့် အခိုင်အမာ ပြောနေခြင်းပင်။

"သမိုင်းအဓိကကျောင်းသား ကိုကိုဇော်ကိုရော နင်သိလား..."

www.burmeseclassic.com



"သိတယ်။"

"အဲဒါလည်း အစ်ကိုဝမ်းကွဲလို့ ပြောဦးမလို့လား။ ကိုကိုဇော်ဟာလည်း သူနဲ့ ဘာမှ မတော်ဘူး။ စီးပွားရေးတက္ကသိုလ်မှာ သူနဲ့ တစ်တန်းထဲသား ဆန်းမောင်ဆိုတာ ရှိသေးတယ်။ အဲဒါလည်းဘာမှ မတော်ဘူး။ အဲဒီသုံးယောက်စလုံးကလည်း နင့်ကို စန္ဒီရဲ့ အစ်ကိုဝမ်းကွဲလို့ သိထားကြတယ်။"

ကျွန်တော်သည် ဘုတ်ဆုံမကို မယုံသလို ကြည့်လိုက်မိသည်။

"နင်မယုံဘူး မဟုတ်လား။ နင်က စန္ဒီကိုပဲ ယုံနေတာကိုး။ ငါက မနေ့တစ်နေ့ကမှ တက္ကသိုလ် ရောက်တာပါ။ ဒါတွေကို ငါဘာဖြစ်လို့ သိလဲလို့ မေးစရာရှိတယ်။ စန္ဒီသတင်းတွေက မသိမသာ ပြန့်နေတယ်လေ။ ငါတမင်သက်သက် စုံစမ်းတာ မဟုတ်ဘူးနော်။ အဲဒါတွေ နင့်ကို ငါပြောချင်တာ ကြာပြီ။ နင်က မိန်းကနေ အီကိုဘက်ပဲ ရောက်နေတယ်။ ငါတို့ မန္တလေးဆောင်ဘက်မှ မလာဘဲ။

ကျွန်တော့်ရင်ထဲတွင် လှိုက်ဆူ၍ နေလေသည်။ ကျွန်တော်သည် ချစ်သူ၏ ကောင်းသတင်းကိုသာ ကြားလိုသည်။ မကောင်းသတင်းကို မကြားလို။ ကုန်ကုန်ပြောရလျှင် စန္ဒီကို ကျွန်တော် ခွတ်မိုတ်ပြီး ယုံပစ်ချင်သည်။ သဘာဝအတိုင်း သဝန်တိုသော ကျွန်တော်သည် သူမကို ခွင့်လွှတ်ချင်နေသည်။

"ကိုမြင့်ထူးနဲ့ တွဲတာရော၊ ကိုကိုဇော်နဲ့ တွဲတာရော။ ငါကိုယ်တိုင် တွေ့ပါတယ်။ တက္ကသိုလ်မှာ တွဲသွားတွဲလာ လုပ်ကြတာ မဆန်းပါဘူး။ ဒါပေမယ့် ပုံစံက ကွာတယ် တက်လင်းဖြီး အီကိုက ဆန်းမောင်ဆိုတဲ့ကောင် နာမည်ကသာ ဆန်းမောင်။ အတဲ့ နေရာမှာတော့ နင့်ထက်ဆိုးသေး ဆိုပဲ..."

"ငါ... ငါဘာလုပ်ရမလဲဟင်..."



www.burmeseclassic.com

www.burmeseclassic.com 

ကျွန်တော်သည် ဘုတ်ဆုံမကို အားကိုးဟကြီး မေးမိခြင်း ဖြစ်သည်။ ဘုတ်ဆုံမက တစ်ဖက်တည်းသော သွားတက်လေးပေါ် အောင် ရယ်မောလေသည်။

"ဒါတော့ နင့်သဘောပေါ့။"

"ငါနဲ့သူ လမ်းခွဲရမှာလား။"

"ငါကတော့ မတိုက်တွန်းဘူး။ ဒါက လင်လုပ္ပ မဟုတ်ဘူး။"

အာကြမ်းသော ဘုတ်ဆုံမက ပွင့်ပွင့်လင်းလင်း ပြောသည်။

"ငါစိတ်ညစ်တယ် ဘုတ်ဆုံမ။ အာ...ဆောရီး။ ရီရီပင်း..."

"ခေါ်ပါ။ နင်ငါ့ကို ဘုတ်ဆုံမလို့ပဲခေါ်ပါ။"

❖

(၈)

" ရီရီဝင်းပြောတာ ဖြစ်နိုင်တယ် ထက်လင်းဖြိုး။ အစ ကတည်းက ငါတို့လည်း သိပ်တော့ မသက်ာဘူး။ ဒါပေမယ့် မင်း ကိုယ်တိုင်က ယုံနေတော့ ငါတို့လည်းအမှုမဲ့အမှတ်မဲ့နေ နေမိတယ်။ အခု မြင့်စိုးနဲ့ ငါလိုက်ကြည့်တော့ ဘုတ်ဆုံမပြောတာတွေ အမှန် တွေပဲလို့ ပြောနိုင်တဲ့ အထောက်အထားတွေ တွေ့ရတယ်။"

"ဘယ်လို တွေ့ရလို့လဲ တင့်ဆွေ။"

ကျွန်တော် အသက်ရှူပြင်းစွာဖြင့် မေးမိသည်။

"မင်းနားထောင်နိုင်မှာလား ..."

"ငါယောက်ျားပါကွာ..."

"မင်း စန္ဒီနဲ့ ချိန်းထားလို့ဆိုပြီး သစ်ပုတ်ပင်အောက်မှာ စောင့်နေတုန်းက၊ မနေ့ကကွာ။ သူ မလာဘူး မဟုတ်လား။ ငါနဲ့ မြင့်စိုးက လှည်းတန်းသွားမယ်ဆိုပြီး လစ်သွားကြတယ်လေ။ အမရ

www.burmeseclassic.com

ဆောင်ရောက်တော့ အခန်းလွတ်တွေကို လျှောက်ကြည့်ကြတယ်။ ငါတို့နှစ်ယောက်မှာက အတွဲချောင် ရတာက အလုပ်တစ်ခု။ ဘယ်သူနဲ့ ဘယ်သူ ချစ်နေကြပြီဆိုတာ မှတ်ပုံတင်ရတာလည်း အလုပ်တစ်ခု။ ငါတို့ အပေါ်ဆုံးထပ် ရောက်သွားတော့ လှုပြတ်ပြီး မှောင်နေတဲ့အခန်းမှာ ဂျုံအော်လော်ဂျီက ကိုမြင့်ထွေးနဲ့ စန္ဒီကို တွေ့တယ်။"

ကျွန်တော်သည် တင့်ဆွေနှင့် မြင့်စိုးကို မကြည့်ရဲလောက်အောင်ပင် ရှက်နေမိသည်။

"သူတို့ ဘာလုပ်နေတယ်လို့ မင်းထင်လဲ..."

"တော်ပါပြီ တင့်ဆွေရာ။ ငါမကြားချင်တော့ပါဘူး။"

"မင်းမကြားလို့ မရဘူး သူငယ်ချင်း။ ဟေ့ကောင် မြင့်စိုး။ ပြောပြလိုက်ကွာ...။"

"သူတို့ နမ်းနေကြတယ်..."

ကျွန်တော် နားပိတ်ထားလိုက်မိသည်။

"မင်း စိတ်မချမ်းမသာ ဖြစ်မယ်ဆိုတာ ငါတို့ သိတယ်။ ဒါပေမဲ့ မင်းရင်မဆိုင်ဘဲထားလို့လည်းမဖြစ်ဘူး။ မနက်ကပဲဟာစ်(စ်) ထရိုက ငါ့သူငယ်ချင်းနဲ့ တွေ့တော့ သူက ဘာပြောတယ်မှတ်လဲ။ ကိုကိုဇော်ဆိုတဲ့ ကောင်ကတော့ စန္ဒီပတ်သမျှ ခံနေရတာပဲတဲ့။ ငါလည်း ထက်လင်းဖြိုးဆိုတဲ့ ကောင်လည်းဒီလိုပါပဲကွာလို့ ပြောချင်လိုက်တာ ပါးစပ်ကိုယားနေတာပဲ။ ဒါပေမယ့် မင့်သိက္ခာကို လေးစားလို့ ငါမပြောခဲ့ဘူး။"

"ငါဘာလုပ်ရမလဲ..."

"ငါတို့ ပြောတဲ့အတိုင်း မင်းလုပ်မှာလား ..."

တင့်ဆွေက မဲ့ပြုံးပြုံးလျက်မှ ကျွန်တော့်ကို စိုက်ကြည့်ပြီး မေးလိုက်သည်။ ကျွန်တော် မဖြေနိုင်။


www.burmeseclassic.com

www.burmeseclassic.com



"မင်းသူ့ကို ချစ်တယ် မဟုတ်လား..."

မြင့်စိုးက ပြောသည်။

"အဲဒီအချစ်ပေါ်မှာ မူတည်ပြီး ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားရင် ကောင်းမယ်လို့ ငါထင်တာပဲ။"

❖

## (၁၀)

ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူသည် ထိုင်နေကျ အင်းလျား ကန်စပ်က နေရာလေးမှာ ထိုင်ဖြစ်ကြပြန်သည်။ စန္ဒီမိုးဦးဖြူကား ကျွန်တော့် ရင်ထဲတွင် မည်သို့ ဖြစ်ပေါ်နေသည်ကို သိပုံမရပေ။ ကျွန်တော်သည် စီးကရက်တိုကို ရေပြင်ပေါ်သို့ ပစ်ချလိုက်သည်။ စီးကရက်တိုသည် လှိုင်းကြက်ခွပ်များပေါ်တွင် ပေါ်လောမျော၍ နေလေသည်။

"ဂိုလ်ရွေးအဖွဲ့မှာ မောင်သွားဖြေတာ ဖြေနိုင်ရဲ့လား။"

"အင်း..."

ကျွန်တော်က မလှုပ်တလှုပ် ဖြေသည်။

"မနှစ်ကလည်း တစ်ခါ ဖြေဖူးထားတယ်ဆိုတော့ လွယ်မှာ ပေါ့နော်မောင်။ ဒီတစ်ခါတော့ မောင်အရွေးခံရမှာပါ။ စန္ဒီတော့လေ။ မောင့်ကို စစ်ဗိုလ်ကြီး ဖြစ်သွားတာကိုလည်း မြင်ချင်တယ်။ စန္ဒီနဲ့ ခွဲရမှာလည်းကြောက်တယ်။ မောင်ရော၊ စန္ဒီနဲ့ ဝေးရမှာကို မကြောက်ဘူးလား..."

ကျွန်တော် မဖြေမိ။ စန္ဒီမိုးဦးဖြူသည် ကျွန်တော့်လက်မောင်းကို ကိုင်၍ လှုပ်သည်။

"မောင်... စန္ဒီပြော နေတာ ကြားရဲ့လား...။"



www.burmeseclassic.com

www.burmeseclassic.com



"သြော်… ကြားပါတယ်။"

"ဒါဖြင့် ဘာလဲ…"

"စန္ဒီနဲ့ ဝေးရမှာကို မကြောက်ဘူးလားတဲ့။"

"ဒါကို ချက်ချင်း ဖြေပါလား။ ဘာငိုင်နေတာလဲ…"

"ကြောက်တယ်။"

"ဒီလိုမှပေါ့။ မောင်ကလေး။ ဘာမှန်းလဲ မသိဘူး။ ဒီနေ့ မောင် ဘယ်လိုဖြစ်လာလဲ။ နေမကောင်းဘူးလား။ မှန်းစမ်း။"

သူမ၏ လက်ဖဝါးနုနုလေး တစ်ဖက်က ကျွန်တော့် နဖူးပြင်ပေါ်ကို ကျရောက်လာသည်။

ကိုယ်လည်း မပူပါဘူး။ မောင်ညက စာကြည့်လား။ စာလည်းကျက်မှာ မဟုတ်ပါဘူး။ ဝတ္ထုတွေဖတ်နေလား။ ဒါမှ မဟုတ် ကဗျာတွေ ရေးနေလား…"

စန္ဒီမိုးဦးဖြူအကြောင်း စဉ်းစားနေရသောကြောင့် ကျွန်တော် ညက အိပ်မပျော်ပေ။ သို့သော် ကျွန်တော်သည် သူမကို ဘာကစ ပြောရမည်ကို စဉ်းစား၍ မရ။ သူမသည် ကျွန်တော့်ကို အနိုင် အထက်ပင် လွှမ်းမိုးထားလေရာ ကျွန်တော်သည် ခေါင်းမဖော်ဝံ့ အောင် ဖြစ်နေရလားမသိ။

"မောင်ကို ကြည့်ရတာ တစ်မျိုးပဲကွယ်…"

စန္ဒီမိုးဦးဖြူသည် မျက်နှာလေးညိုညိုဖြင့် ကျွန်တော့်ကို သေသေချာချာ စိုက်ကြည့်လေသည်။

"စန္ဒီများ မောင်မကြိုက်တာ တစ်ခုခုလုပ်မိလို့လား။"

အများကြီး လုပ်မိသည်မှာ သေချာနေသည်။

"မောင်တစ်ခုခု ပြောစရာ ရှိနေလား…"

ကျွန်တော်သည် ကန်ရေပြင်ကိုသာ ငေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်..."

စန္ဒီမိုးဦးဖြူက ကျွန်တော့်ပခုံးစွန်းများကို ကိုင်ကာ သူမဘက်သို့ ဆွဲလှည့်လေသည်။

"မောင် ဘာဖြစ်နေလဲ..."

"ရင်ထဲမှာ ပူနေတာယ်။"

စန္ဒီမျက်နှာပေါ်တွင် အပြောင်းအလဲအချို့ကို မြင်လိုက်ရပေမယ် ကျွန်တော် အဓိပ္ပာယ် မဖော်တတ်။

"မောင်ဟာစ်ခုခု ပြောစမ်းကွာ။ စန္ဒီ မနေတတ်တော့ဘူး ငိုမိလိမ့်မယ်။"

"မနေ့က တင့်ဆွေနဲ့ မြင့်စိုး အမရဆောင်ကို ရောက်သွားကြတယ် စန္ဒီ။"

"သူတို့ နှစ်ယောက်က စန္ဒီနဲ့ ကိုမြင့်ထူးကို တွေ့လာတယ် ဆိုပါတော့။"

သူမသည် ဘာမှ မဖြစ်သလိုနှင့် ပြောနေခြင်းပင်။

တတ်လည်း တတ်နိုင်သည့် စန္ဒီ...။

ကျွန်တော်ကတော့ ကျွန်တော် ကြားရသည့် သတင်းများ မဟုတ်ပါဟု ငြင်းစေချင်ပါသည်။ စန္ဒီမိုးဦး ဖြူသာ ကျွန်တော်ကို အကြောက်အကန် ငြင်းပါက ကျွန်တော်သည် သူမကို ယုံလိုက်မိဦးမလား မပြောတတ်။

"မောင်တစ်ယောက်တည်း သစ်ပုပ်ပင်ကြီးအောက်မှာ စောင့်နေလိမ့်မယ်ဆိုတာ စန္ဒီသိတယ်။ မောင်ဟာ သိပ်လွမ်းစရာ ကောင်းနေမှာပဲ။ ဒါပေမယ် ကိုမြင့်ထူးက အတင်းခေါ်တယ်။ ပြောစရာ ရှိလို့ဆိုပြီး အရေးတကြီး ခေါ်သွားလို့ စန္ဒီလည်း လိုက်သွားမိတယ်

www.burmeseclassic.com



လေ။ သူက ဟိုကျတော့ စန္ဒီကို ပရိုပို့(စ်) လုပ်တော့တာပဲ စန္ဒီ လက်မခံဘူး။"

"ကိုမြင့်ထူးရော၊ ဟစ်(စ်)ထရီက ကိုကိုဇော်ရော စန္ဒီနဲ့ ဘာမှ မတော်ကြဘူးနော် ..."

"ဟုတ်တယ်လေ ..."

"စန္ဒီ အစတုန်းက ပြောတာ့ အစ်ကိုဝမ်းကွဲတွေဆို။"

"သူတို့တစ်တွေက မိဘတွေနဲ့လည်းခင်တယ်။ အိမ်မှာလည်း ဝင်ထွက်သွားလာနေကြတာ ကြာပြီ။ ဒီတော့ အစ်ကိုတွေလို ဖြစ်နေတာပေါ့။ ကိုကိုဇော်ကလဲပရိုပို့(စ်) လုပ်တယ်။ စန္ဒီလက်မခံဘူး။"

"တင့်ဆွေနဲ့ မြင့်စိုးက ပြောတော့ ..."

"ဟုတ်တယ်။ ကိုမြင့်ထူး စန္ဒီကို အတင်းဖက်နမ်းတယ်။ စန္ဒီလည်း လက်မခံဘူး။ သူ့ကို စိတ်ဆိုးပစ်လိုက်တယ်။ သူကို စန္ဒီ ချစ်တယ်လို့ တစ်ခွန်းမှ မပြောဘူး။ ကိုကိုဇော်ကိုလည်း ချစ်ပါတယ် လို့ တစ်ခွန်းမှ မပြောဘူး။ မယုံရင် သူတို့ နှစ်ယောက်စလုံး ရှေ့မှာ စန္ဒီ ရှင်းမယ်။"

ကျွန်တော် ခေါင်းခါလိုက်သည်။

"မလိုပါဘူး စန္ဒီ ..."

"ကြားစကား တွေကို မောင်ယုံလား ..."

"စန္ဒီ နှုတ်ခမ်းလှလှလေးတွေက ပြောတဲ့စကားကိုပဲ မောင် ယုံချင်ပါတယ်။"

"စန္ဒီအမှန်အတိုင်း ပြောပြီးပြီ၊ မောင်ဘယ်လိုသဘောထား လဲ ..."

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို ရဲဝံ့စွာ ကြည့်ပြီး ပြောနေ ခြင်းပင်တည်း။ သူမ၏ မျက်နှာပေါ်တွင် စိန်ခေါ်သည့် အရိပ်အယောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်နေရသည်။

"မောင် စန္ဒီကို ချစ်တယ်..."

"စန္ဒီလည်း မောင့်ကို ချစ်တာပဲ..."

"ပေါ့ပေါ့ဆဆ မပြောပါနဲ့လားကွယ် ..."

"အလေးအနက်ထားပြီး ပြောတာ...။"

"မောင့်တစ်ယောက်တည်းကိုပဲ ပြောတာလား။"

"ဒါပေါ့...။"

"စန္ဒီ ဆရာတစ်ယောက်ကို ပြောခဲ့ဖူးသလားလို့..."

စန္ဒီမိုးဦးဖြူက အသံထွက်အောင် ရယ်မောလိုက်သည်။

"အဲဒီတုန်းက စန္ဒီက ဘာမှ နားမလည်သေးတဲ့ အစိမ်းသက်သက်။ ဆရာက လူလည်။ သူ့ကို စန္ဒီအထင်ကြီးမိတာ ဆန်းသလား။ ဒါပေမဲ့ သူဟာ စန္ဒီရင်ထဲမှာ မရှိတော့ဘူး။ ဒီအကြောင်းတွေကို စန္ဒီကြားလည်း မကြားချင်တော့ဘူး။ မောင် သိပေမယ့် ဘာမှ မပြောဘူးဆိုတာ စန္ဒီလည်းသိတယ်။ ဒီမှာ မောင်။ စန္ဒီကို ဒီအချိန်ကျမှ ဒါတွေ ဘာဖြစ်လို့ လာပြောနေရတာလဲ။ မောင်အငြိုးအတေးထားတတ်သလား။ ရင်ထဲမှာ စွထားတတ်သလား..."

"အချစ်တွေကိုတော့ စွထားတတ်တယ်။"

"ဒါက မောင်စကားတတ်တိုင်း ပြောတာပါ။ တစ်ယောက်နဲ့တစ်ယောက် သံသယတွေ ရှိနေကြရင် မကောင်းဘူးမောင်။ စန္ဒီဟာ မောင်နဲ့ မတွေ့ခင်ကတည်းက ယောကျ်ားလေး သူငယ်ချင်း များတယ်။ ဖော်ဖော်ရွေရွေ နေတတ်တယ်။ အဲဒါ မောင်အသိပဲ။ မောင်ကရော သဝန်တိုပြီး ဘယ်နှစ်ခါ တားမြစ်ဖူးသလဲ။"

"အဲဒါ အပြစ်လား စန္ဒီ။ မောင်က စန္ဒီကို ချစ်လို့ပါ။ စန္ဒီ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူးလေ။"



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ဖြစ်ရပြီလေ..."

စန္ဒီမျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

သူမ၏ မျက်ရည်စမ်းချောင်း နှစ်သွယ်ကို မြင်ရသောအခါ ကျွန်တော့် ရင်ထဲမှာ မခံမရပ်နိုင်အောင် နာကျင်၍ လာသည်။

"မငိုပါနဲ့ စန္ဒီ...။"

"မောင်စန္ဒီကို မယုံဘူး မဟုတ်လား..."

"မောင်ယုံချင်ပါတယ်..."

"မောင် စန္ဒီကို ထားခဲ့တော့မယ် မဟုတ်လား။"

"စန္ဒီနဲ့ ဝေးမှာကို မောင်ကြောက်ပါတယ်။"

စန္ဒီမိုးဦးဖြူက နာရီကို ကြည့်သည်။

"အချိန်ရှိသေးတယ်မောင်။ မောင်ယုံကြည်အောင် တစ်နည်းပဲ ပြစရာ ရှိတော့တယ်။ မောင်နဲ့ စန္ဒီ ရုံးတက်ပြီး လက်မှတ်ထိုးမယ်။"

"ဘာ...ဘာပြောတယ်..."

"အို... အခု သွားမယ်။ ဒါမှ မောင်ယုံမှာ..."

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို အတင်းဆွဲခေါ်လေရာ ကျွန်တော်ကပဲ သူမကို ချော့မော့၍ သူမ၏ အစီအစဉ်ကို ဖျက်သိမ်းစေရလေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com 

(၈)

"ဟေ့ကောင်... ထက်လင်းဖြိုး။ မင်း ငါတို့မြို့က မပြုးကို မှတ်မိလား..."

တင့်ဆွေ ဘာကိုရည်ရွယ်တော့မည်ဆိုတာကို ကျွန်တော်သိသည်။ ထို့ကြောင့် လက်ဖက်ရည်ပူပူကြီးကို ခေါင်းငုံ့ကာ ကြိတ်မှိတ်၍ သောက်မိသည်။

"မင်းမမှတ်မိရင်လဲ ပြောရတာပေါ့ကွာ။ ဒီလိုကွ မြင့်စိုးရ။ ငါတို့ ခပ်ငယ်ငယ်ပေါ့ကွာ။ မပြုးဆိုတာ ရှိတယ်။ သူ့ယောက်ျားက စာရင်းငှား ကိုတိုး။ သိပ်သဘောကောင်းတယ်။ ကိုတိုးကြီးက သူ့မယားမပြုး ဝဝစားရဖို့၊ လှလှဆင်ရဖို့ လယ်ထဲမှာ ကျုံးရုန်းပြီး လုပ်တယ်။ ကိုဖိုးသိုက်ဆိုတာက ကြာကူရီ။ သူ့မယားကို ကြာကူရီ ရိုက်ပါလေရောကွာ။ ကိုတိုးကြီးက မသိရှာဘူး။ ကြာတော့ လူတွေက မနေနိုင်ဘူး။ ကိုတိုးကို တိုင်ကြတောကြတယ်။ ကိုတိုးက လက်မခံဘူးကွ။"

"တော်ပါတော့ တင့်ဆွေရာ..."

"ဇာတ်လမ်းက မဆုံးသေးတော့ တော်လို့မဖြစ်ဘူး ထက်လင်းဖြိုး။ ဆုံးအောင်တော့ ဆက်ရမှာပဲကွ။ မင်းသိပြီးသားပေမယ့် မြင့်စိုးက မသိသေးဘူးလေ။ ကိုတိုးက မယုံကြည်တော့ ကြားထဲက ဝင်ပြောတဲ့သူတွေလည်း အချောင်အမှန်းခံရတာပေါ့။ ဒါနဲ့ တစ်နေ့ လက်ပူးလက်ကြပ် ဖမ်းပြီးပြုပါလေရော။ အဲဒီမှာ မပြုးကလည်း အပါးပဲ။ သူ့ကို ဖမ်းလည်းဖမ်းရော။ ကိုဖိုးသိုက်က သူ့ကို ဘလက္ကာယလုပ်ပါတယ်လို့ အော်ရောဟေ့ ... ကိုဖိုးသိုက်လည်း ထွက်ပြေးရတယ်။ ကိုတိုးကတော့ ငါ့မိန်းမ ငါ့အပေါ် သစ္စာရှိတယ်။ ဟိုကောင် ဘလက္ကာယလုပ်တာကို လက်မခံဘူးဆိုပြီး သဘောကို ကျလို့..."



www.burmeseclassic.com

www.burmeseclassic.com



"နွားဆိုတာ အဲဒါမျိုးကို ပြောတာလား တင့်ဆွေ..."

မြင့်စိုးက ဝင်မေးသည်။

"ဇာတ်လမ်းက မဆုံးသေးဘူး ငါ့လူ။ လူတွေကလည်း ဒီလောက်တောင် ဖြစ်လှတာဆိုပြီး မပြောတော့ဘူး။ ကိုဖိုးသိုက်လဲ ကြာကူရီ ရိုက်မြဲပဲ။ နောက်တော့ ကိုတိုး မသိချင်လို့ မရတော့ဘူး။ သိရော ဆိုပါတော့ကွာ။ အဲဒီမှာ မပြုံးက မျက်ရည်ခံထိုးတယ်။ ရှင်ကျွန်မ စိတ်ချမ်းသာတာ မြင်ချင်တယ်ဆို။ ကျွန်မ ကိုဖိုးသိုက်နဲ့ မပေါင်းရရင် သေမှာပဲ ဘာညာနဲ့ ပြောတယ်ကွ။ ကိုတိုး ဘာလုပ်တယ်ထင်လဲ။ ကိုဖိုးသိုက်ကိုပါ အိမ်ပေါ် ခေါ် တင် လိုက် ရ တယ် ဟေ့..."

"အဲဒီလောက် သဘောကောင်းရသတဲ့လားကွာ..."

"ဒါ တကယ်ဖြစ်ခဲ့တာပါ မြင့်စိုး။ မင့်ကောင် ထက်လင်းဖြိုး သိပါတယ်။ မိန်းမတစ်ယောက်က လင်နှစ်ယောက်ကို အိမ်ပေါ်တင်ပြီး တစ်ပြိုင်တည်း ပေါင်းနေတာကို အရပ်က ကြည့်မရတော့ဘူး။ ဒါနဲ့ ကိုသန်းအောင်တို့ ကိုသိန်းထွန်းတို့ ခေါင်းဆောင်ပြီး ခဲနဲ့ ဝိုင်းထုကြတယ်။ ကိုတိုးက တိုင်လို့ ကိုသိန်းထွန်းနဲ့ ကိုသန်းအောင်တို့ ငါးဦးကော်မတီ တစ်ညချုပ်ထားတယ်။ နောက်ဆုံးတော့ တိုတိုပြော ရရင် မပြုံးက ကိုဖိုးသိုက်နဲ့ လိုက်သွားတယ်။ ကိုတိုးကတော့ တရှောင်ရှောင်နဲ့ လုံးပါးပါးပြီး သေသွားရှာတယ်။"

"ရင်ကွဲနာဆိုပါတော့ တင့်ဆွေ။"

"ကိုတိုးက သေခါနီး ပြောသွားသေးတယ်။ မပြုံးအပေါ်မှာ သူ့လောက်ချစ်တဲ့သူ မရှိပါဘူးတဲ့။ မှန်တယ် သူငယ်ချင်း။ သူ့လို အချစ်မျိုး တကယ်ရှားပါတယ်။ ဒါပေမဲ့ သူ့လို ဘယ်သူ့ အချစ် သူရဲကောင်းကြီးဆိုပြီး မချီးမွမ်းကြဘူးကွ။ သောက်ရူးကြီး၊ နွားကြီး



www.burmeseclassic.com

www.burmeseclassic.com



လို့ ဝိုင်းဆဲကြတယ်။ ဒီမှာ ထက်လင်းဖြိုး…"

ကျွန်တော် သူ့ကို ကြည့်လိုက်သည်။

"မင်း ကိုတိုးလား…"

ကျွန်တော် ခေါင်းငုံ့ လိုက်သည်။

" ဒီဇာတ်လမ်းဟာ ငါတို့မြို့မှာ ငါတို့ ငယ်ငယ်တုန်းက တကယ်ကြုံခဲ့ရတဲ့ ဇာတ်လမ်း။ ကိုသိန်းထွန်းတို့၊ ကိုသန်းအောင်တို့ ခဲနဲ့ထုမယ်လုပ်တော့ ငါတို့ ကလေးတွေ တစ်ပြုံကြီး လိုက်သွားကြတယ်။ မင်းလည်းပါတယ်။ ငါလည်းပါတယ်။ အဲဒီတုန်းက ငါတို့က အပျော်သွားလုပ်ကြတာ။ ဒီမှာ ထက်လင်းဖြိုး။ မင်း စန္ဒီမိုးဦးဖြူကို ချစ်လား…"

"ငါဖြေစရာ လိုသေးလို့လား။"

"မင်း ကိုတိုးလို အချစ်မျိုးနဲ့ ချစ်လား…"

သူ့အမေးကို ကျွန်တော် မဖြေခင် မြင့်စိုးက ကြားဖြတ်၍

"ဒီနေရာမှာ စန္ဒီမိုးဦးဖြူကလည်း မပြုံးလိုပဲလားဆိုတာ တိုင်းတာဖို့တော့ လိုလိမ့်ဦးမယ် တင့်ဆွေ …"

❖

## (၅)

ကျွန်တော်သည်စန္ဒီမိုးဦးဖြူအား ခြေရာခံ၍ လိုက်တော့သည်။ မိုးကုန်၍ ဆောင်းအကူး ရာသီဥတုက ကြည်လင် သာယာနေသည်။ ကျွန်တော့်ရင်တွင်းတွင်ကား ကြည်လင်သာယာခြင်း မရှိ။ တက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သားများမှာ ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ် ရွှေရတုသဘင်အတွက် အလုပ်ရှုပ်နေကြသည်။ ကျွန်တော်သည် အဓိက ဘာသာဆိုင်ရာ အသင်း၏ အဖွဲ့ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအဖြစ် အရွေးခံထားရလေရာ ပို့(စ်)ကတ်များကို တာဝန်ယူရောင်းချပေးရသည်။

ပို့(စ)ကတ်ရောင်းချရေး တာဝန်ကို တင့်ဆွေနှင့် မြင့်စိုးအားလွှဲလိုက်သည်။ ထို့နောက် ကျွန်တော်သည် သိပ္ပံအဆောက်အအုံမှထွက်ခွာလာပြီး အဓိပတိလမ်းမဘက်သို့ ဆင်းလာသည်။ လမ်းကိုဖြတ်ကူးပြီး တက္ကသိုလ် အပန်းဖြေရိပ်သာထဲတွင်ဝင်သည်။ ထို့နောက်လှည်းသွားစကြ်ံလေးများအတိုင်း သိရိဆောင်နံဘေးမှ ဝိဇ္ဇာ အဆောက်အအုံနောက်ရှိ စားသောက်ဆိုင်များဘက်သို့သွားသည်။

စန္ဒီမိုးဦးဖြူသည် ကျွန်တော်ရောက်ရှိလာလိမ့်မည်ဟု မျှော်လင့်လိမ့်မည်မဟုတ်ပေ။ သူမ၏ လွမ်းမိုးချုပ်ကိုင်မှုကို လိုလား နှစ်ခြိုက်စွာ ခံယူခဲ့သော ကျွန်တော်သည် သူမအား ကြိုတင်အသိပေးခြင်းမပြုဘဲ စီးပွားရေး တက္ကသိုလ်သို့ လာခွင့်မရှိပေ။ ထို့အပြင် ချိန်းဆိုချက် မှန်သမျှသည် သူမ၏ စိတ်တိုင်းကျသာဖြစ်သည်။

အချိန်...

နေရာ...။

ကျွန်တော် ဝတ်လာရမည့် အဝတ်အစား...။

အားလုံး... အားလုံး စန္ဒီမိုးဦးဖြူ၏ စိတ်ကြိုက်။

အမေကြည့်ဆိုင်မှာ စန္ဒီမိုးဦးဖြူကို မတွေ့ရပေ။ သူမသည် ကျွန်တော် ကျောင်းမှန်မှန် တက်နေလိမ့်မည်ဟုထင်မှတ်နေလိမ့်မည်။ သူမသည်လည်း အတန်းထဲမှာပဲရှိမည်ဟု ဆိုသည်။ သမိုင်းဌာနဘက်ဝင်၍ ကိုကိုဇော်ကို ကြည့်သည်။ ကော်လာကတုံး အင်္ကျီဖြူ၊ မီးခိုးရောင် တိုက်ပုံ၊ ရခိုင်လုံချည်နှင့် ခန့်ညားပုံရသော ကိုကိုဇော်သည် ပါဝါမျက်မှန်တစ်လက် တပ်ဆင်ထားခြင်းဖြင့် ပညာတတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းနေသည်။ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုဖြစ်သော မိုးည အိပ်မက် မြူထဲက မောင်ညိုမှိုင်း၏ ပုံမျိုးပင်။

ကိုကိုဇော်သည် သူတို့ အတန်းထဲမှာပဲငြိမ်သက်စွာ ရှိသည်။

ကျွန်တော်သည် ကျောင်းသားအုပ်စုတစ်စုနှင့် ရောၡ၍ စီးပွားရေး တက္ကသိုလ်သို့ ကူးလာလိုက်သည်။ စန္ဒီမိုးဦးဖြူ၏ အချိန်ဇယားများ ကျွန်တော်ထံတွင် ရှိနေလေရာ သူမ မည်သည့်အခန်းတွင် ရှိမည်ကို ကျွန်တော် သိသည်။ ထိုအခန်းထဲတွင် ကျောင်းသား ကျောင်းသူ အချို့ရှိသော်လည်း ဆရာ၊ ဆရာမတွေ သင်ကြားနေခြင်း မရှိ။ စန္ဒီ မိုးဦးဖြူ ကိုလည်း မတွေ့ရ။ သို့သော် စုထွေးသည် နောက်ပိုင်းကျကျ ခုံတန်းတစ်ခုတွင် ထိုင်နေလေသည်။

ကျွန်တော် စုထွေးဘေးနား ဝင်ထိုင်လိုက်သည်။

"သူက နင့်ကို ဘာများ ညာလိုက်ဖို့ မှာသွားလဲ စုထွေး..."

စုထွေး ခေါင်းကုတ်ရသည်။

"သူဘယ်ထွက်သွားလဲ မသိဘူး။"

"သူတစ်ယောက်တည်းမှ ဟုတ်ရဲ့လား..."

"ငါတွေ့တာတော့ သူတစ်ယောက်တည်းပဲ..."

"နင်လည်း အပြစ်လွှတ်အောင် ဖြေနေပြန်ပြီ စုထွေးရယ်။ ငါ့ကို သနားပါဦး"

စုထွေးက စိတ်ရှုပ်စွာဖြင့် ခေါင်းကုတ်ပြန်သည်။

"ခက်တယ်ဟာ..."

"ခက်အောင်လုပ်တာကိုး။ လွယ်ချင်ရင် ရပါတယ်ဟာ..."

"နင်တို့ ဘာတွေ ဖြစ်နေကြတာလဲ..."

"သူနဲ့ ငါနဲ့ ချစ်သူတွေ ဖြစ်နေကြတယ်ဆိုတာတော့ နင်သိပါ တယ်နော်..."

www.burmeseclassic.com

www.burmeseclassic.com


"အိုး ... ထက်လင်းဖြိုးရယ်။ နင်ကလည်းအဆန်းလုပ်လို့။ ဟိုတုန်းကတည်းက နင်တို့ နှစ်ယောက် ငါတို့အိမ်ကို လာကြဖူးတာပဲ..."

ကျွန်တော် ခေါင်းခါလိုက်သည်။

"အဲဒီတုန်းက တို့ တရားဝင် ချစ်သူတွေ မဟုတ်သေးဘူး။ သူဟာ ဆရာကို လွမ်းလို့ကောင်းတုန်းပဲ ရှိသေးတယ်။"

"ဆရာဝဏ္ဏအောင်လား..."

"အဲဒီနာမည်ကို သူတစ်ခါမှ မပြောပြဖူးဘူး။ တို့ကလည်း မမေးဖူးဘူး။"

စုထွေးသည် ကျွန်တော်ကို အလွန်သနားစရာကောင်းလှသော သတ္တဝါတစ်ကောင်နှယ် ကြည့်ပြီးပြုံးသည်။

"နင်တို့ကြားမှာ ငါဝင်မပါချင်ဘူး။ ထက်လင်းဖြိုး..."

"ငါ့အတွက် ထည့်မစဉ်းစားရင်တောင် သူ့အတွက်ရော နင် ထည့်မစဉ်းစားတော့ဘူးလား စုထွေး..."

"သူက ဘယ်တုန်းကမှပြောလို့မရဘူး။ တို့တစ်တွေ ကျူရှင်တက်ကြတော့ ဆရာဝဏ္ဏအောင်က သိပ်မဟုတ်ဘူး။ ငါတို့ ကျောင်းသူတွေအပေါ် အခွင့်အရေးယူချင်တယ်။ တို့အားလုံး အဲဒီ ကျူရှင်ကို ဖျက်လိုက်ကြတယ်။ သူက ဆရာဝဏ္ဏအောင်ကို အိမ်အထိ ခေါ်သင်တယ်လေ။ အဲဒီမှာ ပြဿနာတက်ကြတာ။ အဲဒီဆရာက လွတ်လွတ်လပ်လပ်လည်းမဟုတ်ဘူး။ ဒါပေမဲ့ နင်နဲ့တွေ့တော့ သူ နည်းနည်း ငြိမ်သွားတယ်။"

ကျွန်တော် ငြိမ်၍ နားထောင်နေရသည်။

"သူက ချောတယ် မဟုတ်လား။ သူ့အလှအပေါ်မှာလည်း အမြဲတမ်း မာနထားတယ်။ အချစ်ဆိုတာကို သူရှာနေတုန်းလို့လည်း


www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။"

"ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်ထားပြီး တကယ်ချစ် မချစ် စမ်းကြည့်နေတာများလား စုထွေးရယ်။ အဲဒါမျိုးက ယောကျ်ားလေးတွေအတွက် မထောင်းသာပေမယ့် မိန်းကလေးတွေအတွက် မကောင်းဘူးဟ...။"

"အဲဒါလည်း သူသိတာပဲ။ ငါတို့လည်းပြောတာပဲ။ ဒါပေမယ့် သူကပြောတယ်။ ယောကျ်ားနဲ့ မိန်းမ လူချင်းအတူတူပဲတဲ့။ ယောကျ်ားလေးတွေ လုပ်နိုင်တဲ့ အခွင့်အရေးမှန်သမျှ မိန်းမတွေက ဘာလို့ မလုပ်နိုင်ရမှာလည်းတဲ့..."

ဆရာတစ်ယောက် ဝင်လာသဖြင့် ကျွန်တော်တို့ချင်း စကားစ ပြတ်သွားသည်။

"နင်ဟာ တော်တော်ရိုးတာပဲ။ ရိုးလွန်းလို့ အ–တယ်လို့ ပြောရင်တောင် ရတယ်။ နင့်ကို ငါသနားတယ်။ သနားလို့ ပြောလိုက်မယ်ဟာ။ အင်းလျားဘက်သွားကြည့်။ သူ့ကို ကိုမြင့်ထူး လာခေါ်သွားတယ်။ အေး...ပြဿနာကို ပြေလည်အောင် ရှင်းကြဟာ။ ပြတ်ပြတ်သားသား ဖြစ်တော့လည်း ငါတို့အနေနဲ့ မျက်နှာပူရသက်သာတယ်။ ဟော့... ဒီမှာ ငါပြောတယ်လို့တော့ မပြောနဲ့။"

ကျွန်တော်သည် စုထွေးတို့၏ စာသင်ခန်းထဲမှ ခပ်သွက်သွက်ထွက်လာသည်။ ဘွဲ့နှင်းသဘင် ခန်းမကြီး၏ အနောက်ဘက်ရှိ တံခါးပေါက်မှ အင်းလျားလမ်းဘက်သို့ ထွက်သည်။ ကျွန်တော်သည် တက္ကသိုလ် လှေလှော်ရွက်တိုက်အသင်းသို့ ရောက်သောအခါ ခြေလှမ်းတွေ နှေးလာသည်။ ပြန်လှည့်ရလျှင် ကောင်းမလားဟုလည်း စဉ်းစားမိသည်။ ကျွန်တော်သည် စန္ဒီမိုးဦးဖြူနှင့် အခြားတစ်ယောက်ကို မမြင်ဝံ့ပြန်။



www.burmeseclassic.com

 www.burmeseclassic.com

သို့ဆိုလျှင် ဤအတိုင်း ဆက်သွားမလား။

ကျွန်တော်သည် စန္ဒီမိုးဦးဖြူ၏ ဘယ်နှစ်ယောက်မြောက်မှန်း မသိသည့် ရည်းစားဘဝဖြင့် သူမ လုပ်ချင်ရာ လုပ်နေသည်ကို ခွင့်လွှတ်နေရမှာလား။ ခွင့်လွှတ်ခြင်းနှင့် ဥပက္ခာပြုခြင်းသည် တူညီပါသလား။ အချစ်ဘာသာရပ်တွင် သဝန်တိုခြင်းသည် အပြစ်ရှိပါသလား။

ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူသည် ဘူးသီးကြော်ဆိုင်တွေမှာ အတူထိုင်လေ့ ရှိသည်။ ရံဖန်ရံခါ သူငယ်ချင်းတွေလည်း ပါသည်။ ကျွန်တော်တို့ နှစ်ယောက်တည်းဆိုပါက အင်းလျားကန်စပ်ရှိ သရက်ပင်ကြီးတစ်ပင်၏ အရိပ်မှာ ထိုင်ကြသည်။ ထိုနေရာမှ တစ်ပါးမထိုင်။ ထိုနေရာလေးကို အချစ်ရိပ်ဟု ကျွန်တော်တို့ချင်း နားလည်သည်။ ထိုနေရာလေးကို တစ်ယောက်တည်း လာမထိုင်ရန် ကျွန်တော်တို့ နားလည်မှု ယူထားသည်။

ကျွန်တော်သည် အင်းလျားကန်စပ်တစ်လျှောက် တုန်လှုပ်စွာဖြင့် ရွေ့လျားသွားလာနေမိသည်။ ရွက်လှေများသည် ညင်သာစွာ ရွေ့လျားနေသည်။ ဆောင်းဦးကာလ၏ နီလာသားရောင် တောက်ပနေသော ကောင်းကင်တွင်တိမ်ပဝါဖြူအချို့ကို ဟိုတစ်စ သည်တစ်စ တွေ့ရသည်။ ကန်ရေပြင်အပြာတွင် တိမ်ရိပ်အဖြူတွေ ထွက်ပေါ်နေသည်။ ချစ်သူစုံတွဲအချို့ကို ကျွန်တော်သည် မကြည့်ရဲကြည့်ရဲဖြင့် မဝံ့မရဲကြည့်မိသည်။ စန္ဒီမိုးဦးဖြူ မဟုတ်မှန်း သိသောအခါ ယာယီအားဖြင့် စိတ်ချမ်းသာသွားသည်။

အချိန်အတော်ကြာပင် မရေမရာ လျှောက်သွားနေပြီးနောက် ကျွန်တော်သည် ကျွန်တော်တို့ထိုင်နေကျ အချစ်ရိပ်သို့ လာသည်။ ခါတိုင်းလို နေရာလေးတွင် ချစ်သူတို့ ရောက်နှင့်နေပြီး မအားလပ်

www.burmeseclassic.com


လျှင်ပင်ကျွန်တော်တို့ နှစ်ယောက် ဘူးသီးကြော်ဆိုင်မှာ သွားထိုင်တတ်ကြသည်။

ထိုနေရာတွင် လူရှိနေသည်။

စန္ဒီမိုးဦးဖြူသည် ကိုမြင့်ထူးနှင့်အတူထိုင်နေလေသည်။

စန္ဒီမိုးဦးဖြူသည် မနက်က ကျွန်တော်နှင့် အဓိပတိလမ်းပေါ်မှာ တွေ့လိုက်ရသည့်အတိုင်း အဝါရောင် ဝမ်းဆက်ကို ဝတ်ထားသည်။ ကိုမြင့်ထူးသည် ဘောင်းဘီရှည်နှင့် စပို့ရှပ်ကို သပ်ယပ်စွာ ဝတ်ဆင်ထားသည်။ ရှပ်အင်္ကျီ လက်တိုနှင့် ပုဆိုးတိုတို ဝတ်ထားသော ကျွန်တော်သည် တောပုံပေါက်နေမှာ သေချာသည်။ ရန်ကုန်နှင့် မဝေးလှသော မြို့လေးတစ်မြို့မှ လာသည့် ကျွန်တော်သည် အတွေးအခေါ်တွေက တကယ်ပဲ တောဆန်နေပါသလား။

ကိုမြင့်ထူးသည် ကျွန်တော့်ကို မျက်မှောင်ကြုတ်၍ ကြည့်သည်။

"စန္ဒီ..."

ကျွန်တော် ကြေကွဲစွာ ခေါ်လိုက်သည်။

စန္ဒီမိုးဦးဖြူသည် ကိုမြင့်ထူး၏ လက်မောင်းကို မှီထားရာမှ ကိုယ်ချင်းခွာလိုက်သည်။

"ဖြိုး..."

မောင်ဟု မခေါ်ဘဲဖြိုးဟု ခေါ်တာကို ကျွန်တော် သတိထားမိလိုက်သည်။

"ဖြိုး ဘာဖြစ်လို့ လိုက်လာရတာလဲ..."

သူမက တည်ငြိမ်စွာ မေးသည်၊ ကျွန်တော်ကား ဒေါသတွေ တလိပ်လိပ်တက်၍ လာလေပြီ။

"မောင်ဒီလို မလာရဘူးလား။"

"ဒီလို လိုက်ချောင်းတာဟာ သိပ်အောက်တန်းကျတယ်။"

www.burmeseclassic.com

"မောင်က စန္ဒီကို လေးလေးနက်နက် ချစ်တာ။ အဲဒါဟာ အောက်တန်းကျတာလား"

ကိုမြင့်ထူးက ထိုင်ရာမှ ထလိုက်သည်။ စန္ဒီမိုးဦးဖြူလည်း လိုက်ထသည်။

"ဖြူ… သူက ဘယ်သူလဲ…"

"မက်(သ်စ်)မေဂျာ စက်ကင်းယီးယားက ထက်လင်းဖြိုး။ ဖြူ့ဘွိုင်းဖရင့်ပဲ။"

သူမသည် ဗိုလ်ဆန်စွာ ဖြေသည်။ ဘွိုင်းဖရင့် ဟူသော အင်္ဂလိပ်စကားသည် တိုက်ရိုက်ဘာသာပြန်လျှင် ယောကျာ်းလေးသူငယ်ချင်းဟု အဓိပ္ပာယ်ရသော်လည်း အနောက်တိုင်း ယဉ်ကျေးမှုအရဆိုလျှင် ရံဖန်ရံခါ ရည်းစားကောင်လေးဟု အဓိပ္ပာယ်ထွက်ကြောင်း အင်္ဂလိပ်စာနည်းပြ ဆရာမက ပြောဖူးသည်။

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေဟန်တူသည်။

သို့မဟုတ် သူမသည် ရှက်ရမ်း ရမ်းချင်နေပုံရသည်။ သို့မဟုတ် သူမသည် သူမ၏ စိတ်တွင် အခန့်မသင့် ဖြစ်ရခြင်းအား ကျွန်တော့်ကို မဲချင်နေဟန်တူသည်။

"ဖြူ ကိုယ်နဲ့တော့ ပြတ်ပြတ်သားသား ရှင်းမှဖြစ်မယ်။"

ကိုမြင့်ထူးက တည်ငြိမ်စွာ ဆိုသည်။

"သူနဲ့ ဖြူ တွဲနေတယ်ဆိုတာ ကိုယ်လည်း သတင်းရနေတာကြာပြီ။ သူ့အပေါ် ဖြူဘယ်လို သဘောထားလဲ…"

စန္ဒီမိုးဦးဖြူက မဖြေ။

"ကိုယ်ကတော့ ကိုယ်တစ်ယောက်တည်းကိုပဲ ချစ်စေချင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဖြူ။ ဖြူနဲ့ ကိုယ် ချစ်လာကြတာ ကြာပါပြီ။ နှစ်နှစ် မကတော့ဘူး…"

ကျွန်တော် မှုးမေ့၍ မလဲမိအောင်ပင် သတိထားလိုက်မိရသည်။ စန္ဒီမိုးဦးဖြူအတွက် ဆရာဝဏ္ဏအောင်သည် ပထမဆုံးသော အတွေ့အကြုံဆိုလျှင် ကျွန်တော်သည် ဒုတိယလူဖြစ်သည်ဟု ထင်ခဲ့သည်။ နောက်ဆုံးလူ ဖြစ်ရလျှင် ဒုတိယလူ၏ ဘဝသည်လည်း ကျေနပ်စရာပင်ဟု ကျွန်တော် နှစ်သိမ့်နေမိသည်။ ယခုတော့ ကိုမြင့်ထူးက ကျွန်တော့်ထက် ချစ်သက်တမ်း ရှည်သူပေပဲ။

"အခုတော့ ဖြူ မရှင်းချင်သေးဘူးကွာ။ နောက်တော့ ဖြူ ရှင်းပြမယ်။"

"မျက်စိမှိတ် မရှောင်ပါနဲ့ဖြူ။ မျက်စိမှိတ် ရှောင်ရင် မလွယ်ဘူး။ ပြီးတော့ ကိုယ်က သစ္စာတရားကို အလေးထားတယ်။ ဟာစ်စထရီမေဂျာက ကိုကိုဇော်နဲ့ တွဲတယ်ကြားလို့ ကိုယ်ဖြောင်ပဲ ဖွင့်မေးခဲ့တယ်။ ကိုကိုဇော်က သူကျွန်တော့်ကို အမျိုးမျိုး အရှုပ်လုပ်နေတာပါဗျာတဲ့။ သူကျွန်တော့်ကို ချစ်တယ်လို့ တစ်ခါမှ မပြောဖူးပါဘူးတဲ့။ ကိုယ်ခွင့်လွှတ်ခဲ့တယ်။"

စန္ဒီမိုးဦးဖြူသည် ခေါင်းငုံ့၍ နေသည်။

"အခုလည်း သတင်းကြားနေတာ ကြာပြီဖြူ။ သူ့ကို ကိုယ် မေးရတော့မယ်"

ကိုမြင့်ထူးသည် ကျွန်တော့်ဘက်လှည့်လိုက်သည်။

"ကိုထက်လင်းဖြိုး။ ခင်ဗျားနဲ့ ကျွန်တော် အတိအလင်း ဆွေးနွေးကြတာပေါ့ဗျာ။"

သူသည် ကျွန်တော့်ထက် အသက်ကြီးသည်။ အတန်းကြီးသည်။ သို့သော် သူသည် ကျွန်တော့်ကို လေးစားစွာပင် ဆက်ဆံသည်။

www.burmeseclassic.com



ကျွန်တော်သည် ကိုမြင့်ထူးအား ကျွန်တော့်အချစ်ကို လုယူသူအဖြစ် ဒေါသတွေ ဖြစ် နေမိသည်။ ရိုင်းပြစွာ ဆက်ဆံဖို့လည်း ကြံထားသည်။ ရန်ဖြစ်ရန်လည်း အသင့်။

အခုတော့ အားလုံးပြောင်းပြန်။

စင်စစ် ကိုမြင့်ထူးသည် ကျွန်တော့်ထက်စောစွာ စန္ဒီမိုးဦးဖြူနှင့် ချစ်သူဖြစ်ခဲ့ရသူ။ ကျွန်တော်ကသာ နောက်မှပေါ်သည့် ရွှေကြာပင်။ ကျွန်တော်သည်သာလျှင် ကျွန်တော်ကိုယ်တိုင် မသိဘဲ အချစ်သူခိုး ဖြစ်နေရသူ။

"ခင်ဗျားနဲ့ စန္ဒီမိုးဦးဖြူနဲ့ ချစ်နေကြလား။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ဖြေစမ်းပါဗျာ။"

ကျွန်တော့်နှုတ်က ဘာသံမျှ ထွက်မလာ။ ကျွန်တော်သည် အံကြိတ်ထားသည်။ စန္ဒီမိုးဦးဖြူကိုလည်း မကြည့်။ ကျွန်တော် မျက်စိတွေ မှိတ်ထားပြီး ခေါင်းညိတ်လိုက်သည်။

"ရက်စက်လှချည်လားဖြူ။ မင်းကို အသည်းခွဲတတ်တယ်လို့ သူငယ်ချင်းတွေက ပြောတုန်းက ကိုယ်မယုံခဲ့ဘူး။ မင်းဟာ အသည်း ခွဲ ဘုရင်မ၊ အသည်းစား ဘုရင်မပဲ။ ကိုယ့်ကို ချစ်ပါတယ်လို့ မင်း အကြိမ်ကြိမ် ပြောခဲ့တယ်။ အခုတော့ ကိုယ့်ကွယ်ရာမှာ မင်းက နောက်တစ်ယောက်နဲ့ ချစ်တယ်။"

"ကိုမြင့်ထူးက ဘယ်လိုဆုံးဖြတ်ချင်လဲ..."

စန္ဒီမိုးဦးဖြူသည် ကိုမြင့်ထူးကို ခပ်တင်းတင်းကြည့်ပြီး မေး သည်။

"ကိုယ်အရင်ကတည်းက ပြောပြီးပြီ။ ဒါမျိုးကိုယ် ခွင့်မလွှတ် နိုင်ဘူး။ ကိုယ်တို့လမ်းခွဲကြတာပဲ ကောင်းတယ်။ မင်းလိုလောင်း



www.burmeseclassic.com

www.burmeseclassic.com



ဗလဲနိုင်တဲ့ မိန်းမတစ်ယောက်ကို ကိုယ်ဆက်ပြီး လက်မတွဲနိုင်တော့ဘူးဖြူ။"

စန္ဒီမိုးဦးဖြူက တသိမ့်သိမ့် ရယ်မောလိုက်သည်။

"ရှင်ကများ ကျွန်မကို ဗလောင်းဗလဲနိုင်တယ်လေး–ဘာလေးနဲ့။ ရှင်အခုပဲပြောတယ်လေ။ ကျွန်မကို ချစ်တယ်လေး ဘာလေးနဲ့။ ဆယ်မိနစ်တောင် မပြည့်သေးဘူး။ မချစ်ရင်နေပေါ့ရှင် ရပါတယ်။ လမ်းခွဲရတာ မဆန်းပါဘူး ကျွန်မကလည်းရှင့်ကို လမ်းခွဲချင်နေတာကြာပြီ။ အားနာနေတာနဲ့ အချိန်တွေ ကြာနေရတယ်..."

စန္ဒီမိုးဦးဖြူ၏ လေသံမှာ ပေါ့ပေါ့ဆဆ နိုင်လှသည်။

"မင်းတော်တော်ဆိုးတဲ့ မိန်းမ..."

ကိုမြင့်ထူးသည် စန္ဒီမိုးဦးဖြူကို ဒေါသဖြစ်စွာဖြင့် စူးစူးဝါးဝါး ကြည့်သည်။ ထို့နောက် ကျွန်တော့်ဘက်သို့ ဖြည်းညှင်းစွာ လှည့်လာသည်။

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ ပြဿနာ မရှိပါဘူး။ ကျွန်တော်တော့ သွားပြီ။ ကျွန်တော်တို့ ကိစ္စက ပြတ်ပြီ။ ခင်ဗျားအလှည့်ပဲ ကိုထက်လင်းဖြိုး..."

ကိုမြင့်ထူးသည် ခြေလှမ်းကြဲကြီးများဖြင့် ထွက်ခွာသွားတော့သည်။ ကျွန်တော်သည် ကိုမြင့်ထူး၏ ကျောပြင်ကို မျက်စိတစ်ဆုံး ငေးမောနေမိသည်။ စန္ဒီမိုးဦးဖြူ၏ ရှိုက်သံကိုကြား၍ ကြည့်လိုက်ရာ သူမသည် လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကို အုပ်၍ ငိုကြွေးနေသည်။ တကယ်ငိုသလား။ ဟန်ဆောင် ငိုကြွေးသလား ကျွန်တော်မသိ။ တကယ်ငိုတာဟုဆိုလျှင် ကိုမြင့်ထူးသူမကို စွန့်ခွာသွားသို့ဝမ်းနည်းပြီး ငိုတာလား။ ဟန်ဆောင်ငိုတာဆိုလျှင် ဘာကြောင့်ငိုတာလဲ။ အဲဒါတွေလည်း ကျွန်တော်မသိ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တသိမ့်သိမ့်ရှိုက်နေရာမှ လက်ဖဝါးနှစ်ဘက်ကို မျက်နှာရှေ့မှ ဖယ်ရှားလိုက်သည်။ မျက်ရည်များဖြင့် ပြည့်လျှံနေသော မျက်ဝန်းများသည် ကျွန်တော့်ကို ရွှန်းရွှန်းစားစား ကြည့်နေကြသည်။

"မောင်ကရော။ စန္ဒီကို စွန့်ခွာသွားတော့မှာလား။"

ကျွန်တော် အဖြေမပေးမိ။

"ခဏထိုင်ပါဦးလား မောင်..."

ကျွန်တော် ခေါင်းခါလိုက်သည်။

"မောင်သွားတော့မယ်ပေါ့။ စန္ဒီခွင့်မပြုဘူး။ ကိုမြင့်ထူးကို မတားခဲ့ပေမယ့် မောင့်ကိုတော့ အတင်းဆွဲထားရမှာပဲ။ မောင့်ကို စန္ဒီ မခွဲနိုင်ဘူး။"

"တို့ကို ရှုးအောင်လုပ်နေတာလား စန္ဒီ။"

"စန္ဒီလည်းရှုးနေတာပါ။ စန္ဒီ ဘယ်လိုရှုးလဲဆိုတာ မောင် မသိချင်ဘူးလား။ ခဏထိုင်ပါ မောင်။ မောင်က စန္ဒီစကားတွေကို နားမထောင်ချင်တော့ဘူးလား။"

"တို့အသည်းတွေ ကြေမွ ပြန့်ကြဲသွားတဲ့ ဒီနေရာမှာ တို့ ဘယ်လို လုပ်ထိုင်ရမှာလဲ။တို့တစ်သက်လုံး ဒီနေရာမှာ မထိုင်တော့ဘူး စန္ဒီ..."

"ကောင်းပြီ။ စန္ဒီလည်း ဒီမှာ မနေချင်တော့ပါဘူး ...။ စန္ဒီတို့ တစ်နေရာရာ သွားကြရအောင်..."

ကိုမြင့်ထူးက ကျွန်တော့်အလှည့်ဟု ပြောသွားသည်။ ကျွန်တော်သည် သူ့ကို ချက်ချင်းလက်ငင်း ပြတ်သားစွာ ဆုံးဖြတ်ချက် မချနိုင်ပေ။ ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူ တစ်နေရာရာကို အတူ သွားကြဖို့ သဘောတူလိုက်ကြသည်။

www.burmeseclassic.com

ကျွန်တော်သည် သူမနှင့်အတူအင်းလျားကန်ကြီးကို ကျော ပေးပြီး လျှောက်လာလေသည်။ နှစ်ယောက်စလုံး စကားမဆို ဖြစ်ကြ။ အထူးသဖြင့် ကျွန်တော်သည် ရင်ထဲတွင်ရော အပြင်မှာပါ တိတ်ဆိတ်၍ နေသည်။ စန္ဒီမိုးဦးဖြူသည် မသဲမကွဲ တေးတစ်ပုဒ်ကို ညည်းညူလာရာ ကျွန်တော့်မှာ အံ့သြ၍ မဆုံး။ တတ်လည်း တတ်နိုင်ပါပေ့ စန္ဒီရယ်။ စောစောက အဖြစ်များသည် သူမနှင့် မည်သို့မျှ မသက်ဆိုင်သကဲ့သို့ပင်။

စန္ဒီမိုးဦးဖြူအတွက်ကား နှစ်နှစ်ကျော်ကြာမြင့်သော ဇာတ်လမ်း တစ်ပုဒ် ပြီးဆုံးသွားပြီ ဖြစ်သည်။ ထိုဇာတ်လမ်းသည် ကိုမြင့်ထူး အတွက် နှလုံးသားနှင့် ရင်းရသော ဇာတ်လမ်းပင် ဖြစ်လိမ့်မည်။ သူမအတွက်တော့ မသေချာ။ ကျွန်တော်နှင့် ပတ်သက်သော ဇာတ်လမ်း မှာလည်း အဆုံးသပ်မည် မသပ်မည် မသေချာ။ ကျွန်တော့်မှာလည်း နှလုံးသား သွေးနှင့် ရင်းရခြင်း။

ကျွန်တော်တို့ နှစ်ယောက်သည် အင်းလျားလမ်းကို ဖြတ်ကူး ပြီး ဘွဲ့နှင်းသဘင်ခန်းမကြီး၏ အနောက်ဘက် အပေါက်မှ ဝင်သည်။

"မောင် ဘယ်ကို သွားချင်လဲ..."

သူမက ကျွန်တော့် လက်မောင်းကို သူ့လက်ကလေးနှစ်ဘက် နှင့် ဆုပ်ကိုင်ရင်း ပြောသည်။ သူမသည် ကလေးလေး တစ်ယောက် ကဲ့သို့ပင် ခိုစီးလာသည်။

"ကောင်းပြီ။ စန္ဒီသွားတဲ့နောက် လိုက်ခဲ့..."

ကျွန်တော် မငြင်း။ သူမနှင့် ကျွန်တော် ပြတ်ပြတ်သားသား စကားပြောဖို့ကား အမှန်ပင် လိုအပ်နေသည်။

ကျွန်တော်တို့နှစ်ယောက် ဘွဲ့နှင်းသဘင် ခန်းမရှေ့မှ ဖြတ်ပြီး စီးပွားရေး တက္ကသိုလ်ဘက်ကို လျှောက်လာခဲ့ကြသည်။ ထို့နောက်



www.burmeseclassic.com

 www.burmeseclassic.com

သူမသည် မာဇဒါ ဖယ်မလီယာကားလေး တစ်စီးရှိရာသို့ ကျွန်တော့်ကို ခေါ်သွားသည်။ ကားရှေ့ခန်းတံခါးကို ဖွင့်ပေးပြီး တက်ဟု ဆိုသည်။ ထို့နောက် သူမက အခြားတစ်ဘက်ကို လျှောက်သွားပြီး ဒရိုင်ဘာ နေရာမှာ ဝင်ထိုင်သည်။ ကျွန်တော်သည် သူမနှင့် ယှဉ်တွဲလျက်ထိုင်ရင်း သူမကို မမှိတ်မသုန် ကြည့်နေမိသည်။ သူမသည် ကားကို ကျွမ်းကျင်စွာ မောင်းထွက်လေသည်။

သူမ ကားမောင်းသည်ကို ကျွန်တော် တစ်ခါမျှ မမြင်ဘူးပေ။

"ဒီကားက စန္ဒီအတွက် ဖေဖေဝယ်ပေးတာ မကြာသေးဘူး။ ကားလိုင်စင် မရခင်မှာ မမောင်းဘဲနေရတယ်။ မောင်အံ့သြအောင်လို့ မပြောဘဲနေတာ။"

မာဇဒါဖယ်မလီယာအနီသည် ပြည်လမ်းမကြီးအပေါ် ရောက်လာသည်။ သူမက ရှစ်မိုင်ဘက်သို့ ချိုးကွေ့လာသည်။ ကျွန်တော်ကား စကားတစ်ခွန်းမျှ မပြောဖြစ်ပေ။ ကားသည် ပြည်လမ်းမကြီးအတိုင်း တရိပ်ရိပ်ပြေးလွှားလေသည်။ ကျွန်တော်သည် ရီဝေစွာပင် လိုက်ပါလာရလေသည်။

တံတားဖြူကိုလွန်ပြီး ကုန်းတက်ကို တက်သည်။ စွပ်ကျယ်စက်ကို လွန်သည်။ ခြောက်မိုင်၊ ခြောက်မိုင်ခွဲကို ကျော်ပြီး အင်းလျားကွေ့ကို ကျော်လာသည်။ အေဒီလမ်း၊ ယာဒီလမ်းများကို မဝင်ဘဲ ခုနစ် မိုင်ကို ရောက်လာသည်။ သူမသည် တေးနယဉ်လမ်းသွယ်ထဲကျမှ ချိုးဝင်လာလေသည်။ ခြံကျယ်ကျယ်နှင့် တစ်ထပ်တိုက်အဟောင်းလေး တစ်လုံးရှေ့ကို ရောက်တော့ ခြံထဲသို့ ဝင်သည်။ တိုက်ရှေ့မှာ ရပ်သည်။

အမျိုးသမီးကြီး တစ်ယောက် ထွက်လာသည်။

"ဟဲ့... စန္ဒီ။ ဆိုင်းမပါ ဗုံမဆင့်။"



www.burmeseclassic.com

www.burmeseclassic.com 

"စန္ဒီ ကိစ္စလေးတစ်ခု ရှိလို့ လာတာပါ။ ဒေါ်လေးညွန့်။ ဒါ စန္ဒီတို့ကျောင်းကပဲ။ ထက်လင်းဖြိုးတဲ့။ မောင် - ဒါဒေါ်လေးညွန့်။ စန္ဒီတို့ အဒေါ်ပေါ့။ ဖေဖေ့ညီမပဲ"

စန္ဒီမိုးဦးဖြူ မိတ်ဆက်ပေးပုံမှာ ရဲတင်းလှသည်။ ကျွန်တော့်ကို မောင်ဟု ခေါ်၍ မိတ်ဆက်ပေးခြင်းလည်း ဖြစ်သည်။ ကျွန်တော် ကား မျက်နှာပူ၍ နေသည်။ ဒေါ်လေးညွန့်က အိမ်ထဲကို ခေါ်သည်။ ကျွန်တော်တို့ နှစ်ယောက် ဆိုဖာဆက်တီအကောင်းများ ပေါ်တွင် ထိုင်သည်။

"ကဲ ...ထိုင်ကြဦး။ ဒေါ်လေးညွန့် ကော်ဖီသွားဖျော်ဦးမယ်..."

"ဒေါ်လေးညွန့်ဟာ ဖေဖေ့ ညီမအငယ်ဆုံးပဲ။ ဖေဖေတို့ သဘောမတူတဲ့ သူနဲ့ယူလို့ဆိုပြီး အဆက်အဆံ မလုပ်ဘူး။ မေမေနဲ့ လည်းသမီးယောက်မချင်း မတည့်ဘူးဆိုပါတော့။ ဒေါ်လေးညွန့်က စန္ဒီကို နားလည်တယ်။ စန္ဒီနဲ့ သူနဲ့ ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံတယ်။ စန္ဒီကိုလည်း သိပ်ချစ်တယ်။ ဘာမှ အားမနာနဲ့ မောင်။ စန္ဒီတို့ လွတ်လွတ်လပ်လပ် စကားပြောလို့ရတယ်။"

ဒေါ်လေးညွန့် ကော်ဖီနှင့် မုန့်များလာချပေးသည်။

"ကဲ အေးအေးဆေးဆေး စကားပြောကြ။ ဒေါ်လေးညွန့် ခြံထဲမှာ ရှိမယ်။ လိုတာရှိရင် လှမ်းခေါ်လိုက်နော်..."

သဘောကောင်းပုံရသော ဒေါ်လေးညွန့်သည် အလိုက်သိစွာပင် ရှောင်ပေးသွားသည်။ ကျွန်တော့်ကို မည်သူမည်ဝါလဲဟူ၍ပင် စစ်ဆေး ခြင်း မရှိပေ။ ပြီးတော့ စန္ဒီမိုးဦးဖြူ ယခုကဲ့သို့ သွေးမတော် သားမစပ် ယောကျာ်းလေးတစ်ယောက်ကို အိမ်ပေါ် ခေါ်တင်လာခြင်း နှင့်ပတ်သက်၍လည်း ထူးခြားပုံမရပေ။


www.burmeseclassic.com

www.burmeseclassic.com

"မောင် ..."

ကျွန်တော်သည် သူမကို ကြည့်လိုက်သည်။

ကျွန်တော်သည် တစ်ယောက်ထိုင် ဆက်တီပေါ်တွင် ထိုင်နေခြင်း ဖြစ်သည်။ စန္ဒီမိုးဦးဖြူမှာ နှစ်ယောက်ထိုင် ဆက်တီပေါ်တွင် ထိုင်နေသည်။

"စန္ဒီ့နားမှာ လာမထိုင်ဘူးလား..."

ကျွန်တော်သူမကို ရီဝေစွာပြင့်ပင် ကြည့်နေမိသည်။

ကျွန်တော် မလှုပ်သောအခါ စန္ဒီမိုးဦးဖြူသည် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် ကျွန်တော့ရှေ့တွင် ဒူးထောက်သည်။ ဆိုဖာလက်ရမ်းပေါ်တွင် လက်တင်ပြီး လက်ဖမိုးပေါ်တွင် မေးတင်သည်။

"စန္ဒီပြောတာကို သေသေချာချာ နားထောင်နော်..."

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"စန္ဒီငယ်ငယ်က ဆရာနဲ့ တွေ့တယ်။ ဒါကို မောင်သိပြီးသားဖြစ်လိမ့်မယ်။ စန္ဒီကိုယ်တိုင်ကတော့ ပြောမပြခဲ့ဖူးဘူး။ မပြောတာက ဖုံးကွယ်ချင်လို့ မဟုတ်ဘူး။ နာကျင်နေတဲ့ နှလုံးသားနုနုလေးက ဒါတွေကို အစ ပြန်မဖော်ချင်လို့ ဆိုပါတော့။ အခု ပြောတော့လည်း ရင်နာရတာပဲလေ ဆရာဝဏ္ဏအောင်ဟာ စန္ဒီ့အတွက် လူစွမ်းကောင်းကြီးလို ဖြစ်ခဲ့ရတယ်။ စန္ဒီ့မှာက အစိမ်းသက်သက်လေ။ သူ့မှာ အိမ်ထောင်ရှိတာတောင် စန္ဒီ မသိဘူး။ ဘာအတွေ့အကြုံမှ မရှိတဲ့ အပျိုရွယ် မိန်းကလေးတစ်ယောက်ဟာ ဆရာဝဏ္ဏအောင်လို လူစားမျိုးနဲ့ ငြိစွန်းရကယ်ဆိုတာ ဘယ်လောက်ရင်နာဖို့ကောင်းလဲ မောင်"

သူမ မျက်ဝန်းတို့တွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ သူမသည် ကျွန်တော့်ကို ကြည့်နေရာမှ မျက်နှာလွှဲ၍ အဝေးသို့ ကြည့်သည်။


www.burmeseclassic.com

www.burmeseclassic.com


"မိဘတွေက သူနဲ့ခွဲပြီး မောင်တို့အိမ်ကို ပို့လိုက်ကြတော့ စန္ဒီနဲ့ မောင်ဆုံဖြစ်ခဲ့တယ်။ ဒါပေမယ့် စန္ဒီ့ရင်ထဲမှာ ဆရာဝဏ္ဏအောင် ဟာရှိနေတုန်းပဲ။ စန္ဒီမေ့ပျောက်အောင် ကြိုးစားတယ်။ မောင်ကလဲစန္ဒီ့ကို ပျော်အောင် အလိုလိုက်ခဲ့တယ်။ ဆရာဝဏ္ဏအောင်ကို မေ့လို့ရပြီ ဆိုတဲ့ အချိန်မှာ မောင်ဟာ စန္ဒီ့ရင်ထဲဝင်လာပြီ။ စန္ဒီဟာ မောင့်ကို မျှော်လင့်နေမိတယ်။ မောင်နဲ့ ရန်ကုန်ကို ခိုးသွားပြီး ကျောက်လည် ရတာကိုပဲ သာယာနေမိတယ်။ ယုံချင်မှ ယုံပါမောင်။"

သူမ ကျွန်တော့်ကို တည့်တည့် စိုက်ကြည့်သည်။

"စန္ဒီမောင့်ကို ချစ်နေမိတယ်..."

သူမက ပန်းချီကားတစ်ချပ်ကို ငေးလိုက်ပြန်သည်။

"ဒါပေမယ့် စန္ဒီ ကုသိုလ်က မကောင်းဘူး။ မောင့်မိဘတွေက မောင့်ကို တစ်နေရာပို့ပြီး စန္ဒီနဲ့ ခွဲလိုက်ကြပြန်ရော။ အဲဒီနောက် စန္ဒီလည်းမောင်တို့ မြို့က ပြန်လာရတယ်။ စန္ဒီရန်ကုန်ပြန်ရောက်တော့ ကိုဝင်းလွင် ဆိုတာရယ်။ ကိုမြင့်ထူးရယ်က အိမ်ကို ဝင်ထွက်နေကြ တယ်လေ။ ကိုဝင်းလွင်က ရုပ်ပဗေဒဆရာ။ သူတို့နှစ်ယောက် စလုံးပဲ စန္ဒီ့ကို ချစ်ရေးဆိုတယ်။ အဲဒီအချိန်မှာ တကယ်တမ်း ပြောရရင် စန္ဒီစိတ်လေနေတယ်မောင်။ မောင်ဟာလည်း မောင်တို့ မြို့လေး ကနေထွက်လာတော့မှာ မဟုတ်ဘူးလို့ ထင်မိတယ်။ ကိုမြင့်ထူးရဲ့ အချစ်ကို စန္ဒီလက်ခံလိုက်မိတယ် မောင်ရယ်..."

စန္ဒီသည် ခေါင်းငုံ့လိုက်သည်။ ထို့နောက် ကျွန်တော့်ကို မော့ကြည့်ပြန်သည်။

"သူ့ အချစ်ကို လက်ခံလိုက်တာဟာ တကယ်တော့ မချစ်ဘဲနဲ့ လက်ခံလိုက်မိတယ်ဆိုတာ မကြာခင်ဘဲစန္ဒီ သိလိုက်ရတယ်။ စန္ဒီဟာ သူနဲ့ ထိတွေ့ ဆက်ဆံနေရပေမယ့် မပျော်ဘူး။ တစ်ယောက်ယောက်ကို

www.burmeseclassic.com



လွမ်းနေသလို ခံစားရတယ်။ အဲဒီတစ်ယောက်ယောက်ဟာ ဆရာပဏ္ဍာအောင်လားလို့ စန္ဒီထင်မိတယ်။ မဟုတ်ဘူးမောင်။ ဆရာ့ကို စန္ဒီလုံးလုံးမေ့နေပြီ။ ဒါဖြင့် စန္ဒီလွမ်းနေမိတာ မောင့်ကိုလားလို့ တွေးမိတယ်။ မောင်ဟာ ပိုးတဝါး ပေါ်လာတယ်။ ဒါပေမယ့် မသေချာဘူး။"

ကျွန်တော်သည် ရုပ်အင်္ကျီအိတ်ထဲမှာ အလိပ်လိုက် ဝယ်ထည့်ထားသော ဒူးယားစီးကရက် တစ်လိပ်ကို ထုတ်၍ မီးညှိလိုက်သည်။

"စီးကရက် မသောက်နဲ့ဆို၊ သောက်ပြန်ပြီ။ ဆေးလိပ်သောက်တာ အမောမခံနိုင်ဘူးမောင်။ မောင် စစ်တက္ကသိုလ်တက်မှ သိလိမ့်မယ်။ မောင့်အတွက် ပြောတာပါ"

သူမက ဆုံးမစကား ဆိုလိုက်သေးသည်။

"အဲဒီအချိန်မှာပဲ ကိုကိုဇော်က ပရိုပို့(စ်) လုပ်လာတယ်။ ကိုကိုဇော်က တစ်လမ်းတည်းသားတွေ ဖြစ်ခဲ့ဖူးတယ်။ အခုတော့ အင်းလျားမြိုင်ထဲမှာ နေတယ်လေ။ ကိုကိုဇော်ဟာ သနားဖို့တော့ ကောင်းပါတယ်။ ကိုမြင့်ထူးထက်တော့ အသက်ငယ်တာပေါ့လေ။ မောင်နဲ့မှ ရွယ်တူပေါ့။ သူ့စိတ်ထဲမှာ စန္ဒီကသူ့ကို ချစ်လိမ့်မယ်လို့များ ထင်သလားတော့ မသိဘူး။ သူနဲ့ ပတ်သက်ပြီးတော့လည်း စန္ဒီ အလေးအနက်ထားပြီး စဉ်းစားမိပါတယ်။ တကယ်လို့ စန္ဒီဟာ ကိုမြင့်ထူးနဲ့ စိတ်သဘောထား မတိုက်ဆိုင်ပါဘူးတဲ့။ နဂိုကတည်းကလည်း မချစ်ဘဲနဲ့ ချစ်တယ်လို့ ပြောခဲ့မိတာကိုး။ တစ်နေ့ ကွဲကြပါပြီတဲ့။ စန္ဒီ ကိုကိုဇော်ကို ချစ်ဆိုချစ်နိုင်တာပဲ။ ကုန်ကုန်ပြောမယ်၊ စန္ဒီဟာ ကိုမြင့်ထူးကို မုန်းပစ်လိုက်ပြီး ကိုကိုဇော်ကို ချစ်ပစ်လိုက်မယ်ဆိုရင် စန္ဒီမှာ ကိုယ်ပိုင်အခွင့်အရေး ရှိတာပဲ။ စန္ဒီ အဲဒီလို မြင်တယ် မောင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အယူအဆကို ကျွန်တော် လိုက်မမှီပါ။

"အဲဒီမှာ မောင်နဲ့ စန္ဒီ တက္ကသိုလ်မှာ ဗြုန်းစားကြီး ပြန်ဆုံကြတယ်။ မောင်က တော်ရုံနဲ့ ချစ်ရေး မဆိုဘူး။ စန္ဒီကတော့ အချိန်နဲ့အမျှ မျှော်လင့်နေတာ။ မောင်လည်း ချစ်ရေးဆိုရော။ စန္ဒီ ဘာမှ စဉ်းစားမနေတော့ဘူး။ မောင့်ကို ချစ်တယ်လို့ ဝန်ခံလိုက်တယ်။ မောင်က စန္ဒီ အလေးအနက်ထားပြီး မစဉ်းစားခဲ့ဘူးလို့ ဆိုကောင်းဆိုမယ်။ စန္ဒီ စဉ်းစားပြီးခဲ့ပြီပဲ..."

သူမသည် ကျွန်တော့်ကို ရွှန်းရွှန်းစားစား မော့ကြည့်၍ နေပြန်သည်။

"မောင့်ကို ချစ်တယ်လို့ ပြောပြီးတော့ ကိုမြင့်ထူးကို အဆက်အသွယ်ဖြတ်ဖို့ စန္ဒီ ကြိုးစားတယ်။ မလွယ်ဘူးမောင်။ သူကလဲ လွယ်လွယ်နဲ့ လက်ခံမယ့် အခြေအနေ မရှိဘူး။ သူက လက်တွေ့သမား။ အခုလို လက်တွေ့မြင်မှ လက်ခံတာ။ စန္ဒီ အားနာ နေတာတွေ၊ မပြတ်မသားတာတွေလည်း ပါတာပေါ့လေ။ တကယ်တော့ စန္ဒီ ဟာ သူ့ ကို သစ္စာဖောက်ပြီး မောင့်ကို ချစ်ခဲ့ရတာ။ တစ်ချိန်တည်းမှာပဲ မောင့်ကို သစ္စာဖောက်ပြီး သူနဲ့ ဆက်သွယ်နေရတယ်။ ကိုကိုဇော်နဲ့ကတော့ စန္ဒီကင်းတယ်။ အခု စန္ဒီပြောတာတွေဟာ အမှန်တွေပဲ။"

အရာရာသည် တိကျဆိတ်သွားသည်။

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို ခေတ္တမျှ အကဲခတ်သည်။

"အခု ကိုမြင့်ထူးနဲ့ စန္ဒီနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်သွားပြီ။ စန္ဒီ ချစ်တာ မောင်တစ်ယောက်တည်းပဲ။ အဲဒါ မောင်ယုံလား..."

ကျွန်တော် ဖြေရခက်နေသည်။

"မောင်ယုံချင်မှာ ယုံမယ်။ မယုံရင်လည်း ရပါတယ်။ ဒါပေမဲ့

www.burmeseclassic.com



စန္ဒီ့စကားတွေကို သက်သေပြဖို့က အနာဂတ် ကာလတစ်ခု ရှိသေးတယ်ဆိုတာတော့ မောင်လက်ခံပါ။"

စန္ဒီမို ဦးဖြူသည် ကျွန်တော့်အနေနှင့် လိုအပ်ပါက သူမကို စောင့်ကြည့်နိုင်ကြောင်း ပြောနေခြင်းပင်တည်း။

"မောင့်ကို စန္ဒီချစ်တယ်။ မောင်စဉ်းစားကြည့်ပါ။ မောင့်ကို ချစ်ရတာ စန္ဒီမှာ ဘယ်လိုမှ မလွယ်တာပါ။ မိဘတွေကလည်း အလွတ်မပေး။ ကိုမြင့်ထူးကလည်း ရှိသေး။ အဲဒီကြားထဲက စန္ဒီ မောင့်ကို ချစ်ခဲ့တာပါ။ မောင်ကသာ စန္ဒီ့ကို မချစ်တော့ဘူးဆိုရင် စန္ဒီသေမှာပဲ မောင်..."

သူမ၏ ပေသံသည် ပျော့ပျောင်း နူးညံ့လာလေသည်။

"စန္ဒီ့ကို မမုန်းပါနဲ့ မောင်ရယ်။ မောင် မကြိုက်ဘူးဆိုရင် စန္ဒီ ဘာမှာ မလုပ်ပါဘူး..."

"မောင် ဘယ်လို ယုံရမှာလဲ စန္ဒီ။ မောင်ယုံချင်ပါတယ်။"

"စောင့်ကြည့်ပါမောင်။ မောင် မယုံချင်စရာ တွေ့လာရင် မောင့်သဘောပါ။"

"မောင်နဲ့ ချစ်နေရာကနေ စန္ဒီတစ်ယောက်ယောက်ကို လွမ်းနေဦးမှာလား။ အဲဒီလို ခံစားလာရရင် အသစ်ရှာဦးမှာလား..."

"အဲဒီလို ခံစားချက်မျိုးကို စန္ဒီ ခံစားပြီးပြီလေ။ မောင်နဲ့ တွေ့တဲ့အချိန်မှာ အဲဒီခံစားချက်ရဲ့ အဖြေကိုလဲ စန္ဒီ တွေ့ပြီပဲ..."

"ကောင်းပြီ။ စန္ဒီ မောင့်ကို ငြီးငွေ့သွားရင် နောက်တစ်ယောက်ရှာဖို့ အခွင့်အရေး ရှိနေတာပဲလား။ ဆိုလိုတာက... စန္ဒီပဲ ပြောခဲ့တယ်လေ။ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ နောက်တစ်ယောက်ကို ပြောင်းခွင့်ရှိတယ်ဆိုတဲ့ အယူအဆ။"

"အဲဒီအယူအဆ စန္ဒီ့မှာ မရှိတော့ပါဘူး။"



www.burmeseclassic.com

www.burmeseclassic.com


အခြေအနေများကား တင်းမာမှု မရှိတော့ပေ။ ကျွန်တော့်ရင်မှာ ညွှတ်နူးပျော့ပျောင်း၍ လာသည်။ စန္ဒီမိုးဦးဖြူသည် ကျွန်တော့်အပေါ်တွင် လုံးဝလွှမ်းမိုး အနိုင်ယူသွားလေပြီ။ သူမသည် ကျွန်တော့်ကို အချစ်စစ်ပွဲတစ်ရပ် ခင်းကျင်း ဆင်နွှဲခဲ့သည်ဆိုပါလျှင် သူမ အနိုင်ရပြီး ကျွန်တော် ရှုံးသည်ဟု ဆိုရမည်။ စင်စစ်ကျွန်တော်ကိုက အရှုံးပေးချင်နေသည့် လူသား။

တတ်လည်း တတ်နိုင်ပါပေ့ စန္ဒီရယ်..."

❖

## (ည)

"ငါ့အသိထဲမှာ ကမ္ဘာကြည့်လို့ နာမည်ပေးထားရတဲ့ ကောင်မလေး တစ်ယောက်ရှိတယ်။ သူ့ဝါသနာက ရည်းစားနှစ်ယောက် သုံးယောက် ပြိုင်ထားတယ်။ ရည်းစားချင်းဆုံလို့ ပြဿနာ တက်ကြပြီဆိုရင် သူက ရန်တိုက်ပေးတယ်။ အဲ ...အဲဒီကောင်တွေ ဖိုက်တင်ချကုန်ပြီဆိုတော့မှ သူက လက်ခုပ်လက်ဝါးတီးပြီး ရယ်တယ်။ ကမ္ဘာကြည့်လုပ်လို့ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ရတဲ့သူတွေ အများကြီးပဲကွ။ အေး... မင်းလည်း စန္ဒီ့ကြောင့် ကိုမြင့်ထူးနဲ့ ဖိုက်တင်ချကုန်ကြပြီထင်တာ။ ငါနဲ့ တင့်ဆွေလည်း စိတ်ပူပြီး လိုက်ချောင်းကြတယ်။ မင်းက ဖိုက်တင်ချချင်နေတဲ့ပုံပဲ ဟိုက လူကြီးလူကောင်းဆန်သွားလို့ ငါတို့လည်း ပွဲကြီးပွဲကောင်းတစ်ပွဲ မကြည့်လိုက်ရဘူး..."

မြင့်စိုးက ခပ်ရွှင်ရွှင် အမူအရာနှင့် ပြောသည်။

တင့်ဆွေကလည်း...

"ဓာတ်လမ်းတစ်ခုကတော့ ပြက်သွားတယ်။ နောက်တစ်ခု


www.burmeseclassic.com

 www.burmeseclassic.com

ကတော့ ဆက်တယ်။ ဘယ်လိုဆက်မလဲဆိုတာ သိချင်လို့ ငါတို့ လိုက်ကြည့်တယ်။ အင်း ...ကားစီးနိုင်တဲ့ လူတန်းစားကလည်း မဟုတ်၊ သုံးဘီးဖိုးကလည်းမတတ်နိုင်ဆိုတော့ မာဇဒါဖယ်မလီယာလေးကို မျက်ခြည်ပြတ်သွားရတယ်။ ကဲ-ကိုယ်တော်ချော။ အဲဒီဇာတ်လမ်း အဆက်လေးကို မကွယ်မဝှက် လျှောက်တင်စမ်းပါဦး"

ကျွန်တော်သည် စန္ဒီမိုးဦးဖြူနှင့်အတူဒေါ်လေးသွန့်တို့ အိမ်သို့ ရောက်သွားပြီး ဆွေးနွေးညှိနှိုင်း ပြောဆိုသမျှအား သူငယ်ချင်းများထံ မခြွင်းမချန် အစီရင်ခံရလေသည်။

"မင်းက စန္ဒီကို မောင်ဘယ်တော့မှ မမုန်းဘူးလို့ ပြောလိုက်တာပေါ့။"

မြင့်စိုးက စဉ်းစဉ်းစားစား အမူအရာနှင့် မေးလိုက်သည်။

"ဒါပေါ့။"

"အဲဒီလိုလည်း ပြောလိုက်ရော။ သူသိပ်ဝမ်းသာ သွားတာပေါ့။"

"ဒါပေါ့ ..."

"အဲဒီမှာ ရုပ်ရှင်ထဲကအတိုင်း ဒီလိုဒီလိုပေါ့။"

မြင့်စိုးက လက်ဟန်ခြေဟန်နှင့် ပြောခြင်း ဖြစ်သည်။

"ဒါပေါ့ ...။"

"ပြီးတော့ရော ..."

နှစ်ယောက်သား ပြိုင်တူမေးကြသည်။

"အာ... ဒါတော့ မင်းတို့ကို ပြောလို့ ဖြစ်မလား..."

"ဟာ ...ခွေးကောင်။ ကောင်းခန်းရောက်မှ မီးက မပျက်နဲ့ကွာ။ မင်းပြောကို ပြောရမယ်။"

"ဟုတ်တယ်။ မင်းမပြောရင်... ဟေ့ကောင်။ ဒီကောင့်ကို ဝိုင်းချုပ်ပြီး ပုဆိုး ဆွဲချွတ်ရအောင်..."

သူငယ်ချင်းနှစ်ယောက် လှုပ်လှုပ်ရှားရှား လုပ်ကြသည်နှင့် ကျွန်တော်လည်း လွတ်ရာကျွတ်ရာသို့ ထွက်ပြေးလာရလေသတည်း။

ပျော်စရာ အချိန်လေးများကား ရှားပါးလွန်းလှစွာ၏။

တက္ကသိုလ် ရွှေရတုပွဲတော်ကြီးသည် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ ခြောက်ရက်တိုင်တိုင် ကျင်းပရန် စီစဉ်ထားခြင်း ဖြစ်သည်။ စန္ဒီမိုးဦးဖြူနှင့် ကျွန်တော်နေ့ရောညပါ လည်ကြပတ်ကြသည်။ အဓိပတိ လမ်းမကြီးပေါ်တွင် ကျွန်တော်တို့ စုံတွဲသည် အများနှင့် ရောရှ တိုးကြသည်။ တိုးရတာလည်း ပျော်စရာကောင်းသည်။ စန္ဒီမိုးဦးဖြူပြန်မှ ကျွန်တော်လည်း အိမ်ပြန်အိပ်သည်။ ထို့နောက် နံနက်အစောကြီး ကျွန်တော် နိုးနေပြန်သည်။

တက္ကသိုလ် ရွှေရတုပွဲတော်သည် ဒီဇင်ဘာလ ၅ ရက်နေ့မှာပင် ပြီးဆုံးသွားရသည်။ အဘယ်ကြောင့်ဆိုသော် မော်လမြိုင်ကောလိပ်မှ ဆူဆူပူပူဖြစ်လို့ပင်တည်း။ မော်လမြိုင်မှာ ဆူသည်နှင့် ရန်ကုန်မှာပါ လိုက်ဆူဖို့ လှုံ့ဆော်ချက်တွေ ရှိလာသည်။ သို့သော် ဆူစရာ ပူစရာ အကြောင်းပြချက်က ဘာမှ မရှိ။ ကျောင်းသူကျောင်းသားများမှာ ရွှေရတု ပွဲတော်တွင် ပျော်ချင်တိုင်း ပျော်လို့ ရနေသည်။ ထိုစဉ်က ရန်ကုန်မှာ ကျောင်းသားကျောင်းသူများသည် ဆူရန်ပူရန် လုံးဝ စိတ်မကူးကြ။ ပွဲအပျက်မခံချင်ကြ။

သို့သော် ဒီဇင်ဘာလ (၆)ရက်နေ့တွင် ရွှေရတုပွဲမရှိတော့။

ကျောင်းသည်လည်း ရက်အကန့်အသတ်မရှိ ပိတ်ပြန်သည်။

ကျွန်တော်သည် မြို့ကိုမပြန်။ စန္ဒီအိမ်က ခိုးထွက်လို့ရမည့် အချိန်တွေကိုသာ စောင့်နေမိသည်။ စန္ဒီတို့ မိသားစုသည် ခရစ္စမတ် အပြီးတွင် ကျိုက်ထီးရိုး သွားကြမည်ဟု ဆိုသည်။ ကျွန်တော်လည်း သူငယ်ချင်းတွေနှင့် တိုင်ပင်ရသည်။ ကျိုက်ထီးရိုးကို လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


ဟိုကျုမှ ခရီးသွားဟန်လွှဲ တွေ့ပုံမျိုးဖြင့် ဝင်ရောမည်။ စန္ဒိကိုလည်း ပြောထားပြီးပြီ။

သို့သော် ကျွန်တော် ကျိုက်ထီးရိုးသို့ မသွားလိုက်ရပါ။ ဗိုလ်လောင်းအဖြစ် အရွေးခံရသောကြောင့် ဒီဇင်ဘာလ ၂၅ ရက်နေ့မှာပင် မန္တလေးရထားဖြင့် ခရီးထွက်လာရလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

# လွမ်းရသည့်ရက်များ

## (က)

ကျွန်တော်တို့ လူစုသည် သုံးလေးရက်ခန့်တော့ လွတ်လပ်ရေး ရနေလေသည်။ ထို့နောက် မေမြို့(ယခု ပြင်ဦးလွင်) စစ်ဆေးရုံတွင် အပြီးသတ် ဆေးစစ်မှုတွေ လုပ်ရသည်။ အရှည်ကြီး တင်အုန်းသည် နှလုံးတွင် အပေါက်ကလေး ရှိနေလို့ဟုဆိုကာ အိမ်ပြန်ရလေရာ မျက်ရည်တွေကျပြီး အားလုံးကို နှုတ်ဆက်သွား၏။ ယုအောင်သည် ခြေနှစ်ဖက်စလုံး ပြားနေသဖြင့် ပြန်ရလေသည်။

ပထမဆုံး ကျွန်တော်တို့လူစုသည် ဆံပင်ကို စာကလေးခေါင်းများနှယ် အပြောင် ညှပ်ရလေသည်။ ရှေ့တွင် လက်တစ်ဆစ်သာ ဆံပင်ရှိသည်။ ထို့နောက်ဗိုလ်လောင်း နံပါတ်တွေပေး။ တပ်ခွဲတပ်စု နေရာချ၊ ပစ္စည်းတွေ ထုတ်ပေးသည်။ ထိုအချိန်မှစ၍ ကျွန်တော်တို့၏ ကျွတ်ပွဲကြီး စလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



တပ်စုတစ်စုတွင် လူ ၃၀ခန့်စီရှိသည်။ ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ဗိုလ်လောင်းတွေ ပါဝင်သည်။ တပ်စုတစ်စုလုံးမှ ရှိရှိသမျှ ဗိုလ်လောင်းနံပါတ်နှင့် လူနာမည်တွေကို အလွတ်ကျက်ရသည်။ ထို့နောက် မိမိတို့သင်တန်း လက်ခံပတ် တစ်ပတ်စဉ်လုံးမှ ပထမနှစ်ဗိုလ်လောင်းများ၏ နာမည်၊ နံပါတ်တွေ အလွတ်ကျက်ရပြန်သည်။ လူနှင့်နံမည်တွဲမိအောင် ကြိုးစားရသည်။ ပြီးတော့ တပ်ခွဲတစ်ခွဲလုံး။ တပ်ခွဲတစ်ခွဲတွင် တစ်စုသုံးစု ပါဝင်ပြီး ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ဗိုလ်လောင်း တစ်ရာကျော်သည်။ နာမည်၊ နံပါတ်မရလျှင် အပြစ်ပေးခံရမည်။

အရပ်ဝတ်နှင့် ဖြစ်ဖြစ်၊ စစ်ဝတ်နှင့် ဖြစ်ဖြစ် လမ်းသွားလျှင် လက်ကို ကိုးဆယ်ဒီဂရီ အပြည့်လွှဲ။ သို့မဟုတ် အပြေးတက်။ လူတိုင်း လူတိုင်းတွင် မြေရာတစ်ကွက်စီ အပိုင်ရှိသည်။ တံမြက်စည်းလှည်းရန် ဖြစ်သည်။ တစ်ခါတစ်လေ အိမ်သာတစ်လုံး အပိုင်ရသည်။ ရေဆေးရန် ဖြစ်သည်။ ကျွန်တော်တို့ ရောက်ချိန်တွင် ချယ်ရီတွေ ပင်လုံးကျွတ် ပွင့်နေကြသည်။ နောက်တော့ အရွက်တွေထွက်လာပြီး အပွင့်တွေ ကြွေတော့သည်။ ကိုယ့်မြေကွက်ပေါ်မှာ ချယ်ရီတစ်ပွင့်မတွေ့နှင့်။ အပြစ်ပေးခံရမည်။ အမှိုက်သည် အမှိုက်သာ။ ချယ်ရီပွင့်ကြွေလေးရယ်ဟု ကဗျာသွားမဆန်လေနှင့်။ လက်ထောက်မှောက်နှစ်ဆယ်။

နံနက်ငါးနာရီခွဲတွင် အိပ်ရာထချိန် ခရာမှုတ်သည်။

ကျွန်တော်တို့ကား မနက်ငါးနာရီကတည်းက အိပ်ရာထနေကြပြီ။ ဖိနပ်ခိုးတိုက်သည့်သူကတိုက်။ အိပ်ရာတွေ ခြင်ထောင်တွေ သိမ်းတဲ့သူက သိမ်း။ မကြာခင်ပင် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းတွေ လုပ်ရသည်။ ပြီးတော့ ကိုယ့်မြေကွက် ကိုယ်

www.burmeseclassic.com



တံမြက်စည်းလှည်း။ အိမ်သာဆေး။ ရေမိုးချိုး။ ယူနီဖောင်းဝတ်။

ဝတ်စားဆင်ယင်မှုကို နောက်ဆုံးနှစ် ဗိုလ်လောင်းတွေက စစ်သည်။ ဖိနပ်မပြောင်၊ ခါးပတ်ချောင်၊ ဦးထုပ်စောင်း၊ ကြယ်သီးပြုတ်၊ သတိအနေအထားမှာ လက်လှုပ်၊ မျက်လုံးမငြိမ်၊ ပြစ်ချက်တွေက စုံသည်။ (PARADE GROUND) ခေါ်နေရာတင် အပြစ်ပေးတာလည်း ရှိသည်။ (SED) ဟူသည့် အပိုစစ်ရေးပြ ဒဏ်တွေပေးတာလည်း ရှိသည်။ လက်ထောက် မှောက်သူကမှောက်။ လက်နှစ်ဖက်ခေါင်းပေါ်တင်ပြီး လေထိုးခုန်သူက ခုန်။ တန်းစီ ကွင်းပတ် ပြေးသူက ပြေး။ အားက ကြည့်လျှင်တော့ အလွန်ရယ်ရမည်။ ပျော်စရာလည်းကောင်းမည်။ ကျွန်တော်တို့ကား ရယ်လည်း မရယ်နိုင်။ ပျော်လည်းမပျော်နိုင်။

နံနက်စာကို အပြေးအလွှား စားရသည်။

ချပါတီနှစ်ချပ်။ ပဲဟင်းတစ်ခွက်။ ကြက်ဥ တစ်လုံး။ လက်ဖက်ရည် တစ်ခွက်။

စီနီယာ ဗိုလ်လောင်းများက ပထမနှစ် ဗိုလ်လောင်းတွေကို ချစ်သည်။ သူတို့စားရမည့် ကြက်ဥကို မစား။ ပထမနှစ် ဗိုလ်လောင်းတွေကို ပေးသည်။ ပိန်လျှင် ပို့ရသည်။ ကြက်ဥအစိမ်းကို ဖောက်ပြီးပါးစပ်နှင့် စုပ်မသောက်ရ။ ရိုင်းသည်။ လူကြီးလူကောင်း မဆန်။ ပန်းကန်ထဲ ခွဲထည့်ပြီး ဇွန်းနှင့် ခပ်သောက်ရသည်။

အချိန်က မရှိ။ ကျွန်တော်သည် စီနီယာ ဗိုလ်လောင်းများပေးသွားသည့် ကြက်ဥနှစ်လုံးကို ကုန်အောင် မစားနိုင်။ ဘောင်းဘီအိတ်များထဲသို့ ဘယ်တစ်လုံး၊ ညာတစ်လုံး ထိုးထည့်ပြီး ပြေးရသည်။ လေ့ကျင့်ခန်းများ ရှိရာသို့ စစ်တီးဝိုင်းနှင့် သွားရသည်။ ပထမနှစ်များမှာ အချိုးမကျသောကြောင့် စစ်တီးဝိုင်းနှင့်သွားခွင့်မရ။ အပြေး

www.burmeseclassic.com



တက်ကြရသည်။ ဘယ်ဘက်က ကြက်ဥတစ်လုံးသည် ဘယ်အချိန်က ကွဲသည်မသိ။ စစ်ဘောင်းဘီ တစ်လျှောက် စီးကျပြီး ကပ်စေးကပ်စေးနှင့် အလွန်အနေရခက်လေသည်။

စစ်ရေးပြကွင်းထဲတွင် စစ်ရေးပြဘာသာရပ်တွေ သင်ရပြန်သည်။ ညာဘက်က ကြက်ဥတစ်လုံးက ကွဲပြန်သည်။ နေ့လယ် ၁၁ နာရီ ထမင်းစားရန် အပြေးတက်ဖြင့် ပြန်ရသည်။ ထမင်းစားလျှင် ရိပ်သာထဲမဝင်ခင် ခါးပတ်ချွတ်ရသည်။ ဘယ်ရိကက် ဦးထုပ်အနီကို ချွတ်ပြီး ထားခဲ့ရသည်။ အထဲဝင်မလို့ ပြင်တုန်း စီနီယာဗိုလ်လောင်းတစ်ယောက်က ဘောင်းဘီ နှစ်ဖက်စလုံးတွင် စွန်းထင်းနေသော ကြက်ဥအရည်များကို မြင်သွားပြီး ညစ်ပတ်မှုဖြင့် အပြစ်ပေးတော့သည်။ ထမင်းစားဆောင်ကြီးကို သုံးပတ်ပတ်ပြေး။

ထမင်းစားပြီး ခေတ္တသာ နားချိန်ရသည်။ ကိုယ့်အဆောင်ပင် ကိုယ်မပြန်နိုင်။ ဗိုလ်လောင်းနံပါတ်တွေ ထုတ်ပြီး အလွတ်ကျက်။

နေ့လယ်သင်တန်း ဝင်ရပြန်သည်။ သင်တန်းက တစ်ခါနားလျှင် ငါးမိနစ်သာ နားသည်။ ညနေသင်တန်းက ပြန်လာလျှင် လက်ဖက်ရည်သောက်။ ညနေ ကိုယ်လက်ကြံ့ခိုင်ရေးဆင်း၊ လူမှုဝန်ထမ်းလုပ်၊ အပြစ်ပေးထားသည့် အပိုစစ်ရေးပြဒဏ်ကို ခံယူ။ ရေမိုးချိုး အဝတ်အစားလဲ။ အရပ်ဝတ်ပတ်တိုင်း တိုက်ပုံပါ ရသည်။ ခြေသည်း လက်သည်း ညှပ်ထားရသည်။ ခေါင်းဖြီးထား ရသည်။

ညနေတန်းပေါင်းစီတွင် ဗိုလ်လောင်းနံပါတ်တွေ မေးပြီ။ မရလျှင် တိုက်ပုံကြီး တကားကားဖြင့် ပတ်ပြေးသူပြေး၊ လေထီးခုန်သူခုန်၊ ဖားခုန်ဆိုတာက ရှိသေး။ ထူးထူးခြားခြား တောက်တဲ့ခုန်ဆိုတာလည်း ရှိသည်။ တောက်တဲ့ခုန်မှာ လက်ထောက်မှောက် (ခေါ်) ဒိုင်ဗင်ထိုးသည့် အနေအထားအတိုင်း မြေပေါ်တွင် ခြေနှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ထောက်ပြီး မှောက်နေရသည်။ ထိုအနေအထား အတိုင်း ရှေ့ကို ခုန်သွားရသည်။ ဖားခုန်ကတော့ ဆောင့်ကြောင့် ထိုင်လျက်မှ ခေါင်းပေါ်ကို လက်တင်ပြီး ခုန်သွားရခြင်း ဖြစ်ရာ တောက်တဲ့ခုန် လောက် မခဲယဉ်း။

ညနေ ရေချိုး၊ ထမင်းစားပြီး စာသင်ဆောင်ကြီးများသို့ စာကြည့်ရန် သွားရသည်။ ခုနစ်နာရီမှ ကိုးနာရီအထိ စာကြည့် ပြန်လာ။ မနက်ဖြန်အတွက် ဖိနပ်တိုက်၊ ခါးပတ်တိုက်၊ ဖိနပ် ပြောင် မပြောင် စစ်ဆေးသည့် နည်းမှာ ဖိနပ်ကို သွားဖြဲပြပါ။ ဖိနပ် ထဲမှာ ပေါ်နေသည့် သွားများ၏ အရိပ်သည် ပြတ်သားမှု ရှိပါသလား။ တစ်ချောင်းချင်း ရေတွက်လို့ ရပါသလား။ ဒါဆိုပြောင်ပြီ။ ထိုသို့ ပြောင်ရန်မှာ ကီဝီဆေးဘူးကို ဘရပ်နှင့်တို့ပြီး တိုက်ရုံနှင့် မရပါ။ အဲဒါက HALF BRUSH ဟုခေါ်သည်။ ယခုဟာက BOW SHINE ဖြစ်သည်။ ဖိနပ်ဆေးကို လက်ညှိုးနှင့် ကော်ပြီး ညီညီညာညာသုတ်။ ခြောက်လျှင် ဂွမ်းကို ရေဆွတ်၊ ဖိနပ်ဆေးလေး အနည်းငယ် တို့ပြီး ပွတ်။

ရေတွေစင်သွားအောင် ဖိနပ်နားကပ်ပြီး တဖူးဖူးနှင့်မှုတ်လိုက်၊ ဖိနပ်ကို သွားကြီးတွေ ဖြဲပြလိုက် လုပ်နေသော ဗိုလ်လောင်းတစ်ဦး ကို ကြည့်ရသည်မှာ အလွန်ရယ်စရာ ကောင်းလိမ့်မည်။ သို့သော် ဗိုလ်လောင်းခမျာ မရယ်နိုင်ရှာ။ နောက်တစ်နေ့ ဖိနပ်မပြောင်လို့ အပြစ်ပေးခံရမှာစိုးသဖြင့် ဖိနပ်ပေါ်က ရေစက်ရေပေါက်တွေကို အာညောင်းအောင် မှုတ်ရရှာသည်။

အချိန်က အလွန်ရှားသည်။

ညကိုးနာရီခွဲသည်နှင့် မီးပိတ်ချိန် ခရာမှုတ်ပြီ။ မီးတွေ ပိတ် ပြီ။ ကင်းကျတဲ့ သူက ကင်းစောင့်၊ ကျန်တဲ့သူတွေက အိပ်။ စကား



www.burmeseclassic.com

www.burmeseclassic.com

မများနှင့်။ ဖိနပ်ခိုး မတိုက်နှင့်။ စိနီယာ ဗိုလ်လောင်းတွေက အငြိမ်မနေ။ လိုက်စစ်နေသည်။ မိသွားလျှင် ညကြီးမင်းကြီး အဆောင်ကို ပတ်ပြေးချင် ပြေးရမည်။ လက်မောင်းတွေ အောင့်သည်အထိ လက်ထောက်မှောက် လုပ်ချင်လုပ်ရမည်။

နေ့ပူကြီးထဲမှာ တစ်နေကုန် စစ်ရေးပြ လုပ်ရတာကို ပင်ပန်းသော ကျွန်တော်တို့သည် စာသင်ရသောခါ သက်သာမည် ထင်ကြသည်။ ဘယ်ရလိမ့်မလဲ။ ဆရာ၊ ဆရာမတွေကလည်း အလစ်မပေးပါ။ အိပ်ငိုက်လား။ အဆောင်ကြီးကို ပတ်ပြေးပြီး မျက်နှာသစ်လိုက်။ စာသင်ချိန်မှာ ရည်းစားစာ ခိုးရေးနေသလား။ အရေးယူခံရမည်။

ဒုတိယနှစ် ဗိုလ်လောင်းများသည် ကျွန်တော်တို့၏ သေတ္တာများကို လှန်လှောရှာဖွေ၍ ဆေးလိပ်မှန်သမျှ သိမ်းသွားလေသည်။ ပထမနှစ် ဗိုလ်လောင်းသည် မည်သည့်နေရာ၊ မည်သည့် အချိန်မှာမှ ဆေးလိပ်မသောက်ရ။ မိလျှင် ကြီးလေးသော အပြစ်။ ဒုတိယနှစ်ကျမှ သောက်ခွင့်ရမည်။ သို့တိုင်အောင် နောက်ဆုံးနှစ်အထိ မည်သည့်နေရာမှာမှ လမ်းသွားရင်း ဆေးလိပ် မသောက်ရ။

ကျွန်တော်သည် စာသင်ချိန်၊ ညစာကျက်ချိန်များတွင် စန္ဒီမိုးဦးဖြူထံ စာခိုးရေးမှုကြောင့် အပြစ်ပေးခံရလေသည်။ သူမထံမှ စာလာသောအခါတွင်လည်း ပင်ပန်းသမျှတွေ ပျောက်ရတော့သည်။ ပထမသုံးလလောက်အထိ ကျွန်တော်တို့ ပထမနှစ်များမှာ မြို့ထဲထွက်၍ လည်ခွင့်မရ။ ဒေါက်တင်ပရိတ်ခေါ် ဗိုလ်လောင်းအဖြစ် အသိအမှတ်ပြုသည့် စစ်ရေးပြ အခမ်းအနားပြီးမှသာ ထွက်လည်ခွင့်ရသည်။ သို့သော် မလည်ရခင်မှာပင် တပ်ပြင်ထွက်ခွင့် အပိတ်ခံရတာက များနေသည်။

ကျွန်တော်က အောင်ဇေယျ တပ်ခွဲ ...။


www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော တနင်္ဂနွေနေ့တွင် အောင်ဆန်းတပ်ခွဲမှ ပထမနှစ် ဗိုလ်လောင်း ဆန်းမောင်သည် ကျွန်တော့်ထံသို့ ရောက်လာသည်။ သူသည် နေလောင်မထားလျှင် ကျွန်တော့်ထက် အသားဖြူသူဖြစ်သည်။ အရပ်လည်း မြင့်သည်။ ကြည့်ကောင်း ရှုကောင်းသော ရုပ်ရည်မျိုး ရှိသည်။

ကျွန်တော်ကား တပ်ပြင်ထွက်ခွင့် အပိတ်ခံထားရသောကြောင့် အဝတ်တွေ စုလျှော်ရန် ပြင်နေချိန် ဖြစ်သည်။

"သူငယ်ချင်း။ အောက်ပတ်(စ) (OUT PASS) မထွက်ဘူးလား..."

"အပိတ်ခံထားရတယ်ကွာ။"

"ငါကတော့ လည်စရာလည်းမရှိတော့ မထွက်ဘူးကွ။ မင်း မက်(စ်)မေဂျာက မဟုတ်လား။ ငါက အီကိုကပါ။"

ကျွန်တော်ခေါင်းထဲတွင် ခာတ်လိုက်သလို ဖြစ်သွားသည်။

ဆန်းမောင်က သူသည် ဒုတိယနှစ် စီးပွားရေးတက္ကသိုလ်ကျောင်းသားဘဝမှ လာသည်ဟု ဆိုသည်။ ကျွန်တော် သူ့နာမည်ကို ချက်ချင်း ကျက်မိသွားသည်။ သူသည် စန္ဒီမိုးဦးဖြူနှင့် တစ်တန်းတည်း။ ပြီးတော့ ဘာလိုလို သတင်းထွက်သူ။

သူကျွန်တော့်ခုတင်မှာ ဝင်ထိုင်သည်။ ကျွန်တော့်ခုတင် ပေါ်တွင် ရှုပ်ပွနေသည်။ သူက သပ်သပ်ရပ်ရပ် ဖြစ်အောင် ကူညီ၍ လုပ်ကိုင်ပေးသည်။

"မင်းနဲ့ စန္ဒီမိုးဦးဖြူနဲ့ ခင်တယ်နော်..."

"အင်း..."

ကျွန်တော် မပွင့်တစ်ပွင့် ဖြေသည်။

"သူနဲ့ ငါက တစ်တန်းတည်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဪ…"

"သူနဲ့ ပတ်သက်လို့ ငါတို့ ခင်ခင်မင်မင် နေကြတာပေါ့။ ငါ ဒီအက်(စ်)အေ ပါသွားတာ သူ မသိလိုက်ဘူး ထက်လင်းဖြိုး။ စာရေးပြီး ပြောလိုက်ရတယ်။ သူ့ဆီက စာပြန်လာတယ်။ မင်းကို သွားတွေ့လိုက်ပါလို့ ရေးထားတယ်။"

ဆန်းမောင်နှင့် စန္ဒီမိုးဦးဖြူ၏ ဆက်ဆံရေးမှာ မည်သည့် အတိုင်းအတာအထိ ရှိပါသနည်း။ ခဲမှန်ဖူးသော စာသငယ်သဖွယ် ဖြစ်နေသည့် ကျွန်တော်သည် စိုးရိမ်၍ လာသည်။ စန္ဒီမိုးဦးဖြူက သူ့ကို ကျွန်တော်နှင့် သွားတွေ့ခိုင်းကြောင်းကို စဉ်းစားမိတော့ အနည်းငယ် စိတ်သက်သာရာ ရပြန်သည်။ စန္ဒီသည် သူ့မအပေါ် ကျွန်တော် သံသယရှိမှာကို စိုးနေတာပဲ ဖြစ်ရမည်။

သို့သော် သူနှင့် ကျွန်တော်သည် စိမ်း၍ မနေကြပေ။ အမိ စစ်တက္ကသိုလ်၏ လေ့ကျင့်ပေးမှုများ အောက်တွင် ရဲဘော် ရဲဘက် စိတ်များ မွေးဖွားလာကြသည်။ ထိုညတွင် ကျွန်တော်သည် စန္ဒီ မိုးဦးဖြူထံ စာရေးလိုက်သည်။ ဆန်းမောင်လာတွေ့ကြောင်း ထည့် ရေးသည်။ ပထမနှစ်ဝက်ပြီးလို့ လေ့လာရေး ခရီးအဖြစ် ရေနံမြေနှင့် ပုဂံညောင်ဦးသို့ ထွက်ရသည်။ ဗီသနိုးကို ရောက်သည်။ ပြန်လာ တော့မှ စန္ဒီမိုးဦးဖြူထံမှ စာကို ဖတ်ရသည်။ ဆန်းမောင် အကြောင်း မပါ။

◆



www.burmeseclassic.com

www.burmeseclassic.com 

(၁)

ကျွန်တော်နှင့် မုတင်ချင်းကပ်၍ အိပ်ရသော သန်းဆွေသည် စာသင်ခန်းကျတော့ တခြားဆီ ဖြစ်သည်။ ကျွန်တော်က B.S.ဘွဲ့ ယူမည့် သိပ္ပံသမား။ သူ B.Aဘွဲ့ယူမည့် ဝိဇ္ဇာသမား။ စစ်တက္ကသိုလ် တွင် Eco ဘွဲ့မရှိ။ ထို့ကြောင့် စီးပွားရေး တက္ကသိုလ်မှ လာသူ များသည် ဝိဇ္ဇာကျောင်းသားများ ဖြစ်ကုန်သည်။ သန်းဆွေ၊ ကြည်စိုး၊ ဆန်းမောင်တို့က စာသင်ခန်းတွင် တစ်ခန်းတည်း ကျကြသည်။ သူတို့ချင်း ဘာသာတူသဖြင့် တစ်ယောက်အဆောင် တစ်ယောက် သွားကြတာရှိသည်။ ဆန်းမောင်ကျွန်တော်တို့ဆီ လာပေမဲ့ ကျွန်တော် က သူတို့တပ်ခွဲကို မရောက်။ အပြစ်များသူဖြစ်သောကြောင့်လည်း အပြစ်ပေးခံနေရတာနှင့် မအားတာက များသည်။

အားပြန်တော့လည်း စန္ဒီမိုးဦးဖြူ၏ စာတွေကို အခေါက်ခေါက် အခါခါ ဖတ်ခြင်း၊ သူမ၏ ဓာတ်ပုံကို စိုက်၍ ကြည့်နေမိခြင်း၊ သို့မဟုတ် သူမထံ စာရေးခြင်းတို့ဖြင့် အလွမ်းဖြေရသည်။

စနေနေ့ညတွင် ကျွန်တော်တို့သည် ည စာကြည့်ချိန် သွားရန် မလို။ ကိုယ်ပိုင်ချိန်ရသည်။ စီနီယာများကလည်း အဆောင်မှာ လွတ်လွတ်လပ်လပ်နေတာကို ခွင့်လွှတ်ထားကြသည်။

ကျွန်တော်သည် ထုံးစံအတိုင်း စန္ဒီမိုးဦးဖြူ မွဲ့နှံ့ပြီး ရေးထား သည့် လွမ်းစာတွေကို ဖတ်နေမိသည်။

"ကံ့ကော်တောမှာ မောင်မရှိတော့တာနဲ့ နွေသာလွန်ရော၊ ကံကော်တွေလည်း မမွှေးကြတော့ဘူးမောင်။

"အင်းလျားကန်ရေပြင်ပေါ်မှာ ရွှေ့လျားနေကျ ရွက်လှေတွေ လေ အခုတော့လည်းငြိမ်သက်နေသလိုပဲကွယ်။ ကန်ပေါင်ကြီးကလည်း စန္ဒီ့ကို မေးတယ်။ မင်းချစ်သူဘယ်မှာလဲကွယ်...တဲ့။

www.burmeseclassic.com


"မောင်မှတ်မိသေးလားဟင်။ I. M(1)ဘက် သွားမယ်ဆိုပြီး မောင်နဲ့ နှစ်ယောက်အတူ သွားကြတာလေ။ ခရေပင်တန်းအောက်မှာ မိုးတွေက ဖြူန်းစားကြီး ရွာချတာ။ လေတွေကလည်း တိုက်နဲ့။ မောင့်မှာ ထီးမပါဘူးလေ။ စန္ဒီ့ထီးနဲ့ နှစ်ယောက်အတူ ဆောင်းကြရတယ်လေ။ မောင်သေသေချာချာမှတ်မိရဲ့လား။

"မိုးသီးလေးတွေ အများကြီး ကြွေကျတာလေ ပုလဲစေ့လေးတွေကျနေတာပဲ။ မောင်က ကဗျာဆန်တယ်။ မိုးပုလဲစေ့လေးတွေပေါ့တဲ့။ စန္ဒီက ပြောလိုက်တယ် မောင့်ကို အဲဒီမိုးပုလဲစေ့လေးတွေလောက်ချစ်တယ်လို့ ...။

"အဲဒီနေ့က မိုးတွေ ရွှဲစိုနေပေမဲ့ နှစ်ယောက်စလုံး ပျော်ကြတယ်နော်။ အဲဒီလို အပျော်နေ့လေးတွေကို လွမ်းလိုက်တာကွယ်။ မောင်ရော စန္ဒီကို မလွမ်းဘူးလား။

"မောင်တို့ D.S.Aက ပင်ပန်းတယ်နော်။ မောင့်ကို သနားလိုက်တာ။ တကယ်တော့ မောင့်ကို D.S.Aသွားဖို့ တိုက်တွန်းတာ စန္ဒီပါနော်။ စန္ဒီလေ။ ငယ်ငယ်ကတည်းက စစ်သားဆိုရင် သိပ်ချစ်တယ်။ အစ်ကိုတွေကိုလည်း စစ်ထဲဝင်ဖို့ တိုက်တွန်းတယ်။ မိန်းမလျာတွေချည်းပဲ။ တစ်ယောက်မှ မဝင်ကြဘူး။ မောင့်ကို စန္ဒီက စစ်ဝတ်စုံနဲ့ သိပ်မြင်ချင်တာ။ မောင့်ဓာတ်ပုံတွေ ရတယ်။ မောင်က စန္ဒီထင်တဲ့ အတိုင်းပဲ။ စစ်ဝတ်စုံနဲ့ အရမ်းလိုက်တယ်ကွယ်။

"လွမ်းတယ်အချစ်ရယ်။ မောင်တို့ ဘယ်တော့ခွင့်ပြန်လာမလဲ။ စန္ဒီ ဘူတာက လာကြိုမယ်။ မောင်ကြိုက်တဲ့ အပြာရောင်ကို ဝတ်လာမယ်။ အပြာရောင် ဖဲကြိုးစီးလာမယ် မောင်တို့ နိုဝင်ဘာလကုန်လောက် ရောက်မယ်ထင်တယ်။ နိုဝင်ဘာရယ်၊ ရောက်ခဲ့လိုက်

www.burmeseclassic.com



တာကွယ်။ စန္ဒီကို မသနားတော့ဘူးလား ပြက္ခဒိန်လေးတွေ့ရယ်။

"ပြောရအုံးမယ်မောင်။ တင့်ဆွေနဲ့မြင့်စိုးပေါ့။ လူကို လာလာကြည့်ကြတယ်။ သူတို့က မောင်ခန့်ထားတဲ့ စုံထောက်တွေပေါ့လေ။ စန္ဒီအကြောင်းကို မောင့်ဆီ စာရေးပြီး သံတော်ဦးတင် ကြမယ်ပေါ့လေ။ စိတ်ချပါ မောင်ရယ်။ စန္ဒီမောင့်ကိုပဲ ချစ်တယ်။

"ဘုတ်ဆုံမနဲ့ တွေ့လို့ ပြောသေးတယ်။ ဟိုကောင် ငါ့ဆီကို စာမရေးဘူးဟဲ့ တဲ့။ သူငယ်ချင်းပဲ မောင်ရယ်။ စာလေး ဘာလေး ရေးလိုက်ပါဦး။ သူစာထည့်တယ်တဲ့။ မောင်က စာမပြန်တော့ သူ စိတ်မကောင်း ဖြစ်နေပုံရတယ်။ စာလေးဘာလေး ရေးလိုက်ပါဦးနော်။

"ပြောစရာ ကျန်သေးတယ်။ ဖေဖေက မောင်တို့ မြို့ကို အလုပ်ကိစ္စနဲ့ သွားတယ် စန္ဒီလည်း အတင်းပူဆာပြီး လိုက်သွားတယ်လေ။ ဟိုတုန်းက စန္ဒီအိပ်တဲ့ အခန်းလေးမှာပဲ အိပ်တယ်။ မောင်ရေခပ်ပေး တာတွေ သတိရမိတယ်။ ကန်တော့နော်။ အဲဒီတုန်းက မတောင်းပန်လိုက်ရဘူး။ မောင်တို့အိမ်မှာ တစ်ညအိပ်ပြီး မောင့်ကို လွမ်းလို့ အိပ်ရာထဲမှာ ကျိတ်ပြီး ငိုလိုက်ရသေးတယ် သိလား။ မောင့်ခေါင်းအုံးလား မသိပါဘူး။ မျက်ရည်တွေ ရွှဲသွားတယ်။"

"ဟော့ကောင် ထက်လင်းဖြိုး..."

သန်းဆွေက လှမ်းခေါ်လိုက်မှ ကျွန်တော့်မျက်လုံးများသည် စန္ဒီမိုးဦးဖြူ၏ ဝိုင်းဝိုင်းစက်စက် လက်ရေးများမှ ခွာပြီး သူ့ထံသို့ ရောက်သွားလေသည်။

"ဘာလဲကွ..."

"အဲဒီစာရွက်တွေ ပေါက်ကော့မယ်ကွ။ ဗိုလ်လောင်းနံပါတ် ကျက်ပါဆိုတော့ အလွတ်မရလို့ ခဏခဏ လေထီးနိုးနေရတယ်။

www.burmeseclassic.com



အဲဒီစာတွေကျတော့ မင်းအလွတ်ရနေပြီ မဟုတ်လား။"

"ရနေပြီ။ ဒါကလဲကိုယ့်ကုသိုလ်နဲ့ ကိုယ်လေကွာ။ မင်းမှာ အဲဒီလိုစာလေးဘာလေး ဖတ်စရာပို့မည့်သူရော ရှိလို့လား။"

"သွားစမ်းပါကွာ။ ငါက ရောဂါကင်းတယ်။ မင်းက ရောဂါ သည်းလွန်းတယ်။ မင်းမရှိကုန်းမှ အဲဒီစာတွေယူပြီး..."

ကျွန်တော် စာတွေ သိမ်းရသည်။

"အကျင့်မယုတ်နဲ့ သန်းဆွေ။ အဲဒါ ငါ့အသက်ပါကွာ။ ငါလွမ်းရတာက သေလောက်တယ်။ ဒီစာလေးတွေ ရှိနေလို့သာ ငါ သေပွဲမဝင်ရတာကွ။"

"ကြီးကျယ်လိုက်တာ။ ဟိုက ချွဲတိုင်း မင်းက လွမ်းပြနေ။ ဒီမှာ ငဖြိုး။ ဆန်းမောင်ဆီမှာ အဲဒီ လက်ရေးနဲ့ စာတစ်စောင် ငါ တွေ့တယ်။ သူ့အယ်လ်ဘမ် စာအုပ်ထဲမှာလည်း မင်းကောင်မပုံ ငါတွေ့တယ်။"

သန်းဆွေစကားကြောင့် ကျွန်တော် ´တုန်လှုပ်ချောက်ချား သွားရသည်။ စန္ဒီမိုးဦးဖြူနှင့် ဆန်းမောင် ပတ်သက်မှုရှိကြောင်း ကျွန်တော် သိသည်။ မည်သည့် အတိုင်းအတာအထိ ပတ်သက်ကြောင်း တော့ မသိရ။ စန္ဒီမိုးဦးဖြူ ကျွန်တော့်ကို ပစ်ပြီး ဆန်းမောင်ကို စေတနာတွေ ပိုသွားမလားဟူသည့် အတွေးမျိုးကို ကျွန်တော့်စိတ် ထဲသို့ အကျုံးကျော်မခံ။ တွေးပင်မတွေးရဲ။

"ဟေ့ကောင်။ ဘာငိုင်နေတာလဲ။ မင်းမယုံရင် သွားကြည့် မလား။"

"မကြည့်ပါဘူးကွာ။ ဆန်းမောင်နဲ့ တစ်တန်းတည်းပဲကွ။ သူငယ်ချင်းချင်း စာရေးမှာပေါ့။ အဲဒါဆန်းလား ..."

"မဆန်းပါဘူးဗျာ။ ဒါပေမဲ့ စာက ဘာစာမှန်းမှ မသိရတာ။



www.burmeseclassic.com

www.burmeseclassic.com



ငါတောင်းကြည့်တော့လည်းမပြဘူး။ ဒီကောင်က သိပ်လျှိုတယ်။ သူတို့ တပ်ခွဲကကောင်တွေ ခိုးဖတ်မလို့ကြံတာလည်း မရဘူး။ သူ့ မိဘဆီက စာတောင် ပေးမဖတ်ဘူး။ ပြီးတော့ ဓာတ်ပုံ အယ်လ်ဘမ်က ကော်နှာမပါတဲ့ အမျိုးအစား၊ ကော်နဲ့ ကပ်သလို အသေကပ်ထားပြီး အပေါ်က ပလတ်စတစ် ဖုံးထားတယ်။ ကျောဘက်မှာ ဘာရေးထားမှန်း မသိဘူး။ ပြီးတော့ စာရေးတာက ခင်လို့ ရေးတာဆိုပေမဲ့ ဓာတ်ပုံ ကျတော့ မိန်းကလေးတစ်ယောက်ဟာ ယောကျာ်းလေး တစ်ယောက် ကို တောင်းတိုင်း မပေးဘူးမောင်...”

ကျွန်တော် သက်ပြင်းရှိုက်မိသည်။

“မင်း ဆန်းမောင်ကို ပွင့်ပွင့်လင်းလင်း မေးကြည့်ပါလား။”

ကျွန်တော် ခေါင်းခါလိုက်သည်။

“ငါမမေးချင်ပါဘူး ”

“ငါမေးမယ်...”

“ဒါတော့ မင်းသဘောပဲ။ စန္ဒီအကြောင်း ငါ့လောက်သိတဲ့သူ မရှိဘူး သန်းဆွေ သူငါ့ကို ချစ်တယ်။”

“အဲဒါတော့ ငါမသိဘူး ထက်လင်းဖြိုး၊ တော်ကြာ တစ်နေ့ ကျရင် မင်းတို့ချင်း ပြဿနာတက်မှာစိုးလို့...”

“ဘာတက်စရာရှိလို့လဲ။ ငါတို့သေဖော် သေဖက်အချင်းချင်း တွေပဲကွာ...”

သန်းဆွေသည် သူ့စကားအတိုင်းပင် ဆောင်ရွက်လေသည်။ သို့သော် ဆန်းမောင်က သူ့ကိုဘာမျှမပြောပေ။ သန်းဆွေ မသိသော သွားစုံစမ်းသည်မှာ အချည်းအနှီးပင် ဖြစ်သည်။ ကျွန်တော်က ဆန်းမောင်ထံတွင် စန္ဒီမိုးဦးဖြူ၏ ဓာတ်ပုံနှင့်စာရှိနေကြောင်း စာလှမ်း



www.burmeseclassic.com

 www.burmeseclassic.com

ရေးသည်။ စန္ဒီက ဆန်းမောင်ထံမှ စာလာ၍ ရိုးရိုးသားသား စာပြန်လိုက်ကြောင်း၊ ဆန်းမောင် သူ့ကို ဓာတ်ပုံ ရိုက်ပေးဖူးကြောင်း၊ သူ့ဓာတ်ပုံ အပိုကူးထားလျှင် မတတ်နိုင်ကြောင်း ဖြေရှင်းသည်။

ကျွန်တော်က သန်းဆွေကို စန္ဒီမိုးဦးဖြူထံမှ စာတွေ ပြလိုက်သည်။ သန်းဆွေက မင်မင်းလတ်၏ up Around the Band အလိုက် ရည်စားများတဲ့သူ သီချင်းကို အော်ဆို၍ ကျွန်တော့်ကို စသည်။ ကျွန်တော်စိတ်ဆိုးမှန်း သိသောအခါ သူကျွန်တော့်ကို မစတော့။

ကျွန်တော်တို့သည် ပထမနှစ်ကုန်ဆုံးလို့ ခွင့်ပြန်ရမည့်ရက်ကို လက်ချိုး၍ ရေတွက်နေကြလေသည်။

❖

## (ဂ)

စန္ဒီမိုးဦးဖြူ ရေးဆွဲထားသည့် အစီအစဉ်လေးမှာ သူမ၏ စကားအရဆိုလျှင် ချစ်စရာလေးပင် ဖြစ်သည်။ ယခုတော့ ကျွန်တော်လည်း စန္ဒီမိုးဦးဖြူက ချစ်စကားကို လှိုင်လှိုင်သုံးခြင်းအပေါ် ကျင့်သားရပြီး မကန့်ကွက်ဖြစ်တော့ပေ။

ကျွန်တော့်ကို စန္ဒီမိုးဦးဖြူက ဘူတာတွင် လာကြိုသည်။ ထို့နောက် နောက်တစ်နေ့အတွက် ချိန်းသွားသည်။ ကျွန်တော်သည် ဦးလေးတို့အိမ်တွင် အိပ်လေရာ အိပ်၍ မပျော်နိုင်ပေ။ နောက်တစ်နေ့တွင် ဦးလေးက မြို့သို့ ပြန်ရန် တိုက်တွန်းသော်လည်း ကျွန်တော်သည် စန္ဒီမိုးဦးဖြူကိုသာ စောင့်နေမိသည်။

စန္ဒီမိုးဦးဖြူသည် မာဇဒါဆီဒင်ကားကို ကိုယ်တိုင်မောင်း၍လာပြီး ကျွန်တော့်ကို လာခေါ်သည်။ မာဇဒါဆီဒင်မှာ သူတို့အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ဝယ် လိုက်သည့်ကား အသစ်ဖြစ်သည်။ ကျွန်တော်တို့ နှစ်ယောက် ခုနစ်မိုင်ခွဲရှိ ဒေါ်လေးညွန့်တို့အိမ် သွားသည်။ ထုံးစံအတိုင်း နေ့လည် နေ့ခင်းမို့ အိမ်တွင် ဒေါ်လေးညွန့်နှင့် အိမ်ဖော်များသာ ရှိသည်။ ကျွန်တော်နှင့် ရင်းနှီးနေပြီဖြစ်သော ဒေါ်လေးညွန့်သည် ကျွန်တော့်ကို ဝမ်းသာအားရ ကြိုဆိုသည်။

စန္ဒီမိုးဦးဖြူ၏ အစီအစဉ်မှာ ကျွန်တော်တို့နှစ်ယောက် မီးဖိုချောင်သို့ဝင်ပြီး အတူတကွ ချက်ပြုတ်၍ စားကြရန် ဖြစ်သည်။ သူမသည် ဆွဲခြင်းနှင့်အပြည့် ဟင်းလျာများကို ဝယ်လာပြီး ဖြစ်သည်။ ဒေါ်လေးညွန့်က စားချင်တာ ပြောပါ ချက်ကျွေးပါ မည်ဆိုသည့်တိုင် စန္ဒီမိုးဦးဖြူက လက်မခံ။ ကျွန်တော့်ကို ကိုယ်တိုင် ချက်ကျွေးမည်ဟု ဆိုသည်။ ကျွန်တော် အာလူး ကက်သလိတ် ကြိုက်သည်ဆို၍ စန္ဒီမိုးဦးဖြူက အာလူးတွေ ပြုတ်သည်။ အထဲတွင် ဆိတ်သားကိုနုပ်နုပ် စင်းပြီး ခပတ်ချက်ကာ အစာသွတ်လျှင် ကောင်းမည်ဟု ဆိုကာ စန္ဒီမိုးဦးဖြူက ဆိတ်သားကို စင်းကောလုပ်ကာ မဆလာ နိုင်နိုင်နှင့် ချက်သည်။ ကျွန်တော်က အခွံခွာပြီးသား အာလူးတွေ ထောင်းရသည်။

ထို့နောက် အာလူးတွေကို ဂျုံမှုန့်နှင့် နယ်ကြသည်။ အာလူးထဲတွင် ဆိတ်သားသွတ်သည်။ အာလူးကက်သလိတ်အလုံးများမှာ တစ်လုံး နှင့် တစ်လုံး အရွယ်အစား မညီကြ။ ကြီးသည့် အလုံးက လက်သီးဆုပ်မက။ ငယ်သည့် အလုံးက လောက်စာလုံးသာသာ။ ဆီအိုးထဲထည့်၍ ကြော်လိုက်သောအခါ အာလူးတွေ ပြဲထွက်ပြီး ပုံပျက်ကာ ဆိတ်သားတွေ ထွက်လာသည်။ ကျွန်တော်နှင့် နှစ်ယောက်သည် လုပ်လိုက်သည်မှာ အာလူးကက်သလိတ်ဖြစ်၍မလာ။ အာလူးပျောပြဲ ဖြစ်သွားသည်။ သို့သော်မဲ့ နှစ်ယောက်စလုံး ပျော်ကြသည်ပင်။

ပစ္စန်းချက်မည်လုပ်ပြီးမှ စန္ဒီမိုးဦးဖြူက ပစ္စန်းကျော် ဟစ်ကောင်

www.burmeseclassic.com



ကို မီးသွေးဖိုတွင် မီးကင်ပြီး အခွံခွာသည်။ ထို့နောက် ကျွန်တော့်ကို ခွံ့ကျွေးသည်။ သို့နှင့် ပုစွန်နှစ်ဆယ်သားခန့် ဟင်းမချက်ရခင် ကုန်လေသည်။

စန္ဒီမိုးဦးဖြူက ကျွန်တော့်ကို ငရုတ်သီး ထောင်းခိုင်းသည်။ မထောင်းတတ်သဖြင့် ကျွန်တော့်မျက်လုံးထဲ ငရုတ်သီး ဝင်တော့၏။ စန္ဒီမိုးဦးဖြူခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရှာသည်။ ကျွန်တော့်ခြေမကို ရေဖြင့်လောင်းသည်။ ကျွန်တော့်ကို မျက်နှာသစ်ပေးသည်။

ဘာဟင်းမှ မချက်ရသေးခင် ထမင်းအိုးမှာလည်း တူးသွားလေသည်။ မီးဖိုချောင်မှာလည်း ပွက်ကြဲနေလေပြီ။ ဒေါ်လေးညွန့်က ကျွန်တော်တို့ နှစ်ယောက်ကို မီးဖိုချောင်မှ တောင်းတောင်းပန်ပန်နှင့် နှင်လွှတ်သည်။ ကျွန်တော်တို့နှစ်ယောက်လည်း ဧည့်ခန်းကို ထွက်လာရတော့၏။

ဒေါ်လေးညွန့်နှင့် အိမ်ဖော်ကောင်မလေးများ မီးဖိုချောင်ထဲတွင် ချက်ပြုတ်နေကြစဉ် ကျွန်တော်တို့နှစ်ယောက်မှာ လွတ်လပ်ရေးရ၍နေသည်။

"မောင်တို့ ဟိုမှာ မြို့ထဲထွက်လည်ကြရလား…"

"ဗိုလ်လောင်းအဖြစ် အသိအမှတ်ပြုပြီးမှ လည်ရတာလေ။"

"ဟုတ်သားပဲ။ မောင့်စာထဲမှာ ပါတယ်။ မောင်ဘယ်အိမ်တွေ လျှောက်လည်လဲ"

"နာရီစင်ကို သက်စေ့ ပတ်တယ်။ ကန်တော်ကြီး ရက္ခဗေဒဥယျာဉ်သွားပြီး စီးကရက်သောက်တယ်။ ဒါပါပဲ။"

"ဟုတ်ရဲ့လား။ ပျာကညိုတွေ အိမ်ရော။ မသွားဘူးလား။"

"သိမှ မသိဘဲ။"

"ဪ...ဒါဆိုရင် သိရင် သွားမယ်ပေါ့။"

"မသွားပါဘူး"

"မယုံပါဘူး။ မောင့်ကို စန္ဒီ မျက်စိအောက်မှာပဲထားချင်တယ်။"

"အခုကြည့်လေ။ ကြည့်ရုံပဲ ကြည့်နော်။ မကဲနဲ့..."

ကျွန်တော်တို့ နှစ်ယောက် တခစ်ခစ် ရယ်ကြသည်။ ထို့နောက် ရယ်သံတွေ ကျယ်လာသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး ပြိုင်တူပင် လက်ညှိုးလေးတွေ ထောင်ပြီး ရှူးတိုးတိုး လုပ်မိသည်။ ဒေါ်လေးညွန့် ကြားသွားဦးမယ်ဆိုပြီး ပြိုင်တူပြောဖြစ်သည်။

တကယ်တမ်း ဒေါ်လေးညွန့်က ထမင်းကျွေးတော့ နှစ်ယောက်စလုံး မစားနိုင်တော့။ ဒေါ်လေးညွန့်က ကျွန်တော်တို့ နှစ်ယောက်ကို လိုက်သည်ဟု ဆိုသည်။ ကျွန်တော် ကျေနပ်သွားသည်။ ဒေါ်လေးညွန့်က လက်ဖက်ရည်၊ အအေးစသည်တို့ကို တိုက်ကျွေးသည်။ နှစ်ယောက်သား လွတ်လွတ်လပ်လပ် နေခွင့်ရကြသည်။ ညနေစောင်းမှ သူမက ကျွန်တော့်ကို လိုက်ပို့သည်။

နောက်တစ်နေ့တွင် ကျောင်းထဲသွားပြီး သူငယ်ချင်းတွေကို နှုတ်ဆက်သည်။ ဘုတ်ဆုံမက စကားနာ ထိုးသည်။ ကျွန်တော်သည် စီးပွားရေး တက္ကသိုလ်ဘက်ကို ရောက်သွားသည်။ ဆန်းမောင်ကို မတွေ့ရ။ သူသည် ဘိုကလေးမှ ဖြစ်သဖြင့် ဘိုကလေးသို့ ပြန်သွားလောက်ပေပြီ။

ချစ်ရတစ်ရက် လွမ်းရက်တစ်ရာဆိုသလိုတော့ ဖြစ်နေပြန်ပါပြီ။ ကျွန်တော် အိမ်မပြန်လို့ မဖြစ်။ မြို့ကို ပြန်လာရသည်။ မိဘများ ရှေ့တွင် ကျွန်တော် လွမ်းပြသည်။ ချွဲပြသည်။ တစ်ရက်နှစ်ရက်ကြာလျှင်ပင် ကျွန်တော် မနေနိုင်။ ရန်ကုန်သို့ ရောက်လာရပြန် လေသည်။



www.burmeseclassic.com

www.burmeseclassic.com

❖

(ဃ)

စစ်တက္ကသိုလ်တွင် အောင်ဇေယျ၊ ဘုရင့်နောင်၊ အောင်ဆန်း၊ အနော်ရထာဟူ၍ ဗိုလ်လောင်း တပ်ခွဲလေးခွဲရှိသည်။ တစ်နှစ်အတွင်း အမှတ်အများဆုံး တပ်ခွဲကို အောင်စစ်သည်တပ်ခွဲဟုခေါ်ပြီး အခမ်းအနားဖြင့် အောင်စစ်သည်အလံ အပ်နှင်းပွဲကျင်းပသည်။ ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ဗိုလ်လောင်းများသည် မိမိတို့၏ တပ်ခွဲ အောင်စစ်သည်ဆု ရရှိရေးအတွက် နှစ်အလိုက်သော်လည်းကောင်း၊ တပ်ခွဲလိုက်သော်လည်း ပြိုင်ပွဲမျိုးစုံ ယှဉ်ပြိုင်ရသည်။

ပထမနှစ် အချင်းချင်းယှဉ်ပြိုင်ရသည်မှာ CROSS COUNTRY ပြေးပွဲ (ခေါ်) တောလမ်း ငါးမိုင် ဖြတ်ပြေးပွဲ ဖြစ်သည်။ (နောက်ပိုင်းတွင် တတိယနှစ်များ ပြိုင်ကြရသည်ဟု ဆိုသည်။) ဒုတိယနှစ် အချင်းချင်း ပြိုင်ရသည်မှာ ဘားကျွမ်းဖြစ်ပြီး၊ တတိယနှစ် အချင်းချင်း ပြိုင်ပွဲကျင်းပ၍ ပြိုင်ရသည်မှာ သေနတ်ပစ်ပြိုင်ပွဲနှင့် လုံ့ဗွပ်ထိုး ပြိုင်ပွဲဖြစ်သည်။ နောက်ဆုံးနှစ်များမှာမူ ကျောင်းဆင်းခါနီးတွင် စစ်ပညာအရ ချေမှုန်းရေး ပြိုင်ပွဲ ဝင်ကြရသည်။

တပ်ခွဲအလိုက် အဆောင်ခင်းကျင်းမှု၊ သန့်ရှင်းရေးပြိုင်ပွဲများလည်း ရှိသည်။ စစ်ဝတ်စုံ အမြန်ဝတ်ပြိုင်ပွဲ၊ လက်နက်ငယ်ကျွမ်းကျင်မှု၊ စစ်ရေးပြပြိုင်ပွဲစသည်များလည်း ရှိသည်။ လက်ဝှေ့၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဂျူဒို၊ ပြေးခုန်ပစ်၊ ရေကူးစသည့် အားကစားမျိုးစုံကိုလည်း ပြိုင်ကြရသည်။

အောင်စစ်သည် ဗိုလ်လုပွဲအတွက် ဘောလုံးပြိုင်ပွဲ ကျင်းပရာ ကျွန်တော်တို့ အောင်ဇေယျတပ်ခွဲသည် အနော်ရထာကို ရှုံး၍


www.burmeseclassic.com

www.burmeseclassic.com


အောင်ဆန်းတပ်ခွဲသည် ဘုရင့်နောင်တပ်ခွဲကို ရှုံးလေသည်။ ဘုရင့်နောင်နှင့် အနော်ရထာ ဗိုလ်မလုခင် အောင်ဇေယျနှင့် အောင်ဆန်း တတိယ လုကြရသည်။

ကျွန်တော်သည် အောင်ဇေယျ တပ်ခွဲ၏ ရေ့တန်းညာအစွန်လူ ဖြစ်ပြီး ဆန်းမောင်သည် အောင်ဆန်းတပ်ခွဲ၏ နောက်တန်း ဘယ်အစွန်လူဖြစ်ရာ ၄-၂-၄ ပုံစံ ကစားသဖြင့် ကျွန်တော်တို့ နှစ်ယောက် ရင်ဆိုင် တွေ့ကြသည်။ ကျွန်တော်သည် အလယ်လူနှစ်ဦး အကွက်ဆင်၍ တင်ပို့ပေးသော ဘောလုံးကို ယူ၍ ထိုးဖောက် ဂိုးသွင်းရန် အတန်တန် ကြိုးစားသည်။ အပြေးသန်ပြီး လုပ်ရှားမှု သွက်လက်သော ကျွန်တော်သည် ကျွန်တော့်ထက် အလုံးအထည် ကြီးမားပြီး ခြေဆန် လက်ဆန်ရှည်လျားသည့် ဆန်းမောင်ကို မကျော်နိုင်ပေ။ ကျွန်တော် သယ်လာသည့် ဘောလုံးမှာ ဆန်းမောင်နှင့် တွေ့လျှင် ပျက်လေတော့သည်။

"အုတ်တံတိုင်းကြီးကွ။ အုတ်တံတိုင်းကြီး..."

"ဆန်းမောင်ကွ၊ ဆန်းမောင်..."

အောင်ဆန်းတပ်ခွဲမှ ဗိုလ်လောင်းများက ဆန်းမောင်ကို အော်ဟစ် အားပေးချီးကျူးကြသည်။

"ထက်လင်းဖြိုး ထွက်...ထွက်..."

"အသုံးကို မကျဘူး..."

"ဟေ့ကောင် ကြောက်လာ..."

အောင်ဇေယျတပ်ခွဲမှ ဗိုလ်လောင်းများကမူ ကျွန်တော်ကို ပြစ်တင်ရှုတ်ချကြသည်။ ကျွန်တော်လည်း အစွမ်းကုန် ကြိုးစားသည်။ သို့သော် ပထမပိုင်း မိနစ်နှစ်ဆယ် ကျော်သည့်အထိ ဂိုးသွင်းခွင့် တစ်ကြိမ်မှ မရ။ ဘယ်အစွန်လူ သိန်းမြင့် ဂိုးသွင်းခွင့် ရသော်လည်း



www.burmeseclassic.com

 www.burmeseclassic.com

အောင်ဆန်းက ဂိုးသမား ခင်မောင်သန်းက ကာကွယ်နိုင်လေသည်။ အောင်ဆန်းတပ်ခွဲမှ တရကြမ်း ထိုးဖောက်လာသဖြင့် ကျွန်တော်တို့ပါ နောက်ဆုတ်ပြီး ခုခံကာကွယ်ရသည်။

ကျွန်တော်သည် အားမလိုအားမရ ဖြစ်လာသည်။ ခပ်ကြမ်းကြမ်းပင် ဖိကစားတော့သည်။ ဆန်းမောင်နှင့်တွေ့လျှင် အတင်းဝင်သည်။ ဆန်းမောင်က ဘောလုံးကို အားကုန်ကျုံး၍ ကန်ပြီး ဖျက်ထုတ်သည်။ ကျွန်တော့်ခြေထောက်သည် ဆန်းမောင်၏ ညို့သကျည်းကို ဖြတ်ကန်သလို ဖြစ်သွားသောကြောင့် ပြစ်ဒဏ်ဘော အပေးခံရသည်။

သူ့ကို ကျွန်တော် ဆွဲထူပေးလိုက်သည်။

"ဆောရီး သူငယ်ချင်း"

"ရပါတယ်ကွာ ..."

တစ်ကြိမ်တွင် ကျွန်တော်သည် ဆန်းမောင်ကို ကျော်ပြီး ဘောလုံးကို သယ်ယူလာနိုင်သည်။ ကျွန်တော်သည် ဂိုးစည်း ရှိရာသို့ တစ်ရှိန်ထိုး ထိုးဖေါက်တော့သည်။ ဂိုးသမား ခင်မောင်သန်းသည် စိုးရိမ်တကြီးဖြင့် ကာကွယ်ရန် အသင့်ပြင်နေရသည်။ ဂိုးသမားနှင့် ကျွန်တော် တဖြည်းဖြည်း နီးနီးလာသည်။ တစ်ယောက်ချင်းသာ ရင်ဆိုင်တွေ့ရပါက ခင်မောင်သန်းသည် ကျွန်တော့်ကို ခုခံ နိုင်တော့မည်မဟုတ်။

သို့သော် ဆန်းမောင်သည် ကျွန်တော့်ထက် ခြေလှမ်းကျဲသည်။ ကျွန်တော့်နောက်ကို သူအတင်းလိုက်ပြီး ဖျက်သည်။ ကျွန်တော့်ခြေထောက်ရှေ့မှ ဘောလုံးကို သူသည် အတင်းဝင်၍ ကန်ထုတ်လိုက်ရာ ထောင့်ကန်ဘော ဖြစ်သွားရသည်။ ပရိသတ်၏ ဟာလန်



www.burmeseclassic.com

www.burmeseclassic.com



အာမေငိုတ်သံကြီး ပြိုင်တူထွက်လာသည်။ ကျွန်တော်သည် ဂိုးရခါနီးမှ လက်မတင်လေး လွတ်သွားရသောကြောင့် ဒေါကန်သွားရလေသည်။

ကျွန်တော်တို့ တပ်ခွဲအသင်း ဂိုးရရှိရေးအတွက် ကျွန်တော်သည် အပြင်းအထန် ကြိုးစားတော့သည်။ ကျွန်တော်သည် တံတောင်ဆစ်တွေကို ခပ်ကားကားထားပြီး ပြေးသည်။ ဆန်းမောင်သည် ကျွန်တော့်အနားကို ကပ်လာလျှင် တံတောင်နှင့် အတွက်ခံရတော့သည်။ သူ ဘောလုံးကို အားကုန်ကျုံး၍ ကန်လျှင် ကျွန်တော်က ဘောလုံးရှေ့မှ ကျော်၍ ခြေဖြင့်နင်းပြီး ခံသည်။

"ဟော့ကောင် လူမချန့်..."

ဒိုင်လူကြီးက ပြစ်ဒဏ်ဘောမပေး။ ကျွန်တော် သူ့ကို လက်တစ်ဖက် မြှောက်ပြပြီး တောင်းပန်လိုက်သည်။ ကျွန်တော် ဘောလုံးကို တစ်ရှိန်ထိုး ဆွဲပြေးပြီး အလယ်လူ ဆီဇာထံထိုး ပေးလိုက်သည်။ ဆီဇာက ခေါက်ပြီး ကျွန်တော့်ထံ ပြန်ပို့ပေးသည်။ ဘောလုံးသည် မြှောက်၍ ဝင်လာရာ ကျွန်တော်သည် ခေါင်းတိုက်၍ သွင်းရမည်ဖြစ်သည်။ အရပ်ရှည်သော ဆန်းမောင်သည် ကျွန်တော့်ထက် ဦးအောင် ခေါင်းကို ခုန်တိုက်သည်။ ကျွန်တော်က ဒူးကို မြှောက်၍ သူ့နံကြားကို တိုက်ပေးလိုက်သောအခါ သူ့ခေါင်းနှင့် ဘောလုံးလွဲသွားတော့သည်။

ဘောလုံးသည် ကျွန်တော့်နဖူးနှင့် တိုက်ပြီး ဂိုးထဲဝင်သွားတော့၏။

"ဂိုး ..."

အော်သံတွေဆူညံသွားသည်။

သို့သော် ဂိုးမရပါ။ ဒိုင်လူကြီးသည် အချက်ပေး ခရာမှုတ်၍



www.burmeseclassic.com

www.burmeseclassic.com



ပြစ်ဒဏ်ဘော ပေးထားပေသည်။ ဆန်းမောင်သည် ခွေလဲနေသည်။ ပြန်မထနိုင်။ သူတို့အချင်းချင်း ဆွဲထူကြရသည်။ အောင်ဆန်းမှ ဂိုးသမား ခင်မောင်သန်းက ကျွန်တော့်ကို ဟော့ကောင် ထက်လင်းဖြိုး၊ လူမချနဲ့ကွာဟု သတိပေးသည်။ ဆန်းမောင်သည် ဂိုးတိုင်ဘေးတွင် ခေတ္တထိုင်နားပြီးနောက် ပြန်ဝင်လာသည်။ သို့သော် သူ့လှုပ်ရှားမှုများသည် မသွက်လက်တော့။

ပထမပိုင်း ၄၅မိနစ်ပြီးသည်အထိ ဂိုးမသွင်းနိုင်ကြ။ ဆယ်မိနစ် အနားယူချိန်တွင် သိန်းမြင့်နှင့်သန်းဆွေ ကျွန်တော့်ကို ဝိုင်း၍ အပြစ်တင်သည်။

"တတိယ လုတာပဲကွာ။ ဗိုလ်လုတာမှ မဟုတ်တာ။ ရိုးရိုးသားသား ကစားစမ်းပါ။ အချင်းချင်း လူမချနဲ့ကွာ။ အခုသာ တပ်ခွဲ မတူပေမယ့် ငါတို့ ပထမနှစ် အချင်းချင်းပဲ မဟုတ်လား။ ပြောရရင် ဗိုလ်လောင်းအချင်းချင်း၊ တပ်မတော်သား အချင်းချင်း မဟုတ်လား။ အားကစား စိတ်ဓာတ်နဲ့ ကစားကွာ။ ယှဉ်ပြိုင်ခြင်းသာ အဓိကပါ။ ငါတို့ တပ်ခွဲ ရှုံးရင်လည်း မင်းကို ဘယ်သူမှ အပြစ်မတင်ပါဘူး။"

သိန်းမြင့်သည် သံပုရာသီး တစ်ခြမ်းကို ကိုင်ရင်း ကျွန်တော့်ကို လူကြီးဆန်စွာ ဆုံးမနေသည်။ သူကျွန်တော့်ထက် အသက်တစ်နှစ်ကြီးသည်။ သူသည် မကွေးကောလိပ်တွင် ဒုတိယနှစ်အထိ တက်နေရာမှ စစ်တက္ကသိုလ်ကို ရောက်လာခြင်း ဖြစ်သည်။ စစ်တက္ကသိုလ်ကျတော့ ပထမနှစ်ပင်။

သန်းဆွေကတော့ ...

"မင်း ဘာဖြစ်နေလဲဆိုတာ ငါသိတယ် ထက်လင်းဖြိုး။ မင်း ဆန်းမောင်ကို ကြည့်လို့ မရဘူး ဖြစ်နေတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com 

အားကစားကို ကိုယ်ရေးကိုယ်တာနဲ့တော့ မရောနဲ့ကွာ...”

“အာ ...ငါအဲဒီလို မဟုတ်ဘူးကွာ။ ငါ ဒီကိစ္စကို သတိတောင် မရဘူး သန်းဆွေ။ ငါ သူ့ကို မကျော်နိုင်လို့ ဂိုးမရတာနဲ့ သွေးပူလာတာပဲ ရှိတယ်။”

ကျွန်တော် ပျာပျာသလဲငြင်းမိသည်။ အမှန်တွေလည်း ဖြစ်သည်။ လူက မောလည်းမောနေသည်။

“ဒါပေမဲ့ မင်း ဆန်းမောင်ကို အသားလွတ် သွားချတာကတော့ မကောင်းဘူး။ ကြည့်မရလို့ လုပ်သလိုကြီး ဖြစ်နေတယ်။”

“ဘောလုံးကစားတာပဲကွာ နည်းနည်းပါးပါးတော့ ထိမိခိုက်မိမှာပဲ သန်းဆွေ။”

“ဘာပဲဖြစ်ဖြစ် ရှောင်ကွာ။ ဆန်းမောင်ကသာ ကိုယ်ရေးကိုယ်တာကြောင့်လို့ တွေးမိရင် မင်းသိက္ခာ တစ်ပြားမှ မရှိတော့ဘူး။ အဲဒီလို တွေးမိနိုင်တဲ့ အခြေအနေလည်း ရှိတယ်။ ဘာလို့လဲဆိုတော့ မင်းက အသားလွတ် သွားချတာကိုး။ ဆင်ခြင်ကွာ...”

“အေးပါ။ ငါဆင်ခြင်ပါ့မယ်။”

ဘောလုံးကစားရသည်မှာ တက်တက်ကြွကြွ မရှိတော့ပေ။ ကျွန်တော်သည် ဆန်းမောင်ကို အမှန်တကယ် မထိုးဖောက်နိုင်ပေ။ ထို့ကြောင့် ဂိုးသွင်းခွင့် မရ။ ထိုစဉ်မှာပင် အောင်ဆန်း ရှေ့တန်းက ထိုးဖောက်ပြီး ကျွန်တော်တို့ဘက်ကို ဂိုးသွင်းသွားသည်။ ကျွန်တော်တို့ တပ်ခွဲမှာ ခံစစ် ဖြစ်သွားသည်။ အောင်ဆန်းရှေ့တန်း လူများမှာ ကျွန်တော်တို့ ဂိုးစည်းဘက်မှာချည်း ရှိနေသည်။ ကျွန်တော်တို့မှာ သူတို့ဘက်ကို ထိုးဖောက်နိုင်ဖို့ နေနေသာသာ ဘောလုံးပင်လျှင် ကျွန်တော်တို့ ခြေထောက်ထဲကို ရောက်မလာ။

နောက်တစ်ဂိုး ဝင်ပြန်သည်။



www.burmeseclassic.com

19

www.burmeseclassic.com

နောက်တစ်ဂိုး ဝင်ပြန်သည်။

ဒုတိယပိုင်း ၄၅ မိနစ်တွင် သုံးဂိုး ဝင်သည်။ ကျွန်တော်တို့ တစ်ဂိုးမျှ ပြန်မချေနိုင်။ မရှုမလှ ရှုံးရသည်။ ထိုအရှုံးပွဲကြောင့် ကျွန်တော်တို့ တပ်ခွဲသည် ဘောလုံး ဗိုလ်လုပွဲတွင် ဘိတ်ချေး ဖြစ်သွားလေသည်။ ရှိတာကမှ လေးသင်းထဲရယ် ...။

❖

(င)

ကျွန်တော်တို့နှစ်ယောက်သည် တပ်ပြင်သို့ အတူတကွ ထွက်ရင်း နယူးပင်းသာစားသောက်ဆိုင်တွင် စတော်ဘယ်ရီကရင်(မ်) အတူတကွ သောက်ကြလေသည်။ ကျွန်တော်က ဆန်းမောင်ကို တောင်းပန်ရသည်။

"ငါ မင်းကို တမင်သက်သက် ချတာ မဟုတ်ပါဘူးကွာ။ ဘောလုံးက ကျော်ကို မကျော်တော့ သွေးပူလာတယ်။ မင်းတော်တော် နာသွားလား"

"မင်းက ဘောလုံးကန်ဖို့ မကောင်းဘူး။ မြန်မာ့လက်ဝှေ့ ထိုးဖို့ကောင်းတယ်။ ဒူးချက်က တော်တော် ပြင်းတယ်ကွာ။ နံရိုးနိမ့် သွားသလားတောင် ထင်ရတယ်။ အသက်တောင် ရှူလို့မရဘူး။"

"ဟဲဟဲဟဲ... အဲဒီတစ်ချက်ကတော့ တမင်သက်သက် လုပ်လိုက်တာ။ နို့မို့ဆို ဘောလုံးက မင်းခေါင်းနဲ့ ထိပြီး ထွက်သွားတော့မှာ။ ဒိုင်လူကြီး မြင်သွားလို့ပေါ့ကွာ။ မမြင်ရင် တစ်ဂိုးတော့ ရမယ်။ ဘဲဥကွဲတာပေါ့ကွာ။ ရှုံးပေမဲ့ ပစ်စလက်ခတ် မဟုတ်တော့ ဘူးပေါ့။"

"ဒါက မင်းအပြစ်မှ မဟုတ်တာ။ မင်းတို့ တပ်ခွဲမှာက ဘောလုံးသမားကောင်းမှ မရှိတာ။ ဂျူဒိုကျတော့ ကြည့်ပါလား။


www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ တပ်ခွဲက လူတွေနဲ့ တွေ့ရင် ငါတို့ တပ်ခွဲက ကောင်တွေ ရှုံးတာပဲ...”

ကျွန်တော်သည် စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ တစ်ခွန်းမျှ မပြောပေ။ ကျွန်တော်သူ့ကို လူချကစားခြင်းမှာ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် မဟုတ်ကြောင်း ထင်ရှားပေါ်လွင်အောင်သာ ရှင်းပြနေမိသည်။ ကျွန်တော်သည် စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ သူ့အပေါ်တွင် မနာလိုဖြစ်စရာ အကြောင်းမရှိပေ။ ဆင်စစ် ကျွန်တော်က စင်ပေါ်ကပဲ။ ထိုသို့ အားတင်းရပေမဲ့ အားကတော့ လျော့နေသည်။

သေသေချာချာ ပေါင်းကြည့်တော့လည်း ဆန်းမောင်သည် လေးစားစရာ ကောင်းသူဖြစ်သည်။ ကျွန်တော်သည် သူများ အချစ်ကို ကိုယ်ကိုယ်တိုင် မသိဘဲခိုးယူလုယူသလို ဖြစ်ခဲ့ရသည်။ ကျွန်တော်နှင့် စန္ဒီမိုးဦးဖြူတို့ ချစ်နေကြပြီဆိုသော အချိန်တွင် သူမသည် ကိုမြင့်ထူး နှင့် ချစ်နေကြဆဲပင် ဖြစ်သည်။ ထိုသို့သော အခြေအနေကို ကျွန်တော်သည် ကိုယ်တိုင် မသိရသော်လည်း လိပ်ပြာမလုံပေ။

ပြီးတော့ ကျွန်တော် ဝင့်လည်မှာ ကြောက်နေသည်။

ကိုမြင့်ထူးလို ခံရမှာ ကြောက်နေသည်။

ဆန်းမောင် ကျွန်တော့်ထံမှ စန္ဒီကို လုယူသွားမှာ ကျွန်တော် စိုးရိမ်နေသည်။ သို့သော် ရယ်စရာသာ ဖြစ်သည်။ ဆန်းမောင်သည် ထိုသို့သော သူမျိုးမဟုတ်ပေ။ ကျွန်တော်သည် စန္ဒီနှင့် ကိုမြင့်ထူး ချစ်သူများအဆင့်တွင် ရောက်နေကြောင်း သိရပါက စန္ဒီကို ဘယ်လိုမှ ချစ်ရေးဆိုဖြစ်မည် မဟုတ်ပေ။ ချစ်စိတ်တွေ မျိုသိပ်ပြီး လွမ်းဆွေး၍သာ နေမိမည် ဖြစ်သည်။ သူများ ချစ်သူကိုတော့ ကျူးကျော်စော်ကားဝံ့မည်မဟုတ်။ ကျွန်တော်အဖြစ်က မသိလို့ ဖြစ်ခဲ့ရခြင်း။ ဆန်းမောင်ကား ယောကျ်ားပီသသူဖြစ်သည်။ စိတ်ထားကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းမောင်အပေါ် ကျွန်တော် ကျေလည်သွားသည်။

သူသည် စန္ဒီမိုးဦးဖြူအကြောင်း တစ်ခွန်းမျှ မပြောပေ။

ကျွန်တော်သည် စန္ဒီမိုးဦးဖြူထံ စာရေးသောအခါ ဆန်းမောင်အကြောင်းထည့်၍ ရေးလိုက်သည်။ စန္ဒီက ဆန်းမောင်သည် လေးစားစရာ ကောင်းကြောင်း စာပြန်ရေးလာသည်။ သူငယ်ချင်းကောင်းပီသသူဟုလည်းဆိုသည်။ ဆန်းမောင်ကို မိန်းမသားအချို့က ဝိုင်းဝန်း၍ စိတ်ဝင်စားကြကြောင်း၊ ရေလာမြောင်းပေး အပြုအမူများဖြင့် ဝိုင်းကြိုက်ကြကြောင်း၊ သို့သော် ဆန်းမောင်သည် သူ့ဘဝကိုသာ သူစိတ်ဝင်စားပုံရကြောင်း စာပြန်ရေးသည်။

ဒုတိယနှစ် ဗိုလ်လောင်း ဘဝတွင်ကား ကျွန်တော်တို့သည် များစွာ ကျင့်သားရသွားပြီ ဖြစ်သည်။ ကျွန်တော်တို့သည် ပထမနှစ်ဗိုလ်လောင်းလေးများ အယောင်ယောင် အမှားမှား ဖြစ်နေကြသည်ကို ကြည့်၍ ကွယ်ရာတွင်ကျိတ်၍ ရယ်မောကြသည်။ သူတို့ ရှေ့တွင်မူ ကျွန်တော်တို့သည် မျက်နှာတွေကို တင်းထားကြသည်။ သူတို့ကို အပြစ်ရှာနေခြင်းသည်ပင်လျှင် အသေးအဖွဲကအစ ဂရုစိုက်တတ်အောင် ကျွန်တော်တို့ လေ့ကျင့်ကြခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့ တုန်းကလည်း ဤအတိုင်းပင်။ ကုတင်အောက်တွင် မီးခြစ်ဆံ တစ်ဆံ ကျန်ခဲ့၍ အပြစ်ပေး ခံရပုံကို ကြည့်ပါ။ ကုတင်နှစ်ခုကြားတွင် ဖြစ်သောကြောင့် သန်းဆွေနှင့် ကျွန်တော် အပြစ်ပေးခံရသည်။ သစ်တုံးကြီးတစ်တုံးတွင် မီးခြစ်ဆံကိုချည်သည်။ ထို့နောက် အမှိုက်ကျင်းရှိရာဘက်ကို ထမ်းသွားရသည်။ နှစ်မိုင် ခန့်ဝေးရာမှ မီးခြစ်ဆံကို ဖြုတ်ပြီး လွှင့်ပစ်ရသည်။ ပြီးမှသစ်တုံးကြီးကို ဆောင်အထိ ပြန်သယ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ် မီးခြစ်ဆံမှာ ကျွန်တော့်ကြောင့် ကျန်ခြင်း ဖြစ်သည်။ ကျွန်တော်သည် ဖယောင်းတိုင်ထွန်း၍ ဖိနပ်ကို ဖွန်းပူကပ်သည်။ ဖိနပ်ပေါ်မှ ကီဝီဆေးတွေ မြန်မြန်ခြောက်အောင် ကြေးဖွန်းကို မီးမြိုက်၍ ဖိပေးခြင်း ဖြစ်သည်။ မီးခြစ်ဆံကို အမှတ်တမဲ့ ပစ်သည်။ တံမြက်စည်းလှည်းတော့ ကျန်ခဲ့သည်။ အပြစ်ပေးခံရတော့ သန်းဆွေပါ အချောင်ခံရသည်။ သန်းဆွေ ကျွန်တော့်ကို ဆဲသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး မီးခြစ်ဆံ မကျန်ရဲတော့။ တစ်ယောက်နှင့်တစ်ယောက် သူကျန်မလား၊ ကိုယ်ကျန်မလား စစ်ဆေးပေးသည့် အကျင့်လည်း ရလာသည်။ ဒုတိယနှစ်တွင် ကျွန်တော်တို့သည် ပထမနှစ်များကို ဤအတိုင်းပင် လေ့ကျင့်ပေးရသည်။

ကျွန်တော်တို့ အထက်တွင် စီနီယာဝမ်း (ခေါ်) တတိယနှစ် ဗိုလ်လောင်းတွေ ရှိသည်။ ဖိုင်နယ် (လ်) ခေါ် နောက်ဆုံးနှစ် ဗိုလ်လောင်းတွေ ရှိသည်။ သူတို့သည် ကျွန်တော်တို့ကို စောင့်ကြည့်ဆဲပင် ဖြစ်သည်။ ကျွန်တော်တို့သည် အပြစ်မှ မလွတ်သေးပေ။ အပြစ်ပေးခံနေရဆဲပင် ရှိသေးသည်။ တစ်ဦးချင်း တစ်ယောက်ချင်း အရေးယူခံရသကဲ့သို့ တပ်စုလိုက်၊ တပ်ခွဲလိုက်၊ အပတ်စဉ်လိုက် အရေးယူခံရခြင်းများလည်း ရှိသည်။ သို့သော် ပျော်ပျော်ပါးပါးပင် ဖြစ်သည်။

ဘွဲ့ဒီဂရီ ရရှိရေးအတွက် စာသင်သည့်အခါ သင်ရသည်။ စစ်ပညာ လေ့ကျင့်ခန်းတွေ လုပ်သည့်အခါ လုပ်ရသည်။ စစ်သင်တန်းများမှာ ပြင်းထန်သည်။ စာသင်ခန်းတွေကလည်း စည်းကမ်းတင်းကျပ်သည်။ မူလတန်းကျောင်းသားလေးတွေကို သင်သလိုသင်ခြင်း ဖြစ်သည်။ ပထမနှစ်တုန်းကတော့ ပထမနှစ်ဝက်အကုန်တွင် ကျွန်တော်တို့သည် ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦး၊ ချောက်၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး၊ စလေသာ အရပ်ဒေသများ သို့ ခြည်သုဘာဝ

www.burmeseclassic.com



လေ့လာရေးခရီးထွက်ခဲ့ကြရသည်။ ဒုတိယနှစ်ဝက်တွင်မူစစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုဒေသများသို့ လေ့လာရေးခရီးသွားရသည်။

အချိန်သည် သာယာနေသော အချိန်တွင် ကုန်လွယ်တတ်သည်။ ငြီးငွေ့နေချိန်တွင်မူကုန်ခဲသည်။ ကျွန်တော်သည် ချစ်သူနှင့် ခွဲခွာနေရချိန်တွင် အချိန်တို့ကို မြန်မြန်ကုန်လွန် စေချင်သည်။ သို့သော် အချိန်က မကုန်နိုင်။ ထိုကာလများသည်လည်း ငြီးငွေ့ဖွယ်ပင် ဖြစ်သည်။ အချိန်သည် လွန်မြောက်သွားသောအခါကား အတိတ်ကာလ ဖြစ်သွားသည်။ ဝေးကွာသွားသောအခါတွင်ကား ထိုစဉ်က မည်မျှကြာမြင့်သည်ဟု ထင်ခဲ့သော ကာလပင် ဖြစ်ပါစေ။ သေးငယ်မှုန်ဝါး သွားလေပြီတည်း။

❖

## (၈)

ဒုတိယနှစ် သင်တန်းကုန်ဆုံး၍ ခွင့်ပြန်လာသောအခါတွင်ကား စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို လာရောက် ကြိုဆိုနိုင်ခြင်း မရှိပေ။ ကျွန်တော့်ကို လာရောက်ကြိုဆိုကြသူများမှာ လှည်းတန်းက ဦးလေးတို့ လင်မယား၊ ပုစုနှင့်ခရ မောင်နှမ၊ ထို့အပြင် ဘုတ်ဆုံမတို့သာတည်း။

"ရွှေမျက်နှာတော် ညှိုးမနေနဲ့ ကိုယ်တော်ချော။ စန္ဒီက ငါ့ကို မှာသွားတယ်။ သူ့အမျိုးတစ်ယောက် မြန်အောင်မှာ ဆုံးလို့တဲ့။ မနေ့ကဘဲ ခရီးထွက်သွားတယ်။"

"ဘယ်လောက်ကြာမှာလဲ..."

ကျွန်တော်အလိုမကျစွာ မေးမိသည်။ ဘုတ်ဆုံမက ကျွန်တော့် အဖြာ်အစားအိတ်ကို မနိုင်မနင် လွယ်သည်။ မေးပါ ဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com


မရပေ။ အလုပ်သမား ငှားဆိုတော့လည်း ပိုက်ဆံကုန်သည်ဟု ဆိုကာ အတင်းလွှယ်သည်။

"ရက်လည်တဲ့အထိ နေမယ်တဲ့ဟ။ သူမရှိဘူးဆိုတော့ နင် ရန်ကုန်မှာ တစ်ညအိပ်ပြီး မြို့ကို ပြန်လိုက်ပေါ့။ နင့်အဖေနဲ့ အမေ ကလည်းနင့်ကို သိပ်လွမ်းနေတာ။ ပြီးမှ ရန်ကုန် ပြန်လာပေါ့ဟာ။ မဟုတ်ဘူးလား။"

ကျွန်တော်ကား အဖြေမပေးနိုင်။ ဆန်းမောင်သည် ကျွန်တော့်ကို နှုတ်ဆက်ပြီး ထွက်ခွာသွားသည်။ သူသည် အသိတစ်ယောက်အိမ်မှာ ညအိပ်ပြီး နောက်တစ်နေ့တွင် ဘိုကလေးသို့ ဆက်ထွက်မည် ဖြစ် လေသည်။ ကျွန်တော်တို့လူစု ကားတစ်စီးငှားပြီး လှည်းတန်းသို့ ထွက်ခွာလာရာ ဘုတ်ဆုံမလည်း ပါလာသည်။ အိမ်ရောက်တော့ ပုစုနှင့် ခရမောင်နှမအတွက် စတော်ဘယ်ရီယို၊ မာလကာဂျယ်ရီ၊ တော်ဖီစသော လက်ဆောင်တွေပေးရသည်။ ဦးလေးနှင့် ဒေါ်လေး အတွက် ဆွယ်တာတစ်ထည်စီ ပေးရသည်။ ဘုတ်ဆုံမကို ဆွယ်တာ တစ်ထည် လက်ဆောင်ပေးသောအခါ ဘုတ်ဆုံမသည် ပျော်နေလေ သည်။

ကျွန်တော်တို့ ရထားသည် ညနေခြောက်နာရီကျော်မှ ဆိုက် ရောက်လာခြင်းဖြစ်ရာ အိမ်ရောက်သည်နှင့် ကျွန်တော်လည်း ရေမိုး ချိုး ထမင်းစားရသည်။ အိမ်ထမင်း အိမ်ဟင်းမို့ စားလို့ကောင်း လိုက်သည် ဖြစ်ခြင်း။ ဘုတ်ဆုံမလည်း ဆာသည်ဟုဆိုကာ ကျွန်တော် နှင့်အတူဝင်၍ စားလေသည်။

"ဒီဟင်းတွေက ငါကြိုက်ချက်ထားတာ…"

"ဟုတ်တယ် ထက်လင်းဖြိုး။ ရီရီဝင်းက နေ့လည်ထဲက ရောက်နေတာ။"


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်လေးက ဝင်ပြောသည်။

"နင်ကျောင်းမတက်ဘဲ ကျောင်းပြေးနေတာပေါ့။"

သူမကို ကျွန်တော်က စသည်။

"ဒီနေ့ ကလပ်(စ်) မရှိဘူးဟ..."

ကျွန်တော် ပထမနှစ် ခွင့်ပြန်လာတုန်းက ဒုတိယနှစ် ဖြစ်နေသော ဘုတ်ဆုံမသည် ယခုအခါ တတိယနှစ် ကျောင်းသူကြီး ဖြစ်နေလေသည်။

ထမင်းစားပြီးသောအခါ ဘုတ်ဆုံမလည်း စွပ်ကျယ်စက်သို့ ပြန်ရန် ပြင်ရ၏။ ဦးလေးနှင့် ဒေါ်လေးက မိုးချုပ်နေသဖြင့် အိမ်မှာပဲအိပ်ရန် ပြောရာ ဘုတ်ဆုံမငြင်းသည်။ တကယ်တော့လည်း ဦးလေးတို့ အိမ်မှာ ကျဉ်းကျဉ်းလေးဖြစ်ရာ အိပ်စရာ နေရာက မရှိလှပေ။

"ဟော့ကောင်။ ညည်းငါ့ကို လိုက်ပို့ဟာ..."

"ဘာလဲ။ ကျားကိုးစီးစားလို့တောင် မကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့များ လူကြောက်ရသေးလားဟ။"

ကျွန်တော် ဘုတ်ဆုံမကို စလိုက်သည်။

"အံမာ... လာစရဲ စကြည့်ပါလား။ တော်တန်ရုံ သတ္တဝါလောက်တော့ ကိုင်ပေါက်ပစ်လိုက်မယ် သိလား။"

ဘုတ်ဆုံမက ကြုံးဝါးသည်။

"အေး။ နင် အဲဒီလို ကြပ်ကြပ်လုပ်။ နင့်ကို ကြိုက်ရဲတဲ့သူ မရှိလို့ အပျိုကြီး ဖြစ်နေဦးမယ်နော်..."

"ဖြစ်ဖြစ်ပေါ့ဟာ။ ဂရုစိုက်လို့..."

ကျွန်တော်သည် ဆေးပေါ့လိပ်နှစ်လိပ် အိတ်ထဲထည့်ကာ သူမအား လိုက်ပို့ရန် ပြင်ရလေသည်။ နင့်ကို ငါပြောစရာတွေ



www.burmeseclassic.com

www.burmeseclassic.com


အများကြီးရှိတယ် ဘုတ်ဆုံမက ပြောသည်။ ကျွန်တော်တို့ နှစ်ယောက်သည် လှည်းတန်းလမ်းမကြီးအတိုင်း မလျှောက်တော့ဘဲ ဦးထွန်းလင်းခြံလမ်းဘက်မှ ဖြတ်ကာ အင်းစိန်လမ်းမကြီးဘက်သို့ ရောက်လာသည်။

ဟိုးနီးကားကြီးများမှာ လူတွေ ကျပ်နေသည်။

"ကား မစီးချင်ဘူးဟာ။ လမ်းလျှောက်ပြန်မယ်။ နင်လျှောက်နိုင်ပါ့မလား..."

"နင်ကများ ပြောရတယ် ရှိသေး။ လှည်းတန်းနဲ့ စွပ်ကျယ်စက်လမ်းဆိုတာ ရှိလှရင် နှစ်မိုင် မပြည့်ပါဘူးဟာ။ တို့က ဗိုလ်လောင်းပါ။ ဗိုလ်ဖြစ်ရင် တစ်နေ့ မိုင်နှစ်ဆယ်လောက် လျှောက်ရဦးမှာ။ နင်သာ ပင်ပန်းနေမှာ စိုးရတယ်။"

"မပင်ပန်းပါဘူးဟာ။ စွပ်ကျယ်စက် မှတ်တိုင်ကနေ ငါဘယ်တော့မှ ကားမစီးဘူး။ အချိန်မရမှသာ စီးတာ။ အင်းလျား ကန်ပေါင်အတိုင်း လျှောက်တယ်။ ကွန်ဗို့ဘက်ကနေ ကျောင်းထဲ ဝင်တယ်။ ပြန်ရင်လည်းအဲဒီအတိုင်းပဲ။ ကားစီးနိုင်တဲ့ လူတန်းစားမှ မဟုတ်ကား။ လမ်းလျှောက်ရတာ အဆန်းမဟုတ်ပါဘူး။"

ရန်ကုန်၏ ဒီဇင်ဘာ ဆောင်းညသည် ပြင်ဦးလွင်ဆောင်းနှင့် မည်သို့မျှ မယှဉ်သာပေ။ ချမ်းအေးခြင်းလည်း မရှိပေ။ သို့သော် ဘုတ်ဆုံမသည် အမယ်၊ ချမ်းတယ်ဟဟ ဆိုကာ ကျွန်တော် လက်ဆောင် ယူလာသော ဆွယ်တာအင်္ကျီလေးကို ချက်ချင်း ယူဝတ်လေသည်။ ကျွန်တော်တို့ နှစ်ယောက်သည် အင်းစိန် လမ်းမကြီးအတိုင်း လျှောက်သွားပြီးမှ စွပ်ကျယ်စက်လမ်းကို အနောက်ဖက်မှ ဝင်ရန် စိတ်ကူးထားသည်။ ဘုတ်ဆုံမတို့၏ အမျိုးအိမ်မှာ စွပ်ကျယ်စက်လမ်း၏ အလယ်ခန့်ကွင်ရှိရာ ပြည်လမ်းဘက်က ဝင်ဝင်၊

www.burmeseclassic.com



အင်းစိန်လမ်းဘက်က ဝင်ဝင် အကွာအဝေးမှာ အတူတူခန့်ပင် ရှိသည်။

"နင်ပြီးခဲ့ကဲ့ တစ်နှစ်လုံး ငါ့ဆီ စာတစ်စောင်ပဲရေးတယ်။"

"မအားဘူးဟ။ ဟိုမှာ အချိန်က မရဘူး။"

"နင့်ဟာမ ဆီတော့ အများကြီး ရေးမှာပေါ့။"

ကျွန်တော် အဖြေ မပေးမိ။

"အေးလေ။ ဘယ်တူပါ့မလဲဟ။ စန္ဒီဆီကိုသာ နင် စာတစ်စောင်တည်း ရေးကြည့်ပါလား။ ဟိုက နင့်ကို လာပိတ်တီးမှာပေါ့။"

ကျွန်တော် ရယ်နေလိုက်ရသည်။

"နင်ပြောစရာရှိတယ်ဆိုတာက ဘာလဲ..."

"ငါ ပြောသင့် မပြောသင့် စဉ်းစားနေတာ။ ကွယ်ရာမှာ ပြောတော့လည်းအတင်း ဖြစ်မယ်။ နင်စိတ်မချမ်းမသာဖြစ်မှာလည်း စိုးတယ် ဟ။"

"ကလေးကို မုန့်ပြပြီးမှ မကျွေးဘဲထားတာမျိုးပေါ့လေ။ နင်ငါ့ကို မခံချိမခံသာ ဖြစ်အောင် မလုပ်နဲ့ ဘုတ်ဆုံမ။"

"အေး။ နင်က ကလေး မဟုတ်သလို ငါပြောမယ့်စကား တွေဟာလည်း မုန့်ကွေ မဟုတ်ပါဘူးဟာ။ နင့်အတွက် အရေးကြီး ပါတယ်။။"

"ပြောပါ။ ငါနားထောင်ပါ့မယ်..."

"စန္ဒီရယ်ကော..."

"အင်း..."

"ကိုမြင့်ထူးနဲ့ ပြန်တွဲနေပြန်ပြီဟယ်..."

"ဘာ..."

ကျွန်တော် တုန်လှုပ်သွားပြန်သည်။

"သူ့ကို ကြည့်ရတာလည်းတစ်မျိုးပဲ။ ငေးငေးငိုင်ငိုင်နဲ့။ ငါတို့ကတော့ သူ့ကို နင့်အတွက် အလွမ်းတွေ့ သယ်နေရတယ် ထင်တာ။ ဒီအကြောင်းတွေကို မြင့်စိုးနဲ့ တင့်ဆွေက နင့်ဆီစာမရေး ကြဘူးလား..."

"မရေးကြဘူး..."

"အလကားကောင်စုတ်တွေ၊ အေးလေ။ ယောကျ်ားလေးတွေ ဆိုတော့လဲ အတင်းပြောရတာကို ဘယ်ဝါသနာပါကြမလဲ။ စန္ဒီက တော့ ပြောတယ်။ ကိုမြင့်ထူးနဲ့ သူနဲ့ဟာ ရိုးရိုးတန်းတန်းပါတဲ့။ သူ့ကျန်းမာရေး မကောင်းလို့ ကိုမြင့်ထူးက ဆေးခန်းတွေ ဘာတွေ လိုက်ပို့ပေးဆိုလားပဲ။ ကိုမြင့်ထူးနဲ့ တွဲနေတယ်ဆိုပေမဲ့ သူရွှင်ရွှင် ပြပြတော့ မရှိဘူး။ သူ့ကို ကြည့်ရတာ တစ်ခုခုကို လွမ်းနေဆွေးနေ သလိုမျိုးကြီး..."

ကျွန်တော်ခေါင်းထဲသို့ ကစ်စုံတစ်ရာသည် တိုး၍ ဝင်လာ သည်။ စန္ဒီမိုးဦးဖြူ ပြောခဲ့ဖူးသော စကားအချို့ကို ကျွန်တော် သတိရလာသည်။ စန္ဒီက သူမသည် ကိုမြင့်ထူးနှင့် ချစ်သူတွေအဖြစ် ပြောဆိုဆက်ဆံနေရစဉ် အခြားတစ်ယောက်ယောက်ကို လွမ်းသလိုလို ဆွေးသလိုလို ခံစားရသည်တဲ့...။

ကိုမြင့်ထူးနှင့် သူမသည် ချစ်သူတွေ အဆင့်ကို ပြန်ရောက် သွားပြီလား ကျွန်တော် မသိသေးပါ။ သူမသည် ကိုမြင့်ထူးနှင့် အတူတူရှိခဲ့စဉ်တုန်းကရော ဘယ်သူ့ကိုများ လွမ်းနေခဲ့သေးလဲ...။

"သူ့အယူအဆတွေက တစ်ခါတစ်ခါ ကြောက်စရာ ကောင်း တယ်။"

"ဘယ်လို ကြောက်စရာ ကောင်းတာလဲ။"

www.burmeseclassic.com

www.burmeseclassic.com


"မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ဟာ သိပ်အရေးကြီးတယ်တဲ့။ လူတစ်ယောက်ကို ချစ်မိဘာနဲ့ အဲဒီလူဟာ အိမ်ထောင်ဖက်ဖြစ်ရတော့မှာလားတဲ့။ အဲဒီလူနဲ့ အဆင်မပြေရင် မိန်းမသားတစ်ယောက်အတွက် နောက်တစ်ယောက်ကို ပြောင်းလဲ ရွေးချယ်ပိုင်ခွင့် မရှိတော့ဘူးလားတဲ့။ သူ့ဝါဒက တစ်ယောက် မကောင်းတစ်ယောက်ပြောင်း ဝါဒလား။ ဝမ်းကိုး တူးကမ်း ဝါဒလား ပြောရခက်တယ်။ နင်နဲ့သူ အဆင်ပြေရဲ့လား..."

"ပြေပါတယ် ဘုတ်ဆုံမ။ သူနဲ့ ငါ ပြဿနာ မရှိပါဘူး..."

"သူ့ကို ကြည့်ရတာတော့ ရှိနေသလိုလိုပဲ။ ငါက နင့်ဆီက စာလာသလားမေးကြည့်တော့ သူက ဝတ်ကျေဝတ်ကုံပဲ ပြောတယ်။ တစ်ခါ ပြောတာ ရှိသေးတယ်။ ရည်းစားများတယ်ဆိုတာ အပြစ်မဟုတ်ဘူးတဲ့။ အန္တရာယ်များတယ် ဆိုပေမဲ့ အရည်အချင်းရှိရင် အန္တရာယ်ကို ရှောင်နိုင်မှာပဲတဲ့။ သူ့အယူအဆက ဘာလဲ။ အနောက်တိုင်း ဖိုမဆက်ဆံရေးလား..."

ဘုတ်ဆုံမ၏ စကားကို ကျွန်တော် ဘယ်လို အဖြေပေးရမှန်း မသိပေ။

အနောက်တိုင်း ဖိုမဆက်ဆံရေး ဝါဒကို ကျွန်တော် မကြုံဘူးပေ။ စာတွေထဲမှာ ဖတ်ရခြင်းဖြင့် လည်းကောင်း၊ ရုပ်ရှင်တွေမှာ ကြည့်ရခြင်းအားဖြင့်လည်းကောင်း ကျွန်တော် အကြမ်းဖျင်း နားလည်သည်မှာ အနောက်တိုင်း ဖိုမဆက်ဆံရေး ဝါဒသည် လွတ်လပ်လွန်းသည်။ ပွင့်လင်းလွန်းသည်။ ယောက်ျားလေးနှင့် မိန်းကလေး အဆုံး အစွန်ထိ တွဲသည်။ ယနေ့ည တွဲပြီး နောက်တစ်နေ့ မေ့ပစ်သည်။ ကိုယ့်မိန်းမက သူများနှင့် ဖက်ပြီး ပွတ်သဘင်၌ ဆင်နွဲနေသည်ကို ယောက်ျားတွေက တဟဲဟဲနှင့်သဘောကျနေသည်။ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com


ကလည်း ယောက်ျား ရှိလျက်နှင့် ဖောက်ပြန်သည်။ အပျို၊ လူပျိုများ မှာ ချိန်းတွေ့ ပြီးမှ စိတ်ကြိုက်တွေ့မတွေ့ အဖြေရှာသည်။ ကျွန်တော်တို့ ယဉ်ကျေးမှုနှင့်တော့ တခြားစီ။

"သူပြောတာ ရှိသေးတယ်။ ကျောက်ခေတ်ဟာ သိပ်ကောင်းတယ်တဲ့။ ဘာစည်းကမ်းမှ မရှိဘူးတဲ့။ လင်မယားလည်း မရှိဘူး။ သမီးရည်းစားလည်း မရှိဘူးတဲ့။ နေချင်သလို နေကြတာတဲ့။"

"ကျောက်ခေတ်မှာ လူတွေဟာ အဝတ်အစား လုံလုံခြုံခြုံ ဝတ်တဲ့အထိ ဉာဏ်မှ မရှိသေးတာ။ လင်မရှိ မယားမရှိ ရည်းစား မရှိဆိုတဲ့နောက်တော့ တိရစ္ဆာန်ပဲပေါ့...။

"ငါကိုလည်းပြောပါတယ်။ အဲဒါဟာစ်ပီ ဝါဒပဲဆိုတော့ သူက ဟာစ်ပီဝါဒဆိုရင် သမိုင်းဦး ဘုံမြေခေတ်လေး ဘာလေးနဲ့ ဘာလို အမွှမ်းတင်ကြလဲတဲ့..."

" အဲဒါက စီးပွားရေး ပုံစံကို ပြောတာပဲ။ တစ်ဦးချင်း ပိုင်ဆိုင်မှု မရှိတဲ့ ဘုံဝါဒကို ပြောတာပဲ။ လူမှုဆက်ဆံရေး ပုံစံကျတော့ တိရစ္ဆာန်စိတ်ပဲ ရှိမှာပေါ့။ မိခင်အုပ်စိုးတဲ့ ခေတ်ဆိုတာ အကောင်း မှတ်လို့လား။ ဖအေတွေ အများကြီးနဲ့ မွေးထားတဲ့ ကလေးတွေကို မိခင်က ဩဇာညောင်းပြီး အုပ်ချုပ်နေရတဲ့ ခေတ်ကို ပြောတာပဲ။"

"ဟိုးဆရာ။ ငါ့ကို ရန်လာမတွေ့နဲ့။ ရန်စကားလည်းမပြောနဲ့။ အဲဒါတွေက စန္ဒီ အယူအဆတွေ။ နင်ငြင်းချင်ရင် စန္ဒီကို သွားငြင်း လေ..."

ကျွန်တော့်လေသံတွေ မာလာသဖြင့် ဘုတ်ဆုံမက ကျွန်တော့်ကို ဟန့်တားခြင်း ဖြစ်သည်။ ဟုတ်သည်။ ကျွန်တော့် လေသံတွေ မာနေသည်။ ဒေါသလှိုင်းတွေ လှုပ်ရှားနေသည်။ မနှစ်က ဖွင့်ပြန် လာတုန်းကတော့ ကျွန်တော်သည် ရန်ကုန် ရောက်သည်နှင့် ပျော်

 www.burmeseclassic.com

လိုက်သည့် ဖြစ်ခြင်း။ ယခုတော့ မပျော်။ စန္ဒီကိုလည်း မတွေ့ရ။ မတွေ့သည့်အပြင် ကြားရသည့် သတင်းကလည်း မကောင်း။

"စန္ဒီဟာ တစ်မျိုးပဲနော်..."

ဘုတ်ဆုံမ၏ စကားကို ကျွန်တော် ထောက်ခံမိသည်။

ကျွန်တော်နှင့် ဘုတ်ဆုံမသည် အင်းစိန်လမ်းမကြီး အတိုင်း လျှောက်လာကြသည်။ ကျွန်တော်သည် ဗိုလ်လောင်းပီပီ ခြေလှမ်း မြန်မြန်လျှောက်သည်။ အကျင့်ပါနေလေရာ ဘုတ်ဆုံမသည် မကြာ ခဏ ပြတ်၍ ကျန်ခဲ့သည်။ ကျွန်တော် သူမကို ရပ်၍ ရပ်၍ စောင့်ရ သည်။ သူမက ကျွန်တော့်ကို ဖြည်းဖြည်းလျှောက်ဖို့ ပြောလေသည်။

"သူ နင့်ကို စိတ်ကောက်စရာ တစ်ခုခုများ ရှိလား။"

"မရှိဘူး။ ရှိရင်လည်းသူဟာ ကျိတ်ပြီး ကောက်နေမှာ မဟုတ်ဘူး။ ချက်ချင်း ဖွင့်ပြောမှာပဲ။ ဘာကြောင့် ကောက်ရ တယ်ဆိုတာ သူပြောမှာပဲ။"

"ငါ့အထင်တော့ သူနင့်ကို ကောက်နေတယ် ထင်တာပဲ။"

"ငါ ဘာများမှားလို့လဲ။ နင်စဉ်းစားကြည့်လေ။ အဝေးကြီး ခွဲနေရတာပဲ။"

ကျွန်တော်သည် ဘုတ်ဆုံမကို သူတို့အစ်ကိုအိမ် ပြန်ပို့ကာ ခဏတစ်ဖြုတ် နှုတ်ဆက်စကား ပြောသည်။ ဘုတ်ဆုံမတို့ အမျိုး များမှာ ကျွန်တော်တို့ မြို့သူမြို့သားများပင် ဖြစ်လေရာ ကျွန်တော့်ကို ခင်မင်ရင်းနှီးကြသူများပင် ဖြစ်သည်။ ဆွေမျိုးလို နေခဲ့ကြသူများလည်း ဖြစ်သည်။ နောက်နေ့တွင် ကျွန်တော် မြို့ကို ပြန်သည်။ တစ်ပတ်ခန့် ကြာတော့ ကျွန်တော် ရန်ကုန်ရောက်လာသည်။ စန္ဒီကား မရောက် သေး။

❖



www.burmeseclassic.com

www.burmeseclassic.com



(ဆ)

"စဉ်းစားကြည့် စန္ဒီ။ ခွင့်က တစ်နှစ်လုံးအတွက်မှ တစ်လပဲ ရတာပါ။ အဲဒီ တစ်လလုံးလုံး မောင်စန္ဒီနဲ့ တွေ့ချင်နေမိတယ်။ အခုတော့ အချိန်က မရှိတော့ဘူး..."

"ခက်တယ်မောင်။ ဒေါ်လေးညွန့်တို့အိမ်သွားတာကို ဖေဖေ သိသွားပြီး ဆူတယ်။ ဖေဖေရော မေမေပါ ဒေါ်လေးညွန့်တို့ကို အဆက်အဆံလုပ်တာ မဟုတ်ဘူး...။"

"ဒေါ်လေးညွန့်တို့အိမ်ကို စန္ဒီဘယ်သူနဲ့ သွားလို့ သိသွားရတာလဲ..."

"ဘယ်သူနဲ့မှ သွားတာ မဟုတ်ပါဘူး။ မောင်က စွပ်စွဲချင်လို့လား။"

ကျွန်တော် ရန်ကုန် ပြန်ရောက်လာသောအခါ စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို ဆက်သွယ်ခြင်း မရှိ။ သူတို့အိမ်ကို ယောကျ်ားသံဖြင့် တယ်လီဖုန်းဆက်၍ မရဟု ဆိုသောကြောင့် ဘုတ်ဆုံမကို ကျွန်တော် အကူအညီ တောင်းရသည်။ စန္ဒီမိုးဦးဖြူ တယ်လီဖုန်း ကိုင်ပြီဆိုသည်နှင့် ဘုတ်ဆုံမထံမှ တယ်လီဖုန်းကို ကျွန်တော် ယူလိုက်မည် ဖြစ်သည်။ သို့သော် ဘုတ်ဆုံမသည် ခေါင်းခါ၍သာ ပြလေသည်။

စန္ဒီမိုးဦးဖြူသည် စီးပွားရေး တက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသူကြီး တစ်ဦး ဖြစ်နေလေပြီ။ သူတို့ စာသင်ခန်းသို့ လိုက်သွားသောအခါ စုတွေးကိုသာ တွေ့ရသည်။ စုတွေးကလည်း ခေါင်းကိုသာ ခါပြလေသည်။ တင့်ဆွေနှင့် မြင့်စိုးကို စုံစမ်းသောအခါ ဘွင်လည်း ငတိနှစ်ကောင်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် အဆက်အသွယ်ရရန် ကျွန်တော့်ဘက်မှ ကြိုးစားခဲ့ရခြင်း ဖြစ်သည်။ စန္ဒိမိုးဦးဖြူဘက်က ဝါယမစိုက်ထုတ်ခဲ့ခြင်း မဟုတ်။

သူမကို မိအောင်ဖမ်းပြီးနောက် ကျွန်တော်တို့ နှစ်ယောက်သည် ယုဒသန် မျှော်စင်ကြီးဘက် လျှောက်လာခဲ့သည်။ ထို့နောက် မျှော်စင်အောက် အဝင်တံခါးရှေ့ရှိ လှေခါးထစ်များတွင် ထိုင်၍ စကားပြောဖြစ်ခဲ့ကြခြင်းပင်တည်း။

သူမသည် ကျွန်တော်နှစ်ခြိုက်သည်ဆိုသော အပြာရောင်ဝမ်းဆက်ကို ဝတ်ထားလေသည်။ သို့သော် အပြာရောင်သည် ကျွန်တော့်အတွက် ရည်စူးခြင်း ဟုတ် မဟုတ် မသေချာပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်နှင့် သူမ တွေ့မည်၊ မတွေ့မည် တိတိကျကျ ချိန်းဆိုထားခြင်း မရှိသောကြောင့် ဖြစ်သည်။ သူမ၏ ဆံပင်များသည် ဟိုတုန်းကလို ပခုံးကျော်ရုံလေးမျှ မဟုတ်။ ခါးလည်ခန့်မျှပင် ရှည်လျားနေလေသည်။ သူမသည် ဆံပင်သားနှစ်ဖက်ကို အပြာရောင် ကလစ်များဖြင့် ထိန်းထားပြီးနောက်ပိုင်းတွင်မူ အလွတ်ဖြန့်ချ၍ ထားလေသည်။

သူမသည် ပေါင်ပေါ်တွင် ကျောင်းလွယ်အိတ်ကို တင်၍ ဒူးနှစ်လုံးကို လက်ဖြင့် ပိုက်ပြီး ထိုင်နေလေသည်။ သူမထံမှ မွှေးကြိုင်သည့် ရနံ့များသည် ကျွန်တော့်ကို ချမ်းမြေ့မှု မပေးဘဲပူလောင်နေစေသည်။ ကြားက လေသွေးလျှင်ပင် ဝေးသည်ဟု ထင်ကြောင်းပြောခဲ့သော ကျွန်တော်တို့ နှစ်ယောက်၏ အကြားတွင် လက်မ အနည်းငယ်မျှ ခြားနေလေသည်။

စန္ဒိမိုးဦးဖြူသည် ဂျပ်ဆင်မျှော်စင်ကြီး၏ ဆင်ဝင်အောက်ရှိ ကွက်လပ်ကိုသာ ငေးကြည့်နေလေသည်။ အရာရာသည်ကား အစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်သန်း၍ နေလေသည်။

"စန္ဒီ..."

"မောင်..."

"အခု စန္ဒီနဲ့ မောင်အတူတူရှိနေကြတယ်နော်..."

"ဟုတ်တယ်လေ။ အဲဒါ ဘာဖြစ်လို့လဲ..."

စန္ဒီမိုးဦးမြသည် ကျွန်ပော့်ကို ခပ်စိမ်းစိမ်း စိုက်၍ ကြည့်လေသည်။

"မောင်ဘာကို ဆိုလိုတာလဲ..."

"စန္ဒီပဲ ပြောခဲ့ဖူးတယ်လေ။ ကိုမြင့်ထူးနဲ့ တွဲနေတုန်းက သူနဲ့သာ စကားပြောနေရတယ်။ စန္ဒီ တစ်ယောက်ယောက်ကို လွမ်းနေသလို ခံစားရတယ်ဆို..."

"အဲဒီတုန်းက မောင့်ကို လွမ်းနေတာလို့ စန္ဒီ ပြောခဲ့တယ်။ မောင်ရောက်မလာလို့ ကိုမြင့်ထူးကို စိတ်ထဲက မပါဘဲ ခေါင်းညိတ်မိခဲ့တယ်။ ကိုမြင့်ထူးနဲ့ တွဲနေတုန်းမှာပဲ မောင့်ကို လက်ခံလိုက်တယ်။ ဒါတွေအားလုံး စန္ဒီပြောခဲ့ဖူးတာပဲ။"

"အခု မောင်နဲ့ တွဲနေတုန်းမှာပဲကိုမြင့်ထူးကို လက်ခံထားပြန်ပြီလား။"

သူမ၏ နက်မှောင်သော မျက်ခုံးတွေက တွန့်ကွေးသွားကြသည်။

"ကိုမြင့်ထူးဟာ အဲဒီလောက် သဘောထား မသေးသိမ်ဘူး မောင်။ သူများချစ်သူမှန်း သိလျက်သားနဲ့ သူဘယ်တော့မှ အတင်းလိုက် မချစ်ဘူး။ သူနဲ့ စန္ဒီဟာ မိတ်ဆွေရင်းတွေ အဆင့်မှာပဲ ရှိနေကြတယ်။ သူဟာ မောင်နဲ့ ပြဿနာတက်တုန်းကလည်း သဘောထားကြီးစွာနဲ့ နောက်ဆုတ်ပေးခဲ့တာ မောင်အသိပဲ မဟုတ်လား။"

www.burmeseclassic.com



စန္ဒီမိုးဦးဖြူ၏ စကားများက ကျွန်တော့်အရှိက်ကို ထိုးလိုက်ခြင်းပင် ဖြစ်သည်။

"သူက သဘောထားကြီးခဲ့တယ်။ မောင်က သဘောထား မကြီးခဲ့ဘူးပေါ့။ ဒီလိုလား စန္ဒီ..."

"စန္ဒီ အဲဒီလို မစွပ်စွဲသေးပါဘူး။"

"မစွပ်စွဲသေးဘူးဆိုတော့ စွပ်စွဲကောင့်မဲ့ အခြေအနေ ရှိနေတာပေါ့လေ။ မောင်ဟာ ကိုမြင့်ထူးနဲ့ ယှဉ်လိုက်ရင် စိတ်သဘောထား သေးသိမ်ညံ့ဖျင်းတဲ့လူ ဖြစ်နေပြီလား...။"

"ကိုမြင့်ထူးနဲ့ တွဲနေလျက်က မောင့်ကို လက်ခံခဲ့တာဟာ သူနဲ့ ယှဉ်ကြည့်ပြီး သူ့ထက်သာလို့ လက်ခံခဲ့တာ မဟုတ်ဘူးမောင်။ အဲဒီလိုပြောရင် မောင် စိတ်မဆိုးနဲ့။ စန္ဒီ့နှလုံးသားက မောင့်ကိုပဲ ကြိုဆိုနေတယ်။"

"ဒါဖြင့် အခုမှ ပြန်ယှဉ်ကြည့်တဲ့ သဘောလား..."

"ဟိုက လူကြီးလူကောင်း အင်မတန်ဆန်တဲ့လူ။ မိတ်ဆွေကောင်း ဘကယ်ပီသတဲ့လူ။ ဒါကို မောင်က အပြစ်မပြောသင့်ဘူး။ စန္ဒီ့အနားမှာ မောင်မရှိတုန်းက သူ ကူညီတယ်။ ရိုးရိုးသားသားပဲ။ မောင်နဲ့ စန္ဒီ ဖြစ်နေကြတာ သူသိသားပဲ။"

ကျွန်တော့်ရင်ထဲမှာ နာကျင်လာသည်။

"ချစ်သူဆိုတဲ့ အဆင့်နဲ့ မိတ်ဆွေဆိုတဲ့အ ဆင့်မှာ ဘယ်အဆင့်က ပိုမြင့်လဲစန္ဒီ။ ဆိုလိုတာက စန္ဒီ မောင့်ကို အချစ်ဆုံးလို့ ပြောနေတယ်။ သူများနဲ့ ပတ်သက်ရင် အချစ်ဆုံးဘက်က လိုက်ရမှာပေါ့။ ဒါပေမယ့် စန္ဒီ မောင့်ကို အပြစ်တင်နေတယ်။"

"ခက်တယ်မောင်။ မောင့်ကို စန္ဒီက သဘောထားကြီးတဲ့ ယောကျာ်းမျိုး ဖြစ်စေချင်တယ်။"

www.burmeseclassic.com


"မောင်က သဘောထား မကြီးဘူးပေါ့။ မနာလိုတတ်တယ်။ ဝန်တိုတတ်တယ်ပေါ့။ ဒါက ချစ်သူတွေရဲ့ သဘာဝပဲ စန္ဒီ။ စန္ဒီ့ကို ဘယ်သူက စိုက်ကြည့်တာဖြစ်ဖြစ် မောင် မကြိုက်ဘူးလေ။"

"ကိုမြင့်ထူးနဲ့ စန္ဒီဘာမှ မဖြစ်ဘူးဆိုတာ စန္ဒီကျိန်ပြောရဲတယ်။ မောင်မယုံရင် သူနဲ့ သွားရှင်း..."

စန္ဒီမိုးဦးဖြူ၏ လေသံတွင် စိတ်မရှည်မှုတွေ ပါဝင်နေသည်။ တင်းမာ၍လည်း နေသည်။ စန္ဒီသည် ခွက်ကို ဖမ်း၍ မသေမရှင် လုပ်ကာ ဆော့ကစားနေသော ကြောင်မလေးတစ်ကောင်နှယ်ပင် ကျွန်တော့်ကိုလည်း ကစားနေခြင်းများလား မသိပေ။

"သူ့စိတ်ဓာတ်ဟာ လေးစားဖို့ ကောင်းတယ်။"

"ယုတ္တိဗေဒနည်းနဲ့ တွက်ကြည့်ရင် မောင့်စိတ်ဓာတ်က လေးစားဖို့ မကောင်းဘူးပေါ့။"

ကျွန်တော့်ရင်မှာ အတိုင်းအဆမရှိ နာကျင်နေသည်။ သူမသည် ချစ်စကားကို ရက်ရက်ရောရော သုံးတတ်သည်။ ဒါကို ကျွန်တော်မကြိုက်။ ကျွန်တော် မကြိုက်မှန်း သိလို့ သူမ ဆင်ခြင်ခဲ့သည်။ ကျွန်တော့်ကို စချင်နောက်ချင်မှသာ သုံးလေ့ ရှိသည်။ ယခုတော့ နောက်ပြောင်ကြည်စယ်နေကြခြင်း မဟုတ်။ သူမသည် အဝေးတစ်နေရာသို့ ငေးနေပြန်သည်။ သူမ၏ အသွင်အပြင်မှာ လွမ်းဆွေးရိဝေလျက်ရှိသည်။

သူမသည် ကျွန်တော်နှင့် အတူတူထိုင်နေပါလျက်က တစ်စုံတစ်ယောက်ကို လွမ်းဆွတ်နေလေပြီ။

ကျွန်တော်၏ စိတ်သည် သူမနှင့် ပက်သက်လာလျှင် အခါများစွာပင် တင်းမာပြတ်သားမှု မရှိခဲ့။ ခွင့်လွှတ်ခြင်းကို အချစ်၏ အဓိပ္ပာယ်ဟု သတ်မှတ်ခဲ့သော ကျွန်တော်သည် စန္ဒီမိုးဦးဖြူ၏


www.burmeseclassic.com

www.burmeseclassic.com



သည်းမခံနိုင်စရာ ကောင်းလှသော အပြုအမူများအတွက် ကြိမ်ဖန်များစွာ ခွင့်လွှတ်ခဲ့ပြီး ဖြစ်သည်။ မနာလို သဝန်တိုခြင်းသည် အချစ်၏ အဓိပ္ပာယ် ဖြစ်လာသောအခါတွင်ကား သူမသည် ကျွန်တော့်ကို အပြစ်တင်နေလေပြီ။

အစကတည်းက ကျွန်တော့်အပေါ် လွှမ်းမိုးခဲ့သော စန္ဒီမိုးဦးဖြူသည် ကျွန်တော့်အပေါ်တွင် အနိုင်ကျင့်ချင်တိုင်း ကျင့်ခဲ့သည်ဟု ဆိုလျှင် ပတ်ဝန်းကျင်၏ စကားများသာ ဖြစ်ခဲ့လိမ့်မည်။ ကျွန်တော်ကလည်း အပြစ်မတင်ခဲ့။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ကိုယ်တိုင်က သူမ၏ အနိုင်ကျင့်ခြင်းကို ကျေနပ်နှစ်သိမ့်စွာ ခံယူခဲ့၍ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် စန္ဒီမိုးဦးဖြူကို ကျွန်တော် ချစ်သည်။

"စန္ဒီ မောင့်ကို ချစ်ပါတယ်။"

"အဲဒီစကားဟာ မဆုံးဘူး စန္ဒီ။ ချစ်ပါတယ်ဆိုတာရဲ့ နောက်မှာ ဒါပေမဲ့ ရှိနေတတ်တယ်။ မောင်ကတော့ စန္ဒီ့ကို ချစ်တယ်။ အဆုံးသတ်စကား။ ပြတ်ပြတ်သားသားစကား။"

"မောင်ပြောတဲ့အတိုင်းပါပဲ။ နောက်မှာ ဒါပေမဲ့တွေက ရှိလာပြီ။ မောင်ဟာ ပတ်ဝန်းကျင်ရဲ့ စကားတွေကိုယုံနေတယ်။ မောင့်ကို စန္ဒီ့ မကောင်းကြောင်း ဘယ်သူတွေက ပြောသလဲ။"

"ပတ်ဝန်းကျင် ပြောတိုင်းသာ ယုံရမယ်ဆိုရင် မောင့်နားတွေ လျှံနေပါပြီ စန္ဒီ...။"

"စန္ဒီနဲ့ မောင်ချစ်လာကြတာ နှစ်တွေတောင် မနည်းတော့ပါဘူး။ စန္ဒီ့အပေါ်မှာ မောင်အခုအချိန်ထိ နားလည်မှု မရှိသေးတာကတော့ အံ့ဩစရာပဲမောင်။"

www.burmeseclassic.com



စန္ဒီမိုးဦးဖြူ၏ စကားမှာ အမှန်တွေပဲဖြစ်သည်။ ကျွန်တော်သည် သူမအပေါ် နားလည်မှု မရှိတာတွေ အများကြီး ရှိသေးကြောင်း ကျွန်တော့်ကိုယ် ကျွန်တော် သိနေသည်။

"စန္ဒီ မောင့်အပေါ်မှာ သိပ်စိမ်းနေပြီ။"

"မောင်ထင်နေတာပါ။ စန္ဒီကတော့ နေတတ်သလို နေတာပါ။"

"စန္ဒီ မောင့်ကို ချစ်သေးရဲ့လားဟင်..."

ကျွန်တော် လှိုက်လှဲစွာ မေးဖြစ်ခြင်း ဖြစ်သည်။ တုန်လှုပ်ချောက်ချားရသောကြောင့် ကျွန်တော် အမူအရာ ပျက်နေသည်။ ကျွန်တော်သည် စန္ဒီမိုးဦးဖြူကို လက်လွတ် ဆုံးရှုံးရမှာ အလွန်စိုးရိမ်နေမိသည်။ သူမကတော့ အမူအရာမပျက်။ အံ့သြဖွယ်ကောင်းလောက်အောင် တည်ငြိမ်၍ နေသည်။

"စန္ဒီကတော့ မောင့်ကို ချစ်တယ်။ အဲဒီစကားကို စန္ဒီဘယ်တော့မှ မရုပ်သိမ်းဘူး။ မောင်မှတ်မိမှာပါ။ မောင့်ကို စန္ဒီချစ်တယ်။ မောင်မယုံရင် စောင့်ကြည့်ပါလို့ ပြောခဲ့သားပဲ။ အခု မောင်စောင့်ကြည့်ပြီးပြီပေါ့..."

သူမ၏ လေသံမှာ အင်မတန်မှပင် ပေါ့တီးပေါ့ဆ နိုင်လှသည်။ ကျွန်တော်ကား ယတိပြတ်ဆုံးဖြတ်ချက်ချ၍မရ။ သူမသည် ကိုမြင့်ထူးနှင့် ပတ်သက်၍ မသက်ာစရာ ကောင်းသော အပြုအမူအနေအထိုင် စသည်တို့ကို ပြုပြင်ပါမည်ဟု ကတိမပေး။ ကတိပေးဖို့နေနေသာသာ အမှားဟူ၍ပင် လက်ခံ ယုံကြည်ခြင်း မရှိ။ သတိပေးမိသည့် ကျွန်တော်ပင်လျှင် အပြစ်တင်ခံရသေးသည်။

"မောင်တို့ တွေ့ကြဖို့ အချိန်မရှိတော့ဘူး။ ခွင့်ကစေ့နေပြီ။"



www.burmeseclassic.com

www.burmeseclassic.com



"မောင် တွေ့ချင်တယ်ဆိုရင် ဒီနွေမှာ စန္ဒီ ပြင်ဦးလွင်ကို အရောက် လာခဲ့နိုင်ပါတယ်။ စာမေးပွဲတွေပြီးသွားရင် မန္တလေးသင်္ကြန် သွားကြမလားလို့ စိတ်ကူးထားတယ်လေ။"

"မောင့်ဆီကို ခရီးသွားဟန်လွှဲ ကြံလို့ ဝင်လာမယ်ပေါ့။"

သူမသည် ကျွန်တော့်ကို စိတ်မရှည်စွာ ကြည့်သည်။

"မောင်က သိပ်ရိတာပဲကွာ..."

အပြစ်တင်သည်။

"လူတစ်ယောက်အပေါ်မှာ ဒီလောက်တောင် အပြစ်တွေ မြင်နေမယ်။ အထင်တွေ သေးနေမယ်ဆိုရင် မကောင်းတော့ဘူး ကွာ..."

သူမသည် ကျွန်တော့်ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ခပ်ကြမ်းကြမ်းဆုပ်ကိုင် လိုက်သည်။ ထို့နောက် သွက်သွက်ခါအောင် လှုပ်သည်။

"မောင်ဘာဖြစ်စေချင်သလဲ ပြောစမ်း။"

သူမသည် ဒေါသနှင့် ပြောနေခြင်း ဖြစ်သည်။ နီးကပ်စွာ မြင်နေရသည့် သူမ၏ မျက်နှာမှာ နီရဲ၍ နေသည်။

"မောင်သဘောထား သေးလွန်း အားကြီးတယ်..."

"စန္ဒီ အဲဒီလို မောင့်ကို မြင်နေလား..."

"မောင် မကျေနပ်ရင် စန္ဒီ့ကို ရိုက်ပြီး ဆုံးမပါ။"

"တချို့ကလေးတွေဟာ အရိုက်ခံပြီးတော့မှ ကိုယ်လုပ်ချင် တာကို လုပ်တယ် စန္ဒီ"

"စန္ဒီ ကလေး မဟုတ်ဘူး..."

"စန္ဒီ အနေအထိုင် ဆင်ခြင်ရမယ်။"

"စန္ဒီ့ကို အမိန့်လာမပေးနဲ့။ မရဘူး– စန္ဒီ နေချင်သလို



www.burmeseclassic.com

www.burmeseclassic.com



နေမယ်။ မောင်သာ စန္ဒီ အပေါ်မှာ နားလည်နိုင်အောင် ကြိုးစားပါ။ ဒါပဲရှိတယ်။ အဲဒါမှ မကျေနပ်သေးဘူးဆိုရင် အခုလာ။ တရားရုံးကို သွားပြီး လက်ထပ်မယ်လေ။"

ကိုမြင့်ထူးနှင့် ပတ်သက်၍ ပြဿနာ ရှင်းကြရစဉ်ကလည်း သူမသည် ထိုကဲ့သို့ စိမ်ခေါ်ဖူးသည်။ ထိုစဉ်က ကျွန်တော် မလိုက်နာခဲ့။ ကျွန်တော်သည် လူပျိုကျောင်းသား ဘဝလေးကို မက်မောနေခဲ့သည်။ ယခု သူမက စိမ်ခေါ်လာပြန်ပြီ။ ကျွန်တော် လိုက်နာချင်သည့်တိုင် မလိုက်နာနိုင်တော့။ ကျွန်တော်သည် ဘဝတစ်ခုလုံးကို တပ်မတော်သို့ ပုံအပ်ပြီးပြီ။ စည်းကမ်းဟင်းကျပ်မှုအောက်တွင် နေရသော ဗိုလ်လောင်း တစ်ဦး ဖြစ်နေပြီ။

"မဖြစ်နိုင်တာတွေ လာမပြောနဲ့..."

ကျွန်တော် ဒေါသဖြင့် ပြောသောအခါ သူမကလည်းကျွန်တော့်ကို ဆောင့်တွန်း လိုက်သည်။ ကျွန်တော် သွေးတွေက ဆူပွက်၍ လာသည်။ ကျွန်တော် အသက်ရှူ ပြင်းလာသည်။ သူမသည် ကျွန်တော့်ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကြည့်နေသည်။

"စန္ဒီ့ကို အဲဒီလို မကြည့်နဲ့..."

ကျွန်တော် မပြောခင် သူမက ဦးအောင် ပြောလိုက်ခြင်း ဖြစ်သည်။

"စန္ဒီကလည်း ဒေါသနဲ့ မကြည့်နဲ့လေ...။"

စန္ဒီက ကျွန်တော့်ကို မျက်နှာလွှဲသည်။

"စန္ဒီတို့ နှစ်ယောက် စကားပြော အဆင်မပြေတော့ဘူး။ ဆက်ပြောနေလို့လည်းဖြစ်မှာ မဟုတ်ဘူး။"

စန္ဒီမိုးဦး ဖြူသည် သူစိမ်း ဆန်လွန်းသော စကားများကို ပြောပ



www.burmeseclassic.com

www.burmeseclassic.com



သည်အထိ သတ္တိရှိ၍ နေပေပြီ။

"စန္ဒီ မောင့်စကားကို နားမထောင်ဘဲ..."

ထိုစကားသည် ကျွန်တော် နောက်ဆုံးအကြိမ် အလျှော့ပေးမိသော စကားပင်တည်း။ စန္ဒီမိုးဦးဖြူကသာ မောင့်စကားကို စန္ဒီ နားထောင်ပါ့မယ်ဟု ပြောလိုက်လျှင် ပြဿနာအားလုံးသည် ပြေလည်သွားမည်ဟု ကျွန်တော်ထင်ခဲ့သည်။ သို့သော် စန္ဒီမိုးဦးဖြူသည် ကျွန်တော့် စကားခြေရာကို လိုက်၍ မနင်းပေ။

"စန္ဒီ ဘယ်သူ့စကားကိုမှ မလိုက်နာခဲ့ဖူးဘူး။ တစ်သက်လုံး စန္ဒီ ထင်ရာလုပ်ခဲ့တယ်။ ချုပ်ချယ်တာမှန်သမျှ စန္ဒီ အာခံခဲ့တယ်။ စန္ဒီကို ဘယ်သူမှ ပြောလို့ မရဘူး။ စန္ဒီဘယ်သူ့စကားကိုမှ နားမထောင်နိုင်ဘူး...။"

"စန္ဒီ ထင်ရာစိုင်းသမားပဲ..."

"ထင်ချင်သလို ထင်လေ။ မတတ်နိုင်ဘူး။"

"မောင်နဲ့ စန္ဒီတို့ ချစ်လာခဲ့ကြတဲ့ ကာလတွေ၊ အချိန်တွေဟာ မနည်းပါဘူး။ အဲဒီအချိန်ကာလတွေကို မငဲ့ကွက်တော့ဘူးလား..."

"စန္ဒီနေကတတ်သလို နေတာပဲလေ..."

သူမသည် ပေါင်ပေါ်မှ လွယ်အိတ်ကို မယူလိုက်ပြီး ပခုံးပေါ်တွင် လွယ်လိုက်သည်။ သူမ ထွက်ခွာတော့မည်ဟု ကျွန်တော့်အား သတိပေးလိုက်ခြင်းပင်။

"စန္ဒီသွားမယ်။ စန္ဒီအပေါ် မောင်ကျေကျေလည်လည် ဖြစ်ပြီဆိုရင် လာခဲ့။ အချိန်မရွေး လာခဲ့။ စန္ဒီ မောင့်ကို စောင့်နေမယ်။ စန္ဒီက မိန်းကလေးပဲ။ မောင့်ဆီကို မလာတော့ဘူး။"

စန္ဒီမိုးဦးဖြူသည် ကျွန်တော် ပြန်ပြောမည့် စကားကိုပင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စောင့်မနေတော့ဘဲထ၍ ထွက်သွားတော့သည်။ ကျွန်တော် ထိုင်ရာမှ ထ၍ သူမထွက်ခွာရာကို လိုက်ကြည့်မိသည်။ သူမသည် တက္ကသိုလ် အပန်းဖြေရိပ်သာ နောက်ရှိ လှသွားစကြံသို့ ဝင်ရောက်ပြီး အခြား ကျောင်းသားကျောင်းသူများနှင့် ရောနှော ပျောက်ကွယ်သွားသည်။

သူမသည် နောက်သို့ တစ်ကြိမ်မျှ လှည့်မကြည့်။

ကျွန်တော်သည်လည်း သူမကို လိုက်လံခေါ်ငင်၍ ချော့မော့ခြင်း မရှိ။ သို့နှင့် ဝေးခဲ့ကြလေသည်။

❖

BURMESE CLASSIC .com

(၈)

တတိယနှစ် ဗိုလ်လောင်းဘဝသည် ပိုမို၍ ကျင့်သားရလာပြီ ဖြစ်သည့်အပြင် ကျောင်းဆင်းပြီး ဗိုလ်ဖြစ်ရမည့် ဘဝသို့လည်း လှမ်းမျှော်ကြည့်ကာ စိတ်ကူးယဉ်လာနိုင်ကြပြီ ဖြစ်သည်။ ကျွန်တော်တို့ လူစု စစ်တက္ကသိုလ်သို့ ပြန်ရောက်လာသောအခါ ချယ်ရီတွေ လှိုင်လှိုင် ပွင့်နေလေပြီ။ ချယ်ရီပင်များတွင် အရွက်ဟူ၍ စိုးစဉ်းမျှ မရှိ။ အပွင့်များသာလျှင် ပြည့်နှက်၍နေသည်။

ချယ်ရီတို့သည် ဒီဇင်ဘာလတွင် စ၍ ပွင့်သည်။ ဇန်နဝါရီလ ဖေဖော်ဝါရီလများတွင် အစွမ်းကုန်ပွင့်သည်။ ဖေဖော်ဝါရီလ အကုန် မတ်လအကူးမှစ၍ တသဲသဲကြွေကျလေတော့၏။ ပထမနှစ် ဗိုလ်လောင်းလေးများမှာ ချယ်ရီပွင့်ကြွေများအား မက်မောမနေနိုင်အားဘဲ တံမြက်စည်းဖြင့် သိမ်းကျုံး၍ လှည်းကြရလေသည်။

ညနေပိုင်း ကိုယ်လက်ကြံ့ခိုင်ရေး သင်ခန်းစာများ အပြီးတွင် ကျွန်တော်နှင့် သန်းဆွေသည် အဆောင်ရှေ့တွင် ရပ်၍ ပထမနှစ် ဗိုလ်လောင်းလေးများ သန့်ရှင်းရေး လုပ်နေသည်ကို ရပ်ကြည့်နေခြင်း ဖြစ်သည်။

www.burmeseclassic.com


"ချယ်ရီတွေ ကြွေပြန်ပြီ။"

ကျွန်တော့စကားကြောင့် သန်းဆွေက ကျွန်တော့ကို ကြည့်လေသည်။

"ဘာလဲ။ ချယ်ရီတွေကြွေတာ လွမ်းစရာ ကောင်းလို့လား။"

"သဘောကို ပြောတာပါ သူငယ်ချင်းရာ..."

ကျွန်တော် မရေမရာ ဖြေလိုက်ရသည်။

"ဒါဘာမှ မဆန်းပါဘူး ထက်လင်းဖြိုးရာ။ တကယ်တော့ ချယ်ရီပင်ပေါ်မှာ အရွက်နဲ့အပွင့်ဆိုတာက ဝစ်လှည့်စီမင်းမှု နေကြစမြဲပဲကွ။ မင်းကြည့်လေ။ အခု အရွက်ဖူးလေးတွေ ထိုးထွက်လာတော့ အပွင့်တွေ မြေပေါ် ဆင်းပြေးကြရပြီ။ အရွက်တွေများလာလေ။ အပွင့်တွေ ကြွေလေပဲ။ နောက်တော့ အပွင့်တွေ မရှိဘဲအရွက်တွေချည်း ရှိနေလိမ့်မယ်။ ဟော မိုးလည်းကုန်ပြီဆိုရော။ အရွက်တွေ ကြွေဦးမယ်။ တစ်ရွက်မှ မကျန်အောင် ကြွေဦးမယ်။ အကိုင်းတွေ ချည်းပဲရှိမှ ချယ်ရီတွေ တစ်ခါ ပြန်ပွင့်မယ်။ ဒါဟာ သံသရာပဲကွ။"

ကျွန်တော်သည် သန်းဆွေ၏ စကားနှင့်အတူ ချယ်ရီပင်တွေကို ငေးကြည့်နေမိသည်။ ချယ်ရီပင်များပေါ်တွင် အပွင့်နှင့် အရွက်တွေ ရောနေသည်။ ခါတိုင်းခွင့်ရက်စေ့၍ စစ်တက္ကသိုလ်သို့ ပြန်ရောက်လေတိုင်း ကျွန်တော် ပထမဆုံး လုပ်ရသော အလုပ်မှာ ချယ်ရီပန်းခူးခြင်း ဖြစ်သည်။ ချယ်ရီပွင့် လှလှလေးတွေကို စာရွက်ကြားတွင် ညှပ်၍ စန္ဒီမိုးဦးဖြူထံ ပို့ရသည်။ ယခုနှစ်တော့ ကျွန်တော်သည် ချယ်ရီပန်း မခူးဖြစ်တော့ပေ။

"ဟုတ်တယ် သန်းဆွေ။ ချယ်ရီပင်ပေါ်မှာ အရွက်နဲ့အပွင့် တစ်လှည့်စီ မင်းမှုကြတာပဲနော်။ ဒါပေမဲ့ အရွက်ကိုတော့ ဘယ်သူမှ လှတယ်လို့ မပြောကြဘူး။"

www.burmeseclassic.com



"အခုလို နွေဦးမှာ ချယ်ရီရွက်တွေ စပြီး ထွက်လာပြီ။ ထုံးစံအတိုင်း ချယ်ရီပွင့်တွေ နေရာဖယ်ပေးရမည့် အချိန်ကို ရောက်လာပြီ။ ဒါပေမဲ့ မင်းမြင်တဲ့အတိုင်းပဲ။ ချယ်ရီပွင့်တွေက တော်ရုံနဲ့ နေရာဖယ်မပေးဘူး။ တွေ့လား။ အရွက်တွေများနေတာတောင် တစ်ချို့ချယ်ရီပန်းခက်တွေက ရှိနေတုန်းပဲ။"

"မြေပေါ်ကို ကြွေကျရမှာ စိုးနေကြတယ် ထင်ပါရဲ့။"

"အရွက်ကျတော့ ဒီလို မဟုတ်ဘူး ထက်လင်းဖြိုး။ မင်းသတိထားမိလား။ မိုးကုန်လို့ ဆောင်းလေတွေ တိုက်ပြီဆိုရင် အရွက်တွေအကုန်ကြွေတာပဲ။ သူ့သက်တမ်းကုန်လို့ ကြွေတဲ့နေရာမှာ ဘယ်ချယ်ရီရွက်မှ အပင်ပေါ်မှာ ခိုကပ်မနေဘူး။ အရွက်တွေ တစ်ရွက်မှမရှိတော့မှ အပွင့်တွေ ပွင့်ကြတာ။"

"ဒီမှာ သန်းဆွေ။ အရွက်တွေက ကြွေမှာ မကြောက်ဘူး။ အပွင့်တွေက ကြွေမှာ ကြောက်တယ်။ အဲဒါ ချယ်ရီဒဿနပဲ။ ငါမေးမယ်ကွာ။ ငါဟာ ချယ်ရီရွက်နဲ့ တူလား။ ချယ်ရီပွင့်နဲ့ တူသလား။"

"မင်းက ဘာနဲ့ တူသလဲ... ဆိုတော့..."

သန်းဆွေက လက်ပိုက်၍ စဉ်းစားသလို လုပ်သည်။

"အရူးနဲ့ တူတယ် ..."

"ဟာကွာ။ ငါက အကောင်းမေးတာကို။"

"အေးပါ။ ငါကလည်းအကောင်းပြောတာပါ။ မင်းဟာ အရူးနဲ့ တူနေတယ်။ ရည်းစားပျက်သွားပြီးကတည်းက ပေါတောတော။ ကြောင်တောင်တောင် ဖြစ်နေတယ်။ မင်းကို ဘာဆေးနဲ့ ကုပေးရင်ရမလည်းလို့ ငါစဉ်းစားနေတာကွ။"

ကျွန်တော် သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ပြောတော့ သူငယ်ချင်း။ စန္ဒီအပေါ် ငါချစ်တဲ့ အချစ်ဟာ ဘာနဲ့မှ မတူဘူး။ မင်းလည်း စာနာနားလည်တတ်မှာ မဟုတ်ဘူး။ ချစ်လွန်းအားကြီးတော့လည်း ခံစားရတာက ပြင်းထန်လွန်းတယ်ကွာ။ တော်ရုံနဲ့ကို အနည်မထိုင်နိုင်ဘူး..."

"မင်းနဲ့ သူနဲ့ တကယ်ပြတ်သွားပြီလား..."

"ဘာအဆက်အသွယ်မှ မရှိတော့ဘူး။ သူနဲ့ ငါနဲ့ ပြတ်သွားပါပြီ။"

"ဆန်းမောင်နဲ့တော့ အဆက်အသွယ် ရှိနေသေးတယ်။ ကြည့်ရတာ ဆန်းမောင်က မင်းနောက်က ဝင်ပြီး တန်းစီထားလား မသိဘူး။ ဒီအတိုင်းဆို ငါလည်း ဆန်းမောင်နောက်ကနေဝင် တန်းစီရင် ဖြစ်မယ် ထင်တယ်။"

ကျွန်တော် သူ့လက်မောင်းကို ခပ်ပြင်းပြင်း ထိုးထည့်လိုက်မိသည်။

"ဟာ ... မင်းနဲ့ ဘာဆိုင်လို့ နာရတာလဲကွ။ ငါလဲလွတ်လပ်တဲ့ ယောကျာ်းသား တစ်ယောက်ပဲ။ အခွင့်အရေးရှိတာပေါ့။ မင်းမကျေနပ်ရင် ငါ့နောက်က ပြန်တန်းစီ။ လက်ဖက်ရည်ကို စဲကင်းရောင်းသောက်သလိုပေါ့ကွာ။ ဟုတ်လား..."

ကျွန်တော် သူ့ကို လိုက်ထိုးမိသည်။ သူက ကျွန်တော် မခံချင်အောင် စပြီး ပြေးလေသည်။

❖

## (၅)

ပထမနှစ် ဗိုလ်လောင်းဘဝတုန်းက ကျွန်တော်တို့သည် မေမြို့ (ယခု ပြင်ဦးလွင်) မြို့ထဲတွင် ခြေကျင်လျှောက်၍ လည်ပတ် နေရ


www.burmeseclassic.com

www.burmeseclassic.com



ခြင်းအား ကျေနပ် နေကြသည်။ ဒုတိယနှစ် ဗိုလ်လောင်းဘဝတုန်းကလည်း ဤအတိုင်းပင် ဖြစ်သည်။ စည်ကားလှသော ပွဲကောက်ရေတံခွန်စခန်းနှင့် ကန်တော်ကြီး ရက္ခဖေဒဥယျာဉ်စသည့် နေရာများသို့ သွားရောက် လည်ပတ်ရခြင်းမှာ ကျွန်တော်တို့ အတွက် ပျော်စရာ အခွင့်အရေးကြီးတစ်ခုပင် ဖြစ်သည်။

တတိယနှစ် ဗိုလ်လောင်းဘဝတွင်ကား ကျွန်တော်တို့ လူစုသည် သင်္ကြန်တွင်း၌ မန္တလေးသို့ ဆင်း၍ လည်ပတ်ရန် ကြံကြလေသည်။ (ခေါ်) တပ်နယ်ပြင်ပသို့ သွားလာလည်ပတ်ခွင့် လျှောက်လွှာများတင်ရာ ခွင့်ပြုချက် ရရှိသောကြောင့်လည်း ကျွန်တော်တို့လူစုမှာ ပျော်မဆုံးကြပေ။ ပိုက်ဆံကို အချိုးကျ ထည့်ကာ ဂျစ်ကားတစ်စီးကို ကြိုတင် ငှားရမ်းထားကြသည်။ ကျွန်တော်တို့ တပ်ခွဲမှ လှဟန်၊ သန်းဆွေ၊ တင်ကြိုင်၊ ငွေအောင်နှင့် နစ်ကျသမား ကိုမျိုးထိန်လင်းတို့ လိုက်မည်ဖြစ်ပြီး ကျွန်တော်နှင့်ပါဆိုသော် ခြောက်ယောက် ဖြစ်သည်။ အနော်ရထာတပ်ခွဲမှ တင်အောင်မြင့် လိုက်မည်။ ဘုရင့်နောင်မှ ဖေငွေလိုက်မည်။ အောင်ဆန်းတပ်ခွဲမှ ရဲဘုန်းမြင့်တို့၊ ခင်မောင်သန်းတို့ လူစုလည်း ကားတစ်စီးငှားပြီး ဆင်းကြမည် ဖြစ်သည်။

သင်္ကြန်အကြိုနေ့တွင် ကျွန်တော်တို့ လူစုသည် လေ့ကျင့်ခန်းများကို စိတ်မပါ။ လက်မပါ လုပ်နေကြရသည်။ ဆရာများကလည်း သင်္ကြန်အကြိုနေ့တွင် တက်တတ်သည့် ရောဂါကို နားလည် ထားကြသောကြောင့် သိပ်မပြောကြပေ။

အကျနေ့တွင် ကျွန်တော်တို့ လူစုသည် အစောကြီးကတည်းကထပြီး ပြင်ဆင်နေကြသည်။ သို့သော် တပ်ပြင်ထွက်ခွင့်မှာ နံနက် ၇ နာရီမှ စတင်မည် ဖြစ်သည်။ လှဟန်နောက်ကျနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့ လူစု စိတ်မရှည်စွာ စောင့်နေရသည်။ လူရှစ်ယောက် စလုံးသည် လမ်းမအတိုင်း ဆင်းရန် ပြင်ကြသည်။

စင်းလုံးငှား ဂျစ်ကားတစ်စီးသည် ကတ္တရာလမ်းမအတိုင်း တက်လာပြီး ကျွန်တော်တို့နှင့် ဆုံသောအခါ ရပ်လိုက်သည်။ ကားပေါ်တွင် အမျိုးသား၊ အမျိုးသမီးများ ပါလာကြရာ စောစောစီးစီး ရေပက်ခံလာကြရသောကြောင့် မျက်နှာသုတ်ပဝါများကို ဖြန့်လာကြသည်။ ကားရှေ့ထိုင်ခုံ ဒရိုင်ဘာဘေးတွင် ထိုင်နေသော အမျိုးသမီးက ကျွန်တော်တို့ကို မေးသည်။

"တတိယနှစ် အောင်ဆန်းတပ်ခွဲက ဗိုလ်လောင်း ဆန်းမောင် ရှိလား..."

ကျွန်တော်သည် စန္ဒီမိုးဦးဖြူကို အံ့သြစွာ ကြည့်နေမိသည်။ သူမသည် သင်္ကြန်တွင် ပြင်ဦးလွင်ကို အရောက်လာခဲ့မည်ဟူသော စကားအတိုင်းပင် ရောက်လာခဲ့လေပြီ။ သို့သော် ကျွန်တော့်ထံ အရောက်လာခြင်းကား မဟုတ်။ သူမသည် ဆန်းမောင်ကို မေးနေလေသည်။ ကျွန်တော့်ကို စကားပြောနေသော သူမ၏ မျက်နှာတွင် ကျွန်တော်နှင့် ချစ်သူဖြစ်ဖူးဖို့ ဝေးစွ။ သိကျွမ်းခဲ့ဖူးပုံပင် မရချေ။ လုံးဝ သူစိမ်းပင် ဖြစ်သည်။

ပြတ်သားလှချည်လား စန္ဒီရယ်...။

"သူအပြင်မထွက်သေးဘူးကွ..."

အနော်ရထာတပ်ခွဲမှ တင်အောင်မြင့်က ပြောသည်။

"အဲဒါဆိုလည်း သွားခေါ်ပေးပါလား။ ကျွန်မတို့ သူ့ကို လာခေါ်မယ်လို့ စာကြိုရေးထားပါတယ်။ စန္ဒီမိုးဦးဖြူလို့ပြောရင် သူသိပါတယ်။"


www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျွန်တော့်ကို ရည်ရွယ်၍ ပြောနေခြင်း ဖြစ်သည်။

"ထက်လင်းဖြိုး။ အပြေးတက်လေးနဲ့ သွားခေါ်ပေးလိုက်ပါကွာ။ ငါတို့ ဒီမှာ စောင့်နေမယ်။"

ကိုမျိုးထိန်လင်းသည် စန္ဒီမိုးဦးဖြူကို မသိသည့်အလျောက် အလိုက်ကမ်းဆိုး မသိစွာပင် ပြောလေသည်။ သန်းဆွေမှာ သူမကို မမြင်ဖူးသော်လည်း ဓါတ်ပုံမှ တစ်ဆင့် မှတ်မိဟန်တူသည်။

"သူငယ်ချင်း နေနေ။ ကိုယ်သွားခေါ်လိုက်မယ်..."

"ကိစ္စမရှိဘူး။ ကိုယ်သွားမယ်..."

ကျွန်တော်သည် ဤနေရာမှ အရှင်လတ်လတ် ပျောက်ကွယ်သွားချင်သူဖြစ်သည်။ ထို့ကြောင့် သန်းဆွေ၏ စကားကို ငြင်းပယ်ကာ နောက်သို့လှည့်ပြီး ပြေးခဲ့သည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ထူပူ၍နေသည်။ အောင်ဆန်းတပ်ခွဲသို့ မရောက်ခင်မှာ ဆန်းမောင်နှင့် တွေ့သည်။

"ဟ...ဘာတွေ အရေးကြီးလာတာလည်းကွ..."

"မင်းဇော်သည် ရောက်နေတယ်။ စန္ဒီမိုးဦးဖြူ ကျောက်လမ်းမပေါ်မှာ စောင့်နေတယ်။"

သူ့စကားပြန်ကို မစောင့်နိုင်တော့။ ကျွန်တော်လှည့်၍ ပြေးပြန်လေသည်။

"ဟေ့ကောင်။ နေဦး...နေဦး..."

ကျွန်တော် ရပ်နေလိုက်သည်။ သူကျွန်တော့်နောက်ကို ပြေးလိုက်လာသည်။

"မင်းလိုက်ဦးမှာလား..."

"မလိုက်ပါဘူး။ ငါတို့ ကားငှားပြီးပြီ။"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော် သံပြတ်နှင့် ပြောပြီး ဆက်ပြေးလာသည်။ သူမည်သို့ ကျန်ခဲ့မည်ကို ကျွန်တော် မသိ။ ဂျစ်ကားသည် ပြန်လှည့်ပြီး ဖြစ်နေသည်။ ကိုမျိုးထိန်လင်းနှင့် သူငယ်ချင်းတစ်စုသည် ဂျစ်ကားနားတွင် ရပ်ပြီး ကျွန်တော့်ကို စောင့်နေကြသည်။

"ခေါ်ခဲ့ပြီးပြီ။ နောက်မှာပါလာတယ်။"

ကျွန်တော် အော်ပြောလိုက်သည်။ စန္ဒီမိုးဦးဖြူကို ရင်မဆိုင်ချင်သောကြောင့် ဂျစ်ကား တစ်စီးလုံးကို ခြုံ၍ ပြောလိုက်ခြင်းပင်ဖြစ်သည်။

"ကဲ ဒါဆို ငါတို့သွားမယ်..."

ကိုမျိုးထိန်လင်းနှင့်အတူ အားလုံး ရွေ့လျားကြသည်။ ကျွန်တော်သည် စန္ဒီမိုးဦးဖြူကို မကြည့်ဘဲ ခေါင်းငုံ့၍ လျှောက်လာသည်။

"ဆန်းမောင်တော့ ပွတာပဲကွ။ အပေါ်မှာ ကြည်စရာ မဒီကညာတွေက အများကြီးပဲ...။"

တင်အောင်မြင့်က ပြောသည်။

"သူ့သူငယ်ချင်းတွေ ဖြစ်မှာပါကွာ။"

သန်းဆွေက စကားကို ပိတ်ပြောသည်။

မကြာမီပင် ဂျစ်ကားသည် နောက်မှ လိုက်လာလေရာ ကျွန်တော်တို့ကို မီလာတော့သည်။ ဂျစ်ကားရှေ့ခုံတွင် စန္ဒီမိုးဦးဖြူသည် ဒရိုင်ဘာနှင့် ဆန်းမောင်၏ အလယ်တွင် ထိုင်၍ ပါလာသည်။

"ဝေး ဟေး...ဟေး..."

www.burmeseclassic.com

www.burmeseclassic.com 

ကားပေါ်မှ ပရိသတ်က အော်ဟစ် ဟေ့ာင်ပြောင် သွားသည်။ ကျွန်တော်တို့ လူစုမှာမူ စစ်တက္ကသိုလ် ကျောင်းဝင်းထဲတွင်သာ ရှိနေသေးသောကြောင့် ငြိမ်သက်စွာ ရှိနေကြသည်။ ဂျစ်ကားသည် ဂိတ်ဝကို လွန်ပြီးနောက် ပျောက်ကွယ်သွားသည်။

"ဒီကောင် မန္တလေးအထိ ပါသွားမယ် ထင်တယ်။"

ငွေအောင်က ပြောသည်။

"ဒီမှာလည်းပြီး မန္တလေးဆင်းမှာပေါ့...။"

တင်ကြိုင်၏ ထင်မြင်ချက် ဖြစ်သည်။

"ကိုယ်နဲ့မဆိုင်တာတွေ ပြောမနေကြနဲ့ကွာ။ ငါတို့အတွက် အရေးကြီးတာက မြို့ထဲ မြန်မြန်ရောက်ဖို့။"

သန်းဆွေ စကားလမ်းကြောင်းကို လွှဲပစ်သည်။ ကျွန်တော် သန်းဆွေကို ကျေးဇူးတင်စွာဖြင့် ကြည့်လိုက်သောအခါ သန်းဆွေသည် ကျွန်တော့်ကို ကမ္ဘာပေါ်တွင် သနားစရာအကောင်းဆုံးသော သတ္တဝါ တစ်ကောင်ကို မြင်ရသကဲ့သို့ ပြန်ကြည့်နေလေသည်။

ကျွန်တော်တို့လူစုသည် ကားဂိတ်ရောက်သောအခါ ကြိုတင်ငှားရမ်း ပြောဆိုထားသည့် ဂျစ်ကားကို တွေ့ရှိကြပြီး တက်စီးကာ မန္တလေးဘက်သို့ ဆင်းကြတော့၏။

မန္တလေးသင်္ကြန်သည် စည်ကားလေသည်။ ကျွန်တော်တို့ လူစုသည် ရေပက်ခံမဏ္ဍပ်များကို တစ်ခုပြီးတစ်ခု လှည့်လည်၍ ရေပက်ခံ ထွက်ကြသည်။ အားလုံး ပျော်မြူးနေကြသော်လည်း ကျွန်တော်ကား မပျော်နိုင်။ ကျွန်တော့်တစ်ကိုယ်လုံးတွင် အေးမြငှာ သည့် သင်္ကြန်ရေတွေ စိုရွှဲ၍နေသည်။ သို့သော် ရင်ထဲမှာ ပူ၍ နေသည်။ အတာရေသည် ကျွန်တော့်ရင်ကို အေးမြစေခြင်းငှာ မတတ်နိုင်ရှာ။





www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်။ မျောက်အိုကြီး ငှက်ပျောသီး မစားရတဲ့ပုံမျိုးနဲ့ ဆွေးမနေစမ်းနဲ့ကွာ။"

သန်းဆွေက ကျွန်တော့်ကို သတိပေးသည်။

"ငါ ဘာဖြစ်နေလဲဆိုတာ မင်းသိပါတယ်။"

"ဟေ့... ဟိုမှာ ဆန်းမောင်ကြီးကွ..."

ထင်အောင်မြင့်က ပြောသည်။

ဆန်းမောင်တို့ကားသည် ရေကစားမဏ္ဍပ်ငယ်ရှေ့သို့ ဝင်ထိုးလိုက်သောအခါ ရေတွေ ဝိုင်းပက်တာကို ခံရတော့သည်။ ပူးကပ်နေကြသော စန္ဒီမိုးဦးဖြူနှင့် ဆန်းမောင်သည် ရေလုံးကြီးများ အောက်တွင် နစ်မြုပ်၍ နေသည်။ သူတို့ကား ထွက်လာသောအခါ ကျွန်တော်တို့ကားနှင့် မျက်နှာချင်းဆိုင်ရာမှ ဘေးချင်းယှဉ်မိသွားသည်။

"ဟေ့ကောင် ဆန်းမောင်။ မဏ်ကဲနဲ့..."

ထင်အောင်မြင့်က လှမ်းအော်သည်။ ဆန်းမောင်၏လက်တစ်ဖက်ကို စန္ဒီမိုးဦးဖြူ၏ ပခုံးပေါ်တွင် မြင်ရသည်။ ကျွန်တော်သည် သူတို့ကို မမြင်ချင်ယောင် ဆောင်နေလိုက်သည်။

ရေကစားရသည်မှာ ပျော်စရာမကောင်းတော့။

သည်ကြားထဲ ရေကစားမဏ္ဍပ်တစ်ခုတွင် ကားက ပျက်တော့သည်။ သူများကားတွေ ဝင်မရမှာ စိုးသဖြင့် ကျွန်တော်တို့လူစု ဂျစ်ကားအစုတ်ကို တွန်းလိုက်ကြရသည်။ ကားကတော်ရုံနှင့် ပြင်လို့မရ။ အားလုံး မကျေမနပ်ဖြစ်နေကြသည်။ မဂ္ဂင်းနစ်ကို ခေါ်ပြီး ပြင်လိုက်မှ ကောင်းသွားသည်။ အားလုံး ပျော်သွားကြပြန်သည်။ ဂျစ်ကားသည် မန္တလေးမြို့ကို လှည့်ပြန်လေသည်။ ကျွန်တော်တို့ကားနှင့် ဆန်းမောင်တို့ကားမှာ နှစ်ခါသုံးခါ ထပ်၍ ဆုံကြပြန်သည်။

www.burmeseclassic.com



ကျွန်တော့်အတွက်ကား မကြည့်ချင် မမြင်ချင်ပါမှ ကြည့်နေရ၊ တွေ့နေရလေသည်။

"ဆန်းမောင်ကတော့ မင်းကို အားနာနေတယ် ထင်တယ်ကွာ။ မင်းကို ငါ ကိုယ်ချင်းစာပါတယ်။"

"ငါ့အတွက်ကတော့ ဇာတ်လမ်းတစ်ခုဟာ အခုမှ ပြီးပါပြီလို့ စာတန်းထိုးတယ်လို့ ဆိုရမှာပဲ သူငယ်ချင်း..."

သကြီန်သည် ပျော်စရာ မကောင်းပေ။

တတိယနှစ် ဗိုလ်လောင်းသင်တန်းကုန်ဆုံး၍ ခွင့်ပြန်လာသော အခါ ကျွန်တော်သည် ဦးလေးတို့အိမ်တွင် တစ်ညသာ အိပ်လေသည်။ နောက်တစ်နေ့တွင် ဘုစုနှင့် ခရ မောင်နှမက ဆွဲထားသည့်တိုင် ရန်ကုန်မှာ မနေဖြစ်တော့ပေ။ ဘုတ်ဆုံမသည် နောက်ဆုံးနှစ်ကျောင်း သူကြီး ဖြစ်နေလေပြီ။ ကျွန်တော်ကား ကျောင်းထဲသို့လည်း သွား မလည်ချင်တော့သောကြောင့် မြို့ကိုသာ ပြန်လာခဲ့တော့၏။

ကျွန်တော်သည် မိဘများ၏ ရင်ခွင်တွင် အပြစ်ကင်းစင်စွာ နေထိုင်လျက် ရှိလေသည်။ အောင်တော်သိမ်ဘုရားကြီးမှာ ဘာမှ မပြောင်းလဲသေးပေ။ ကျွန်တော်သည် စန္ဒီနှင့်အတူ သွားလာခဲ့ဖူး သော ဘုရားကြီးပရိဝုဏ်အတွင်းသို့ မကြာခဏ ရောက်နေလေသည်။ လွမ်းစိတ်များကား မဆုံးနိုင်သေး။

လွမ်းစရာရှိလျှင် နာစရာနှင့် ဖြေတဲ့...။

စန္ဒီမိုးဦးဖြူ၏ အပြုအမူများမှာ ကျွန်တော့်အတွက်တော့ နာစရာတွေချည်းဖြစ်သည်။ သို့သော် နာစရာဟု ကျွန်တော် မြင်လို့ မရသေး။ ထို့ကြောင့် ဖြေလို့မပြေနိုင်သေး။ ကျွန်တော်သည် သန်းဆွေ အား ဇာတ်လမ်းတစ်ခု သေသေချာချာ ပြီးသွားပြီဟု ပြောခဲ့သည်။

www.burmeseclassic.com



ပြီးပါပြီ စာတန်းထိုးသွားပြီးဟု ပြောခဲ့သည်။ ကျွန်တော်ရင်ထဲတွင်ကား မဆုံးနိုင်သေး။ မပြီးနိုင်သေး။

ဘုတ်ဆုံမသည် စနေ၊ တနင်္ဂနွေနေ့များတွင် မြို့သို့ ပြန်လာတတ်သည်။ သူမသည် ငေးငိုင် တွေဝေနေသော ကျွန်တော့်အား မကြာခဏ လာရောက် နှောက်ပြောင်နေတတ်သည်။

❖

(၁၁)

သန်းဆွေနှင့် ကျွန်တော်သည် ပစ်ကျင်းတစ်ခုကို နှစ်ယောက်အတူ တူးကြရသည်။ ပစ်ကျင်း တူးခြင်း၊ ဆက်သွယ်ရေးမြောင်း (ခေါ်) လျှောက်မြောင်း တူးခြင်း၊ ဘန်ကာ တည်ဆောက်ခြင်းလုပ်ငန်းများကို ကျွန်တော်တို့ ကျွမ်းကျင်နေကြလေပြီ။ နောက်ဆုံးနှစ် မိုလ်လောင်းဘဝတွင် စာပေသင်ခန်းစာက နည်းပြီး စစ်သင်ခန်းစာကများသည်။ ကျွန်တော်တို့သည် ခံစစ်၊ ခွာစစ်၊ ချီစစ်၊ တိုက်စစ်ဟူသော စစ်ကဏ္ဍကြီး လေးရပ်ကို ဟပ်စုအဆင့်၊ တပ်ခွဲအဆင့်စသည်ဖြင့် လေ့ကျင့်နေကြရသည်။

ကျွန်တော်တို့ ကျင်းတူးရမည့်နေရာမှာ ကျောက်တုံး ကျောက်ခဲများ ပေါများလှသောကြောင့် မသက်သာလှပေ။ ကျွန်တော်တို့ ပစ်ကျင်း၏ မလှမ်းမကမ်းတွင် ဌေးအောင်နှင့် တင်ကြိုင်တို့ တကုပ်ကုပ်နှင့် တူးနေကြသည်။ လှဟန်နှင့်ထိန်ဝင်းမှာမူ ကျွန်တော်တို့ စားဖို့ ထမင်းကို သွား၍ သယ်ဆောင်နေကြလေသည်။

ကျောက်တွေ များပြီး မာကျောလှသည့် မြေသားကို ပထမဦးစွာ ပေါက်ချွန်းဖြင့် ဖြိုခွဲပစ်ရသည်။ ထို့နောက် ခေါက်ဂေါ်ပြား၏ အသွားကို ကိုးဆယ်ဒီဂရီချိုးကာ မြေသားကို ပေါက်လှတ် ရပြန်သည်။

www.burmeseclassic.com



ပြီးမှ စစ်သုံး ခေါက်ဂေါ်ပြားအသွားကို လက်ကိုင်ရိုးနှင့် တစ်ဖြောင့်တည်း ဖြစ်စေရန် ဆန့်ထုတ်၍ မြေစာတွေကို ကလော်ထုတ်ရသည်။ ကျွန်တော်တို့နှစ်ယောက်သည် ကျွန်တော်တို့၏ ရင်ညွန့်ခန့်အနက်ရအောင် အမြန်တူးကြရခြင်း ဖြစ်သည်။ အချိန်ကို များများပေးမထား။ တကယ်တမ်း ရှေ့တန်း စစ်မြေပြင်ရောက်လျှင်လည်း အချိန်က အစိုးမရ။ ရသမျှအချိန်လေးမှာ လုပြီး လုပ်ရသည်က များလိမ့်မည်။

ပစ်ကျင်း တူးပြီးသောအခါ တင်ကြိုင်တို့ ငွေအောင်တို့ ပစ်ကျင်းနှင့် ဆက်မိစေရန် ဆက်သွယ်ရေးမြောင်းကို တူးရပြန်လေသည်။ ကျွန်တော်တို့ ကျင်းတူးလို့ ကောင်းနေတုန်း လှဟန်နှင့် ထိန်ဝင်းသည် ဟန်းကောချိုင့်များကို သယ်၍ ပြန်ရောက်လာသည်။ ကျွန်တော်တို့အားလုံး ဝိုင်းထိုင်ကာ ထမင်းစားကြသည်။ သင်တန်းရုံးမှ စီစဉ်ပေးသည့် ထမင်းနှင့်အတူ ပဲဟင်းခပ်ပြစ်ပြစ်နှင့် အမဲသားဟင်း သုံးတုံးစီ ပါသည်။ ဂေါ်ရခါးသီးကျော် အနည်းငယ်စီ ရသည်။ ထမင်းစားပြီးတော့ မနားနိုင်ကြ။ ကျင်းဆက်တူးရန် ပြင်ရပြန်သည်။

လှဟန်နှင့် ထိန်ဝင်းက တစ်လှည့်ဝင်တူးသောကြောင့် ကျွန်တော်နှင့် သန်းဆွေ နားရသည်။

"ငါတို့လည်း LRP လျှောက်ဖို့ အချိန်နီးနေပြီ။ အယ်(လ်)အာ(ရ်)ပီ ပြီးရင် အမြောက်နဲ့ သံချပ်ကာသင်တန်း တက်ရမယ်။ အဲဒါပြီးရင် ပြိုင်ပွဲရှိတယ်။ အဆော့(လ်တ်) (ချေမှုန်းရေး) ပြိုင်ပွဲပြီးတာနဲ့ ကျောင်းဆင်းပြီ။"

"အယ်(လ်)အာ(ရ်)ပီက ဘယ်ကို လျှောက်ရမှာလဲ..."

"မိတ္ထီလာ ထင်တာပဲကွ။ ဟိုးကုန်းက မေမြို့က မေမြို့ကနေ ဒုဋ္ဌဝတီမြစ်ကို ဖြတ်ပြီး ဗထူးအထိ လျှောက်ကြတယ်။ ဗထူးကနေ မိတ္ထီလာကို ဆင်းပြီး အမြောက်နဲ့သံချပ်ကာ သင်တန်းတက်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း အင်တော။ ကျောက်ဂူဒေသမှာ ဗကပတွေ ဝင်ဝင်လာလို့ ဗိုလ်လောင်းတွေကို အဲဒီဘက် မလျှောက်ခိုင်းဘူး။ သီပေါနဲ့ ရတနာသိင်္ဂီမိုင်းဘက် လျှောက်ခိုင်းတယ်။ ငါတို့ကိုတော့ မိတ္ထီလာဘက် လျှောက်ခိုင်းလိမ့်မယ် ထင်တယ်ကွ။"

သန်းဆွေက သူ့ထင်မြင်ချက်ကို ရှင်းပြသည်။

အယ်(လ်)အာ(ရ်)ပီမှာ အတိုကောက်စာလုံးဖြစ်သည်။ အရှည်မှာ Long Range Penetration ဖြစ်ပြီး ခရီးရှည် ချီတက်ထိုးဖောက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ကျွန်တော်တို့အတွက် အဆင့်အမြင့်ဆုံးနှင့် အပင်ပန်းဆုံး သင်ခန်းစာ ဖြစ်သည်။

"အပြောင်းအလဲ ရတာပေါ့ကွာ..."

ကျွန်တော်စကားကြောင့် သန်းဆွေက ကျွန်တော့်ကို သေသေချာချာ ကြည့်သည်။

"မင်းက အပြောင်းအလဲ လိုရအောင် ဘာတွေ ဖြစ်နေလို့လဲ။ မင်းရဲ့ အလွမ်းအဆွေးတွေက ပြေဖို့ ကောင်းပြီ။ တစ်ဖက်ကလည်း ဆန်းမောင်နဲ့ ပြေလည်နေတာပဲ။ ငါတို့တွေ တတိယနှစ်တုန်းက သင်္ကြန်မှာ စန္ဒီ ဆန်းမောင်ဆီကို တက်လာပြီး လာတွေ့တယ်။ အခုနှစ် သင်္ကြန်မှာလဲ ကားနဲ့ ခေါ်ပြီး မန္တလေးကို သွားတယ်။"

နောက်ဆုံးနှစ် ဘဝသင်္ကြန်တွင် ကျွန်တော်သည် မန္တလေးသို့ ဆင်းမလည်ဖြစ်တော့ပေ။ ပိုက်ဆံ မရှိဘူးဟု အကြောင်းပြကာ အဆောင်မှာပဲ ကုပ်နေခဲ့သည်။ ပျင်းလာတော့ ကန်တော်ကြီး ရက္ခဗေဒဥယျာဉ်၏အတွင်းပိုင်း ချောင်ကောင်းကောင်းမှာ သွားထိုင်ခဲ့သည်။

"သူတို့ကို ကြည့်ရတာ တော်တော်အဆင်ပြေနေပုံပဲ သူငယ်ချင်း။ အောင်ဆန်းတပ်ခွဲက ကောင်တွေဆီက သတင်းကြားရတာတော့ ဆန်းမောင်ကြီးဟာ သူနဲ့ တစ်တန်းတည်းသား မိန်းကလေး သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို နှစ်ရှည်လများစောင့်ပြီး ပိုးတယ်တဲ့၊ အဲဒါ မနှစ်က သင်္ကြန်ကျမှ ပြေလည် သွားတယ်ဆိုပဲ။ မင်းအနေနဲ့ ဘာမှလွမ်းနေ ဆွေးနေစရာ မလိုတော့ဘူး သူငယ်ချင်း။"

ကျွန်တော်သက်ပြင်း ချလိုက်မိသည်။

ကျွန်တော်သည် စန္ဒီမိုးဦးဖြူအား ကျွန်တော်ကိုယ်တိုင် မသိပါဘဲနှင့် ကိုမြင့်ထူး၏ လက်မှ လုယူခဲ့ခြင်း ဖြစ်သည်။ ထိပ်တိုက် ရင်ဆိုင်တွေ့ကြသောအခါ သည်းမခံနိုင်သော ကိုမြင့်ထူးသည် နောက်ဆုတ်သွားခဲ့သည်။ ကျွန်တော်တို့ ချစ်ကြလို့ ကောင်းတုန်းမှာပင် ကျွန်တော်သည် စန္ဒီမိုးဦးဖြူနှင့် ကိုမြင့်ထူးကို သက်သာမကင်း ဖြစ်လာသည်။ ကျွန်တော်တို့ချင်း ဆွေးနွေးသည်။ ညှိနှိုင်းသည်။ မရ။ ဒုတိယနှစ်သင်တန်း ကာလအပြီး ဒီဇင်ဘာလမှာပင် ကျွန်တော်တို့ချင်း ကွဲကြသည်။ ဇန်နဝါရီလမှ ဧပြီလအထိ စန္ဒီမိုးဦးဖြူ မည်သို့ရှိနေသည်ကို ကျွန်တော် မသိ၊ ကိုမြင့်ထူးနှင့်ဆက်တွဲနေလား။ မတွဲဘူးလား ဆိုတာ ကျွန်တော် မသိ။ မစုံစမ်း။

တတိယနှစ် ဗိုလ်လောင်းဘဝ သင်္ကြန်တွင် စန္ဒီမိုးဦးဖြူ စစ်တက္ကသိုလ်သို့ ရောက်လာပြီး ဆန်းမောင်ကို လာခေါ်ခြင်းမှာ ကျွန်တော့်ကို အရွဲ့တိုက်ခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ ထိုအချိန်က စ၍ သူတို့ချင်း ချစ်သူတွေ ဖြစ်သွားကြပါသည်ဟုဆိုလျှင် သူတို့၏ ချစ်ခရီးမှာ တစ်နှစ်ကျော်သွားလေပြီ။

"ငါ သူ့ကို အရမ်း ချစ်ခဲ့တယ်... သန်းဆွေ။ အဲဒါကြောင့် ငါ့ရင်ထဲမှာ မပြေနိုင်အောင် ဖြစ်နေရတာပါ"

" ဒါပေမယ့် အခု စန္ဒီက မင်းနဲ့ ဘာမှ မဆိုင်တော့ဘူး။ ဆန်းမောင်ရဲ့ ချစ်သူ ဖြစ်နေပြီ။ ဆန်းမောင်ဆိုတာ သူငယ်ချင်း အချင်းချင်းတင် မကဘူးကွ။ ရဲဘော်ရဲဘက်အချင်းချင်း ဖြစ်နေတယ်။

www.burmeseclassic.com


မင်း မလွမ်းသင့်တော့ဘူး...။

"ငါ... ကြိုးစားနေပါတယ်။"

"တွေဝေမနေနဲ့ကွာ။ စာမေးပွဲတွေမှာ မင်းအမှတ်တွေက မကောင်းဘူး။ ကျောင်းဆင်းမဲ့ နှစ်ကျမှ စာမေးပွဲကျရင် တစ်နှစ်ထပ်နေနေရမယ်။ ငါတို့ကျောင်းကလည်း ညှာတာမဟုတ်ဘူးဆိုတာ မင်းသိတဲ့အတိုင်းပဲ။"

"ဟိုကောင်တွေ၊ အာလူး ဖုတ်မနေနဲ့။ မင်းတို့နှစ်ယောက် ဝင်ကြဦး။ ငါတို့ နားဦးမယ်..."

တင်ကြိုင်က လှမ်းအော်သည်။ ကျွန်တော်နှင့် သန်းဆွေလည်း ဆက်သွယ်ရေးမြောင်းတွေ ဆက်တူးရန် ပြင်ရသည်။ သို့သော် သေနတ်ကျည်ဆန် လေတိုးသံတွေ ဖောက်ကနဲ ဖောက်ကနဲ ကြားရသဖြင့် ကျွန်တော်တို့ လူစုနေရာ အလုအယက် ယူရသည်။ သရုပ်ပြ တပ်ခွဲသည် ကျွန်တော်တို့ ခံစစ်ထားသည့်တောင်ကုန်းကို ကျော်၍ ပစ်ပေပြီ။

အရာရှိနှင့် နည်းပြဆရာများက ကျွန်တော်တို့နေရာယူထားပုံကို လိုက်လံစစ်ဆေးသည်။ ခံစစ်ကျင်းတွေ မကောင်းလျှင် ပြန်တူးရသည်။ သတ်မှတ်ချက်နှင့် မကိုက်ညီလျှင် အပြစ်ပေးသည်။ တပင်တပန်း တူးထားရသည့် ကျင်းတွေကို မြေဖို့ကာ ခရီးဆက်ထွက်ရန် ပြင်ရလေသည်။

❖

## (၄)

နောက်ဆုံးနှစ်များမှာ နှစ်ယောက်တစ်ခန်း နေကြရသည်။ ကျွန်တော်နှင့်လှဟန် နှစ်ယောက်တစ်ခန်းနေရသည်။ အားသပ်နေသော


www.burmeseclassic.com

www.burmeseclassic.com


စနေနေ့တစ်ညတွင် ဆန်းမောင်သည် ကျွန်တော့်ဆီသို့ ရောက်လာလေသည်။ သူက ကျွန်တော်နှင့် လွတ်လွတ်လပ်လပ်စကားပြောချင်သည်ဟု ဆိုသောအခါ လှဟန်က သန်းဆွေတို့အခန်းဘက်သို့ ကူးသွားသည်။ ကျွန်တော်အိပ်ရာပေါ်တွင် ထိုင်နေစဉ် ဆန်းမောင်က ကျွန်တော့်ကုတင်တွင် ဝင်ထိုင်သည်။

"ငါပြောတာကို သေသေချာချာ ယုံပါသူငယ်ချင်း။ မင်းနဲ့ စန္ဒီမိုးဦးဖြူနဲ့ ချစ်နေခဲ့ကြတယ်ဆိုတာကို ငါတကယ် မသိခဲ့ဘူး။"

သူသည် ရောက်ရောက်ချင်းပင် စကားပလ္လင်ခံမနေတော့ဘဲ တဲ့တိုးကြီး ပြောချလိုက်လေသည်။

"စန္ဒီဟာ ငါနဲ့ တစ်တန်းတည်းသား။ ငါတို့ အီကိုဖတ်(စ်) ရီးယားတုန်းက သူ့ကို ငါ ပရိုပို့(စ်)လုပ်တယ်။ သူက စဉ်းစားပါရစေဦးလို့ ပြောတယ်။ ငါ့ကို စောင့်ခိုင်းတယ်။ သူမင်းနဲ့လည်း တွဲတယ်။ ငါမေးကြည့်တော့ ရိုးရိုးတန်တန်းယောကျာ်းလေး သူငယ်ချင်းတွေတဲ့ကွ။ သူ့မှာ ရွေးချယ်ပိုင်ခွင့် ရှိတယ်တဲ့။ ငါလည်းယုံတာပဲ။ ငါဟာ ရွှေမင်းသမီးလေးရဲ့ ပန်းကုံးစွပ်ပွဲကို တက်ရောက်လာတဲ့ ခုနစ်ပြည်ထောင်မင်းသားပေါ့ကွာ။ သူ့အပေါ်မှာ ငါစိတ်ရှည်တယ်။ သူနဲ့ငါ ဆန့်ကျင်ဘက် ဘယ်တော့မှ မဖြစ်ဘူး။ မနှစ်က သကြံန်မှာ ငါ ပန်းကုံး အစွပ်ခံလိုက်ရတယ်။"

ကျွန်တော်သိပြီးသားများပင်...

ကျွန်တော်သည် ဆန်းမောင်၏ အရိပ်အခြည်ကို ကြည့်ပြီး ငြိမ်သက်နေမိသည်။

"အဲဒီတုန်းက မင်း ငါ့ကို လာခေါ်တာပဲ။ ငါက သူ့ကို မေးတယ်။ ဟိုကောင့်ကို ဘာလို့ ခေါ်မလာတာလဲဆိုတော့ မင်းနဲ့ ငြိုး ဆိုးထားလို့ စကားမပြောဘူးတဲ့။ ငါ့စိတ်ထင် မင်းနဲ့ စိတ်ဆိုးဘက်

www.burmeseclassic.com



ထားတယ်လို့ သာမန်ပဲ ထင်ခဲ့တယ်။ မင်းနဲ့ သူဘယ်လောက်အထိ ပတ်သက်ခဲ့လဲဆိုတာ ငါတကယ်ပဲ နက်နက်ရှိုင်းရှိုင်း မသိခဲ့ဘူး။ သူ့အချစ်ကို ရလို့ ငါပျော်ခဲ့တယ်။"

ကျွန်တော်က သူ့ကို တစ်ခုခုပြောရန် ပြင်လိုက်သည်။ သူက လက်ကာပြပြီး တားမြစ်သည်။

ကျွန်တော်က သူ့ကို တစ်ခုခုပြောရန်ပြင်လိုက်သည်။ သူက လက်ကာပြပြီး တားမြစ်သည်။

"မင်း မပြောနဲ့ ထက်လင်းဖြိုး။ ငါပြောမယ်။ သူ့ကို ငါ ဘယ်လို မြင်သလဲဆိုတာ ငါပြောပြမယ်။ သူ့မှာ ယောကျာ်းလေး သူငယ်ချင်းများတယ်။ ပွင့်လင်းတယ်။ ခေတ်ဆန်တယ်လို့ ငါမြင်ခဲ့တယ်။ ဒါတွေကို ငါ မကြိုက်ပေမယ့် ငါ့မှာ ပြောပိုင်ခွင့် မရှိဘူးလေ။ ပြီးတော့ ငါက ချစ်နေတဲ့သူဆိုတော့ ခွင့်လွှတ်နေခဲ့တယ်။ သူနဲ့ငါ တရားဝင်ချစ်သူတွေ ဖြစ်သွားပြီဆိုတော့ ငါ... သူ့ကို ငါ မကြိုက်တာတွေ တဖြည်းဖြည်း ဖျောင်းဖျတယ်။ မရဘူး သူငယ်ချင်း"

ဆန်းမောင်ကား ကျွန်တော်ကြုံသလို ကြုံရခြင်းပင်တည်း။ ကျွန်တော်သည် ကိုမြင့်ထူး၏ ဝင်္ဂလည်သည်ဆိုလျှင် ဆန်းမောင်သည် လည်း ကျွန်တော့်ဝင်္ဂကို လည်ခြင်းပင်တည်း။

"သူ မေမြို့ကို ရောက်နေတယ်။ သူနဲ့ငါ ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေမှာ လျှောက်လည်ကြတယ်။ စကားတွေ ပြောဖြစ်ကြတယ်။ သူ့ကို ကြည့်ရတာ ငေးငေးငိုင်ငိုင်နဲ့ကွ။ ခါတိုင်းလို ရွှင်ရွှင်လန်းလန်း မရှိဘူး။"

ကျွန်တော် မသိမသာ ပြုံးမိသည်။ စန္ဒီမိုးဦးဖြူသည် ဆန်းမောင် နှင့် ပြောဆိုဆက်ဆံနေစဉ်မှာပင် အခြားတစ်စုံတစ်ယောက်ကို လွမ်းဆွတ်သည့် ခံစားချက်များ ပေါ်ပေါက်လာပြီးလား မသိ။ ဆရာ

www.burmeseclassic.com



ဝဏ္ဏအောင်တုန်းက သူမသည် ထိုကဲ့သို့ ခံစားရသည်ဟု ပြောဖူးသည်။ ကိုမြင့်ထူးကို ချစ်သည်ဟု နှုတ်ကပြောသော်လည်း ရင်ထဲက မချစ်ဟု ဆိုသည်။ ကိုမြင့်ထူးနှင့် ပြောဆိုဆက်ဆံနေစဉ်မှာပင် အခြားတစ်စုံတစ်ယောက်ကို လွမ်းလာသည်ဟု သူမက ပြောပြသည်။ ထိုသူမှာ ကျွန်တော်ဟုလည်း ပြောသည်။ ကျွန်တော်နှင့်သူမ၏ ချစ်ခရီး နိဂုံးပိုင်းတွင် သူမသည် ဝေးဝေးဝိုင်ဝိုင် ဖြစ်လာသည်။ သူမသည် ကျွန်တော့ကို ရှေ့ထားပြီး တစ်ယောက်ယောက်ကို လွမ်းနေပြီလားဟု ကျွန်တော်သံသယဖြစ်နေစဉ်မှာပင် ခွဲခွာခြင်းဖြင့် နိဂုံးချုပ်ခဲ့ကြရသည်။

"သူနဲ့ငါ စကားပြော အဆင်မပြေဘူး။ တိုတိုပြောရရင်ကွာ ပေါက်ကွဲကုန်ကြတယ်။ အဲဒီမှာ သူက မင်းနဲ့ ဖြစ်ခဲ့တာတွေကို ဖွင့်ပြောပြတယ်။ ငါတကယ်မသိခဲ့ဘူး သူငယ်ချင်း။ ဒီလောက် ခင်တဲ့သူတွေပဲကွာ။ ဖွင့်ပြောလိုက်ပါလား။ မင်းနဲ့ချစ်ခဲ့ကြတယ်ဆိုရင် ငါ ရှေ့ဆက်တိုးပါ့မလားကွာ "

သူသည် ပြောရင်း ပြောရင်း ငိုသံပါလာသည်။

"ငါလည်း မင်းသိတယ် ထင်တာကိုး..."

"တကယ် မသိဘူးကွာ။ မင်းဆီမှာ သူ့ဓာတ်ပုံတွေရှိတယ်ဆိုတာရယ်။ စာတွေ လာတယ်ဆိုတာရယ် သိတော့ ငါသူ့ကို မေးကြည့်တယ်။ သူက ငြင်းတယ်။ ဘာဖြစ်လို့ သူဒီလို ငြင်းရတာလဲ"

"မင်းကို ချစ်လို့ပေါ့ ဆန်းမောင်..."

"ဟုတ်ပါ့မလား ထက်လင်းဖြိုး။ မှန်ရာ ဝန်ခံရရင် ငါဟာ မင်းကို ရိုးရိုးသားသား ပြိုင်ဘက်တစ်ယောက်လို့ ထင်ခဲ့မိတယ်။ ငါ ရှုံးနေခဲ့တာကို ငါမသိခဲ့ဘူး။"

"အခု မင်း နိုင်နေပြီပဲ သူငယ်ချင်း။"



www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ဘူး။ သူဟာ မင်းကို မေ့လို့မရဘူး..."

ကျွန်တော် ခေါင်းခါပစ်လိုက်သည်။

"သူနဲ့ငါ ဘာမှ မဆိုင်ဘူး။ ဘာမှလည်း မပတ်သက်တော့ဘူး။ လူဆိုတာ တစ်ခါတစ်ခါတော့ အရူးထတာပေါ့ကွာ။ သူနဲ့ငါဟာ သန့်သန့်ရှင်းရှင်းပါ။"

"ဒါဖြင့်ရင် မင်းသူနဲ့ ဘာဖြစ်လို့ သူငယ်ချင်းလို မဆက်ဆံရတာလဲ။"

"ဘယ်ကောင်းမလဲ။ မင်းရည်းစားကို ငါက သွားရောနေလို့ ဘယ်ဖြစ်မလဲကွ"

ကျွန်တော်သည် ပေါ့တီးပေါ့ဆ အမူအရာဖြင့် ပြောနေခြင်း ဖြစ်သည်။ မင်းရည်းစားဆိုသည့်စကားကို ပြောရစဉ် ရင်နာရသေးသည်။ ကျွန်တော်သည် ဆသုံးလုံးဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိကာ ဟန်ဆောင်ကောင်းနေလေသည်။

"ငါဟာ ဓားစာခံတစ်ယောက်၊ ဒါမှမဟုတ်ရင် ခုတုံးတစ်ခု မဖြစ်နိုင်ဘူးလား"

"အိုး...ဘာဆိုင်လို့ ဖြစ်ရမှာလဲ..."

"ဒီလိုလေ။ သူနဲ့မင်းနဲ့ ချစ်နေကြတယ်။ ငါက အဲဒါကို မသိဘဲ ပရိုပို့(စ်)လုပ်ထားတယ်။ မင်းနဲ့ သူနဲ့ စိတ်ကောက်ကြတယ်။ အဲဒီအချိန်မှာ သူက မင်းကို ရွဲ့တဲ့အနေနဲ့ငါကို ချစ်ပြမယ်။ မင်း စိတ်ပြန်လည်လာအောင် ကြိုးစားမယ်။ အဲ ဒီလိုများ ဖြစ်နေသလား လို့ကွာ..."

ဆန်းမောင်၏ စကားကြောင့် ကျွန်တော်ကိုယ်တိုင်ပင် ထိုသို့ များ ဖြစ်နေလားဟု တွေးမိသည်။ ထိုသို့ တွေးမိခြင်းမှာ သူ့ကို


www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေသေးသောကြောင့် ဖြစ်နိုင်သည်။ ယခုတစ်ခါ ကျွန်တော် တကယ်ပြတ်သားရတော့မည်။

"လုံးဝ မဖြစ်နိုင်ဘူး။"

"သူက မင်းကိုပဲ ချစ်တယ်တဲ့။ ငါ့အချစ်ကို လက်ခံမိတဲ့အတွက် နောင်တ ရတယ်တဲ့"

ကျွန်တော် ကျယ်လောင်စွာ ရယ်မောမိသည်။

"အလကား၊ အဲဒါ မင်းမခံချင်အောင် သက်သက်စတာ။ သူ ဟိုးတုန်းကတည်းက ပြောဖူးတယ်။ မင်းဟာ သိပ်လေးစားစရာ ကောင်းတယ်တဲ့။ ရိုးလည်းရိုးတယ်တဲ့။ သူမင်းကို သဘောကျနေတာ ကြာပါပြီကွာ။"

"မင်းနဲ့ပတ်သက်လို့လည်း သူဒီလိုပဲ ပြောဖူးတာပဲ။"

"သွားစမ်းပါကွာ။ သူနဲ့ငါက ရန်ဖြစ်နေကျပါ။"

ဆန်းမောင်၏ မျက်နှာမှာ အနည်းငယ် ကြည်လင်လာသည်။ သူ့ရင်ထဲမှာ ခံစားရသမျှသော တင်းမာမှုများမှာ လျော့ပါးသွားပုံရသည်။

"မင်း သူ့ကို မချစ်ဘူးလား"

"ဘာဆိုင်လို့ ချစ်ရမှာလဲ ဆန်းမောင်"

"ငါကတော့ ချစ်တယ်ကွာ။ ဒါပေမယ့် မင်း သူ့ကို ချစ်တယ်ဆိုရင် ငါချက်ချင်း နောက်ဆုတ်ပေးနိုင်ပါတယ်။ သူကလည်း မင်းကိုပဲ ချစ်တယ်လို့ ပြောနေတာကိုး..."

"လုပ်မနေနဲ့ သူငယ်ချင်း။ မင့်ဇာတ်လမ်းကို မင်းပဲဆက်က"

"မဟုတ်ပါဘူး ဆန်းမောင်ရာ..."

"ကောင်းပြီ။ မင်းသူ့ရှေ့မှာ ပြောရဲလား "

ကျွန်တော် ချောက်ချားသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဘာဆိုင်လို့ ပြောရမှာလဲ..."

"မင်း သူ့ကို တကယ်ချစ်တယ် မချစ်ဘူးဆိုတာ သူ့ရှေ့မှာ ပြောမှ ဖြစ်တော့မယ် သူငယ်ချင်း။ သူက မင်းကို ခေါ်လာခဲ့ပါတဲ့။ မင်းက သူ့ကိုချစ်တယ်ဆိုရင် ငါနောက်ဆုတ်ပေးမလားတဲ့။ ငါလည်း ဝန်ခံလိုက်တယ်။ မင်းသူ့ကို မချစ်ပါဘူးဆိုရင် ငါတို့ ဇာတ်လမ်းဆက်လို့ရမယ်"

ပြဿနာပါ။

စန္ဒီမိုးဦးဖြူသည် ဆန်းမောင်ကို နှိပ်စက်ရုံတင်မကပါ။ အနေဝေးနေပြီဖြစ်သည့် ကျွန်တော့်ကိုပါ ဆွဲထည့်ပြီး နှိပ်စက်ရန် ကြံနေပြီလား မသိပါ။ သူမ ဘာတွေ လျှောက်လုပ်နေတာလဲ။ ဘာရည်ရွယ်ချက်နဲ့လဲ.."

"လိုက်ခဲ့ကွာ။ မနက်ဖြန် မင်းနဲ့ငါနဲ့ သူ့ဆီသွားမယ်။ သူ နန်းမြိုင်ထဲက အိမ်တစ်အိမ်မှာ တည်းနေတယ်။

"ငါ... ဘာသွား လုပ်ရမှာလဲ။"

"မင်း... သူ့ကို မချစ်ဘူးဆိုရင် မချစ်ကြောင်းပြ။ ရိုးရိုး သူငယ်ချင်းလို ဆက်ဆံပြ။ ဒါမှ ငါယုံမယ်။ ဒီလိုမှ မဟုတ်ရင်တော့ ငါတို့ချင်း ကွဲရတော့မယ်။"

သူသည် ကျွန်တော့်ကို အတင်းပင် ခေါ်တော့သည်။

ကျွန်တော်ကား ဝင်္ဂလည်ပြီးရင်း လည်နေပါလား။

ကိုမြင့်ထူး၊ စန္ဒီမိုးဦးဖြူနှင့် ကျွန်တော်တို့ သုံးယောက် သုံးပွင့်ဆိုင်ပြဿနာ ဖြေရှင်းခဲ့ကြရဖူးသည်။ ထိုစဉ်တုန်းက ကျွန်တော့်ထက် ဦးသည့် ကိုမြင့်ထူးသည် အရှုံးပေးပြီး ထွက်ခွာသွားခဲ့သည်။ ယခုလည်း သုံးပွင့်ဆိုင်ပြဿနာက ရှင်းရဦးမည်။ ကျွန်တော်သည် ရှုံးပြီးသားလူ။ ခံစားနေရသည့်လူ။ ဒါကိုပင် စန္ဒီမိုးဦးဖြူက မကျေ


www.burmeseclassic.com

www.burmeseclassic.com


နပ်နိုင်သေးဘဲ ခေါ်ယူ၍ အနိုင်ကျင့်ပေဦးတော့မည်။

"ငါလိုက်ခဲ့မယ် ဆန်းမောင်..."

❖

(၄)

အေးမြသော လေထဲတွင် မိုးငွေ့တွေ ပါနေသည်။ ကောင်းကင်သည် ကြည်လင်ခြင်း မရှိ။ မှုန်မှိုင်း ညို့ဆိုင်း၍ နေသည်။ ချယ်ရီပင်များမှာ ရိုးတံပြိုင်းပြိုင်းသာ ကျန်သည်။ တစ်ရွက်တလေမျှပင် မရှိ။ ချယ်ရီရွက်တို့သည် ချယ်ရီ မပွင့်ခင်မှာပင် အပင်ပေါ်မှ သက်ဆင်း ပေးနေကြသည်။ ချယ်ရီပွင့်တို့ ရောက်လာကြသောအခါ နေရာသည် ရှင်းလင်ပြီးသားပင်။

ချယ်ရီရွက်နှင့် ချယ်ရီပွင့်တို့သည် ချယ်ရီပင်ပေါ်မှာ တစ်လှည့်စီ မင်းမူကြရတာချင်းအတူ သဘာဝချင်း မတူကြ။ ကြွေကျရမည့် အချိန်တွင် ချယ်ရီပန်းများသည် တော်ရုံနှင့် နေရာဖယ်၍ မပေး။

မတတ်သာ၍ လက်လျှော့ရသည့်နှယ် ကွယ်ပျောက်ကုန်ကြသည်။ ချယ်ရီရွက်များမှာမူ ထိုသို့မဟုတ် ကြွေချိန်တွင် ကြွေသည်။ ဝေချိန်တွင် ဝေသည်။

လူတွေက ချယ်ရီပန်း၏ အလှကို ချီးကျူးသည်။

ချယ်ရီရွက်၏ အလှကို မည်သူမျှ ဂရုမစိုက်ကြ။

သို့သော် ချယ်ရီပန်းများသည် ဒီဇင်ဘာလကုန်ပိုင်းနှင့် လွန်ရောကျွံရော မတ်လဆန်းပိုင်းအထိသာ အပင်ပေါ်မှာ မင်းမူနိုင်ကြသည်။ အရွက်များမှာမူ တစ်နွေလုံး တစ်မိုးလုံး မင်းမူသည်။

ကျွန်တော်တို့ နှစ်ယောက်သည် Walkin out dress ခေါ် တပ်ပြင်ထွက် ဝတ်စုံကို ကျနစွာ ဝတ်ဆင်ထားကြသည်။ ဗိနပ်



www.burmeseclassic.com

www.burmeseclassic.com


တွေကို ပြောင်နေအောင် တိုက်ထားသည်။ သက္ကလပ်ဘောင်းဘီ မီးခိုးရောင်များမှာ ခေါက်ရိုးကျ၍ နေသည်။ ရှပ်အင်္ကျီအဖြူပေါ်မှာ ကုတ်အင်္ကျီနက်ပြာရောင်တွေကို ထပ်ဝတ်ရသည်။ အနီပေါ်မှာ ရွှေရောင်စင်းလေးများပါသည့် ပိုးသားလည်စည်းကို ကျကျနန စည်းထားကြရသည်။

ကျွန်တော်တို့နှစ်ယောက် နန်းမြိုင်ရှိ ခြံကျယ်ကြီးတစ်ခုအတွင်း ဝင်လာကြသည်။ အနောက်တိုင်းပုံစံ မီးခိုးခေါင်းတိုင်နှစ်ခုနှင့် အုတ်တိုက်နီကြီးမှာ မိုးငွေ့နှင့် နှင်းငွေ့တွေအကြားတွင် ဒဏ္ဍာရီဆန်၍ နေသည်။ စန္ဒီမိုးဦးဖြူသည် ချယ်ရီရွက်တစ်ရွက်မျှ မရှိတော့သော ချယ်ရီပင်တစ်ပင်အောက်ရှိ သံခေါက်ကုလားထိုင်လေးတစ်လုံးပေါ်တွင် ငြိမ်သက်စွာ ထိုင်၍နေသည်။ သူမသည် ချမ်းအေးဟန်မတူဘဲ အင်္ကျီလက်ပြတ် ခပ်ပါးပါး ဝတ်ထားသည်။ အင်္ကျီအရောင်ရောာ၊ တဘီအရောင်ရော ကျွန်တော်နှစ်သက်သည့် အပြာရောင်။

သူမရှေ့တွင် သံခေါက်ကုလားထိုင် အပြာလေးတွေ နှစ်လုံး ရှိနေသေးရာ သူမသည် တရားရုံးတစ်ခုကို ကြိုတင် ခင်းကျင်း ပြင်ဆင်ထားသည်နှင့် တူလှသည်။ ကျွန်တော်လိုက်ပါလာမည်ဟု သူမအနေနှင့် မျှော်လင့်နေပုံလည်းရသည်။

ကျွန်တော်သည် ဆန်းမောင်နှင့်အတူ အိမ်ခြေရရပင် လျှောက် သွားလိုက်သည်။ ထူးထူးခြားခြား တည်ငြိမ်မှုရနေသည့်အတွက် ကျွန်တော်ကိုယ်ကျွန်တော့်ပင် အံ့သြ၍ မဆုံးပေ။

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို ကြည့်ပြီး သွားတက်လေး နှစ်ဖက်စလုံးပေါ်အောင် ပြုံးလိုက်သည်။ ဘုတ်ဆုံမကတော့ သွား တက်ဆိုတာ နှစ်ဖက်မရှိရ။ တစ်ဖက်သာ ရှိရမည်။ နှစ်ဖက်ရှိလျှင် သွားတက်မဟုတ်။ အစွယ်ဟု ခေါ်သည်ဟု ဆိုခဲ့ဖူးသည်။ သွားတက်



www.burmeseclassic.com

www.burmeseclassic.com 

တစ်ဖက်တည်းရှိသော ဘုတ်ဆုံမတစ်ယောက် ကိုယ့်ဘက်ကိုယ်ယက်၍ ပြောခြင်းလည်း ဖြစ်နိုင်သည်။ စန္ဒီမိုးဦးဖြူတွင် ပါးချိုင့်ကျတော့ တစ်ဘက်တည်း ရှိသည်။

"ဖြိုးကို တွေ့ချင်လို့ ကိုမောင်နဲ့ မှာလိုက်ရတာ။ လိုက်မှလာပါ့မလားလို့။"

"လိုက်လာရတာပေါ့။ ဒီကောင်ကြီးက အတင်းခေါ်နေတာကိုး။"

ကျွန်တော်က ခပ်ပေါ့ပေါ့ ပြောသည်။ ကျွန်တော်ဟန်ဆောင်သိပ်ကောင်း၍ နေသည်။ ကျွန်တော်ဟန်ဆောင်နေခြင်းမှာ စန္ဒီမိုးဦးဖြူအတွက်လား၊ ဆန်းမောင်အတွက်လား။ ဒါတော့ ကျွန်တော် မပြောတတ်။

စန္ဒီမိုးဦးဖြူသည် လှမြဲလှနေဆဲပင် ဖြစ်သည်။ သူမ၏မျက်နှာလေးသည် ဖြူငင်းမွတ်စင်ပြီး ချစ်စရာ ကောင်းနေဆဲပင် ဖြစ်သည်။ သူမ၏ သွယ်သျှကျစ်လျစ် အချိုးအစားကျနသော ကိုယ်ခန္ဓာသည် ပြောင်းလဲခြင်း မရှိပေ။

"ငါကတော့ ပွင့်ပွင့်လင်းလင်းပဲ သူငယ်ချင်း။ စန္ဒီက ငါ့ကို မချစ်တော့ဘူးတဲ့၊ မင်းကိုပဲ ချစ်တယ်တဲ့။"

ဆန်းမောင်ကတော့ လုပ်ပြီ။

ဆိုင်းမပါ ဗုံမဆင့် ဟောဟောဒိုင်းဒိုင်း လုပ်ချလေပြီ။

ကျွန်တော် ဘာပြောရမှန်းမသိခင်မှာပင်...

"ဟုတ်တယ်လေ။ သူနဲ့ အဆင်မပြေ ဖြစ်လာတယ်။ သူက စန္ဒီကို အငြင်းသန်တယ်တဲ့၊ စန္ဒီကိုလည်း အလိုမလိုက်ချင်ဘူး။ စန္ဒီက ဖြိုးကို လွမ်းနေတာ။ အဲဒါ မလွမ်းရဘူးတဲ့။ ဒါကြောင့်

www.burmeseclassic.com


သူကို ချစ်တယ်လို့ ပြောမိတာ နောင်တရနေတယ်လို့ ပြောလိုက်တယ်။ ဖြိုးကိုပဲ ချစ်တယ်လို့လည်းပြောတယ်။ အဲဒါ ဘာဖြစ်လဲ။"

စန္ဒီမိုးဦးဖြူကလည်း ပွင့်ပွင့်လင်းလင်းပင် ဆိုလာသည်။ မပွင့်လင်းသူဆို၍ ကျွန်တော်တစ်ယောက်သာ ကျန်နေပါလား။

"မင်း စဉ်းစားကြည့် ထက်လင်းဖြိုး၊ ငါက ချစ်တယ်ဆိုတဲ့ စကားကို သူတစ်ယောက်တည်းအတွက် သုံးခဲ့တာ။ သူကျတော့ ဒီစကားကို စည်းမရှိ၊ ကမ်းမရှိ သုံးတယ်ကွ။ ရုပ်ရှင်မင်းသားဇော်ဝမ်းကို ချစ်စရာကောင်းလိုက်တာလို့ သူပြောရင် ငါဘာပြန်ပြောရမလဲ။ ထားပါ။ အဲဒါအထိ ငါခွင့်လွှတ်နိုင်ပါတယ်။ ကျော်ဟိန်းအမှုအရာက ချစ်ဖို့ကောင်းတယ်လို့ သူပြောရင် ငါက ကျော်ဟိန်းကို သွားမနာလိုနေလို့ ဘယ်ဖြစ်မလဲ။ ငါ့ညီ ဝမ်းကွဲတစ်ယောက်ကို သူတွေ့သွားတယ်။ ကောင်းလေးက ရုပ်ချောတယ်နော်တဲ့။ ချစ်စရာလေးတဲ့။ အဲဒီစကားမျိုး ငါလက်ခံရမှာလား..."

"စန္ဒီ..."

သူမက ကျွန်တော့်ကို ကြည့်သည်။

"စန္ဒီ ရူးနေလား..."

"ဘာဖြစ်လို့..."

"ကိုယ့်ချစ်သူ ရှေ့ထားပြီး သူများကို ချစ်တယ်လို့ ပြောတာ ဘယ်ကောင်းပါ့မလဲ၊ တို့သူငယ်ချင်းက စန္ဒီကို တကယ်ချစ်တာပါ။ သူစိတ်ဆင်းရဲအောင် မလုပ်ပါနဲ့လားကွာ..."

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို အံ့အားသင့်စွာ ကြည့်၍နေလေသည်။ သူမသည် ကျွန်တော် ဤသို့ ပြောလိမ့်မည်ဟု မထင်ပေ။

"မင်း သူ့ကို ချစ်လား..."

www.burmeseclassic.com



ဆန်းမောင်က စိတ်မရှည်စွာ မေးသည်။

"ငါက ဘာလို့ ချစ်ရမှာလဲ…"

ကျွန်တော်အံကြိတ်၍ ပြောသည်။

"ဖြိုးက စန္ဒီကို မချစ်ဘူးပေါ့။"

စန္ဒီမိုးဦးဖြူ ကျွန်တော့်ကို အတိအလင်း မေးသည်။

"မချစ်ဘူး…"

"တကယ်ပြောတာလား…။"

"တကယ်ပေါ့။ တို့က သူများ အတွဲအကြားကို ဘာလို့ ဝင်ရှုပ်ရမှာလဲ။"

"ဟိုတုန်းက ဝင်ရှုပ်ခဲ့ဖူးတယ် မဟုတ်လား။"

သူမက အဓိပ္ပာယ်ပါစွာ ပြောလာသည်။

"အဲဒါက မသိလို့ ရှုပ်တာပဲ။ သိရင် ဘယ်ရှုပ်ပါ့မလဲ။"

"စန္ဒီ အယူအဆကတော့ ဒီလို မဟုတ်ဘူး။ သူများ ချစ်သူဖြစ်ပေ့စေ။ စန္ဒီချစ်ရင် ကြိုးစားရမယ်။ တစ်နေ့ သူ့ချစ်သူနဲ့ ခွာပြဲသွားရင် ကိုယ်အမြတ်ပေါ့။ ကိုမောင်ဟာ စန္ဒီနဲ့ဖြိုးနဲ့ ချစ်နေမှန်းသိရက်သားနဲ့ တစ်နေ့နေ့မှာ သူ့ဘက်ကို စိတ်လည်လာမှာပဲဆိုပြီး ခွဲကောင်းကောင်းနဲ့ စောင့်နေတာဖြိုးရဲ့…"

"ဟေ့ စန္ဒီ ကိုယ့်ကို ဒီလို မပြောနဲ့။ ကိုယ်စန္ဒီကို မေးတယ် မဟုတ်လား။ စန္ဒီ ဘာလို့ ငြင်းလဲ။"

ကျွန်တော်က ကြားဖြတ်၍…

"ဘာလို့ ငြင်းလဲဆိုတော့ မင်းကို သူချစ်လို့ပေါ့ကွာ။ ကဲ ရန်ဖြစ်မနေကြနဲ့ စန္ဒီ။ တို့သူငယ်ချင်းကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ကွာ။ သူ စန္ဒီကို တကယ်ချစ်တာပါ။ မင်းတို့ချင်းသာ ပြေလည်အောင်ညှိပါ။ တို့က အပြင်လူပဲ။ ဘာမှလည်း မဆိုင်ဘူး။ ယောကောင်

www.burmeseclassic.com



ဆန်းမောင်။ မင်းလည်း ဘာသံသယမှ မရှိနဲ့။ ငါနဲ့ စန္ဒီဆိုတာက သူငယ်ချင်း အရင်းကြီးတွေ။ ကဲ... မင်းတို့ချင်း ပြေလည်ပြီလား။ ဆန်းမောင်။ မင်းစန္ဒီကို ချစ်တယ်မဟုတ်လား"

"ငါ့ဘက်က ပြောစရာ မရှိဘူး။ ငါ သူ့အပေါ်မှာ ချစ်တဲ့ အချစ်ကို ဘယ်တော့မှ မရုပ်သိမ်းဘူး..."

ကျွန်တော်မျက်နှာ မပျက်အောင် မနည်း သတိထားလိုက်ရသည်။ ဆန်းမောင်၏စကားမှာ စန္ဒီမိုးဦးဖြူ ကျွန်တော့်ကို နောက်ဆုံး ပြောသည့် စကားစုများထဲမှ အရေးကြီးဆုံးစကားပင် ဖြစ်သည်။ ကျွန်တော် ဟန်ပျက်သွားသည်ကို စန္ဒီမိုးဦးဖြူလည်း ရိပ်မိဟန်တူသည်။

"စန္ဒီကလည်း စန္ဒီအချစ်တွေကို ဘယ်တော့မှ မရုပ်သိမ်းဘူး။ စန္ဒီ အမြဲချစ်နေတယ်။ အမြဲလွမ်းနေတယ်။

ကျွန်တော် အလဲထိုးခံရလေပြီ။

"ဒါဆိုလည်း ပြီးတာပဲ။ ငါသွားမယ်..."

ကျွန်တော်သည် စကားများများ မပြောနိုင်တော့ပါ။ သူတို့ကို နှုတ်ဆက်ပြီး ချက်ချင်း ထိုင်ရာမှ ထရသည်။

"နေပါဦးလေ။ တစ်ခုခု စားသွားပါဦးလား။"

ခေါင်းကိုသာ ခါရမ်းလိုက်ရသည်။ ဆန်းမောင်သည် ချစ်သူချင်း စိတ်ကောက်ကြသည့် ပြဿနာအသေးအဖွဲ့လေးတစ်ခု ပြေလည်သွားသည်ဟု ယူဆကာ ကျေနပ်နေမည်လား မသိပါ။ ကျွန်တော့်မှာတော့ မြင်းမိုရ်တောင်ကြီး ကွဲကြေ ပြိုအက်သွားသလိုပင် ခံစားရသည်။ ကျွန်တော်သည် သူတို့ကို လှည့်မကြည့်တမ်း ကျောခိုင်းပြီး ထွက်ခွာလာခဲ့သည်။

လွမ်းစရာ ရက်များကား မဆုံးတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် မေမြို့(ယခု ပြင်ဦးလွင်)မှ မိတ္ထီလာအနီးရှိ တောင်ပုလုဆည်ရောက်သည့်အထိ ခြေလျင်ခရီးကြမ်းကြီး နှင်ကြရသည်။ ဒုဋ္ဌဝတီမြစ်ကြောင်းအတိုင်း ဆင်းလာပြီး ရွှေစာရံဘုရားတွင် မြစ်ကူးစစ်ဆင်ရေးလုပ်ကြရသည်။ မီးသွေးဖုတ်ရွာမှ တစ်ဆင့်တောင်စွယ်တောင်တန်းများနှင့် မင်းရဲမြောင်း၊ မင်းလှမြောင်းတို့ကိုဖြတ်သန်းကာ ကျောက်ဆည်အထိ လျှောက်ကြရသည်။ ကျောက်ဆည်မှ ဟန်မြင်းမိုရွာသို့ သွားပြီး မြစ်သားနယ်ကို ဖြတ်သန်းရပြန်သည်။ ကိုးနေ့နှင့် ကိုးညခရီးကြမ်းကြီးကို နှင်ပြီးနောက် တစ်နေ့နံနက်တွင် တောင်ပုလုဆည်အား အရဏ်ဦးတိုက်စစ်ဆင်နွှဲ၍ သိမ်းပိုက်ရသည်။

ခရီးရှည် ချီတက်ထိုးဖောက်ခြင်း သင်ခန်းစာပြီးသောအခါ ကျွန်တော်တို့သည် တပ်မတော်(လေ)၏ မြေပြင်အတတ်သင်ကျောင်းတွင် တည်းခိုပြီး အမြောက်နှင့်သံချပ်ကာသင်ခန်းစာတွေ သင်ကြားလေ့ကျင့်ရသည်။ တောင်ပုလုကို သွားပြီး အမြောက်ပစ်ကြရသည်။ သာစည်ဘက်ကို သွားပြီး သံချပ်ကားဖြင့် လက်တွေ့ ပစ်ခတ်လေ့ကျင့်ကြရသည်။ အားလပ်ချိန်များတွင် မိတ္ထီလာမြို့ထဲသို့ လည်ပတ်ခွင့်ရသည်။

စန္ဒီမိုးဦးဖြူသည် မိတ္ထီလာအထိ လိုက်လာပြီး ဆန်းမောင်ကိုလာတွေ့လေရာ ကျွန်တော့်ကို အရွဲ့တိုက်ခြင်းဟု ကျွန်တော် မပြောရဲပါ။ မေမြို့ ပြန်ရောက်ပြီး ကျောင်းဆင်းပွဲ စစ်ရေးပြ လေ့ကျင့်ကာနောက်ဆုံးပိတ် ချေမှုန်းရေး ပြိုင်ပွဲဝင်ရသည်။ ကျောင်းဆင်းပွဲကိုစန္ဒီမိုးဦးဖြူ ရောက်လာသည်။

ကျွန်တော်သည် ကျောင်းဆင်းသောအခါ မြစ်ကြီးနားသို့တာဝန်ကျလေသည်။

❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

# အချိန်ကာလ၏ကုစားမှုများ

### (က)

စစ်တက္ကသိုလ်ရောက်စဉ်တုန်းက ပထမနှစ်ဗိုလ်လောင်းဘဝသည် အသားမကျသေးသည့်အလျောက် ဒုက္ခအတွေ့ဆုံးပင် ဖြစ်သည်။ ခဏခဏ ဂယောင်ပေးသည်။ အမှားတွေ့သည်။ ဒုတိယနှစ်ရောက်လာမှသာ အသားကျသွားခြင်း ဖြစ်သည်။ တတိယနှစ် ရောက်တော့ ပိုပြီး နေတတ်ထိုင်တတ်လာသည်။ ကျောင်းဆင်းခါနီး နောက်ဆုံးနှစ်တွင်ကား ဘာမှ အခက်အခဲမရှိတော့။

ဟော... ကျောင်းဆင်းပြီး ဒုတိယဗိုလ် (ဒုဗိုလ်)ဖြစ်ပြီ။ ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရပြီဆိုသောအခါတွင်ကျွန်တော်တို့သည် ပထမနှစ်များ ပြန်ဖြစ်သွားရတော့သည်။ စမ်း



www.burmeseclassic.com

www.burmeseclassic.com



တဝါးဝါး ဖြစ်နေသည်။ လက်တွေ့နှင့် လေ့ကျင့်ခန်းကို ဆက်စပ်မိအောင် မနည်းကြိုးစားရသည်။

ကျွန်တော်တို့ အပတ်စဉ်မှ ကျောင်းဆင်းသူများသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ ခြေလျင်တပ်ရင်းများသို့ အများဆုံး ရောက်ရှိကြသည်။ အောင်စစ်သည်ဆု၊ လေ့ကျင့်ရေးထူးချွန်ဆု၊ စာပေထူးချွန်ဆု သုံးဆုရသည့် ဝဏ္ဏမောင်လွင်မှသည် နောက်ပိတ်ဆုံး ကျောင်းဆင်းရသည့် လှဟာန်အထိ ကချင်ပြည်နယ်ရောက်ကြ သည်။ ထိပ်ဆုံးပိုင်း ဝဏ္ဏမောင်လွင်၊ ကြည်စိုး၊ ဆန်းလင်း၊ မြဇော်တို့ ပါဝင်သလို နောက်ဆုံးက လှဟာန်၊ ကျွန်တော်၊ ဌေးအောင်၊ တင်ကြိုင်၊ လှဝေစိုးတို့ ပါဝင်ကြသည်။

ကျောင်းဆင်းတုန်းက ဒုတိယအဆင့်ဖြင့် ကျောင်းဆင်းခဲ့သော ကြည်စိုးသည် တစ်လ မပြည့်ခင်မှာပင် ဆဒ်းဘက်၌ ရန်သူ့မိုင်းတစ်လုံးကို နင်းမိပြီး ခြေပြတ်သွားရသည်။ မြစ်ကြီးနားမှတစ်ဆင့် မင်္ဂလာဒုံ စစ်ဆေးရုံကြီးကို ရောက်ပြီးမှ ကြည်စိုး ကျဆုံးသွားရသည်မှာ ရင်နာစရာကောင်းလှသည်။

ထိုစဉ်က ရှေ့တန်းဒေသများတွင် တောတွင်းလက်နက်ကိုင်အဖွဲ့များသည် အထင်မှား အမြင်မှား ဖြစ်နေကြပြီး တိုက်လို့ခိုက်လို့ကောင်းနေကြဆဲပင် ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ရန်သူဘဝသို့ မရောက်သင့်ဘဲ ရောက်နေကြရသည်။ မြေစာပင်မှာ ဒေသခံ လူထုပင်တည်း။ ဗကပများက မေခမြစ်အရှေ့ခြမ်းတွင် လှုပ်ရှားသည်။ တိုက်ပွဲတွေ မကြာခဏဖြစ်သည်။

တပ်စခန်းငယ်လေးများကို ဗကပများက အင်အားအလုံးအရင်းနှင့် တိုက်ခိုက်လေ့ရှိသည်။ ဒေသခံ တောတွင်းလက်နက်ကိုင်အဖွဲ့များနှင့်လည်း မတည့်။ တိုက်ပွဲတွေက ပြင်းထန်သည်။



www.burmeseclassic.com

 www.burmeseclassic.com

ကျွန်တော်သည် တပ်ရင်းသို့ ရောက်ရှိပြီး မကြာခင်မှာပင် အဲလူးဝေါ့အမျိုးအစား ရဟတ်ယာဉ်လေးဖြင့် ချီဖွေသို့ လိုက်သွားရသည်။ ချီဖွေတွင် ကျွန်တော်တို့ တပ်ရင်း၏ ရှေ့တန်းဌာနချုပ် တည်ရှိသည်။ ကျွန်တော် အကြုံလိုက်ပြီး စီးလာရသည့် ရဟတ်ယာဉ်လေးမှာ အရေးတကြီး လူနာသယ်ရန် ဖြစ်သည်။

ကျွန်တော်သည် ရဟတ်ယာဉ်ပေါ်က ဆင်းသည်နှင့် ခြေတစ်ဖက်ပြတ်နေသော ရဲဘော်တစ်ယောက်ကို ရဟတ်ယာဉ်ပေါ် တင်ကြသည်။ ရဲဘော်မှာ အိပ်ဆေးထိုးထားလို့လား မသိ၊ မလှုပ်ရှား။ ခြေထောက်တစ်ဖက်လုံး မိုင်းထိ၍ ပြတ်သွားခဲ့ရခြင်း ဖြစ်ရာ မည်မျှ နာကျင်မည်ကို မသိရ။ ဤကား ကျွန်တော်၏ ပထမဆုံးသော ရှေ့တန်းအတွေ့အကြုံပင်တည်း။ ရှေ့တန်းစစ်မြေကို ခြေမျှမချရ သေးခင် ဒဏ်ရာရ လူနာကို ရဟတ်ယာဉ်ပေါ်မှ ဆီးပြီး မြင်ခဲ့ရသည့် အဖြစ်။

ပထမရှေ့တန်းရုံးတွင် လုံခြုံရေးတပ်စုမှူးအဖြစ် တာဝန်ယူရသည်။ တစ်လမပြည့်ခင်မှာပင် တပ်ခွဲ(၁)နှင့်အတူ လိုက်ပါပြီး တပ်စုမှူးတာဝန် ယူရသည်။ တပ်ခွဲ(၁)သည် လှုပ်ရှားတာဝန်ဖြင့် နေ့စဉ်ခရီးထွက်နေသည်။ ရှေ့တန်းဒေသမှာ တောင်တွေက မြင့်မား မတ်စောက်လွန်းလှသည်။ မိုင်းတွေက ပေါသည်။ ကျွန်တော်သည် မေခမြစ်ရိုးတစ်လျှောက် နှံ့အောင်ရောက်နေသည်။

မိုးဦးကျမှာပင် ကျွန်တော်သည် ဗိုင်းမော်နှင့် ချီဖွေကားလမ်းပေါ်ရှိ ရှငေါ်တပ်စခန်းမှူးအဖြစ် တာဝန်ယူရပြန်သည်။ ကျွန်တော်တို့ ကျင်လည်ရသည့် ရှေ့တန်းဒေသမှာ အစားအသောက် ရှားသလောက် ရန်သူက ပေါသည်။ ငှက်ဖျားထူလွန်းသည်။ အဆက်အသွယ်ခက်ခဲသည်။ လူသူနည်းပါးသည်။



www.burmeseclassic.com

ရန်သူသည် မိုင်းစစ်ဆင်ရေးဆင်နွှဲ၍ ကျွန်တော်တို့လှုပ်ရှားမှုတွေကို ဟန့်တားကန့်သတ်သည်။ ရွာသားများမှာလည်း မိုင်းထိလွန်းသောကြောင့် အသွားအလာ သိပ်မလုပ်ရဲကြ။ ရန်သူသည် ယင်းတို့လှုပ်ရှားရာဒေသနှင့် ကျွန်တော်တို့ရှိရာဒေသကို မိုင်းများ ထူထပ်စွာချပြီး ပိတ်ဆို့ထားသည်။ သူတို့ထောင်သည့် မိုင်းကွင်းများမှ မိုင်းလွတ်လမ်းကို သူတို့သာ သိသည်။ ရန်သူသည် ကျွန်တော်တို့အတွင်းပိုင်းကိုလည်း ဝင်ရောက် မိုင်းထောင်လေရာ မိုင်းထိလူနာမှာ အလွန်ပေါများလှသည်။ အရပ်သားတွေလည်း မိုင်းထိကြသည်။ ဗကပနယ်ထဲသို့ အရပ်သားများ ရောက်သွားလျှင် အသွားသာရှိသည်။ အပြန်မရှိ။ ထို့ကြောင့် ရန်သူ့သတင်းကို ရရှိရန် လွန်စွာမှပင်ခက်ခဲလှသည်။

ဗ က ပ များသည် မိုင်းစစ်ဆင်ရေးကို ဆင်နွှဲနေသကဲ့သို့ ပြောက်ကျားစစ်ကိုလည်း အဓိကထား၍ ကျင့်သုံးနေသည်။

ခေါ် ပစ် ပြေး ပြောက်ကျားနည်းကို ရန်သူတို့ အလွန်တွင်ကျယ်စွာသုံးသည့် ကာလဖြစ်သည်။ အင်အားကောင်းသည့် စစ်ကြောင်း ချီတက်လာလျှင် ပစ်ပြီးပြေးသည်။ စစ်ကြောင်းမှာ ရုတ်ရုတ်သဲသဲဖြစ်၍ ကျန်ခဲ့ရသည်။ နယ်မြေကျွမ်းသူများမို့ မီအောင်လည်း မလိုက်နိုင်။ ရေဆိပ်တွင် ရေချိုးလျှင် မိုင်းလည်း သတိထားရသည်။ ချောင်းပစ်ခံရမှာလည်း သတိထားရသည်။

ပစ်ပြေးစစ်နည်းဗျူဟာပြီးလျှင် ရန်သူတို့ အကျင့်သုံးဆုံးသောနည်းဗျူဟာမှာ ချုံခိုတိုက်ပွဲဖြစ်သည်။ ရန်သူများသည် ခြေလျင်စစ်ကြောင်း(သို့မဟုတ်) မော်တော်ယာဉ်တန်းလာတော့မည်ဆိုလျှင် လမ်းနှင့်ကပ်လျက်မှာ ပစ်ကျင်းတွေ တူးပြီး တိတ်ဆိတ်စွာ စောင့်ဆိုင်းသည်။ မိမိအပိုင်အနိုင် သုတ်သင်နိုင်မည့် သတ်ကွင်းခွင်အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com

မိမိချေမှုန်းနိုင်သော အင်အားအစိတ်အပိုင်း ရောက်ရှိသည်နှင့် တောင်ကုန်းအမြင့်ပိုင်းကစတင် ပစ်ခတ်သည်။ စစ်ကြောင်းက အမြင့်ပိုင်းသို့ ပြန်လည်တိုက်ခိုက်ရန် သေနတ်ပြောင်းများ လှည့်သွားသည်နှင့် အနီးကပ် ပစ်ကျင်းများထဲတွင် ငြိမ်ပြီး စောင့်နေသူများက အပိုင်ကပ်၍ ဖြုတ်သည်။ ငါးမိနစ်မှ ဆယ်မိနစ်အတွင်း အနိုင်ပိုင်းကာ အမြန်ဆုံးဆုတ်ခွာသွားကြသည်။

သို့သော် တပ်မတော်သားများမှာလည်း ဤဒေသတွင် အနေကြာလာသောအခါ ဒေသခံရန်သူများကဲ့သို့ပင် နယ်မြေကျွမ်းကျင်လာသည်။ ရေမြေတောတောင် သဘာဝများအပေါ် ရင်းနှီးလာသည်။ ရန်သူနှင့် ထိတွေ့ဖန်များလာသောကြောင့်လည်း ရန်သူ၏ အလေ့အထကို သိရှိနားလည်လာသည်။ မည်သည့်နေရာသည် ရန်သူချောင်းပစ်တတ်သောနေရာဖြစ်ကြောင်းကျွန်တော်တို့ သိရှိလာသည်။ လမ်းကို လုံးဝမသုံးဘဲ သားရဲတိရစ္ဆာန်များနှယ် တောတိုးသွားခြင်းဖြင့် မိုင်းအန္တရာယ်ကို ရှောင်လာနိုင်ကြသည်။ ငှက်ဖျားရောဂါအပေါ် ကျင့်သားရလာသဖြင့် အပူချိန် ၁၀၁၊ ၁၀၂ ဒီဂရီဖာရင်ဟိုက်မျှရှိနေရုံနှင့် လမ်းလျှောက်၍ ခရီးကြမ်းကို နှင်နိုင်သည်။

ချုံခိုတိုက်ပွဲဆင်နွှဲနိုင်သည့် နေရာများကို နံဘေးမှ ကွင်း၍ ချီတက်ရှင်းလင်းခြင်းဖြင့် ရန်သူ့သတ်ကွင်းထဲမရောက်နိုင်။ ရန်သူများ၏အကျင့်မှာ သူတို့ ထင်သလို ဖြစ်မလာလျှင် ဘာမှ မလုပ်တတ်တော့ဘဲ အမြန်ဆုတ်ခွာကြခြင်း ဖြစ်သည်။

ပေါ့ပေါ့ဆဆနေလို့ကတော့ မရ။

အပင်ပန်း မခံချင်လို့လည်း မရ။

ရှေ့တန်းစစ်မြေတွင် မျက်လုံးကို ကျယ်ကျယ်ဖွင့်ထားရသည်။ နားကို ဝေးဝေး စွင့်ထားရသည်။ သေနတ်မောင်းခလုတ်ကို အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ချနိုင်ရန် အမြဲတမ်း အဆင်သင့် ပြင်ထားရသည်။ အပျင်းထူနေ၍ မရ။ အမြဲတမ်း လမ်းလျှောက်နေရသည်။ ကိုယ့်လူတွေကို ကိုယ် အမြဲစစ်ဆေးနေရသည်။

အချိန်သည် တရွေ့ရွေ့ ပြောင်းနေသည်။

ဆန်းမောင်သည် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတစ်ရင်းသို့ ရောက်သွားသည်။ စန္ဒီမိုးဦးဖြူနှင့် ဆန်းမောင် ဓာတ်လမ်းအဆက်ကို ကျွန်တော် မသိရ။ ကျောင်းဆင်းပွဲတုန်းကတော့ သူမသည် ဆန်းမောင်အား ထိုစဉ်က ရာထူးတံဆိပ်ဖြစ်သည့် သပြေခက်လေးတွေ ကိုယ်တိုင်တပ်ပေးနေတာ ကိုယ်တိုင်မြင်ခဲ့ရသည်။

ထိုစဉ်က ဝိုင်းမော်၊ ချီဖွေကားလမ်းမှာ အလွန်ဆိုးလှသည်။ ကွန်ဖွိုင်(ခေါ်)မော်တော်ယာဉ်အုပ်စုများမှာ လာချင်တိုင်း လာလို့မရ။ မိုးတွင်းဆိုလျှင် တောင်တွေ ပြိုကျပြီး လမ်းတွေ ပိတ်ဆို့နေတတ်သည်။ ပွင့်လင်းရာသီရောက်မှ လမ်းတွေပြင်ပြီး ရိက္ခာပို့ရသည်။ ဗကပများက ကားလမ်းပေါ်တွင် တင့်ဖျက်မိုင်းတွေ ထောင်သဖြင့် ကားတွေ မိုင်းထိတာလည်း ရှိသည်။ ယာဉ်တန်းကို ချုံခိုတိုက်တာလည်း ရှိသည်။ ရာသီဥတု ဆိုးရွားလှသောကြောင့် ရဟတ်ယာဉ်များမှာလည်း ပျံချင်တိုင်း ပျံလို့မရ။

အဆက်အသွယ်က ပြတ်လွန်းသည်။

တစ်ခါတလေ ခဲခဲယဉ်းယဉ်း အဆက်အသွယ်လေး ရလို့ သူငယ်ချင်းများ ဆွေမျိုးမိတ်သင်္ဂဟများထံမှ စာတွေ ဘာတွေ ဖတ်ရလျှင် ကျွန်တော်သည် ဝမ်းသာလို့ မဆုံး။ သူတို့ဆီ စာပြန်ရေးရတာ အမော။ သူတို့သည်လည်း ကျွန်တော့်သတင်းကို စောင့်ဆိုင်းနေကြသည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရှငေါ်စခန်းတွင် ပျင်းရိညည်းငွေ့စွာပင် တာဝန် ထမ်းဆောင်ရသည်။ ငှက်များကလည်း နှိပ်စက်လိုက်သည့်ဖြစ်ခြင်း။ ရန်သူများသည် မော်တော်ယာဉ်တန်းကို ချုံခိုတိုက်ခိုက်ရန် ကျင်းတူးပြီး စောင့်ကြသည်။ ကျွန်တော်တို့စခန်းမှ လမ်းလုံခြုံရေးအဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားသောအခါ သူတို့အစီအစဉ် ပျက်သွားသည်။ ကျွန်တော်စစ်ကူလိုက်သွားတော့ သူတို့ ဆုတ်သွားသည်။

❖

## (ခ)

အဆက်အသွယ် ပြတ်လွန်းသောအခါများတွင် ကျွန်တော်တို့သည် မဂ္ဂဇင်းစာအုပ် အဟောင်းများကိုသာ ရှာ၍ ဖတ်ကြသည်။ ဓာတ်ခဲရေဒီယိုလေးတစ်လုံးကို ရဲဘော်တွေ ဝိုင်း၍ နားထောင်ကြသည်။ ဘုတ်ဆုံမသည် ကျွန်တော့်အတွက် မကြာခဏ သီချင်းလက်ဆောင် တောင်းပေးတတ်သည်။ တစ်ခါသော် သူမ တောင်းပေးသည့် သီချင်းမှာ "အဝေးရောက်နေတဲ့မောင်ရယ်..." ဖြစ်နေသည်။

ကျွန်တော့်တပ်စုမှတပ်စုတပ်ကြပ်ကြီးဖြစ်သူ ဆရာသန်းဝင်းထူးနှင့် ကျွန်တော်ရဲဘော်များကို ဖြေရှင်း၍ မရတော့။

"ဟား... ဘုတ်ဆုံမဆိုတာ ဗိုလ်ကြီးရဲ့ ရည်းစားဟေ့။"

"ဘုတ်ဆုံမဆိုတာ တော်တော် ဝလိမ့်မယ်။"

"ဗိုလ်ကြီးက လျှိုတယ်။ တစ်ခါမှ ထုတ်မပြောဘူး။"

"ဟာကွာ။ ဒီကောင်တွေ ဘာတွေပြောနေတာလဲ။ မြို့မှာအသံမှာ သီချင်းတောင်းရင် တစ်ခါတစ်ခါ ကိုယ်တောင်းတဲ့သီချင်းမပါဘဲ

www.burmeseclassic.com



ပါချင်တဲ့သီချင်း ပါတတ်တယ်ကွ။ ဟိုက သင့်တော်သလို ထည့်ပေးရတာ…"

ကျွန်တော် ဖြေရှင်းပေမယ့် ကိုယ်တော်မြတ်များက လက်မခံချင်ကြပါ။ ကျွန်တော့်မှာလည်း ဘုတ်ဆုံမရေးထားသည့်စာတွေကို ရဲဘော်တွေ ခိုးမဖတ်နိုင်အောင် သိမ်းရတာက အလုပ်တစ်ခု။ ပျင်းလျှင်တော့ စာတွေ ပြန်ဖတ်ရသည်။

"နင်ရေးရေး၊ မရေးရေး။ ငါကတော့ ရေးမှာပဲ ထက်လင်းဖြိုးရေ။ ငါက အလကား ရေးနေတာ မဟုတ်ဘူး။ နင်လောကကြီးနဲ့ အဆက်သွယ် ပြတ်သွားမှာစိုးလို့ ရေးရတာ။ နင် တိုက်ပွဲတွေတော်တော်တိုက်နေရသလား။ သတိထားနော်။ ငေးသလိုလို၊ ငိုင်သလိုလို မလုပ်နဲ့။ ဟိုက နင့်ကို သေနတ်နဲ့ ပစ်သွားမယ် သိလား။ ငါရေးပေးလိုက်တဲ့ ဂါထာကို နင် အလွတ်ရပြီလား။ သမ္ဗုဒ္ဓေဂါထာကို တစ်နေ့ကို ကိုးခေါက်ရအောင် ရွတ်။ အင်္ဂုလိမာလ်ပရိတ် ဂါထာကို ကိုးခေါက် ရွတ်။ ကုန်းလမ်းခရီးသွားစရာရှိရင် သီရိသွိ ဂါထာကို ခြောက်ခေါက် ရွတ်ရတယ်။

"ပြောသာပြောရတာ။ နင်ရွတ်မှာလဲ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ နင်က ငါ့စကားဆို အကောင်းမှ မအောက်မေ့တာ။ ငါက စေတနာနဲ့ ပြောတာပါနော်။ ဒီတစ်ခုတော့ နင်နားထောင်စမ်းပါ။ မယုံမရှိနဲ့တဲ့။ ဂါထာတွေက စွမ်းတယ်။ မနက်အိပ်ရာကထရင် ဘုရားရှိခိုး။ အိပ်ရာဝင်ရင် ဘုရားရှိခိုး။ ရတနာသုံးပါးကို မမေ့နဲ့။ ရတနာသုံးပါးကို မမေ့တဲ့သူဟာ ဘယ်တော့မှ မတိမ်ကောဘူး။"

"နင်က နင့်မိဘတွေကို စာတိုက်ကနေတစ်ဆင့် လစဉ်ငွေလွှဲထားတယ် မဟုတ်လား။ နင့်အမေလေ။ နင့်ဆီက ငွေဟာရင် သိပ်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာတာတဲ့။ နင်ပို့ပေးတဲ့ ငွေလေးဟာ နင့်မိဘတွေအတွက် မဖြစ်လောက်ပါဘူး။ ဒါပေမယ့် နင်ကုသိုလ်ရတာပေါ့။ မိဘလုပ်ကျွေးတဲ့ နင့်ကို နတ်သိကြားတွေက စောင့်ရှောက်ပါစေဟာယ်။ နင့်အမေကတော့ နင်ပို့ပေးတဲ့ ငွေနဲ့အလှူအတန်းတွေ လုပ်ပေးတယ်။ ကောင်းတာပေါ့ဟာ။"

"တင့်ဆွေနဲ့ မြင့်စိုးကတော့ ကျောင်းမှာ ပျော်ပြီးစာမေးပွဲတဖုန်းဖုန်းကျနေကြတယ်။ ငါကျောင်းပြီးသွားတာတောင် သူတို့က အဓိကဘာသာ ပြောင်းကြဦးမလို့တဲ့။ မြင့်စိုးက ကန်ဘဲ့ဆရာအတတ်သင်ကဆင်းတဲ့ ဌေးဌေးနဲ့ယူတော့မယ်ထင်တယ်။ တင့်ဆွေကတော့ ဟိုလိုလို ဒီလိုလိုပဲ။ ညွန့်တင်ကြီးက နွားတွေမွေးနေတယ်။ စိန်လှိုင်က ရေတပ်ထဲကို ရိုးရိုးတပ်သားနဲ့ ဝင်သွားတယ်။ ကိုစောသိန်းရဲ့ ဘဲခြံမှာလဲ ဘဲတွေအားကြီး ပြန်ဖြစ်နေပြန်ပြီ။"

"ငါလည်း အိမ်မှာပဲ အေးအေးဆေးဆေးနေတယ်။ မူလတန်းကျောင်းမှာ ဆရာမ ဝင်လုပ်ရင်ကောင်းမလားလို့ စဉ်းစားသေးတယ်။ မဖြစ်ပါဘူးဟာ။ ငါ့စိတ်နဲ့ ဒီကလေးတွေနဲ့ မဖြစ်ဘူး။ အရိုက်သန်တာနဲ့ပဲ မိဘတွေနဲ့ပါ ရန်ဖြစ်ကုန်မယ်။ တို့မြို့က ကလေးတွေကလည်း ငါတို့ ခြေရာနင်းတယ်ဟာ။ ခပ်ဆိုးဆိုးတွေ များတယ်။ ဒါနဲ့ ငါလည်း အိမ်မှာပဲ ထိုင်နေလိုက်တယ်။"

"ဒီအက်(စ်)အေတုန်းကမှ တစ်နှစ်ကို တစ်လ ခွင့်ရသေးတယ်နော်။ ဗိုလ်ဖြစ်မှ တစ်နှစ်ကို ခွင့်ဆယ်ရက်ရဖို့တောင် မလွယ်ဘူးတဲ့လား နင့်ကို ငါတို့အားလုံး သတိရနေကြတယ်။ နင် ခွင့်ရရင် မြန်မြန် ပြန်လာဟာ။ ဘယ်မှ သဝေထိုးမနေနဲ့။ နင်ဆီကို သရက်သီးသနပ်တို့၊ ငါးပိကြော်တို့ ပို့ချင်တယ်။ လူကြုံက မရှိဘူး။ နင်ကလည်း

www.burmeseclassic.com


ဘာဖြစ်လို့ မြစ်ကြီးနားအထိ သွားရတာလဲ။ သွားမယ့်သွားရင် ပူတာအိုအထိ သွားဟာ။ ဒီလောက်တောင် ဖြစ်လှတာ”

“ငါတောင်းပေးတဲ့ သီချင်းတွေရော ကြားရရဲ့လား။ နင့်ဆီကို ငါက တင်တင်မြရဲ့ တောင်တန်းပြာနဲ့ကျောပိုးအိတ်သီချင်း တောင်းပေးပါတယ်။ လာတော့ ပေဖူးလွှာ...တဲ့။ ငါတို့ မြို့က အကောင်တွေလေ။ ညညဆို အိမ်ရှေ့မှာ လာလာအော်ကြတယ်။ မာပါစေ၊ တောင်းဆုချွေ။ ဘေးဘယာ၊ ဝေးကွာ၊ အေးမြစေ–တဲ့။ အရက်ကို ကွဲရောဟာ ဘာပဲဖြစ်ဖြစ် နင်နားထောင်ဖို့ ငါသီချင်းတွေ တောင်းပေးပါ့မယ်။”

“ဘုတ်ဆုံမဆိုတဲ့ ငါ့နာမည်ကို ငါ့မိဘတွေတောင် မေ့နေပြီ။ ခေါ်တဲ့သူလဲ မရှိတော့ဘူး ငါသီချင်း တောင်းတော့ ရီရီဝင်းဆိုပြီး တောင်းရင် နင်မမှတ်မိမှာ စိုးရတယ်။ အဲဒါနဲ့ ဘုတ်ဆုံမဆိုပြီး တောင်းလိုက်တာ။ ဟော–လူတွေက ဘုတ်ဆုံမ၊ ဘုတ်ဆုံမနဲ့ လိုက်ခေါ်နေလို့ မနည်းကြမ်းထားရတယ်။”

“ကြမ်းတယ်ဆိုလို့ ပြောရဦးမယ်ဟေ့။ ပြီးခဲ့တဲ့အပတ်က ငါရန်ကုန်မြို့ထဲ သွားတယ်။ ကားဂိတ်ကနေ စွပ်ကျယ်စက်အိမ်ကို သွားဖို့ နံပါတ်(၉)ကားစီးတော့ ကားအရမ်းကျပ်တယ်ဟာ။ ဘယ်က သေနာကောင်လည်း မသိပါဘူး။ ငါ့နားပဲ အတင်းလိုက်ကပ်နေတယ်။ ရှောင်လည်း မရဘူး။ လိုက်လာတာပဲ၊ လွယ်အိတ်နဲ့ ကာလို့လည်း မရ။ ထီးနဲ့ကာလို့လည်း မရနဲ့ လိုက်သောင်းကျန်းနေတာလေ။ သူ့ခြေဖမိုးကို ငါဖနောင့်နဲ့ တက်ကြိတ်ပစ်လိုက်တယ်။ အံမာ ... သူကပဲ ခင်ဗျား ဘာလုပ်တာလဲတဲ့။ ပြန်ရန်မတွေ့သေးတယ်ဟ။ ငါက နင်နှာဘူးထလို့ လုပ်တာဆိုပြီး ပြောလည်းပြော၊ ခေါက်ထီးနဲ့လည်း ခေါင်းကို ချထည့်လိုက်တယ်။ သူကားပေါ်က ဆင်းပြေး

www.burmeseclassic.com


သွားတယ်။ ကားအောက်ရောက်မှ နင် ဒီလမ်းကို လာရဲလာကြည့်။ တွေ့မယ်တဲ့။ ကြိမ်းသွားသေးတယ်။ အမလေးဟဲ့။ သတ္တိခဲကြီး။”

“နင့်ရောဂါတွေ၊ ဒဏ်ရာတွေ၊ ဘာတွေ၊ ညာတွေရော။ ကျက်ကုန်ပြီလား။ အချိန်တွေ ကြာပြီပဲဟာ။ နင်လည်း တည်ငြိမ်လောက်ရောပေါ့။ ငါစန္ဒီနဲ့ တွေ့တယ်။ နင့်ဆီက စာလာလားလို့ မေးတယ်။ ငါကလဲ လာတယ်လို့ ပြောလိုက်တာပေါ့။ သူနဲ့ငါစကားအကြာကြီး ပြောရတယ်။ သူစိတ်ညစ်နေတယ်တဲ့။ သူ့အိမ်က လင်ပေးစားနေလို့တဲ့။ သူက ယောက်ျား မယူချင်ဘူးတဲ့။ အဲမာ... ကောင်မက လုပ်သွားသေးတယ်။ သူ့ရင်ထဲမှာ နင်ပဲ ရှိတယ်တဲ့။ နင်ရော၊ သူ့ကို မေ့နိုင် ပြီလား။ ပုံကတော့ အရင်အတိုင်းပါပဲ။ သိတ်မပြောင်းလဲဘူး။ နင့် အကြောင်းပဲတတွတ်တွတ် ပြောသွားတယ်။ ငါ့ဆီက နင့်လိပ်စာ တောင်းတယ်။ သူစာရေးဖို့ ကြိုးစားမယ်တဲ့။ နင့်ဆီစာလာလား...”

❖

(ဂ)

“ ဒီစာကို ဖတ်လိုက်ရလို့ အံ့သြနေလား မောင်။ ဒါမှ မဟုတ်ရင်လဲ စိတ်ဆိုးသွားလား။ စိတ်မဆိုးနဲ့မောင်။ မောင့်ကို လွမ်းလွန်းလို့ ရီရီဝင်းဆီက လိပ်စာတောင်းပြီး ရေးလိုက်တာပါ။ နန်းမြိုင်အိမ်မှာတုန်းက မောင်နှိပ်စက်သွားတာတွေ မောင်မှတ်မိလားဟင်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ မောင့်ကိုပြောချင်တာတွေ ရှိတယ်။ ရှင်းချင်တာတွေ ရှိတယ်။ ဒါပေမယ့် မောင်က ခပ်တည်တည်နဲ့ တကယ့်တရားသူကြီးလို လုပ်သွားပြီး တစ်ဖက်သတ် ဆုံးဖြတ်ချက်တွေ ချသွားတယ် မဟုတ်လား။ အယူခံခွင့်လည်း မပေးခဲ့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



မောင် အဂတိတရား လိုက်စားခဲ့တယ်။ စန္ဒီဘက်က လုံးဝ ထည့်မတွက်ခဲ့ဘူး။

"ဂျပ်ဆင်မျှော်စင်ကြီးအောက်မှာ တွေ့ကြတာကို မှတ်မိလားဟင်။ ကြာပြီဆိုတော့ မောင် မေ့နေမှာပေါ့။ စန္ဒီကတော့ ဘယ်တော့မှ မမေ့ဘူးမောင်။ မနေ့တနေ့ကလိုတောင် ထင်မိတယ်။ စန္ဒီထွက်လာတော့ မောင် ကျန်ခဲ့တယ်လေ။ မောင်များ လိုက်ခေါ်မလားလို့။ မောင်က သိက်ရက်စက်တယ်ကွယ်။ လိုက်မခေါ်ခဲ့ဘူးနော်။ စန္ဒီ မျက်ရည်တွေကျပြီး လျှောက်လာတာ မောင်ရဲ့။ ပြန်ရောက်တော့ စုထွေးကို ဖက်ပြီးတအားပဲ ငိုပစ်လိုက်တယ်။ လူတွေ ဝိုင်းကြည့်နေတာတောင် မရှက်နိုင်တော့ဘူးကွယ်။ မောင့်ကို အဲဒီလောက် ချစ်တယ်ဆိုတာ ယုံ။"

"မောင့်ကို အမြဲတမ်း ချစ်နေပါ့မယ်လို့ စန္ဒီ ပြောခဲ့တယ်။ ကိုမြင့်ထူးနဲ့ ဘာမှ မဖြစ်ပါဘူးလို့လဲ ပြောခဲ့တယ်။ ဒါတွေကိုမောင်မှ မယုံဘဲကိုး။ မောင့်ကို စန္ဒီအရှုံးပေးခဲ့တာပါ။ မောင့်ကို ချစ်တဲ့အချစ်တွေကို ဘယ်တော့မှ မရုပ်သိမ်းဘူးလို့ ပြောခဲ့တာ တကယ်ပါ။ ဒါပေမယ့် မောင်က မိစန္ဒီလေး ဆိုးခဲ့သမျှကို ခွင့်မလွှတ်တော့ဘူးနော်။ ပြတ်သားပါတယ်၊ မောင်ရယ်။ မောင် စန္ဒီကို အဆက်အသွယ် မလုပ်တော့ဘူး။ ပြန်ရောက်တော့လည်း စာမရေးတော့ဘူး။

စန္ဒီကတော့ ထင်တယ်။ မောင် စိတ်ကောက်နေတာပါလို့။ မောင့်ဆီက စာလည်း လာလိမ့်မယ်လို့။ စန္ဒီ မျှော်လင့်ချက်တွေက သဲထဲ ရေသွန်ပါပဲ။ ဟိုတစ်ယောက်ကို စန္ဒီ မချစ်ပါဘူး။ သူက တစ်တန်းတည်းသား။ စန္ဒီကို ပရိုပို့(စ်)လုပ်ထားတာလည်း ကြာပြီ။ လူက ရိုးတာတော့ အမှန်ပဲ။ အ–တယ်လို့ ပြောရင်တောင်ရတယ်။ စန္ဒီ ပြောသမျှ သူ ယုံတယ်လေ။ သကြိန်တွင်းကြီးမှာ စန္ဒီပေါက်ကွဲ





www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ မောင်က စိမ်းနေတာကိုလည်း မကျေနပ်ဘူး။ မောင့်ကို ရွဲ့တဲ့ခနေနဲ့ သူ့ကို ချစ်တယ်လို့ ပြောပစ်လိုက်တယ်။

"သူ့ကိုတော့ သနားပါတယ်။ ဒါပေမယ့် စန္ဒီလေ။ သူနဲ့သာ စကားပြောနေရတယ်။ မောင့်ကိုပဲ လွမ်းနေမိတယ်။ စန္ဒီတတ်နိုင်သမျှ သည်းညည်းခံပါတယ်။ နောက်ဆုံး သူကို ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ပြောလိုက်တယ်။ မယုံရင် မောင့်ကို ခေါ်လာလို့လည်း ပြောလိုက်တယ်။"

"စန္ဒီအထင်က မောင်ဟာ စန္ဒီကို ချစ်တယ်လို့ ပြောလိမ့်မယ် ထင်တာ။ ကိုမြင့်ထူးနဲ့တုန်းက ကိုမြင့်ထူး နောက်ဆုတ်သွားတယ် မဟုတ်လား။ အဲဒီတုန်းက မောင်က ကိုမြင့်ထူးလို နောက်မဆုတ်ဘဲ ရှေ့ကိုပဲ တိုးခဲ့တယ် မဟုတ်လား။ အဲဒါကို စန္ဒီအရမ်းသဘောကျခဲ့တယ်။ မောင့်ကိုလဲ ပိုပြီး ချစ်လာတယ်လေ။

"ဟိုတစ်ယောက်ကို ခုတုံးလုပ်တာတော့ မဟုတ်ဘူး။ မောင်ကသာ ချစ်တယ်လို့ ပြောရင် သူနောက်ဆုတ်တော့မယ်။ မောင်ဟာ စန္ဒီကို တကယ်တမ်း လက်လွှတ်ရတော့မယ်ဆိုရင်နေနိုင်မှာ မဟုတ်ဘူးလို့ စန္ဒီထင်ခဲ့တယ်။ တကယ်တော့ မောင်က သံမဏိ နှလုံးသားနဲ့ လာတာကိုး။ စန္ဒီ့ကို မချစ်ဘူးလို့ ပြောပြီး ဟိုတစ်ယောက် လက်ထဲကို အတင်း "ဝ" ကွက်ပြီး အပ်ခဲ့တာကိုး။ ကိုမြင့်ထူးနဲ့ ပြဿနာရှင်းရတုန်းကလို မောင် ဖွတ်တိုးလိမ့်မယ် ထင်တာ။ မှားတာပါပဲကွယ်။ စန္ဒီက ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့တာလေ။

"ဒီစကားတွေကို မပြောတော့ဘူးလို့ သန္နိဋ္ဌာန်ချခဲ့တာယ်။ ပြောမယ်လို့ လုပ်တော့လဲ မပြောဖြစ်ဘူး။ စန္ဒီ မိတ္ထီလာကို လိုက်လာတယ်။ မေမြို့ကို လိုက်လာတယ်။ မောင့်ကို အမှု့တိုက်တာတွေ

က တစ်ဖက်သားကို ပိုပိုပြီး အားနာစရာတွေ ဖြစ်လာတယ်။ ဒီတော့ ရေစုန်မျောမိခဲ့တယ်ဆိုပါတော့။

"စန္ဒီလည်း တတ်နိုင်သမျှ သည်းညည်းခံခဲ့တယ်။ ကိုယ့်မိုက်ပြစ်နဲ့ကိုယ် အလိုက်အထိုက်ပဲ နေခဲ့တယ်။ ဒါပေမယ့် မောင့်ကို တစ်နေ့မှ မေ့လို့မရဘူး။ မောင့်ကို အမြဲ လွမ်းနေမိတယ်။ လောကကြီးဟာ မကောင်းဘူးမောင်။ စန္ဒီကို အရမ်း အနိုင်ကျင့်တယ်။ စန္ဒီ ဖြစ်စေချင်သလို မဖြစ်ဘူး။ စန္ဒီကို အလို မလိုက်ဘူး။ လောကကြီးကို စိတ်နာတယ်။

"မောင့်ကိုလည်း စိတ်နာတယ်။ မောင်က အချစ်သူရဲကောင်းကြီးပေါ့လေ။ သူငယ်ချင်းအတွက် အနစ်နာခံသွားတဲ့ စွန့်လွှတ်သူကြီးပေါ့လေ။ အသည်းကွဲခံသွားတယ်ပေါ့လေ။ မရဘူးမောင်။ စန္ဒီကို ဒါမျိုးလာမစမ်းနဲ့။ မုန်းအောင်လာမလုပ်နဲ့။ မရဘူး။ ချစ်တာက ချစ်မှာပဲ။ ချစ်တယ်။ ချစ်တယ်။ မောင့်ကို ချစ်တယ်။ ဘာဖြစ်သေးလဲ။ ချစ်စကား လှိုင်လှိုင်သုံးတတ်သူဆိုပြီး စန္ဒီစကားကို မောင်မယုံဘူး မဟုတ်လား။

"မောင်မယုံလို့ မရဘူး။ ယုံကို ယုံရမယ်။ ဒီမှာမောင်။ ခွင့်ရတာနဲ့ စန္ဒီနဲ့ အမြန်ဆုံး ဆက်သွယ်ပါ။ မောင်နဲ့ လက်ထပ်မယ်။ မောင့်ကို လက်ထပ်မယ်လို့ပြောတာ ဒါပါနဲ့ဆို သုံးခါရှိပြီ။ စန္ဒီ မောင်နဲ့ အတူတူ နေချင်ပြီ။ မောင့်ကို စန္ဒီ လုံးဝ အရှုံးပေးတယ်။"

ကျွန်တော်သည် သူမ၏ စာအားလုံး ချေပစ်လိုက်သည်။

"ခွေးမ…"

ကျွန်တော် ဆန်းမောင်အပေါ်မှာ စောင့်စည်းရမည်ဆိုတာကို စန္ဒီမိုးဦးဖြူတစ်ယောက် စိုးစဉ်းမျှ မစဉ်းစားမိဘူးတဲ့လား။

❖



www.burmeseclassic.com

www.burmeseclassic.com


(ဃ)

ရှေ့တန်းဒေသတွင် တစ်နှစ်ကျော်ခန့် ကြာပြီးနောက်မှ ကျွန်တော်တို့တပ်ရင်းတစ်ရင်းလုံး နောက်တန်းတွင် ပြန်၍ နားခွင့်ရလေသည်။ တပ်ရင်းမှူးက လူပျိုအရာရှိများအားလုံး အလှည့်ကျစနစ်ဖြင့် ခွင့်ဆယ်ရက်စီ ပေးမည်ဟု ဆိုသည်။ သို့သော် ကျွန်တော်ခွင့်မရတော့ပေ။ တပ်ခွဲ(၅)၏ တပ်ခွဲမှူးမှာ လက်နက်ကြီး သင်တန်းတက်ရန်သွားရသောကြောင့် လူမရှိသဖြင့် ကျွန်တော်သည် ခေတ္တတပ်ခွဲမှူးတာဝန်ကို လွှဲယူရလေသည်။

ဖားကန့်၊ လုံးခင်းဒေသသို့ ကျောက်စိမ်းတွင်းတူးရန် အလုပ်သမားများကို ပို့ဖို့ကိစ္စ ပေါ်လာသောအခါ ကျွန်တော်တို့ တပ်ရင်းမှတပ်ခွဲနှစ်ခွဲ လုံခြုံရေး လိုက်ပါရန် တာဝန်ကျလာလေသည်။ ကျွန်တော်လည်း တပ်ခွဲကို ဦးစီး၍ ယာဉ်တန်းပေါ်အစောင့် တာဝန်ဖြင့် လိုက်ပါရသည်။ ရန်သူက အသွားတွင် နှစ်ကြိမ် ချုံခိုတိုက်ခိုက်ရန်ကြိုးစားသော်လည်း မအောင်မြင်ပေ။ ကျွန်တော်တို့ကို တိုက်ခိုက်ဒဏ်ရာရအောင် မလုပ်နိုင်ပေ။ တစ်လခန့်ကြာသောအခါ ယာဉ်တန်းဖြင့် ပြန်လာရပြန်သည်။ မြို့ဟောင်းလမ်းခွဲတွင် စောင့်၍ ပစ်ကြသေးသော်လည်း ကျွန်တော်တို့က ချက်ချင်း တုံ့ပြန် တိုက်ခိုက် သည်နှင့် ထွက်ပြေးကုန်ကြသည်။

တပ်ရင်းပြန်ရောက်သောအခါ ကျွန်တော့်အတွက် စာအချို့စောင့်နေသည်။

စန္ဒီမိုးဦးဖြူ၏ စာကို ဖတ်ကြည့်သောအခါ သူမသည် ကျွန်တော့်ကိုသာ စောင့်နေမည်ဖြစ်ကြောင်း ရေးသားထားသည်။ မတတ်နိုင်ပါ။ ကျွန်တော် သူ့စာကို မီးရှို့ပစ်လိုက်သည်။ ဘုရင်ဆုံမက ကျွန်တော့်ကို သတိရကြောင်းနှင့် သူမ၏ အတွေ့အကြုံတွေကို

www.burmeseclassic.com



ရေးထားသည်။ တင့်ဆွေ၏ စာမှာမူ ရှည်လျားလေသည်။ သူက သူငယ်ချင်းတို့၏ သတင်းတွေကို ရေးသည်။ ထို့နောက်မှ ကျွန်တော်နှင့်ပတ်သက်တာကို ရေးသည်။

"မင်းရဲ့အခြေအနေကို မင်းကိုယ်တိုင်နားမလည်တဲ့နောက်တော့ ငါတို့က ပိုပြီးနားလည်ဖို့ ခက်တယ် ထက်လင်းဖြိုး။ တစ်ခါတစ်ခါမှာ ငါနဲ့ မြင့်စိုးဟာ စန္ဒီမိုးဦးဖြူအကြောင်းကို မင်းထက်ပိုပြီး သိခဲ့တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ငါတို့က အတွဲချောင်းတာဝါသနာပါတယ်လေ။ ပြီးတော့ မင်းစစ်တက္ကသိုလ် ရောက်သွားတဲ့အချိန်မှာ ငါတို့ ကုံးကော်တောမှာ ကျန်ခဲ့တာကိုး။

"ကုံးကော်တောလို့ခေါ်တဲ့ တက္ကသိုလ်မှာ ဇာတ်လမ်းတွေအများကြီး ရှိခဲ့တယ်။ ငါတို့က တက္ကသိုလ်ခင်မောင်အေးလို စာမရေးတတ်တော့ ကုံးကော်တောမှဇာတ်လမ်းဆိုပြီး ရေးလို့ မဖြစ်ဘူးပေါ့ကွာ။ ဘာပြောပြော ကုံးကော်တောဆိုတဲ့ ဇာတ်ခုံကြီးပေါ်မှာဇာတ်လမ်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ကပြခဲ့တယ်။ အဲဒီမှာ မင်းကအချိန်ပိုင်း မင်းသား။ မင်းသမီးက ပင်တိုင်စံ။

" တစ်ခါတလေ ငါတို့ သိသမျှ မင်းကို မပြောဖြစ်ဘူး။ ယောက်ျားဆိုတာ အတင်း မပြောရဘူးလို့ ငါတို့နားလည်ထားတာကိုး။ အဲဒါကြောင့် ဘုတ်ဆုံမကနေ မင်းသိပြီးမှချည်းပဲ ငါတို့က ပြောဖြစ်ရတာချည်းပဲ။ အဲဒါ ငါတို့ရဲ့အပြစ်ဆိုရင် ပြောတော့။ ဟိုတုန်းက မပြောခဲ့ရတဲ့ စကားတွေထဲက တစ်ချို့ကို ပြောရမယ်ဆိုရင် မင်းနဲ့ စန္ဒီမိုးဦးဖြူ နောက်ဆုံးပြဿနာတက်တုန်းက.... ။

"ကိုမြင့်ထူးနဲ့ ပြတ်ပြီးပါပြီဆိုပြီးမှ ပြန်ဆက်ဆံတာကို ဘ၀င်မကျခဲ့တာက ငါတို့။ မင်းကို နွားလို့ပြောခဲ့တာ ငါတို့။ မင်းကတော့ ခွင့်လွှတ်ရင်းနဲ့ နှစ်သိမ့်နေမယ်ဆိုတဲ့ လူစားမျိုး။ မင်းက စန္ဒီမိုးဦးဖြူ

 www.burmeseclassic.com

ကို လုံးဝအဆက်ဖြတ်လိုက်ပါပြီလို့ ပြောတော့လည်း ငါတို့ စိတ်မကောင်း ပြန်ဘူး။ ငါတို့နှစ်ယောက် ဘာလုပ်တယ် အောက်မေ့လဲ။ ကိုမြင့်ထူးကို သွားတွေ့ကြတယ် သူငယ်ချင်း။

"စန္ဒီမိုးဦးဖြူ ပြောတာ အမှန်တွေပဲ သူငယ်ချင်း။ ကိုမြင့်ထူးဆိုတာက သူတို့မိဘတွေနဲ့ပါ ခင်ပြီး အမြဲတမ်း ဝင်ထွက်သွားလာနေတဲ့သူ။ စန္ဒီတို့အိမ်က ကိုမြင့်ထူးနဲ့ သွားတယ်ဆိုရင် စိတ်ချတယ်။ မင်း D.S.A မှာ ရှိနေတုန်း စန္ဒီဟာ ယောကျ်ားလေးတစ်ယောက်ရဲ့ အကူအညီကို လိုရင် ငါတို့ကို တောင်းတယ်။ မင်းနဲ့ကတောက်ကဆ ဖြစ်ပြီးတော့ သူ ငါတို့ကို မတောင်းဘူး။ ကိုမြင့်ထူးက စေတနာသန့်သန့်နဲ့ ကူညီရှာတယ်။ ဒါကို ငါတို့ မင်းဆီသတင်း မပို့ခဲ့ဘူး။

"စန္ဒီမိုးဦးဖြူမှာ အမြဲတမ်း ပြဿနာတစ်ခုခု ဖြစ်နေတယ်လို့ ငါနဲ့ မြင့်စိုး သုံးသပ်တယ်။ သူဟာ သိပ်သတ္တိကောင်းတယ်လို့ ထင်ရတယ်နော်။ တကယ်တော့ သူအားငယ်တတ်တယ်ကွ။ သူဟာ အမြဲတမ်း အဖော်လိုနေတယ်လို့ ထင်တယ်။ သူနဲ့ပတ်သက်ခဲ့တဲ့ ယောကျ်ားတွေကို ကြည့်ရင် မင်းအပါအဝင် အားကိုးထိုက်တဲ့သူချည်းပါပဲ။ ဒီလိုပြောလို့ မြောက်မသွားနဲ့ဦး။ အဲဒီလူတွေထဲမှာ မင်းက အမှတ်အနည်းဆုံးကွ။ သူဟာ အားကိုးရမယ့်သူမရှိရင် အတွေးအခေါ်တွေက ကယောင်ချောက်ချားဖြစ်ချင်လာတယ်။ ကွန်မြူနစ်လိုလို၊ ဟစ်ပီလိုလိုဖြစ်လာတယ်လို့ပြောရင် မင်း နားလည်မလား။

"ဟစ်ပီဝါဒကို မင်းသိပါတယ်။ လူတွေဟာ သဘာဝကပေးတဲ့ အခွင့်အရေးကို အားလုံး ရထိုက်တယ်။ ကျောက်ခေတ်လိုပဲ အဝတ်အစား ဝတ်စရာ မလိုဘူး။ ဆံပင်ညှပ်စရာ မလိုဘူး။ လင်ရယ်မယားရယ် မရှိဘူး။ နေချင်သလို နေလို့ရတယ်။ မိန်းမတစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်တဲ့သူနဲ့ အိပ်နိုင်တယ်ဆိုတဲ့ ဝါဒမျိုး။ အရင်းရှင်စနစ်ရဲ့ ဖောက်ပြန်မှုအမြင့်ဆုံး လူနေမှုဘဝဆိုပါတော့။

"အလံနီတွေရဲ့ အစွန်းရောက်ဝါဒတစ်ခုကို မင်းလေ့လာဖူးသလား။ ငါကတော့ သတင်းစာတွေမှာ ဆင်စွယ်ရှာ လူသတ်မှုဆိုတဲ့သတင်း တွေပါလာတုန်းက ဖတ်လိုက်ရဖူးတယ်။ လူကြီးတွေ ပြောတာလည်း ကြားဖူးတယ်။ လူဆိုတာ ရုပ်ပဲ။ မိန်းမဆိုတာလည်း အနှောင်အဖွဲ့ မရှိရဘူး။ လက်ထပ်တာကို၊ လင်မယားဆိုတာတို့ဟာ အရင်းရှင်ဝါဒရဲ့ ဥပဒေတွေ။ ဒါကို တော်လှန်ပစ်ရမယ်။ မိန်းမတစ်ယောက်ဟာ ကြိုက်ချင်တဲ့သူကို ကြိုက်နိုင်တယ်။ အခု မကြိုက်တော့ဘူး။ နောက်တစ်ယောက်ကို ပြောင်းကြိုက်မယ်ဆိုရင်လည်း ရတယ်။ ဒီတော့ မနက်မှာ တစ်လင်ပေါင်းပြီး ညနေမှာ တစ်လင် ပြောင်းလို့ ရတယ်တဲ့။ ဒါဟာ လူ့အခွင့်အရေးပဲ။ ဒါဟာ မဟာမိန်းမသားတစ်ယောက်ရဲ့ ရသင့်တဲ့ အခွင့်အရေးပဲ။ ဒါဟာ အချစ်လဲလှယ်ရေးသဘောတရားတဲ့။"

"အရှင်းရှင်စနစ်မှာ နှောင်ကြိုးမဲ့တယ်တဲ့။ လွတ်လပ်တယ်တဲ့။ အမြင့်မားဆုံး အခွင့်အရေးကတော့ လုပ်ချင်ရာ လုပ်နိုင်တယ်တဲ့။ ဒါက လူမှုဘဝကို ပြောတာပါ။ နိုင်ငံရေးပုံစံနဲ့ စီးပွားရေးပုံစံကိုတော့ ငါလည်း မသိဘူး။ မဂ္ဂဇင်းတွေက တစ်ဆင့် ကူးစက်လာတာကလည်း လူမှုဘဝပဲ။ အရင်းရှင်တွေရဲ့ အစွန်းရောက်စည်းမဲ့ကမ်းမဲ့ ဟစ်ပီဝါဒနဲ့ ကွန်မြူနစ်တွေရဲ့ အစွန်းရောက် ယောက်ျား မိန်းမဘုံစနစ်ဟာ သွားတူနေတယ် သူငယ်ချင်း။

"စန္ဒီမိုးဦးဖြူကို ငါတို့နှစ်ယောက် လေ့လာကြည့်တော့ အဲဒီဝါဒနှစ်ခု ရောပြီး သူဟာ မဟာမိန်းမသားဝါဒီ ဖြစ်နေတာ တွေ့ရတယ်။ ငါတို့လူမျိုးက အချစ်ကို တန်ဖိုးထားတယ်။ သစ္စာကို



www.burmeseclassic.com

www.burmeseclassic.com



မြှတ်နိုးတယ်။ စန္ဒီမိုးဦးဖြူဟာ အချစ်ကို တန်ဖိုးမထားဘူး။ သစ္စာကို မလေးစားဘူး။ ဒါကြောင့် သူထင်ရာသူ လုပ်ခဲ့တယ်။ သူ့ကို ငါတို့ ဟာစ်ပီမလို့ ထင်ခဲ့တယ်။ အစွန်းရောက် ကွန်မြူနစ်လို့ ထင်ခဲ့တယ်။

"ဒါပေမယ့်..."

"အဲဒီ ဒါပေမယ့်က အရေးကြီးတယ်။ ရည်းစားတွေ ထည်လဲထား။ လူတကာနဲ့ တွဲ၊ အညှာလွယ် သဘောလွယ်တဲ့ မိန်းကလေး တော်တော်များများဟာ သွေးသားဆန္ဒကို ဦးစားပေးလွန်းလို့ လူတွေက တန်ဖိုးမထားတာ ခံရတယ်။ အနိုင်ကျင့် ဖျက်ဆီးတာကို ခံရတယ်။ နောက်ဆုံး ငွေနဲ့ ကြေးနဲ့ အလုပ်လုပ်စားတဲ့အထိ ပျက်စီးသွားကြတယ်။ ဝမ်းရေးအတွက် မပူရတဲ့သူကျတော့လည်း အလကားမတော်တင်းနဲ့ ပျက်စီးသွားတယ်။ အဲဒီအထဲမှာ စန္ဒီမိုးဦးဖြူ မပါဘူး သူငယ်ချင်း။

"နောက်တစ်ခု..."

"အဲဒီ နောက်တစ်ခုလည်း အရေးကြီးတယ် သူငယ်ချင်း။ သူဟာ မဟာမိန်းမသားဝါဒီဖြစ်နေပေမယ့် မင်းကိုတော့ တကယ်ချစ်တယ်။ သူ့စိတ်ဓာတ်ကို ကစဉ့်ကလျားဖြစ်အောင် လုပ်လိုက်တာဟာ ကျူရှင်ဆရာပဲ။ မသိနားမလည်သေးတဲ့အချိန်မှာ အဲဒီကျူရှင်ဆရာကြောင့် သူ့စိတ်ဓာတ် ပျက်ပြားခဲ့ရတယ်။ အဲဒီအချိန်မှာ ပထမဆုံး ခိုကိုးရာဟာ မင်းပဲ၊ မင်းကို သူ တကယ်ချစ်တယ်ဆိုတာ ငါတို့ လက်ခံ ယုံကြည်သွားပါပြီကွာ။ ကျန်တာကတော့ မင့်သဘောပဲ။ မင်း သူ့ကို အဆက်အသွယ် မလုပ်လို့လည်း မင်းမှာ အပြစ်မရှိဘူး။ ဆက်သွယ်လို့လည်း မင်းကို ဘယ်သူမှ အပြစ်မတင်ဘူး။

"ဟိုတလောက သူနဲ့ငါ တွေ့တယ်။ မြို့ထဲမှာ လက်ဖက်ရည်ဆိုင်သောက်ရင်း ရေးဟောင်းနှောင်းဖြစ်တွေ ပြောကြတာပေါ့ကွာ။ သူ့အိမ်က သူ့ကို နေရာချပေးဖို့ စီစဉ်နေလို့ မနည်းရှောင်ရတယ်

www.burmeseclassic.com



လို့ ပြောတယ်။ မင်းကို ဆက်သွယ်တော့လည်း မင်းက ဘာမှ အကြောင်းမပြန်ဘူးတဲ့။

"သူက ပြောတယ်။ မင်းနဲ့မှ မပေါင်းရရင် သူသေမှာပဲတဲ့။ သူ့မိဘတွေကို သူဖွင့်ပြောလိုက်တယ်တဲ့။ သူပြောတဲ့အတိုင်းသာ ဖြစ်လာမယ်ဆိုရင် သူတို့အဖေ ဦးဘဖြူက မင်းအဖေကို ဩဇာညောင်းတယ်တဲ့။ ဆိုလိုတာကတော့ကွာ။ ဟော့ကောင်။ ငါ့သမီးက မင့်သားကို မရရင် သေမယ်တဲ့။ အဲဒီတော့ ငါ့သမီးကို မင့်သားနဲ့ ပေးစားလိုက်ကွာလို့ ပြောရင် မင့်အဖေ ငြင်းရဲမလား။

"သေချာတာ တစ်ခုကတော့ ငါ စုထွေးဆီက သိလိုက်ရတဲ့ သတင်း။ သူ့အိပ်ဆေးတွေ သောက်လို့ ဆေးရုံရောက်သွားတယ်တဲ့။ ရဲစခန်းကလည်း အမှုဖွင့်ပြီး အရေးယူတယ်တဲ့ အဲဒီမှာ သူငယ်ချင်း။ သူဟာ မင်းကို မျှော်လင့်နေတယ်။ ဒီတော့ မင်းလုပ်စရာ လမ်းနှစ်ခု ရှိတယ်။ တစ်လမ်းက သူမျှော်လင့်တဲ့အတိုင်း မင်းသူ့ကို ဆက်သွယ်ဖို့လမ်း၊ နောက်တစ်လမ်းက သူ မမျှော်လင့်တော့အောင် လုပ်ဖို့လမ်း။ အဲဒီလမ်းကတော့ မင်းတစ်ယောက်ယောက်ကို ချစ်ပြလိုက်၊ တစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်။ ဥပမာ မင့်အပေါ် သံယောဇဉ် အင်မတန်ကြီးမားတဲ့ ဘုတ်ဆုံမ။"

ကျွန်တော် အံကြိတ်လိုက်မိသည်။

ယခု လောလောဆယ်တွင်ကား ကျွန်တော့်အခြေအနေမှာ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်လျှင် စိုးစဉ်းမျှ အချိန်မပေးနိုင်သော အခြေအနေပင်တည်း။ မအားလပ်သောကြောင့် မိဘများထံသို့ပင် စာတစ်စောင် မရေးဖြစ်။

ပြီးတော့...

ဆန်းမောင်...





www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရှိနေသည်။ သူလည်း ကျွန်တော့်လိုပဲ အလုပ်များနေလိမ့်မည်။ သူနှင့်စန္ဒီမိုးဦးဖြူ အဆက် အသွယ် ရှိသေးလား။ ပြတ်သွားပြီလား။ သူလည်း စန္ဒီမိုးဦးဖြူကို အင်မတန် ချစ်တဲ့သူပဲ။ တကယ်တမ်း ပြဿနာကို ဖြေရှင်းရမည့် သူက ဆန်းမောင်။

ကျွန်တော့်တပ်ခွဲသည် မိုးညှင်းမြို့နှင့် ဧရာဝတီမြစ်ကြားရှိ တောင်တန်းများပေါ်ကို ရောက်သွားသည်။ ရန်သူတွေနှင့် တိုက်ကြ ခိုက်ကြရသည်။ တပ်ရင်း ပြန်ရောက်လို့ နားမည် မကြံရသေး။ အတွင်းပိုင်းသို့ ဝင်လာသည့် ရန်သူများနောက်သို့ ဧရာဝတီမြစ်ကူး ပြီး လိုက်ရပြန်သည်။

ထို့နောက် တပ်ရင်းသို့ ပြန်ဝင်ကာ စုဖွဲ့ပြင်ဆင်ရသည်။ မြစ်ဆုံမှတစ်ဆင့် တြိဂံဒေသထဲဝင်ရသည်။ ရန်သူစခန်းကို ရှာဖွေ ပြီး တိုက်ရသည်။ ရန်သူများသည် သူတို့စခန်း ကျဆုံးပြီး မကြာခင် မှာပင် နောက်ထပ်စခန်းတစ်ခုကို တည်ဆောက်ကြပြန်၏။

❖

(၄)

တပ်ရင်းသို့ ပြန်ဝင်လာသော ကျွန်တော်တို့တပ်ရင်းသည် ကြာကြာနားခွင့် မရပေ။ အထူးမီးရထားဖြင့် ကသာခရိုင် ဆင်းရ သည်။ ကသာမှတစ်ဆင့် သင်္ဘောများဖြင့် ဧရာဝတီမြစ်ကို ဆန်တက် ရသည်။

ကျွန်တော်တို့တပ်ရင်းသည် ဗန်းမော်နှင့် နမ်းခမ်းကားလမ်း အတိုင်း မန်စီသို့ ခရီးဆက်ကြရသည်။ ထို့နောက် နယ်မြိတ်မျဉ်း ဘက်သို့ ခြေလျင်ဆက်တက်ကြရသည်။ နယ်စွန်နယ်ဖျား တပ်စခန်း များတွင် ဝင်ရောက်၍ တာဝန်လဲလှယ်ယူရသည်။

www.burmeseclassic.com

www.burmeseclassic.com 

ရွှေလီမြစ်ဝှမ်းဒေသတွင် ဗကပတပ်ရင်း(၂၀၂)ရှိသည်။ ဗကပများသည် တပ်ရင်း(၁၀၁)နှင့်(၂၀၂)ကို စစ်ဒေသများအဖြစ် တိုးချဲ့လျက်ရှိသည်။ ကျွန်တော်တို့တပ်ရင်းသည် ရွှေလီမြစ်၏ မြောက်ဘက်တစ်လွှားတွင် တာဝန်ယူရသည်။ ထိုဒေသတွင် ရန်သူများသည် ပြောက်ကျားစစ်နည်းဗျူဟာထက် လူအင်အား အလုံးအရင်းသုံးရသည့် သမားရိုးကျစစ်နည်းဗျူဟာကို ပိုမို အသုံးပြုကြသည်။ ထို့ကြောင့် တိုက်ပွဲများမှာ ပြင်းထန်လှသည်။ ရန်သူ အသေအပျောက်များသကဲ့သို့ ကျွန်တော်တို့လည်း ထိခိုက်ကျဆုံးမှု များပြားရသည်ပင်။

၁၃ လ ခန့် ကြာမှ မြစ်ကြီးနားသို့ ပြန်ရောက်တော့သည်။ ကျွန်တော်သည် အိမ်ပြန်ရန်စိတ်ကူးမိသော်လည်း မပြန်ဖြစ်တော့ပါ။ မေမြို့ (ပြင်ဦးလွင်) သို့ ထွက်ခွာပြီး ဗဟိုအင်ဂျင်နီယာတပ်တွင် သင်တန်းတက်ရလေသည်။

ကျွန်တော်နှင့် ဆန်းမောင်မှာ ကျောင်းဆင်းပြီးကတည်းက မတွေ့ကြရသည်မှာ ယခုမှပင် သင်တန်းတွင် ပြန်ဆုံခဲ့ရခြင်းပင်တည်း။

ကျွန်တော်တို့သည် သပြေခက်တစ်ချောင်းစီ ပခုံးပေါ်တင်ရသော ဒုဗိုလ်များဘဝမှ သပြေခက်နှစ်ချောင်းစီ ပခုံးပေါ်တင်ရသော ဗိုလ်များဖြစ်ခဲ့ကြသည်။ ရာထူးအဆင့်တံဆိပ်များ ပြောင်းလဲသောအခါ ကြယ်ပွင့်နှစ်ပွင့်စီ ဆင်ယင်ကြရသည်။ ကြယ်ပွင့်သုံးပွင့် ပခုံးပေါ်တင်ရသော် ဗိုလ်ကြီးများအဖြစ်သို့လည်း မကြာမီရောက်ရှိတော့မည် ဖြစ်သည်။

ကျွန်တော်မှာရော၊ ဆန်းမောင်မှာပါ အတွေ့အကြုံသစ်တွေများစွာ ရှိနေကြပြီဖြစ်သည်။ အပြောင်းအလဲများမှာလည်း များပြားနေလေပြီ။ သူသည် ကျောင်းဆင်းစဉ်က ပထမဆုံးဆယ်ယောက်တွင်

www.burmeseclassic.com



ပါဝင်သူ လူတော်တစ်ယောက်။ အမြဲတမ်း သပ်သပ်ယပ်ယပ်နှင့် စည်းကမ်းတကျ နေတတ်သူ တစ်ယောက်။ စစ်သားကောင်းတစ်ယောက်။

ကျွန်တော်သည် နောက်ဆုံးက ပြန်ရေတွက်လျှင် ဒုတိယလူတစ်ယောက်။ ကျွန်တော့်နောက်မှာ လူဟာန်တစ်ယောက်သာ ရှိသည်။ ကျွန်တော်သည် တွေဝေနေတတ်သည်။ မပြတ်သားတတ်။ တစ်ခါတစ်ခါ ပျော့ညံ့ချင်သည်။ စိတ်ကို လွှတ်ပေးတတ်သည်။ စည်းကမ်းကလနားနှင့် မနေတတ်။ ဗရုတ်သုတ်ခ ပစ်စလက်ခတ် နေတတ်သည်။ သူနှင့်ကျွန်တော်အများကြီး ကွာသည်။

ယခုတော့ သူသည် ယခင်ကသူမဟုတ်။

စစ်ဝတ်စုံကို သပ်သပ်ယပ်ယပ် မဝတ်။ ဆံပင်ညှပ်ရန်ပင် ပျင်းနေပုံရသည်။ သူ့ထံမှာ အာမိရမ်နံ့သင်းပျံ့နေတတ်သည်။ သူသည် အချိန်ကို မလေးစားတော့။ သူ့ပုံမှာ ညှဉ်းသိုးသိုး ဖြစ်နေသည်။ သူသည်ဘဝကို ရေစုန်မျှောလိုက်နေသူနှင့် တူနေသည်။ တကက်တက်ကြွကြွမရှိ။ အချစ်၏သားကောင်ဟု စွပ်စွဲလျှင်မူ သူသည်ရှိခဲ့ဖူးသောသိက္ခာသမာဓိများကို ငဲ့ညှာ၍ ဘူးကွယ်ကာ ငြင်းလိမ့်မည်ဖြစ်သည်။

သူနှင့်ကျွန်တော်သည် အိပ်ဆောင်အနီး ကတ္တရာလမ်းနံဘေးရှိ ချယ်ရီပင် တစ်ပင်အောက်မှာ စကားပြောဖြစ်ကြသည်။ မိုးအကုန် ဆောင်းအကူးမို့ မြောက်လေရူးက ဝေ့ဝိုက် တိုက်ခိုက်နေသည်။ ကောင်းကင်သည် ကြည်လင်သာယာနေပြီး နေရောင်ခြည်ကတောက်ပစွာ ထွန်းလင်းနေသည်။ ကျွန်တော်သည် အချမ်းပြေ နေဆာလှုံရင်း ဆေးလိပ်ဖွာနေမိသည်။ သူသည် စစ်ဂျာကင်ကို ဖိုးရိုးဖားရားဝတ်ထားသည်။ သင်တန်းနားရက် ဖြစ်ပေလိမ့်မည်။ ကျွန်တော်တို့အပြင် မထွက်ဖြစ်သေး။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီရွက်တို့သည် အကုန်အစင် ကြွေလွင့်သက်ဆင်းပြီး နေကြလေပြီ။ ရိုးတံဖြူဖြူနှင့် ချယ်ရီကိုင်း မွဲခြောက်ခြောက်များ ပေါ်တွင် ချယ်ရီရွက်ဟူ၍ တစ်ရွက်မျှ မရှိတော့။ ချယ်ရီရွက်များ သည် မိုးနှင့်အတူ ကြွေလွင့် ပျောက်ကွယ်သွားကြလေပြီ။ ချယ်ရီ ပွင့်များကိုမူ မမြင်ရသေး။ ချယ်ရီဖူးလေးများကိုသာ သေသေချာချာ ကြည့်မှ မြင်ရသည်။

"သူငယ်ချင်း။ မင်းဘာတွေ ဖြစ်နေတာလဲ..."

ကျွန်တော် သူ့ကို စိတ်ပျက်စွာ မေးမိသည်။

"ငါစိတ်ဓာတ်ကျနေတယ်။ ငါ့ဘဝက စိတ်ပျက်စရာ ကောင်း တယ်ကွ။ အခုဆိုရင် ငါဟာ စစ်စည်းကမ်း ဖောက်ဖျက်လို့ နှစ်ခါ အရေးယူ ခံရပြီးပြီ။ တပ်ရင်းမှူးကလည်း ငါ့ကို မကြည်ဘူး။ ဒုတပ်ရင်းမှူးကလည်း ငါ့ကို ကြည့်မရဘူး။ ကျန်တဲ့ တပ်ခွဲမှူး တွေနဲ့လည်း ငါ မတည့်ဘူး"

"အများနဲ့တစ်ယောက် ရန်လိုက်ဖြစ်ပြီး မနိုင်တိုင်း လောက ကြီးကို စိတ်နာနေတယ်ဆိုပါတော့။ ငါစိနီယာဗိုလ်လောင်းဘဝက ဖြစ်နေပုံမျိုး"

"အဲဒီထက် ဆိုးမယ်"

"ပျက်အစဉ် ပြင်ခဏာပဲကွာ။ ဘဝကို ရေစုန်မမျောပစ်ပါနဲ့။ ငါတို့အသက်တွေ ငယ်သေးတာပဲ။"

"ငါ့မှာ ရည်ရွယ်ချက် ကြီးကြီးမားမား မရှိတော့ဘူး။"

"ဘယ်ဟုတ်မလဲ။ မင်းက လူတော်ပဲ။ ဘာဖြစ်လို့ ပျက်စီး ချင်ရတာလဲ။ ငါတို့လည်း ပျက်စီးဖူးပါတယ်။ ဒါပေမယ့် ပြင်ယူရတာ ပဲ မဟုတ်လား။ အေး ငါလို ကောင်မျိုးက ဆုံးမစကား ပြောနေတယ်

www.burmeseclassic.com

ဆိုပြီး မင်းရယ်ချင်နေသလားတော့ မသိဘူး။ မင်းအတွက် ပြောတာ ပါကွာ။"

"မင်းက အရင်ခံစားရတဲ့ ကောင်ဆိုတော့ အရင် ပျက်စီးတာ ပေါ့ကွာ။ ငါက နောက်မှ ခံစားရတဲ့ကောင်ဆိုတော့ နောက်မှ ပျက် စီးတာပေါ့။ အဲဒါ ဘာဆန်းလို့လဲ"

သူ့စကားတွေကို ကြည့်ရခြင်းဖြင့် သူသည် စန္ဒီမိုးဦးဖြူနှင့် အဆင်မပြေကြောင်းမှာ သေချာနေသည်။ ကျွန်တော်နှင့် သူသည် စကားတပြောပြောဖြင့် လျှောက်လာကြသည်။ မန္တလေး လာရှိုးလမ်းမ ပေါ်ရောက်သောအခါ ဂါရီ (ခေါ်) မြင်းရထားလုံးတစ်စီးကို စီးပြီး မြို့ထဲသို့ လာကြသည်။ သူသည် စောစောစီးစီး အရှိန်ရပြီး လျှာ သွက်နေသည်။

"မင်း စန္ဒီနဲ့ အဆင်မပြေဘူးလား"

"ဘယ် ပြေမလဲ ထက်လင်းဖြိုး။ သူမှ ငါ့ကို မချစ်တာ"

"သူ မင်းကို ချစ်ပါတယ်"

"သွားစမ်းပါ။ သူချစ်တာ ငါ့ကို မဟုတ်ဘူး။ မင်းကိုကွ။"

"ဟာ...မဟုတ်တာ။ မင်းနဲ့ငါနဲ့ ယှဉ်လို့ ရတာမှ မဟုတ်တာ။"

"မင်း မသိပါဘူး။ ထက်လင်းဖြိုးရာ"

သူသည် ရထားလုံး၏ ပြတင်းမှအပြင်ကို ငေးနေပြန်သည်။ ကျွန်တော်တို့နှစ်ယောက် နေ့လယ်စာ အတူစားကြရာ သူက ဘီယာ သောက်မည်ဟု ဆိုသည်။ နောက်တော့ ရမ်နှစ်ပက် မှာသည်။

"ငါဟာ ကမ္ဘာပေါ်မှာ အပျော်ဆုံး လူလို့ ထင်ခဲ့တယ်။ တကယ့်တကယ်ကျတော့ စိတ်ညစ်စရာ အကောင်းဆုံးလူ ဖြစ်နေတယ် လေ။ ငါက ချစ်ရသလောက် သူက ငါ့ကို မချစ်ဘူး။ ငါနဲ့စကား ပြောနေရင်းနဲ့ ငါ့စကားကို စိတ်မဝင်စားဘူး။ တစ်ခြားတစ်ယောက်

www.burmeseclassic.com



ယောက်ကို လွမ်းနေတယ်။ အဲဒါ မင်းပဲ ဖြစ်မယ်။"

"ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ ဆန်းမောင်။ အခု မင်းနဲ့သူနဲ့ ပြတ်ပြီလား"

"အစကတည်းကမှ မဆက်မိတာ။ ပြတ်ပြီလား မေးတော့ ငါက ဘယ်လိုလုပ် ဖြေရမလဲကွ။"

"အဲဒီလို ဝေ့လည်ကြောင်ပတ်မလုပ်နဲ့ ဆန်းမောင်။ အခု သူဟာ အဖော်မဲ့နေတယ်။ အထီးကျန်ဆန်နေတယ်။ သူ့ကို အနီးကပ် အားပေးဖို့ အသင့်တော်ဆုံးလူက မင်းပဲ။ ဒါကို မင်း မငြင်းနဲ့။ သူ ဘာဖြစ်နေလဲ မင်းသိလား"

ကျွန်တော်က စန္ဒီမိုးဦးဖြူ စိတ်လေနေသည့် အခြေအနေကို ရှင်းပြသည်။ စန္ဒီမိုးဦးဖြူ အိပ်ဆေးသောက်သည်ဟူသော သတင်းကို ကြားရသောအခါ သူသည် အမှန်ပင် ထိတ်လန့်သွားသည်။

"သူဟာ စိတ်ဓာတ် အင်မတန်မာတဲ့ မိန်းမတစ်ယောက်ကွ။ မင်းပြောတာ ဟုတ်ရဲ့လား"

"ဟုတ်တယ်။ အဲဒါ မင်းကြောင့်ကွ။ မင်း သူ့အပေါ်စိတ်ပျက် နေတာနဲ့ အဆက်အသွယ် မလုပ်ဘဲ ပစ်ထားတယ် မဟုတ်လား။ မင်းဟာမင်း မူးရူးပြီး လောကကြီးကို စိတ်နာနေတဲ့ကောင် လုပ် နေတယ် မဟုတ်လား။ သူ့ကို မင်း စိတ်မရှည်ဘူး မဟုတ်လား"

ကျွန်တော် ပြောပစ်သောအခါ သူငိုင်၍ နေသည်။ ယခင်က သူသည် စိတ်ဓာတ် ခိုင်မာတည်ကြည်သူဖြစ်သည်။ ယခုမှ သူ့ စိတ်ဓာတ်မှာ ပျော့ညံ့နေလျက်ရှိရာ ကျွန်တော်လိုကောင်မျိုး ပြောသည်ကို ခံနေသည်မှာ အံ့သြဖို့ပင် ကောင်းလှသည်။

"သူနဲ့ ငါ နောက်ဆုံးတွေ့တော့ အကြီးအကျယ်စကားများ ကြတယ် ဖြိုးရာ။ သူ့ကို ငါသစ္စာမရှိတဲ့ မိန်းမလို့ စွပ်စွဲလိုက်တယ်။

www.burmeseclassic.com


အဲဒါကို သူတော်တော် စိတ်ဆိုးသွားတယ်။ မုဆိုးတစ်ပိုင်းမိန်းမရိုင်း ကြီးလို့လည်း ပြောမိတယ်။"

"မင်း သူ့ကို ချစ်တယ် မဟုတ်လား"

"မေးနေရသေးလား ငဖြိုး။ သူ့ကို ငါ့လောက် ချစ်တဲ့သူ ကမ္ဘာပေါ်မှာ မရှိပါဘူး။"

"မင်း ချစ်တာ ဘယ်လို အချစ်မျိုးနဲ့ ချစ်တာလဲ"

"မင်း ဘာကို ဆိုလိုတာလဲ။"

"ခွင့်လွှတ်ခြင်းတွေ၊ စွန့်လွှတ်ခြင်းတွေလား။ အနစ်နာခံခြင်း လား။ ပိုင်ဆိုင်လိုတာလား။"

"ငါသူ့ကို ခွင့်လွှတ်တယ်။ သူ့အတွက် အရာရာ စွန့်လွှတ်မယ်။ အနစ်နာခံစရာ ရှိရင် အနစ်နာခံမယ်။ အေး... ပိုင်ဆိုင်ချင်တာ လဲ အမှန်ပဲ"

သူ့စကားကို ကျွန်တော် အပိုင်ချည်ရလေတော့သည်။

"သူ့မှာ အပြစ်ရှိတယ်လို့ မင်းထင်လား"

"အများကြီးပဲ။"

"မင်းမှာလည်း ရှိမှာပဲ။ ဘာပဲဖြစ်ဖြစ် ချစ်တယ်ဆိုရင် မင်း ခွင့်လွှတ်နိုင်ရမယ်။ ပိုင်ဆိုင်ချင်ရမယ်။ မင်း သူ့ကို အမြန်ဆက်သွယ် ပါ။"

"သူ လက်မခံရင်ရော"

သူက စိတ်မချဟန်နှင့် မေးသည်။

"မင်း ဆက်သွယ်ကြည့်သေးလို့လား"

သူသည် တဟားဟားနှင့် ဝါးလုံးကွဲ ရယ်လေတော့သည်။ ကျွန်တော်က သူ စောစောစီးစီး မူးသွားပြီ ထင်သည်။ သူသည် သူရူးတစ်ယောက်နှယ်ပင် ရယ်မောနေသည်။ ကျွန်တော် သူ့ကို


www.burmeseclassic.com

www.burmeseclassic.com


ကြည့်ပြီး မသက်ာဖြစ်လာရသည်။

"ဟော့ကောင်။ ဘာဖြစ်တာလဲ"

"ရယ်ဖို့ကောင်းသေးတော့တယ်။ ငါသူ့ကို ဆက်သွယ်ပြီးပြီ။ သူက လက်မခံတော့ဘူး။ ငါ အရာရာကို ခွင့်လွှတ်ပါတယ်လို့ စာရေးခဲ့တယ်။ သူက ငါ့ကို မချစ်ပါဘူးတဲ့။ ဘယ်တုန်းကမှလည်း မချစ်ပါဘူးတဲ့။ ယောက်ျားတစ်ယောက်ဟာ အဲဒီလောက် အောက်ကျ ခံရတာ လွန်နေပြီ သူငယ်ချင်း။ ဒါပေမယ့် ငါ သည်းခံပါတယ်။ ဘယ်လောက် သည်းခံ သည်းခံ သူ့ဘက်က ဘာမှ မတုံ့ပြန်တော့ ငါ့ဘက်က လုပ်စရာကုန်သွားတယ်။ ငါ ဘာလုပ်ရမှာလဲ။ ငါ သူ့ ကို အဝေးက ချစ်နေရုံပဲ ရှိတော့တယ်လေ။"

သူသည် အရက်ထပ်မှာ ပြန်သည်။

ကျွန်တော် တားမြစ်သော်လည်း မရ။

"မင်းက ရှေ့နေ လာလိုက်တာပဲ။ ဒါပေမယ့် မင်း ဘယ်သူ့ အတွက် ရှေ့နေလာလိုက်နေမှန်း မင်းဟာမင်း မသိပါဘူး။ တော် တော်ရယ်ရတဲ့ ကောင်ပဲ။ ဘာလဲ မင်းက ငါ့ကို စန္ဒီမိုးဦးဖြူနဲ့ လက်ထပ်လိုက်ပါလို့ လာပြောတာလား။ ကိုယ့်ဝမ်းနာ ကိုယ်သာ သိတယ် သူငယ်ချင်း။ သူကမှ လက်မခံတာကြီးကို ငါက–ငပေါကြီး အဖြစ်ခံရမှာလား။ သူ ငါ့ကို အရူးလုပ်ခဲ့တယ်။ ငါက ထပ်ပြီး အရူး လုပ်တာ ခံချင်သေးတယ်ကွ။ သူက ငါ့ကို အရူး မလုပ်တော့ဘူး။ အဲဒါ ငါ ဘာတတ်နိုင်မှာလဲ..."

သူသည် အရက်ခွက်ကို ခပ်ကြမ်းကြမ်း မော့ပြန်သည်။

"ဟော့ကောင် တော်တော့..."

"မတော်ဘူးကွာ။ ကဲ မင်းကို မေးမယ်။ မင်းမေးခဲ့တဲ့မေးခွန်း တွေကိုပဲ ငါမေးမယ်။ စန္ဒီကို မင်းချစ်လား။"


www.burmeseclassic.com

www.burmeseclassic.com



"မချစ်ဘူး"

"ညာတာ။ မင်းညာတာ။ အလကားကောင်။ စန္ဒီ တကယ် ချစ်တာက မင်းကိုပဲ သူချစ်တယ်။ ဒါကို မင်းကစိတ်နာပြပြီး လွှမ်းအောင်လုပ်နေတယ်။ ချစ်သူအတွက် အနစ်နာခံတဲ့ အချစ်သူရဲကောင်းကြီး လုပ်ပြနေတယ်။ မင်း အလကားကောင်။ အသုံးမကျတဲ့ကောင်။ မင်းစန္ဒီကို မသတီဘူး မဟုတ်လား။ ရွံနေတယ် မဟုတ်လား။ စန္ဒီကို ယူလိုက်ရရင် လူတကာနဲ့ ဖြစ်ဖူးတဲ့ မိန်းမကို ယူတဲ့ကောင်ဆိုပြီး မင်းနာမည်ပျက်မှာ ကြောက်နေတယ် မဟုတ်လား။ စန္ဒီဟာ မင်းကို စောင့်နေတာကွ။ မင်းက မျှော်လင့်ချက်တွေ ပေးထားလွန်းလို့ စောင့်နေတာကွ။ သတ္တိရှိရင် မင်းစန္ဒီကို ယူလိုက်လေ။ ဒါထက်ပိုပြီး သတ္တိရှိချင်ရင် စန္ဒီ မျှော်လင့်လို့ မရတော့တဲ့အထိ မင်းနေပြလေ"

"ဟေ့ကောင်။ တော်တော့။"

မိုးကြိုးပစ်သည်ကို ထန်းလက်နှင့်ကာနေရသည့် ကျွန်တော်၊ သူ့ကို ထိန်းပြီး ပြန်လာခဲ့ရသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

# အဆုံးအဖြတ်

## (က)

သင်တန်းပြီးဆုံးသောအခါ ကျွန်တော်သည် ခွင့်ဆယ်ရက် ရရှိသည်။ တပ်ရင်းသို့ ရှောင်တခင်ခွင့် ဆယ်ရက်ပေးပါရန် ကြေးနန်းဖြင့် တင်ပြရာ ခွင့်ပြုကြောင်း ကြေးနန်းပြန်လာသောကြောင့် ဖြစ်သည်။ ဆန်းမောင်လည်း ခွင့်တင်သည်။ သင်တန်းဆင်းအခမ်းအနားပြီးသည်နှင့် ကျွန်တော်တို့နှစ်ယောက်သည် စိန်လင်းတို့ စိန်မောင်ထွန်းတို့နှင့် စပ်တူ ကားတစ်စီး ငှားကာ မေမြို့ (ပြင်ဦးလွင်)မှ မန္တလေးသို့ ဆင်းသည်။ မန္တလေးတွင် တစ်နေကုန်လည်ပတ်ပြီး ညရထားဖြင့် ရန်ကုန်ဆင်းရန် ပြင်သည်။

ကျွန်တော်နှင့် ဆန်းမောင် ဈေးချိုတွင် လူချင်း ကွဲသွားကြသည်။ သူက ခဏဆိုပြီး ထွက်သွားသည်။ သူအရက်သွားသောက်

www.burmeseclassic.com

www.burmeseclassic.com


လိမ့်မည်ဟု ထင်သဖြင့် တားမြစ်သည်။ မရ။ သူသည် နေ့လယ်ကတည်းက အရှိန်ရနေလေပြီ။

ကျွန်တော်မန္တလေးဘူတာ ရောက်သည့်အထိ သူပေါ်မလာ။ ကျွန်တော်စိတ်မရှည်စွာ စောင့်ရသည်။ သူ့ပစ္စည်းတွေ ဘယ်မှာထားမှန်းလည်း မသိရ။ ရထားထွက်ချိန် နီးသောအခါ ကျွန်တော်ပို၍ စိုးရိမ်လာသည်။ သွားရှာလျှင်လည်း လူချင်း လွဲသွားမှာ စိုးရသည်။ ဘယ်ကို ရှာရမှန်းလည်း မသိ။

စိန်လင်းသည် သားရေအိတ်တစ်လုံး လွယ်ပြီး ရောက်လာသည်။

"ဟော့ကောင် ထက်လင်းဖြိုး။ မင့်ကောင် မလာတော့ဘူးကွ။ ငါ့ကို မှာလိုက်တယ်။ မင်းကို ပြောလိုက် ... တဲ့။ သူ ဒီရထားနဲ့ မလိုက်တော့ဘူးတဲ့။ မနက်ဖြန်ရထားနဲ့မှ ဆင်းခဲ့မယ်တဲ့။"

ကျွန်တော် စိတ်ပျက်သွားရသည်။

ဘယ်လိုဖြစ်တာလည်း စိန်လင်း။ မင့် သူ့ကို ဘယ်မှာ တွေ့တာလဲ..."

"ရုံတော်ကြီးမှာ တွေ့တယ်။ မင့်ကောင် အရှိန်တော်တော်များနေပြီ။ ဘယ်ကကောင်တွေနဲ့လဲ မသိဘူး။ အဖွဲ့ကျနေတယ်။ သူ့သူငယ်ချင်းတွေလို့ ပြောတာပဲ။ ဘိုကလေးကတဲ့ကွ"

ကျွန်တော် ခေါင်းခါလိုက်မိသည်။

"မင်း မခေါ်ဘူးလား..."

"ခေါ်တယ် သူငယ်ချင်း။ မရဘူး။ ငါ့ကိုတောင် ဆဲလွှတ်လိုက်သေးတယ်။ မင်းစိတ်ပူမှာတော့ စိုးပုံရတယ်။ မင်းကို ပြောလိုက်ဖို့ ဆယ်ခါလောက်မှာတယ်။"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နာရီကြည့်သည်။ ဗဂ္ဂလမ်းမကြီးပေါ်ရှိ ရုံတော်ကြီးပျော်ပွဲစားရုံသို့ သွားပြီး ဆန်းမောင်ကို ခေါ်၍ မှီနိုင် မမှီနိုင် တွက်ကြည့်မိသည်။

"မင်းသွားခေါ်မလို့လား။ သွားမနေနဲ့။ အချိန်လည်း မရှိတော့ဘူး။ မင်းကောင်လည်း သွားပြီ။ သူ့သူငယ်ချင်းဆိုတဲ့ကောင်တွေနဲ့ လစ်သွားပြီ။ ဂျစ်ကားတစ်စီးနဲ့"

ကျွန်တော် လက်လျှော့လိုက်ရသည်။

စိန်လင်းက ကျွန်တော့်ပခုံးကို ဖက်သည်။

"ဒီကောင် ဘာဖြစ်နေတာလဲ။ မင်းတို့ နည်းနည်းပါးပါး ကြည့်ထိန်းဦးကွ။ မင်းတို့ အပတ်စဉ်မှာ ဒီကောင် ဖိုက်တာပဲ။ ဒါပေမယ့် လွတ်လွန်းအားကြီးတယ်"

"ဘာဖြစ်နေမှန်း မသိဘူးကွာ"

ကျွန်တော် စိန်လင်းကို ညာပြောလိုက်ခြင်းပင် ဖြစ်သည်။ စိန်လင်းသည် အလုပ်သင်ဗိုလ်မှ ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း ခံရသူဖြစ်သည်။ သူတို့သင်တန်းအပတ်စဉ်မှာ စစ်တက္ကသိုလ်တွင် လာရောက်၍ သင်တန်းတက်ရသောကြောင့် ကျွန်တော်တို့နှင့် ဆုံမိပြီး ခင်နေကြခြင်းဖြစ်သည်။

ညအမြန်အစုန်ရထားပေါ်တွင် ကျွန်တော်တို့သည် ခဏတစ်ဖြုတ် စကားပြောကြပြီးနောက် အိပ်ရန် ကြိုးစားပြီး လိုက်လာကြသည်။ ကျွန်တော်သည် အိပ်ခန်းတွဲမှ လိုက်ပါရခြင်းမဟုတ်။ အထက်တန်းတွဲထိုင်ခုံမှသာ ထိုင်လိုက်လာရခြင်းဖြစ်သည်။ ခရီးသွားနေတုန်းလည်း ဘယ်တော့မှ အိပ်၍ မရ။ ထို့ကြောင့် မျက်စိတွေကိုသာ မှိတ်ထားသော်လည်း အိပ်၍မပျော်။

www.burmeseclassic.com



ဆန်းမောင်သည် အဖိုးတန်အရာရှိတစ်ဦး ဖြစ်သည်။ ယခုဟော့ သူ့ကိုယ်သူ ဖျက်ဆီးနေလေပြီ။ သူသည် စန္ဒီမိုးဦးဖြူကြောင့်သာ ဤသို့ ဖြစ်ရကြောင်း ကျွန်တော်တထစ်ချ နားလည်ထားသည်။ စန္ဒီမိုးဦးဖြူသည် သူ့ကို မည်မျှအထိ နှိပ်စက်လိုက်ပါသနည်း။ သူ့အချစ်အပေါ် အခွင့်ကောင်းယူ၍ မည်မျှအထိ အနိုင်ကျင့်လိုက်ပါသနည်း။

ထို့အတူ...

ကျွန်တော်ရော... စန္ဒီမိုးဦးဖြူ၏နှိပ်စက်ညှဉ်းပန်းမှုကို မည်မျှခံခဲ့ရပါသနည်း။ ကျွန်တော် ချစ်ခဲ့သမျှအပေါ် အခွင့်ကောင်းယူပြီး သူမသည် ကျွန်တော့်အပေါ် မည်မျှအနိုင်ကျင့်ခဲ့ပါသနည်း။

သို့သော်...

ကျွန်တော်သည် ဆန်းမောင်လောက် မခံစားရတော့။ မီးဝေးတော့ ချိပ်သည်လည်း မာလေပြီ။ အနေဝေးလို့ အေးခဲ့လေပြီ။ ဆန်းမောင်၏စကားအရဆိုလျှင် ကျွန်တော်သည် သူ့ထက်စောစွာ ရောဂါရခဲ့သူ ဖြစ်လေရာ သူ့ထက်စောစွာ အနာကျက်ခြင်း ဖြစ်ပေမည်။

ရန်ကုန်ရောက်လျှင် လှည်းတန်းသို့ ခဏဝင်မည်။ ထို့နောက် မြို့သို့ တန်း၍ ပြန်မည်ဟု စိတ်ကူးထားလိုက်သည်။ တင့်ဆွေကတော့ စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ ပြတ်ပြတ်သားသားဆုံးဖြတ်ရန် စာရေးထားသည်။ စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို လိုအပ်နေသည်ဟုလည်း ဆိုသည်။ သူဆိုလိုသည်မှာ သူမကိုယ်တိုင် ကျွန်တော့်ကို လိုလားနေသည့်အပြင် သူမ၏ အခြေအနေကလည်း ကျွန်တော့်ကို တောင်းဆိုနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ် စန္ဒီမိုးဦးဖြူနှင့် ကျွန်တော်မှာ မုန်းစကားတစ်ခါမျှ မဆိုခဲ့ရပါဘဲ ချစ်သူများဘဝမှ ပြတ်စဲခဲ့ရခြင်းပင်တည်း။ သူမက ကျွန်တော့်အပေါ်တွင် ချစ်သော အချစ်များကို မည်သည့်အခါမျှ မရုပ်သိမ်းပါဟု ပြောသည်။ ထို့နောက် သူမသည် ထင်ရာစိုင်းနေသည်။ ဆန်းမောင်ကို ချစ်သည်လည်း ပြောသည်။ မချစ်တော့ဘူးဟုလည်း ပြောသည်။ ကျွန်တော်ကား သူမကို တစ်စုံတစ်ရာ မပြောတော့ဘဲ အဆက်အသွယ် ဖြတ်လိုက်ခြင်းပင်ဖြစ်သည်။

သူမနှင့်ကျွန်တော် ဘဝချင်း ခြားသွားလေပြီ။

သူမကို ကျွန်တော် မယုံကြည်တော့။

မန်လည်ဆရာတော်ဘုရားကြီးကလည်း မဟာသုတကာရီ မဃဒေဝလင်္ကာသစ်တွင် ဆုံးမဖူးခဲ့သည်...

"သမုဒ္ဒိဗြဟ္မဏ၊ မင်းမိန်းမဟု၊ အားရဆုံးတိုင်၊
မပြည့်နိုင်ရိုး၊ လေးမျိုးတို့တွင်၊ တစ်ပါးဝင်တည့်၊
အကြင်မိန်းမ၊ ဣတ္ထိယတို့၊ အဠပတိ၊
ရှစ်လင်ရှိလည်း၊ လွန်ဘိပိုမို၊ ကိုးယောက်ကိုလျှင်၊
အလိုရှိမြဲ၊ လိုပြည့်ခဲ၏။ လင်မဲ့လင်နှာ၊
လင်သူရာကြိုက်၊ လင်မိုက် လင်ဖျင်း၊ လင်ပျင်း လင်အို၊
အလိုမပြည့်၊ မပြည့်ဆန္ဒ၊ ရှိတုံကလျှင်၊
အနာတရ၊ ပြုတတ်စွရှင့်။"
မည်မျှဆိုးရွားလှပါသတည်း...။

လောကတွင် အလို မပြည့်နိုင်သူ လေးမျိုးရှိသည်။ မဟာသမုဒ္ဒရာသည် မြစ်ချောင်းတို့ စီးဝင်သည်ဖြစ်စေ၊ အားရသည်ဟူ၍ မရှိ။ ဗြဟ္မဏပုဏ္ဏားတို့သည် အလှူခံရာ၌ မတင်းတိမ်နိုင်။ မင်းတို့

www.burmeseclassic.com



သည် လောကစည်းစိမ်၌ မရောင့်ရဲနိုင်။ မိန်းမတို့ကား ယောကျာ်းတို့တွင် မတင်းတိမ် မရောင့်ရဲနိုင်။

မိန်းမဟူသည်ကား လင်ရှစ်ယောက် ရှိနေသည့်တိုင် ကိုးယောက်မြောက်ကို အလိုရှိမြဲ ဆိုပါကလား။ အလိုဆန္ဒ မပြည့်လို့ မကြည်မသာ ရှိလာလျှင်ကား အနာတရပင် ပြုတတ်သည်-တဲ့။

"လောကီဘုံသား၊ လူယောကျာ်းတို့၊ မယားဟူဘိ၊
ထိုဣတ္ထိနှင့်၊ မရှိမကောင်း၊ ရှိမကောင်းဘဲ၊
မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၏။
စစ်တကယ်ယောကျာ်း၊ မြွေသမားနှင့်၊
ရေသွားခရီး၊ ဆင်စီးတမျှ၊ စိတ်ကာ-ဘယ်ခါ၊
မချရာတည့်။
သဒ္ဒါပညာ၊ ထူးသမ္ဘာနှင့်၊ သမ္မာကင်းက၊
. စိတ်မလှသား၊ သဘာဝဆိုး၊ မိန်းမမျိုးတို့၊
အရိုးနည်းပါး၊ အကောက်များ၏။ ·
သားတစ်ရာမြင်၊ လင်တစ်ထောင်ကျ၊ စိတ်မချဘူး၊
မိန်းမတို့ငြမ်း၊ သဘောတမ်းဖြင့်၊ ညစ်ညမ်းယုတ်မာ၊
ကြီးဣစ္ဆာနှင့်၊ အာသာရမ္မက်၊ မျက်သက်ပြင်းထန်၊
စိတ်မာန်ဝှန်သည်း၊ စောင့်စည်းမဲ့ငြား၊ အဖောက်များ၏။
မုသားအရာ၊ ပျားပမာသို့၊ သာယာကိုတိုင်း၊
လျှာမထိုင်းဘူး၊ ဆုတ်ဆိုင်းမရှိ၊ ပြောလွယ်ဘိခဲ့၊
ဣတ္ထိဓမ္မတာ၊ များသည်သာရှင့်...
ကဲ...ကြည့်စမ်း၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်။

စစ်တိုက်ရခြင်းသည် မည်မျှ အသက်အန္တရာယ်နှင့် နီးစပ်ကြောင်း စစ်တိုက်ဖူးသော ကျွန်တော် သိသည်။ မြွေသမားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဤနည်းနှင်နှင်။ ရေကြောင်းခရီးသွားသူ၊ ဆင်စီးသွားသူများ လည်း အန္တရာယ်နှင့် မကင်း။ မိန်းမဟူသည်လည်း စိတ်မချစရာ။

မိန်းမဟူသည် ရိုးသားသူနည်းပါးပြီး ကောက်ကျစ်သူများ သတဲ့။ သားတစ်ရာမြင် လင်တစ်ထောင်ကျသည်တိုင် စိတ်မချစရာ– တဲ့။ အင်မတန်ကို ကျွမ်းကျင်တတ်ပွန်လှတဲ့ လေးသမားပင်လျှင် တစ်ကြိမ်လျှင် မြားတစ်စင်းသာ ပစ်နိုင်သတဲ့။ မိန်းမများကတော့ အာရုံငါးပါးဟူသော မြားငါးစင်းနှင့် ပစ်နိုင်သတဲ့…။

စန္ဒီမိုးဦးဖြူလို မုဆိုးတစ်ပိုင်း မိန်းမရိုင်းအဖြစ် ကျွန်တော် မပြောလိုပါ။ မိန်းမဆိုး မိန်းမယုတ်ကြီးအဖြစ် ကျွန်တော် အပြစ် မတင်ရက်ပါ။ သို့သော် သူမကို ကျွန်တော်စိတ်မချသည်ကတော့ အမှန်ပါ။ ကျက်နေသည့်အနာတွေကိုလည်း ပြန်မဆွချင်တော့ပါ။ ပြီးတာတွေ ပြီးပါစေ။ ရှိတာတွေ ရှိပါစေ…။

ကျွန်တော်သည် ဘုတ်ဆုံမကို သတိရလာသည်။

ဘုတ်ဆုံမသည် ကျွန်တော့်အပေါ် မည်မျှ သံယောဇဉ်ကြီး သည်ကို ကျွန်တော် မသိချင်လို့ မရ။ ကျွန်တော့်အပေါ် ဘုတ်ဆုံမ လောက် မည်သူမျှ မကောင်းခဲ့။ ကျွန်တော် နိုင်ချင်တိုင်း နိုင်သမျှ ကိုလည်း သည်းခံခဲ့ရှာသည်။ ဘုတ်ဆုံမသည် လူတိုင်းအပေါ် သဘော ကောင်းသူ မဟုတ်။ လူတိုင်းကို ဖော်ရွေ ယဉ်ကျေးစွာ ဆက်ဆံ နေသည် မဟုတ်။ ကျွန်တော့်တစ်ယောက်တည်း အပေါ်တွင်သာ သဘောကောင်းနေခြင်းပင်တည်း။

ဘုတ်ဆုံမ ကျွန်တော့်အပေါ် မည်သို့ သဘောထားသည်ကို ကျွန်တော်သည် သိလျက်နှင့် မသိချင်ယောင် ဆောင်နေခဲ့သည်။ ဘုတ်ဆုံမသာ ယောကျ်ားဖြစ်ပြီး ကျွန်တော်သာ မိန်းမဖြစ်ပါက ဘုတ်ဆုံသည် ကျွန်တော့်ကို ချစ်ရေးဆိုမည်မှာ အသေအချာ …။

www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ်က ရုပ်ရှင်များတွင် ယောက်ျားတစ်ယောက်က မိန်းမနှစ်ယောက်ကို ပြိုင်၍ စဉ်းစားရလျှင် သို့မဟုတ် မိန်းမတစ်ယောက်က ယောက်ျားနှစ်ယောက်ကို ယှဉ်၍ရွေးချယ်ရလျှင် ချိန်ခွင်လေးပေါ်မှာ ယှဉ်ပြိုင်သူနှစ်ဦး တစ်ဖက်စီ ပေါ်လာသည်။ အလေးသာသည့်ဘက်မှ ချိန်ခွင်မှာ နိမ့်ဆင်းသွားသည်။ စဉ်းစား၍ မပြတ်သေးလျှင် ချိန်ခွင်လျှာသည် ဝဲ-ယာ ယိမ်းခါလျက်နေသည်။

ကျွန်တော် ထိုသို့ စဉ်းစားနေရန် မလိုတော့ပါ။

ပဲခူးမှာကတည်းက မျက်နှာသစ်လိုက်သည်။ ထို့နောက် ယူနီဖောင်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဝတ်သည်။ လှည်းတန်းရှိ ဦးလေးတို့အိမ်ကျမှ အရပ်ဝတ် လဲမည်။ ကျွန်တော့်တွင် ပစ္စည်းပစ္စယ များများစားစား မပါ။ အိပ်ရာလိပ်နှင့်အဝတ်အစားအိတ်ကြီး တစ်လုံးသာဖြစ်သည်။ တိုလီမိုလီ ထည့်သည့်အိတ်တစ်လုံးပါသည်။

ရန်ကုန်ဘူတာကြီးကို ရထားဆိုက်ကပ်သောအခါ ကျွန်တော်သည် အလုပ်သမားတစ်ဦး ငှားရမ်း၍ ထွက်လာသည်။ ကားငှားရမည့်နေရာကိုပင် မရောက်လိုက်ပါ။

"မောင်..."

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ရှေ့တွင် မားမားကြီး ရပ်၍နေသည်။ ကျွန်တော်သည် သူမကို အံ့ဩစွာ ကြည့်နေမိသည်။

သူမ၏မျက်နှာမှာ ချောင်ကျနေသည်။

ကိုယ်ခန္ဓာက ပိုမို သွယ်လျသွားသည်။

သူမသည် အပြာရောင် ဝတ်စုံကို ခေတ်အဆန်ဆုံး ဝတ်ထားပြီး တစ်သက်လုံး ထားခဲ့သည့် ဆံပင်ပုံစံအတိုင်း ဖားလျားချထားသည်။ သူမတွင် ပါးချိုင့်တစ်ဖက်လည်း ရှိသည်။ သူမသည် သွား



www.burmeseclassic.com

တက်နှစ်ဖက်စလုံး ပေါ်အောင် ပြုံးနေသည်။ သူမ၏မျက်နှာတွင် ခြယ်သထားပုံမှာ ဆွဲဆောင်မှု ရှိလေသည်။

"ကဲ မောင့်ကို လာကြိုတာ..."

ကျွန်တော် အာမေဋိတ်သံတစ်ခု ပြုမိသည်။

"မောင် အံ့သြသွားလား။ မနေ့ညနေကပဲ မောင်ပြန်လာမယ်။ ဒီရထားနဲ့ သေချာပေါက် ပါလာမယ်ဆိုတာ စန္ဒီဆီ ဖုန်းဆက်တယ်လေ။"

ကျွန်တော်ချက်ချင်း သတိရလိုက်သည်။

ဆန်းမောင်။ အချစ်သူရဲကောင်းကြီး လုပ်သွားသည့်ဆန်းမောင်။ စန္ဒီမိုးဦးဖြူဆီ သတင်းပေးလာသူက ရှောင်ပြီးနေခဲ့သည်။

" ဖုန်းဆက်တဲ့ လူကိုတော့ စန္ဒီ မသိဘူး။ သူ့ကိုလည်း တစ်ယောက်ယောက်က ပြောခိုင်းတာတဲ့။ စန္ဒီအကျိုး၊ မောင့်အကျိုး လိုလားသူပါတဲ့။"

ကျွန်တော် ဘာပြန်ပြောရမည် မသိ။ ကျွန်တော် ငှားလာသည့် အလုပ်သမားမှာလည်း ရပ်လျက်သား...။

"လာလေ မောင်။ ဒီကို လိုက်ခဲ့..."

သူမက အလုပ်သမားကိုပါ ခေါ်သည်။

ကျွန်တော်သည် အိပ်မက်ယောင်ပြီး လမ်းထလျှောက်သူနှင့် တူနေသည်။ တစ်စုံတစ်ယောက်က ရုတ်တရက် လှုပ်နှိုးလိုက်သော အခါ ဘယ်နေရာရောက်နေမှန်း မသိ။ သူမသည် တိုယိုတာကိုရိုလာ ကားတစ်စီးဆီသို့ ဦးဆောင်ခေါ်ငင်သွားသည်။ ပစ္စည်းတွေကို ကားထဲတွင် နေရာချပြီး အလုပ်သမားခ ရှင်းပေးလိုက်သည်။ ကျွန်တော်သည် သူမကို ငေးကြည့်နေမိသည်။ သူမ၏ လှုပ်ရှားမှုများမှာ ဖြူးတူး သွက်လက်၍ နေသည်။



www.burmeseclassic.com

www.burmeseclassic.com

တိုယိုတာကိုရိုလာကားသည် ထိုစဉ်က ခေတ်အစားဆုံးကား ဖြစ်သည်။ စန္ဒီမိုးဦးဖြူတို့မိသားစုသည် ကားအသစ်အဆန်းပေါ်တိုင်း ဦးဦးဖျားဖျား ဝယ်စီးခဲ့သည်ချည်းပင်ဖြစ်သည်။ ဘူတာကြီး၏ အပြင်ဘက်တွင် ခရီးသည်များ၊ လာကြိုကြသူများ၊ အငှားကားများဖြင့် ရှုပ်ယှက်ခတ်၍ နေသည်။ သို့သော် တစ်လောကလုံးတွင် ကျွန်တော်နှင့်သူ နှစ်ယောက်တည်းသာ ရှိသယောင် ထင်နေရသည်။

"ကားပေါ်တက်..."

သူမက ကားရှေ့ခန်းကို တံခါးဖွင့်ပေးသည်။ ကျွန်တော်သည် စိတ်ညှို့ခံထားရသူနှယ်ပင် ကားပေါ် တက်ထိုင်မိသည်။ သူမက ကားရှေ့မှ ကွေ့လျှောက်ပြီး တံခါးဖွင့်ကာ ဒရိုင်ဘာနေရာမှာ ထိုင်သည်။ သူမ၏တစ်ကိုယ်လုံးမှာ အကောင်းစားရေမွှေးတို့၏ရနံ့ဖြင့် မွှေးကြိုင်သင်းပျံ့၍နေသည်။

"မောင်က ယူနီဖောင်းနဲ့ အရမ်းကြည့်လို့ ကောင်းတယ်။ ကြည့်လို့ကို မဝဘူးကွယ်"

သူမက ကားစက်နှိုးရင်း ပြောသည်။ ကျွန်တော်ကား စကားတစ်ခွန်းမျှ မဆိုဖြစ်သေး။

"မောင် ဆာပြီလား..."

ခေါင်းခါလိုက်သည်။

"ဒါဆို အိမ်ကျမှ စားတော့..."

သူမက ကားကို မောင်းထွက်သည်။

"အခု ဘယ်ကို သွားမှာလဲ..."

"ဒေါ်လေးညွန့်တို့အိမ်..."

ရန်ကုန်ဆောင်းသည် အေးမြရုံလေးသာ ရှိသည်။ သူမသည် အနွေးထည်ပင် မဝတ်။ သူမ၏အင်္ကျီလက်များမှာ ပခုံးတွေကို ဖုံးရုံလေး


www.burmeseclassic.com

www.burmeseclassic.com


မှုသာရှိပြီး ချိုင်းဝမှာ ကျယ်လွန်းသည်။ အင်္ကျီပုံစံမှာ ခပ်ပွပွဖြစ်ပြီး ပါးသည်။ ပျော့သည်။ အအေးဒဏ်ကို ကာကွယ်နိုင်ခြင်း မရှိ။ သို့သော် သူမသည် ရန်ကုန်ဆောင်း၏ အအေးဒဏ်ကို မှုပုံမရ။

ကျွန်တော်သည်လည်း နဖူးတွင် ချွေးစို့နေသည် ထင်၏။

"မေမြို့မှာ ချယ်ရီတွေ ပွင့်နေပြီလား..."

"မပွင့်သေးဘူး။ ဖူးစ ငုံစပဲ ရှိသေးတယ်"

သူမသည် ကားကို ကိုယ့်မင်းကိုယ့်ချင်းလမ်းအတိုင်း ကျွမ်းကျင်စွာ မောင်းနှင်လာသည်။ ကျွန်တော် ရန်ကုန် မရောက်သည်မှာ နှစ်ပေါင်းများစွာပင် ကြာလေပြီ။ သို့သော် (ထိုစဉ်က) ရန်ကုန်မှာ အပြောင်းအလဲ သိပ်မရှိလှ။

"မောင်နဲ့ စန္ဒီမတွေ့တာ ကြာပြီနော်။ နောက်ဆုံးတွေ့ကြတာ နန်းမြိုင်က အိမ်မှာ မဟုတ်လား..."

"မဟုတ်ဘူး။ မိတ္ထီလာမှာ..."

ကျွန်တော် ငေါ့တော့တော့လေသံနှင့် ပြောသည်။

"မဟုတ်သေးဘူး။ ကျောင်းဆင်းပွဲမှာ..."

ထပ်ပြောမိသည်။

သူမက ရယ်သံလွင်လွင်လေးဖြင့် ရယ်သည်။ ကျွန်တော်တို့ ခရီးရှည် ချီတက် ထိုးဖောက်ခြင်းသင်ခန်းစာအရ မိတ္ထီလာ၊တောင်ပုလု အထိ ခြေကျင်လျှောက်ပြီး အမြောက်နှင့် သံချပ်ကာသင်တန်းတက် နေစဉ် သူမသည် ဆန်းမောင်ကို လာတွေ့သည်။ ကျွန်တော် သူမကို တွေ့လိုက်ရပေမဲ့ အများနှင့်ရောနေသော ကျွန်တော့်ကို သူမ သတိထားမိခြင်း ရှိမရှိ မသေချာ။ ကျောင်းဆင်းပွဲတွင် စန္ဒီမိုးဦးဖြူ ရောက်ရှိလာပြီး ဆန်းမောင်၏ ရာထူးအဆင့် တံဆိပ်များကို လာ တပ်ပေးခဲ့သည်။ ထိုစဉ်တုန်းကတော့ သူမနှင့် ကျွန်တော်တို့လုံးချင်း


www.burmeseclassic.com

www.burmeseclassic.com

ဆိုင်မိခဲ့ကြသည်။ ကျွန်တော်ကပဲ မျက်နှာလွှဲပစ်ခဲ့သည်။

"ကိုမောင့်ကိုတော့ အားနာပါတယ်။ သူဟာ မြေစာပင်ပဲ။ မောင်နဲ့စန္ဒီတို့ကြားထဲက မြေစာပင်ပဲ။ ဒါပေမဲ့ မောင်နဲ့ စန္ဒီက ကွဲနှစ်ကောင် မဟုတ်ဘူးနော်"

"စန္ဒီ..."

ကျွန်တော် သူ့ကို စေ့စေ့ကြည့်ပြီး ခပ်ဆတ်ဆတ်ခေါ်မိသည်။ စန္ဒီမိုးဦးဖြူသည် ကားမောင်းနေရာမှ ကျွန်တော်ဘက် တစ်ချက်လှည့်ကြည့်ပြီး မျက်စပစ်သည်။ သူမ၏မျက်နှာပေါ်တွင် အဓိပ္ပာယ်ဖော်ရခက်သော အပြုံးရိပ်က ထင်သည်။ မိုနာလီဇာပန်းချီကားထဲမှ မိုနာလီဇာသည် သက်မဲ့ဖြစ်သည်။ ပန်းချီကားထဲမှ မိန်းမရုပ်၏အပြုံးကို အဓိပ္ပာယ်ဖော်ရခက်သည်မှာ မဆန်း။ စန္ဒီမိုးဦးဖြူကား သက်ရှိ။ နီထွေးအိစိုနေသော သူမ၏နှုတ်ခမ်းလေးတွေက အသက်ဝင်နေသည်။ သို့တိုင်အောင် အပြုံး၏အဓိပ္ပာယ်ကို ကျွန်တော် မသိ။

သူမက ကားကို ဂရုစိုက်မောင်းပြန်သည်။

"ပြောလေ..."

"စန္ဒီ ဘာတွေ လျှောက်လုပ်နေတာလဲ..."

"စန္ဒီ လုပ်ချင်ရာ လျှောက်လုပ်နေတာလေ။"

အဖြေမှန်ပင် ဖြစ်လိမ့်မည်။

"စန္ဒီ လုပ်ချင်တာလုပ်လို့ မရဘူး။"

"ရှေ့တန်းစစ်မြေပြင်မှာ မောင်ရန်သူတွေကို တွေ့ရင် နောက်ဆုတ်ပြေးလာသလား။ ရန်သူကိုမြင်ရင် သနားပါတယ်ဆိုပြီး မောင်သေနတ်နဲ့ မပစ်ဘဲနေသလား ရန်သူ့ရိက္ခာတွေကို တွေ့ရင် သူတို့စားစရာမရှိဘဲ ငတ်ကုန်လိမ့်မယ်ဆိုပြီး မောင်မသိမ်းဘဲ နေသလား"

ကျွန်တော် သူ့မေးခွန်းတွေကို ဖြေရခက်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



"စစ်နဲ့အချစ်မှာ ဘာလုပ်လုပ် တရားတယ်တဲ့။"

မော်တော်ကားသည် ဗဟန်းအဝိုင်းကို ညင်သာစွာ ကွေ့၍ ဖြတ်လာပြီး ရေခဲဆိုင်ဘက်ကို ဆက်လက် ပြေးလွှားလာသည်။ ကား၏လှုပ်ရှားမှုမှာ ညက်ညောလွန်းသောကြောင့် မြန်သည် မထင်ရ။ သို့သော် ဗဟန်းရဲစခန်းကွေ့ကို ချက်ချင်းလိုလို ရောက်လာသည်။

ကျွန်တော် အံ့ကြိတ်လိုက်သည်။

"တို့ မလိုက်တော့ဘူး..."

"ဘာပြောတယ်။"

စန္ဒီသည် ကျွန်တော့်ကို လှည့်ကြည့်ပြီး ရူးရူးဝါးဝါး အော်လိုက်ရာ ကျွန်တော် လှုပ်သွားသည်။ သူမ၏ အကြည့်များမှာ မီးဝင်းဝင်းတောက်နေကြသည်။

"ဆန်းမောင်ဟာ တို့နဲ့ သေဖော်သေဖက်။ ရဲဘော်ရဲဘက်။ သူ့အပေါ်မှာ တို့သစ္စာစောင့်သိရမယ်..."

"ရပါတယ်..."

စန္ဒီမိုးဦးဖြူသည် ကားစတီယာရင်ကို ခပ်သွက်သွက် လှည့်ပေးလိုက်သည်။ တိုယိုတာကိုရိုလာသည် ဆန့်ကျင်ဘက်ယာဉ်ကြောပေါ်သို့ရောက်သွားပြီး မျက်နှာချင်းဆိုင်မှ ပြေးလာနေသည့် ဘတ်(စ်)ကားကြီးတစ်စီးနှင့် မျက်နှာချင်းဆိုင်သွားသည်။

ကားဟွန်းသံတွေ ညံသွားသည်။

ကျွန်တော်သည် ကားစတီယာရင်ကို မိမိဘက်သို့ ဆွဲလှည့်ပစ်လိုက်ရသည်။

"ဒါ ဘာလုပ်တာလဲ..."

"နှစ်လောင်းပြိုင် သေမလို့..."

www.burmeseclassic.com

www.burmeseclassic.com



သူမ တည်ငြိမ်လွန်းလှသည့် လေသံဖြင့်ပြောသည်။ ရွှေဂုံတိုင်မီးပွိုင့်တွင် မီးနီနှင့် တိုးနေသဖြင့် ကားရပ်ပြီး စောင့်ရသည်။

"မောင့်ကို စန္ဒီ ချစ်တယ်။ မောင်နဲ့ဘယ်လိုမှ မခွဲနိုင်တော့ဘူး။ မောင်နဲ့ ခွဲရရင် စန္ဒီသေမှာပဲ။ စန္ဒီသေရင် မောင့်ကိုတစ်ယောက်တည်းထားခဲ့ဖို့ စိတ်မချဘူးလေ..."

မီးပွိုင့် မီးစိမ်းသွားသည်။

တိုယိုတာကိုရိုလာသည် ရှေ့ဆက်ထွက်လာသည်။

"တစ်ချိန်တုန်းက မောင်ဟာ စန္ဒီရင်ခွင်မှာ ပျော်နေတဲ့အချစ်ငှက်။ နောက်တော့ အဝေးကြီးကို ပျံသန်းသွားသည်။ အခုတော့ အချစ်ငှက်လေး ပြန်ရောက်လာပြီ။ စန္ဒီရင်ခွင်မှာ နားတော့မယ်။ စန္ဒီ သိပ်ပျော်နေတယ်မောင်။ မောင်က အဝေးကြီးကို ပျံသွားမယ်ဆိုရင် စန္ဒီ ဘယ်လို နေရမလဲ..."

ကျွန်တော် စိတ်ညစ်ညူးလာသည်။ ကျွန်တော်သည် တစ်ညလုံး အိပ်စက်ခြင်း မပြုခဲ့ရ။ စိတ်ထဲမှာ ပင်ပန်းနွမ်းနယ်၍လာသည်။ ကျွန်တော်သည် သူမကို ပစ်ပစ်ခါခါ ပြောပစ်လိုက်ချင်သည်။ မပြောရဲ။ သူမသည် ကျွန်တော့်ကို ပိုင်ပိုင်နိုင်နိုင် ခြိမ်းခြောက်ထားနိုင်သည်။ တပ်မတော်သည် ကျွန်တော့်ကို စစ်ရေးတွင်မှန်မှန်နှင့်မြန်မြန် ဆုံးဖြတ် နိုင်အောင် သင်ကြားလေ့ကျင့်ပေးထားသည်။ စိတ်ဓာတ်ခိုင်မာ တည်ကြည်အောင် သွန်သင် ဆုံးမထားသည်။ သို့သော် ကျွန်တော်သည် အချစ်ရေးတွင်ကား ပျော့ညံ့သူဖြစ်မြဲဖြစ်ခဲ့သည်။

"စန္ဒီ မောင့်ကို ချစ်တဲ့အချစ်တွေကို ဘယ်တော့မှ ရုပ်သိမ်းခဲ့ဘူးလို့ ပြောခဲ့ဖူးတယ်။ မောင်ကတော့ စန္ဒီကို ချစ်တယ်လို့ ပြောခဲ့ရာကနေ အဆက်အသွယ် ဖြတ်ခဲ့တယ်။ စန္ဒီကို မုန်းသွားပါ

ပြီလို့ မောင် မပြောခဲ့ဖူးဘူး။ ဒါပေမဲ့ မောင် စန္ဒီကို မယုံဘူးဆိုတာ စန္ဒီ သိပါတယ်။ စန္ဒီ မောင်ယုံတဲ့အထိ စောင့်ခဲ့တယ်။ နှစ်တွေလည်း ကြာပါပြီ။ စန္ဒီ အရမ်း ပင်ပန်းနေပြီမောင်။ စန္ဒီကို ဖွဲဆုလေးတောင် မပေးနိုင်တော့ဘူးလား..."

ကားစတီယာရင်မှာ သူမ၏ လက်ထဲတွင် ရှိသည်။ တိုယို တာ ကိုရိုလာ ကြက်ဥနှစ်ရောင် ကားတစ်စီးလုံးမှာ သူမ စေခိုင်းသည့် အတိုင်း ရွေ့လျားနေရသည်။ ကျွန်တော်သည် သူမကို ညင်သာစွာ ထိန်းသိမ်းမှု ဖြစ်ပေမည်။

"မောင် ဘာဖြစ်နေတယ်ဆိုတာ စန္ဒီ သိတယ်..."

"ဘာဖြစ်နေလို့လဲ..."

အဘည်ငြိမ်ဆုံး ဖြစ်လောက်သည့် လေသံဖြင့် ပြန်မေးမိသည်။ ကျွန်တော်၏ ထိုမျှလောက်သော တုံ့ပြန်မှုသည်ပင် စန္ဒီအတွက် အရေးကြီးနေပုံမျိုး ဖြစ်နေသည်။ စန္ဒီသည် ကျွန်တော့်ဘက် လှည့်ပြီး သွားတက်လေးတွေ နှစ်ဖက်စလုံး ပေါ်အောင် ပြုံးသည်။ သူမ၏ လက်ယာဘက်ပါးပြင်မှ တစ်ခုတည်းသောပါးချိုင့်သည် ထင်းနေ သည်။

သူမက ကားမှန်ကို ပြန်ကြည့်ပြီး တခစ်ခစ် ရယ်သည်။

"မိန်းမပျက်တစ်ယောက်ကို သွားစမိတဲ့ လူကြီးလူကောင်း တစ်ယောက်လို ဖြစ်နေတယ်။"

"ဘာ..."

"မိန်းမပျက်တစ်ယောက်ကို သွားစမိတဲ့ လူကြီးလူကောင်း တစ်ယောက်လိုလေ..."

သူမက ထပ်ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com


မိန်းမပျက်လေးက စွဲလမ်းပြီး တွယ်ကပ်နေတော့ နာမည်ပျက် မှာကလည်း စိုး ခွာထုတ် ခါထုတ်လို့ကလည်း မရနဲ့ ဒုက္ခတွေ့နေ တဲ့ပုံမျိုးလေ…"

စန္ဒီမိုးဦးဖြူက တဟင်းဟင်း ရယ်မောနေပြန်သည်။

"တို့ အဲဒီလို လူစားမျိုး မဟုတ်ဘူး…"

"ဟုတ်ကဲ့။ ကျွန်မကလည်း မိန်းမပျက် မဟုတ်ပါဘူးရှင်။"

သူမက ငေါ့တော့တော့ လေသံဖြင့် ပြောသည်။

"တူနေတာကို ပြောတာပါ။ မောင့်ကို ဖွပ်စွဲတာ မဟုတ်ပါဘူး။ ဘြော် ပြောရဦးမယ်။ ဦးသန့်အရေးအခင်းတုန်းက မောင်တို့မက် (သ်စ်) မေဂျာက ရဲမြင့်သိန်းတို့ ပါသွားတယ် သိလား။ ခင်မမတို့နဲ့ အတူတူပေါ့။ ထောင်ကျသွားကြတယ်။"

သူမ၏စကားမှာ ဟိုရောက် ဒီရောက်ဖြစ်နေသည်။ ဦးသန့် အရေးအခင်းမှာ ကျွန်တော်တို့ ကျောင်းဆင်းချိန်တွင် ဖြစ်ပွားပြီး ရဲမြင့်သိန်းတို့လူစုပါသည်ဟု သိရသည်။ စင်စစ်ကုလားရဲမြင့်သိန်းမှာ ဆေးခြောက်ရှူနေရလျှင် ကျေနပ်သူဖြစ်ပြီး ဘယ်လိုလုပ် ပါသွား မှန်း မသိရ။ သို့သော် ထိုကိစ္စမှာ ယခု ကျွန်တော်နှင့် စန္ဒီ မိုးဦးဖြူ ရင်ဆိုင်နေရသောပြဿနာနှင့် မည်သို့မျှမဆိုင်။

"ရူပဗေဒက ဆန်နီတင်ဖေကလည်း မလွယ်ဘူး သိလား။ ကျွန်းဆွယ်ပွဲတုန်းကပါလို့ တစ်ခါအဆွဲခံရတယ် မဟုတ်လား။ ဦးသန့် အရေးအခင်းမှာလည်း ဝင်ရှုပ်တာပဲ။ မိုင်းရာပြည့်မှာလည်း ဝင်ပါတာပဲ။ အလုပ်သမားကိစ္စမှာလည်း ဝင်ပါတာပဲ။ လူက ဘာမှ ဟုတ်တာ မဟုတ်ဘူး။ အခု တက္ကသိုလ်ထဲမှာ ခာတ်ပုံဆရာ လုပ် နေပြန်ပြီ။ သူတို့ကို တွေ့ရင် ရှောင်နော်။ မောင်က စစ်ဗိုလ်ဆိုတော့ သူတို့ ရန်လုပ်ချင် လုပ်မှာ။"


www.burmeseclassic.com

www.burmeseclassic.com



သူမသည် အရာရာကိုမေ့လျော့နေပြန်သည်။ ကားကို ဂရုစိုက်မောင်းရင်း သူမ ပြောသမျှမှာ ကျွန်တော်တို့နှစ်ယောက်နှင့် တိုက်ရိုက်သက်ဆိုင်ခြင်း မရှိပေ။ သူမသည် ကုက္ကိုင်းလမ်းဆုံ ရောက်မှ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း မောင်းလာသည်။ ကျွန်တော်သည် သူမတို့ အိမ်ဘက်ကို ကြည့်လာမိသည်။

စန္ဒီမိုးဦးဖြူတို့ တိုက်ကြီးမှာ ခြံကျယ်ကြီးအလယ်တွင် သစ်လွင်တောက်ပ၍ နေသည်။ ကျွန်တော်သည် ကျွန်တော်တို့ မြို့လေးသို့ စန္ဒီမိုးဦးဖြူ ရောက်လာသည်မှစ၍ ယခု အချိန်အထိ သူတို့အိမ်သို့ မရောက်ဖူးပေ။ ကျွန်တော့်မိဘများမှာမူ ဆရာသမား၏ အိမ်ကို အဝင်အထွက်ရှိကြသည်။ ကျွန်တော်ကား အဝင်အထွက် မလုပ်ခဲ့။

"မောင် အိမ်ကို ဝင်ဦးမလား"

သူမက ကားအရှိန်ကို လျှော့ချလိုက်သည်။

"မဝင်ဘူး"

"ဝင်ချင်လည်း ရတယ်။ ဖေဖေနဲ့မေမေက မောင့်ကို ကြိုဆိုနေကြတယ်။"

ကျွန်တော် အံ့သြသွားသည်။

"ဖေဖေ့ကိုရော မေမေ့ကိုပါ စန္ဒီရင်ထဲမှာ ရှိတာတွေ အကုန်လုံး ဖွင့်ပြောလိုက်တယ်။ မန္တက် သူတို့ မချုပ်ချယ်ရဲတော့ဘူး။ တကယ်တော့လည်း သူတို့ ချုပ်ချယ်လွန်းလို့ သူတို့ပဲ စိတ်ညစ်ခဲ့ရတာ မဟုတ်လား။ ငှက်ကလေး လှတယ်ဆိုပြီး လှောင်ချိုင့်ထဲ ထည့်ထားရော။ လှောင်ချိုင့်က လွတ်သွားရင် ပျံချင်သလို ပျံ၊ နားချင်တဲ့ နားနဲ့ လှောင့်ချိုင်ရှင်တွေပဲ စိတ်ညစ်ရတယ်။ လိမ္မာတဲ့ ငှက်ကို လှောင်ချိုင့်ထဲ ထည့်စရာ မလိုပါဘူး။ သူကလည်း ဝေးဝေးပျံမှာ မဟုတ်ဘူးလေ"

www.burmeseclassic.com



ကားသည် အင်းလျားလမ်းအတိုင်း လက်ယာဘက်သို့ ချိုးကွေ့၍ လာသည်။ အင်းလျားရေပြင်သည် ပြောင်းလဲမှု မရှိ။ သစ်ပင်ကြီးများ၊ မြက်ရိုင်းတောနှင့်ချုံပုတ်များသည် မူလကအတိုင်းပင်ရှိသည်။

"ဟိုနေရာလေးကို မှတ်မိသလား"

ကျွန်တော် စကားမပြန်။

ဟိုနေရာလေးတွင် ကျွန်တော်၊ စန္ဒီနှင့် မြင့်ထူးတို့ ပြဿနာရှင်းကြရသည်။ ကိုမြင့်ထူးသည် သူနှင့်ချစ်နေပါလျက်က ကျွန်တော့်အချစ်ကို လက်ခံပြီး ပြန်ချစ်ခဲ့သော စန္ဒီကို ပြတ်ပြတ်သားသားလမ်းခွဲခဲ့သည်။ ကျွန်တော်သည် မိမိကိုယ်တိုင် မသိပါဘဲလျက် သူများအချစ်ကို ခိုးဝှက်လုယူသလို ဖြစ်ခဲ့ရသည်။ အချစ်သူခိုးဘဝတွင် ကျွန်တော်သည် သိက္ခာမရှိ။ ကိုယ့်ကိုယ်ကို အဟုတ်ကြီး ထင်သည်။ ပြီးတော့ လိပ်ပြာက မလုံ။ သူခိုးလက်က သူဝှက် လုမှာစိုးသည်။ ယောက်ျားလေး သူငယ်ချင်းများသော၊ သဘောကောင်းသော၊ ဖော်ရွေတတ်သော စန္ဒီကို ကျွန်တော် မယုံ။ ကျွန်တော်သည် စန္ဒီမိုးဦးဖြူကို အညာလွယ်သည်ဟု ထင်နေစဉ်မှာပင် ခွင့်လွှတ်ရန် ကြိုးစားရင်းသတ္တိက မရှိတော့။ အပြေးသမား လုပ်ခဲ့သည်။

စန္ဒီမိုးဦးဖြူ ဆန်းမောင်နှင့် ချစ်နေကြပြီဆိုသောအခါ ကျွန်တော် မနာလိုပြန်။ သို့သော် မနာလိုစိတ်ကို ဖွတ်အတင်းဖုံးသည်။ စန္ဒီမိုးဦးဖြူ အပေါ်တွင် အချစ်သူရဲကောင်းကြီး လုပ်ပြီး အနိုင်ယူပြခဲ့သည်။ ဆန်းမောင်နှင့် စန္ဒီမိုးဦးဖြူကို ကျွန်တော်ပဲ ဖွတ်အတင်းလက်တွဲခိုင်းခဲ့သည်။ သူတို့ ပြေလည်သည်ဆိုတော့လည်း ကျွန်တော်ပဲခံစားရသည်။ မပြေလည်ဘူးဆိုတော့လည်း ကျွန်တော်ပဲ ခံစားရသည်။

ဆန်းမောင်ကို သတိရလာသောအခါ ကျွန်တော့်ရင်ထဲမှာနာကျင်လာသည်။ စင်စစ် ကျွန်တော်သည် တစ်ကိုယ်ကောင်းဆန်သူ။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒိမိုးဦးဖြူ ပြောသလိုပင် ဆန်းမောင်သည် မြေစာပင်။ ကျွန်တော်သည် တိုက်ပွဲများတွင် ဟုတ်တိပတ်တိ အောင်မြင်မှုရရှိသူ မဟုတ်။ တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်သူမဟုတ်။ သို့သော် ဆန်းမောင်ကား တိုက်ပွဲတိုင်းတွင် ထူးချွန်ပြောင်မြောက်စွာ တိုက်ပွဲဝင်သဖြင့် အောင်ပွဲတွေ ရနေသည်။ တာဝန်ထမ်းဆောင်ရာတွင်လည်း တိကျသေချာသဖြင့် ကောင်းသတင်း ထွက်သည်။ သို့သော် ဆန်းမောင်သည် သူလျှောက်နေသောလမ်းကို ပြောင်းပြန်လုပ်ပစ်သည်။ အားလုံးကို ထော်လော်ကန့်လန့်လုပ်သည်။ သူ့မူရင်းစိတ်ဓာတ်နှင့် ဆန့်ကျင်စွာ လောကကြီးကို စိတ်နာသူ ပုံစံမျိုး ဖမ်းသည်။

ဆန်းမောင် ဤအတိုင်း ဆက်သွားပါက တိုက်ပွဲတွေကို အောင်မြင်ပါဦးမလား။ တာဝန်တွေ ကျေပွန်ပါဦးမလား။ အရက်သောက်များနေသော ဆန်းမောင်အတွက် သေချာသည်မှာ သက်လုံပျက်ခြင်းနှင့် အပင်ပန်း မခံနိုင်ခြင်းပင် ဖြစ်သည်။ တိုက်ပွဲတွင် ခေါင်းဆောင်ရသူ တစ်ဦးအနေနှင့် အဆုံးအဖြတ် မှားပါက သူတစ်ယောက်တည်း ဒုက္ခရောက်မည် မဟုတ်။ သူ ဦးဆောင်ရသည့် တပ်ဖွဲ့ကိုပါ အန္တရာယ်တွေ့နိုင်သည်။

ကျွန်တော်သည် အနည်ထိုင်နေပြီဟု ထင်သည်။

ဆန်းမောင်လောက် ကျွန်တော်အခြေအနေ မဆိုး။

ကျွန်တော်သည် နှလုံးသား၏ နာကျင်မှုဝေဒနာကို ကျော်လွှားနိုင်ပြီဟု ကိုယ့်ကိုယ်ကို ယုံကြည်နေသည်။

သို့သော် ကြည်လင်ခြင်းမရှိသော ရေသည် အနည်မထိုင်ပြီပင်တည်း။ အနည်ထိုင်အောင် အချိန်တော်တော်ကြာကြာ စောင့်ရသည်။ အနည်ထိုင်ပြီးလျှင်လည်း မလှုပ်မှ။ လှုပ်လျှင် အနည်ပြန်ထလာ တတ်

www.burmeseclassic.com



စပြီ။ စန္ဒီမိုးဦးဖြူသည် ကြည်လင်ခြင်း မရှိသောရေကိုပင် မကြာခဏ လှုပ်နေလေသည်။

ဘာဖြစ်ဖြစ် အဆုံးအဖြတ်တော့ ပေးရပေတော့မည်။

တိုယိုတာကိုရိုလာကားသည် အင်းလျားလမ်းမှ တစ်ဆင့် ပြည်လမ်းမကြီးပေါ် ရောက်ရှိလာသည်။ စွပ်ကျယ်စက်၊ ခြောက်မိုင်ခွဲ၊ အင်းလျားကန်ကွေ့၊ အေဒီလမ်း၊ ခုနစ်မိုင်ခွဲတို့ကို ဖြတ်သည်။ တေးနုယဉ်လမ်းထဲ ဝင်သည်။ ထိုလမ်းထဲတွင် တိုက်သစ်တွေ တိုးလာနေပြီ။

ဒေါ်လေးညွန့်တို့ ခြံတံခါးမှာ ပွင့်နေသည်။

"မောင့်ကို တွေ့ချင်ဇောနဲ့ တံခါးတောင် မပိတ်ခဲ့မိဘူး။"

ကားသည် ဆင်ဝင်မရှိသော တိုက်ရှေ့မှာ ရပ်သည်။ ဒေါ်လေးညွန့်တို့၏ တစ်ထပ်တိုက်လေးမှာ ပြုပြင်မှုနည်းပါးသဖြင့် ဟောင်းနွမ်း၍ လာသည်။ ခြံထဲမှ ပန်းပင်များ မှာလည်း ချုံတွေ ဖုံးနေသည်။ သူမက ကားပေါ်က ဆင်းပြီး ကျွန်တော့်ကို တံခါး လာဖွင့်ပေးသည်။ ကျွန်တော်ကား စိတ်ထဲမှာ လှုပ်ရှား၍ နေသည်။ ကျွန်တော်သည် စန္ဒီမိုးဦးဖြူ၏ ဆွဲငင်အား စက်ကွင်းမှ လွတ်မြောက်စေရန် အင်အားကုန် သုံးစွဲရတော့မည် ဖြစ်သည်။

ကျွန်တော်သည် သူမကို မျက်နှာချင်းဆိုင်ကြည့်ပြီး တစ်ကြိမ် တစ်ခါမျှ မဆန့်ကျင်ဖူးခဲ့။ ကွယ်ရာမှသာ လက်သီးပုန်းပြခဲ့ဖူးသူ။ ယခုတော့ ကျွန်တော်သတ္တိတွေ မွေးရတော့မည်။

"မနေ့က မောင်လာမယ်ဆိုတာ သိတာနဲ့ ဒေါ်လေးညွန့်တို့ဆီ အရင် ပြေးရတယ်။ ဒေါ်လေးညွန့်က အင်းစိန်ရောက်နေလို့ သော့ သွားတောင်းထားရတယ်။ မောင်က ဘုမသိ ဘမသိနဲ့ စန္ဒီတို့အိမ်ကို

www.burmeseclassic.com



လိုက်လာရဲ့မှာ မဟုတ်ဘူး။ ဒီမှာက လွတ်လပ်တယ်။ မောင် အဆင်သင့် ဖြစ်ပြီဆိုမှ ကျွန်တော့်အိမ် သွားမယ်..."

စန္ဒီမိုးဦးဖြူသည် စကားကို တတွတ်တွတ်ပြောပြီး သံဘာဂျာ တံခါးသော့ကို ဖွင့်သည်။ ဧည့်ခန်းမှာ ယခင်ကအတိုင်းပင် ဖြစ်သည်။ ကျွန်တော်သည် ဖိနပ်မချွတ်ဘဲ တစ်ယောက်ထိုင် ဆိုဖာဆက်တီ အဟောင်းကြီး တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ စန္ဒီမိုးဦးဖြူက ချက်ချင်းပင် ကော်ဇောပေါ် ဒူးထောက်ချပြီး ကျွန်တော့်ရှူးဖိနပ်ကြိုး တွေကို ဆွဲဖြုတ်သည်။ ကျွန်တော် သူမကို မတားမြစ်မိ။ သူမကို အပေါ်စီးမှ ငုံ့ကြည့်နေမိစဉ် သူမက မော့ကြည့်သည်။ ခြေအိတ်တွေ ကို ဆွဲချွတ်မှ ကျွန်တော် လက်ကာပြမိသည်။ မရတော့။

"မောင့်ကို ယူနီဖောင်းနဲ့ အကြာကြီး ကြည့်ချင်သေးတယ်။ ဒါပေမဲ့ မောင်က တစ်ညလုံး အိပ်ရေးပျက်ပြီး ခရီးပန်းလာတာ။ ရေမိုးချိုး အဝတ်အစားလဲမှ ဖြစ်မယ်။"

သူမသည် ပြောပြောဆိုဆို လှစ်ကနဲ အိမ်ပေါ်မှ ဆင်းသွားသည်။ ကျွန်တော် ဘာလုပ်ရကောင်းမလဲ စဉ်းစားနေစဉ်မှာပင် သူမသည် အဝတ်အစားအိတ်တစ်လုံးကို မနိုင်မနင်း ဆွဲ၍ ပြန်တက်လာသည်။ ကျွန်တော် သူမကို ငေးကြည့်နေမိစဉ်မှာပင် သူမသည် သော့ခတ်၍ မထားသောအိတ်ကို ဇစ်ဆွဲ ဖွင့်ကာ အဝတ်အစားတွေကို မွှေတော့ သည်။

စန္ဒီမိုးဦးဖြူ နှာခေါင်းလေး ရှုံ့သွားသည်။

"ဟင်း... အဝတ်တွေက အညစ်တွေချည်းပဲ။ ဘယ်နရက် လောက် မလျှော်ဘဲ ထိုးသိပ်ထားတာလဲ မသိဘူး။ ဒါတွေ မောင် ဝတ်လို့ ဘယ်ဖြစ်မလဲ။ ဪ... သိပြီ။ သိပြီ။"



www.burmeseclassic.com

 www.burmeseclassic.com

သူမသည် ကျွန်တော့်အဝတ်အစားအိတ်ကြီးကို ထားခဲ့ကာ အိမ်ခန်းတစ်ခန်းထဲ အပြေးတစ်ပိုင်းနှင့် ဝင်သည်။ ပြန်ထွက်လာတော့ ပလေကတ်ပုဆိုးအသစ်တစ်ထည်နှင့်ရှပ်အင်္ကျီတစ်ထည် ပါလာသည်။ ဒေါ်လေးညွန့်၏ ယောက်ျားဝတ်သည့် အဝတ်အစားများဟု ကျွန်တော် ထင်လိုက်မိသည်။ မဟုတ်ပေ။

"မောင်နဲ့လိုက်မဲ့ အဝတ်အစားတွေ စန္ဒီ အများကြီး ဝယ်ထားတယ်။ အိမ်မှာထားရင် လူကြီးတွေ ပြောမှာစိုးလို့ ဒေါ်လေးညွန့်တို့ဆီမှာ အပ်ထားတာ ဗီရိုကြီးနဲ့ တစ်လုံးပဲ။ ပုဆိုး ဝယ်ရတာက ကိစ္စမရှိဘူး။ ဘောင်းဘီနဲ့ အင်္ကျီတွေက မှန်းပယ်ရတာ။ ဒါပေမဲ့ မောင် ဝတ်ကြည့်။ ဖစ်ဆိုက်ပဲ ဖြစ်နေရမယ်။ အဲဒီလို ဖြစ်အောင် ခန့်မှန်းနိုင်တယ်ဆိုတာ မောင့်ကို ချစ်လို့။ သိလား။ မယုံရင်လည်း တစ်ထည်ပြီး တစ်ထည်သာ ဝတ်ကြည့်။ ကွာရင် နည်းနည်းပဲ။"

သူမသည် ကျွန်တော်ခြေရင်းတွင် ဒူးထောက်၍ ထိုင်သည်။

"မောင် ရေချိုးလိုက်ဦး..."

ကျွန်တော် တကယ်ပဲ ရေချိုးချင်နေသည်။ သို့သော် ကျွန်တော် ငြင်းပယ်ရပေမည်။ ကျွန်တော် ပါးစပ်ဟရုံ ရှိသေး...။

"မောင် မငြင်းနဲ့"

သူမက ကျွန်တော့်စစ်အင်္ကျီကြယ်သီးတွေကို ဖြုတ်သည်။

"ဟောတော့၊ စွပ်ကျယ်လည်းမပါဘူး။ တော်တော်ပစ်စလက်ခတ်နိုင်တဲ့ မောင်..."

"စန္ဒီ..."

ကျွန်တော်အားကင်း၍ ခေါ်လိုက်သည်။

"ဘာလဲမောင်..."

"စန္ဒီ ဘာတွေလုပ်နေတာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို ချစ်နေတာလေ..."

"ဆန်းမောင် ဘာဖြစ်နေသလဲဆိုတာ သိလား စန္ဒီ။"

သူမက ကြယ်သီးတွေ ဆက်ဖြုတ်သည်။

" သိသားပဲ မောင်။ အဲဒါ သူ့တာဝန်ပဲ။ သူဟာ သူများ ပယောဂကြောင့် ဒီလိုဖြစ်ရတယ်ဆိုရင် မောင်လည်း ပယောဂ မကင်းဘူးလေ။ ကိုမောင်ဟာ ချစ်စရာကောင်းပါတယ်။ ဒါပေမဲ့ သူ့ကို စန္ဒီ ချစ်လို့ မရဘူး။ မိတ်ဆွေလို အချစ်မျိုးနဲ့ ချစ်ကောင်း ချစ်မယ်။ အမြင့်ဆုံး အချစ်မျိုးနဲ့တော့ မချစ်ဘူး။ ဘယ်အချစ်ကမှ လိုက်လို့ မမီတဲ့အချစ်မျိုးနဲ့ စန္ဒီချစ်တာ မောင်တစ်ယောက်တည်းလေ။"

သူမက ကျွန်တော့် စစ်အင်္ကျီကို ပခုံးနှစ်ဖက်ပေါ်မှ ဆွဲချွတ်သည်။ ကျွန်တော့်ကိုယ်ခန္ဓာသည် ချွေးစေးတို့ဖြင့် စေးထန်းထန်း ဖြစ်နေသည်။ သူမသည် ကျွန်တော့်ကို စေ့စေ့စပ်စပ် ကြည့်သည်။

"မောင်..."

ကျွန်တော် သူမကို ကြည့်မြဲကြည့်နေသည်။

"သိပ်ချစ်တာပဲကွယ်..."

သူမက သက်ပြင်းရှိုက်သံ ထွက်ပြီး ပြောသည်။

"အရူးမထနဲ့တော့ စန္ဒီ..."

စန္ဒီမိုးဦးဖြူ ခေါင်းခါသည်။

"ချစ်ရင် ရူးတာပဲလေ။ မောင့်ကို စန္ဒီ အရမ်း ချစ်တယ်။ မောင် စန္ဒီ့ကို ဘယ်လိုပဲ ရက်စက်ရက်စက် စန္ဒီ ခွင့်လွှတ်တယ်။ မောင့်ကို စန္ဒီ ပိုင်ဆိုင်ချင်တယ်။ မောင့်ကို လက်လွှတ်ဆုံးရှုံးရတာက လွဲရင် စန္ဒီ အရာရာကို သည်းညည်းခံနိုင်တယ်။ မောင်ဟာ စန္ဒီ ချစ်သလို ချစ်ရဲ့လား။ ကျွန်တော် ခေါင်းခါရန် ကြိုးစည်လိုက်သည်။

www.burmeseclassic.com



မောင် မချစ်ဘူးလား။ ကိစ္စမရှိဘူး၊ မောင် စန္ဒီကို ချစ်ချစ်၊ မချစ်ချစ် စန္ဒီကတော့ ချစ်မှာပဲ။ စန္ဒီ အချစ်ဟာ မပြောင်းလဲတဲ့ အချစ်မျိုး မဟုတ်ဘူး။ အမြဲပြောင်းလဲနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ လျော့မသွားဘူးလေ။ တစ်နေ့တခြား ဒီရေ တိုးသလို တိုးနေတယ်။ မောင် မီအောင်လိုက်ပေါ့။"

ကျွန်တော် စိတ်ရှုပ်လာသည်။

ကျွန်တော်သည် ထိုင်ရာမှ ထပြီး ပုဆိုးကို ဆွဲယူလိုက်သည်။ ထို့နောက် ရေချိုးခန်းအထိ လျှောက်သွားသည်။ ကျွန်တော်သည် ကျောင်းသားဘဝကတည်းက ဒေါ်လေးညွှန့်တို့အိမ်တွင် စန္ဒီမိုးဦးဖြူနှင့် ချိန်းတွေ့ခဲ့ဖူးလေရာ တစ်အိမ်လုံး ဘယ်နေရာ ဘာရှိသည်က အစ သိသည်။ ရေချိုးခန်းထဲမှ ရေပန်းမှာ သံချေးများပင် တက်နေလေပြီ။ ဖွင့်ကြည့်တော့ ရေစက်ရေပေါက်တွေ ပန်းထွက်လာသည်။ ကျွန်တော်သည် ဘောင်းဘီတိုလေးဖြင့် ရေချိုးနေမိသည်။

"မောင်...တံခါးဖွင့်စမ်းပါဦး..."

သူမ တံခါးကို အရေးတကြီး ခေါက်သည်။

"ဘာလုပ်မလို့လဲ..."

"ဘာမှ မလုပ်ပါဘူး။ တံခါးဖွင့်စမ်းပါ"

ကျွန်တော် ရေချိုးခန်းတံခါးကို ဖွင့်လိုက်တော့ သူမသည် ရှက်ပြုံးလေး ပြုံး၍ ရပ်နေသည်။

"မောင့်ကို ရေချိုးပေးမလို့..."

"မဟုတ်တာ..."

"ဘာလို့ မဟုတ်ရမှာလဲ။ ဟိုတုန်းကလည်း ချိုးပေးဖူးတာပဲ"

သူမက အဝတ်အစားတွေ ချွတ်သည်။ ကျွန်တော်သည် ပုဆိုးကို ယူပြီး ရေချိုးခန်းထဲမှ ထွက်လာလိုက်သည်။ သူမက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နောက်မှ လိုက်လာပြီး မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် ရေသုတ်ပေးသည်။ ထို့နောက် နောက်မှ သိုင်း၍ ဖက်ထားသည်။

"မောင်... စန္ဒီ့ကို မနမ်းတော့ဘူးလား..."

ကျွန်တော် ငြိမ်နေမိသည်။

"ဘာလဲ။ မောင်က စန္ဒီကို ရွံတယ်ပေါ့။ မစင်ကြယ်ဘူးလို့ ထင်တယ်ပေါ့။ မောင် မယုံဘူးဆိုတာ စန္ဒီ သိတယ်။"

ကျွန်တော် သူမနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။

"တို့ ဒီနေရာက အမြန်ဆုံး ထွက်သွားချင်တယ်..."

"ဘာဖြစ်လို့လဲ..."

"ဒီနေရာမှာ စန္ဒီနဲ့တို့ နှစ်ယောက်တည်း ရှိတယ်။ လွန်ကုန်ရင် မကောင်းဘူး စန္ဒီ။ အခြေအနေ ပိုဆိုးကုန်မယ်။"

"မောင်က မထိန်းနိုင်ဘူးလား။ လွန်ကုန်ရော ဘာဖြစ်လဲ။"

"အိမ်ထောင်မပြုခင်မှာ..."

သူမက လက်ကာပြသည်။

"ဖေဖေနဲ့မေမေကို စန္ဒီ အကုန်လုံး ဖွင့်ပြောတယ်။ သူတို့က လက်ခံတယ်။ မောင့်မိဘတွေကို သွားပြောတယ်..."

တင့်ဆွေ၏စာထဲမှ အတိုင်းပင်ဖြစ်သည်။ ကျေးရူးရှင်များ၊ ဆရာသမားများအဖြစ် တစ်သက်လုံးက ချစ်ကြောက်ရိုသေလာရသော ကျွန်တော့်မိဘများသည် ဦးဘဖြူကို လွန်ဆန်ဝံ့မည် မထင်။

"မောင့်မိဘတွေက မောင့်ကို မေးပါဦးမယ်တဲ့။ ကံကောင်းချင်တော့ သူတို့မမေးခင် စန္ဒီက အရင်တွေ့ရတာလေ။ စန္ဒီ မောင်နဲ့ အတူတူနေချင်တယ်။ မောင် ဘယ်သွားသွား လိုက်မယ်။ ငွေ့တန်းသွားလည်း ကျောပိုးအိတ်ထဲမှာ ထိုင်ပြီး လိုက်မယ်။"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်နှစ်ယောက်ထိုင် ဆက်တီပေါ် ထိုင်ချလိုက်သော အခါ စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကိုယ်ပေါ်သို့ ပြိုလဲကျလာသည်။ သူမက ကျွန်တော့်ရင်ခွင်တွင် မှီသည်။

"မိန်းမသားတစ်ယောက်အနေနဲ့ဆိုရင် စန္ဒီလုပ်ပုံက အင်မတန် သိက္ခာမဲ့နေတယ်။ လူကြီးမိဘတွေကိုပါ စစ်ကူခေါ်ရတာဆိုတော့ ဘယ်ကောင်းမလဲနော်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး မောင်ရယ်။ မောင့် အတွက် စန္ဒီရဲ့ သိက္ခာဆိုတာ အဓိပ္ပာယ်မှ မရှိတာပဲ။ မောင်နဲ့ ပတ်သက်လာရင် စန္ဒီ သိက္ခာမရှိဘူး။ အရှက် မရှိဘူး"

ကျွန်တော် သူမကို တွန်းပြီး လူချင်းခွာသည်။

"မဖြစ်နိုင်ဘူး စန္ဒီ ..."

"ဘာလို့ မဖြစ်နိုင်ရမှာလဲ။ မောင်နဲ့ စန္ဒီ အခုချက်ချင်း လက်ထပ်မယ်"

"တပ်မတော်သားဆိုတာ လက်ထပ်ခွင့်တွေ ဘာတွေတင်ရ သေးတာ..."

"တင်လေ။ စန္ဒီစောင့်မယ်။"

"တို့လက်ထပ်ခွင့် တင်ပြီးပြီ။ ခွင့်ပြုချက်လည်း ကျပြီ။"

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို အံ့ဩစွာ ကြည့်နေသည်။ ကျွန်တော်က စစ်အင်္ကျီကို ပြန်ဝတ်သည်။ ပေါက်ကွဲလုမတတ် ဖြစ်နေသော ရင်သည် သွက်သွက်ခါနေလိမ့်မည် ထင်သည်။ အိန္ဒြေ မပျက်အောင် ထိန်းသိမ်းထားရသည်မှာလည်း ပင်ပန်းလွန်းလှသည်။

"တို့နဲ့ ဘုတ်ဆုံမ လက်ထပ်မလို့ လက်ထပ်ခွင့် တင်ပြီး ပြီ။ အထက်ကလည်း ခွင့်ပြုတယ်"

"ဘာ..."


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဘုတ်ဆုံမကို တို့လက်ထပ်ခွင့် တောင်းတော့ လက်ခံတယ်။"

"မောင် တကယ်ပြောတာလား..."

"တကယ်ပေါ့။"

ကျွန်တော် ဇွတ်မှိတ်ပြီး ညာရသည်။ မုသားစကားများသည် သူမအတွက်ရော ကျွန်တော့်အတွက်ပါ ကောင်းလိမ့်မည်ဟုလည်း ထင် သည်။

"ရက်စက်လိုက်တာ မောင်ရယ်"

သူမသည် မျက်လုံးတွေ မှိတ်ပြီး ခွေကျသွားသည်။ ကျွန်တော် လည်း ပြာပြာသလဲ သူမအား ပွေ့ချီထားရသည်။ သူမမှာ ပါးစပ်ကို ဟပြီး အသက်ရှူနေရသည်။ ချွန်ထက်သော ရင်တို့မှာ နိမ့်ချည်မြင့်ချည် ဖြစ်နေကြသည်။

"စန္ဒီ... စန္ဒီ..."

ကျွန်တော်သည် သူမ၏ပါးစပ်ကို ခပ်ဆတ်ဆတ်လေး ပုတ် လိုက်သည်။ သူမမျက်လုံး ဖွင့်ကြည့်သည်။ ချက်ချင်းပင် သူမ၏ မျက်ဝန်းတို့တွင် မျက်ရည်တွေ ပြည့်လျှံလာသည်။

"စန္ဒီ..."

"မောင်..."

"သတိထားလေ..."

"မောင် ဘာဖြစ်လို့ ဒီလို ပြောရလဲ..."

ကျွန်တော် ငြိမ်နေလိုက်သည်။

"မောင့်ကို ချစ်တဲ့အချစ်တွေကို စန္ဒီ ဘယ်တော့မှ မရုပ်သိမ်း ပါဘူး မောင်ရယ်။ စန္ဒီကို ဒီလို မပြောပါနဲ့။ မနက်ကပဲ စန္ဒီ သူနဲ့ တွေ့ပြီးပါပြီ..."

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မျက်ခုံးတွေ မြင့်တက်သွားကြသည်။

"ရီရီဝင်းဟာ စန္ဒီ့အတွက် ပြိုင်ဘက်ဖြစ်လာနိုင်တယ်ဆိုတာ စန္ဒီ သိပါတယ်။ ရီရီဝင်း မောင်ကို ဘယ်လောက် ချစ်တယ်ဆိုတာလည်း စန္ဒီ သိပါတယ်။ သူ့ကို စန္ဒီ ခင်ပါတယ်။ စန္ဒီ့ အနေနဲ့ကတော့ သူငယ်ချင်းအတွက် ချစ်သူကို စွန့်လွှတ်ပြီး အနစ်နာ မခံနိုင်ဘူးမောင်။ အဲဒါ ချစ်တာမဟုတ်ဘူး။ တကယ်ချစ်ရင် သူငယ်ချင်းအပေါ်မှာလည်း မညှာရဘူးလို့ ထင်တယ်။ ဒါမှ အချစ်စစ်ပါ။ ရီရီဝင်းကို စန္ဒီ အားလုံး ဖွင့်ပြောလိုက်တယ်။ သူက ကွန်ဂရက်ကျူလေးရှင်း သူငယ်ချင်းဆိုပြီး လက်ဆွဲနှုတ်ဆက်တယ်လေ။"

ကျွန်တော် ဘာပြောရမှန်းပင် မသိတော့။ စန္ဒီမိုးဦးဖြူသည် ကျွန်တော်နှင့်ပတ်သက်၍ အကွက်စေ့လွန်းစွာပင် ပြင်ဆင်ထားတာပါလား။ သူမသည်သာ ရီရီဝင်း(ခေါ်) ဘုတ်ဆုံမနှင့် ကြိုတင် တွေ့ဆုံခဲ့ပြီး လွှတ်လွှတ်လပ်လပ်သာ စကားပြောခဲ့ရသည် ဆိုပါက ကျွန်တော်ပြောသမျှမှာ ယုတ္တိမရှိပြီ။

ပင့်ကူမလေး စန္ဒီမိုးဦးဖြူသည် ကြီးမား ကျယ်ပြန့်လှသော ပင့်ကူအိမ်ကြီးကို ရက်လုပ်ပြီးစီးလေပြီ။ သို့သော် ကျွန်တော်သည် ဇွတ်ကန်၍ ရုန်းထွက်ရန် ကြိုးစားရတော့မည်။

"ရီရီဝင်းက ပြောတယ်။ မောင်သူ့ဆီ စာမရေးတာ ခြောက်လတောင် ကျော်ပြီတဲ့။ ရေးတုန်းကလည်း တိုကိုလေးတဲ့။ သူအခု စွပ်ကျယ်စက်လမ်းမှာ ရောက်နေတယ်။ မောင် စကားပြောချင်ရင် စန္ဒီ သွားခေါ်ပေးမယ်လေ။"

ကျွန်တော်ဦးနှောက်သည် လျင်မြန်စွာပင် အလုပ်လုပ်နေရသည်။ ဘုတ်ဆုံမနှင့်ကျွန်တော် လက်ထပ်ရန် ညှိနှိုင်း တိုင်ပင်ထားခြင်း မရှိကြောင်း သူမသည် သေချာပေါက် သိရှိထားသည်။ သို့စင်လျက်

www.burmeseclassic.com



သူမသည် မေ့မျောသွားခဲ့ရသည်။ ကျွန်တော်လည်း ပျာယာခတ်သွားသည်။ မူရာမာယာများလွန်းလှသည့် စန္ဒီမိုးဦးဖြူ...။

ကျွန်တော်သည် သူမအား ပညာသားပါစွာ ဆက်ဆံမှ ဖြစ်မည်။

"စန္ဒီ မောတယ်မောင်။ အိပ်ရာပေါ်မှာ လှဲနေချင်တယ်..."

ကျွန်တော် သူမကို ဒေါ်လေးညွန့်တို့အိပ်ခန်းထဲ သယ်ဆောင်သွားပြီး သပ်သပ်ရပ်ရပ်ခင်းကျင်းထားသည့် မွေ့ရာပေါ် တင်သည်။

"ဘယ်မှ မသွားပါနဲ့မောင်ရယ်။ စန္ဒီ့အနားမှာ နေစမ်းပါ။ စန္ဒီ မောင်နဲ့ ဝေးမှာ ကြောက်တယ်။"

သူမက မောဟိုက်သံနှင့် ပြောသည်။ သူမသည် ကျွန်တော့်ကို ကျုံးသွင်းနေလေသည်။

ကျွန်တော် လွတ်အောင် မပြေးနိုင်ပါက သူမ၏ နှိပ်စက်မှုကို သက်ဆုံးတိုင်ခံရတော့မည်။ မူးလို့ဆိုပြီး အိပ်ရာထဲသို့ လိုက်ပို့ခိုင်းတတ်ကြသော မိန်းမတို့၏ ပုံပြင်ကို ကျွန်တော် ကြားဖူးနေသည်။ သို့သော် ကျွန်တော်သည် သူမကို အတတ်နိုင်ဆုံး ပြုစုသည်။ ကျွန်တော်နှင့်အတူ ရှိနေတုန်းတော့ သူမ စိတ်ချမ်းသာပါစေ။

စန္ဒီမိုးဦးဖြူသည် ဖော်ရွေသည်။ ရက်ရောသည်။ နာမည်ပျက်မရှိခြင်းကား ကျွန်တော်တို့ ညံ့၍ ဖြစ်သည်။ ကျွန်တော် သူမအပေါ် ဘယ်သောအခါမျှ အခွင့်အရေး မယူခဲ့သည်ကို သူမ အသိဆုံးပင် ဖြစ်မည်။ သူမကိုယ်တိုင်က တောင်းဆို ပူဆာသည့်တိုင် ကျွန်တော်သည် အလိုမလိုက်ခဲ့။

ကျွန်တော် ကျိန်ပြောရဲသည်။ သူမနှင့် ကျွန်တော်သည် နှလုံးသားချင်းသာ ရင်းနီးခဲ့ပေမယ့် သွေးသားချင်းကား မရင်းနှီးခဲ့ဖူးပါ။

❖

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မြို့ကို မပြန်။ ဦးလေးတို့အိမ်ကိုသာ ပြန်ခဲ့သည်။ မြို့ကို ပြန်ပါက မိဘများက စန္ဒီမိုးဦးဖြူနှင့် နားချမှာ ကျွန်တော် စိုးရိမ်နေမိသည်။ ဦးဘဖြူမှာ ကျွန်တော်မိဘများအပေါ် ဩဇာအာဏာသုံးနေသည်မှာ သေချာပြီ။

ကျွန်တော်သည် ဦးလေးတို့အိမ်မှာ ညနေစာ မစားတော့။ ကိစ္စရှိသည်ဟုဆိုကာ ပြန်ထွက်လာသည်။ ကျွန်တော့်လှုပ်ရှားမှုများမှာ ပျာယာခတ်နေကြောင်း သတိထားမိသူတွေ သိမည်ပင်ဖြစ်သည်။ ကျွန်တော်သည် လူပျိုကြီးဖားဖား၊ အပျိုကြီးဖားဖား ဖြစ်နေသော ဘုစုနှင့်ခရ မောင်နှမကိုပင် ဂရုတစိုက် စကားပြန် မပြောနိုင်တော့။ ဒေါ်လေးက ရန်ကုန်ဆောင်းလည်း အထင်မသေးနဲ့။ တစ်ခါတစ်ခါ အေးတယ်နော်ဟု ပြောကာ စစ်ဂျာကင်ကို လှမ်းပေးသော်လည်း မယူဖြစ်တော့။

စွပ်ကျယ်စက်လမ်းထဲကို သုတ်ခြေတင်ရသည်။ ဘတ်(စ်)ကား စောင့်မနေနိုင်။ လှည်းတန်းမှ တွေ့ကရာ တက္ကစီကို ငှားလာခဲ့သည်။ ဘုတ်ဆုံမတစ်ယောက် သူတို့အိမ်ရှေ့မှာ ရပ်နေတုန်း လေးဘီးကားက အနားမှာ ထိုးရပ်ခြင်းဖြစ်သည်။

"အခုပဲ စန္ဒီ ပြန်သွားတယ်။"

ကျွန်တော်ခြေတစ်လှမ်း နောက်ကျသွားပြန်သည်။

"ငါစကား ပြောစရာရှိတယ် ဘုတ်ဆုံမ..."

"ငါလည်း နင်ရောက်လာမယ်လို့ ထင်နေတာ..."

"ဒါဆို တစ်နေရာရာသွားရအောင်... တစ်နေကုန် ငါ ဘာမှ မစားရသေးဘူး..."

"အင်း... အခုမှ ဆာရကောင်းမှန်း သိတယ်ပေါ့။ ငါ့အဝတ် အစားလဲဦးမယ်..."



www.burmeseclassic.com

www.burmeseclassic.com 

ကျွန်တော် ဘုတ်ဆုံမကို ကြည့်လိုက်သည်။ ဘုတ်ဆုံမသည် ခေါင်းလျှော်ထားဟန်တူသည်။ ရေမခြောက်သေးသည့် ဆံပင်တွေကို ဖြန့်ချထားသည်။ မျက်နှာပေါ်တွင် သနပ်ခါး ရေကျဲ လိမ်းထားသည်။ ဘလောက်(စ်)အင်္ကျီအဖြူ ခပ်ပွပွကို အပြင်ထုတ်ပြီး ဝတ်ထားသည်။ သူမသည် ဘုတ်ဆုံမဟူသော နာမည်နှင့် လိုက်ဖက်ခြင်း မရှိတော့။ သို့သော် ကျွန်တော် နှုတ်ကျိုးနေဆဲပင်။

"အာ..."မလဲပါနဲ့တော့။ လှပါတယ်ဟာ... ဒီအတိုင်းသာ လိုက်ခဲ့စမ်းပါ..."

ဒီပုံနဲ့ ဘယ်ဖြစ်မလဲဟ။ လူကြီးတွေကိုလည်း ပြောရဦးမယ်။ နင်လည်း ခဏဝင်ထိုင်ဦး..."

"အရေးကြီးပါတယ်ဆိုခါမှ..."

"နင် ဘာတွေ အရေးကြီးလာလဲဆိုတာ ငါသိပါတယ်ဟ။ မိန်းကလေးဆိုတာ နင်တို့ယောကျ်ားလေးတွေလို ဖုတ်ဖက်ခါပြီး ထသွား၊ ထလာ လုပ်လို့ ရတာမဟုတ်ဘူး။ နင် စောင့်ချင်စောင့်၊ မစောင့်ချင်နေ။ ဒါပဲ..."

ကျွန်တော် ဘုတ်ဆုံမကို ဆန့်ကျင်လို့ မဖြစ်။

"ကဲ..."မြင်၊ မြင်၊ ဘာမှလည်း ထူးလာမှာ မဟုတ်ဘဲနဲ့။ ဒီမှာ ကားဆရာ ခင်ဗျား စောင့်နိုင်မလား..."

"ကျွန်တော် မစောင့်နိုင်ဘူး။ ကားသိမ်းရမှာ..."

ကျွန်တော် ကားခရှင်းပေးလိုက်သည်။

ဘုတ်ဆုံမသည် စိတ်တိုင်းကျ ခြယ်သပြီးမှ ထွက်လာသည်။ ကျွန်တော် သူမကို အမှန်ပင် အံ့ဩစွာ ငေးကြည့်နေရလေသည်။ သူမသည် ယခင်က တောဆန်ဆန် ကျေးလက်ဟန်ပန်မျာနှင့် မြှမ်းတီးနေသူဖြစ်သည်။ ယခုတော့ ပြင်ထားလိုက်တာ အံ့ပုံစား။

www.burmeseclassic.com


ဆံပင်ကို သပ်သပ်ယပ်ယပ်ဖြစ်အောင် ဘဲနှုတ်သီးကလစ်တွေ ညှပ်သည်။ မျက်နှာမှာ မိတ်ကပ်လိမ်းသည်။ အိုင်းလိုင်နာတွေ၊ အိုင်းရှဲဒိုးတွေ ထည့်သည်။ မျက်ခုံးမွေး ဆွဲသည်။ နှုတ်ခမ်းနီ ဆိုးသည်။

သူမ ဝတ်ဆင်ထားသည့် ဝတ်စုံမှာ ကိုယ်ခန္ဓာအချိုးအစားကို ပေါ်လွင်စေသည်။ သူမ၏ ခါးလေးမှာ သေး၍ နေသည်။ ယခုမှ ဘုတ်ဆုံမအမည်မှာ သူမနှင့် လုံးဝ မလိုက်ဖက်တော့။ သူမသည် မိန်းမချော မိန်းမလှတစ်ဦးဖြစ်ပြီး စိတ်ဝင်စားစရာ ကောင်းသူလေးဖြစ်ကြောင်း ကျွန်တော် ဝန်ခံရလေပြီ။

"ဟား… မင်းသမီး ရှုံးနေပါလား…"

သူမ၏ အစ်ကို ဝမ်းကွဲများရှေ့မှာပင် ပြောမိသည်။

"နင်ပဲ စောစောက ပြောတော့ ပြင်မနေနဲ့။ ဘာမှ ထူးမလာဘူးဆို။"

သူကလည်း မောင်ဖားများရှေ့မှာပင် ပြန်ပက်လေသည်။

"နင် ငါ့ကို ထမင်း ကျွေးရမှာနော်…"

"အေးပါ။ ငါ ကျွေးပါ့မယ်…"

"အင်း… ကျွေးမယ့် မွေးမယ့်သူရောက်လာမှပဲ ဝမ္မာစိုးလို့ အစားလျှော့စားတဲ့အချိန်နဲ့ လာတိုးနေတယ်…"

သူမ၏စကားကြောင့် ကျွန်တော် ပြုံးမိသည်။

ကျွန်တော်တို့နှစ်ယောက် အိမ်ပေါ်မှ ဆင်းလာကြသည်။

"ဘယ်ဘက်သွားမလဲ…"

"အဲ… ငါက ရန်ကုန်ကို ဒီမနက်မှ ရောက်လာတာဆိုတော့ တောသားဖြစ်နေတယ်။ မြို့ထဲက ဘယ်ဆိုင်ကောင်းလဲ…"

"ဆိုင်တွေကတော့ ကောင်းပါတယ်။ ဒါပေမဲ့ အမျိုးသမီးစားပွဲထိုးတွေနဲ့"


www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အမျိုးသမီးစားပွဲထိုးတွေ ထား၍ စားသောက်ဆိုင်တွေ အပြိုင်အဆိုင် ဈေးခေါ်သောကာလ ဖြစ်သည်။ ပေါင်ပေါ်တက်ထိုင်ပြီး စီးကရက်မီး ညှိပေးလိုက်လျှင် မုန့်ဖိုးတစ်ဆယ်။ လိမ္မော်သီးအခွံနွာပြီးသား၊ အစေ့တစ်စေ့မကျန်အောင် နုတ်ပြီးသား အမြွှာလေးများကို ပန်းကန်ပြားထဲ ထည့်ပြီး ခွံ့ကျွေးလျှင် အစိတ်၊ စာရေးဆရာက နည်းနည်း။ ပြုစုယုယသည့် စရိတ်က များများဆိုသည်ကို ကျွန်တော်တို့ ကြားဖူးသည်။ မေမြို့(ယခု ပြင်ဦးလွင်)မှာ သင်တန်းပြန်တက်နေစဉ် မန္တလေး ဆင်းပြီး ငွေဖြုန်းဖူးသည်။ ရန်ကုန်ဆိုင်တွေတော့ မရောက်ဖူးသေး။

"နင် သွားချင်ရင် ယောက်ျားလေးအဖော်နဲ့ ဖြစ်ဖြစ်။ တစ်ယောက်တည်းဖြစ်ဖြစ် မင်္ဂလာသွားယူ။ ငါနဲ့တော့ မသွားနဲ့။ တော်ကြာ ငါ့ကို စားပွဲထိုးထင်ပြီး ဆွဲလားရမ်းလား လုပ်နေရင် ငါ ပါးဆွဲတီးမိမှာ..."

"ဒါဖြင့် ဘယ်သွားမလဲ..."

"ရှစ်မိုင်က နမ်းဆင်းကို သွား..."

ကျွန်တော်တို့ ပြည်လမ်းမကြီးပေါ်ရောက်တော့ မှောင်နေပေပြီ။ တက္ကစီတစ်စီး ငှားပြီး ရှစ်မိုင်ကို သွားရမည်။ နမ်းဆင်းစားပွဲရုံဝင်းထဲဝင်သည်။ အမျိုးသမီးစားပွဲထိုးတွေ အပြိုင်အဆိုင်ထားပြီး စားသောက်ဆိုင်တွေ ဈေးခေါ်နေသည့်အချိန်တွင် အမျိုးသမီးစားပွဲထိုး မထားသော နမ်းဆင်းဟိုတယ်မှာ လူရှင်း၍နေသည်။

"ယောက်ျားတွေများ အမြင်ကတ်ဖို့ကောင်းတယ်။ စိတ်ထရက်(စ်)တွေ ရှိတဲ့ ဆိုင်တွေမှာများ တရုန်းရုန်းနဲ့။ တစ်နေ့ယောက်နင် လိုက်ကြည့်ဦး။ နင်တို့က ရေ့တန်းမှာသာ မဲပြီး တိုက်နေကြတာ။ ဒီမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ ဇဟုသုတရအောင် ကြည့်သွား"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီဟာ။ စိတ်ရှုပ်လို့ ကမ်းနားမှာထိုင်နေပါတယ်ဆို ခါမှ သပွတ်အူ ရေထဲ မျောလာတာ တွေ့ရသလို ဖြစ်နေဦးမယ် ..."

ကျွန်တော်တို့နှစ်ယောက်သည် သီးသန့်ခန်းတစ်ခန်းကို ယူသည်။ အခန်း ကျယ်သည်။ စားပွဲကြီးသည်။ အစားအသောက်များကို ဘုတ်ဆုံမက မှာပေးသည်။ ကျွန်တော်ကား ဘာမှ မမှာတတ်။ မန္တလေးဘီယာတစ်ပုလင်းကိုသာ မှာတတ်လေသည်။

"ကဲ... နင် ဘာတွေ ဖြစ်နေလဲ..."

"နင်ရော...။ ဘာတွေ သိထားလဲ..."

"စန္ဒီက ပြောတယ်။ မနေ့က...။ နင်နဲ့ သူ ယူတော့မယ်တဲ့။ မိဘချင်းလည်း စကားပြောကြပြီးပြီတဲ့။ နင် မနက်ဖြန်မနက် ရောက်လာမယ်လို့ မန္တလေးက ဖုန်းလာတယ်တဲ့။ သူ သွားကြိုမယ်တဲ့။ သူ ကြိုမယ်ဆိုတာနဲ့ ငါလည်း လာမကြိုတော့ဘူး။ နင်တို့ချင်း လွတ်လွတ်လပ်လပ် အလွမ်းသယ်ပါစေဆိုပြီးတော့..."

ကျွန်တော် ခေါင်းခါလိုက်သည်။

"သူနဲ့ငါ ပြတ်သွားကြတာ ကြာပြီ။ အဲဒါ နင်မသိဘူးလား။"

"ပြတ်သွားကြတာသိတယ်လေ။ ဒါပေမဲ့ နင်တို့က စိတ်ချရတာမှမဟုတ်တာ။ နင်ကလည်း တကယ်ပြတ်မှာ မဟုတ်ဘူး။ ဟိုကလည်း မပြတ်နိုင်ဘူး..."

"သူ ဘာတွေလုပ်ခဲ့တယ်ဆိုတာ နင် သိလား..."

"ငါ သိပါတယ်။ ဟိုတုန်းက ငါပဲ သတိပေးခဲ့တာပဲ။ နင်တို့ချင်း အဆင်ပြေလို့ အိုကေသွားကြတော့ ကြားထဲက ပြောတဲ့သူ အပြောမခံနိုင်ဘူးလေ။ နောက်ပိုင်း ငါ ဘာမှ မပြောတော့ဘူး။"

"သူမကောင်းဘူးဆိုတာ ငါလည်းသိတယ် ဘုတ်ဆုံမ။ သူ့ကို ငါ လက်မခံနိုင်တော့ဘူး။ ငါ သူ့ကို လက်မထပ်နိုင်ဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"သူ ညနေက ဘာပြောသွားတယ် ထင်လဲ။"

"ဘာ ပြောသွားလဲ...။"

"မနက်က နင့်ကို သူခေါ်လာတယ်တဲ့။"

ဘုတ်ဆုံမက စကားကို ဆက်မပြောဘဲ ခေါင်းငုံ့နေသည်။ ကျွန်တော်က ...

"ငါက နင်နဲ့ လက်ထပ်ဖို့ ညှိနှိုင်းထားတယ်။ တပ်မှာ လက်ထပ်ခွင့်လည်း တင်ထားတယ်။ ခွင့်လည်း ပြုတယ်လို့ ပြော လိုက်တယ်။"

"ရော်...နင်က ပိန္နဲပင် ဆွဲထည့်တာပဲ...။"

ကျွန်တော် ပြုံးလိုက်မိသည်။

"သူကလည်း မယုံပါဘူး။ နောက်တယ်လို့ပဲ ထင်ပုံရတယ်..."

"နင် သူ့ကို ပြတ်ပြီဆိုရင် သူခေါ်တဲ့နောက်ကို ဘာဖြစ်လို့ လိုက်သွားလဲ..."

"အားနာလို့"

ဘုတ်ဆုံမက သက်ပြင်းချသည်။

"နင်တို့ဇာတ်လမ်းက မပြတ်ဘူး..."

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်။ နင်နဲ့ငါ လက်ထပ်လိုက်မှ ပြတ်မယ်..."

ကျွန်တော် တည့်တိုးပြောချပြီး သူမ၏ အမူအယာကို အကဲ ခတ်သည်။ ဘုတ်ဆုံမသည် ကျွန်တော်ထင်သလို လှုပ်လှုပ်ရှားရှား ဖြစ်မသွားပေ။ အပျိုတစ်ဦးပေမဲ့ ရှက်သွေးတွေဖြာပြီး ခေါင်းငုံ့သွားခြင်း မရှိပေ။ ကျွန်တော့်ကိုသာ တည်ငြိမ်စွာ ကြည့်၍နေသည်။

"မိန်းမတစ်ယောက်ကို ကိုယ်ဟာ့ကို မနေနိုင် မထိုင်နိုင်သွား စ၊ ဟိုက အတင်းလိုက်တော့ ကြောက်ပြီး ထွက်ပြေး။ ကိုယ့်ဟာကိုယ်

www.burmeseclassic.com


မထွေးနိုင်၊ မအန်နိုင် ဘာလုပ်ရမှန်း မသိတော့မှ ငါ့ကိုလက်ထပ်ခွင့် လာတောင်းတာပေါ့။"

ကျွန်တော် ပြာပြာသလဲ ငြင်းရသည်။

"အို… ဒီလိုမဟုတ်ပါဘူး။"

"ဒီလိုပါပဲ ငဖြိုးရယ်…"

"ငါ တကယ်ပြောတာပါ။ နင့်ကို ငါချစ်တယ်…"

သူမက ပြုံးလိုက်သည်။ ခနဲ့တဲ့တဲ့ အပြုံး။

"အရပ်ကူပါ လူဝိုင်းပါဖြစ်မှ ပြောတဲ့စကားကို ငါက ယုံရမှာလားဟာ။"

ကျွန်တော် ဘာဆက်ပြောရမှန်း မသိ။ ဘုတ်ဆုံမသည် ကျွန်တော့်ကို ချစ်နေလိမ့်မည်ဟု ထင်သည်။ ကျွန်တော်က ချစ်ပါတယ်ဟု ပြောလိုက်လျှင် ဝမ်းသာအားရနှင့် နှစ်သိမ့် ကြည်နူးသွားလိမ့်မည်ဟုလည်း ထင်သည်။ စင်စစ် ကျွန်တော်သည် ဘုတ်ဆုံကို အထင်သေးခြင်းပင်တည်း။

"နင် ငါ့ကို အထင်သေးလှချည့်လား ထက်လင်းဖြိုးရယ်။"

သူမကို အထင်သေးရာရောက်ကြောင်း ရိပ်စားမိချိန်တွင် ကျွန်တော်သည် နောက်ကျနေလေပြီ။

ဘုတ်ဆုံမ၏ပါးပြင်ပေါ်တွင် မျက်ရည်စီးကြောင်းလေး နှစ်စင်း ပေါ်ပေါက်လာသည်။ ကျွန်တော်ကား ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရလေပြီ။ ယခုမှလည်း နောက်ဆုတ်၍ မရတော့။ မထူးတော့သည့်နောက် ကျွန်တော်သည် ဇွတ်တိုးရန်သာ စိတ်ကူးလိုက်ရတော့သည်။

"ငါနင့်ကို အထင်မသေးဝံ့ပါဘူး ဘုတ်ဆုံမရယ်။ ငါ့အကြောင်း နင်သိသလို နင့်အကြောင်းလည်း ငါသိပါတယ်။ တကယ်တော့ နင့်


www.burmeseclassic.com

www.burmeseclassic.com



လောက် ငါ့အပေါ် ကောင်းတဲ့သူဆိုတာ ကမ္ဘာပေါ်မှာ မရှိပါဘူး။ နင့်စေတနာတွေကို ငါစော်ကားသလို ဖြစ်ခဲ့တယ်။ ခလုတ်ထိမှ အမိတတယ်လို့လည်း မပြောပါနဲ့။ အခုမှ ကုန်ဆုံးခဲ့တဲ့အချိန်တွေအတွက် ငါ ယူကျုံးမရဖြစ်လို့ မဆုံးဘူး။ နင့်ကို ငါချစ်တယ်။ အသည်းထဲ အူထဲကကို လှိုက်လှိုက်လှဲလှဲ ချစ်တယ်..."

သူမက အသံထွက်အောင် ရယ်လေသည်။ သူမ၏ ပါးပြင်ပေါ်မှ မျက်ရည်များမှာ မခြောက်သွေ့နိုင်သေး။

"နင့်စကားတွေက ရင်ထဲက စကားတွေမှ မဟုတ်တာ။ နင်နဲ့ စန္ဒီနဲ့ ဘယ်လောက်အထိ ချစ်ခဲ့ကြ၊ ဖြစ်ခဲ့ကြတယ်ဆိုတာ ငါ အသိဆုံး။ ချစ်စကားဆိုတာ လွယ်လွယ်နဲ့ မပြောရဘူး ထက်လင်းဖြိုး။ တကယ်တော့ နင် ငါ့ကို မချစ်ပါဘူး။ စန္ဒီနဲ့ပတ်သက်လို့ နင် ခံစားနေရတယ်။ စန္ဒီကို နင်ချစ်တယ်။ ဒါပေမဲ့ မယုံဘူး။ နင် သူ့ကို ယူလိုက်ရင် အများက ကဲ့ရဲ့မှာလဲ ကြောက်နေတယ်။ မယူဘဲ အချစ်သူရဲကောင်းကြီး လုပ်ပြတော့လည်း မအောင်မြင်ဘူး။ နင် ထွက်ပေါက် ရှာချင်နေတယ်။ ဒီမှာ ထက်လင်းဖြိုး..."

သူမက ကျွန်တော့်ကို ခပ်စိမ်းစိမ်းကြည့်သည်။

"နင်နဲ့ငါနဲ့ လက်ထပ်လိုက်ရင် ပြဿနာအားလုံး ပြေလည်သွားမယ်ထင်လို့လား"

"မဟုတ်ဘူး ဘုတ်ဆုံမ။ ပြဿနာဆိုတာက..."

သူမက လက်ကာပြသည်။

"နင် စန္ဒီကို ချစ်လား..."

"ငါ နင့်ကိုပဲ ချစ်တယ်..."

ကျွန်တော်က သွက်သွက်လက်လက် ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွေးရှူးသွေးတန်း မပြောနဲ့။ စန္ဒီကို နင်ဘာဖြစ်လို့ လက်မထပ်ချင်တာလဲ။ တကယ်ဆို နင်နဲ့ စန္ဒီဘဝဟာ အင်မတန်လိုက်ဖက်တာပဲ။ သူ့ဘဝအတွက် နင် ပူစရာမလိုဘူး။ တိုင်းပြည်တာဝန် ထမ်းဆောင်နေတဲ့ နင်ဟာ အိပ်ထောင်အတွက် ရှန်းကန်နေစရာ မလိုဘူး...။"

သည်တစ်ခါ လက်ကာရသူက ကျွန်တော်။

"တော်ပါတော့။ စန္ဒီကို ငါ မယုံဘူး ဘုတ်ဆုံမ။ ငါဟာ သူကိုမြင့်ထူးနဲ့ ဖြစ်နေတုန်း တွေ့ခဲ့ရတာ။ သူ့မှာ ရာဇဝင်တွေ အများကြီး ရှိတယ်။"

"ဒီလိုပဲပေါ့ ထက်လင်းဖြိုးရယ်။ ငါလည်း နင့်ကို မယုံဘူးလေ။ နင့်မှာလည်း ရာဇဝင်ရှိတာပဲ။"

ကျွန်တော် အရှိုက်ကို အထိုးခံလိုက်ပြန်သည်။ ရုတ်တရက်ဘာပြန်ပြောရမှန်း မသိသဖြင့် ဘီယာကိုသာ ငုံ့၍ သောက်မိသည်။ ဘုတ်ဆုံမက စားသောက်ဖွယ်များကို အိန္ဒြေရရ စားသည်။ ကျွန်တော်က ဘီယာတစ်ပုလင်းကို ကုန်အောင်သောက်သည်။ ထို့နောက် ရမ်ထပ်မှာရန် စားပွဲထိုးကို ခေါ်သည်။

"တော်တော့ နင် ငါ့ကို အားနာဦးလေ။ ငါ နင်နဲ့ အချိန်မတော် ညကြီးမင်းကြီး လိုက်လာတာဟာ နင့်သီကွာကို လေးစားလို့၊ ယုံကြည်လို့။ ညစာကျွေးပြီး ရည်းစားစကား အပြောခံရတာကနေ အရက်မူးပြီး ဆွဲလားလွဲလား အလုပ်ခံရတဲ့အဆင့်ဆိုရင် မကောင်းတော့ဘူးလေ..."

ကျွန်တော်ကား ရှုံးပြီးရင်း ရှုံးနေသည်။ စိတ်ထဲတွင်လည်း အားငယ်လာသည်။ ကျွန်တော် သူမကို စိုက်ကြည့်နေမိသည်။ ကျွန်တော့်မျက်လုံးများထဲတွင် သူမအပေါ် အားကိုးမှု အရိပ်များရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို သူမသာ သတိထားမိပါက မြင်ရပေလိမ့်မည်။

"ကဲ... နင်ပြောချင်တာ ဒါပဲမဟုတ်လား။ ညဥ့်သိပ်နက်သွားရင် မကောင်းဘူး။ ငါ့ကို လိုက်ပို့ဦး..."

"နင် ငါ့ကို ဘာမှ မပြောတော့ဘူးလား..."

"နင် ပြောတာတွေကို လက်မခံဘူး..."

"ဒါပဲလား ဘုတ်ဆုံမ..."

"နင် စန္ဒီဆီသွားပါ။ သူနင့်ကို စောင့်နေတယ်..."

ကျွန်တော် ဒေါသထွက်သွားသည်။

"လူတကာအပေါ် အသည်းခွဲနေတဲ့မိန်းမဆီ ငါက သွားရမှာလား။ တစ်သက်လုံး မသွားဘူး...။"

"နင်တို့ကိုက အသည်းခွဲ ခံချင်နေကြတာကိုး။ ချိတ်ချိတ်ချင်းမှ ချိတ်လို့ရတာပါ။"

ကျွန်တော် ခေါင်းခါသည်။

"ငါ မသွားဘူး။ နင်လည်း အချစ်သူရဲကောင်း မလုပ်နဲ့..."

"ဘာ..."

"ငါပြောတာ ရှင်းရှင်းလေး..."

"နင့်ကို ငါက ချစ်တယ်လို့ ပြောခဲ့လို့လား။ ငါက ဘာဆိုင်လို့ အချစ်သူရဲကောင်း လုပ်ရမှာလဲ ထက်လင်းဖြိုး။ နင်ဟာ နင့်ကိုယ်နင် သိပ်အထင်ကြီးတယ်..."

အခြေအနေကား တင်းမာသွားလေပြီ။ ကျွန်တော်သည် ရှက်ရွံ့ခြင်း၊ ကြေကွဲခြင်းနှင့် တုန်လှုပ်ချောက်ချားခြင်းတို့ကို တစ်ပြိုင်နက်တည်း ခံစားနေရသည်။ ဘုတ်ဆုံမရှေ့တွင် ကျွန်တော် ဘယ်လိုနေရမှန်းပင် မသိ။ အားကိုးတကြီး ခိုဝင်ပြေးလွှားလာသူအား ရင်ဘတ်ကို ခြေဖြင့် ဆီး၍ကန်ကျောက်ခြင်းဟု မပြောလိုပါ။ သို့သော် ထိုအဖြစ်

www.burmeseclassic.com


ထက်ပင် ဆိုးမလား မသိပါ။ ဘုတ်ဆုံမသည် ကျွန်တော့်ကို ပညာ သားပါပါဖြင့် ဆုံးမလိုက်ခြင်းပင်။

"နင်အိမ်ပြန်ဦး။ နင့်မိဘတွေက နင့်ကို မှတ်မိပါ့မလားတောင် မသိဘူး..."

"သူတို့ဆီသွားရင် ငါ့ကို စန္ဒီနဲ့ အတင်းအကျပ် ပေးစားလိမ့် မယ်..."

သူမ တသိမ့်သိမ့် ရယ်မောလိုက်သည်။

"နင်ကများ နာရတယ်ရှိသေးတယ်။ စန္ဒီကို လိုချင်တဲ့သူတွေ မှ ပုံလို့။ လာစေ့စပ်တဲ့သူတွေ၊ လူကြီးတွေကတစ်ဆင့် လာတောင်း တဲ့သူတွေ အများကြီးပဲ။ ရုပ်ချော၊ ဥစ္စာပေါ၊ သဘောကောင်း၊ တကယ်ဆို နင်နဲ့တောင် မတန်ဘူး..."

"သွားစမ်းပါဟာ..."

ကျွန်တော်သည် ဘုတ်ဆုံမကို ခေါ်ပြီး ရှစ်မိုင်လမ်းဆုံအထိ လမ်းလျှောက်လာသည်။ တက္ကဆီတစ်စီးကို ငှားကာ သူမအား စွပ်ကျယ်စက်လမ်းသို့ပို့ပေးပြီးမှ လှည်းတန်းသို့သွားသည်။ နောက် တစ်ည အိပ်ရေးဆက်ပျက်ပြီး တစ်နေကုန်အိပ်နေမိသည်။ နောက် တစ်ရက်ကျမှ မြို့ကိုရောက်သည်။

❖

## (ဂ)

ကျွန်တော်တို့ မြို့လေးမှာ ရှေးနှစ်ပေါင်းများစွာနှင့်စာလျှင် ပြောင်းလဲမှု သိပ်မရှိလှသေးပေ။ ကျွန်တော်တို့အိမ်မှာ အဝီစိတွင်း ရေကို အသုံးပြုနေပြီဖြစ်သည်။ ကျွန်တော်တို့ငယ်ငယ်က ရေခပ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းကြီးမှာ မရှိတော့ပေ။ ထိုအချက်များမှလွဲ၍ ကြီးကြီးမားမား အပြောင်းအလဲဟူ၍ မရှိ။

ရောက်ရောက်ချင်းနေ့မှာပင် ကိုသိန်းထွန်းနှင့်ကိုသန်းအောင်က ထန်းရည်တိုက်ရမည်ဆို၍ သွားတိုက်ရသည်။ သို့သော် ထန်းရည်ကို စတိသာသောက်ကြပြီး မန္တလေးရမ်ကို ဝယ်တိုက်ရခြင်း ဖြစ်သည်။ ညွှန့်တင်၊ ထွန်းရီတို့နှင့်အတူ ကြက်သားကာလသားချက် ချက်စားကြသည်။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြရာ တော်ရုံနှင့် အိမ်ပြန်မရောက်။

နောက်တစ်နေ့ကျမှ မိဘများနှင့် ပြောခွင့်ရတော့သည်။ ကျွန်တော် မျှော်မှန်းထားသည့်အတိုင်းပင် အဖေနှင့် အမေသည် စန္ဒီမိုးဦးဖြူနှင့် လက်ဆက်ရေးအတွက် ကျွန်တော့်ကို နားချကြလေသတည်း။

"မင်းတို့ချင်း ဘယ်လောက် သံယောဇဉ်ရှိခဲ့တယ်ဆိုတာလည်း အဖေတို့သိပါတယ်။ အဖေတို့အနေနဲ့ကလည်း သူတို့အပေါ် မလွန်ဆန်နိုင်တာတွေက ရှိနေတယ်။ အဲဒါတစ်ခုတည်းကြောင့်ရယ်လို့တော့ မထင်ပါနဲ့ကွာ။ မင်းကို မိဘတွေရဲ့အလိုဆန္ဒဖြည့်ခိုင်းတာမျိုး မဟုတ်ပါဘူး။ မင်းကို ခတုံးလုပ်တယ်လို့ မထင်ပါနဲ့ကွာ။ ငါတို့က သူတို့ကို ကြောက်ရတယ်။ သူတို့ကျေးဇူးလည်း မနည်းဘူး။ သူကိုက စပြောတော့ ငါသိပ်ဝမ်းသာတာပဲ။ ငါတို့က စပြောဖို့ဆိုတာကတော့ မလွယ်ဘူး…"

အဖေစကားများမှာ အမြီးအမောက် မတည့်ပေ။ အဖေသည် တပ်မတော် အရာရှိတစ်ဦးဖြစ်လာသော ကျွန်တော့်အပေါ် ရှိန်နေသလိုမျိုး ဖြစ်နေသည်။ အဖေသည် ဤမြို့၌ ကျုပ်သားက ဗိုလ်ကြီးဖြစ်နေပြီ။ ကျုပ်တောင် ပြန်ကြောက်နေရတယ်ဗျဟု အကြွားသွန်ထား



www.burmeseclassic.com

www.burmeseclassic.com


ကြောင်း ကျွန်တော် သိပြီးပေပြီ။ အဖေသည် သူကြွားထားသည့်စကားများနှင့် ညီညွတ်အောင် ကျွန်တော့်ကို ဆက်ဆံပြနေခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် မိဘဟူသော အရှိန်အဝါကို သုံးစွဲသည်ဟု ကျွန်တော်က ထင်မှာကိုလည်း စိုးနေသည်။

"ဖအေကြီးကလည်း စကားပြောတာက ဗလုံးဗထွေးနဲ့။ အချိုးကို မပြောဘူး။ သားက စစ်ဗိုလ်။ သူတို့စစ်သားဆိုတာ ပြတ်ပြတ်ပြောမှ ကြိုက်တယ်။ ဒီလို သားရေ။ စန္ဒီတို့ဘက်က မိဘတွေက နားဖောက်လာတယ်။ အမေတို့လည်း ငြင်းရခက်တယ်။ အမေတို့ကိုယ်တိုင်လဲ သဘောတူတယ်။ ကောင်မလေးက ရုပ်ချော။ ဥစ္စာပေါ။ တစ်ဦးတည်းသောသမီး ဒါပေမဲ့ သားကို ပြောပါဦးမယ်လို့တော့ ပြောထားတယ်။ အဲဒါပဲ..."

ကျွန်တော် ခေါင်းခါလိုက်သည်။ ကျွန်တော့် တုံ့ပြန်ချက်ကို မိဘများအနေနှင့် မျှော်လင့်ပုံ မရပေ။

"ကျွန်တော် လက်မခံနိုင်ဘူးအဖေ။ သူ့ကို ကျွန်တော် မယူနိုင်ဘူး။ အဖေတို့ အမေတို့မှာ မျက်နှာနာရမှာ ရှိတယ်ဆိုရင် တခြားနည်းနဲ့ ကျွန်တော် ဖြေရှင်းပေးမယ်။ ကုန်ကုန်ပြောမယ်ဗျာ။ သူတို့ အကြွေးတွေ ရှိနေလား။ ကျွန်တော် တစ်သက်လုံး ဆပ်ရင်ဆပ်မယ်..."

အဖေရော အမေရော ငိုင်သွားကြသည်။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

"ငါ့သား မင်း မငြင်းသင့်ဘူးနော်။ မင်းတို့ချင်း ဘယ်လောက်ရင်းနှီးကြတယ်ဆိုတာလည်း သူတို့မိဘတွေက သိနေပြီ။"

"မှန်တယ်အဖေ။ သူနဲ့ကျွန်တော် ရည်းစားဖြစ်ခဲ့ဖူးတယ်။ အဲဒီနောက် အဆင်မပြေလို့ ကွဲသွားခဲ့ကြတာ ကြာပြီပဲ။"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီလို လွယ်လွယ်မပြောနဲ့။ မိန်းကလေးတစ်ယောက်ကို သွားစပြီးရင် ဒီလို ခေါင်းရှောင်လို့ မရဘူး။"

အဖေ့လေသံက မာလာသည်။

"စန္ဒီမိုးဦးဖြူ ဘယ်လိုဆိုတာ အဖေရော၊ အမေရော သိပါတယ်။ သူ ဘာကြောင့် ကျွန်တော်တို့အိမ်ကို ရောက်လာရလဲအဖေ..."

အဖေက...

"ဒါက ဒီလိုကွ"

အဖေ့ကို ကျွန်တော် စကားဆက်ခွင့် မပေး။

"ကန်တော့ပါရဲ့အဖေ။ သူဟာ ဦးဝဏ္ဏအောင်ဆိုတဲ့ ကျူရှင်ဆရာတစ်ယောက်နဲ့ ငြိစွန်းတယ်။ ရုပ်ပျက်ဆင်းပျက်နဲ့ အရှက်တကွဲဖြစ်ရတော့မယ့်အခြေအနေမှာ သူ့မိဘတွေက ခွဲပြီး ကျွန်တော်တို့အိမ် ပို့ထားတယ်။ သူနဲ့ကျွန်တော် ဖြစ်သွားမှာစိုးလို့ အဖေနဲ့ အမေဟာ ကျွန်တော့်ကို မှတ်လောက်သားလောက်အောင်ရိုက်ပြီး ကိုစောသိန်းဆီ ပို့ထားတယ် မဟုတ်လား။ အခုမှဘာဖြစ်လို့ ကျွန်တော့်ကို သူနဲ့ သိပ်ဖြစ်စေချင်နေရတာလဲ..."

အဖေ့မျက်နှာက တင်းမာလာသည်။

"မှန်တယ်။ ဦးဘဖြူဟာ ငါ့ဆရာ။ မကောင်းရာ မကောင်းကြောင်းတွေလည်း ရှိတယ်။ ဟော့ အင်းစိန်ကို သူပုန်တွေ သိမ်းထားတော့ မင်း မွေးဖို့နေနေသာသာ မင့်အမေနဲ့ ငါနဲ့တောင် မတွေ့သေးဘူး။ ငါတို့ကို သူပုန်တွေက သူတို့အဆုတ်မှာ ပစ္စည်းထမ်းဖို့ ဖမ်းသွားတယ်။ ဦးဘဖြူက ရဲဘော်ဖြူ ၊ သူပုန်တွေကို ရဲဘော်ဖြူတွေက လမ်းဖွင့်ပေးလို့ ဆုတ်နိုင်တာ။ နို့မို့ရင် တပ်မတော်က တီးလို့ကုန်ပြီ။ သူပုန်ဗိုလ်က စာဘူးတောင်းဘက်ရောက်တော့ ငါတို့ကို ကျင်းတူးခိုင်းတယ်။ ကိုယ့်ကျင်းကိုယ်တူးခိုင်းပြီး သတ်မလို့ဟော့။ အဲဒါကို ဆရာ

www.burmeseclassic.com



ဘဖြူက သူ့လူပါဆိုပြီး ပိုက်ဆံပေး ရွေးလာတာ။ သူဟာ ငါ့အသက်သခင်ကျေးဇူးရှင်။ ဒီမြို့ဟာ ဟိုတုန်းက ရွာသာသာပဲ။ ဒီမှာ စီးပွားရေးလုပ်ငန်းတွေ သူထူထောင်ပေးတာ။ နောက်ဆုံးမင့်အမေနဲ့ သူပဲ ပေးစားတာ။"

ကျွန်တော့်အမေ့ကို ကြည့်လိုက်မိသည်။

"အမေ့ကိုလည်း သူတို့မိသားစုက ငယ်ငယ်လေးကတည်းက မွေးစားလာခဲ့တာလေ။ သားသမီးသဘောပါပဲ"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အဖေ။ ဒါပေမဲ့ ကျွန်တော် ပြောတာက အဖေနဲ့အမေဟာ စနှီးနဲ့ ကျွန်တော့်ကို ရိုက်ပြီး ခွဲခဲ့တယ်နော်..."

"အေး ငါကလည်း အဲဒါပြောမလို့ကွ။ မင်းကို အဲဒီတုန်းက မပတ်သက်စေချင်တာ အမှန်ပဲ။ ဘယ့်နှယ်ကွာ။ သူများဒုက္ခရောက်နေလို့ ကိုယ့်ကို အကူအညီ တောင်းပြီး အပ်ထားပါတယ်။ ကိုယ့်ဆီရောက်မှ ကိုယ့်သားနဲ့ ပြဿနာဖြစ်တယ်ဆိုရင် ကောင်းမလားကွ။ မင်းကရော၊ ဒီလိုရိုက်ထားတာတောင် အမှတ်ရှိလို့လား။ အခုမှတော့ မျက်နှာပျက်အောင် မလုပ်နဲ့တော့ကွာ.."

"ဟဲဟဲဟဲ... အဖေနဲ့အမေ ယူကြတော့ အမေက အပျိုပေါ့..."

"အံမာ... နင်က ငါ့ကို တစ်ခုလပ်အောက်မေ့နေလို့လား..."

"ကျွန်တော်လည်း အပျိုကို လက်ထပ်ချင်တယ်လေ..."

အဖေသည် ကျွန်တော့်ရင်ဘတ်မှ အင်္ကျီစကို ဆွဲဆောင့်လိုက်သည်။

"ဟော့ကောင်။ မင်းတို့ချင်းချင်း ဘယ်လောက်အထိ လွန်နေကြတယ်ဆိုတာ ကောင်မလေးကိုယ်တိုင် သူ့မိဘများကို ဝန်ခံပြီးပြီ။ ကုန်ကုန်ပြောမယ်ကွာ။ အခု ခွင့်ပြန်လာတာတောင် မိဘဆီအရင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာဘဲ ကောင်မလေးနောက် ပါသွားတယ် မဟုတ်လား။ ဆရာဘဖြူနဲ့ သူ့ညီမက အသက်ကြီးလာတော့ ပြန်ပြေလည်သွားကြပြီ။ မင်းအမေ့ရှေ့မှာ ငါ မပြောချင်ဘူး။ ဒါပေမဲ့ ပြောရမှာပဲ။ မင်း ယောက်ျားပဲကွ။ သတ္တိရှိစမ်းပါ။"

ကျွန်တော် မျက်လုံးပြူးရတော့သည်။

"မဟုတ်ဘူး အဖေ။ ကျွန်တော်နဲ့ သူနဲ့ သန့်သန့်ရှင်းရှင်းပါ။ အခြေအနေမလွန်ပါဘူးအဖေ..."

"လုပ်မနေနဲ့။ မင်းနဲ့ လွန်လွန်ကျူးကျူး ဖြစ်နေပါတယ်လို့ မိန်းကလေးကိုယ်တိုင်က ဝန်ခံပြီးပြီ။ မင်း ရန်ကုန်ရောက်ရောက်ချင်း နေ့က ခုနစ်မိုင်ခွဲမှာ သွားအိပ်တာကအစ .."

"ဟာ... ပြဿနာပဲ။ ကျွန်တော် ဒီလိုလူစားမျိုး မဟုတ်ဘူး အဖေ။ ကျွန်တော် အခွင့်အရေး မယူဘူး။ စည်းစောင့်တယ်။"

"ဘာပဲပြောပြောလေ။ မိန်းကလေးတစ်ယောက်နဲ့ ဆိတ်ကွယ်ရာမှာ အကြာကြီး ရှိနေတယ်ဆိုကတည်းက ဘယ်သူ ယုံမှာလဲ။ အဲဒီလို အထင်ခံ အမြင်ခံရပြီဆိုကတည်းက မိန်းကလေးမှာ နစ်နာသွားပြီ။ အဲဒီလောက် ယောက်ျားလေးက ပစ်ပစ်ခါခါလုပ်လိုက်ရင် ပိုပြီး အရှက်ကွဲမယ်။ ယောက်ျားပီသစမ်းပါကွာ..."

ကျွန်တော် ခေါင်းကိုသာ ယမ်းနေမိသည်။

" ဒီသတင်း ဘယ်သူပြောသလဲ။ ဒါ လုပ်ကြံသတင်းတွေ၊ ကျွန်တော့်ကို သက်သက်နာမည်ဖျက်တာ။"

"ဘယ်သူမှ မပြောဘူး။ စန္ဒီမိုးဦးဖြူကိုယ်တိုင်က သူ့မိဘတွေကို ပေးတဲ့ဖြောင့်ချက်။ မင်း မနေ့က သန်းအောင်တို့ သိန်းထွန်းတို့နဲ့ မူးလို့ကောင်းနေတုန်း ငါ ရန်ကုန်ရောက်တယ်။ သူတို့အိမ်ရောက်တယ်။ စန္ဒီမိုးဦးဖြူက မင်းလာတဲ့ အကြောင်း၊ မသီမို့တို့ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ဘယ်လိုနေကြ ထိုင်ကြကြောင်း၊ အရင်ကလည်း ဒီလိုပဲ နေခဲ့ဖူးကြောင်းတွေ ငါ့ရှေ့မှာတင် ပြောတာကွ…"

အဖေသည် ကျွန်တော့်ကို ဆောင့်တွန်းပစ်လိုက်သည်။

"မင်း ငြင်းချင်ရင် အစကတည်းက ကင်းအောင်နေပါလား။ မပြေးသော် ကန်ရာရှိနေမှ မငြင်းနဲ့လေ။ အေး… မင်းကို ငါတို့က ရိုက်ပြီး မပေးစားပါဘူး။ စစ်ဗိုလ်ကြီးတစ်ယောက်ကိုလည်း သူ့ဆန္ဒမပါဘဲ ငါတို့က ဘာမှ မလုပ်ရဲပါဘူးကွာ။ မင်းရဲ့သိက္ခာပဲလေ…"

စန္ဒီမိုးဦးဖြူသည် ကျွန်တော့်ကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရသွားပြန်လေပြီတည်း။ ကျွန်တော်သည် မည်သို့မှ ဖြေရှင်း၍ ရတော့ပေ။ သို့သော် ကျွန်တော်သည် ခွင့်ရက် အလွန်နည်းနေပြီ ဖြစ်ကြောင်း အကြောင်းပြစရာက ရှိနေသည်။ မြစ်ကြီးနားသို့ မီးရထားဖြင့် ပြန်ရန်မှာ နှစ်ရက်ခန့်ကြာမည်။ ခွင့်က ဆယ်ရက်ပဲ ရသည်။ အခုပဲ လေးရက်ကုန်ပြီ။ ကျွန်တော့်မှာ ကိုယ်ပိုင်ချိန် လေးရက်သာ ရှိသည်။ မိဘများကလည်း အလောတကြီး စီစဉ်ချင်ပုံမရ။

အဖေနှင့်အမေသည် ကျွန်တော့်ကို နှစ်ရက်ခန့် ဖျောင်းဖျကြသည်။ ကျွန်တော်ကား အရာရာကို စိတ်ကုန်နေလေပြီ။ မိဘများသည် စိတ်ချလောက်ပြီဆိုမှ ကျွန်တော့်ကို ရန်ကုန်ခေါ်သွားကြသည်။

ထိုအခါမှပင် စန္ဒီမိုးဦးဖြူတို့အိမ်သို့ ရောက်ဖူးခြင်းပင်တည်း။ အုန်းမှုတ်ခွက်အောက်မှ ဖားသည် အုန်းမှုတ်ခွက်ကိုပင် မိုးကောင်းကင်ထင်ကာ မိမိကိုမိမိ ကြီးကျယ်လှပြီဟု ဘဝင်မြင့်ခဲ့သည်။ အုန်းမှုတ်ခွက်အောက်မှလွတ်မြောက်သွားသောအခါတွင်ကား မိမိသည် ဘာမှမဟုတ်သည်ကို သိရှိသွားရသည်။ ကျွန်တော်သည် စန္ဒီမိုးဦးဖြူတို့၏ ချမ်းသာကြွယ်ဝမှုကို ယခုမှ မျက်ဝါးထင်ထင် မြင်ရခြင်းပင် ဖြစ်သည်။ ယခင်တုန်းကတော့ စန္ဒီမိုးဦးဖြူသည် ကားအသစ်ပေါ်တိုင်း စီးနိုင်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ခြင်း၊ လက်ဝတ်လက်စားတွေ ဆင်မြန်းခြင်း၊ ငွေကြေးသုံးစွဲမှုတွင် လက်ဖွာခြင်းတို့ကိုသာ သတိထားမိသည်။

သူတို့အိမ်ကြီးမှာ ကျယ်ဝန်းလှသော ခြံကြီးအလယ်တွင်ရှိသော နှစ်ထပ်တိုက်ကြီးဖြစ်သည်။ နှစ်ထပ်တိုက်ကြီးမှာ ကြီးမားလှပြီး အဆောင်ဆောင် အခန်းခန်းတွေ မည်မျှ ဖွဲ့ထားသည်ကိုပင် ခန့်မှန်း၍ မရ။ အိမ်ဖော်နှင့် ခြွေရံသင်းပင်းများ နေထိုင်ကြသည့် တိုက်သည်ပင်လျှင် ခြံနောက်ပိုင်းမှ နှစ်ထပ်နံကပ်တိုက်တန်းလျားဖြစ်သည်။ ကားဂိုဒေါင်ကြီးမှာ ကြီးမားလှပြီး အပေါ်ထပ်ခိုးတွင် လူတွေ နေသည်။ ဂိုဒေါင်ထဲတွင် ဆလွန်းကားလေးစီးကို တွေ့ရသည်။ ဤကား အပြင်မြင်ကွင်းသာ ဖြစ်သည်။

ဧည့်ခန်းကော်ဇောမှာ နင်းရက်စရာမရှိ။ လေအေးစက် တပ်ထားသော ဧည့်ခန်းမှာ ခန်းမကြီးတစ်ခုပင် ဖြစ်သည်။ မျက်နှာကြက်တွင် တပ်ဆင်ထားသော လျှပ်စစ်မီးပန်းဆိုင်းများကို ကျွန်တော် ရုပ်ရှင်ထဲတွင်သာ မြင်ဖူးသည်။ ပရိဘောဂ အသုံးအဆောင်တွေက ခမ်းနားသည်။ ပန်းချီကားကြီးများ၊ ပန်းပုရုပ်လုံးများမှာ အဖိုးတန်သည်။ ဦးဘဖြူသည် လွတ်လပ်ရေးခေတ်က ခေတ္တမျှ နိုင်ငံရေးအရှုပ်ထဲခဲ့ပြီးမှ မိဘတို့၏ အမွေအနှစ်များကို ဆက်လက်ဦးစီး လုပ်ကိုင်ခြင်းဟုဆိုသည်။ အပေါင်းအသင်းများသောကြောင့် စီးပွားလည်း ဖြစ်ထွန်းသည်။ စန္ဒီမိုးဦးဖြူတို့ အမေက မိုးကုတ်သူ။

ကျွန်တော်သည် စန္ဒီမိုးဦးဖြူအား ချစ်စရာကောင်းသော သာမန်မိန်းမချောလေးတစ်ဦးနှယ်သာ သဘောထားခဲ့ဖူးသည်။ သူမ၏ မိဘများ ဤမျှအထိ ချမ်းသာလိမ့်မည်ကို မခန့်မှန်းတတ်ခဲ့။ ပြီးတော့ သူမသည် တစ်ဦးတည်းသော သမီး။

www.burmeseclassic.com


နှစ်ဖက်မိဘများနှင့်အတူ ကျွန်တော်တို့နှစ်ယောက်ပါ ထိုင်၍ စကားပြောကြသည်။ ကျွန်တော်သည် ဒေါ်သကို ထိန်းထားရသည်။ အိန္ဒြေမပျက်အောင် ချုပ်တည်းထားရသည်။ ထို့နောက် ကျွန်တော့် ခွင့်ရက်မှာ နှစ်ရက် သုံးရက်သာ ကျန်ကြောင်း၊ တပ်မတော်သား တစ်ဦးအနေနှင့် အိမ်ထောင်ပြုလျှင် အထက်သို့ တရားဝင်လက်ထပ်ခွင့် တင်ရကြောင်း၊ ကျွန်တော်တို့တပ်ရင်းမှာ တိုက်ခိုက်ရေးတာဝန်တွေ များပြားသဖြင့် ခွင့်ရဖို့ မလွယ်ကြောင်း၊ ယခုခွင့်မှာ တစ်နှစ်အတွက် ရရှိခြင်းဖြစ်ရာ ရှေ့နှစ်မှ ခွင့်တင်လို့ရမည်ဖြစ်ကြောင်း ပြောပြသည်။

ဦးဘဖြူက တပ်မတော်မှ နုတ်ထွက်မလားဟု မေးရာ ကျွန်တော် ခေါင်းခါလိုက်သည်။ ကျွန်တော့်အနေနှင့် တပ်မတော်သား ဘဝကို အလွန်ခင်တွယ်ကြောင်း၊ မည်သို့မျှ မနုတ်ထွက်နိုင်ကြောင်း ပြောပြသည်။ စန္ဒီမိုးဦးဖြူကလည်း ဝင်ရောက်ကန့်ကွက်သည်။ ဦးဘဖြူက သဘောကျစွာ ပြုံးသည်။ ဦးဘဖြူသည် ကျွန်တော့် အတွက် များစွာဂုဏ်ယူကြောင်း၊ တပ်မတော်အရာရှိမို့ လေးစား ပါကြောင်း ပြောသည်။

ကျွန်တော့် မိဘများ ရင်ထဲမှ အလုံးကြီးတွေ ကျသွားဟန် တူသည်။ သူတို့ကို ကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ နာကျင်နေသည်။ စင်စစ် ဤပွဲကား ကျွန်တော်တို့၏ စေ့စပ်ပွဲပေတည်း။

❖

## (ဃ)

လူကြီးတွေချင်း လွတ်လပ်စွာစကားပြောနိုင်ရန် လူငယ်တွေ က ရှောင်ပေးရပြန်သည်။ ကျွန်တော်သည် စန္ဒီမိုးဦးဖြူ ခေါ်ရာကို လိုက်ပါလာရသည်။ သူမက ကျွန်တော့်ကို တစ်အိမ်လုံး လိုက်လံ



www.burmeseclassic.com

www.burmeseclassic.com



ပြသသည်။ ကျွန်တော်သည် နန်းတော်ကြီးထဲ ရောက်နေသည့် တောတွင်းသားလို ဖြစ်နေသည်။ သူမက အပေါ်ထပ်ကို ခေါ်သည်။ အောက်ထပ်မှ ကော်ဇောသည် လှေကားတွင် အဆက်မရှိ။ အပေါ်ထပ်နှင့်လည်း တစ်ဆက်တည်းဖြစ်သည်။ အိမ်ပုံစံကိုပေးပြီး နိုင်ငံခြားမှာ ရက်လုပ် ခိုင်းခြင်းလား။ သို့မဟုတ် စက်ကိုပါ အိမ်ထဲယူလာပြီး ချည်တစ်ဆက်တည်း ရက်လုပ်ခြင်းလား။ ကျွန်တော် မပြောတတ်။

စန္ဒီမိုးဦးဖြူက သူမ၏အခန်းထဲကို ခေါ်သွားရာ သူမ၏အခန်းသည်ပင် ကျွန်တော်တို့၏ အိမ်ထက် ကျယ်ပေလိမ့်မည်။ ကျွန်တော်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သူမ ကျွန်တော်တို့ အိမ်သို့ ရောက်လာပုံကို သတိရလာသည်။ သူမအနေနှင့်ဆိုသော် နက်လှစွာသော ဆင်းရဲတွင်းသို့ သက်ဆင်းရခြင်းပင်တည်း။

"တော်တော်လည်း အကွက်စေ့ပါပေ့ စန္ဒီရယ်..."

ကျွန်တော် မချိတင်ကဲ ရေရွတ်မိသည်။ ဆိုဖာကြီးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချပြီး စီးကရက်ဖွာသည်။ စန္ဒီမိုးဦးဖြူက ပြာခွက်တစ်ခွက် ချပေးရင်း မေးသည်။

"မောင် ဘာကို ဆိုလိုတာလဲ..."

"တို့ကို အပိုင်ချည်လိုက်တာလေ..."

"စန္ဒီ အဲဒီလို သဘောမျိုးမဟုတ်ဘူး မောင်"

"မဟုတ်လို့ တော်သေးတာပေါ့လေ။"

စန္ဒီမိုးဦးဖြူက ကျွန်တော့်ကို ပြုံးပြီး ကြည့်နေသည်။

ကျွန်တော်ကား ဒေါသတွေထွက်နေမိသည်။ ထိုင်ရာမှထ၍ ရပ်မိသည်။

"မောင် မကျေမနပ်ဖြစ်နေလား..."

"စဉ်းစားကြည့်ပေါ့ကွာ..."



www.burmeseclassic.com

www.burmeseclassic.com


သူမသည် တခစ်ခစ် ရယ်သည်။ ထို့နောက် ကျွန်တော့် လည်ပင်းကို သူမ၏ လက်နှစ်ဖက်ဖြင့် သိုင်းဖက်၍ နိုစီးလိုက်ရာ ကျွန်တော်သည် သူမ ပြို့ကျမသွားရအောင် သူမ၏ ခါးလေးကို သိုင်းဖက်ထားရလေသည်။ ကျွန်တော်က သူမကို ဆိုပါဆက်တီပေါ်သို့ ချလိုက်ရာ သူမက ကျွန်တော့်ကို မလွှတ်သဖြင့် ကျွန်တော်ပါ ပြို့လဲသွားရသည်။ လျှပ်စီးလက်သကဲ့သို့ အနမ်းများ။

"ချစ်တယ်။ ချစ်တယ်။ အရမ်း ချစ်တယ်။ သိလား။"

သူမက သွားတွေစေ့ပြီး အားမလိုအားမရ ပြောသည်။ ကျွန်တော့် ပါးနှစ်ဖက်ကို သူမ၏လက်ချောင်းသွယ်သွယ်လေးများဖြင့် ဆွဲ၍ ခါပစ်သည်။

ကျွန်တော် သူမကို စေ့စေ့ကြည့်သည်။

"အဲဒီလို မကြည့်နဲ့ကွာ။ ကြောက်တယ်..."

မင်းနဲ့ငါနဲ့ သန့်သန့်ရှင်းရှင်းဆိုတာ မင်းရောငါရော အသိပဲ။ ငါ ဆင်ခြင်ခဲ့တယ်ဆိုတာ မင်းအသိဆုံး။ မင်းအပေါ်မှာ အခွင့်အရေးယူရင်ရရက်သားနဲ့ ဘယ်တုန်းကမှ မယူခဲ့ဘူးဆိုတာ မင်းကလွဲပြီး ဘယ်သူမှ မသိဘူး။ ကုန်ကုန်ပြောမယ်။ မင်းမနေနိုင် မထိုင်နိုင်ဖြစ်နေတာတောင် ငါစောင့်စည်းခဲ့တယ်။ ဒါကို ဘာဖြစ်လို့ လူကြီးတွေကို မဟုတ်တမ်းတရမ်းတွေ ပြောရတာလဲဟင်..."

ကျွန်တော် အံကြိတ်ပြီး ပြောခြင်းဖြစ်သည်။

"လူတွေက ဒီလိုပ ထင်တာ။ ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ရင်းရင်းနှီးနှီး စကားပြောနေတာတွေ့ရင်ပဲ ဒီလို ထင်ကြတာ။ ဘယ်သူက ယုံမှာလဲ..."

"မင်းက ရှင်းပြပါလား..."


www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ရှင်းပြရမှာလဲ မောင်။ သာသာထိုးထိုးတောင် ပြောရဦးမယ်။ ဒါမှ မောင်နဲ့ နီးရမှာ။ မဟုတ်ဘူးလား..."

သူမ ပြောင်ချော်ချော် ပြောသည်။

"မင်းဟာ အိန္ဒြေ မရှိဘူး"

"အရှက်လဲမရှိဘူး မောင်ရဲ့..."

"မင်း မတရားဘူး..."

"အချစ်နဲ့ စစ်မှာ ဘာလုပ်လုပ် တရားတယ်ဆို..."

"မင်း ကောက်ကျစ်တယ်။"

"ဣတ္ထိဝက်၊ နဒီဝက်တဲ့။ မြစ်တွေလည်း ကောက်ကွေ့တယ်။ မိန်းမတွေလည်း ကောက်ကွေ့တယ်လို့ မောင်တို့ယောက်ျားတွေပဲ ပြောတာပဲလေ..."

"မင်း ငါ့ကို မတရားသက်သက်မဲ့ နှိပ်စက်တာ..."

ဘုရားပေးပေး၊ ကျမ်းပေးပေး။ အဲဒါ နှိပ်စက်တာ မဟုတ်ဘူး။ ချစ်တာ..."

"မင်းကို ငါမုန်းတယ်..."

"ပြောပြီးပြီလေ၊ မောင်စန္ဒီကို ချစ်ချစ်၊ မချစ်ချစ် စန္ဒီကတော့ ချစ်နေမှာပဲလို့။ စန္ဒီအချစ်က အနစ်နာခံခြင်း မဟုတ်ဘူး။ ရယူပိုင်ဆိုင်လိုခြင်း။ စန္ဒီ မောင့်ကို မရအရ ယူတာဟာ တရားတယ်။ ဒါကို မောင်က အပြစ်ရှိတယ်လို့ ထင်တယ်ဆိုရင် စန္ဒီကို ကြိုက်သလို ဆုံးမ" စန္ဒီသည် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် နံရံတွင် ချိတ်ဆွဲထားသော ဂျပန်ဓားရှည်ကြီး တစ်ချောင်းကို ဖြုတ်ယူပြီး ဓားအိမ်မှ ဆွဲထုတ်လိုက်သည်။

"ဒါ ဖေဖေတောထဲက ရှာဝယ်လာတာ။ ပြီးတော့မှ သူရလာသလိုလို ကြွားတယ်။ အခုတော့ ရောဂါငြိမ်သွားလို့ ဒီအခန်းထဲ

www.burmeseclassic.com



ရောက်နေတာလေ။ သေသေချာချာ သွေးထားတော့ လေထဲ လွင့်နေတဲ့ ပဝါကိုတောင် ခုတ်လို့ပြတ်တယ်။ မောင် စန္ဒီ့ကို တစ်ခါတည်း အဆုံးစီရင်နိုင်တယ်။"

စန္ဒီမိုးဦးဖြူက ဓားရိုးဘက်မှနေ၍ ကမ်းပေးသည်။

ကျွန်တော် စိုးရိမ်သွားပြန်သည်။ စန္ဒီသည် အိပ်ဆေးတွေ သောက်သဖြင့် ရဲက အရေးယူတာကို ခံရဖူးသည်ဟု ဆိုသည်။ ကျွန်တော့်ကို ကားနှင့်တင်ခေါ်သွားစဉ်မှာလည်း မျက်နှာချင်းဆိုင်ကားကို ဝင်တိုက်မလို မိုက်မိုက်ကန်းကန်း လုပ်သည်။ စန္ဒီ့ကို စိတ်ချ၍ မရ။ ကျွန်တော်က ထက်လွန်းလှသည့် ဂျပန်ဓားကို သတိထားပြီး ယူလိုက်သည်။ အိမ်ထဲပြန်သွင်းသည်။

သူမကို အလိုက်အထိုက်တော့ ဆက်ဆံထားရဦးမည်။

ရင်ထဲတွင်ကား အမုန်းတွေက တရိပ်ရိပ် ပေါ်နေသည်။

"မောင့်ဆီက ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းကို ကြားရရင် သိပ်ကောင်းမှာပဲ"

"စန္ဒီ ဆိုးလွန်းတော့ မောင် မပြောရဲဘူး။"

"စန္ဒီမိုးဦးဖြူ၏ မျက်နှာလေးက ဝင်းပသွားသည်။ မင်းတစ်ခွန်း ငါတစ်ခွန်း နင်ပဲငဆ ပြောနေသော ကျွန်တော့်နှုတ်က စန္ဒီဟု ထွက်လာပြီး မောင်ဟု ပြောလိုက်၍ သူမသည် စိတ်ချမ်းသာသွားပုံရသည်။ စင်စစ် ကျွန်တော်သည်လည်း ပညာတတ်နေပြီ။ သူမ၏ ပညာတွေကို ရနေပြီ။

"ချစ်လား မောင်..."

"ချစ်တယ်..."

ရင်ထဲက မပါဘဲ ပြောလိုက်မိသည်ထင်၏။

❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

# တိုက်ပွဲအဆင့်ဆင့်

## (က)

"ငါတော့ သိပ်မထင်ဘူး ထက်လင်းဖြိုး။ ရန်သူက အင်အား ၅၀ပဲ ရှိတယ်ဆိုတာ မဖြစ်နိုင်ဘူး။ သတင်းက လွန်ခဲ့တဲ့ သုံးရက်လောက်က ပြေးလာတဲ့ ရွာသားတွေဆီက ရတာ။ သုံးရက်အတွင်းမှာ သူတို့ လူတွေ ထပ်ဖြည့်နိုင်တယ်ကွ။"

မျိုးသိန်းက ပြောသည်။ သူပြောသည့်အတိုင်း ကျွန်တော်လည်း သုံးသပ်မိသည်။ သို့သော် ကျွန်တော်သည် မိမိ၏တပ်ခွဲဖြင့် ရန်သူ့စခန်းကို တက်၍ တိုက်ရတော့မည်ဖြစ်သည်။

"လက်နက်ကြီး ပစ်ကူလည်း ရှိတယ်ကွာ။ လေကြောင်းပစ်ကူလည်း ရှိတယ်။ ချဆို ချရုံပဲရှိတာပေါ့ မျိုးသိန်း။"

"ငါ မင်းအတွက် စိုးရိမ်လို့ ပြောတာ။ မင်းက မိန်းမယူဖို့ သေချာနေတဲ့ကောင်။ စေ့စပ်ကြောင်းလမ်းပြီး စရန်လည်း ရိုက်ပြီးသား။ မင့်ကောင်မလေးက သေဌေးသမီးဆို။"

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါကွာ..."

ကျွန်တော် စကားကို ပိတ်ပြောသည်။

"ကဲ ... ထွက်တော့။ မင်းကောင်တွေ အသင့်ဖြစ်နေပြီ။"

ညသည် မှောင်မည်းနေလေပြီ။ ကျွန်တော်တို့ တပ်ရင်း၏ ရှေ့တန်းဌာနချုပ် တပ်စွဲထားရာ သံမဏိတောင်ကြောနှင့် ရန်သူ့ တောင်ကြောကြားတွင် နက်ရှိုင်းလှသော လျှိုကြီးနှင့် ရေစီးသန်သော ချောင်းခံ၍နေသည်။ နောက်ပွင့်ရိုင်ဖယ်(လ်) တစ်ကမ်းမီသည့် အကွာ အဝေးတွင် ရှိသော်လည်း လမ်းအတိုင်း တည့်တည့်ကူးလျှင်ပင် တစ်နေကုန် ကြာမည်။ ကျွန်တော့်တပ်ခွဲမှာ ရန်သူတွေ ရိပ်မိခြင်း မရှိအောင် ဘေးမှပန်း၍ သွားရမည်။

ကျွန်တော်သည် တပ်စုများကို စစ်ဆေးလိုက်သည်။ ကျွန်တော့် တွင် ဗိုလ်ကြည်လင်နှင့် ဗိုလ်ချစ်သန်းတပ်စုမှူးနှစ်ယောက်ပါသည်။ ကျန်တပ်စုတွင် တပ်စုမှူး မရှိ။ တပ်ကြပ်ကြီး မြင့်လှိုင်ကို ကိုင်နိုင်းပြီး တပ်ခွဲရုံးနှင့်အနီး ကပ်တွဲထားရသည်။ ကျွန်တော်တို့သည် မြောက်စူးစူး မှ ရန်သူကို တိုက်ရန်အတွက် တောင်စူးစူး ဆင်ခြေလျှောအတိုင်း ဆင်းလာကြရသည်။ ရန်သူ ပြောက်ကျားအဖွဲ့ငယ်များ၊ သတင်း ထောက်လှမ်းရေးအဖွဲ့ငယ်များ ကျွန်တော်တို့နယ်မြေထဲ ရောက်နေ နိုင်သဖြင့် အသံလုံခြုံမှုကို ဂရုစိုက်ရသည်။

အဆင်းခရီးဖြစ်သည့်အပြင် လမ်းသည် နှင်းရည်တို့ဖြင့် စို စွတ်ပြီး ချွဲနေသောကြောင့် ရဲဘော်တစ်ယောက် ဘိုင်းခနဲ ချော်လဲ တော့သည်။ ရယ်သံတွေ တခစ်ခစ် ထွက်လာသည်။

"ရှူး... တိုးတိုး။ အသံ မထွက်စေနဲ့..."

ကျွန်တော် ကြိတ်ပြီး ပြောလိုက်ရသည်။ ကျွန်တော်တို့ လှုစု သည် လမ်းအတိုင်း တစ်ညလုံး ဆင်းရသည်။ နံနက်ရောက်တွင်

www.burmeseclassic.com



ခေတ္တနားပြီး မြေပုံကို ကြည့်သည်။ ဒေသခံလမ်းပြများက လမ်းဟောင်းတစ်ခုကို ပြသည်။ ကျွန်တော်တို့ တပ်ခွဲသည် ထင်းရှူးတောကြီးများအတိုင်း အရှေ့ဘက်သို့ ချီတက်ရသည်။ မိုင်းရှင်းပြီး တရွေ့ရွေ့သွားနေရသောကြောင့် ခရီးကမတွင်။ နေ့လယ်တွင် ခေါပုတ်နှင့် အသားခြောက်များကို စားပြီးနောက် မြောက်ဘက်လျှိုကြားထဲ ဆင်းသည်။ ချောင်းရေငြိမ်ပြီး ခါးလယ်ခန့်သာ ရေနက်သည့် နေရာကို ရွေး၍ ကူးကြရသည်။

ရဲဘော်များမှာ လက်နက်ခဲယမ်းအပြည့်။ ရိက္ခာက ခုနစ်ရက်စာ ထမ်းထားကြရသည်။ ကျင့်သားမရသောသူများဆိုပါက ဤမျှကြမ်းတမ်းသည့် ခရီးကို ဤမျှလေးသော ဝန်စည်စလယ်များဖြင့် ချီတက်ဖို့ မဆိုထားနှင့်။ နေရာမှပင် ရွေ့မည်မထင်။ ရေအောက်ကျောက်တုံးများကလည်း ရေညှိများဖြင့် ချော၍ နေသည်။ သေသေချာချာ ကြည့်သော်လည်း ရေသည် ငြိမ်နေပုံရပေမဲ့ လှိုင်းတွေမပေါ်ဘဲ မှန်ချပ်ကြီး ရွေ့သလို ရွေ့စီးနေခြင်း ဖြစ်သည်။ ရဲဘော်များသည် ကြိုးများကို ချီ၍ ဝါးလုံးဟန်းများကို အတွဲလိုက်ကိုင်၍ ဖြတ်ကူးကြရသည်။ ဤလိုနေရာမျိုးတွင် တစ်ဖက်ကမ်းမှ ရန်သူက ကြိုတင်နေရာယူပြီး စောင့်ကြို တိုက်ခိုက်ပါက အလွန်အန္တရာယ်များလှသဖြင့် သတိလည်း မလစ်ရဲ။

ချောင်းကူးသည်နှင့်ပင် တစ်နေကုန်သည်။ မှောင်ရိပ်ပျိုးစအချိန်တွင် ကျွန်တော့်တပ်ခွဲသည် တောင်ပူစာငယ်တစ်ခုပေါ် ရောက်၍ လာသည်။ တစ်ညလုံး မအိပ်ရသေးသဖြင့် ခေတ္တခဏ နားပေးရသည်။ ရဲဘော်များမှာ ခေါင်းချသည်နှင့် အိပ်ပျော်ကုန်ကြသည်။ တစ်ညလုံး၊ တစ်နေ့လုံး အိပ်ရေးပျက်ထားကြသည်ကိုး။ ယနေ့ညပါ ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com


အိပ်ရေးပျက်ပါက ရန်သူ့စခန်းကို ချဉ်းကပ်ရာတွင် အားလျော့နေနိုင်ပါသည်။

သို့သော် ကျွန်တော်တို့ အရာရှိများကား မအိပ်နိုင်ကြ။

မနက်လေးနာရီထိုးမှ ထထွက်ခိုင်းရပြန်သည်။ ထင်းရှူးတောတွေက ပါးသည်။ ရန်သူ အဝေးက မြင်သွားနိုင်သဖြင့် ဂရုစိုက်ရသည်။ မိုင်းကိုလည်း ရှင်းရသည်။ ရန်သူ့စခန်းမှ ထွက်ပြေးလာသူများ ကိုယ်တိုင် လမ်းပြကြခြင်းဖြစ်သော်လည်း ရံဖန်ရံခါ လမ်းမေ့ချင်မေ့နေပြန်သည်။ ထိုအခါ မြေပုံအကူအညီဖြင့် လမ်းရှာရသည်။ လမ်းဆုံတစ်ခုတွင် နင်းမိုင်းတစ်လုံး ဖော်ရှရသည်။ ရန်သူ ထောင်သွားတာ မကြာသေး။ ထွက်ပြေးလာကြသော ရွာသားများ နောက်သို့ လိုက်လာရင်း မမိတော့သဖြင့် ပြန်အလှည့်တွင် ထောင်သွားကြခြင်းဖြစ်ပေမည်။

ကျွန်တော်တို့သည် လမ်းဟောင်းအတိုင်း သွားရန် စိတ်မချတော့ပေ။ တောချုံများထဲသို့ တိုးပြီး ချီတက်ရသည်။ ကျောက်ကမ်းပါးရံများကို ခဲရာခဲဆစ်တက်ကြရသည်။ ချောက်ကြီးများမှာ နက်ရှိုင်းလွန်းလှရကား မတော်တဆ ခြေချော်လက်ချော်ကျလျှင် သက်သာမည်မဟုတ်။ အရိုးအသား ရှာမတွေ့နိုင်။

တောတိုးတိုင်းလည်း စိတ်မချရ။ ရန်သူ ဗ က ပ တို့သည် ဤနယ်မြေမှ ပြန်အဆုတ်တွင် မိုင်းတွေကို ဖောခြင်းသောခြင်း ထောင်သွားခဲ့ကြသည်။ မြေကြီးတိုင်းကို စိတ်မချရ။ သွားလို့လာလို့ကောင်းသည့် နေရာတိုင်း မိုင်းရှိနိုင်လေသည်။

ရံဖန်ရံခါတွင် ကျွန်တော့်တပ်ခွဲသည် မိုင်းရှင်းနေရသည်နှင့် ရှေ့မတိုးနိုင်ပေ။ ကျွန်တော်တို့သည် တစ်တောင်ဆင်း တစ်တောင်

www.burmeseclassic.com

တက် ခရီးဆက်လာကြရာမှ လျှိုတစ်ခုမှ အတက်တွင် သက်ငယ်တောစပ် တစ်ခုကို ရောက်လာကြလေသည်။

"ရန်သူ့စခန်းကို တွေ့ပြီ..."

ရှေ့ဆုံးပွိုင့်မှ လက်ဆင့်ကမ်း သတင်းပို့ချက် ရောက်လာသည်။

"နေရာယူထားပြီး ခဏစောင့်။ ငါလာခဲ့မယ်။"

ကျွန်တော်သည် ရဲဘော်များကို ဖြတ်ကျော်ပြီး လျှောက်သွားလိုက်သည်။ ဗိုလ်ချစ်သန်း၏ တပ်စုသည် သက်ငယ်တောကို မေးတင်ပြီး နေရာယူထားသည်။

ကိုက်တစ်ထောင်လောက်ရှိမယ်..."

ဗိုလ်ချစ်သန်းက ပြောသည်။ ကျွန်တော်သည် သစ်ပင်အကွယ်မှ ရှေ့သို့ လှမ်းကြည့်လိုက်သည်။ ကျွန်တော်တို့ ရှေ့ကိုက်တစ်ထောင်ခန့်တွင် အနည်းငယ်မတ်စောက်သော ကျောက်တောင်တစ်ခုကို တွေ့ရသည်။ ကျောက်တုံးကြီးများကြားတွင် တဲနှစ်လုံးကို တစ်စွန်းတစ်စ တွေ့ရသည်။ အပေးကြည့်မှန်ဘီလူးဖြင့် သေချာစွာ ကြည့်လိုက်တော့ ရန်သူ့စခန်း ပတ်ပတ်လည်တွင် စည်းရိုးမရှိ။ ကျွန်တော်တို့နှင့် ရန်သူအကြားတွင်ကား သက်ငယ်တောနှင့် မြက်ရိုင်းတောသည် တဖြည်းဖြည်း မြင့်တက်သွားသည်။ လက်ဝဲဘက်တွင် လျှိုရှိပြီး လက်ယာဘက်အနိမ့်ပိုင်းတွင်မူ တောင်ယာဟောင်းများ။

"သက်ငယ်တောအတိုင်း သွားရင်တော့ ရန်သူမြင်ရမယ်..."

ဗိုလ်ချစ်သန်းက ပြောသည်။ ကျွန်တော် နာရီကြည့်တော့ မွန်းလွဲ ၂ နာရီထိုးပြီးစ။ ရန်သူ့စခန်းကို ခပ်သွက်သွက်ချဉ်းကပ်နိုင်လျှင် တစ်နာရီနှင့် ရနိုင်သည်။ မိုင်းရှင်းနေရလျှင်ကား အချိန် မခန့်မှန်းနိုင်။


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်ဘက် မြက်ရိုင်းတောတွေကနေ တိုးပြီး ကပ်သွား။ ဒီနေရာလောက်ဆိုရင် ပြန်စောင့်..."

ကျွန်တော်က ဗိုလ်ချစ်သန်းအား မြေပုံကားချပ်ပေါ်တွင် ထောက်ပြသည်။ ထို့နောက် စစ်ကြောင်းကို ဆက်ထွက်စေသည်။ ကျွန်တော့်စိတ်ကူးမှာ ရန်သူနှင့်လက်လှမ်းမီသည့်နေရာအထိ ချဉ်းကပ်မည်။ ရန်သူ မရိပ်မိပါက အလစ်အငိုက်ယူ၍ စီးနင်းမည်။ လိုအပ်မှ လက်နက်ကြီး ပစ်ကူတောင်းမည်။

တပ်ခွဲစစ်ကြောင်းသည် သွက်လက်နေသည်။ ရဲဘော်များမှာ ရန်သူနှင့် နီးကပ်လာသောကြောင့် ပိုမို၍ တက်ကြွလာကြသည်။ ရှေ့ဆုံးမှ စစ်မြေပြင်အင်ဂျင်နီယာစစ်သည်များသည် မသင်္ကာဖွယ် နေရာကျမှသာ မိုင်းကို ရှာသည်။ ရန်သူ့စခန်းသည် နီးသည်ထက်နီးလာသည်။ ကျွန်တော်သည် ကျောက်တောင်ခြေရင်းရောက်ရှိပါက မည်ကဲ့သို့ တပ်ဖြန့်ရမည်ကို စဉ်းစားလာသည်။

ဂျိမ်းခနဲပေါက်ကွဲသံကြီးမှာ ဟိန်းထွက်သွားပြီး တောင်နံရံများတွင် ပဲ့တင်ထပ်၍ သွားသည်။ စစ်ကြောင်းသည် တုံ့ခနဲ ရပ်သွားသည်။ ကျွန်တော့်တပ်ခွဲက တစ်စုံတစ်ယောက် မိုင်းနင်းမိလေပြီ။ ကျွန်တော်သည် ရှေ့ကို ကျော်တက်သွားရသည်။

ဗိုလ်ချစ်သန်း၏တပ်စုမှ တပ်သားစန်းမြင့်သည် နင်းမိုင်း တစ်လုံးကို တက်၍ နင်းမိခြင်းပင်။ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှ ပြတ်ထွက်သွားသည်။ ရဲဘော်နှစ်ယောက်သည် စန်းမြင့်ကို ပွေ့ထူထားသည်။ စစ်မြေပြင်အင်ဂျင်နီယာစစ်သည်များက မိုင်းထိရာ ပတ်ဝန်းကျင်ကို မိုင်းထပ်ရှင်းသည်။ ကျန်ရဲဘော်များက နေရာယူသွားသည်။ ကျွန်တော်နှင့်အတူပါလာသော ဆေးတပ်သားက စန်းမြင့်၏ ဒဏ်ရာကို အမြန်ဆုံး ဆေးပတ်တီးစီးနေသည်။

www.burmeseclassic.com



ရန်သူ့စခန်းမှာ နီးနီးလေး ဖြစ်နေသည်။ ကျွန်တော်သည် ကျောက်တောင်ထိပ်ကို လှမ်းကြည့်သည်။ ဆက်သွယ်ရေးစစ်သည်ကို စက်အဆက်အသွယ်ယူရန် စေခိုင်းပြီး ဖြစ်စဉ်ကို သတင်းပို့စေသည်။ ထိုစဉ်မှာပင် ရန်သူက စတင်ပစ်ခတ်လေပြီ။

ရန်သူတို့၏ ပွိုင့်ဖိုက်စက်သေနတ်ကြီး ကျည်ဆန်များမှာ ပလူပျံ၍ ပြေးဝင်လာသည်။ ကျွန်တော်တို့သည် အနိမ့်ပိုင်းဘက်ကွင်းထဲ ရောက်နေသည်။ သတ်ကွင်းကို ရှောင်ရန် နောက်ပြန်ဆုတ်လို့ မရတော့။ ထို့ကြောင့် ကျွန်တော်သည် ကျောက်တောင်ကျောက်တုံး ခြေရင်းကိုသာ တက်ကပ်ခိုင်းရသည်။ ရဲဘော်များသည် ကျောက်တောင်များ၊ သစ်ပင်များကြားသို့ ပြေးဝင်ကာ နေရာယူရသည်။ ရန်သူသည် လက်နက်ကြီးဖြင့်ပါ ပစ်ခတ်လေရာ နေရာအနှံ့အပြားတွင် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲလာတော့သည်။

တပ်ခွဲရုံးသည် ကျောက်တို့ဖြင့် ရောနေသောမြေသား ကမ်းပါးရံတွင် နေရာယူလိုက်သည်။ ထိုနေရာကို ရန်သူတို့ မပစ်ခတ်နိုင်။ ကျည်လွတ်မြေ ဖြစ်နေသည်။ တပ်သားစန်းမြင့်ကို ခေါ်လာပြီး သွေးတိတ်ဆေးတွေ ထိုးရသည်။ ရှေ့တန်းရုံးနှင့် စက်အဆက်အသွယ်ယူသည်။ တပ်ရင်းမှူးက လက်နက်ကြီး ပစ်ကူပေးမည်ဟု ပြောသည်။ ယနေ့ညမမှောင်ခင် ရန်သူ့စခန်းကို သိမ်းနိုင် မသိမ်းနိုင် မေးသည်။ မဖြစ်နိုင်ဟု ကျွန်တော် မဖြေချင်။ ရအောင် ကြိုးစားပါမည်ဟု ဖြေကြားလိုက်ရသည်။

တပ်သားစန်းမြင့်မှာ သွေးတွေ လွန်နေသည်။ ရှေ့တန်းရုံးမှ တပ်စုတစ်စုသည် ချက်ချင်း ထွက်ခွာလာပြီး ချောင်းကူး၍ စောင့်နေမည်။ လူနာကို အနီးဆုံးလမ်းမှ အမြန်လာပို့ပါဟု ဆိုသည်။ လူခြောက်ယောက် ထုတ်ပြီး တပ်သားစန်းမြင့်ကို ပြန်ပို့စေရသည်။

www.burmeseclassic.com



သို့နှင့် တိုက်ရမည့်လူက လျော့ပြီ။ တပ်ကြပ်သိန်းတန်တို့လူစုကို လူနှာ ပို့ပြီးပါက အမြန်ဆုံး ပြန်လည်ဆက်သွယ်ရန် ညွှန်ကြားရသည်။ သူတို့သည် ကျွန်တော်တို့လာရာလမ်းကို မသုံးတော့ဘဲ တိုက်ရိုက်လမ်းကို သုံးမည်ဖြစ်ရာ မြန်ဆန်နိုင်စရာ အကြောင်းရှိသည်။

ကျွန်တော်သည် ဗိုလ်ချစ်သန်းတို့တပ်စုကို ဘယ်တောင်ပံ၊ ဗိုလ်ကြည်လင်တို့တပ်စုကို ညာတောင်ပံ တပ်ဖြန့်စေလိုက်သည်။ ကျွန်တော် တိုက်ရိုက်ကွပ်ကဲထားသည့် တပ်ခွဲရုံးနှင့် တပ်စုတစ်စုက အလယ်မှ နေရာယူသည်။ အထမ်းသမားများကို တောင်ကမ်းပါးရံမှာ ထားခဲ့ပြီး ခြေကုပ်အတွက် ကျင်းတူးစေရသည်။

ရန်သူက ဆီးကြို ပစ်ခတ်တော့သည်။ ရှေ့တန်းရုံးမှ လက်နက်ကြီး ပစ်သံတွေ ကြားနေရသည်။ ပထမပိုင်းတွင် ပစ်မှတ်ကို မထိ။ ရန်သူ့စခန်း အပြင်မှာချည်း ကျ၍ကွဲသည်။ နောက်ပိုင်း စခန်းတွင်း ကျကွဲသောအခါကျမှ ရန်သူ့ပစ်အားက လျော့နည်းသွားသည်။ ထိုအချိန်တွင် ကျွန်တော်တို့လူစု ဖိပြီးတက်သည်။

နေလုံးက ကျလာသည်။ မကြာမီပင် တောင်ချွန်ကြီးတွေကို နေကွယ်လေပြီ။ ကျွန်တော်တို့သည် ရှေ့သို့တရကြမ်းပြေးတက်ရန် ကြိုးစားကြသည်။ ထ၍ မရ။ ရန်သူ့ပစ်ခတ်မှုက ပလူပျံနေသည်။ သို့နှင့် တစ်လက်မချင်းသာ ရွေ့လျားပြီး တက်ရသည်။ ရန်သူနှင့် ကိုက်ငါးဆယ်ခန့် အကွာတွင်ကား ဗိုလ်ကြည်လင်၏ တပ်စုမှ တပ်ကြပ်ကြီးချစ်ဝင်းကို ရန်သူ့ကျည်ဆန်က ဖောက်ထွင်းသွားသည်။ တပ်ကြပ်ကြီးချစ်ဝင်းမှာ လည်ပင်းကို ထိမှန်ခြင်းဖြစ်ရာ စကားမပြောနိုင်။ ကျွန်တော်သည် ရဲဘော်နှစ်ယောက်အား တပ်ကြပ်ကြီးချစ်ဝင်းကို ဆွဲ၍ တောင်ကမ်းပါးရံသို့ ပို့စေသည်။ ထိုနေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးစက်နှင့် ဆေးတပ်သား ရှိသည်။ တပ်ခွဲအရာခံဗိုလ် ရှိသည်။ အထမ်းသမားတွေလည်း ရှိသည်။

ကျွန်တော်သည် ရဲဘော်များကို တက်ရန် အတင်းနှိုးဆော်ရသည်။ ရဲဘော်အချို့သည် ရန်သူရှိရာသို့ မီးကုန်ယမ်းကုန်ပစ်ခတ်ပြီး ပြေးတက်ကြသည်။ ရန်သူ့သေနတ်များ၏ ပြောင်းဝတွင် ရောက်နေသောကြောင့် လုံးထွေးပြီး လန်ကျလာကြသည်။ တက်ဆွဲသော အခါ လှထွန်းသည် ခါးကိုဖြတ်မှန်ထားပြီး စောအောင်မှာမူ ကျဆုံးနေပြီဖြစ်သည်။ လှထွန်းကို ခြေကုပ်နေရာသို့ ပို့ရသည်။ စောအောင်၏ အလောင်းကိုလည်း သယ်ဆောင်သွားရသည်။

ကျွန်တော်တို့ဆီက လက်နက်ကြီးတွေ ဖိပစ်ပေးနေစဉ်မှာပင် ညအမှောင်က စိုးမိုးလာလေသည်။ ကျွန်တော်တို့လူစုမှာ ရှေ့သို့ တက်လို့ကို မရတော့။ ကျွန်တော်သည် ရဲဘော်များအား ရောက်ရာနေရာတွင် ကျင်းတူးပြီး ခြေကုတ်ယူခိုင်းရတော့သည်။ ရန်သူ့စခန်းကို မသိမ်းပိုက်နိုင်သေး။ သို့သော် ရန်သူကို ရင်ဆိုင်ထိန်းချုပ်ထားနိုင်လေပြီ။

ကျွန်တော်က ခြေကုပ်ကမ်းပါးရုံကို ဆင်းလာသည်။ ကျွန်တော် ဆင်းလာတုန်း တပ်ခွဲအရာခံဗိုလ်က ရှေ့မှာတက်ပြီး ကွပ်ကဲပေးသည်။ တပ်ကြပ်ကြီးချစ်ငင်းမှာ စကားမေးမရ။ တပ်သား လှထွန်းမှာ သွေးလွန်နေသည်။ ဗိုလ်ချစ်သန်း၏တပ်စုမှ အောင်ဝင်းနှင့် လှရွှေလည်း ဒဏ်ရာရပြီး ရောက်နေသည်။ ဒဏ်ရာရသူ လေးယောက်စလုံးမှာ စိုးရိမ်ရသည်။ ရန်သူများမှာ ကျွန်တော်တို့ရှိရာ အမှောင်ထုထဲသို့ စိတ်မထင်လျှင်မထင်သလို ပစ်ခတ်နေဆဲပင်။

ကျွန်တော်က ရေဒီယိုဆက်သွယ်ရေးစက်ဖြင့် အခြေအနေကို တင်ပြအစီရင်ခံလိုက်သည်။ လူနာ လာကြိုသည့် တပ်စုနှင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်ရရှိသည်။ ရှေ့တန်းရုံးက လူနာလာကြိုသည့် တပ်စုမှ တပ်စိတ်တစ်စိတ်အား မိုင်းထိလူနာတပ်သားစန်းမြင့်ကို ပို့ဆောင်စေပြီး ကျန်သူများ ဆက်လက်စောင့်ဆိုင်းရန် ညွှန်ကြားသည်။ ကျွန်တော့်တပ်ခွဲမှ တပ်ကြပ်သိန်းတန်သည် မိုင်းထိလူနာတပ်သားစန်းမြင့်နှင့် အတူလာကြိုသော တပ်စုသို့ ရောက်သွားသည်။ ပြီးတော့ ချက်ချင်း ပြန်ထွက်လာသည်။ တပ်ကြပ်သိန်းတန်တို့လူစု ပြန်ထွက်လာတော့ ညဆယ်နာရီ...။

ကျွန်တော်သည် ခေါပုတ်တစ်ချပ်ကို ကိုက်ဖဲ့ပြီး မျိုချကြည့်သည်။ မျို၍ မရ။ ထို့ကြောင့် ထွေးထုတ်လိုက်ရသည်။ ရန်သူတွေက မခံချင်အောင် အော်ဆဲသည်။ ကျွန်တော်တို့ဘက်ကလည်း ပြန်ဆဲသည်။ ရန်သူသည် အသံကြားသည်နှင့် လှမ်းပစ်တော့သည်။ ကျွန်တော်ကတော့ ပစ်မိန့်မပေး။

ကျွန်တော် ပြန်တက်လာပြီး ဗိုလ်ကြည်လင်တို့ တပ်စုဘက်သို့ ကူးသွားလိုက်သည်။ ဗိုလ်ကြည်လင်ကို ညာဘက်သို့ ရွှေ့ပြီး တိတ်ဆိတ်စွာ ချဉ်းကပ်ဖို့ မှာကြားရသည်။ ထိုအချိန်တွင် ကျွန်တော်နှင့် ဗိုလ်ချစ်သန်းတို့ဘက်မှ ပစ်ပေးမည်ဖြစ်သည်။

ည ၁၁ နာရီခန့်မှာပင် ဗိုလ်ချစ်သန်းတို့တပ်စုသည် တစ်ခဲနက် အော်ဟစ်ကြွေးကြော်ပြီး စတင်ပစ်ခတ်တော့သည်။ ကျွန်တော်ကလည်း စက်လတ်သမား ဝင်းစိန်ကို ပစ်ခက်စေသည်။ ချက်ချင်းပင် ရန်သူ့ကျည်ဆန်တွေ ကျလာသဖြင့် နေရာရွှေ့ရသည်။ ဂျီဖိုးသမားတွေကို ကျည်အိမ်တစ်ခုနှုန်းစီ ပစ်ခတ်စေပြီး နောက်အခြေအနေကို စောင့်ကြည့်ရသည်။ ဗိုလ်ကြည်လင်သည် မှောင်ရိပ်ထဲမှာပင် တအိအိနှင့် ချဉ်းကပ်နေလိမ့်မည်။ သို့သော် သူ့ဆီမှာ တပ်စုတပ်ကြပ်ကြီး မရှိတော့။ အားက ပျော့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်တစ်နာရီထိုးသွားသည်။ ကျွန်တော်သည် မှောင်ကြီး မည်းကြီးမှာပင် ဗိုလ်ကြည်လင်တို့တပ်စုဘက်သို့ ရွှေ့လျားပြီး အဆက် အသွယ်ယူရသည်။ ဗိုလ်ကြည်လင်တို့တပ်စုသည် ရန်သူနှင့် အလွန် နီးကပ်နေလေသည်။ သူ့ကို ကျွန်တော်က နံနက် ငါးနာရီတွင် ဝင်စီး ရန် ညွှန်ကြားပစ်ခဲ့သည်။ ကျွန်တော် တပ်ခွဲရုံးကိုပြန်ရောက်တော့ ဗိုလ်ချစ်သန်းတို့ဘက်မှာ ရန်သူ၏ပစ်ခတ်မှုကို ခံနေရသည်။ ရဲဘော် အားလုံး တူးထားသည့် ကျင်းတွေထဲမှာ ပေပြီးခံနေရ၏။

ကျွန်တော်က ပစ်အားကိုမြှင့်တင်လိုက်သည်။ ရှေ့ကို နည်းနည်း တိုးကြည့်သည်။ ရဲဘော်များသည် မြေပေါ်တွင် ပြားနေအောင် မှောက်ပြီး ရှေ့ကို တွားတက်ကြသည်။ ရန်သူ့စခန်းပေါ်မှ မီးပွင့်လေး တွေ တဖျပ်ဖျပ်ပေါ်ထွက်နေသည်။ ချက်ချင်းပင် ကောင်းကင်တစ်ခု လုံး ရုတ်တရက်လင်းထိန်သွားတော့သည်။ ရန်သူသည် လင်းကျည် ကို အသုံးပြုပေပြီ။ မိုးပေါ်တွင် လေထီးငယ်လေးဖြင့် ဝဲကာ လောင် ကျွမ်းနေသော လင်းကျည်၏အလင်းရောင်မှာ ထိန်လင်းလှသည်။

ကျွန်တော့်တပ်ခွဲရုံးမှာ ဖိ၍ အပစ်ခံရတော့၏။ ကျွန်တော့်နံဘေး နားမှ ဝင်းစိန်မှာ ရန်သူ့ကျည်သင့်ပြီး ကျဆုံးတော့သည်။ ကျွန်တော် သည် စက်လက်ကိုဆွဲပြီး ကျင်းထဲ ပြန်လိုမ့်ဆင်းရသည်။ အေးမောင် က ဝင်းစိန်ကို ဆွဲလာသည်။ ညကြီးမင်းကြီး မမြင်မစမ်းနှင့် စွန့်စား ကြည့်ခြင်းမှာ အကျိုးမရှိ။

ရှေ့တန်းရုံးက လက်နက်ကြီး ပစ်ပေးပြန်သည်။ ကျွန်တော်တို့ အရှေ့ဦးတိုက်စစ်ဆင်နွှဲနိုင်ရန် ဖြစ်သည်။ မမှောင်ခင်ကတည်းက ချိန်သားကိုက်ပြီးသား လက်နက်ကြီးပြောင်းဝများသည် ရန်သူ့စခန်း နှင့် တည့်မတ်နေသည်။ နောက်ပွင့်ကျည်တစ်တောင်သည် ရန်သူ့

www.burmeseclassic.com

www.burmeseclassic.com


တဲတစ်လုံးအား တိုက်ရိုက်ထိမှန်ပြီး မီးလောင်စေတော့သည်။ ရန်သူသည် မီးသတ်ရန် မကြိုးစား။

တပ်ကြပ်သိန်းတန် ပြန်ရောက်လာကြောင်း သတင်းပို့သည်။ ကျွန်တော်က တပ်ကြပ်သိန်းတန်ကို ကျွန်တော့်အနီးတွင် နေရာချစေပြီး ဒုတပ်ကြပ်သန်းအေးကို ထုတ်ရသည်။ လူနာတွေကို ညတွင်းချင်း ပို့နိုင်းရသည်။

နံနက်ငါးနာရီထိုးလုပြီ။

လက်နက်ကြီး အပစ်ရပ်သွားသည်။

"ပစ်..."

အားလုံး မီးကုန်ယမ်းကုန် ပစ်ခတ်ကြတော့သည်။ ကျွန်တော်သည် ရှေ့ကကလောင်ချာကြီးဖြင့် ရန်သူ့ဘန်ကာတွေကို ဖြိုချစေရသည်။

"တက်...တက်စမ်း..."

ရန်သူ့ပစ်အားကလည်း များသည်။ ကျွန်တော်နှင့် ဗိုလ်ချစ်သန်းတို့ဘက်မှ အတင်း ပစ်တက်တက်သည်။ ဗိုလ်ကြည်လင်တို့ဘက်မှလည်း အသံကုန် အော်ဟစ်ကြွေးကြော်၍ တက်ကြသည်။ ရန်သူများက လက်ပစ်ဗုံးတွေ ပစ်ချသည်။ နင်းမိုင်းတွေက ကွဲသည်။ ကွန်ထရိုး(လ်) မိုင်းတွေလည်း ပေါက်ကွဲကုန်သည်။ မီးခိုးလုံးနှင့် ဖုန်လုံးကြီးများမှာ မည်းမှောင်သွားလေရာ ဘာကိုမျှ မမြင်ရ။

ကျွန်တော်သည် ရှေ့ကို အတင်းပြေးတက်နေလေရာ ကျွန်တော့်အနားမှာ မည်သူ့ကိုမျှ မမြင်ရတော့။ ရန်သူ့ကျည်တွေ ပလူပျံနေသဖြင့် မှောက်ချလိုက်ရသည်။ ရှေ့က ကမူလေးတွင် ဘေ့ာင်ချာကျည်ကျကွဲသည်။ ကျွန်တော့်နားကို လက်ပစ်ဗုံးတွေ ကျလာသဖြင့် နောက်ကို လှိမ့်ချလိုက်ရသည်။

www.burmeseclassic.com


မရ။ ကျွန်တော်တို့၏ ချေမှုန်းရေးမှာ မအောင်မြင်။ ရဲဘော် သုံးယောက် ကျသည်။ ဗိုလ်ချစ်သန်းသည် မျက်နှာကို သေနတ် မှန်သည်။ ဒဏ်ရာရသူ ခြောက်ယောက်ရှိသည်။ ကျွန်တော်တို့ အားလုံး မနေ့ကတည်းက တူးထားသည့် ကျင်းတွေထဲပြန်ရောက်တော့ နံနက် ကိုးနာရီ ထိုးပြီ။ ကျွန်တော်တို့သည် ခြေကုပ်ကျင်းတွေထဲမှ လန်မကျအောင် မနည်းတောင့်ထားရသည်။ ရန်သူက ကျွန်တော်တို့ အား ပစ်အားဖြင့် ဖိပြီး ခွာချဖို့လုပ်သည်။ ကျွန်တော်လက်နက်ကြီး ပစ်ကူတောင်းရပြန်သည်။

လူနာတွေကို နောက်ပိုင်းပို့ရသည်။ တောင်ကမ်းပါးရံမှ အရန်ကျည်ဆန်တွေယူပြီး ရဲဘော်အားလုံးထံရောက်အောင် ပို့ပေးရ သည်။ ထိခိုက်ဒဏ်ရာရသူ၊ ကျဆုံးသူများကြောင့် တိုက်ခိုက်နိုင်သည့် အင်အားကလျော့လာသည်။ အင်အားမလျော့ခင်ကပင် တက်သိမ်း၍ မရလေရာ အင်အားလျော့လာသောအခါတွင်ကား ပို၍ မလွယ်ကူ တော့။

ချောက်ကမ်းပါးရံကို ဆင်းလာရပြန်သည်။ ဗိုလ်ကြည်လင် သည် ကျွန်တော့်နေရာကို ဝင်ပြီး ထိန်းထားသည်။ ဗိုလ်ချစ်သန်း သည် မျက်နှာတစ်ခြမ်းလုံး ဂွမ်းနှင့်ပတ်တီးတွေ ဖုံးနေသည်။ ဆေး တပ်သားက မျက်လုံးတစ်လုံးကိုပါအုပ်ပြီး ပလတ်စတာနှင့်ကပ်ပေး ထားသည်။ သူ့မျက်နှာတစ်ခုလုံး ယောင်ကိုင်း၍ နေသည်။ သို့သော် သူ့နှုတ်ခမ်းတွင် အပြုံးရိပ်ကို တွေ့ရ၏။

"ခဏနားပြီးရင် ကျွန်တော်ပြန်ချမယ်။ တိုက်ပွဲပြီးမှပဲ ဆေးရုံ တက်တော့မယ်။ စစ်ဆေးရုံရောက်ရင်တော့ နာ့ဆင်းကဒက်တွေကို ပို့ရပြီ။ ဟီဟီ။"

◆ စန္ဒမိုးဦးဖြူ

www.burmeseclassic.com

စင်စစ် သူသည် ကျွန်လူနာခြောက်ဦးအား စိတ်ဓာတ်မြှင့်တင်ပေးနေခြင်းဖြစ်သည်။ ကျွန်တော်ကား တတိတိ လျှော့ပါးနေသော ကျွန်တော့်လူတွေကို မည်သို့ ဖြည့်ဆည်းပြီး ဆက်လက်တိုက်ပွဲဝင်ရမည်ကို မစဉ်းစားတတ်။

"ခွေးမသားတွေ၊ ဗကပအင်အား ၅၀မှ မဟုတ်ဘဲ။ သူတို့ မြို့နယ်တပ်ရော၊ စစ်ဒေသက ကောင်တွေရော ပေါင်းထားတာ။ ၁၅၀လောက် ရှိမယ်။ ပွိုင့်ဖိုက်ပါတယ်။ စစ်ခ်စ်တိလည်းပါတယ်။ လောင်ချာတွေလည်း ဖောဖောသီသီသုံးတယ်။ ဟုတ်တယ်။ ကျွန်တော် ပြန်လိုက်သွားလို့ မဖြစ်ဘူး။"

"လိုက်သွားပါချစ်သန်းရာ။ တော်ကြာ မင့်မျက်နှာကြီး ပုပ်ပြီး အရုပ်ဆိုးသွားလို့ မိန်းမ မရဘဲ နေဦးမယ် .."

"ကျွန်တော်တို့အစ်ကိုကြီးတစ်ယောက်လုံးတောင် လူ့ပျိုရိပ်သာ ဥက္ကဋ္ဌရာထူးကို မစွန့်လွှတ်သေးတာ။ ကျွန်တော်တို့ကရော။ ဘာဖြစ်လို့ လူပျိုဘဝမှာ မပျော်နိုင်ရမှာလဲ။ ကျွန်တော် မလိုက်ဘူးဗျာ။ ချမယ်..."

ကျွန်တော် ခေါင်းခါလိုက်သည်။

ဒုတိယအသုတ် လူနာသွားပို့သည်။ ဒုတပ်ကြပ်သန်းအေးတို့အဖွဲ့ ပြန်ရောက်လာသည်။ သူနှင့်အတူ လူနာလာကြိုသည့် တပ်ခွဲ (၄) တပ်စုမှ တပ်စိတ် နှစ်စိတ်ပါ ပါလာသည်။ ရှေ့တန်းရုံးက အင်အားဖြည့်ခိုင်းလိုက်ခြင်းပင် ဖြစ်သည်။ ကျွန်တော်သည် တပ်ကြပ်သိန်းတန်တို့ တပ်စိတ်ကို ပြန်ထုတ်လိုက်ပြီး ဗိုလ်ချစ်သန်းအပါအဝင် လူနာခုနစ်ဦးကို သွားပို့ရန် ပြင်ရသည်။ တပ်စိတ်နှစ်စိတ်ကို သင့်တော်သလို အင်အားဖြည့်စေရသည်။

"ကျွန်တော် လိုက်မသွားတော့ဘူး။ ဒီဒဏ်ရာနဲ့ ချက်ချင်း မသေနိုင်သေးပါဘူး။ ကျွန်တော်နေခဲ့မယ် .."


www.burmeseclassic.com

ကျွန်တော်စိတ်ရှုပ်လာသဖြင့် သူ့ကို ဆဲလိုက်မိသည်။

"ဦးနှောက်ခြောက်ရတဲ့ကြားထဲ သခွပ်ပင်က မီးတကျည်ကျည် မလုပ်စမ်းနဲ့ကွာ။ လိုက်ဆို လိုက်သွားစမ်း..."

မျက်နှာထား တင်းတင်းဖြင့် ဖိဟောက်လိုက်မှ ဗိုလ်ချစ်သန်း ငြိမ်သွားသည်။ လူနာပို့အဖွဲ့များ ထွက်ခွာသွားသည်နှင့် ကျွန်တော် အပေါ်တက်လာသည်။ အပေါ်တွင်ကား ရဲဘော်များသည် ရန်သူ ဗကပများနှင့် မျက်နှာချင်းဆိုင်နေရာယူ၍ ပစ်ခတ်နေကြဆဲပင်တည်း။ ဗိုလ်ကြည်လင်ရှိရာ ကျင်းထဲ ခုန်ဆင်းလိုက်ရသည်။

"ကိုချစ်သန်းတို့တပ်စုဘက်က မလွယ်ဘူး။ ကျွန်တော့်ဘက် က တက်ရင်လွယ်တယ်။ မိုင်းလည်း ပါးတယ်။ တပ်ဖြန့်လို့လည်း ကောင်းတယ်"

ဗိုလ်ကြည်လင်က သတင်းပို့သည်။

ကျွန်တော် နာရီကြည့်သည်။ နေ့လယ် ၁၂ နာရီ မတိုင်မီ လက်နက်ကြီးက မီးကုန်ယမ်းကုန် ပစ်ဦးမည်။

"နေ့လယ် ၁၂ နာရီမှာ ငါတို့ နောက်တစ်ကြိမ် ချေမှုန်းရေး ထပ်လုပ်မယ်"

ဗိုလ်ကြည်လင်က ပြန်မပြော။ ခံစစ်သမားကို တိုက်စစ်သမား က အင်အားသုံးဆဖြင့် တိုက်ရသည်ဟု ဆိုသည်။ ဗကပများမှာ အနည်းဆုံး အင်အားဆယ်ဆခန့်ဖြင့် တိုက်လေ့ရှိသည်။ သို့မှသာ အနိုင်ရမှာ သေချာသည်။ အပြန်အလှန်အားဖြင့် ခံစစ်သမားသည် အင်အားသုံးဆရှိသော တိုက်စစ်သမားကို ခံနိုင်ရည်ရှိမည်။ ကျွန်တော် တို့ကား ဆယ်ဆမကသော ရန်သူကို ခုခံနိုင်သည်။

ယခု ကျွန်တော်တို့က တိုက်စစ်။ ရန်သူက ခံစစ်။

ကျွန်တော်တို့က ဟစ်ဆ။ ရန်သူက သုံးဆခန့်။



www.burmeseclassic.com

 www.burmeseclassic.com

ဆက်သွယ်ရေးတပ်သားကျော်ခေါင်သည် ကိုယ်တိုင် တက်လာသည်။

"ဗိုလ်ကြီး။ လေကြောင်းပစ်ကူရမယ်..."

ကျွန်တော် မျက်မှောင်ကြုတ်လိုက်သည်။

"၁၁ နာရီက စပြီး ဗုံးကြဲပေးမယ်။..."

သူက ကြေးနန်းစာရွက်ကို လှမ်းပေးသည်။ ကျွန်တော် ဖတ်ကြည့်လိုက်သည်။ ထို့နောက် ကျော်ခေါင့်ကို သေသေချာချာ ပြန်ကြည့်သည်။ ကျော်ခေါင်သည် ဝမ်းသာအားရ ဖြစ်နေသည်။ ကာဘိုင်ကို အသင့်ပြင်ထားသည်။

"နေစမ်းပါဦး။ မင်းက ဆက်သွယ်ရေးစက်သမားလုပ်နေပြီး ဘာလို့ စက်နားမှာ မနေရတာလဲ။ ဆက်သားလွှတ်ပြီး ပို့ခိုင်းပါလား..."

"ကျွန်တော့်အနားမှာ တစ်ယောက်မှ မရှိလို့။"

"သွား...။ ကိုယ့်နေရာကိုယ်သွား။ တပ်ခွဲအရာခံဗိုလ်ကို ငါဆီ လွှတ်လိုက်..."

သူသည် နောက်ပိုင်းကို လိုမ့်ချသွားသည်။ ချက်ချင်းပင် လောင်ချာကျည်ကွဲသံနှင့်အတူ ညည်းညူသံကို ကြားရသည်။ ကျွန်တော် ကျင်းထဲမှ ခေါင်းထောင်ကြည့်လိုက်ရာ သွေးစများနှင့်အတူ လူးလိမ့်နေသော ကျော်ခေါင်ကို တွေ့ရသည်။ ဒုတပ်ကြပ်သန်းအေးက သူ့ကို ပြေးဆွဲသည်။

"တောက်..."

ကျွန်တော်တက်ခေါက်လိုက်သည်။ ဆက်သွယ်ရေးစက်သမား မရှိလျှင် ကျွန်တော်သည် မိမိတပ်များနှင့်မည်သို့ ဆက်သွယ်ရပါမည်နည်း။ သို့သော် ကြာကြာစိတ်မညစ်နိုင်။ တပ်ခွဲရုံးနှင့် တပ်စု



www.burmeseclassic.com

www.burmeseclassic.com



တစ်စုကို ဗိုလ်ကြည်လင်တို့ဘက်ကို ရွှေ့ရသည်။ လက်ဝဲဘက်အစွန်လူတွေကို အလယ်ကို ဖြည့်ခိုင်းရသည်။ ရဲဘော်များမှာ ရန်သူက ပလူပျံအောင် ပစ်ခတ်နေသည့်ကြားမှ ခဲယဉ်းစွာ ရွှေ့လျားလာရခြင်းဖြစ်သည်။

လေယာဉ်ပျံသံတွေ ကြားလာရသောအခါ ကျွန်တော်တို့အားလုံး ဝမ်းသာရွှင်မြူးသွားကြသည်။ ရဲဘော်တွေ အော်ဟစ်ကြွေးကြော်ကြတော့သည်။ ကျွန်တော်ကား လွတ်လွတ်ကျွတ်ကျွတ် မပျော်နိုင်။

"နေရာယူထားစမ်း။ နေရာယူထားစမ်း။ မအေပေးလေးတွေ။ မင်းတို့ပါရောပြီး ဗုံးကြဲခံရမယ်။"

ရန်သူနှင့် ကျွန်တော်တို့မှာ ထိကပ်လုမတတ် နီးနေသည်။ လေတိုက်နှုန်းက မမှန်။ တိုက်ချင်ရာက တိုက်နေသည်။ သို့သော် တပ်မတော်(လေ)မှ လေယာဉ်များသည် ပစ်မှတ်များကို တိုက်ရိုက်ထိမှန်အောင် ဗုံးကြဲနိုင်ကြလေသည်။ ရန်သူ့စခန်းတွေ မီးဟုန်းဟုန်း တောက်ကုန်သည်။ ကျွန်တော်တို့ လုံ့စွပ်တပ်ပြီး ကျားတက်ထိုးချိန်တွင် ခေါင်းမာသော ရန်သူအနည်းငယ်ကသာ ခုခံကြသည်။ ပြင်းထန်လှသော တိုက်ပွဲကြီးတွင် ကျွန်တော်တို့ဘက်က ထိခိုက်ကျဆုံးမှုများပြားသကဲ့သို့ ရန်သူတွေလည်း မြို့နယ်နိုင်ငံရေးမှူးပါ ကျဆုံးခဲ့ရသည်။

ထိုသို့သောအချိန်မျိုးတွင် ကျွန်တော်သည် ရပ်ဝေးမှ မည်သူ့ကို သတိရနိုင်ပါမည်နည်း။

❖



www.burmeseclassic.com

www.burmeseclassic.com



(၈)

ကျွန်တော်တို့တပ်ခွဲသည် ရန်သူ့လက်မှ သိမ်းပိုက်ထားသော စခန်းကို မိမိခံစစ်စခန်းအဖြစ် ပြန်လည်တည်ဆောက်ပြီး တပ်စွဲထားရသည်။ ရန်သူသည် အခဲမကျေစွာဖြင့် နယ်နိမိတ်မျဉ်းတောင်ကြောပေါ်မှနေ၍ လက်နက်ကြီးဖြင့် ပစ်ခတ်နှောက်ယှက်လေ့ရှိသည်။ ကျွန်တော်တို့ကား သူများနိုင်ငံထဲ ကျည်ကျမှာစိုးလို့ ပြန်မပစ်ကြရ။

ကျွန်တော်တို့တပ်ခွဲစခန်းနှင့် ရှေ့တန်းရုံးမှာ တစ်နေ့ကုန်ခရီးကွာဝေးသည်။ ရှေ့တန်းရုံးမှာ ဗျူဟာရုံးနှင့် သုံးညအိပ်ခရီးကွာဝေးသည်။ ဗျူဟာရုံးအထိ ကားလမ်းပေါက်လေရာ ရိက္ခာကို အထမ်းသမားများနှင့်သာ တင်ရသည်။ အထမ်းသမားရဖို့ကလည်း မလွယ်။ ဤဒေသတွင် ရွာမရှိတော့။ ရွာတွေကို ဗကပများက သူ့တို့ဘက်သို့ အတင်းအဓမ္မရွှေ့ပြောင်းစေပြီး သူတို့ရိက္ခာအတွက် တောင်ယာခုတ်နိုင်းသည်။ ကျန်ရွာများမှာလည်း တပ်မတော်နှင့်ဗကပအကြားတွင် စစ်နှစ်ဖက်အညှပ် မခံနိုင်တော့။ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဝါရှောင်ဒေသများသို့ ထွက်ပြေးပြောင်းရွှေ့ကြလေပြီ။

အခါများစွာပင် ကျွန်တော်တို့သည် ရိက္ခာပြတ်နေတတ်သည်။ သုံးရက်စာကို ငါးရက်စာ စားရသည်။ တစ်ပတ်စာကို ဆယ်ရက်စားရသည်။ ဟင်းချက်စားစရာဆိုလို့ ဘာမှမရှိ။ ဗျူဟာရုံးမှ ကြက်ဟွေမှာပြီး မွေးကြည့်ရာ အအေးမခံနိုင်လို့လားမသိ။ သေကုန်ကြသည်။ ဟင်းသီးဟင်းရွက်ဆိုလို့ ဘာမှမရှိ။ ရှေ့တန်းရုံးက အသားဘူး၊ ငါးဘူး ရိက္ခာတွေ ပို့ပေးသည်။ ကျွန်တော်တို့မှာ ဆေးလိပ်သောက်စရာမရှိ။ ပလတ်စတစ်အိတ်နှင့် ယုပ်ထားသည့် ဆေးရွက်ကြီးမှုန့်တွေကို



www.burmeseclassic.com

www.burmeseclassic.com



စက္ကူဖြင့် လိပ်သောက်ရသည်။ အခါများစွာပင် တောငှက်ပျောရွက်ကို မီးကင်ပြီး လိပ်သောက်ရသည်။

ဗျူဟာရုံးနှင့် မြစ်ကြီးနားမှာလည်း ကားလမ်းက အမြဲမပေါက်။ မိုးကျလျှင်ပင် ကားလမ်းတွေပျက်ပြီ။ သည်ကြားထဲကားလမ်းကို ရန်သူက နှောက်ယှက်သေးသည်။ ယာဉ်တန်းများမှာ သေချာစွာ စောင့်ကြပ်ပြီးမှ တက်ရသည်။ ရဟတ်ယာဉ်ကျတော့လည်း ရာသီဥတု ဆိုးရွားလျှင် ပျံသန်းခြင်း မပြုနိုင်။

အဆက်အသွယ်ပြတ်လွန်းလှသောအရပ်။

အစားအသောက်ဆင်းရဲသည်။

မြေအောက်ကျင်းတွေထဲမှာ ကြွက်တွေလို နေရသည်။

ရှေ့တန်းထွက်လာတာလည်း ကြာလေပြီ။ ကျွန်တော်တို့သည် နယ်မြေတစ်ခုတွင် တာဝန်ထမ်းဆောင်နေရာမှ နောက်ထပ်နယ်မြေတစ်ခုသို့ ရွှေ့ပြောင်းကာ စခန်းတွေတစ်ခုပြီးတစ်ခု တိုက်၍သိမ်းကြရသည်။ သိမ်းပြီးရုံနှင့် မပြီး။ ခံစစ်တည်ဆောက်ပြီး နေကြရသည်။ ပင်ပန်းဆင်းရဲမှုမျိုးစုံမှာ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် အပ်နှင်းထားသောသစ္စာနှင့်စာလျှင် မနှိုင်းစာအပ်။

ဗျူဟာရုံးအထိ ယာဉ်တန်းကြုံလျှင် သော်လည်းကောင်း၊ ရှေ့တန်းရုံးအထိ ရဟတ်ယာဉ်ကြုံလျှင်သော်လည်းကောင်း ကျွန်တော့်ထံသို့ စန္ဒီမိုးဦးဖြူထံမှ စာတွေ တစ်ထပ်ကြီး ရောက်လာတတ်သည်။

"ရက်စက်လှချည့်လား မောင်ရယ်။ စိမ်းကားလှချည့်လား မောင်ရယ်။ စန္ဒီဆီ ဘာလို့စာမရေးရတာလဲဟင်။ မောင့်ကို ပိုင်ဆိုင်ခွင့်ရအောင် အတင်းကြိုးစားတယ်ဆိုပြီး မောင်မကျေမနပ် ဖြစ်နေသလား။ မောင့်ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်ပါတယ်ကွယ်။ စန္ဒီ ချစ်လွန်းလို့ပါ။ စန္ဒီကို ခွင့်လွှတ်ပါ။"



www.burmeseclassic.com

www.burmeseclassic.com


"စန္ဒီ သီလရှင်တစ်လဝတ်လို့ စာမရေးနိုင်တာ ကြာသွားတယ်။ ဒါပေမဲ့ ကြာတာချင်းပြိုင်ရင်တော့ မောင့်ကို မနိုင်ပါဘူးနော်။ မောင်က စာတိုလေးတစ်စောင်နှစ်စောင်ပဲ ရေးဖူးတာပဲ။ ဒါတောင် အဲဒီစာတွေကို စန္ဒီအလွတ်ရနေပြီ။ ဖတ်ရတဲ့ အကြိမ်ပေါင်းလည်း ရာထောင်မကတော့ဘူး။ အလွမ်းပြေဆိုလို့ မောင့်စာတွေပဲ ရှိတာကိုး"

"စန္ဒီစိတ်တွေ မငြိမ်ဘူးမောင်။ အရမ်းခံစားရတယ်။ မောင့်ကို စိတ်မချတာတွေ၊ လွမ်းတာတွေ စုံလို့ စုံလို့။ မောင်ကတော့ သတိမှ ရပါ့မလား။ ဒါမှမဟုတ်ရင်လည်း စန္ဒီအချစ်တွေကို အခုထိ မောင် အသိအမှတ် မပြုဘူးလား။ စန္ဒီကို ရှုံးအောင်တော့ မလုပ်ပါနဲ့ မောင်ရယ်။ တစ်နှစ်ဆိုတဲ့ ကာလကို မောင် ဘယ်လိုကျော်ခဲ့လဲ။ စန္ဒီကတော့ ငရဲခန်းကြီးကို ဖြတ်ရသလို ကျော်လွှားခဲ့ရတယ်။

" ငြိမ်းချမ်းမှုကို မရဘူးမောင်။ ဒါကြောင့် စစ်ကိုင်းကို တက်သွားပြီး သီလရှင်ဝတ်လိုက်တယ်။ အပြစ်တွေရှိရင်လည်း ကျေပါစေတော့ဆိုပြီးတော့ပေါ့။ ဒါပေမဲ့ စန္ဒီ့အပြစ်တွေကို မောင် ခွင့်လွှတ်ဖို့ကပဲ အရေးကြီးတာပါ။ စန္ဒီ လူထွက်လာတော့ ဒုံရင်း ဒုံရင်းပါပဲ။ သီလရှင်ဝတ်နေတုန်းကလည်း စိတ်မဖြောင့်။ မောင့်ဆီက စာများ လာမလားရယ်လို့ တွေးတွေးနေမိတာ အမော။ ကုသိုလ်က ထင်သလောက် မရပါဘူးမောင်။ လွမ်းရဟဲ့စိတ်က ဘာနဲ့ဖြေလို့မှ မပြေဘဲကိုး။"

"အခုဆို စန္ဒီခေါင်းမှာ ဆံပင်တိုနံ့နံ့နဲ့ ခေါင်းတုံးမလေး ဖြစ်နေတယ်လေ။ ခေါင်းတုံးနဲ့ဆိုတော့လည်း အိမ်ထဲက အိမ်ပြင် မထွက်ဖြစ်တော့ဘူး။ ရီရီဝင်းကတော့ မြို့နယ်သမမှာ အလုပ်ဝင်လုပ် နေတယ်။ စုထွေးလည်း လဝကမှာ ဝင်လုပ်နေတယ်။ ခင်စန်းဝင်း


www.burmeseclassic.com

www.burmeseclassic.com



တို့လည်း အားရင် လာကြပါတယ်။ သူငယ်ချင်းတွေက အလွမ်းမင်းသမီးလေးစန္ဒီ့ကို စိတ်ပျော်ရွှင်အောင် လာချော့ကြတာလေ။

"မောင့်ကို တွေ့ချင်တယ်မောင်။ ပြီးတော့တွေ့ရမှာလည်း ကြောက်နေပြီမောင်။ မိစန္ဒီ ရူးနေတာ မောင်သိရဲ့လား။ မောင်အခုလို စိမ်းကားနေတော့ မောင့်ကို စန္ဒီ မတွေ့ရဲတော့ဘူး။ မောင်က စန္ဒီ့ကို စကားမပြောဘဲ မျက်နှာကြီးရှုသိုးသိုးလုပ်နေရင် စန္ဒီ ဘယ်လိုလုပ်ရမလဲ။ တစ်အားအော်ငိုပစ်ရမလား။ မျက်ရည်တွေကတော့ ငိုရလွန်းပေမဲ့ မခန်းသေးဘူးမောင်။"

"မောင် ဘယ်တော့ ပြန်လာမလဲဟင်။ တကယ်တော့လည်း မောင့်ကို မတွေ့ရရင် မနေနိုင်ပါဘူးကွယ်။ မောင်က အဖက်မလုပ်လည်း စန္ဒီကတော့ မောင့်ကို ကြိုနေမှာပဲ။ စန္ဒီမရှက်တော့ပါဘူးမောင်။ ကြိုက်မရှက် ငတ်မရှက်တဲ့။ မောင့်ကို ချစ်လွန်းလို့ မရှက်မကြောက်ပဲ ရအောင်ယူဖို့ လုပ်ခဲ့တာပဲ။ စန္ဒီ မြစ်ကြီးနားကို လိုက်လာဦးမလို့။ ဖေဖေကလည်း စုံစမ်းပေးပါတယ်။ မောင် တပ်ရင်းမှာ မရှိဘူးတဲ့။ သွားလည်း အလကားပဲတဲ့။ စန္ဒီလေ။ရှေ့တန်းအထိ လိုက်လာမယ်လို့ စိတ်ကူးတယ်။ သွားလို့ လာလို့ မရတဲ့ဒေသတွေမို့လို့သာ။ ခရီးသည်တင်ကားသာ ပေါက်ကြည့်။ စန္ဒီ ရောက်လာပြီမှတ်။"

"တစ်ခါတစ်ခါတော့လည်း မောင့်ကို အနိုင်ကျင့်မိတာ မှားသလားလို့ တွေးမိတယ်။ တစ်ဖက်သတ် အချစ်ဟာလည်း ပင်ပန်းစရာပါကွယ်။ စန္ဒီစိတ်ထဲမှာထင်ခဲ့တာက မောင်ဟာ စန္ဒီကို တကယ်မပြတ်နိုင်ဘူး။ မိုးဝေးချိတ်မာမို့လို့သာ အခြေအနေတွေ တင်းမာနေရတယ်။ မောင့်ကို စန္ဒီ ပျော့သွားအောင် ချော့နိုင်မယ်လို့ တွေးထင်မိခဲ့တာပါ။ တကယ်တော့ မောင်က မပျော့ဘူးနော်။ မောင်က သံမဏိနှလုံးသားရှင်လားဟင်။"

www.burmeseclassic.com

www.burmeseclassic.com

"စန္ဒီ့ကို နည်းနည်းလေးတောင် မချစ်တော့ဘူးလားမောင်။ သံယောဇဉ်အကြွင်းအကျန်လေးတောင် မရှိတော့ဘူးလား။ လူကြီးတွေ စေ့စပ်ထားတာကို မောင်လက်ခံတယ်ဆိုပေမဲ့ လိုက်လိုက်လှဲလှဲ မရှိတာကို သိရလေ၊ စိတ်ဆင်းရဲရလေပါမောင်။ မောင်စိတ်ညစ်နေလား။ စန္ဒီဟာ မောင့်အတွက် ဆူးငြောင့်ခလုတ်ဖြစ်နေလား။ စန္ဒီကို ခွင့်လွှတ်ပါမောင်ရယ်။ ချစ်လွန်းလို့ပါ။"

"စန္ဒီ့ကို မချစ်ချင်နေပါ။ သနားပါမောင်ရယ်။ စန္ဒီ ရင်ထဲ တစ်ခါလောက် ဝင်ကြည့်စမ်းပါ။ မီးတောင်ထက် ပူပြင်းလွန်းလို့ မောင် ခဏတောင်နေနိုင်မှာ မဟုတ်ပါဘူး။ စန္ဒီ့ရင်တွေ ပူလွန်းလှပြီ။ ဘယ်အခါမှ အေးမြရမယ်ဆိုတာလည်း မခန့်မှန်းနိုင်ဘူး။ စန္ဒီ့ကို ချမ်းမြေ့စေမဲ့သူဆိုတာလည်း မောင်တစ်ယောက်ပဲ ရှိပါတယ်။ မောင်ဟာ စန္ဒီ့အတွက် ဖန်တီးရှင်ပါ။

"စန္ဒီ အရင်လို မဟုတ်ဘူးဆိုတာ မောင်ပြန်လာရင် တွေ့လိမ့်မယ်။ စန္ဒီ ဘယ်ယောကျ်ားလေးနဲ့မှ စကားမပြောတော့ဘူး။ တချို့ကိုဆိုရင် မောင်က မကြိုက်လို့၊ ကျွန်မကို အပေါင်းအသင်း မလုပ်နဲ့တော့ဆိုပြီး ဖြောင်ပြောလွှတ်လိုက်တယ်။ ယောကျ်ားလေးတွေကို ဖော်ဖော်ရွေရွေ ဆက်ဆံတာတွေ၊ သဘောကောင်းတာတွေကို မောင် မကြိုက်ဘူး မဟုတ်လား။ မောင်မှ မောင်ပါ။ စန္ဒီ့ရင်ထဲမှာ မောင်ကလွဲရင် မရှိတော့ဘူးဆိုတာ ယုံပါ။"

ကျွန်တော်သည် စန္ဒီမိုးဦးဖြူ၏စာတွေကို အားတိုင်း ပြန်ဖတ်နေမိသည်။ ဘုတ်ဆုံမ၏ ရန်တွေ့စာကိုလည်း အကြိမ်များစွာပင် ဖတ်မိသည်။

"နင်က စန္ဒီ့ဆီတော့ စာမရေးဘဲ ငါ့ဆီ စာရေးတာတော့ မကောင်းဘူး။ နောက်ကို ငါ့ဆီဘာစာမှ မရေးနဲ့။ စန္ဒီ သိသွားရင်


www.burmeseclassic.com

www.burmeseclassic.com



ငါလည်းမကောင်းဘူး။ နင်မရှုးပါနဲ့ စန္ဒီဟာ သိပ်သနားစရာကောင်းနေပြီ။ အိမ်ထဲက အိမ်ပြင်လည်း မထွက်တော့ဘူး။ သူ့ကို လူတွေက နင်နဲ့ စေ့စပ်ထားတယ်လို့ သိနေကြတယ်။ နင်ပစ်ပစ်ခါခါ လုပ်နေတာကိုတော့ မသိကြဘူး။ နင် သိပ်ရက်စက်တယ်။ သူ့အနေနဲ့ တွက်ကြည့်ရင် ဘယ်လောက် ရှက်ရှာမလဲ။ နင် ဘာတွေပဲ အခဲမကျေ ဖြစ်နေနေ၊ လူလူချင်း စာနာထောက်ထားပါ။ သနားပါ။ ညှာတာပါ။ နင် ဆက်ဆံပုံကိုသာ လူတွေသိရင် သူ့အနေနဲ့ ဘယ်လောက် ရှက်ဖို့ကောင်းလဲ။

"ရှေ့တန်းမှာ အလုပ်တွေများနေလို့ဆိုရင် ထားပါ။ ငါ့ဆီကျတော့ နင်ဘာဖြစ်လို့ စာရေးလဲ။ ဒီမှာ သူငယ်ချင်း။ နင်ငါ့ဆီကို လာ ရင်မဖွင့်နဲ့။ ငါ နင့်ရင်လည်း မကြည့်ချင်ဘူး။

"ဒီမှာ ထက်လင်းဖြိုး။ စန္ဒီဟာ စိတ်ငြိမ်ဆေးတွေကို ဘယ်အချိန်ကတည်းက စားလာလဲ မသိဘူး။ သူစားတဲ့ ပမာဏကလည်း သိပ်များလွန်းတယ်။ ဒါတွေ စားလွန်းလို့လား မသိဘူး။ စိတ်ကုဆရာဝန်တွေနဲ့ ပြရတယ်။ နှလုံးရောဂါရနေတယ်လို့လည်း သိရတယ်။ ဒီအတိုင်းသွားရင် လုံးပါးပါးသွားလိမ့်မယ်။ အဲဒီလို ဖြစ်လာရင်တော့ နင်တရားခံပဲ ထက်လင်းဖြိုး။"

ကျွန်တော်သက်ပြင်းချလိုက်မိသည်။

ရန်ကုန်မှာဖြစ်ပျက်နေသည့်အခြေအနေတွေကို ကျွန်တော် တိတိကျကျ မသိရ။ ကျွန်တော်သည် လက်ရှိရှေ့တန်းစစ်မြေ၏ အခြေအနေကိုသာ တတ်နိုင်သမျှ တိတိကျကျ သိရှိနိုင်ရန် ကြိုးစားနေရသည်။ ကျွန်တော့်တပ်ခွဲ တစ်ခွဲလုံး၏ ကောင်းကျိုးဆိုးကျိုးမှာ ကျွန်တော့်အပေါ်မှာ မူတည်နေသည်။ ကျွန်တော်သည် အေးဝေး၍ မနေရ။ ငေးငိုင်၍ မနေရ။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့တပ်ရင်း ဘစ်ရင်းလုံး နောက်တန်းပြန်နားရမည်ဆိုသည့် သတင်းမှာ ပျော်စရာပင် ဖြစ်သည်။ ထိုသတင်းနှင့်အတူ ကျွန်တော်တို့တပ်စွဲယူထားသည့်စခန်းကို ရန်သူက အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်သိမ်းပိုက်လိမ့်မည်ဟူသော သတင်းနှင့် ပြိုင်တူပင် ဝင်လာလေသည်။

ရန်သူသည် ထုံးစံအတိုင်း အရဏ်ဦးတိုက်စစ် ဆင်နွဲရန် ချဉ်းကပ်လာခြင်းဖြစ်သည်။ သို့သော် နံနက်နှစ်နာရီခန့်မှာပင် ရန်သူများသည် ကျွန်တော်တို့ ထောင်ထားသည့် နင်းမိုင်းကို တက်နင်းမိတော့သည်။ ပေါက်ကွဲသံကြောင့် ကျွန်တော်တို့အားလုံး အိပ်ရာမှ နိုးသွားသည်။ ကျွန်တော်က အားလုံး နေရာယူခိုင်းထားလိုက်သည်။ ကာကင်းစခန်းပေါ်မှ ဗိုလ်ကြည်လင်တို့ထံမှလည်း အသင့်ဖြစ်ကြောင်း အချက်ပေးသံကြားရသည်။

ရန်သူက လက်နက်ကြီးအားကိုးသည်။

နေ့လည်ကတည်းက ချိန်ရွယ်ထားခဲ့သော လက်နက်ကြီးပြောင်းဝများသည် အဆက်မပြတ် မီးပွင့်လာကြသည်။ ကျွန်တော်တို့ စခန်းပေါ်တွင် တစ်လုံးပြီးတစ်လုံး ကျကွဲသည်။ တစ်လုံးမက ပြိုင်တူ ကွဲချင်ကွဲသည်။ ပေါက်ကွဲမှုများမှာ မြန်ဆန်ပြင်းထန်လွန်းလှသည်။ ဆက်သွယ်ရေးမြောင်း(ခေါ်)လျှောက်မြောင်းနုတ်ခမ်းတွေ ပုံကျသည်။ ရန်သူသည် ကျွန်တော်တို့ လုပ်ထားသည့်ဝါးစည်းရိုးများကိုလည်း ဗုဝ မမဘာရူကာများဖြင့် ပစ်ခတ်ဖောက်ထွင်းကြသည်။ မှောင်ထဲတွင် ယမ်းပေါက်ကွဲမှုကြောင့် မီးရောင်တွေ လင်းခနဲလက်ခနဲ ဖြစ်နေသည်။

"မပစ်နဲ့နော်။ ပစ်ခတ်မှုကို သေသေချာချာ ထိန်းထား။ အခုနေ ပစ်လို့ ဘာမှ မထူးဘူး။ စည်းရိုးနား ကပ်လာမှ အပိုင်ချ..."

www.burmeseclassic.com



ကျွန်တော်သည် စိတ်မချစွာ သတိပေးနေရသည်။

လက်နက်ကြီး ပစ်ခတ်မှု အပြင်းထန်ဆုံး ရောက်လာသော အခါ ရန်သူသည် စည်းရိုးနားကို ကပ်လာပြီဖြစ်သည်။ ကျွန်တော်တို့ကို ခေါင်းမဖော်နိုင်အောင် ပစ်ခတ်ဖိနှိမ်ထားပြီးမှ ကျွန်တော်တို့ မော်မကြည့်နိုင်စဉ်မှာ ချဉ်းကပ်ကြခြင်းဖြစ်သည်။ ပစ်ခတ်မှုဖြင့် ရွေ့လျားမှုကို ပေါင်းစပ်ကျင့်သုံးခြင်းပင်။ ပစ်အားဖြင့် အကာအကွယ်ယူခြင်းပင်။

လက်နက်ကြီးသံ ရပ်သွားပြီ။

စည်းရိုးနားမှ မိုင်းကွဲသံတွေ ကြားရသည်။

"ဒီကောင်တွေ လာပြီနော်။ အသင့်ပြင်ထား။ လက်မနှေးစေနဲ့"

ရန်သူများသည် ရတ်တရက် ကျယ်လောင်စွာ ကြွေးကြော်ပြီး စည်းရိုးကို အတင်းတိုးကြတော့သည်။

"ပစ်..."

ကျွန်တော်တို့ ရဲဘော်များ မီးကုန်ယမ်းကုန်ပစ်ခတ်ကြတော့သည်။ ရန်သူများကလည်း ပစ်ရင်းခတ်ရင်း စည်းရိုးကို အတင်းဖောက်ကြသည်။ ကျွန်တော်တို့က အပေါ်စီး။ ပြီးတော့ အကာအကွယ် ပစ်ကျင်းများ၊ ဘန်ကာများနှင့်၊ သူတို့က အနိမ့်ပိုင်း။ အကာအကွယ် မရှိအောင် ကျွန်တော်တို့က စီရင်ထားသေးသည်။ မိုင်း၊ မြောင့်နှင့် စည်းရိုးအတားအဆီးများကို သူတို့ မကျော်နိုင်။

နံနက်လင်းလာလေ။ မြင်ကွင်းက သဲကွဲလာလေ။

ပစ်ရခတ်ရ တိုက်ရတာက ကောင်းလာလေ။

ရန်သူ အင်အားစုတစ်စုသည် ကာကင်းကို ဝင်စီးနိုင်ရန် ကြိုးစားနေသည်။ ထို ရန်သူများရှိရာသို့ ကျွန်တော်က ဗိန်ပြောင်း

www.burmeseclassic.com



ဖြင့် ထုစေသည်။ ရှော့ကက်လောင်ချာဖြင့် ပစ်စေသည်။ စက်လတ် ပြောင်းဝရှေ့ကို ရောက်လာသည့်ရန်သူများကိုလည်း လက်မလွှတ်ဘဲ ပစ်ခတ်စေသည်။

တိုက်ပွဲ၏ ချိန်ခွင်လျှာသည် ကျွန်တော်တို့ဘက်မှာ ရှိ၍ နေသည်။ ရန်သူသည် ပွဲဦးထွက်မှာပင် ကြေမွသွားရသည်။

နံနက်ကိုးနာရီမှာ ရန်သူ့လက်နက်ကြီးတွေ မိုးသီးမိုးပေါက် ပမာကျလာသည်။ မုန်တိုင်းတပ်ဖွဲ့(ခေါ်) ရန်သူချေမှုန်းရေးတပ်ဖွဲ့ များသည် ဒဏ်ရာရသူများနှင့် သေဆုံးသူအလောင်းများကို ဆွဲထုတ်၍ ဆုတ်ခွာသွားကြသည်။

ပထမအကြိမ် ချေမှုန်းရေးတွင် ရန်သူလန်ကျသွားသည်။

ရန်သူသည် တစ်နေကုန် လက်နက်ကြီးဖြင့် နှောက်ယှက် ပစ်ခတ်လျက်ရှိရာ ကျွန်တော်တို့အားလုံး ဘန်ကာထဲမှာပဲ နေကြ ရသည်။ ဗိုကြီးအဖွဲ့က ထမင်းလိုက်ဝေပေးသည်။ ရဲဘော်များမှာ စိတ်ဓာတ် တက်ကြွနေကြသည်။ ရန်သူ့လက်နက်ကြီး ရပ်တန့်ချိန်များ တွင် ကျွန်တော်က ပေါက်နေသည့် စည်းရိုးများအား အမြန်ထွက်၍ ပြင်ခိုင်းရသည်။ မိုင်းအသစ်တွေ ချရသည်။

မှောင်လာသောအချိန်တွင် ရန်သူများသည် စခန်းနားသို့ ချဉ်းကပ်လာပြန်သည်။ လက်နက်ကြီးကို အချိန်နှင့် ပုံမှန်ပစ်ခတ် သည်။ အိပ်မရအောင် နှောက်ယှက်သည်။ ကျွန်တော်က တစ်ဝက်အိပ် တစ်ဝက်နိုးစနစ်ကို ကျင့်သုံးခိုင်းလိုက်သည်။ သို့သော် တကယ်တမ်း အိပ်ခိုင်းသည့်တိုင် မအိပ်နိုင်ကြ။

လင်းအားကြီးတွင် လက်နက်ကြီးတွေ ဖိပစ်ကြပြန်သည်။ ခရာသံက တစ်ရှိန်ရှိန်နှင့် တက်လာကြပြန်သည်။ သို့သော် ကျွန်တော်တို့ ပင်မစခန်းကို ချေမှုန်းရေး မလုပ်။ ဗိုလ်ကြည်လင်၏ ကာကွင်းတပ်စု



www.burmeseclassic.com

www.burmeseclassic.com 

ကိုသာ အတင်းတက် တိုက်သည်။ ကာကင်းတပ်စုမှာ လက်မလည်အောင် ပစ်ခတ်ခုခံနေပုံရသည်။ ကျွန်တော်တို့က မီးကုန်ယမ်းကုန် လက်ယှက်ထိုးပစ်ခတ်ပေးသည့်တိုင် ရန်သူသည် ဂရုမစိုက်။ ကာကင်းကို တိုက်နေသည့် တိုက်စစ်အဟုန်က လျော့မသွား။

ကျွန်တော် ဆက်သွယ်ရေး စက်ခန်းထဲ ဝင်လိုက်သည်။ ဗိုလ်ကြည်လင်နှင့် အဆက်အသွယ် ယူကြည့်သည်။ ရန်သူသည် အသေခံ၍ တက်နေသည်။ ရှေ့ဆက် မတက်သော ရန်သူတပ်သားများကို ဗကပခေါင်းဆောင်များက ပစ်သတ်သည်ကိုပင် မြင်ရသည်ဟု ဆိုသည်။ ဗိုလ်ကြည်လင်က စိတ်ချပါဟုဆိုပေမဲ့ ကျွန်တော် စိတ်မချနိုင်။ ကာကင်းစခန်းကျလျှင် ပင်မစခန်းသည်လည်း တောင့်ခံထားဖို့မလွယ်။ ကာကင်းက အပေါ်စီး။

ကျွန်တော်သည် တပ်စိတ်တစ်စိတ်ကို ထုတ်လိုက်သည်။ လောင်ချာကို ခေါ်သည်။ စက်လတ်ကို ခေါ်သည်။ ဒုံးကျည်ငါးလုံး သယ်လာစေသည်။ ထို့နောက် ကာကင်းဘက်ထွက်သည့် တံခါးဝသို့ လျှောက်မြောင်းအတိုင်း ထွက်လာသည်။ ကာကင်းနှင့် ကျွန်တော်မှာ ကိုက်၁၅၀ ခန့်သာ ကွာသည်။ ကြားတွင် မိုင်းကွင်းများ ခြားနေသည်။ ဆက်သွယ်ရေးမြောင်းကြီးဖြင့် ဆက်သွယ်ထားသည်။

ရန်သူသည် ကာကင်းနှင့် ကျွန်တော်တို့ကြားကို ဝင်မတိုးရဲ။ ဝင်တိုးလျှင်လည်း နှစ်ဖက်ညှပ်ပစ်သဖြင့် အတုံးအရုံး ဖြစ်သွားမည်။ ကျွန်တော်တို့လူစု လျှောက်မြောင်းအတိုင်း ပြေးသွားကြသည်။ ရန်သူကို တိုက်ရိုက် မြင်တွေ့နိုင်ရသည့် နေရာကျမှ ရပ်သည်။ လျှောက်မြောင်းပေါ်တက်သည်။ သစ်ပင်ကြီးများကို အကာအကွယ်ယူသည်။ ရန်သူသည် ကျွန်တော်တို့ကို မတွေ့သေး။

www.burmeseclassic.com


"စက်လတ်… မပစ်နဲ့ဦး။ လောင်ချာကွဲမှ စပစ်။ ဒီကောင်တွေ ငါတို့ ရောက်နေတာ မသိသေးဘူး…"

ရန်သူများသည် ကျောက်ကမ်းပါးရံအား ပုရွက်ဆိတ်များ သဖွယ် တွယ်တက်ရန် ကြိုးစားနေကြသည်။ ဝါးလှေကားထောင်သူက ထောင်သည်။ မီးကုန်ယမ်းကုန်ပစ်ခတ်သူက ပစ်ခတ်နေကြသည်။ ဒုံးပစ်လောင်ချာကြီးသည် ဒိုင်းခနဲ မြည်ဟီးလိုက်ရာ ဒုံးကျည်တစ်စင်း ရိုပ်ခနဲ ပြေးထွက်သွားပြီး ရန်သူတို့အကြားတွင် ကျရောက်ပေါက် ကွဲလေတော့သည်။ စက်လတ်ကျည်ဆန်များကလည်း ပလူပျံနေအောင် ပြေးထွက်ပျံသန်းသွားကြပြီး။ ဖရိုဖရဲဖြစ်နေသော ရန်သူများအား သုတ်သင်တော့သည်။ ကျွန်တော်သည် ကာကင်းကို တိုက်ခိုက်နေသော ရန်သူတို့၏ တိုက်စစ်အဟုန်ကို နံဘေးမှ ဆောင့်ထိုးပြီး ဖျက်ပစ်လိုက်နိုင်လေပြီ။ ရန်သူများသည် ကစဥ့်ကလျားဖြင့် ဆုတ်ခွာ ပြေးတော့သည်။

ရန်သူ့လက်နက်ကြီးအဖွဲ့ကလည်း ချမ်းသာမပေးပါ။ ချက်ချင်းပင် ကျွန်တော်တို့ကို လိုက်ပစ်တော့သည်။ ကျွန်တော်တို့ လူစု ချောက်မြောင်းထဲ ပြန်လှိမ့်ဆင်းရသည်။ ရန်သူက ချောက်မြောင်းအတိုင်း ပိုက်စိပ်တိုက်၍ ပစ်သည်။ ကျွန်တော်တို့လူစု လက်နက်ကြီးကျည် ပေါက်ကွဲမှုများကြားမှ ပင်မစခန်းထဲ ပြန်ပြေးဝင်လာရသည်။ ပင်မစခန်းပေါ်တွင် မြေစိုက်ထမင်းချက်ရုံမှာ မီးလောင်နေသည်။ ကျွန်တော်တို့၏ ဒန်အိုး၊ ဒန်ခွက်များ သံပန်းကန်များမှာ ကစဥ့် ကလျားနှင့် ပေါက်ပြဲလွင့်စဉ်ကုန်လေပြီ။ ရေတိုင်ကီတစ်လုံးလည်း လက်နက်ကြီးဒဏ်ကြောင့် ကွဲထွက်သွားသည်။

ရန်သူများသည် တစ်နေကုန်ပင် ချေမှုန်းရေး မလုပ်တော့ဘဲ ဝိုင်းရံထားသည်။ ကျွန်တော်တို့ကို အမှည့်ခြွေ ခြွေရန် ကြိုးစားသည်။

www.burmeseclassic.com



မျက်စိလျှင်လျှင်ထား၊ မျက်ခြည်မပြတ်ကြည့်ပြီး ခေါင်းပြူသည်နှင့် ပစ်သည်။

ကျွန်တော်တို့ ဆက်သွယ်ရေးစက်ဘန်ကာထဲ ဝင်ရပြန်သည်။ ရှေ့တန်ရုံးမှ မနေ့ကတည်းက ထွက်ခွာလာသော စစ်ကူ စစ်ကြောင်းသည်လည်း လမ်းတွင် ရန်သူ့ဖြတ်တောက်ရေးအဖွဲ့များနှင့် ထိတွေ့ပြီး တိုက်ပွဲဖြစ်နေသည်။ သူတို့လည်း မနေ့ညက တစ်ညလုံး ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြရသည်။ ယခုထိ ပြောက်ကျား တိုက်ခိုက်မှုများ ရှိနေတုန်း။

ရန်သူသည် ရှေ့တန်းရုံးကိုလည်း အဝေးမှ လက်နက်ကြီးဖြင့် ပစ်၍ နှောက်ယှက်ပစ်ခတ်လျက်ရှိသည်။ ကျွန်တော်က စခန်းကျဆုံးခြင်း မရှိအောင် ကာကွယ်ထားနိုင်ကြောင်း၊ ဒဏ်ရာရသူလေးယောက်ရှိကြောင်း သတင်းပို့သည်။ စခန်းကို လုံးဝကာကွယ်ထားပါမည်ဟုလည်း တပ်ရင်းမှူးထံ ကတိပေးလိုက်သည်။ စစ်ကူစစ်ကြောင်းမှာ ကျွန်တော်တို့ထက်ပင် အထိအခိုက် အကျအဆုံး များပြားကြောင်းလည်း သိရသည်။

ရန်သူသည် တစ်နေကုန်ပင် ဝိုင်းထားသည်။

ညနေ ၆ နာရီမှစ၍ ရန်သူအင်အားအချို့သည် ဌာနချုပ်(သို့မဟုတ်)စစ်ကြောင်း(၁)ကို အလုံးအရင်းဖြင့် တိုက်ခိုက်နေပြီဖြစ်ကြောင်း သိရတော့၏။ စစ်ကူစစ်ကြောင်းနှင့်လည်း အဆက်အသွယ်မရ။ ရန်သူသည် စခန်းများ၊ စစ်ကြောင်းများကို အင်အားအလုံးအရင်းဖြင့် တစ်ချိန်တည်းတွင် တိုက်ခိုက်နိုင်ရန် ကြိုးစားခြင်းပင်တည်း။ ကျွန်တော်သည် စစ်ကူကို မျှော်လင့်၍မရနိုင်တော့ကြောင်း သဘောပေါက်လာသည်။ လောလောဆယ် ကိုယ့်အတွက်ပင်ကိုယ် မပူပင်နိုင်

www.burmeseclassic.com



တော့။ ရှေ့တန်းရုံးအတွက် ပူရပြန်သည်။ ရှေ့တန်းရုံးနှင့် စာလျှင် ကျွန်တော်သည် အရေးမကြီးတော့။

မှောင်လာလေပြီ။

ရန်သူသည် ကျွန်တော်တို့ကို လက်နက်ကြီးများဖြင့် နင်းကန် ဖိ၍ပစ်ပြန်သည်။ မှန်တိုင်းတပ်ဖွဲ့များသည် ပင်မစခန်းကို မတိုက်ဘဲ ကာကင်းကို တရကြမ်း ဖိတိုက်တော့သည်။ မှောင်နေပြီဖြစ်သဖြင့် ကျွန်တော် သူတို့ကို ကူဖို့ ခက်သည်။ ဗိုလ်ကြည်လင်၏ တပ်စုတွင် စစ်သည်လေးယောက် ကျဆုံးသွားကြောင်း ဆက်သွယ်ရေးစက်မှ သတင်းလက်ခံရရှိသည်။ ဒဏ်ရာရသူတွေလည်း ရှိနေသည်။

ဗိုလ်ကြည်လင်တို့ ကာကင်းတပ်စုမှာ ရန်သူကို ခုခံနိုင်စွမ်းရှိသည်ကား မှန်သည်။ သို့သော် အင်အားက ရန်သူနှင့် မယှဉ်သာအောင် နည်းလှသည်။ ကျွန်တော်တို့ကလည်း မတက်ဖြည့်နိုင်၊ ရဲဘော်များသည် တစ်ယောက်ပြီးတစ်ယောက် အသေခံကာ တိုက်ခိုက် ကာကွယ်သွားကြမည် ဖြစ်သည်။ သူတို့တစ်ယောက်မျှ မကျန်တော့လျှင် ကာကင်းသည် ကျမည်သာဖြစ်သည်။

သူတို့သည် သေနတ်ပြီးသူများ မဟုတ်ကြ။ ကြာကြာခံနိုင်ဖို့မလွယ်တော့ ။

ဆက်သွယ်ရေးစက်မှပင် ဆုတ်မိန့် ပေးလိုက်ရသည်။ ဒဏ်ရာရသူများနှင့် လက်နက်ခဲယမ်းများသယ်ဆောင်လာရန်၊ မိုင်းများထောင်ထားခဲ့ရန် မှာကြားရသည်။ ထို့နောက် ကျွန်တော်သည် ကျွန်တော့်တပ်ခွဲမှ တပ်ခွဲအကူပစ် လက်နက်အားလုံးအား ဗိုလ်ကြည်လင်တို့ထံ ချဉ်းကပ်နေသော ရန်သူများထံသို့ စုပြုံ၍ ပစ်ခတ်စေသည်။

ဆုတ်ခွာရသည်မှာ မည်မျှ ခက်ခဲကြောင်း ကျွန်တော်ကိုယ်တိုင် နားလည်သည်။ သို့သော် ကာကင်းတစ်စု ရောက်မလာခြင်း အတွက်

www.burmeseclassic.com



ကျွန်တော်သည် စိတ်ပူနေမိသည်။ တစ်နာရီခန့်အကြာတွင် ရန်သူ တို့၏ ကျားထိုးသံကို ကာကင်းတောင်ကုန်းပေါ်မှ ကြားရတော့သည်။ မိုင်းကွဲသံတွေလည်း ကြားရလေရာ ရန်သူသည် ထောင်ချောက်ထဲကို ဝင်တိုးမိခြင်းပင်တည်း။ ချက်ချင်းပင် ရန်သူ့လက်နက်ကြီးအချို့ အသံတိတ်သွားသည်။ ရန်သူသည် လက်နက်ကြီးများကို ကာကင်းပေါ် သို့ ရွှေ့ပြီး ကျွန်တော်တို့အား အပေါ်စီးမှ တိုက်ရိုက်ချိန်ရွယ်ကာ ပစ်ခတ်ရန် ကြိုးစားပေတော့မည်။

ဗိုလ်ကြည်လင်တို့လူစုသည် ချွေးတွေသံတွေဖြင့် ရောက်ရှိ လာသည်။ လူနာတွေ ပါလာသည်။ လက်နက်ခဲယမ်းနှင့်စက်ပစ္စည်း တွေအားလုံး ပါလာသည်။ ကျဆုံးသူများကိုကား သယ်ဆောင်လာ နိုင်ခြင်း မရှိသဖြင့် ထားခဲ့ရလေသည်။

"ဆုတ် ဆိုလို့သာ ဆုတ်လာရတာ။ ကျွန်တော်တို့ ခံထားလို့ ရသေးတယ်..."

"မဖြစ်နိုင်ဘူး။ မင်းတို့တစ်ယောက်မှ မရှိတော့ရင် ဘာလုပ် မှာလဲ။ အခု လောလောဆယ် ရှေ့တန်းရုံးလည်း အတိုက်ခံနေရတယ်။ စစ်ကူစစ်ကြောင်းလည်း ရှေ့မတိုးနိုင်ဘူး။ ငါတို့ကို ဘယ်သူမှ ကူနိုင်မယ် မထင်ဘူး..."

ကျွန်တော်က ဗိုလ်ကြည်လင်ကို ရှင်းပြပြီး ရေဒီယိုစက်ခန်း ထဲ ဝင်ရပြန်သည်။ ဗိုလ်ကြည်လင်လည်း လိုက်ဝင်လာသည်။ ဆက်သွယ်ရေးစက်ခန်းထဲတွင် မီးရောင်အပြင်ထွက်အောင် စီမံပြီး မီးထွန်းထားရသည်။ ဆက်သွယ်ရေးစစ်သည်က ကြေးနန်းတွေ ပေးသည်။

ရှေ့တန်းဌာနချုပ်မှာလည်း တိုက်ပွဲက ပြင်းထန်နေသည်။ စစ်ကူစစ်ကြောင်းမှာ နောက်ကြောင်းပြန်လှည့်ပြီး ရှေ့တန်းရုံးကို

www.burmeseclassic.com



ကယ်တင်နိုင်ရန် ကြိုးစားနေရသည်။ သို့ဆိုလျှင် ရန်သူသည် ရှေ့တန်းရုံးနှင့် စစ်ကူစစ်ကြောင်းကို ထိန်းထားပြီး ကျွန်တော်တို့ကို အပိုင်တိုက်ပေတော့မည်။

ကျွန်တော်တို့ကို နောက်တစ်နေ့ည ၁၂ နာရီအထိ ထိန်းသိမ်းထားရန် ရှေ့တန်းရုံးက အမိန့်ပေးသည်။ ကျွန်တော့် တပ်ခွဲသည် နောက်တစ်နေ့ည သန်းခေါင်ယံ မတိုင်မီဆုတ်ခွာခွင့် မရှိ။ ဗျူဟာရုံးမှ ခြေလျင်တပ်ရင်းတစ်ရင်းသည် မနေ့ကတည်းက ထွက်လာပြီဖြစ်သည်။ သူတို့တပ်ရင်းသည် နေ့ရောညရော ချီတက်လာမည် ဖြစ်ပြီး မနက်ဖြန်ညနေတွင် စစ်ကြောင်း(၁)သည် ရှေ့တန်းစစ်ဌာနချုပ်ကို ရောက်လိမ့်မည်။ လေကြောင်းပစ်ကူလည်း မနက်ဖြန်မနက်မှစ၍ ရမည်ဟု သိရသည်။

တစ်ညလုံး မအိပ်နိုင်။

တပ်ရင်းတစ်ရင်းလုံး တိုက်ပွဲတွေ ဖြစ်နေခြင်းပင်။ ရှေ့တန်းဌာနချုပ်သည် တပ်ရင်းမှူးဦးစီးစစ်ကြောင်း(၁)ဖြစ်သည်။ ရှေ့တန်းဌာနချုပ်တွင် တပ်ခွဲနှစ်ခွဲရှိပြီး ကျွန်တော့်တပ်ခွဲသည် စစ်ကြောင်း(၁) လက်အောက်ခံဖြစ်သည်။ စစ်ကြောင်း(၂)တွင် တပ်ခွဲနှစ်ခွဲပါဝင်ရာ ထိုစစ်ကြောင်းသည် စစ်ကူစစ်ကြောင်းဖြစ်သည်။

ရန်သူသည် တစ်ညလုံး အော်ဆဲပြီး လက်နက်ကြီးကို ပုံမှန်ပစ်သည်။

"မနက်လင်းရင်တော့ လုံ့စွပ် တက်ထိုးတော့မယ်။ စည်းရိုးတွေအားလုံး မီးလောင်ကုန်ပြီ။"

စည်းရိုးများမှာ ပေါက်ပြဲကုန်ပြီဖြစ်သည်။ ကျွန်တော်တို့တွင် အရန်မိုင်းများလည်း မရှိတော့။ ထိခိုက်ဒဏ်ရာရသူလည်း များနေလေပြီ။ အရန်ကျည်ဆန်ကတော့ ရှိနေသေးသည်။ မိုးလင်းခါနီးလေ

www.burmeseclassic.com



ရန်သူတို့၏ လှုပ်ရှားသံများကို ကြားလာရလေဖြစ်သည်။ ရန်သူသည် ကာကင်းကုန်းပေါ်မှ ပစ်ခတ်လျက်ရှိရာ မှောင်နေသောကြောင့် မထိရောက် လင်းလာလျှင်မူ ကျွန်တော်တို့အတွက် မလွယ်ပေ။

ရန်သူသည် ထုံးစံအတိုင်း နံနက်ငါးနာရီတွင် ချေမှုန်းရေး လုပ်လာပြန်သည်။ ကျွန်တော့်တပ်ခွဲသည် တစ်ခွဲလုံး စုစည်းနေမိပြီဖြစ်သဖြင့် အနည်းငယ်မျှ အားတက်နေသည်။ ရန်သူကို ကြံ့ကြံ့ခံထားနိုင်သည်။ ပေါက်ပြဲနေသည့် စည်းရိုးမှ တက်လာသော ရန်သူများမှာ အထွေးလိုက် အထွေးလိုက် ပြိုကျကုန်သည်။ ရှစ်နာရီခန့်တွင် သူတို့သည် ရှေ့ဆက်တက်မလာတော့ဘဲ ရောက်ရာနေရာများတွင် ကျင်းတူးပြီး ခံနေကြတော့၏။

ကျွန်တော်သည် ရှိသမျှလက်နက်ကြီးများကို ကာကင်းပေါ်သို့ စုပြုံပြီး ပစ်စေသည်။ ကာကင်းပေါ်မှ ရန်သူများ ဆင်းမလာနိုင်စေရန် တပ်စိတ်တစ်စိတ်ကို ဆက်သွယ်ရေးမြောင်းထဲအထိ ဆင်း၍ နေရာယူပြီး ပိတ်ဆို့ထားစေသည်။ ရန်သူသည် ပင်မစခန်းနှင့် ကာကင်းစခန်းကို ဆက်သွယ်ထားသည့် ဆက်သွယ်ရေးမြောင်းအတိုင်း လိုမ့်၍ ပြိုဆင်းဝင်ရောက်လာပါက ကျွန်တော်တို့အတွက် မလွယ်ပေ။ သို့သော် ရန်သူသည် ထိုသို့ မလုပ်သေး။

လေယာဉ်ပျံသံနှင့် ပေါက်ကွဲသံတွေ ကြားရသော်လည်း လေကြောင်းက တိုက်ခိုက်မှုမှာ ရှေ့တန်းရုံးကို စစ်ကူပေးခြင်းသာဖြစ်သည်။ စက်ဖွင့်ခိုင်းလိုက်တော့ စစ်ကြောင်း(၁) နှင့် (၂)သည် ရန်သူကို လေကြောင်းပစ်ကူဖြင့် အောင်မြင်စွာ မောင်းထုတ်နိုင်ပြီဟုသိရသည်။ စစ်ကြောင်း(၂)က ရန်သူနောက်ကို တောက်လျှောက်ကပ်၍ လိုက်သွားရာ ရန်သူသည် ကျွန်တော်တို့ဘက်ကို ပြိုဆင်းလာသည်ဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com


ရန်သူအခြေအနေကို ကြည့်နေသော စစ်ကူတပ်ရင်းမှ ဆက်သွယ်ရေးစက်သည် ကျွန်တော်တို့နှင့် အဆက်အသွယ်ရထားသည်။ ထိုစက်က ကျွန်တော့်ကို စက်ပေါ်တက်ခိုင်းသည်။ စက်ပေါ် တက်ခိုင်းသည်ဆိုခြင်းမှာ ကိုယ်တိုင် အဆက်အသွယ် လုပ်ခိုင်းခြင်းကို ဆိုလိုသည်။

"ထန်းသီး၊ လိပ်ပြာ၊ ဖရုံ၊ ဒီကအသံ ဘယ်လောက်ကြားလဲ၊ ဒါပဲ..."

"အသံ ၅ပဲ၊ အသံ ၅ပဲ။ ဒါပဲ..."

"ဒီက အသံကို မှတ်မိလား၊ ဒီက အသံကို မှတ်မိလား။ ဒါပဲ.."

သန်းဆွေ၏ ဆဲသံကို ကြားလိုက်ရလေသည်။

အခြေအနေသည် တစ်မျိုးပြောင်းသွားပြန်သည်။ ရှေ့တန်းဌာနချုပ်ဘက်တွင် အခြေအနေကောင်းသွားသလောက် ကျွန်တော်တို့မှာ အခြေအနေ ဆိုးဖို့ဖြစ်လာသည်။ ထို့ကြောင့် စစ်ကူတပ်ရင်းသည် ရှေ့တန်းဌာနချုပ်ဘက်သို့ ချီတက်တော့မည် မဟုတ်ဘဲ ကျွန်တော်တို့ တပ်ခွဲရှိရာသို့ ဖြတ်၍ ချီတက်လာမည်ဖြစ်သည်။ ကျွန်တော်တို့မှာလည်း ဆုတ်ခွာခွင့် မရှိတော့။ စစ်ကူတပ်ရင်း မရောက်မချင်း ခံထားရမည်။

မွန်းတည့် ၁၂ နာရီခန့်မှစ၍ ရန်သူသည် ကာကင်းပေါ်မှ ကျွန်တော်တို့ရှိရာသို့ ပြိုဆင်းလာကြတော့၏။ ဆက်သွယ်ရေးမြောင်းတစ်လျှောက်တွင် ကျွန်တော်တို့ ထောင်ထားသည့် မိုင်းတွေက တခြိမ်းခြိမ်း ထကွဲသည်။ စက်လက်နက် ပုံသေပစ်ကြောင်းသို့ပြီး ပစ်သည်။ ရန်သူတွေ အတုံးအရုံး ကျကုန်သည်။ ရန်သူသည်


www.burmeseclassic.com

www.burmeseclassic.com


စခန်းပေါ်သို့ တစ်ဟုန်ထိုး ပြေးတက်ရန် ကြံကြရာ ကျွန်တော်တို့က ရှေ့ထွက်မိုင်းတွေ ဖောက်ခွဲပြီး ဆောင့်တွန်းထုတ်ရသည်။

ရန်သူများသည် ကျွန်တော်တို့တပ်ခွဲကို ပတ်ပတ်လည် ဝိုင်းထားလိုက်ပေပြီ။ ကာကင်းတပ်စုအပါအဝင် ကျွန်တော်တို့တပ်ခွဲမှ စစ်သည်ခုနစ်ဦး တိုင်းပြည့်အတွက်အသက်စွန့်လွှတ်ခဲ့ရပြီးပြီ။ ဒဏ်ရာရသူက ၂၀ ကျော်သည်။ ဒဏ်ရာရသော်လည်း ပစ်နိုင်ခတ်နိုင်သူများမှာ ဆေးပတ်တီးစည်းပြီးသည်နှင့် သေနတ်ကိုင်ပြီး ပစ်ခတ်တိုက်ခတ်ကြရသည်။

ကျွန်တော် စိုးရိမ်သည့်အတိုင်းပင် ကာကင်းဘက်မှ ရန်သူတွေ အတင်းပင် ပြေးဝင်လာကြတော့သည်။

လုံ့စွပ်ထိုးပွဲကား စပေပြီ။

ဗိုလ်ကြည်လင်၏တပ်စုမှ ရဲဘော်အချို့သည် ရန်သူများနှင့် လုံးထွေးကုန်သည်။ ရဲဘော်များသည် ရန်သူနှင့် လုံ့စွပ်ချင်း ဆိုင်ထိုးကြရသည်။ သူဦးလျှင်သူ၊ ကိုယ်ဦးလျှင်ကိုယ် နှစ်ဖက်ပစ်ခတ်ကြသည့် လက်ပစ်ဗုံးများမှာလည်း နေရာအနှံ့တွင် ပေါက်ကွဲကုန်ကြသည်။ ကျွန်တော်သည် စက်လတ်သမားကိုခေါ်၍ ဗိုလ်ကြည်လင်တို့တပ်စု ရှိရာသို့ ပြေးရသည်။ ရန်သူအုပ်ကြီးထဲကို စက်လတ်ကျည်ဆန်တွေ ပလူပျံအောင် ပြေးဝင်သွားသည်။

ရဲဘော်များသည် သရဲမရဲစီးသကဲ့သို့ တိုက်ခိုက်ကြလေရာ ရန်သူတွေ မခံနိုင်။ အလောင်းတွေထားပြီး လန်ကျသွားကြရတော့သည်။ ရဲဘော်များမှာ လုံ့စွပ်ထိုးပွဲတွင် နိုင်လိုက်သဖြင့် အားတက်လာကြသည်။

ရန်သူများသည် လက်နက်ငယ်တစ်ကမ်းအထိ နောက်ဆုတ်သွားပြီး ခေတ္တမျှ နားလိုက်ကြသည်။ မွန်းလွဲနှစ်နာရီခွဲကား

www.burmeseclassic.com



ဒုတိယအကြိမ် လုံ့စွပ်ထိုးပြန်လေသည်။ ကျွန်တော်တို့ လူစုမှာ လူလျော့လာပြီဖြစ်သည်။ သို့သော် ဒဏ်ရာရသူများပင် ဒဏ်ရာကို မေ့ထားပြီး တိုက်ခိုက်ကြရတော့၏။ ယခုတစ်ခါတွင်ကား ရန်သူသည် သူတို့လူ သုံးလေးယောက်ခန့်ကျသည်နှင့် ချက်ချင်းပြန်ဆုတ်သည်။ နာရီဝက်အကြာတွင် တစ်ခါထိုးပြန်သည်။

ဘန်ကာတစ်လုံးတည်းတွင် မဲပစ်နေသော ရဲဘော်နှစ်ဦးသည် ရန်သူ့လက်ပစ်ဗုံးများ ဝင်လာသောကြောင့် ကျဆုံးသွားကြရသည်။ ရန်သူတွေ၏ ဘန်ကာကို စီးနင်းတိုက်ခိုက်လိုက်ကြစဉ်မှာပင် လောင်ချာ ဒုံးကျည်တစ်စင်းက ထိုဘန်ကာကို ဖောက်ခွဲပြီးသားဖြစ်သွားသည်။ ရန်သူသည် ကျွန်တော်တို့စခန်း၏ လေးပုံတစ်ပုံကို တက်ပြီးနေရာယူ ထားလေပြီ။ ကျွန်တော်တို့သည် စခန်းပေါ်က ဆင်းမပြေးရအောင် မနည်းတောင့်ထားရသည်။

ရန်သူ နေရာယူထားသည့် အပိုင်းမှာ အနိမ့်ပိုင်းဖြစ်လေရာ ကျွန်တော်တို့က အပေါ်စီးမှ ချိန်ပစ်နိုင်ခွင့်ရနေသည်။ သို့သော် ရန်သူသည် ရှေ့သို့သာ တိုးလာလေသည်။

အနီးကပ်လေယာဉ်ပျံသံတွေ ရုတ်တရက် ကြားလိုက်ရတော့သည်။ တပ်မတော်(လေ)မှ တိုက်လေယာဉ်များသည် ရန်သူအစိုင်အခဲကြီးမားသည့် ကာကင်းကုန်းကို စက်သေနတ်များဖြင့် ပစ်သည်။ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ တိုက်လေယာဉ်နှစ်စင်း သုံးခေါက် တိုက်ခိုက်ပြီးသည်နှင့် ဗုံးကြဲလေယာဉ်ပျံတွေ ပေါ်လာပြန်သည်။ ဗုံးတွေ အပြွတ်လိုက် အတွဲလိုက်ချသည်။

ကျွန်တော်တို့ စခန်းပေါ်ရောက်နေသည့် ရန်သူများမှာ စခန်းပေါ်တွင် ကုတ်ကတ်ဖက်တွယ်ပြီး မနေရဲတော့။ ပြေးဆင်းကြတော့သည်။ စစ်ကူတပ်ရင်းကလည်း ရန်သူကို အရှိန်ပြင်းစွာ ဝင်၍



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နေပေပြီ။ ထိုအခါကျမှ ကျွန်တော်တို့ အသက်ရှူချောင်သည်။ သို့သော် အားလုံးခြေပစ်လက်ပစ်...။

❖

(ဃ)

ကျွန်တော့်လက်ထဲမှ စက္ကူနှင့်လိပ်ထားသော ဆေးရွက်ကြီးပွတ်ချွန်းဆေးလိပ်လေးကို သန်းဆွေက ဆွဲယူပြီး လွှင့်ပစ်လိုက်သည်။

"မင့် ပွတ်ချွန်းကြီးက နံကနံနဲ့ကွာ။ ဒီ စီးကရက်သောက်။ မင်းအတွက် ငါတစ်ကာတွန်း ဝယ်လာတယ်။ ထူးခြားအောင် ဒူးယားလေး သောက်လိုက်စမ်းကွာ။"

သူက စီးကရက်တစ်လိပ် လှမ်းပေးသော်လည်း ကျွန်တော်က ပွတ်ချွန်းကို ပြန်ကောက်ယူပြီး မက်မောစွာ ဖွာရှိုက်လိုက်မိသည်။

"ငယ်ချစ်ဟောင်းကို မပစ်နိုင်ဘူးပေါ့။"

"ဒူးယားလည်း သောက်ပါ့မယ်ကွာ"

"ဒါဆိုရင် ဟိုလိုလို ဒီလိုလို မပြတ်မသားပေါ့။ ဟုတ်လား ထက်လင်းဖြိုး..."

ကျွန်တော် ပြုံးနေလိုက်ရသည်။

"မင်း စေ့စပ်ထားတယ်နော်.."

"ကြာပြီ သန်းဆွေ..."

"အေး... ဘယ်တော့ယူမှာလဲ.."

ကျွန်တော် မပြောနိုင်။

"မင်းတို့တပ်ရင်းကို ငါတို့က တာဝန်လွှဲယူရမယ်။ နောက်တန်း ပြန်ရောက်ရင် ခွင့်ယူပြီး မိန်းမသွားယူပေါ့ကွာ.."

www.burmeseclassic.com



"အာ… ငါ့ဟာငါ လူပျိုဘဝနဲ့ နေနေတာ မင်း မကြည့်ချင်ဘူးထင်တယ်။"

"မင့်ကို မင်းလူပျိုပေါက်စလေး ထင်နေလား ဖြိုး။ အသက်တွေက ကြီးပြီဟ။ လူပျိုဆိုတဲ့ဝေါဟာရက နုပျိုနေပေမဲ့ လူပျိုကြီးဆိုတဲ့ဝေါဟာရက နည်းနည်း ပေါကြောင်ကြောင်နိုင်တယ်။ လူပျိုကြီးဆိုတာကလည်း တကယ်တော့ ကြီးပေါ ကြာကြောင်ပေါ့ကွ။ ကြီးလာလေ ကြောင်လာလေ။ ကြာလာလေ ပေါလာလေ။ ကြီးကြောင်ကြာပေ ဘဝမှာ ပျော်ပိုက်မနေစမ်းပါနဲ့ကွာ…"

"အေးပေါ့လေ။ မင်းက မိန်းမနဲ့ကလေးနဲ့ဆိုတော့လည်း ပြောနိုင်တာပေါ့ကွာ .."

"အိမ်ထောင်မှုသုခကို ခံစားစေချင်လို့ပါကွာ…။"

သန်းဆွေသည် တဝါးဝါး တဟားဟားနှင့် စကားပြောနေရာမှ မျက်နှာ တည်သွားသည်။

"ဟာကွာ။ ငါအရေးကြီးတာ ပြောဖို့ မေ့နေတယ်။"

"ဘာလဲ။ မင့်ညီမ လင်နောက်လိုက်သွားလို့လား…။"

"ငါ အကောင်းပြောမလို့ကွ။ သတင်းကောင်းတော့ မဟုတ်ဘူးနော်။"

"ပြော…သူငယ်ချင်း…"

"ဆန်းမောင်ကြီး ကျသွားပြီ"

"ဘာ…။"

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"ဟုတ်တယ်။ ဒီကောင်ကြီး သူကိုယ်တိုင် ထွက်ပြီး ကင်းပုန်းဝပ်တာ ဗကပ(၅)ယောက် ဝင်လာတယ်။ ဗကပနယ်ထဲ ဖောက်ဝင်တာဆိုတော့ ဗကပတွေလည်း ပေါ့ပေါ့ဆဆ နေတာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ချလိုက်တာ ငါးယောက်စလုံးရတယ်။ သေနတ်ငါးလက် အလောင်း ငါးလောင်းဆိုပါတော့…"

ကျွန်တော် ငြိမ်သက်စွာ နားထောင်နေမိသည်။

"တိုက်ပွဲမှာ အောင်ပွဲရတယ်ဆိုပြီး ရွာကို ပြန်လာတယ်။ စခန်းပေါ် ပြန်မတက်ဘူး။ ရွာထဲက ပြည်သူ့စစ်တွေနဲ့ ဝက်တစ်ကောင် ပေါ်ပြီး ပျော်ပွဲစားတယ်။ အမူးလွန်နေတယ်။ ဗကပတွေက သူတို့ ခံလိုက်ရတာကို မကျေနပ်လို့ အင်အား ၅၀၀ လောက်နဲ့ လိုက်လာတယ်။ သူသေတဲ့အထိ ခံပစ်သွားတယ်။ စခန်းတော့ မကျဘူး။"

ကျွန်တော် သက်ပြင်းချလိုက်သည်။ စစ်ရေးတွင် စိုးစဉ်းမျှ ပေါ့လို့မရ။ အချစ်ရေးသည်လည်း အခါခပ်သိမ်း စစ်ရေးတွင် ဝင်ရောက် စွက်ဖက်၍ မရ။ ကျွန်တော်သည် သူငယ်ချင်းတစ်ယောက် ကျဆုံးမှုအတွက် စိတ်မကောင်းနိုင်တော့…"

❖

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

# စန္ဒီမိုးဦးဖြူ

(က)

အချိန်တို့သည် ရပ်တည်၍ မနေပေ။

နွေမှသည် မိုး၊ မိုးမှသည် ဆောင်း၊ ပြောင်း၍သာနေလေသည်။ ရေတို့သည်လည်း ရပ်တည်၍ မနေပေ။ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်း၍သာ နေလေသည်။

ချစ်ခြင်းမေတ္တာ တရားသည် အချိန်ကာလနှင့် တိုက်ရိုက်အချိုးကျသလား၊ ပြောင်းပြန်အချိုးကျသလား။ ကျွန်တော် မဝေခွဲတတ်။ တစ်ခုတော့ သေချာသည်ကား အရာရာပြောင်းလဲနေသော ဤလောက၌ တွင် အချစ်သည်ကား မပြောင်းလဲနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့်အမုန်းသည် ကျောချင်းကပ်လျက်နေသည်ဟု ပညာရှိတို့ဆို၏။ သို့ဆိုလျှင် အချစ်၏နောက်ကွယ်တွင် အမုန်းရှိရပေမည်။ အမုန်း၏နောက်ကွယ်တွင်လည်း အချစ်ရှိရပေမည်။

သို့တစေ…

အချစ်နှင့် အမုန်း၏ ဦးတည်ရာသည် တူညီပါသလား။

အချစ်၏ ခြေဦးတည့်ရာနှင့် အမုန်း၏ တူရူတို့သည် မျက်နှာချင်းဆိုင်ရှိကြားအံ့။ ပြင်းထန်စွာပင် တိုက်ခိုက်မိပေလိမ့်မည်။ အချစ်နှင့်အမုန်းသည် ပဋိပက္ခဖြစ်တတ်ပါသလား။

ချစ်ခြင်းတရားဟူသည် ရယူလိုခြင်း မဟုတ်။ အနစ်နာခံခြင်းဟု ဆိုကြကုန်၏။

မုန်းခြင်းသည် ချစ်ခြင်းနှင့် ဆန့်ကျင်ဘက်တရားဆိုကြားအံ့။

မုန်းခြင်းတရားဟူသည် ရယူလိုခြင်းသာ ဖြစ်မည်။ အနစ်နာခံခြင်းလည်း ရှိမည်မဟုတ်။ သို့နှယ်ပင် ယုတ္တိဗေဒဆန်စွာ တွေးကြည့်မိသည်။

တိမ်ညိုတိမ်တိုက်တို့ ကင်းစင်သော လပြည့်ညသည် ချစ်စရာကောင်းသည်။ လပြည့်ဝန်းသည် ကြယ်တာရာအပေါင်း ခြံရံလျက် ကောင်းကင်တွင် တင့်တယ်နေလေသည်။

အချိန်ကာလတစ်ခုတွင် ရောက်ရှိလာသော သူမသည် အချိန်ကာလတစ်ခုမှာပင် ပြန်လည်ထွက်ခွာသွားပြန်သည်။ ထို့နောက် သူမလာချင်သည့် အချိန်တွင် လာသည်။ ကျွန်တော်သည် သူမကို ဆတ်ဆတ်ခါနာကြည်းနေမိသည်။ ရိုဝေစွာ ခံစားရင်းပင် သူမကို ကျွန်တော် မုန်းတီးနေမိသည်။ အခဲမကျေစိတ်များနှင့်အတူ သူမကို ကျွန်တော်မေ့၍ မရပြန်။

❖



www.burmeseclassic.com

www.burmeseclassic.com

(၈)

စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ ကျွန်တော်ဒိုင်ယာရီရေးဖူးသည်များ ရှိခဲ့သည်။ သို့သော် အရပ်တကာသို့ လှည့်လည်သွားလာနေရသော ကျွန်တော့်တွင် ဒိုင်ယာရီမှတ်တမ်းများ မရှိတော့ပေ။ ပျောက်ဆုံးကုန်ကြလေပြီ။

စန္ဒီမိုးဦးဖြူ ကျွန်တော့်ထံ စာတွေ ရေးခဲ့ဖူးသည်။ သို့သော် ထိုစာတို့ ကျွန်တော့်တွင် အစုံအစေ့မရှိ။ လွင့်ပါးပျောက်ကွယ်ကုန်တာတွေ ရှိသည်။

စန္ဒီမိုးဦးဖြူ၏ အချစ်နှင့် ပတ်သက်၍ ကျွန်တော် မည်သို့ဆုံးဖြတ်ရတော့မလဲ။

ကျွန်တော်သည် တပ်ရင်း ပြန်ရောက်သည်နှင့် ခွင့်တင်ပြီး မြစ်ကြီးနားမှလေယာဉ်နှင့် ထွက်ခွာလာခဲ့သည်။ ခွင့်မရခင်က အိမ်ကိုကြိုပြီး ကြေးနန်းရိုက်ထားသောကြောင့် တစ်ယောက်ယောက်သည် ကျွန်တော့်ကို ကြိုနေလိမ့်မည်ဟု မျှော်လင့်နေမိသည်။ မင်္ဂလာဒုံလေဆိပ်တွင် လေယာဉ်ဆင်းသက်ပြီးနောက် ကျွန်တော်သည် ကြိုသူကို ရှာမိသည်။

ဘုတ်ဆုံမသည် ကျွန်တော့်ကို ကြိုနေလေသည်။

"နင့်အဖေနဲ့အမေ ငါ့ကို သွားကြိုလိုက်ပါလို့ ခိုင်းလိုက်တယ်။"

သူမက တည်ငြိမ်စွာပင် ဆိုလေသည်။

သူမသည် ရိုးရိုးနှင့်ယဉ်ယဉ် ဝတ်စားဆင်ယင်ထားသည်။ မျက်နှာတွင် အခြယ်အသ မရှိ။ ကျွန်တော့်လက်ထဲမှ အိတ်တစ်လုံးကို ဆွဲယူသည်။ လေဆိပ်အပြင်ရောက်တော့ ကျွန်တော်က တက္ကစီငှားရန်ပြင်သည်။

www.burmeseclassic.com



"မငှားနဲ့။ ကားပါတယ်။"

"ဘယ်မှာလဲ…"

"ဟိုမှာ…"

ကျွန်တော်အမျိုးအမည်မသိတဲ့ ဆလွန်းကားသစ်ကြီး တစ်စီး ထိုးဆိုက်လာသည်။ ကားသမားမှာ လူရွယ်တစ်ဦးဖြစ်သည်။

"အဲဒါ ဘာကားလဲဟ…"

"တိုယိုတာစပရင်တာ အက်(စ်)အီးလို့ ခေါ်တယ်"

"တယ်ဟုတ်ပါလား ဘုတ်ဆုံမရ။ အဲဒါ နင့်ကားလား"

"ဩော်… ငါတို့က ကားစီးနိုင်တဲ့ လူတန်းစားမှ မဟုတ်တာ။ ငါ့ကားဖြစ်နိုင်ပါ့မလား"

"ဒါဖြင့် ဘယ်သူ့ကားလဲ…"

"နင့်ယောက္ခမတွေက စန္ဒီအတွက် ဝယ်ပေးထားတာလေ။ လာ… စကားမရှည်နဲ့ ကားပေါ်တက်။"

သူမ ကားနောက်ခန်းတံခါး ဖွင့်ပေးသည်။ ထို့နောက်အခြား တစ်ဖက်မှ လှည့်ပြီး ကျွန်တော့်ဘေးမှာ ဝင်ထိုင်သည်။

"ဘယ်ကို မောင်းရမလဲ အစ်မ…"

"ဆေးရုံကိုသာ တန်းပြီးမောင်းပေတော့…"

"ဆေးရုံကို။ ဟင်… ဘယ်သူဘာဖြစ်လို့လဲ…"

ဘုတ်ဆုံမက သက်ပြင်းရှိုက်လိုက်သည်။

"စန္ဒီလေ။ ဆေးရုံရောက်နေတယ်။"

"သူ… သူဘာဖြစ်လို့လဲ…"

"ဦးနှောက်သွေးကြောပြတ်တယ် ထင်တာပဲ…"

"ဘာ…"

ကျွန်တော် အံ့အား သင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့စိတ်ဟာ မမှန်ဘူး။ စိတ်ငြိမ်ဆေးတွေ စားရတယ်။ စိတ်ကုဆရာဝန်နဲ့ ကုရတယ်ဆိုတာ ငါစာရေးဖူးပါတယ်။ နောက်ပိုင်း သူဟာအခြေအနေ ပိုဆိုးလာတယ်။ နလုံးလည်း အားနည်းလာတယ်။ စိတ်လှုပ်ရှားမှု မခံနိုင်ဘူး။"

"သူ့ရောဂါက ဘာလဲ..."

"စိတ်ရောဂါအနေနဲ့ကတော့ ဒိပရက်ရှင်ပေါ့။ စိတ်ကျရောဂါပေါ့။ တစ်ခါတလေတော့ စိတ်ကြွတယ်။ ရုပ်ပိုင်းဆိုင်ရာအနေနဲ့တော့ နလုံးရောဂါပဲ။ မင်္ဂလာဒုံစစ်ဆေးရုံကို ရောက်လာတဲ့ လူနာတစ်ယောက်က ဗိုလ်ကြီးလည်း အသက်ရှင်ဖို့မလွယ်ဘူးလို့ ကယောင်ကတမ်းပြောတယ်။ အဲဒါ သူတို့အိမ်နဲ့ သိတဲ့ စစ္စတာ တစ်ယောက်က ပြောလို့ သူသိသွားတယ်လေ။ နင့်အတွက် သူ သိပ်စိုးရိမ်သွားတယ်။ မူးလဲသွားတယ်။ လူက ပိန်ပိန်လေးပဲ။ သွေးတိုးရောဂါတော့ မရှိနိုင်ဘူး။ ဆရာဝန်တွေက သူ့ဦးနှောက်သွေးကြောမွှားလေး တစ်ခု ပေါက်သွားတယ်လို့ ပြောကြတယ်။"

ကျွန်တော်စိတ်ထဲမှာ စိုးရိမ်စိတ်တွေ တဖွားဖွားပေါ်လာသည်။ စန္ဒီမိုးဦးဖြူသည် အသက်ရှင်ခွင့်မှ ရှိပါဦးမည်လား။

"သူ နင့်ကို တကယ်ချစ်တာပါ။ ကြာလေထင်ရှားလာလေပဲ ထက်လင်းဖြိုး။ တကယ်တော့ သူဟာ တကယ်သနားစရာပါ ထက်လင်းဖြိုးရယ်။ နင်တို့ အပါအဝင် တချို့ယောက်ျားတွေက သူ့ကို မျက်နှာများတယ်လို့ ထင်ကြတယ်။ သူဟာ စိတ်မတည်ငြိမ်ဘူး။ သစ္စာ မရှိဘူး။ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီး ဘာညာနဲ့ စွပ်စွဲကြတာလည်းရှိမယ်။ သူ ဒီလိုဖြစ်ရတာဟာ သူ့အပြစ် မဟုတ်ပါဘူးဟာ..."

"ဘာဖြစ်လို့လဲဆိုတာ နင်သိလား..."

"ပန်းကောင်းအညွန့်ချိုးဆိုတဲ့စကားကို နင်သိမှာပေါ့။ ဆရာ

www.burmeseclassic.com

ဝဏ္ဏအောင်ဟာ သူ့ကို တစ်သက်လုံး နာလန်မထူအောင် ဖျက်ဆီးခဲ့တယ်လေ...။"

ကျွန်တော် အံ့ကြိတ်လိုက်သည်။

"သူဟာ သူ့အမည်းစက်အတွက် တစ်သက်လုံးအားငယ်နေရတယ်။ ယောကျ်ားလေးတွေနဲ့ ပတ်သက်ရင် သူ့လိပ်ပြာသူ မယုံဘူး။ နင့်ကို ချစ်ပေမဲ့ ကိုမြင့်ထူးကို အရင်လက်ခံခဲ့မိတယ်။ နင့်ကို တွေ့တော့ ကိုမြင့်ထူးရှိရက်နဲ့ နင့်အချစ်ကို လက်ခံမိပြန်ရော။ နောက်တော့ သူ့ဟာ ကိုမြင့်ထူးကို အားနာလာတယ်။ နင်နဲ့ ကွဲသွားတော့ သူမခံချင်စိတ်တွေ ပေါ်လာတယ်။ ဆန်းမောင်နဲ့ တွဲတယ်။"

ကျွန်တော် လက်ဖျစ်တီးလိုက်မိသည်။

"ဟုတ်ပြီ။ ဆန်းမောင် ရှေ့တန်းမှာ ကျသွားတာ သူသိသွားလား။"

"အဲဒါကို နင်ကျသွားတယ်လို့ ထင်သွားလား မသိဘူး။"

"ဆန်းမောင် ကျသွားတဲ့ သတင်းကြားရလို့ သူစိတ်ထိခိုက်ပြီး မူးလဲသွားတာလား..."

ဘုတ်ဆုံမက ကျွန်တော့်ကို လှည့်ကြည့်သည်။

"ဆန်းမောင် သူ့ရင်ထဲမှာ မရှိတာ ကြာပြီ။ သူ့ရင်ထဲမှာ နင်ပဲ ရှိတယ်။ ဒါကို နင်မယုံရင် ဟိုကျတော့ ကြည့်ပေါ့ဟာ..."

ကျွန်တော် ဘာမှ မပြောဖြစ်တော့။ ရင်ထဲမှာတော့ လှုပ်ရှားနေမိသည်။ ကြက်သွေးရင့်ရောင်အက်(စ်)အီးကားသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းကို ဝင်လာလေသည်။

ဘုတ်ဆုံမက ကျွန်တော့်ကို ဦးဆောင်ပြီး ခေါ်သွားသည်။ အဆောင်ဆောင်၊ အခန်းခန်းကို ဖြတ်ရသည်။ လူနာကုတင်များစွာကို ဖြတ်ရသည်။ အမျိုးသမီးဆောင်ကို ယောကျ်ားလေး ဝင်ခွင့်ရှိပုံမရ။ သို့သော် ဘုတ်ဆုံမက ဘာပြောလိုက်သည်မသိ။ ကျွန်တော်ကသည်


www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်းနှင့်မို့ ဝင်ခွင့်ရလေသည်။

စန္ဒီမိုးဦးဖြူသည် ကုတင်ပေါ်တွင် လဲလျောင်းနေရသည်။ သူမ၏ကုတင်ပတ်ပတ်လည်တွင် လိုက်ကာအဖြူတွေ ကာထားသည်။ သူမ၏နှာခေါင်းမှာ ပိုက်တန်းလန်းနှင့်ဖြစ်သည်။ လက်ဖျံမှာလည်း အပ်တန်းလန်းနှင့်၊ ကိုယ်အောက်ပိုင်းမှာလည်း ပိုက်တန်းလန်းနှင့်။

"အစာကို ပိုက်နဲ့ သွင်းပေးရတယ်။ ဆီးချူဖို့ ပိုက်တပ်ထားရတယ်။ အောက်စီဂျင်ပေးရတာလည်း နှစ်ခါရှိပြီ။ သူတစ်ခါတစ်ခါကျရင် မျက်လုံးဖွင့်ကြည့်တယ်။ ကယောင်ကတမ်းတွေ ပြောတယ်။ ဒါပေမဲ့ တုံ့ပြန်မှု မရှိတော့ဘူး။ အသိမရှိတော့ဘူး။"

ဘုတ်ဆုံမက ရှင်းပြသည်။

စန္ဒီမိုးဦးဖြူ၏အမေနှင့် ကျွန်တော့်အမေသည် ခုံတစ်လုံးစီမှာ ထိုင်ပြီး ငိုနေကြသည်။

"လာသေးတယ် သားရယ်..."

မိခင်က ရေရွတ်သည်။

ကျွန်တော် ဆင်ခြေပေးစရာ မရှိတော့။

"ဟော... သူမျက်လုံး ဖွင့်ကြည့်တယ်..."

ဘုတ်ဆုံမက ပြောသည်။

"သမီးရေ၊ သမီး..."

စန္ဒီ့မိခင်က ခေါ်သည်။

"မောင်..."

စန္ဒီမိုးဦးဖြူ၏ အသံ။

လေသံသာသာမျှ။

ကျွန်တော်သည် သူမ၏မြင်ကွင်းနှင့် တည့်တည့်ကို လျှောက်သွားသည်။ သူမ၏ ဖျော့တော့သော လက်ကလေးတစ်ဖက်ကို ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်သည်။ သူမကို ငုံ့ကြည့်လိုက်တော့ သူမသည် ကျွန်တော့်ကို စိုက်ကြည့်နေတာ တွေ့ရသည်။ သို့သော် သူမသည် ကျွန်တော့်ကို မြင်ပုံမရ။

"မောင်..."

"စန္ဒီ။ မောင်ရောက်လာပြီလေ။"

" မောင် ရှေ့တန်းမှာ စစ်တိုက်နေရတယ်။ အဲဒါကြောင့် စန္ဒီဆီ မလာတာပေါ့။ မောင့်ကို အပြစ်မတင်ကြပါနဲ့..."

စန္ဒီမိုးဦးဖြူက တတွတ်တွတ် ရေရွတ်နေသည်။

"စန္ဒီတို့ ကောင်းကောင်းနေရဖို့ မောင်ရှေ့တန်းထွက်နေတာ။ မောင့်တာဝန်ဟာ စန္ဒီလောက် အရေးမကြီးဘူး..."

"စန္ဒီရယ်..."

ကျွန်တော် ကြေကွဲစွာ ရေရွတ်လိုက်မိသည်။

"သူ အဲဒါတွေပဲတောက်လျှောက် ပြောနေတယ် ထက်လင်းဖြိုး။ သူ့လက်ကို ဆွဲဆိတ်ရင်တောင် သူမသိဘူး..."

"မောင့်ကို ချစ်တယ်ကွယ်။ စန္ဒီကို မောင်အထင်လွဲသွားတယ်။ နန်းမြိုင်မှာတုန်းက မောင်က ချစ်တယ်လို့ပြောမယ်ထင်တာ။ အဲဒီလို ပြောပြီးရင် ပြီးရော။"

သူမသည် လူကောင်းတစ်ယောက်ကဲ့သို့ စကားပြောနေခြင်း ဖြစ်သည်။ သို့သော် သူမသည် ချစ်ရသည့်ကျွန်တော်တစ်ယောက် အနားမှာ ရောက်နေသည်ကိုပင် လုံးဝ မသိတော့။ သူနာပြုဆရာမ တစ်ယောက် ရောက်လာပြီး ဆီးပိုက်ကို ပြုပြင်သည်။

ကျွန်တော်သည် အချိန်ကြာမြင့်စွာပင် သူမကို ငေးကြည့်နေမိသည်။ သူမသည် မျက်တွင်းတွေ ကျနေသည့်တိုင် အလှက မပျက်။ ကျွန်တော်သည် သူမ၏နဖူးမှ ဆံယဉ်စလေးတွေကို သပ်တင်ပေးမိသည်။



www.burmeseclassic.com

 www.burmeseclassic.com

အတော်ကြာမှ ကျွန်တော် အပြင်ထွက်လာသည်။

"သူမျှော်လင့်ချက် မရှိတော့ဘူး ဘုတ်ဆုံမ..."

"ဟုတ်တယ်။ ကောင်းလာရင်တောင်မှ သူဟာ အသိစိတ်ကင်းမဲ့နေလိမ့်မယ်။ အိပ်မက်ထဲက လူသားလို ဖြစ်နေလိမ့်မယ်။ သူ့စိတ်ထဲမှာ နင်ပဲရှိတယ်။ ဒါပေမဲ့ အခု နင့်ကိုတော့ သူမသိဘူး။ သူဟာ တို့နဲ့ ကမ္ဘာခြားသွားပြီ။ သူ့ကမ္ဘာထဲမှာတော့ ထက်လင်းဖြိုး တစ်ယောက်ပဲ ရှိနေလိမ့်မယ်..."

"သူ့ကို ဘယ်လိုမှ ကုလို့ မရတော့ဘူးလား ဘုတ်ဆုံမရယ်..."

"သူတို့ ပိုက်ဆံတတ်နိုင်တာပဲ။ နိုင်ငံခြားကတောင် ဆေးတွေမှာကြတယ်။ နိုင်ငံခြား ပို့ဖို့လည်း ကြိုးစားကြတယ်။ ဆရာဝန်ကြီးတွေက မထူးဘူးပြောလို့..."

ကျွန်တော် လှည်းတန်းမှ ဦးလေးတို့အိမ်ကို ရောက်သွားသည်။ ဘုစု မိန်းမယူပြီး အိမ်ခွဲနေသည်ဟု သိရသည်။ အချိန်ကာလတွေက မနည်းတော့။ ကျွန်တော့် မျက်စိရှေ့မှောက်မှ ဘုစုသည်ပင် သားနှင့်မယားနှင့် ဖြစ်နေပြီ။ ခရသည် အပျိုကြီး ဖြစ်နေပေပြီ။ ကျွန်တော်သာ ကိုယ့်ကိုယ်ကို ငယ်သည် ထင်နေခြင်းဖြစ်သည်။ စင်စစ် မငယ်တော့။

ကျွန်တော် ဆေးရုံကို ပြန်ရောက်လာသည်။ တစ်နေကုန် စန္ဒီမိုးဦးဖြူကို စောင့်ကြည့်သည်။ သူမနှင့် ကျွန်တော်အဆက်အသွယ် က မရ။ သူမသည် ကျွန်တော့်ကို ချစ်ကြောင်း တွင်တွင်ပြော၍ နေသည်။ ကျွန်တော်က သူမကို ချစ်ကြောင်းပြောတာကိုတော့ သူမ မကြားနိုင်။

စန္ဒီ့ကို မောင်ချစ်တယ်..."

သူမ မည်သို့မျှ မကြားနိုင်တော့။ နောက်နှစ်ရက်အကြာတွင်

www.burmeseclassic.com



သူမ ဆုံးတော့သည်။ သူမသည် ချစ်လှချည့်ဆိုသော ကျွန်တော့်ကို စွန့်ခွာသွားလေပြီ။

❖

(၈)

ယခုတော့ စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ ဘာမှ မကျန်ရစ်။ စန္ဒီမိုးဦးဖြူသည် မီးသဂြိုဟ်စက်ထဲသို့ ရောက်ရှိသွားကာ လောင်ကျွမ်းသွားလေပြီ။ စန္ဒီမိုးဦးဖြူ၏ အချစ်နှင့်ပတ်သက်၍ သက်သေမရှိ။ ကျွန်တော့်အချစ်နှင့် ပတ်သက်၍လည်း သက်သေမရှိ။ စန္ဒီမိုးဦးဖြူနှင့် ပတ်သက်၍ အထောက်အထား မရှိ။ သူမ၏ အမုန်းနှင့်ပတ်သက်၍ သာဓက မရှိ။ ကျွန်တော် မုန်းသည်ဆိုတာကလည်း အိပ်မက်နယ်။

တကယ်တော့ ရင်မှာ ထာဝရ ကျန်ရစ်ဖို့ မကောင်း။

သို့သော်...

ဖွဖွလေး နင်းသွားသော သူမ၏ခြေရာများသည် လည်းကောင်း၊ ရွရွလေး ခင်းသွားသော သူမ၏အနမ်းများသည် လည်းကောင်း ကျွန်တော်၏ နှလုံးသားလွင်ပြင်ပေါ်တွင် ထင်ကျန်ရစ်နေလေသည်။ သူမသည် နှလုံး၏ အနက်ရှိုင်းဆုံးသော နေရာတစ်နေရာတွင် နာကျင်စေသော ဒဏ်ရာကို ပေးခြင်းဖြင့် ကျွန်တော့်ကို အနိုင်ကျင့်သွားခဲ့ပေပြီ။

စန္ဒီမိုးဦးဖြူ...။

မဟာမိန်းမသားဝါဒီ စန္ဒီမိုးဦးဖြူ...။

အစက မတွေ့ခဲ့ကြရရင် အကောင်းသားပါ။

တင့်ဆွေက သူမကို အစွန်းရောက် ကွန်မြူနစ်မဟု ထင်ခဲ့သည်။ အချို့က သူမကို ဟစ်ပီမအထိ စွပ်စွဲခဲ့သည်။ ကျွန်တော်ကတော့ သူမသည် အချစ်ဝါဒီတစ်ဦးဖြစ်ကြောင်း သိလေပြီ။ သူမသည် ကျွန်တော့်ကို တစ်သက်လုံး နိုပ်စက်တော့မည်။

www.burmeseclassic.com



လေယာဉ်က ထွက်တော့မည်။

ကျွန်တော်နှင့် ဘုတ်ဆုံမမှာ စကားပြော၍ မဆုံးတော့။

"တစ်နေ့ကျတော့ နင်အနယ်ထိုင်သွားမှာပါဟာ..."

"ကြိုးစားရမှာပေါ့။ လွယ်တော့ မလွယ်ဘူး။"

BURMESE CLASSIC .com

"စန္ဒီမိုးဦးဖြူဟာ တို့ရင်ထဲမှာ အမြဲရှိနေမှာပါ ထက်လင်းဖြိုး"

"ငါ နောင်တရနေမိတယ်။"

"ကံကိုပဲ ရိုးမယ်ဖွဲ့ကြတာပေါ့။ နင်ဘယ်တော့ ပြန်လာဦး မလဲ"

"ငါတို့တပ်ရင်း ရှေ့တန်းပြန်ထွက်ဦးမယ်။ နောက်တစ်ခါ နားရင်တော့ ပြန်လာဖို့ ခွင့်ရဦးမယ် ထင်ပါရဲ့"

"နင့်စိတ်ကို မလွှတ်ပေးနဲ့။ ပြန်မလာဘဲလည်း မနေနဲ့။ ဓာတ်မမြုပ်ပစ်နဲ့ပေါ့ဟာ။ ငါစောင့်နေပါ့မယ်..."

"ငါ လာခဲ့ပါ့မယ် ဘုတ်ဆုံမ။"

"နင့်ကို ငါအမြဲ ကြိုနေပါ့မယ်ဟာ.."


ကျွန်တော်သည် လေယာဉ်ကြီးဆီလျှောက်လာလိုက်သည်။ လေယာဉ်ပေါ်တက်ခါနီး လှည့်ကြည့်လိုက်တော့ ဘုတ်ဆုံမသည် ကျွန်တော့်ကို လက်ပြနေလေသတည်း။

စာချစ်သွေးများအား
အစဉ်လေးစားလျက်
**တင်သန်းဦး**

www.burmeseclassic.com

www.burmeseclassic.com

# တင်သန်းဦး၏ အတ္ထုပ္ပတ္တိအကျဉ်း



အဖ ဦးတင်သန်း(စာရေးဆရာ ငွေမောင်း)၊ အမိ ဒေါ်သန်းလှတို့မှ မွေးဖွားသည်။ ငယ်စဉ်ကပင် စာပေဝါသနာ ပါပြီး စာပေအသိုင်းအဝိုင်းတွင် ကြီးပြင်းရသည်။ ၁၉၆၉–ခုနှစ် အထက်တန်း ကျောင်းသားဘဝတွင် အခြားကလောင်နာမည် တစ်ခုဖြင့် ဟာသဝတ္ထုတိုတစ်ပုဒ် ရေးသားပြီး စာပေလောကသို့ ဝင်ရောက်သည်။ ထိုနှစ်မှာပင် ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်သို့ ရောက်ရှိသည်။ ပထမနှစ် အောင်ပြီး ဒုတိယနှစ် ကျောင်းသားဘဝတွင် ၁၉၇၁–ခုနှစ်၊ ဇန်နဝါရီလမှ စ၍ ပြင်ဦးလွင် စစ်တက္ကသိုလ်သို့ တက်ရောက်ရန် ရွေးချယ်ခံရသည်။ ၁၉၇၄–ခုနှစ်တွင် စာမလာ သတင်း မကြား လုံးချင်းဝတ္ထုကို ထုတ်ဝေရာမှ စ၍ တင်သန်းဦး ကလောင်အမည်ကို ခံယူသည်။ ထိုနှစ်မှာပင် တပ်မတော် (ကြည်း)၌ ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်း ခံရပြီး ရှေ့တန်း ဒေသများတွင် တာဝန် ထမ်းဆောင်သည်။ ယနေ့အထိ တင်သန်းဦး အမည်ဖြင့် လုံးချင်း ဝတ္ထု ၈၀–ခန့်၊ မဂ္ဂဇင်း ဝတ္ထု တို၊ ရှည်၊ ဆောင်းပါးများစွာ ရေးသား ခဲ့သည့်အပြင် အခြားကလောင်အမည်များဖြင့်ပါ စာအုပ်များ၊ ဆောင်းပါး များ ရေးသား ပြုစုခဲ့သည်။ ရဲဘော်သစ်မောင် အမည်ဖြင့် ရေးသားသော ပြည်တွင်း သောင်းကျန်းမှုသမိုင်း အပိုင်း (၁) မှ (၅) အထိ စာအုပ် များ (၁၉၉၁–ခုနှစ်) အတွက် ၁၉၉၂–ခုနှစ်တွင် အမျိုးသားစာပေ (နိုင်ငံရေး စာပေ)ဆု ချီးမြှင့်ခြင်း ခံရသည်။ ရုပ်မြင်သံကြား ဇာတ်လမ်းများ၊ ဗီဒီယိုဇာတ်လမ်းများ၊ ရုပ် / သံ အစီအစဉ်များနှင့် ရုပ်ရှင်ကားများအတွက် ဇာတ်ညွှန်းများစွာ ရေးသားခဲ့ပြီး ကိုယ်တိုင် ဒါရိုက်တာ လုပ်၍လည်း ရိုက်ကူးခဲ့သူ ဖြစ်သည်။

www.burmeseclassic.com